ကျေးဇူးရှင်

# ဝေဘူဆရာတော်ဘုရားကြီး

## ထေရုပ္ပတ္တိနှင့်ကျင့်စဉ်



ပန်းချီကိုဇော်ဝင်း

# ဝေဘူဆရာတော်ဘုရားကြီး

## ထေရုပ္ပတ္တိနှင့်ကျင့်စဉ်

မောင်ကျော်ညွန့်

(မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ) ပြုစုသည်



ခင်ချိုထွန်းစာပေ

• အမှတ် ၈၆/၃၇လမ်း၊ရန်ကုန်မြို့




မျက်နှာဖုံးခွင့်ပြုချက်အမှတ် · (၂၅၄/၉၂ (၁၀)

စာမူခွင့်ပြုချက်အမှတ် · (၈၂၇/၉၂) (၉)

ဒုတိယအကြိမ် · အုပ်ရေ (၅၀၀၀)

တန်ဖိုး · ၁၃၅-ကျပ်

အဖုံးအတွင်းပုံနှိပ်သူ · ဦးသိန်းထွန်း (၀၄၀၂၂)

· သိန်းထွန်းအော့ဖ်ဆက် ပုံနှိပ်တိုက်
အမှတ် · ၅၀/၅၂ · ဒဂုံသီရိလမ်း
ကျောက်မြောင်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ · ဦးတင်ထွန်းအောင် (မြ-၀၁၁၇၈)
ကံ့ကော်ဦးစာပေ
အမှတ်၁၁၉/၃၈ လမ်း ရန်ကုန်မြို့။

ဖြန့်ချိရေး · သန်းမြင့်မြင့်—ပိဋကတ်စာအုပ်ဆိုင်
အမှတ် ၃၇ ရွှေတိဂုံတောင်ဘက် ဈေးတော်ရှေ့
ဒဂုံစာတိုက် ရန်ကုန်မြို့။

၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ။



အမှတ်
ရက်စွဲ



ဝေဘူဆရာတော်ဘုရားကြီး၏ ပုံတော်



# ကျေးငူးရှင်ဝေဘူဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိနှင့်ကျင့်စဉ်

## မာတိကာ


စာရေးသူ၏အစီရင်ခံစာ .... ၁၁

## ပထမပိုင်း (ထေရုပ္ပတ္တိ)

၁။ ဝေဘူဆရာတော် ပျံလွန်တော်မူခြင်း .... ၁၇
၂။ ဝေဘူဆရာတော်ဘုရားကြီး မွေးရာဇာတိမြေ .... ၁၈
၃။ မိဘညီအစ်ကိုမောင်နှမများ .... ၂၁
၄။ ဆရာတော်မမွေးမီ အတိတ်နိမိတ် .... ၂၀
၅။ ပထမဦးစွာ ပညာသင်ခြင်း .... ၂၂
၆။ သာမဏေပြုခြင်း .... ၂၃
၇။ ပထမအကြိမ် ရဟန်းခံခြင်း .... ၂၄
၈။ ဓဝိဘူဆရာတော်နှင့် စွန်းလွန်းဆရာတော် .... ၂၆
၉။ ထင်ရှားသော တောထွက်ဘဝအတွေ့အကြုံများ .... ၂၈
၁၀။ ကျောက်ဆည်ဝေဘူချောင်တွင်
မြေတိုင်းစာရေး မောင်စံရှားနှင့်တွေ့ခြင်း .... ၂၉
၁၁။ ခမည်းတော် ပထမအကြိမ် လာရောက်ပင့်လျှောက်ခြင်း .... ၃၁
၁၂။ ခမည်းတော် ဒုတိယအကြိမ်လာရောက်ပင့်လျှောက်ခြင်း .... ၃၁

## မာတိကာ


၁၃။ အင်ကြင်းပင်ရွာမှ သူငယ်ချင်းများကို ရဟန်းဝတ်ပေးခြင်း .... ၃၂
၁၄။ ကျောင်းထိုင်ဆရာတော်များ အထင်အမြင်လွဲခံရခြင်း .... ၃၃
၁၅။ အင်ကြင်းပင်ဆရာတော်က တရားစစ်ဆေးခြင်း .... ၃၃
၁၆။ ဆရာတော်ကိုယ်တိုင်တပည့်ခံ၍ တရားကျင့်ကြံတော်မူခြင်း .... ၃၄
၁၇။ ကမ္မဋ္ဌာန်းတရားများပေးသနားတော်မူခြင်း .... ၃၄
၁၈။ ကမ္မဋ္ဌာန်းတရားများအားထုတ်စေခြင်း .... ၃၅
၁၉။ တပည့်ရဟန်းများအား စာချတော်မူခြင်း .... ၃၆
၂၀။ ဦးသုဇာတ ဆွဲကြိုးချ ပျံလွန်တော်မူခြင်း — ၃၇
၂၁။ ဖျားနာတော်မူ၍ ရွှေဘိုဆေးရုံတက်ရောက်ကုသခြင်း .... ၃၇
၂၂။ ဒေါက်တာဒေါ်ကြာဦးအား ကတိပေးတော်မူခြင်း .... ၃၈
၂၃။ ဦးကုသလပျံလွန်တော်မူခြင်း .... ၃၉
၂၄။ ဆရာတော်သီတင်းမသုံးမီ
ရွှေဘိုသာသနာပြုလုပ်ငန်းနှင့်အောင်မြေအကြောင်း .... ၃၉
၂၅။ ရွှေဘိုသို့ ပထမအကြိမ် ကြွတော်မူခြင်း .... ၄၁
၂၆။ ပထမအကြိမ်အလှူပင့်လျှောက်သည်ကို လက်ခံတော်မူခြင်း .... ၄၁
၂၇။ ကျောက်ဆည်တွင် ပြန်လည်ဝါဆိုတော်မူခြင်း .... ၄၂
၂၈။ ရွှေဘိုအောင်မြေတွင် တရားဌာနဖွင့်တော်မူခြင်း — ၄၃
၂၉။ ရဟန္တာဟုသမုတ်ခံရခြင်း .... ၄၅
၃၀။ အချိန်ပိုင်းခြား၍ သီတင်းသုံးတော်မူခြင်း .... ၄၆
၃၁။ သီဟိုဠ်နှင့်အိန္ဒိယနိုင်ငံများသို့
ဒေသစာရီကြွတော်မူခြင်း .... ၄၈
၃၂။ ထူးဆန်းသော အတိတ်နိမိတ်များနှင့် ဖြစ်ရပ်ဆန်းများ .... ၅၂
၃၃။ ကျောင်းဒကာမကြီးဒေါ်စိန်လှိုင် — ၅၄
၃၄။ လက်ရုပ်တော်မူခြင်း .... ၅၅
၃၅။ မည်သူက တံခါးဖွင့်ပေးသနည်း .... ၅၅
၃၆။ နှစ်လိုဖွယ်သောဂုဏ်ထူးဝိသေသများ .... ၅၆
၃၇။ လွယ်လွယ်ဖြင့် ခွင့်ပြုရန် ဆန္ဒမရှိ .... ၅၇
၃၈။ သေဘေးကို မြင်တော်မူ၍ .... ၅၇
၃၉။ စိတ်ချမ်းမြေ့ရာသို့ .... ၅၈
၄၀။ သူခိုးမှန်းသိသော်လည်း .... ၅၈
၄၁။ ဘိုးမင်းခေါင်နှင့် ဆက်သွယ်မှုရှိခြင်း .... ၅၉
၄၂။ ဆဋ္ဌသင်္ဂါယနာပွဲသို့ ပင့်ဖိတ်ခံရခြင်း .... ၆၁
၄၃။ သီလရှင် မေဓာဝီဘွဲ့ပေးတော်မူခြင်း .... ၆၂
၄၄။ ရွှေချက်သိုစေတီ တည်တော်မူခြင်း .... ၆၃

၄၅။ ရန်ကုန်သို့ နောက်ဆုံးကြွတော်မူခြင်း .... ၆၄
၄၆။ လေဖြန်းခံရခြင်း .... ၆၆
၄၇။ သမားတော်ကြီးများ၏ ရောဂါအခြေအနေတင်ပြချက် .... ၆၇
၄၈။ ရန်ကုန်မြို့မှ ပြန်ကြွတော်မူခြင်း .... ၇၄
၄၉။ အင်းကြင်းပင်တွင် နေစဉ်ပြုနေကျ
ဝတ်များ လျော့ပါးလာခြင်း .... ၇၅
၅၀။ တပည့်ကြီးများက အလှူပေးခြင်း .... ၇၆
၅၁။ ခန္ဓာဝန်ချတော်မူခြင်း .... ၇၇
၅၂။ အန္တိမဈာပနပွဲတော် ကျင်းပရန် စီစဉ်ခြင်း .... ၇၉
၅၃။ ခန်းဖွင့်စံကျောင်းချပွဲကျင်းပခြင်း .... ၈၅
၅၄။ မှန်ခေါင်းတော်နှင့် ရွှေပလ္လင် .... ၈၅

# ဒုတိယပိုင်း (ကျင့်စဉ်)

၅၅။ ဟောကြားတော်မူလေ့ရှိသော တရားများ .... ၈၉
၅၆။ ကျင့်စဉ်အမှန်ကို ရှာဖွေခြင်း .... ၉၁
၅၇။ ဝိပဿနာသြဝါဒ ၁ ၅ချက် .... ၁၀၃
၅၈။ တက္ကသိုလ်ဓမ္မာရုံ၌ဟောကြားတော်မူသော တရားစဉ်များ—
(၁) အပယ်မကျချင်ရင် အချိန်ရှိတုန်း ကြိုးစားကြ .... ၁၀၆
(၂) သည်းခံလျှင် လိုသောဆုပြည့်မည် .... ၁၃၉
(၃) ထားတတ်ရင် အပယ်မကျ .... ၁၇၀
(၄) မြင့်မြတ်တာသိပြီးရင် အချိန်မဖြုန်းနဲ့ .... ၂၀၇
(၅) အပ္ပမာဒေန သမ္ပာဒေထ .... ၂၄၁
(၆) လူလျော့လူပေါ့အဖြစ်က လွတ်အောင်ကြိုးစား .... ၂၆၅
(၇) သူများအားကိုးမလုပ်နဲ့ ဖြစ်တဲ့နည်းနဲ့လုပ် .... ၂၈၉
(၈) သိသလောက်ကလေးကို
မချို့ယွင်းအောင်ဆုထောင်ကြ .... ၃၁၁
(၉) ဗောဓိဆုကိုရအောင်ယူကြ .... ၃၂၂
(၁၀) အချိန်တိုင်းအချိန်တိုင်းယူကြ .... ၃၄၂
(၁၁) အာစာရနှင့် ဒဿနအရိယာတည်အောင်ကြိုးစားကြ .... ၃၆၀
(၁၂) အကျိုးစီးပွားရှိတာသာပြောကြ .... ၃၇၅



ဝေဘူဆရာတော်ဘုရားကြီး၏ ပုံတော်

သီရိလင်္ကာ – အိန္ဒိယ သာသနာပြုခရီး



လုမ္ဗိနီတွင်





မဟာဗောဓိပင်ရင်းတွင်



ရာဇဂြိုဟ်တွင်



သာဝတ္ထိတွင်



တာပ်ဂျ်မဟာတွင်

# ရန်ကုန်တစ်ခွင် ဒေသစာရီခရီး





သမိုင်းချည်မျှင်နှင့် အထည်စက်ရုံ အလုပ်သမားများ၏ အဖူးမြော်ခံရန် ကြွရောက်တော်မူစဉ်။

အမျိုးသမီးများကဆံပင်များ ဖြန့်ခင်း၍ ဤသို့ ပူဇော်ခဲ့ကြသည်။



ကျိုက္ကလို့ သိမ်မှ အထွက် လောင်းလှူကြစဉ်။



ဆရာတော်ဘုရားကြီး
ကျော်နင်းသွားလျှင်
ကျန်းမာသည်ဟုယုံ
ကြည်ပြီး မိခင်တစ်ဦးက
သားငယ်ကို ချခင်းပေး
ထားစဉ်။



(ဗိုလ်တစ်ထောင်စေတီပြတိုက်မှ စွယ်တော်ကို ကြည်ညိုနေစဉ်။)



အင်းလေး ဓမ္မာရုံတွင် သီတင်းသုံးစဉ် တရားဟောတော်မမူမီ

ဤသို့ ဘုရားကို ဦးချ ကြည်ညိုသည်။



မြို့လူထု အဖူးမြော်ခံရန်
အင်းလေး ဓမ္မာရုံမှ
စတင်ကြွတော်မူစဉ်။



ရန်ကုန်မြို့မှ မီးရထားဖြင့် ပြန်လည်ကြွသည့်အခါ မြို့လူထုက
ဖူးမြော် နှုတ်ဆက်ကြစဉ်။

# ကျောက်ဆည် ဝေဘူချောင်တစ်ခွင်





ကျောက်ဆည် ဝေဘူချောင်ကို
ဆရာတော်ဘုရား
ကျောင်းတော်အပေါ်မှ
ဤသို့မြင်ရသည်။

ကျောက်ဆည် ဝေဘူချောင်
တောင်ပေါ်မြင်ကွင်းကို
တောင်အောက်မှ မြင်ရစဉ်။



(နံ့သာတောင်ဘုရားကို ဆရာတော်ကြီးကျောင်းမှ မြင်ရစဉ်။)



ဝေဘူချောင်ကွင် ပထမဆုံး သီတင်းသုံးတော်မူခဲ့သော
ဦးပျော့နေ့ချင်းပြီးကျောင်း



ရွှေဘိုအောင်မြေတွင်
သီတင်းသုံးတော်မူရာ
ကျောင်းတော်



ဆရာတော်ဘုရားကြီးနှင့် ကျောင်းနေဘက် ဦးဘိုးရင်။ (ဘိုးရင်)

## ဆရာတော်ဘုရားကြီး၏ နောက်ဆုံးနေ့



(နံနက် ၈ နာရီတွင် နံနက်ဆွမ်းကို ပြုံးပြုံးရွှင်ရွှင်ဖြင့် ဘုဉ်းပေးနေစဉ်။)



(နံနက် ၁၀ နာရီခွဲတွင် နေ့ဆွမ်း ဘုဉ်းပေးနေစဉ်။)



(နံနက် ၁၀ နာရီတွင် အချိုပွဲ အကပ်ခံနေစဉ်။)



နေ့လည် ၁၂ နာရီတွင် အာရုံခံ
တန်ဆောင်းမှ ပြန်ကြွတော်မူစဉ်။



နေ့လည် ၁၂ နာရီတွင် တရားရေအေး
တိုက်ကြွေးရန် ဓမ္မရုံသို့ ကြွလာစဉ်။



(ည ၇ နာရီခွဲတွင် ပျံလွန်တော်မူပြီး ပြင်ဆင်နေစဉ်။)



နေ့လည် ၁၂ နာရီတွင် ရှင်ပြုတရားတော်ကို ဓမ္မာရုံတွင် ချီးမြှင့်တော်မူစဉ်။
(လူအပေါင်း၏ နောက်ဆုံး အဖူးမြော်ကို ခံယူနေခြင်းဟူ၍ မည်သူမျှ မရိပ်မိခဲ့ပေ။)



၃၀.၁၁.၇၇ နေ့နံနက်က ခန်းဖွင့်စံကျောင်းချပွဲကို အင်ကြင်းပင် ကမ္မဋ္ဌာန်း ကျောင်းအတွင်း ကျင်းပလှည့်လည်လာစဉ်။

ဓာတ်ပုံမှတ်တမ်းတင်သူများ

- အထောက်တော်လှအောင်
- ဦးငွေး (စိန်မိုး)
- ဦးစိန်ဝင်းလေး (သတင်းဂျာနယ်)
- ဦးသိန်းရွှေ (မြရုံ [illegible] အောင်)

# ပထမပိုင်း

## (ထေရပ္ပတ္တိ)

# စာရေးသူ၏ အစီရင်ခံစာ

ရန်ကုန် မန္တလေး အမြန်ရထားသည် ရန်ကုန် မြို့တော်နယ်နိမိတ်က ထွက်ပြီဆိုလျှင် ဆင့်ကာ ဆင့်ကာ နှင်တံဖြင့် အရိုက်ခံရသော ရထားဆွဲ မြင်းပမာ တဇွတ်ထိုးပြေးလျက်ရှိ၏။ တစ်ခါတစ်ရံမကျေနပ်၍ဆောင့်အောင့်ပြသည်လည်း ရှိပါ၏။ အဘယ်ကြောင့်ဆိုသော် သူသည် နားနေချိန်မရဘဲ လွန်းပမာ တရစပ် အမှုတော် ထမ်းနေရသည့်သဖြင့် ကျေနပ်ပုံ မရပေ။

မည်သို့ဆိုစေ သူနှင့်အတူလိုက်ပါရသော ခရီးသည်များကမူ သူ့ကိုသတိမထားနိုင်ကြပါ။ သူ့အတွေးနှင့် သူသာလျှင် ရှိနေကြသည်ဖြစ်ရာ ရထားကြီးထင်တိုင်းကြဲနေသည်ကို စိုးစဉ်းမျှ သတိမထားသောအခါ ရထားကြီးသည်ပုံ၍ စိတ်တိုသည့်အလား လူသူမနီးသော လွင်တီး ခေါင်ခေါင်တွင် ထိုး၍ ရပ်ပါတော့၏။ မောင်းသူတို့က ချော့မော့လိုက်ပြန်သောအခါတွင်လည်း ရှူးရှူးရှဲရှဲဖြင့် ထွက်သွားပြန်၏။

ကျွန်တော်သည် ထိုသံသရာရထားကြီး ဖြစ်ချင်တိုင်း ဖြစ်နေသည်ကိုသတိမထားမိသည်မှာ အမှန်ပင်။ သူနှင့်အတူ ပါလာသော ခရီးသည်များတွင် ကျွန်တော်သည်လည်းကောင်း၊ အထောက်တော် လှအောင်သည်လည်းကောင်း အပါအဝင်ဖြစ်သော်လည်း အခြားရာပေါင်းများစွာသော ခရီးသည်များနှင့် ရည်မှန်းချက်မတူ၊ အတွေးမတူသည်ကား မှန်ပါ၏။

ကျွန်တော်တို့၏အဓိကမျှော်မှန်းချက်သည် ရုပ်ရှင်မင်းသားကိုမြတ်လေးက ရေးပေးလိုက်သော မိတ်ဆက်စာတိုအရ အင်ကြင်းပင် ဦးသုမနနှင့် တွေ့ရန်ပင်ဖြစ်၏။ ဦးသုမနနှင့်တွေ့မှသာလျှင် ကျွန်တော်တို့ လာခဲ့ရရင်းသော ခရီး၏ အဓိပ္ပာယ်ကား တစ်စုံတစ်ရာ ပေါက်မြောက်စေမည် ဖြစ်၏။

အမှန်စင်စစ် ကျွန်တော်တို့နှစ်ဦးသည် ပရိနိဗ္ဗာန် ပြုတော်မူသွားရှာသော ဝေဘူ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကို ရေးသားပြုစုရန် ခိုင်မာ

သောဆုံးဖြတ်ချက်ဖြင့် တစ်ကြိမ်တစ်ခါဘူးမျှ မရောက်ဘူးသော အရပ်သို့ထွက်လာခြင်းဖြစ်ရာ ကျွန်တော်တို့ရထားကြီး ထင်တိုင်းကြဲနေသောအဖြစ်ကို သတိမထားမိခြင်းက အမှန်ပင် ဖြစ်ပါ၏။

* * *

ဤခရီးတွင် အထောက်တော်လှအောင်သည် ကျွန်တော်၏ဧည့်သည်ဖြစ်၏။ ကျွန်တော့်ကို စာအုပ်တစ်အုပ် ဖြစ်ဖြစ်မြောက်မြောက် ရေးဖြစ်အောင် ကူညီရန်အတွက် လိုက်လာခဲ့ခြင်း ဖြစ်၏။

ကျွန်တော်နှင့် အထောက်တော် လှအောင်သည် လွန်စွာ ရင်းနှီး၏။ ချစ်၏။ ခင်၏။ တစ်ဦးကိုတစ်ဦး စာနာတတ်ကြ၏။ နားလည်ကြ၏။ သို့ဖြစ်၍လည်း နေ့စဉ်မတွေ့ရ မဖြစ်သောအခြေသို့ ရောက်ခဲ့ကြ၏။

တစ်နေ့သော ညနေတွင် "အထောက်တော်"၏ ဝပ်ကျင်းထဲတွင် နှစ်ယောက်သားရှိခိုက် ကျွန်တော်က စာအုပ်ရေးလိုကြောင်း ထိုစာအုပ်သည် အသက် ၄၀-ဝန်းကျင်ရှိလာသော သတင်းစာသမားတစ်ယောက်အတွက် မှတ်တိုင်ဖြစ်လိုကြောင်းနှင့်ထိုစာအုပ်အတွက် စာအုပ်ပေါင်းများစွာရေးခဲ့၊ဘာသာပြန်ခဲ့သော "အထောက်တော်" အနေဖြင့် ကူညီရန် စကားပျိုးကြည့်၏။ "အထောက်တော်"က ဘယ်လိုစာအုပ်မျိုး ရေးချင်တာလဲဟု မေးလာသောအခါ မဆိုင်းမတွပင် ပရိနိဗ္ဗာန် ပြုသွားတော် မူသော "ဝေဘူ ဆရာတော်ဘုရားကြီး"၏ "ထေရုပ္ပတ္တိနှင့် ကျင့်စဉ်" စာအုပ်ဖြစ်ကြောင်း ကျွန်တော်က ဖြေ၏။ သူကလည်း "ကူညီမယ်ဗျာ"ဟု သွက်လက်စွာပင် ကတိပေး၏။

ထိုအခါ ကျွန်တော်တို့ အစီအစဉ်များပြုကြ၏။ ပထမ ဝေဘူဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိနှင့်ဆိုင်သော စာအုပ်များ၊ ဆရာတော်ဘုရားကြီးဟောကြားတော်မူခဲ့သော တရားများ၊ စာအုပ်စာတမ်းများ ရှာဖွေရန်ပင် ဖြစ်ပါ၏။ ဆရာတော်ဘုရားကြီးနှင့် စပ်ဆိုင်သောအချက်အလက် တစ်စုံတစ်ရာ ကြိုတင်မသိပါဘဲလျက် သူ့အကြောင်းရေးမည်ဆိုလည်း မည်သို့မျှမဖြစ်သော ကိစ္စပင်ဖြစ်၏။ သတင်းစာသမားတို့သည် မည်သည့်ပုဂ္ဂိုလ်မဆို တွေ့ဆုံမေးမြန်းလိုလျှင် အစကတည်းက မေးခွန်းများ ပြင်ဆင်သွားရသည်ဖြစ်ရာ "ဝေဘူဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့် ကျင့်စဉ်"ကို ရေးမည်ဆိုလျှင်လည်း ကြိုတင်လေ့လာ၍ မေးခွန်းများ ပြင်ဆင်သွားရမည်သာ ဖြစ်၏။

သို့ဖြစ်၍ ကျွန်တော်သည် ဘာသာရေးစာအုပ်သချိုင်းဖြစ်သော ရွှေတိဂုံစေတီတန်းအသွယ်သွယ်မှ စာအုပ်ဆိုင်များကို တစ်နေကုန် မွှေရပါတော့၏။ သို့သော် ဝေဘူဆရာတော်နှင့်ပတ်သက်၍ စာတစ်ရွက်ပင်မရပါ။ "ဟို လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတော့ ကျွန်တော်တို့ဆိုင်မှာ ဆရာတော်ကြီး တရားစာအုပ်ပါးပါး

လေးရောင်းဖူးပါတယ်၊ ခုတော့ ဘာမှမရှိပါဘူး ရှင်”ဆိုသော အဖြေများက စာအုပ်ဆိုင်တိုင်းမှ ဖြေကြ၏။ ကျွန်တော်သည် ပင်ပန်းသည်သာ အဖတ်တင်ခဲ့ပါ၏။

ဝေဘူဆရာတော်ဘုရားကြီးနှင့်ပတ်သက်၍ တစ်စုံတစ်ရာအချက်အလက် ရှာမတွေ့သောအခါ အင်ကြင်းပင်သို့ ပြင်ဆင်မှုမရှိ လိုက်ရန်သာရှိပါတော့၏။ ဟိုရောက်မှ ကြည့်က,မည်ဖြစ်၏။ အခြေခံကား ထိုအရပ်သာဖြစ်ပါ၏။ သို့သော် ယောင်လည်လည်နှင့် ရောက်သွားခြင်းမဟုတ်ဘဲ အခြေခံရမည့် ပုဂ္ဂိုလ်ကို ဦးတည်မှသာ ဖြစ်မည်ဟု ဆုံးဖြတ်ကြကာ ဆက်သွယ်ရေးသမားကို ရှာကြရပြန်၏။ မကြာပါ၊ ရုပ်ရှင်မင်းသား ကိုမြတ်လေးနှင့် ရင်းနှီးပြီးဖြစ်သော ဦးသုမနနှင့် ဆက်သွယ်ပေးသော စာတစ်စောင်ကို ကိုမြတ်လေးက ရေးပေးပါ၏။ ထိုစာကပင် ဤစာအုပ်ဖြစ်လာရခြင်း၏ အကျိုးဆက်ပါပေ။

* * *

မီးရထားပေါ်တွင် ကျွန်တော်တို့မျှော်မှန်းချက် အောင်မြင်ရေးအတွက် စီမံချက်များ၊ မေးခွန်းများစီစဉ်ကြ၏။အသံဖမ်းရန်ကက်ဆက်ပါ၏။ကင်မရာလည်းပါ၏။ မေးခွန်းများလည်း ကြိုတင်ပြင်ဆင်ထား၏။

မန္တလေးရောက်လျှင် တစ်ရက်နားပြီးစာရေးဆရာ၊ဆရာဝန်ဦးတင်သန်းမြင့်(ဆေး/မန်း) က သူ၏ သိန်းကျော်တန် ကားကြီးကို ပေးလိုက်သဖြင့်ရွှေဘိုသို့ရှောကနဲရောက်သွား၏။ နောက်တစ်နေ့ အင်ကြင်းပင်ခရီးကို ရွှေဘိုသတင်းထောက်ကိုဌေးအောင်၏ အကူအညီဖြင့်လွယ်လွယ်ကူကူပင် ရောက်သွားပြန်၏။

သို့သော် အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်း ရောက်တော့မှ စိတ်ပျက်အားငယ်ရပါ၏။ အကြောင်းကား ကျွန်တော်တို့အားထားခဲ့သော ဦးသုမနသည် မန္တလေးသို့ ကြွသွားခြင်းကြောင့်ပင်ဖြစ်၏။ ကျွန်တော်တို့အဖြစ်ကို အကဲခတ်မိသဖြင့် ဦးပဥ္စင်းတစ်ပါးက ဖော်ရွေစွာပင် မေးမြန်းစုံစမ်းသဖြင့် ကိုမြတ်လေးရေးပေးသောစာကို ဆက်ကပ်လိုက်ရာ ဦးပဥ္စင်းသည် ကျွန်တော်တို့အား ခရီးဦးကြိုပြု၍ နံနက်စာစီစဉ်ခိုင်းပြီး သူလည်း ဆွမ်းစားကြွသွားတော်မူ၏။

ဆွမ်းချက်ဆောင်မှ ပုဂ္ဂိုလ်များကလည်းသိုက်လှဲပျူငှာစွာပင် နံနက်စာကိုစီစဉ်ပေးကြ၏။ ကျွန်တော်တို့ နံနက်စာစားနေစဉ်မှာပင် အသားညိုညိုနှင့် စောစောကတွေ့ရသော ဦးပဥ္စင်းနှင့် အသားဖြူဖြူရှည်ရှည် ဦးပဥ္စင်းတစ်ပါးတို့ ဆွမ်းစားဆောင်မှကြွလာပြီး ကျွန်တော်တို့ထမင်းဝိုင်းနားတွင် လာရောက်စကားပြောကြ၏။

ညိုညိုသွယ်သွယ်သောဦးပဥ္စင်းမှာဦးခေမိန္ဒဖြစ်၍ဦးသုမန၏ညီလတ်ဖြစ်ပြီး ဖြူဖြူရှည်ရှည်သောဦးပဥ္စင်းမှာရဲချုပ်ဟောင်းနှင့် ထိုင်းသံအမတ်ကြီးဟောင်း

ဦးဘမောင်ပင်ဖြစ်ကြောင်းသိရပါ၏။ ထိုဦးပဥ္စင်းများက လိုက်လံပျူငှာသဖြင့် ကျွန်တော်တို့စိတ်အေးချမ်းသာရရကြ၏။ နံနက်စာပြီးသောအခါ ဦးပဥ္စင်းကြီး ဦးဓမ္မိက (ဦးဘမောင်)က သူ့ကျောင်းသို့ခေါ်သွားပြီး နေရာချထားပေး၏။

ဦးပဥ္စင်းကြီး ဘိုးမောင်နှင့် ကျွန်တော်တို့ ရှေးဖြစ်ဟောင်းများ ပြန်ပြောင်းပြောကြရာ ရင်းနှီးသွားကြပါ၏။ ဦးခေမိန္ဒလည်း အတူရှိနေရာ ဘာမှအားမငယ်ရန်နှင့် လိုအပ်သည်များကို ကူညီမည်ဟု ငွင်ကွင်မိန့်ကြားနေ၏။ ဦးခေမိန္ဒသည် ဈာပန ဗဟိုကော်မီတီ၏ အထွေထွေ အတွင်းရေးမှူးဖြစ်ပြီး ဦးပဥ္စင်းကြီးဘိုးမောင်က ဗဟိုကော်မီတီဝင်ဖြစ်ကာ ကျွန်တော်တို့ဦးတည်လာသော ဦးသုမနမှာ တွဲဘက်ဥက္ကဋ္ဌ ဆရာတော်ဖြစ်ပါ၏။

ကျွန်တော်တို့သည် လာရင်းကိစ္စကိုလျှောက်ထားရာ ထိုဦးပဥ္စင်းနှစ်ပါးစလုံးက ဆရာတော်ဘုရားကြီးနှင့်ပတ်သက်၍ စာရွက်စာတမ်းများနှင့် သိသမျှသော အချက်အလက်များကို ဝိုင်းဝန်းကူညီကြပါ၏။

ကျွန်တော်တို့သည် များစွာ အားတက်လာကာ ဦးပဥ္စင်းနှစ်ပါးထံမှ ရသမျှသော အချက်အလက်များကိုစုဆောင်းပြီးအသံသွင်းယူကြပါ၏။ ညပိုင်းတွင် ဦးပဥ္စင်းနှစ်ပါး စီစဉ်ပေးသည့်အတိုင်း ဆရာတော်ဘုရားကြီး၏ အန္တေဝါသိက တပည့်တစ်ဦးလည်းဖြစ်သူ ဈာပနဗဟိုကော်မီတီ ဥက္ကဋ္ဌလည်းဖြစ်သော ကညွတ်ကွင်းဆရာတော်နှင့် တွေ့ကြရပါ၏။ အထောက်တော်လုအောင်လျှောက်ထား၍ ဆရာတော်က ဆရာတော်ဘုရားကြီး ကျင့်ကြံအားထုတ်နည်းကို စိတ်ရှည်လက်ရှည် ရှင်းပြတော်မူ၏။ (သီးခြားတစ်ခန်း ဖော်ပြထားပါသည်။) တရားဆွေးနွေးပွဲ ပြီးသောအခါ ဦးပဥ္စင်းဘိုးမောင်က "ကျုပ်တို့ကို ဒီလောက်တစ်ခါမှမရှင်းပြဘူးဗျာ့"ဟု ကျွန်တော်ကိုအား အမိန့်ရှိပါ၏။

နောက်တစ်နေ့တွင် ကျွန်တော်တို့သည် အင်ကြင်းပင်ရွာထဲရှိ ဆရာတော်ဘုရားကြီးကို စာချပေးခဲ့ရသည်ဆိုသော အသက် ၈၇-နှစ်အရွယ် ဘိုးရင်အား ဦးခေမိန္ဒနှင့်အတူ သွားရောက်တွေ့ဆုံရပါ၏။

ဘိုးရင်မှာ အတော်ပင် ဝါးဘျိနေ၍ တောင်ဝှေးပင် ဘဲ့ရပြီဖြစ်ပါ၏။ သို့သော် သူသိသမျှကို ပြောနိုင်ပါသေး၏။ သူနှင့်လည်းကောင်း၊ ဦးကျော်နှင့်လည်းကောင်း တွေ့ဆုံ၍ အသံသွင်းကိရိယာဖြင့် အသံသွင်းယူခဲ့၏။ ဓာတ်ပုံများကိုလည်း ရိုက်ယူခဲ့၏။

ရွှေဘိုအောင်မြေနှင့်ပတ်သက်၍ နိဗ္ဗာန်ဆော် ဦးတင်အောင်နှင့်တွေ့ရန် ကြိုးစားသော်လည်း မုံရွာသို့ ခရီးသွားနေသဖြင့် မတွေ့ရပါ၊ သို့ဖြစ်၍လည်း ရွှေဘိုသတင်းထောက် ကိုဌေးအောင်အား ဦးတင်အောင်နှင့်တွေ့ရန် တာဝန်ပေးခဲ့ရပါ၏။ အောင်မြေကျောင်းတိုက်ဝန်းရှိ ဆရာတော်ဘုရားကြီး သီတင်းသုံးရာ ကျောင်းတော်၊ အမေရိကန်သူ သီလရှင် မေခာဝီ လှူဒါန်းသော

ဆရာတော်ဘုရားကြီး၏ ပုံတူ ပန်းချီကားနှင့် အောင်မြေကျောင်းတိုက် အဝင်၊ မုခ်ဦးတို့ကို ဓာတ်ပုံရိုက်ကူးခဲ့ကြပါ၏။

မန္တလေးသို့ပြန်ရောက်ပြီး နောက်တစ်နေ့တွင် ကျောက်ဆည် ဝေဘူချောင်သို့ အဖွဲ့ဝင်သစ် ဒေါက်တာတင်သန်းမြင့်တိုးလာပြီး ခရီးဆက်ကြပြန်၏။ ဘိုးမောင်ရေးပေးလိုက်သော မိတ်ဆက်စာဖြင့် ဦးအာစရနှင့် တွေ့ဆုံပြီး လျှောက်ထားရာ လိုအပ်သမျှကူညီရန် ဦးပဥ္စင်းနှစ်ပါး ထည့်ပေးပါ၏။ ဆရာတော်ဘုရားကြီး၏ တောင်ပေါ်ကျောင်းကိုဖွင့်ပေးရာ ထိုကျောင်းပေါ်မှ ဝေဘူချောင်၏ မြင်ကွင်းများကို ဓာတ်ပုံရိုက်ယူခဲ့ပါ၏။ ဦးအာစရ ထည့်ပေးလိုက်သော ဦးပဥ္စင်းနှစ်ပါးကလည်း ဆရာတော်နှင့်ပတ်သက်သော အချက်အလက်များကို စုဆောင်းပေးပါ၏။ ဆရာတော်အား ဦးပြောက ဆောက်လုပ်လှူဒါန်းသော နေ့ချင်းပြီး ကျောင်းငယ်ကိုလည်း သွားရောက်ကြည့်ခဲ့ကြပါ၏။

ကျွန်တော်တို့သည် ကျောက်ဆည်ဝေဘူတွင်လည်းကောင်း၊ ရွှေဘိုအောင်မြေတွင်လည်းကောင်း အင်ကြင်းပင် ကမ္မဋ္ဌာန်း တောရတွင်လည်းကောင်းဆရာတော်ဘုရားကြီး၏ သီတင်းသုံးတော်မူသောဂန္ဓကုဋီစံကျောင်းတော်များအတွင်းရှိအသုံးအဆောင် ပစ္စည်းများကို သတိပြုကြပါ၏။ စံကျောင်းတိုင်းလိုလိုမှာပင်သလွန် ညောင်စောင်းတစ်ခု၊ သောက်ရေအိုးစင် တစ်လုံးသာရှိ၏။ ကျောက်ဆည်ဝေဘူချောင်စံကျောင်းတွင် ပိဋကတ် မြန်မာပြန်ကျမ်းနှင့် အခြားပရိယတ္တိနှင့်စပ်ဆိုင်သော ကျမ်းစာအုပ်များထားသော ဗီရိုနှစ်လုံးသာ အပိုတွေ့ခဲ့ရပါ၏။

ဤသို့ဖြင့် ဆရာတော်ဘုရားကြီးသည် ရိုးရိုးကုပ်ကုပ် ဝိနည်းတော်နှင့်အညီ ကျင့်ကြံအားထုတ်တော် မူခဲ့ပါ၏။ ဝေဘူချောင် တစ်ဝင်းလုံးကိုပင် ဝိသုံဂါမ သိမ်သမုတ်ရန် ဆန္ဒရှိတော်မူခဲ့၏။ ကျွန်တော်သည် လွန်ခဲ့သော ဆယ်နှစ်ကဝေဘူဆရာတော် ဘုရားကြီးအား ကျောက်ဆည် ဝေဘူချောင် တောင်ပေါ်စံကျောင်း၌ စတင် ဖူးတွေ့ရပါ၏။ သတင်းစာပညာ အတတ်သင်ကျောင်း ပထမပတ် သင်တန်းသားများ အထက်မြန်မာပြည် လေ့လာရေး ခရီးထွက်စဉ်ကျောက်ဆည်၌ နံနက်စာထမင်း ဝင်စားကြ၏။ ကြုံကြိုက်တုန်း ဆရာတော်ဘုရားအား ဖူးမြော်လိုသောအနေ အားလုံးတွင်ရှိကြရာ တောင်ပေါ်စံကျောင်းသို့တက်ရောက် ဖူးမြော်ကြ၏။ ထိုအချိန်တွင် ဆရာတော် အနားယူလျက် တံခါးများပိတ်ထားရာ မြို့ခံပုဂ္ဂိုလ်က တံခါးတောင်းသဖြင့် ဖွင့်ပေး၏။

အားလုံး အဖူးမြော်ခံပြီးနောက် စက္ခုန္ဒြေကိုချလျက် "ဘယ်က လာကြပေတာတုန်း"ဟု မေးတော်မူ၏။ ကျောင်းအုပ်ကြီး ဗိုလ်မှူး သောင်းထိုက် က "တပည့်တော်တို့ ရန်ကုန်မြို့က သတင်းစာ သင်တန်းသားများပါ ဘုရား"ဟု လျှောက်ထား၏။

"ဩော်၊ အဝေးကြီးက လာကြတာကိုး။ ကောင်းပါဗျာ ကောင်းပါဗျာ။ မြတ်စွာဘုရား အလိုတော်နှင့်အညီ ကျင့်ကြံအားထုတ်နိုင်လျှင် ပို၍

ကောင်းပဗျာ”ဟု မိန့်တော်မူပြီး လောကီအတွက်သာမကဘဲ လောကုတ္တရာအတွက်ပါ ကျင့်ကြံ အားထုတ်ကြရန် ဆက်လက် မိန့်ကြားတော်မူခဲ့သည်ကိုလည်း မှတ်မိပါသေး၏။ ကျွန်တော်တို့အထဲမှ တစ်ဦးကလည်း ဆရာတော်ဘုရားထံတွင် စာအုပ်ဝယ်နေသေး၏။

“စာအုပ်ထဲပါတာတွေ မကျင့်ကြံ အားမထုတ်နိုင်လျှင်လဲ စာအုပ်ကစာအုပ်ပါပဲဗျ။ လက်တွေ့ကျင့်ကြံ အားထုတ်မှသာ အကျိုးများမှာဗျ”ဟု ဆက်လက် မိန့်တော်မူပြန်ပါ၏။

ကျွန်တော်တို့လည်း ဆရာတော်အား ဝတ်ချပြီးနောက် ခရီးဆက်ခဲ့ကြပြန်ရာ ထိုအခါက ဆရာတော် မိန့်မှာသောစကားလုံး အနည်းငယ်သည် ယနေ့တိုင် စွဲမြဲလျက်ရှိပါ၏။

ဤစာအုပ်တွင် ပါရှိသော အချို့ အချက်များနှင့် သီဟိုဠ်၊ အိန္ဒိယခရီးအတွေ့အကြုံများကို မန္တလေးတွင် ဦးသုမနက ရှင်းပြပါ၏။ ဦးသုမနသည် ဆရာတော် ဘုရားကြီး၏ မှန်ဝေါင်းတော်အတွက် ရန်ကုန်တွင်စီစဉ်ပြီး ပြန်ရောက်ချိန်တွင် မနားဘဲ ကျွန်တော်တို့အား လက်ခံတွေ့ပြီး ထိုအချက်အလက်များကို သန်းခေါင်တိုင် ပြောပြတော်မူ၏။

ကျွန်တော်တို့ ရန်ကုန် ပြန်ရောက်ပြီး ဤစာအုပ်ကို ပြုစုနေစဉ် ရွှေဘိုမှ သတင်းထောက် ကိုဌေးအောင်ထံမှ နိဗ္ဗာန်ဆော် ဦးတင်အောင်နှင့် တွေ့ဆုံမေးမြန်းချက်များ၊ ဦးတင်အောင်ထံမှ အခြား စာရွက်စာတမ်းများကို စုဆောင်းပို့လိုက်ရာ ပို၍ ပြည့်စုံသွား၏။

သို့ဖြစ်ရာ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် စာရွက်စာတမ်းနှင့် အချက်အလက်များ၊ အကြံဉာဏ်များကူညီကြသော အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား အထူး ကျေးဇူး တင်ရှိပါ၏။

| | | |
|---|---|---|
| ၁။ | ဦးပဏ္ဍိတ | ကညွတ်ကွင်း ဆရာတော် |
| ၂။ | ဦးသုမန | အင်ကြင်းပင် ကမ္မဋ္ဌာန်းဘောဂ |
| ၃။ | ဦးအာစရ | ဝေဘူချောင် |
| ၄။ | ဦးဝေမိန္ဒ | အင်ကြင်းပင်ဘောဂ |
| ၅။ | ဦးဓမ္မိက (ဘိုးမောင်) | အင်ကြင်းပင်ဘောဂ |
| ၆။ | အထောက်တော်လှအောင် | သတင်းဆရာ၊ စာရေးဆရာ |
| ၇။ | ဦးတင်အောင် (နိဗ္ဗာန်ဆော်) | ရွှေဘိုမြို့ |
| ၈။ | ဦးဌေးအောင် (သတင်းထောက်) | ရွှေဘိုမြို့ |
| ၉။ | ဦးတင့်လွင် (သတင်းထောက်) | ရွှေဘိုမြို့ |
| ၁၀။ | ဒေါက်တာတင်သန်းမြင့် (ဆေး/မန်း) | မန္တလေး ဆေးတက္ကသိုလ် |
| ၁၁။ | ဦးငွေး-ဒေါ်တင်ရီ | စိန်မိုးဓာတ်ပုံတိုက်ပိုင်ရှင် မန္တလေးမြို့ |
| ၁၂။ | ဦးစိန်ဝင်းလေး | သတင်းဂျာနယ် |

၁၃။ ဦးစံတိုး ပန်းချီဆရာ
၁၄။ ဦးခင်လှ ကုန်သည်၊ ရန်ကုန်မြို့
၁၅။ ဦးဖေမြင့် (သတင်းထောက်) ကျောက်ဆည်မြို့
၁၆။ ဦးစိုးမောင် (အယ်ဒီတာချုပ်၊ မြန်မာ့အလင်း သတင်းစာတိုက်)
၁၇။ ဦးချစ်အောင် နှလုံးလှစာပေတိုက်
၁၈။ ဦးအောင်သန်း (မန္တလေး) စာရေးဆရာ

**မောင်ကျော်ညွန့်**
**မြန်မာ့အလင်း သတင်းစာတိုက်**
၂-၁၀-၇၇

**ကိုးကား မှီငြမ်း ပြုစုသော စာအုပ်စာတမ်းများ**

၁။ မြန်မာနိုင်ငံ ပဋိပတ္တိ သာသနာဝင်ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ(ဓမ္မာစရိယ ဦးဌေးလှိုင်)
၂။ မြန်မာနိုင်ငံ ရဟန္တာ အရိယာများ၏ ထေရုပ္ပတ္တိ (ဦးသာသန ဝိသုဒ္ဓိ)
၃။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့်ကျင့်စဉ် (ဦးကျော်သိန်း)
၄။ ဦးဖိုးရင် (အင်ကြင်းပင်ရွာ) မှတ်တမ်း
၅။ ၂၆-၇-၇၇ နေ့ထုတ် ဟံသာဝတီသတင်းစာမှ ဦးနန္ဒဝံသ(မဟာဝိဇ္ဇာ) ၏ ငြိမ်းချမ်းအေးမြသော ဝေဘူဆရာတော် ဆောင်းပါး

## ( ) ဝေဘူဆရာတော်ဘုရားကြီး ပျံလွန်တော်မူခြင်း

မြန်မာနိုင်ငံတွင် ရဟန္တာဟု ကျော်ဇောထင်ရှားတော်မူသော ဝေဘူ ဆရာတော်ဘုရားကြီးသည် ၁၃၃၉ခု ပထမဝါဆိုလဆန်း ၁၁-ရက်၊ ၁၉၇၇ခု ဇွန်လ ၂၆-ရက် တနင်္ဂနွေနေ့ ည ၇-နာရီ မိနစ် ၃၀-တွင် နှလုံးရောဂါဖြင့် စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ် အင်ကြင်းပင် ကမ္မဋ္ဌာန်း တောရကျောင်းတိုက်၌ ခန္ဓာဝန် ချတော်မူသည်။

အင်ကြင်းပင် ကမ္မဋ္ဌာန်းတောရသည် မန္တလေးမြို့နှင့် လည်းကောင်း၊ ရန်ကုန်မြို့နှင့်လည်းကောင်း အဆက်အသွယ် လွယ်ကူခြင်းမရှိသဖြင့် ၁၃၃၉-ခု ပထမဝါဆိုလဆန်း ၁၃-ရက်၊ ၁၉၇၇-ခုနှစ် ဇွန်လ ၂၈-ရက် နေ့ထုတ် မြန်မာသတင်းစာများတွင်မှ ဝေဘူဆရာတော်ဘုရားကြီး ပျံလွန်တော်မူကြောင်း သတင်း အတိုကလေး ပါလာလေသည်။

ထိုသတင်းကို ဖတ်ရှုရသော မြန်မာပြည်အရပ်ရပ်မှတပည့်ရဟန်းသံဃာ လူပုဂ္ဂိုလ်များ ဝမ်းနည်းကြေကွဲကြရလေသည်။

ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့သို့ နောက်ဆုံး ကြွရောက်ခဲ့စဉ်က သမားတော် အကျော်အမော်များဖြင့် စမ်းသပ်ကုသခံတော်မူခဲ့သည်။ သို့သော် အင်ကြင်းပင်တောရလို နေရာဒေသ၌ သမားတော်ကြီးများသာမဟုတ် သာမန် ဆရာဝန်များပင် ရရှိရန် မလွယ်ကူပေ။

တပည့် သံဃာတော်များ အစွမ်းကုန်ကြိုးပမ်းကြရင်း ဆရာတော်ဘုရား ကြီးသည် မြတ်စွာဘုရားသော်မှ မလွန်ဆန်နိုင်သောသေခြင်းတရားကိုသက်တော် ၈၂-နှစ်၊ ဝါတော် ၆၂-ဝါ၌ မျက်မှောက်ပြုတော်မူခြင်း ဖြစ်လေသည်။

ဆရာတော်ဘုရားကြီးသည် ပရိနိဗ္ဗာန်ပြုရန် နာရီပိုင်းမျှသာလိုတော့သည့် အချိန်အထိ တပည့်ရဟန်းသံဃာ လူပုဂ္ဂိုလ်များအား အမြိုက်တရား ရေအေးကို တိုက်ကျွေးကာ အသခ်တခါတ် မြတ်သောနိဗ္ဗာန် တံခါးကို ဖွင့်လှစ်ပေးတော်မူ ခဲ့သည်။

## (၂) ဆရာတော်ဘုရားကြီး မွေးရာဇာတိမြေ

ဝေဘူဆရာတော်ဘုရားကြီးသည် ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အင်ကြင်းပင်ရွာတွင် ၁၂၃၇-ခု တပေါင်းလဆန်း ၆ရက် တနင်္လာနေ့၊ ၁၈၇၆-ခု ဖေဖော်ဝါရီလ ၁၇-ရက်နေ့ နံနက် လေးနာရီကျော်ကျော်တွင် ဖွားမြင်တော်မူသည်။

ဆရာတော်ဘုရားကြီးမွေးဖွားရာ အင်ကြင်းပင်ရွာသည် မန္တလေး မြစ် ကြီးနား ရထားလမ်းပေါ်တွင် ရှိသည်ဟု ဆိုနိုင်ပါသည်။ ခင်ဦးဘူတာအလွန် ခုနစ်မိုင်တွင် မဒေါင်းလှဘူတာ ရှိပါသည်။ ဘူတာဟု ဆိုလောက်အောင်ပင် မကြီးကျယ်လှပါ။ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် မီးရထား ကော်ပိုရေးရှင်းက ဘူတာရုံငယ်တစ်ခု ဆောက်ပေးသည်။ဈေးဆိုင်လေးငါးဆိုင် သာ ရှိသည်။

မဒေါင်းလှဘူတာမှ အရှေ့ဘက်သို့ ဆင်းသွားလျှင် အလောင်းဘုရား ဦးအောင်ဇေယျတည်ခဲ့သော မဟာနန္ဒာကန်ဘောင်ရိုးကိုတွေ့ရမည်။ ထိုမှအရှေ့ ဘက်သို့ ဆက်ဆင်းသွားပါက အင်ကြင်းပင်ကမ္ဘဋ္ဌာန်းတောရကို ရောက်သွား မည်။ မဒေါင်းလှ ဘူတာနှင့်ဆိုလျှင် နှစ်မိုင်ခန့် ဝေးပါသည်။

ဆရာတော်ဘုရားကြီးတည်ဆောက်ခဲ့သော အင်ကြင်းပင်ကမ္ဘဋ္ဌာန်းတော ရမှာ တောသယ်တွင်မမျှော်လင့်ဘဲ ဘွားခနဲတွေ့လိုက်ရသော ဗိမာန်ကြီးနှင့်တူလှ သည်။ ၁၈ကေရှိသော တောရကျောင်းအကျယ်အဝန်းကို နှစ်တောင်နီးပါးထုရှိ သောအုတ်တံတိုင်းကြီးဖြင့်လေးဘက်လေးတန်ကာရံထားသည်။ မုခ်လေးပေါက် ရှိပြီး ကျောင်းဝင်းအတွင်းရှိ အဆောက်အဦများမှာ ခေတ်မီ လက်ရာကောင်း

အုတ်ကျောင်းများဖြစ်၏။ ဘုန်းကြီးကျောင်းများက တစ်ကန့်၊ သီလရှင်ဆရာများက တစ်သီးတခြား၊ ထို့ပြင်ဓမ္မာရုံများ၊ ဇရပ်များ၊ ပိဋကတ်ပြတိုက်နှင့် ရေကန်၊ စေတီပုထိုးများဖြင့် စနစ်တကျ အကွက်ရိုက် တည်ဆောက်ထားဟန်တူသည်။ စိုက်ပျိုးထားသော သီးပင်နှင့် အလှပင်များစုံလှသည်။ ရေမှာလည်း အဝီစိတွင်းများမှ အလိုလိုထွက်နေရာ ရေထွက်အား အလွန်ကောင်းသည်။

အင်ကြင်းပင် ကမ္မဋ္ဌာန်းတောရနှင့် ကပ်လျက်တွင် ဆရာတော်ဘုရားပညာသင်ကြားခဲ့ရာဌာန၊ ဥပဏ္ဍာယ်ပြုရာမူလအင်ကြင်းပင်ကျောင်းဟောင်းကြီးရှိသည်။ ၎င်းကျောင်းကြီး တည်ဆောက်ခဲ့သည်မှာ(၁၃၃၉-ခု)တွင်နှစ်တစ်ရာပြည့်ပြီဟု ဆိုပါသည်။

မူလ ကျောင်းကြီးမှာပျက်စီးသွားသဖြင့် ထပ်မံပြုပြင်ထားရာ ကျောင်းဟောင်းကြီး၏ လက္ခဏာအဖြစ် အုတ်လှေကားကြီးများသာ ရှိပါတော့သည်။ ဆရာတော် ဥပဏ္ဍာယ်ပြုရာသိမ်၊ တရားပြရာ ဇရပ်တို့မှာ အိုမင်းလျက်ရှိပါပြီ။

ဆရာတော်မွေးဖွားရာ အင်ကြင်းပင်ရွာမှာ ထိုကျောင်းကြီးမှခြေလှမ်း ၁၅၀၀-သွားလျှင် ရောက်နိုင်သည်။ ယခုအခါ အိမ်ခြေ ၆၀-ကျော် ရှိပြီး ဆရာတော်ငယ်စဉ်က အိမ်ခြေ ၅၀-ခန့် ရှိသည်။

နေအိမ်များ တည်ဆောက်မှုမှာ မြန်မာပြည်အောက်ပိုင်းမှအိမ်များနှင့် ပုံစံတူသည်။ အိမ်ဝိုင်းများနှင့်နေတတ်သော အညာဓလေ့အရ တည်ဆောက်ထားကြသည်။ အားလုံးလိုလို လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြသည်။

အင်ကြင်းပင် ရွာအဝင်တွင် ဆရာတော်ဘုရားကြီး ချက်မြှုပ်ရာ နေရာ (ဆရာတော်ဘုရားကြီး၏အိမ်နေရာ) ဘွင် ဆရာတော်ဘုရားကြီးကိုယ်တိုင် တည်ထားသော ရွှေချက်သို ဘုရားတစ်ဆူရှိသည်။ ရွာအပြင် အင်ကြင်းပင်ကမ္မဋ္ဌာန်းတောရသို့သွားသော လမ်းဘေးတွင် တောင့်တင်းခိုင်ခံ့သော သွပ်မိုးပျဉ်ကာ ဇရပ်ကြီးတစ်ဆောင်မှာ အထက်တန်းကျောင်းတစ်ကျောင်း နီးပါးရှိသည်။ နတ်ကွန်းအချို့လည်း မလှမ်းမကမ်းတွင်ရှိသည်။ ဆရာတော်ထံတွင် နေရာတောင်းသဖြင့် ဆရာတော်၏ မိန့်ကြားချက်အရ တည်ဆောက် ပေးရသော မောင်နှမနတ်ကွန်းဟုဆိုပါသည်။ အနားယူရန် အုတ်ဖြင့် တည်ဆောက်ထားသော ဇရပ်များလည်းတွေ့ရသည်။ ထိုကဲ့သို့သော ဇရပ်များ ကျောက်ဆည်ဝေဘူချောင်တွင်လည်း တွေ့ရပါသည်။

အင်ကြင်းပင်ရွာသည် မီးရထားလမ်း၊ မော်တော်ကားလမ်းနှင့် မနီးသော်လည်း စိမ်းလန်းစိုပြည်သော လယ်ကွင်းများ၊ သစ်ပင်များအကြား ငြိမ်းချမ်းသာယာသော ရွာကလေးတစ်ရွာဖြစ်ပါသည်။ သို့သော် သူ့ဘေးက အင်ကြင်းပင်ကမ္မဋ္ဌာန်းတောရမှ အဆောက်အဦများနှင့်မူ ပဏာမတင့်နိုင်ရှာဘဲ ငေးမောအားငယ်နေပုံရပါသည်။

## (၃) မိဘ ညီအစ်ကို မောင်နှမများ

ဝေဘူဆရာတော်ဘုရားကြီးသည် အင်ကြင်းပင်ရွာသား လယ်သမားကြီး ဦးလူဖေ၊ မိခင် ဒေါ်ကြင်နု(မယ်ကြင်နု)တို့၏ သားသမီးလေးယောက်အနက် အကြီးဆုံးသား ဖြစ်သည်။

ငယ်မည်မှာ မောင်စပ်ဖြစ်၍ ၎င်း၏ညီအစ်ကိုမောင်နှမ အရင်းအချာများမှာ ဦးပြူ၊ဒေါ်ရွှေပိုင်၊ဦးထွန်းဇံတို့ဖြစ်သည်။ ၎င်းတို့လည်း ဆရာတော် ထက်စော၍ သေဆုံးခဲ့ကြသည်။ဒေါ်ရွှေပိုင်မှာသံလျှင်ဘဝဖြင့်ကွယ်လွန်သည်။

ဆရာတော်ဘုရားကြီး၏ ဆွေစဉ်မျိုးဆက်မှာ ဆွေတော်မျိုးတော်ထဲမှ ဖြစ်၏။ ဆရာတော်ဘုရားကြီး၏ အဘွား (ဦးလူဖေ၏မိခင်)မှာ အိမ်ရှေ့စံ မ်ဖုရားတစ်ပါးဖြစ်၍ ခင်ခင်ဟုခေါ်သည်။ အဘိုးဦးကူးမှာ ဘဏ္ဍာဝန်ဖြစ်ပြီး အင်ကြင်းပင် မူလကျောင်းကြီး၏ ကျောင်းဒကာဖြစ်သည်။

## (၄) ဆရာတော် မဖွားမြင်မီ အတိတ်နိမိတ်

အင်ကြင်းပင်ရွာတွင် တစ်ခုသောညဥ့် မိုးအကြီးအကျယ် ရွာ၏။ ညနေ ၅-နာရီ ကျော် နွားသွင်းပြီးကတည်းက အင်ကြင်းပင်ရွာသားများသည် အိမ်အပြင်သို့ မထွက်ဘဲ မိုးအေးအေးဖြင့် မိမိအိမ်များတွင် ကွေးနေ၏။ အိမ်ထောင်သက် နုနယ်သေးသော ကိုလူဖေ မကြင်နုတို့ ဇနီးမောင်နှံသည်လည်း အင်ကြင်းပင် ရွာသားများကဲ့သို့ မထွက်ဘဲနေကြ၏။

တောင်သူလယ်လုပ်ဖြင့် အသက်မွေးဝမ်းကျောင်းလာခဲ့သော အင်ကြင်း ပင်ရွာသားများပီပီ ကိုလူဖေသည်ပူပူနွေးနွေးဇနီးချောနှင့်အတူ မိမိတို့စဉ်လာ အသက်မွေးခဲ့သော လယ်ယာလုပ်ငန်းမှအထွက်ပိုရေး၊ ဖြစ်ထွန်းလာမည့် သား သမီးများအရေး၊ နှစ်ဖက်သောမိဘများကိုအားမကိုးဘဲ အင်ကြင်းပင်ရွာတွင် သီးခြားအိမ်ဝိုင်းနှင့်နေနိုင်ရေးများကို စီမံကိန်းချပြီးနှီးနှောတိုင်ပင်နေကြ၏။

ကိုလူဖေနှင့် မကြင်နုတို့မှာ တောင်သူလယ်သမားများဖြစ်သည့်အတိုင်း ယနေ့လည်း လယ်ကွင်း၌ အလုပ်လုပ်ခဲ့ရသည်ဖြစ်ရာ တစ်ဦးနှင့်တစ်ဦး နှီးနှော ပြောဆိုကြရင်းပင် အိပ်ပျော်သွားခဲ့ကြ၏။

မည်မျှ အိပ်ပျော်သွားသည်မသိ မကြင်နု အူယားဖားယားဖြင့် ကိုလူဖေအား နှိုးသောအချိန်မှာ ညဥ့်ဦးယံ ၁၁-နာရီသာသာမျှသာရှိသေး၏။ ကိုလူဖေလည်း စိုးရိမ်ပူပန်စွာဖြင့် အိပ်ရာမှလူးလဲထရင်း ဇနီးအား မေး၏။ ဇနီးသည် မကြင်နု၏မျက်နှာကို ရေနံဆီမီးခွက် မလင်းတလင်း အရောင်ဖြင့် ကြည့်ရာ၌ အမျိုးမျိုးသော သံသယအရိပ်အယောင်များ ပြေးနေသည်ကိုတွေ့ရ သဖြင့်လည်း ကိုလူဖေသည် ပို၍စိုးရိမ်သွားမိ၏။

အမှတ်......
ရက်စွဲ......

''ကျွန်မ ထူးထူးဆန်းဆန်း အိပ်မက်မက်တယ်[illegible]''

''ဟ-မယ်ကြင်နုရဲ့၊ [illegible]''

အိမ်တောင်ဘက်ခြံထောင့် [illegible]မှ တောက်တဲ့ အော်သံက မိုးသံနှင့်အတူ မြည်လာ၏။ အညာမိုးကား ရွာဆဲပင်။ တစ်ချက်တစ်ချက် လက်ကနဲလင်းလိုက်သော လျှပ်စီးကြောင့် အိပ်ပျော်နေသူတို့အဖို့ မထူးခြားသော်လည်း ကိုလူဖေတို့ ဇနီးမောင်နှံမှာ ထိတ်ကနဲဖြစ်သွားရ၏။ မိုးသက်သည် ချည်းမဟုတ်ဘဲ တောင်လေလည်း ခပ်ကြမ်းကြမ်း တိုက်နေသဖြင့် သက်ငယ်မိုးထားသော ကိုလူဖေတို့ မိသားစုအိမ်ကလေးမှာ ဟိုတစ်စက် သည်တစ်စက် ယိုနေသော မိုးစက်ကလေးများကလည်း အိမ်ရှင်များကို ဒုက္ခပေးလျက်ရှိ၏။

''ဒီလိုပါရှင်၊ ကျွန်မတို့အိမ်ကို ရဟန်းနှစ်ပါးကြွလာတယ်၊ ရှင်က ကြိုဆို ဝတ်ဖြည့်ရင်း နေရာထိုင်ခင်းပေးတော့ ကျွန်မတို့ခေါင်းရင်းမှာ ရဟန်းနှစ်ပါး ထိုင်တော်မူကြတယ်ရှင့်''

''ဆက်ပါဦးကွာ''

''အဲဒီ ရဟန်းနှစ်ပါးမှာက ဘုရားသုံးဆူ ပင့်လာကြတယ်၊ ကျွန်မ မှတ်မိသလောက် တစ်ဆူက တင်ပျဉ်ခွေ ကျောက်ဆင်းတု ရှင့်၊ တစ်ဆူက ကြေးဆင်းတုရှင့်၊ ကျန်တစ်ဆူကတော့ ဒက္ခိဏာသာခါရှင့်'

''ပြောပါဦးကွယ်''

''ရဟန်းနှစ်ပါးအနက် တစ်ပါးက တကာမကြီးကြိုက်တဲ့တစ်ဆူ ပူဇော်ပေတော့လို့ မိန့်ကြားတယ်ရှင့်၊ ကျွန်မလဲ အဲ့ဒီဘုရားသုံးဆူထဲက ကြည်ညိုစရာ အလွန်ကောင်းတဲ့ ကျောက်ဆင်းတု ကိုယ်တော်ကို ပူဇော်ချင်ပါတယ်လို့ လျှောက်မိတယ်''

''မင့် အိပ်မက်က တော်တော်ထူးတာပဲ ဆက်ပါဦး''

''ကျွန်မက ကျောက်ဆင်းတုဘုရားကို ရွေးတော့ ရဟန်းတော်က 'တကာမကြီး ကျောက်ဆင်းတုကကြည်ညိုစရာကောင်းပေမယ့် တန်ခိုးမရှိဘူး၊ ဟောဒီဒက္ခိဏာသာခါကတော့ အဆင်းမရှိပေမယ့် တန်ခိုးရှိတယ်'လို့ ကျွန်မကို ရှင်းပြတယ်တော့''

''မင်းက ဘယ်ဟာကို ရွေးလိုက်သလဲ''

''ကျွန်မက ရဟန်းတော်မိန့်မှာတဲ့ ဒက္ခိဏာသာခါကိုပဲ ပူဇော်လိုက်တာပေါ့၊ ကျွန်မလဲ ဒက္ခိဏာသာခါကို ပူဇော်လိုက်ရော ရဟန်းနှစ်ပါးဟာ ပြုံးရွှင်စွာနဲ့ပဲ ကောင်းကင်ခရီးက ကြွသွားတော့တာပါပဲရှင်'

''မယ်ကြင်နုရေ မင်းအိပ်မက်က အဖိုးတန်လွန်းတယ်၊ တို့တော့ တစ်ခုခု ထူးထူးခြားခြား ဖြစ်လိမ့်မယ်ထင်တယ်''ဟု ဇနီးမောင်နှံ ဝမ်းမြောက်စွာပင် ပြောဆိုရင်း ပြန်၍ အိပ်ပျော်သွားကြပြန်သည်။ အညာမိုးမှာလည်း သိသိသာသာပင် တိတ်သွားတော့၏။

ထို့နောက်တွင် ဒေါ်ကြင်နု၌သားဦး ကိုယ်ဝန်ရှိလာပါတော့သည်။ ဦးလူဖေ ဒေါ်ကြင်နုတို့သည် ပထမဦးစွာ မွေးဖွားလာမည့် ကိုယ်ဝန်အား သတိကြီးစွာဖြင့် စောင့်ရှောက်ထိန်းသိမ်းကြ၏။ ကိုယ်ဝန်ဆောင် ကာလတွင် ဒေါ်ကြင်နုသည် အိပ်မက်ပေါင်းများစွာမက်သည့်အထဲ၌ ကောင်းကင်မှ ဈာန်ပျံရသော အိပ်မက်က ၃-၄ကြိမ် မက်ခဲ့သည်ဆို၏။ ကောင်းကင်သို့ ပျံရသော အိပ်မက်များအနက် တစ်ခုသောအိပ်မက်တွင် မကောင်းဆိုးရွား မိန်းမကြီးက လိုက်သဖြင့် စကောနှစ်ချပ် အတောင်တပ်ပြီး ကောင်းကင်ပျံရသော အိပ်မက်များလည်း ပါသည်ဆို၏။

ကိုးလလွယ် ဆယ်လမွေးသောအခါ ဦးလူဖေ၊ ဒေါ်ကြင်နုတို့သည် ဦးစွာပထမ သားယောကျ်ားကလေးကို အောင်မြင်စွာ ဖွားမြင်ကြလေသည်။ သားဦးအရှူးဟု သားဦးရ မိဘတို့၏ အဖြစ်ကို ကဲ့ရဲ့စကား ဆိုသည့်အတိုင်း သားဦးကို မွေးဖွားသောအခါ ဦးလူဖေ ဒေါ်ကြင်နုတို့မိသားစုသည် ပျော်မဆုံး မော်မဆုံး ဖြစ်ကြ၏။ နှစ်ဖက်သော အဘိုးအဘွားများကလည်း မောင်စပ်ကလေးကို ချစ်မြတ်နိုးကြ၏။

ဒေါ်ကြင်နု၏အိပ်မက်တွင် ရဟန်းနှစ်ပါးမိန့်မှာကြားချက်အရ အဆင်းသဏ္ဌာန်အားဖြင့် မရှိသော်လည်း တန်ခိုးဣဒ္ဓိပါဒ်ရှိသော ဒက္ခိဏသာခါကို ရွေးခြင်းမှာ မှန်သည်ဟု ဆိုရပါမည်။ အဘယ့်ကြောင့်ဆိုသော် တစ်ချိန်သောအခါ၌ မိမိ၏သားဦးသည် အထွတ်အထိပ် ရဟန္တာတစ်ဆူ ဖြစ်တော်မူသော ဝေဘူဆရာတော်ဘုရားကြီး ဖြစ်လာပေသည်။

## (၅)ပထမဦးစွာ ပညာသင်ခြင်း

မောင်စပ်ကလေးကို ပညာသင်ချိန်အရွယ်၌ ရွာရင်း အင်ကြင်းပင် ကျောင်းဆရာတော် ဦးသုမနထံတွင် အပ်နှံပညာသင်စေသည်။ စာချပေးရသူမှာ ယနေ့တိုင် အင်ကြင်းပင်ရွာ၌ အသက်ရှင်လျက်ရှိနေသော ဦးဖိုးရင် (ဒေသခေါ် ဘိုးရင်)ဖြစ်သည်။ ဘိုးရင်မှာ ဆရာတော်ထက် အသက် ၅-နှစ်နှင့် ၉လကြီးသူဖြစ်ရာ ယခုအခါ ၈၇-နှစ်ထဲ ရောက်ရှိနေပြီဖြစ်၏။

ဆရာတော်၏ ငယ်စဉ်ဘဝနှင့် ပတ်သက်၍ သိသူမရှိသလောက်ပင်ဖြစ်ရာ ဘိုးရင်ကိုပင် အားကိုးရသည်။ ဗလာစာအုပ် နှစ်မျက်နှာခန့် ရေးထားသော ဘိုးရင်၏မှတ်တမ်းကို အဓိက အားကိုးရပါသည်။ ၎င်းအား တွေ့ဆုံမေးမြန်းရာတွင် အချို့အချက်များ မေ့မေ့လျော့လျော့ပင် ဖြစ်နေပါပြီ။ သို့ရာတွင် အနီးစပ်ဆုံးနှင့် အမှတ်မိဆုံးသော အချက်အလက်များကို ဘိုးရင်ထံမှပင် ထပ်မံရရှိခဲ့ပါသည်။

ဘိုးရင်၏ ပြောပြချက်များအရ ဆရာတော်သည် ငယ်စဉ်ကတည်းကပင် ဘာသာရေးကို အထူးကိုင်းရှိုင်းသည်။ သီတင်းကျွတ်တိုင်း အင်ကြင်းပင်ကျောင်း၌ ကျောင်းသားကလေးများကို မုန့်ဝေလေ့ရှိရာ ၎င်းရရှိသောမုန့်များကိုမစားဘဲ လမ်းတွင်လည်းကောင်း၊ သစ်ပင်များတွင်လည်းကောင်းကြိုးများဖြင့်ချည်ဆွဲ၍ စတုဒိသာ ကျွေးလေ့ရှိသည်ဟု ဘိုးရင်က ပြောပြသည်။

ဆယ့်လေးငါးနှစ်အရွယ်တွင် တစ်ခုသော ကောက်လျှင် ပေါ်ချိန်၌ ဝင်းမှည့်နေသောစပါးများကို စာစောင့်ရန် မိဘများက စာခြောက်ခိုင်းပါသည်။ မိဘခိုင်းသည့်အတိုင်းလယ်ကွင်းသို့ စာခြောက်ရန်သွားသည်။ သို့ရာတွင် မိမိစပါးကိုစားနေသော စာကလေးများအား မဟန့်တား မခြောက်လှန့်လိုသဖြင့်မင်းတို့လဲစားတော့ငါလဲပြန်မယ်ဟုအိမ်သို့ပြန်လာသည်။ ဖခင်ကြီးက မင်းဘာဖြစ်လို့ ပြန်လာသလဲ၊ စာမခြောက်ဘူးလားဟုဆိုကာ ဆီးမေးရာ "သူတို့ဆာလို့စားကြတာပဲခြောက်မထုတ်ချင်ဘူးဗျ"ဟုပြန်ဖြေပါသည်။ဖခင်ကြီးက ချော့မော့လွှတ်သော်လည်း ထိုအချိန်ကစပြီး စာခြောက်ခိုင်း၍ မရတော့ပါ။

## (၆) သာမဏေပြုခြင်း

အခြေခံပါရမီ ရင့်သန်လာသည့်အတိုင်း ၁၂၇၀-ပြည့်နှစ်တွင် အင်ကြင်းပင်ကျောင်း၌ပင် သာမဏေပြုသွားပါတော့သည်။ သာမဏေဘဝတွင် စာသင်ကြားပေးရသူများမှာ အင်ကြင်းပင်ကျောင်းဆရာတော် ဦးသုမန၊ ကန်ဆယ်တောကျောင်းဆရာတော် ဦးဝိစာရနှင့် ဘိုးရင်တို့ဖြစ်သည်။ ဘိုးရင်မှာလည်း ထိုအခါချိန်က ကိုရင်ကြီးဆည်းနေသည်။ ငယ်ဆရာဦးသုမနမှာလည်း သီပေါမင်းရဟန်းခံပေးသော ဆရာတော်ဖြစ်သည်။

နေ့စဉ်အလုပ်မှာ မနက်စောစောထကြရပြီးဘုရားရှိခိုးရသည်။ဂုဏ်တော်များ ပရိတ်တော်များနှင့် သီလပေးများ သင်အံရသည်။ ထို့ပြင် ဆုံးမစာများ ကမ္မဋ္ဌာန်း ၄၀၊ ၃၂-ကောဋ္ဌာသ အနက်ပါဠိနိသျှများကို သင်ရသည်။ အထူးသဖြင့် ၃၂-ကောဋ္ဌာသကို အပြန်အလှန် သင်အံရသည်။

မိုးလင်းလာသောအခါ ရိုးရိုးစာကို သင်အံကြရသည်။ မနက်စောစော တစ်ကြိမ်၊ ဆွမ်းခံပြန်တစ်ကြိမ်၊ ဆွမ်းစားပြီးတစ်ကြိမ်၊ ညနေအိမ်ပြန်ခါနီး တစ်ကြိမ်ဖြင့် တစ်နေ့လေးကြိမ် စာအံကြရသည်။

မနက်ဘိုင်း နှုတ်တိုက်ရွတ်ဆိုရသော ကမ္မဋ္ဌာန်းလေးဆယ်ကို ယေဘေုယျ ချာချာလေ့လာနိုင်ခဲ့သဖြင့် လက်တွေ့တရားရသည်ဟုဆိုနိုင်ပါသည်။ အင်ကြင်းပင်ကျောင်းတွင် ဝိသုဒ္ဓိမဂ်အထိ သင်ကြားခဲ့သည်ဟု သိရသည်။

အင်ကြင်းပင်ကျောင်း၌ ထိုအချိန်က ကိုရင် ၁၂-ပါးခန့်ရှိပြီး ၂စ်ရက်ဥပုသ်ပတ်တွင် မြက်ရမ်းရသည်။ ထိုသို့မြက်ရမ်းရာ မိမိဝန်းအလိုက် သတ်မှတ်၍

ရမ်းရသည်ဖြစ်ရာ ကိုရင်ကလေး မောင်စပ်အား ကိုရင်များက ဝန်းကျယ်ကျယ်ထားပေးသည်။

ဘိုးရင်က မျက်မြင် ကိုယ်တွေ့ကို ရှင်းပြရာတွင် "မြက်ရမ်းကြတဲ့အခါ သဘောကောင်းလို့ သူငယ်ချင်းတွေက စကြတယ်၊ ငန်းအလိုက်မြက်ရမ်းကြရတော့ သူ့ကို ငန်းကြီးကြီးပေးထားတယ်ဗျ၊ ဒီတော့ သူက ထားချင်ထားပါ မောင်ရာ ကျုပ်ဖြင့် ကုသိုလ်တောင်ပိုရသေးတယ်လို့ စိတ်မဆိုးတဲ့အပြင် ပြုံးပြုံးကလေးနဲ့ပြီးအောင် လုပ်သွားတယ်ဗျ၊ သဘောသိပ်ကောင်း စိတ်ကောင်းရှိတဲ့ ကိုယ်တော်ဗျ၊ စာသင်ရာမှာလဲ ကြိုးစားတယ်။ ဘာသာရေးကိုင်းရှိုင်းရာမှာလဲ အလွန်တော်တဲ့ ပုဂ္ဂိုလ်မျိုး"ဟု ရှင်းပြပါသည်။

## (၃) ပထမအကြိမ်ရဟန်းခံခြင်း

ဘာသာရေးကို လေ့လာလိုက်စားရင်း တစ်နေ့တခြား စိတ်အားထက်သန်လာသဖြင့် ၁၂၃၃-ခု ဝါဆိုလတွင် အင်ကြင်းပင်ကျောင်း ခဏ္ဍသိမ်တွင် ဆရာတော်ဦးသုမနက ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ကူးပြောင်းသွားလေသည်။

ရဟန်းဘဝဖြင့် စာပေပရိယတ္တိများကိုဆက်လက်လိုက်စားရာ ဆိုခဲ့သည့်အတိုင်း ဝိသုဒ္ဓိမဂ်အထိရောက်ခဲ့သည်။ ပရိယတ္တိဖြင့် တင်းတိမ် ရောင့်ရဲမနေဘဲ ပဋိပတ္တိအတွက်လည်း လေ့လာလိုက်စားလိုသောဆန္ဒက ပြင်းပြလာပြန်သည်။ ယင်းကဲ့သို့ ပဋိပတ္တိကို လေ့လာလိုက်စားသည့်အခါ တောထွက်ပြီးရှာဖွေမှသာ တရားစစ် တရားမှန်ကို ရရှိမည်ဟု စွဲမြဲစွာယုံကြည်လာသည်။ ထိုသို့ ယုံကြည်သည့်အတိုင်း ရဟန်းဖော် ဦးသုဇာတအား တောထွက်ပြီး တရားရှာရန် တိုင်ပင်သည်။ ပါရမီဖြည့်ဘက်အလား ဦးသုဇာတကလည်း သဘောတူသဖြင့် တောထွက်ရန် ဆရာတော် ဦးသုမနအား လျှောက်ထားသည်။ ဆရာတော်က "အေး မင်းတို့ကဦးသွားကြတာပေါ့။ ဘယ်တော့ထွက်ကြမလဲ"ဟု မေးရာ "တပည့်တော်တို့ ဆရာတော်ခြေတော်ရင်း ဝတ်ဖြည့်တဲ့နေ့ ထွက်ကြမှာပါဘုရား"ဟု လျှောက်ထားကြသည်။

သို့ဖြင့် တောထွက်ရန် ပြင်ကြပြီးနောက် သပိတ်တစ်လုံး သင်္ကန်းအပိုတစ်စုံစီဖြင့် ရဟန်းရှစ်ဝါရပြီး ၁၂၇၅-ခုနှစ် ကဆုန်လတွင် တောထွက်တော်မူကြသည်။ ရဟန်းနှစ်ပါးသည် ရွှေဘိုမြို့ မူလပုသိမ်ဆရာတော် ဘုရားကြီးထံ ဥပနိဿယဝင်ယူရန် ဆည်းကပ်ပြီးလျှင် ၎င်းနှစ် (၁၂၇၅-ခုနှစ်)တွင် ပုသိမ်တောကျောင်းတွင် ဝါဆိုတော်မူသည်။

မူလပုသိမ်ဆရာတော်ဘုရားကြီးသည် မိမိ၏တောရကျောင်း၌ မည်သည့် ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်ကိုမဆို တစ်ပတ်သာ တရားကျင့်ခွင့်ပြုသည်။ သို့သော် တောထွက်လာသော ရဟန်းနှစ်ပါးအား တစ်ဝါဆိုခွင့်ပြုသည်မှာ ထူးခြားမှုပင်

ဖြစ်သည်။ ထိုရဟန်းနှစ်ပါးတို့၏ တရားရှာဖွေ ကျင့်ကြံအားထုတ်မှု လုံ့လဝီရိယကို ကြိုက်နှစ်သက်၍ ဖြစ်နိုင်သည်။

ဝါကျွတ်လျှင် ရဟန်းနှစ်ပါးသည် ရွှေဘိုပုသိမ် တောရမှ ထွက်သွားကြပြန်သည်။ ထိုသို့ထွက်ခွာသွားကြခြင်းမှာ ရွှေဘိုမြို့တွင် မိမိရပ်ရွာနှင့် နီးသောကြောင့် ဝေးသောဒေသများသို့ တရားရှာဖွေရန် ကြွသွားခြင်းဖြစ်နိုင်သည်။

ရဟန်းနှစ်ပါး၏စိတ်ကူး မှန်လှသည်။ အကြောင်းမှာ ဝါကျွတ်သည်ဆိုလျှင် အင်ကြင်းပင်မှ ၎င်းတို့၏ ဆရာတော်ဖြစ်သော ဦးသုမနသည် သတင်းစကားအရ ရွှေဘိုမြို့ ပုသိမ်တောရသို့ လိုက်လာသည်။

ပုသိမ်ဆရာတော်ကြီးအား မိမိသည် ကုမာရ၊ သုဇာတတို့၏ ဆရာ ဖြစ်ကြောင်းလျှောက်ထားရာ "မင်းတပည့်တွေ လွှတ်ထားတာကိုးကွ၊ ခုတော့ သွားကြပြီ"ဟု မိန့်တော်မူလိုက်သည်။ ဆရာတော် ဦးသုမနလည်း လက်လျှော့ပြီး ရွှေဘိုမှ အင်ကြင်းပင်သို့ ပြန်ကြွလာခဲ့ရသည်။

ရဟန်းနှစ်ပါးသည် ရွှေဘိုပုသိမ်တောရမှ ဆက်ထွက်သွားကြပြီးနောက် တစ်ကွဲစီ တစ်နေရာစီ တရားရှာကြဟန်တူသည်။နှစ်ပါးအတူတကွ တစ်နေရာရာ ထပ်ရောက်သည်ဟု အထောက်အထား မတွေ့ရတော့ပါ။ ဝေဘူဆရာတော်ဟု ကျော်ကြားမည့်ဦးကုမာရသည်သာလျှင် ပုသိမ်တောရမှထွက်တော်မူ၍ မင်းဘူး ရွှေစက်တော်အထိ တောတောင်အနှံ့ ကြွတော်မူသည်။ ထို့အပြင် ညောင်လွန့်တောရကျောင်းတွင် သီတင်းသုံး၍ တရားရှာခဲ့ကြောင်း ဆရာတော်ဘုရားကြီးကိုယ်တိုင် မိန့်ဖူးသည်ဟုအဆိုရှိသည်။ နှစ်မည်မျှကြာကြာသီတင်းသုံးခဲ့ကြောင်း မသိရပါ။ သို့သော် ဝေဘူဆရာတော်ဘုရားကြီးသည် မှီလျှောင်း၍ကျိန်းစက်မှုကို နာရီအနည်းငယ်သာပြုပြီး ကမ္မဋ္ဌာန်းတရားကို စွဲစွဲမြဲမြဲ အားထုတ်ခြင်း၊ အာနာပါန ကမ္မဋ္ဌာန်း စီးဖြန်းခြင်းတို့သည် ညောင်လွန့် ဆရာတော်ဘုရားကြီး၏ နည်းနိသျှနှင့် အတော်ပင် တူပါသည်။

ထို့ပြင် ညောင်လွန့်တောရတွင် အရှေ့ဘက်နှင့်အနောက်ဘက်နှစ်ခြမ်းတွင် ပရိယတ်နှင့် ပဋိပတ် ခွဲထားရာ အင်ကြင်းပင် ကမ္မဋ္ဌာန်းတောရ၌လည်း ထို့အတူပင် ဆရာတော်ဘုရားကြီးက ခွဲခြားထားသည်မှာလည်း ထူးခြားစွာပင် တူညီသည်။

ညောင်လွန့်ဆရာတော်ဘုရားကြီးသည် ပရိနိဗ္ဗာန် မပြုမီ ခြောက်လခန့်အထိ ကိုယ်တိုင်ဆွမ်းခံတော်မူသည်။ ဝေဘူဆရာတော် ဘုရားကြီးသည်လည်း ဝေဘူချောင်တွင်လည်းကောင်း၊ရွှေဘိုအောင်မြေတွင်လည်းကောင်း၊အင်ကြင်းပင်တောရတွင်လည်းကောင်း နောက်ဆုံး သီတင်းသုံးခဲ့သော ကာလများတွင် ဝတ်မပျက် ဆွမ်းခံတော်မူခဲ့သည်။

ညောင်လွန့် ဆရာတော်ဘုရားကြီးမှာ ၁၂၂၉-ခုနှစ်တွင် ဖွားမြင်၍ ၁၂၉၅-ခုနှစ်တွင် ပရိနိဗ္ဗာန် ပြုတော်မူသည်။ ရဟန္တာဟု သမုတ်ခံရသော

ပုဂ္ဂိုလ်ဖြစ်သည်။ ဝေဘူဆရာတော်ထက် ၂၇-နှစ်ကြီးသည်။ အကြိမ်ကြိမ် အဆင့်ဆင့် တောထွက်ပြီးတရားရှာခဲ့သော ပုဂ္ဂိုလ်ထူးကြီးဖြစ်ပြီး ဝေဘူဆရာတော်ဘုရားကြီး တောထွက်တော် မမူမီ သုံးနှစ်အလို ၁၂၇၂-ခုနှစ် ရဟန္တာဖြစ်တော်မူခဲ့သည်ဟု ဆိုပါသည်။

သို့ဖြစ်၍ ဝေဘူဆရာတော်ဘုရားကြီးသည် ညောင်လွန့်တောရတွင် သီတင်းသုံး၍ ညောင်လွန့် ဆရာတော်ဘုရားကြီးထံတွင် ဥပနိဿ ခံယူခဲ့သည်ဟု ဆိုနိုင်ပါသည်။

သို့သော် နှစ်စဉ်နှစ်တိုင်း ရွှေဘိုအောင်မြေမှ အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်းသို့ ကြွသည့်အခါ ဝေဘူဆရာတော်ဘုရားကြီးသည် အောင်မြေကျောင်းကိုပတ်၍လှည့်စဉ် မူလ ပုသိမ်ဆရာတော်ဘုရားကြီး၏ ခေတ်ပုံတော်ကို မော်တော်ကားတစ်စင်းပေါ်တွင်တင်၍ လှည့်လည်စေသည်။ တပည့်သာဝကတစ်ဦး၏ ပြောပြချက်အရ ဝေဘူဆရာတော်ဘုရားကြီး၏ ဥပနိဿမှာ မူလပုသိမ် ဆရာတော်ဘုရားကြီး၏ ဥပနိဿဟု ယူဆရန် အကြောင်းရှိပြန်သည်။

## (ဂ) ဝေဘူဆရာတော်နှင့် စွန်းလွန်းဆရာတော်

ဝေဘူဆရာတော်ဘုရားကြီးသည် စွန်းလွန်းဆရာတော်ဘုရားကြီးထံ ဥပနိဿခံယူဖူးသည်ဟု အချို့ကရေးသားနေကြရာ ယင်းအချက်နှင့်ပတ်သက်၍ အောက်ပါအဖြစ်အပျက်များကို တင်ပြလိုပါသည်။

ဝေဘူဆရာတော်ဘုရားကြီးအား ကျောက်ဆည်ဝေဘူချောင်တွင် ရှေးဦးစွာ ကျောင်းဆောက်၍ လှူဒါန်းခွင့်ရသော ပုဂ္ဂိုလ်မှာကျောက်ဆည်မြို့ဆန်စက်ပိုင် ဦးပြော့ဆိုသူဖြစ်ပါသည်။ ဦးပြော့က ကျောင်းဆောက်လုပ် လှူဒါန်းရန် လျှောက်ထားသောအခါ "နေ့ချင်းပြီးကျောင်းဆောက်နိုင်လျှင်ကောင်းပါ၏" ဟု အမိန့်ရှိတော်မူသောကြောင့် ပစ္စည်းများကို စုဆောင်းပြီးလျှင် တစ်ရက်အတွင်း ပြီးစီးနိုင်သော ကျောင်းငယ်ကလေး တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းရသည်။ ကျောင်းဒါယကာ ဦးပြော့သည် ကျောက်ဆည်သို့ မရွှေ့ပြောင်းမီ မြင်းခြံမြို့တွင် အင်္ဂလိပ်ပိုင် ကုမ္ပဏီတစ်ခု၌ သားရေ ဝယ်ခြမ်းရေး ကိုယ်စားလှယ် လုပ်ကိုင်ဖူးလေသည်။

ထိုစဉ်က စွန်းလွန်းဆရာတော်ဘုရားကြီးဦးကဝိသည် ဦးပြော့၏သားရေဝယ်ပွဲစားအလုပ်ကို လုပ်ကိုင်ဖူးလေသည်။ စွန်းလွန်းဆရာတော်ဘုရားကြီးသည် ရဟန်းဝတ်ပြီးလျှင် တရားအားထုတ်၍ တရားထူး တွေ့ရှိသောအခါ မိမိ၏ ဆရာဟောင်း ဦးပြော့ကို သတိရကာ ကျောက်ဆည်သို့ ကြွရောက်လာသည် ဆို၏။ ကျောင်းဒါယကာ ဦးပြော့သည် စွန်းလွန်းဆရာတော်ဘုရားကြီးရောက်ရှိလာသောအခါ မိမိကိုးကွယ်ထားပြီးဖြစ်သော ဝေဘူဆရာတော်ဘုရားကြီး၏ ကျောင်းတွင် သီတင်းသုံးရန် လိုက်ပို့လေသည်။

ဝေဘူဆရာတော်ဘုရားကြီးသည် စွန်းလွန်း ဆရာတော်ဘုရားကြီးထက် သက်တော်ငယ်သော်လည်းငယ်ဖြူဖြစ်သည့်အားလျော်စွာစွန်းလွန်းဆရာတော် ဘုရားကြီးထက် သိက္ခာတော်ငါးဝါကြီးသည်ဟု ယူဆရသည်။ စွန်းလွန်းဆရာ တော်ဘုရားနှင့် ဝေဘူဆရာတော်ဘုရားကြီးတို့သည် မိမိတို့ရရှိထားသောတရား ထူးများကိုဆွေးနွေးကြသည်။ ထို့နောက် စွန်းလွန်းဆရာတော်ဘုရားကြီးသည် မိမိရပ်ထံ မြင်းခြံမြို့သို့ပြန်ခါနီးတွင်မိမိ၏ ဆရာဟောင်းဖြစ်သောကျောင်းဒါယ ကာ ဦးပြေ့အား မိမိတွေ့ရှိထားသောတရားကို ချီးမြှင့်ရန်လာခဲ့ကြောင်း၊ သို့ သော်လည်း ဦးပြေ့ကိုးကွယ်ထားသော ဝေဘူဆရာတော်ကြီးသည် မိမိထက် ပို၍ တရားထူးကို တွေ့ရှိထားသောသူ ဖြစ်သောကြောင့် ဝေဘူဆရာတော်ဘုရား ထံတွင်ပင် တရားအားထုတ်စေလိုကြောင်း ပြောကြား၍ပြန်သွားသည်ဟု အဆို ရှိလေသည်။ ထိုအကြိမ်မှာ ဝေဘူဆရာတော်နှင့် ပထမဆုံး တွေ့ဆုံခြင်းဖြစ်၏။

ဒုတိယအကြိမ်မှာကား ကျောင်းဒကာ ဦးပြေ့ ဝေဘူဆရာတော်ဘုရား ကြီး၏ဖခင် ဦးလူဖေတို့ ရဟန်းဝတ်ကြသောအခါ စွန်းလွန်းဆရာတော်ဘုရား ကြီးအားလည်း ပင့်ဖိတ်၏။ ထိုသို့ ရဟန်းခံပွဲ ကျင်းပပြီးသောအခါသိမ်သမုတ် တော်မူ၏။ သိမ်သမုတ်ရာတွင် ဝေဘူဆရာတော်နှင့်အတူ ညောင်လွန့်ဆရာတော် ဘုရားကြီး။ မိတ္ထီလာရေလယ်ဆရာတော်ဘုရားကြီး၊ သိမ်တော်ဆရာတော်ဘုရား ကြီး၊ မူလပုသိမ်ဆရာတော်ဘုရားကြီးစသော စာတတ်ပေတတ် အကျော်အမော် ဆရာတော်များ ကြွရောက်တော်မူကြ၏။ ထိုဝေဘူချောင်၌ပင် သိမ်သမုတ်တော် မူရာ စွန်းလွန်းဆရာတော်ဘုရားကြီးက သိမ်သမုတ်ပေးတော်မူ၏။

စွန်းလွန်းဆရာတော်ဘုရားကြီး သမုတ်ပေးခဲ့သော သိမ်များမှာ မြင်းခြံ စွန်းလွန်းဂူကျောင်း၌ အရိယာသိမ်တစ်လုံး၊ သထုံနေမိန္ဒရတောင်၌ သိမ်တစ် လုံး၊ ရန်ကုန်မြို့ တောင်ဥက္ကလာပ စွန်းလွန်းဂူကျောင်း၌ အရိယာသိမ်တစ်လုံး စုစုပေါင်း သိမ်လေးလုံးကို သမုတ်တော်မူခဲ့၏။ စွန်းလွန်းဆရာတော်ဘုရားကြီး သည် ကျောက်ဆည် ဝေဘူချောင် သိမ်သမုတ်စဉ်က ကိုယ့်ဆွမ်းကိုယ်ခံ၍ဘုဉ်း ပေးတော်မူခဲ့သည်။ လောင်းလှူသူများမှာ ဝေဘူချောင်အတွင်း၌သာ လာ ရောက်လောင်းလှူကြပြီး ရဟန်းတော်များက လောင်းမည့်နေရာသို့ကြွ၍ ဆွမ်း ခံကြ၏။ ဝေဘူဆရာတော်မှာလည်း ထိုစဉ်ကပင် ဓုတင်ဆောင်၍ တရားအား ထုတ်နေသဖြင့်ဆွမ်းဝတ်မပျက် ဆရာတော်များနှင့်ဆွမ်းခံပြီး ဘုဉ်းပေးကုန်၏။

ဝေဘူဆရာတော်ဘုရားကြီးသည် စွန်းလွန်းဆရာတော်ဘုရားကြီးအား ရှင်းလင်းပြောပြရန်အတွက် အချက်တစ်ချက်ရှိနေသေး၍ ကျောက်ဆည်မှ ကျောင်းတကာ ဦးပြေ့၏သားမက် ဦးကြောင်အား မြင်းခြံမြို့သို့ မည်သို့မည်ပုံ သွားရကြောင်းကို စုံစမ်းရာ ဦးကြောင်က ၎င်း၏ယောက္ခမ ဦးပြေ့နှင့် တိုင်ပင်၍ စွန်းလွန်းဆရာတော်ဘုရားကြီးအား မြင်းခြံမှ ကျောက်ဆည်သို့ ပင့်လာသောကြောင့် ဝေဘူဆရာတော်ဘုရားကြီးသည် ဦးကြောင်အားလွန်စွာ

အပြစ်တင်ကြောင်းကိုလည်း ပြောပြဖူးပါသည်။ ဤကား တတိယအကြိမ် တွေ့ဆုံခြင်းဖြစ်၏။

သို့ဖြစ်ပါ၍ ဝေဘူဆရာတော်ဘုရားကြီးသည် စွန်းလွန်းဆရာတော် ဘုရားကြီးထံမှာ ဉပနိသျှခံယူဖူးသည်ဆိုခြင်းမှာ လုံးဝမဟုတ်နိုင်ပါ။

## (၄) တရားရှာသော တောထွက်ဘဝ အတွေ့အကြုံများ

ဆရာတော်ဘုရားကြီး မတောထွက်စဉ်က အတွေ့အကြုံများကို တပည့်ရဟန်းများက လျှောက်ထားမေးမြန်းကြရာတွင် အဘယ်အခါမျှ လုံးစေ့ပါဋ်စေ့ ခရီးစဉ်ကို မိန့်ကြားခြင်းမပြု။ တစ်ပိုင်းတစ်စမျှကိုသာ ပြောပြသည်။ ဆက်မေးလျှင် အကြောင်းအရာကို ဖြတ်ပစ်တတ်သည်။ သို့ဖြစ်၍လည်းဆရာတော်ဘုရားကြီး၏ တောထွက်ခဲ့သော ခရီးစဉ်များမှာ ကွင်းဆက်ပြတ်နေခဲ့သည်။

ဘိုးရင်၏ မှတ်တမ်းအရ ရွှေဘိုပုသိမ်ကျောင်းမှထွက်လျှင် စစ်ကိုင်းသို့ သွားသည်ဟုဆိုပါသည်။ စစ်ကိုင်းသို့ခြေလျင်သွားရာ ချောင်းတစ်ခုကိုဖြတ်ကူးရသဖြင့် လှေသမားအား ပါလာသော သင်းပိုင်ကို စွန့်ခဲ့ရသည်ဟု ၎င်းအား မိန့်ကြားဖူးကြောင်း ဘိုးရင်၏မှတ်တမ်းတွင် တွေ့ရသည်။

ဘိုးရင်က တောထွက်ခရီး အတွေ့အကြုံကို ဆရာတော်ဘုရားကြီးက ၎င်းအား မိန့်ကြားဖူးသမျှကို ရှင်းပြပါသည်။

ဘိုးရင်ရှင်းပြသည်မှာ ဆရာတော်ဘုရားကြီးသည် ရွာသို့ မပြန်တော့ဘူးဟု ပိုင်းဖြတ်ထားပုံရသည်။ ပါလာသောသပိတ်ဖြင့် ဆွမ်းခံရလျှင်လည်း သစ်ပင်ရိပ်တွင် ဘုဉ်းပေးပြီး ဆွမ်းမရလည်း မစားဘဲ ရေသောက်နေခဲ့သည်။

တစ်နေ့တွင် သူ့နောက်သို့ တကာတစ်ယောက် လူဘွယ်ဆွမ်းဟင်းကို ပန်းကန်ပြားဖြင့်ထည့်ပြီး လိုက်လာသည်။ ဆရာတော်အား ဆွမ်းဟင်းကပ်လှူပြီး တရားအားထုတ်လိုကြောင်း လျှောက်ထားရာ ဆရာတော်က ဆွမ်းစားပြီး ကျန်ထမင်းဟင်းများကို တကာကိုကျွေး၍ တကာ ထမင်းစားပြီးသောအခါ တရားပေးပြီး ခပ်လှပ်းလှမ်းရှိ သစ်ပင်အောက်တွင် တရားထိုင်ခိုင်းသည်။ တရားတွေ့ကြောင်း လာလျှောက်သဖြင့် စစ်ဆေးကြည့်ရာ အမှန်ပင်တရား တွေ့သွားကြောင်းဖြင့် ဆရာတော်က ၎င်းအားမိန့်ကြားဖူးကြောင်း ဘိုးရင်က ရှင်းပြပါသည်။

ထိုအချိန်တွင် ဆရာတော်ဘုရားကြီးသည် တရားထူးတရားမြတ်ကို ရရှိပြီဟု တပည့် သာဝကများက ခန့်မှန်းတွက်ဆကြပါသည်။

ဆရာတော်ဘုရားကြီး၏ တပည့်တစ်ပါးဖြစ်သူ ဦးသုမနက လျှောက်ထားသဖြင့် တောထွက်ခရီး အတွေ့အကြုံ တစ်စိတ်တစ်ပိုင်းကိုလည်း မိန့်ကြားခဲ့ဖူးပါသည်။

"ငါကွာ ခရီးသွားရင်။ သင်္ဘောဆိပ်တစ်ခုရောက်သွားတယ်။ အချိန်က ဆွမ်းရတဲ့အချိန် မတိုင်မီပေါ့။ သက်နီးကလဲစုတ်စုတ်၊ သပိတ်ပေါက်နဲ့ဆိုတော့ ဆွမ်းဆိုင်(ထမင်းဆိုင်)တွေက လက်မခံကြဘူး။ ငါကလဲ သပြေပင်ရိပ်အောက် သွားပြီး အေးအေးဆေးဆေး တရားထိုင်နေလိုက်တာပေါ့။ ရွှေမျက်မှန် ကိုယ်တော်တွေကျတော့ဆွမ်းဆိုင်တွေကဟိုဆိုင်ကပင့်ဒီဆိုင်ကပင့်ပေါ့လေ။အဲဒီအချိန် ဆွမ်းရလောက်ပြီဆိုပြီး ဆွမ်းခံထွက်တော့ ဟိုကလောင်းဒီကလောင်းနဲ့ဖြစ်လာ တော့မှ စောစောက လှည့်မတောင်မကြည့်တဲ့ ရွှေမျက်မှန် ကိုယ်တော်တွေဟာ ငါ့ကို ဂရုစိုက်လာပြီး နေရာပေးကြတယ်။ ငါ့ကိုစွမြီးတော့ ပိုတဲ့ဆွမ်းတွေ ထားခဲ့တာပေါ့။ အဲဒီဘုန်းကြီးတွေ ရတာပေါ့" ဟု ဦးသုမနအား မိန့်ကြား ဖူးသည်။

ဆွမ်းစားပြီး သင်္ဘောစီး၍ မြစ်ကိုဖြတ်ကူးရန်ရှိရာ ထိုနေရာမှာ စစ်ကိုင်း မှ မန္တလေးသို့အကူးဟု မှန်းရပါသည်။ အချိန်အားဖြင့် အင်္ဂလိပ်အစိုးရ လက် ထက်ဖြစ်ရာ ဆရာတော်စီးမည့်သင်္ဘောတွင်လည်း အင်္ဂလိပ်အရေးပိုင် မိသားစု လည်း ပါလာသည်။ ဆရာတော်တွင် သင်္ဘောခဆို၍ တစ်ပြားမှမပါဘဲ ဗလာ စာအုပ်တစ်အုပ်သာ ပါလာသည်ဟုဆိုသည်။ ရဟန်းများသည်ဝိနည်းတော်နှင့် အညီ တစ်ဖက်ကမ်းသို့ကူးမည့်အခါ မိမိတွင်ပါသော ပစ္စည်းကိုစွန့်၍ ယာဉ် ရထားကိုစီးရသည်။ ဆရာတော်သည် ပါလာသော ဗလာစာအုပ်ကို ပြပြီး "ကျုပ်တော့ ဒါပါတယ်။ ဟိုဘက်ကူးချင်တယ်"ဟု သင်္ဘောသားကိုပြောဖို့ စောင့်နေတုန်း အင်္ဂလိပ်အရေးပိုင်ဟု ထင်ရသောသူ ရောက်လာသည်။

"အရှင်ဘုရား၊ လက်မှတ်ရပလား"ဟုမေးရာ ဆရာတော်သည်အင်္ဂလိပ် များနှင့် ပြောနေမကျ၍ ဘုရားတစ်ခွန်း၊ တကာကြီးတစ်ခွန်းနှင့် လက်မှတ်မရ သေးကြောင်း ဖြေလိုက်သောအခါ "ကြွပါဘုရား"ဟုဆိုကာ သူ့နေရာပင့်သွား သည်။ သူ့နေရာမှာကော်ဇောကြီးခင်းထားပြီးသားသမီးများလည်းပါသည်။

သက်နီးကလည်းစုတ်စုတ်၊ သပိတ်ပေါက်နှင့် ဆရာတော်ကို သူခိုးက အထင်ကြီးပြီး လာရောက်ဆည်းကပ်သည်။ ပစ္စည်းရှိမည်အထင်ဖြင့် "အရှင် ဘုရားနှင့်အတူလိုက်ပါရစေ"ဟု ကပ်နေရာ ဆရာတော်က "ဒီတကာ မသိရှာ လို့နဲ့တူပါရဲ့"လို့ သပိတ်ဖုံးကိုဖွင့်ပြီး အပ်ချည်နဲ့တံပူကိုထုတ်၊ ရေစစ်နှင့် မြစ်ထဲကရေကိုစစ်ပြီးသောက်ပြလိုက်သဖြင့် သူခိုးလည်း "တပည့်တော် ကိစ္စ ရှိသေးတယ်"ဟု ဆိုပြီး သင်္ဘောပေါ်က ဆင်းသွားသည်ဟု ဦးသုမနအား မိန့်ကြားဖူးသည်။

## (၁၀)ကျောက်ဆည်ဝေဘူချောင်တွင်မြေဘိုင်းစာရေးမောင်စံရှားနှင့် တွေ့ခြင်း

ကျောက်ဆည်နယ်သည် မြစ်ငယ်မြစ်နှင့်ဇော်ဂျီမြစ်တို့ အကြား၌ရှိပြီး ရေလို သလောက်ရရှိသဖြင့် ဆန်ရေစပါးဖြစ်ထွန်းသောကြောင့် မြန်မာဘုရင် အစိုးရ

ခေတ်ကတည်းက ထင်ရှားကျော်ကြားသည်။ ကျောက်ဆည်မြို့မှာ ရန်ကုန်-မန္တလေးရထားလမ်း၊ မော်တော်ကားလမ်းပေါ်တွင်တည်ရှိရာ ကုန်သွယ်ရောင်းဝယ်ရေးနှင့် ဆက်သွယ်ရေးတွင် ကောင်းမွန်သောကြောင့် အထူးစည်ကားသည်။ မြို့၏အရှေ့ခြမ်းတွင် ကျောက်တောင် ကျောက်ကမူများ၊ ဂူများ၊ လှိုဏ်များ၊ သစ်ပင်ချုံနွယ်ပိတ်ပေါင်းများဖြင့် စိမ်းလန်းစိုပြည်ကာ မြို့၏အလှကို ပဏ္ဍာတင့်စေသည်။

ကျောက်တောင်ကျောဘ့ွင် ဘယဆေးပင်များလည်း အနှံ့ပေါက်လျက်ရှိရာ ကျောက်ဆည်နယ် မြန်မာဆေးဆရာများ မကြာခဏဆေးမြစ်တူး၊ဆေးပင်ရှာထွက်ကြသည်။ တစ်နေ့တွင် ဂူတစ်ခုအတွင်း သီတင်းသုံးနေသော ရဟန်းတစ်ပါးကို ဆေးဆရာကြီး တစ်ဦးက ဆေးမြစ်တူးရင်း ဖူးမြော်ရသည်။ ထိုရဟန်းမှာ ဣန္ဒြေသိက္ခာရှိပြီး ကြည်ညိုဘွယ်ဖြစ်သဖြင့် အိမ်သို့ပြန်လာကာ အိမ်နားနီးချင်း မြေတိုင်းစာရေး မောင်စံရွှားကို ပြောပြသည်။

ဆေးဆရာကြီးပြောကတည်းက မောင်စံရွှားသည်ဂူအောင်းရဟန်းအား ကြည်ညိုလျက်ရှိပြီး ဆေးဆရာကြီး၏အကူအညီဖြင့် သွားရောက် ဖူးမြော်သည်။ မောင်စံရွှားမှာ ဂူအောင်းရဟန်းတော်အား ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ရသည်တွင် ပို၍ကြည်ညိုသဖြင့် မိမိအိမ်ကို ကျောင်းအမှတ်ဖြင့် သီတင်းသုံးတော်မူရန်ပင့်လျှောက်သည်။ ရဟန်းတော်က ငြင်းပယ်ရာ အိမ်အနီးကျောင်းတစ်ဆောင်ဆောက်လှူပါရစေဟု လျှောက်ပြန်၏။ ရဟန်းတော်က နေ့ချင်းပြီးဆောက်နိုင်သောကျောင်းသည် ကောင်းပါ၏ဟုမိန့်ကြားသဖြင့် မောင်စံရွှားမှာ ဝမ်းသာအားရ ရွာသို့ပြန်လာပြီး ဆန်စက်ပိုင် ဦးပြေ့အား အကူအညီတောင်းရာ ဦးပြေ့က ပစ္စည်းများစုဆောင်း၍ နေချင်းပြီး ကျောင်းကို ဆောက်လုပ်လှူဒါန်းသဖြင့် လက်ခံတော်မူကာ ဂူကျောင်းမှ သစ်ကျောင်းသို့ပြောင်း၍ သီတင်းသုံးတော်မူသည်။

ဆိုခဲ့သောဂူအောင်းရဟန်းတော်မှာ ယခုအခါ နိုင်ငံအဝှန်း ရဟန္တာဟု ကျော်ကြား ထင်ရှားနေသော ဝေဘူဆရာတော်ဘုရားကြီး ဦးကုမာရပင် ဖြစ်သည်။

ဆရာတော်သည်ဦးပြေ့၏ နေ့ချင်းပြီးကျောင်းတွင် သီတင်းသုံးပြီး ကျောက်ဆည်မြို့ထဲသို့နေ့စဉ်ဆွမ်းခံကြွတော်မူသည်။ ၎င်းနေ့ချင်းပြီး ကျောင်းငယ်မှာ ယခုတိုင်ဝေဘူချောင်တွင်ရှိနေသည်။ သစ်လုံးငယ်တိုင်ထူပြီး အောက်မှပျဉ်ခင်း၊ ဝါးကပ်မိုး၍ ဝါးထရံကာထားသည်။ ဆရာတော်ဘုရားကြီးထင်ရှားကျော်ကြားလာသည့်အချိန် ကျောက်ဆည်မြို့တွင် ဆွမ်းခံသည့်အခါ ၎င်းကျောင်းဇရပ်တွင်နေစဉ် သင်္ကန်းပြင်၍ ရုံတော်မူပြီးမှ ဆွမ်းခံကြွသည်။

"ဝေဘူဝေဘာ ရေဖြူရေပြာ" ဆိုသောစကားသည် ကျောက်ဆည်မြို့ဝေဘူတောင်နှင့်ဝေဘာလတောင်ကိုလည်းကောင်း၊ တစ်တွင်းတည်းကရေဖြူ

ရော ရေပြာတွေပေါထွက်နေသော ရေတွင်းကိုလည်းကောင်း အစွဲပြု ခေါ်ဝေါ်ခြင်းဖြစ်သည်။

ဝေဘူဆရာတော်ဘုရားကြီးဟု ထင်ရှား ကျော်ကြားလာခြင်းမှာ ဆရာတော်ဘုရားကြီး သီတင်းသုံး သာသနာပြုရာ ဝေဘူတောင်နှင့် ဆက်စပ် ခေါ်ဝေါ်ခြင်းဖြစ်သည်။

ဝေဘူချောင်သို့အဝင် ညာဘက်တွင် ရေဖြူနှင့်ရေပြာထွက်သော တွင်းတစ်တွင်းကို ဆရာတော်ကိုယ်တိုင် မွမ်းမံပြုပြင်ထားသည်။ ဤအရပ်သို့ရောက်စက ဆရာတော်ဘုရားကြီးမှာ ဝမ်းနာရောဂါစွဲကပ်နေရာ ၎င်းရေကိုသောက်သုံးမှ ပျောက်သွားသည်ဟု ဆိုပါသည်။

## (၁၁) ခမည်းတော် ပထမအကြိမ် လာရောက် ပင့်လျှောက်ခြင်း

မြေတိုင်း စာရေး မောင်စံရှားဆိုသူမှာ ခင်ဦးမြို့နယ် တဲကြီးရွာသားဖြစ်ရာ ဆရာတော်မွေးဖွားရာ အင်ကြင်းပင်ရွာနှင့် ရွာနီးချင်းဖြစ်သည်။ ဆရာတော်၏ ဝတ်ကြီးဝတ်ငယ်ကိုပြုစုရင်း ဆရာတော်မှာ အင်ကြင်းပင်ရွာသားမှန်း သိသဖြင့် အကြောင်းကြားချက်အရ ဆရာတော်၏ ခမည်းတော် ဦးလူဖေ လိုက်လာသည်။ မယ်တော်မှာ ဆရာတော်တောထွက်ပြီး မကြာမီ သားကို လွမ်းဆွတ်သောစိတ်ဖြင့် ကွယ်လွန်ခဲ့ရသည်။

ခမည်းတော်ဦးလူဖေ ကျောက်ဆည်သို့ ရောက်သည့်အချိန်မှာ ဆွမ်းခံထွက်ချိန်ဖြစ်၍ သားပျောက်ကို မြို့ထဲသို့လိုက်ရှာရာ လမ်းတွင် ဆရာတော်ဆွမ်းခံနေသည်ကိုတွေ့ရ၏။ ဆရာတော်က လုံးဝနှုတ်မဆက်သဖြင့် နောက်ကသာ ဆိတ်ဆိတ်နေပြီး လိုက်သွားရသည်။ ဆွမ်းခံဝင်ပြီး ကျောင်းသို့ပြန်ရောက်၍ ဆွမ်းစားပြီးလျှင် ခမည်းတော်အားကျွေးသည်။ ဆွမ်းကိစ္စပြီးမှ သားအဖ စကားပြောကြသည်။ ခမည်းတော်က လာရောက်ပင့်လျှောက်ထားရာ မလိုက်ဟု ငြင်းလိုက်သည်။ ဦးလူဖေလည်း သားရဟန်းအား အမျိုးမျိုး အကြောင်းပြ၍ ပင့်ခေါ်ရာ မရသဖြင့် လက်လျှော့ပြီး အင်ကြင်းပင်သို့ ပြန်ခဲ့သည်။

## (၁၂) ခမည်းတော် ဒုတိယအကြိမ် လာရောက် ပင့်ခေါ်ပြန်ခြင်း

ဦးလူဖေ ရွာပြန်ရောက်၍မကြာမီ နှမဖြစ်သူ ဒေါ်မြင့်(ဒေသခေါ် မယ်မြင့်)မှာ အသည်းအသန် မမာမကျန်းဖြစ်လာသည်။ သားကြီးရဟန်းအား ချစ်ခင်မြတ်နိုးရင်း ရှိသည့်အကိုင်း ဦးလူဖေသည် ဒွေးလေးမကျန်းမာသည်ကို သိလျှင် လိုက်မည်အထင်ဖြင့် ဒုတိယအကြိမ် ဆရာတော်အား ကျောက်ဆည်သို့ လာရောက် ပင့်လျှောက်ပြန်သည်။

"ဦးပဋ္ဌင်းဒွေးလေးတော့ သေကောင်းသေမှာပဲ၊ ဦးပဋ္ဌင်းလိုက်ဦးမှဖြစ်မယ်ဟု ပင့်လျှောက်ရာ ဆရာတော်က ဒီလိုဆို တကာကြီး သက်နံ့ဝတ်မှ လိုက်မယ်"ဟုမိန့်ဆိုသဖြင့် ဦးလူဖေသည် သားဆန္ဒအတိုင်း သက်နံ့ဝတ်လိုက်ရသည်။

ခမည်းတော်အား ဥပဇ္ဈာယ်ပြု ရဟန်းခံပေးသောအခါ ကျောင်းဒကာဦးပြေ့လည်း အတူပဋ္ဌင်းတက်၏။ ရွှေဘိုမြို့မှ မူလ ပုသိမ်ဆရာဘော် ဘုရားကြီး ညောင်လွန့်တောရ ဆရာတော်ဘုရားကြီး၊ စွန်လွန်းဆရာတော်ဘုရားကြီး၊ မိတ္တိလာ ရေလယ် ဆရာတော်ဘုရားကြီးများကို ပင့်၍ ပေးရကြောင်းလည်း ကျောင်းဒကာဦးပြေ့၏သားမက် ဦးကြောင်က ပြောပြဖူးသည်။

ဦးကြောင်သည် လွန်ခဲ့သော ၁၃၃၇-ခုနှစ်က အသက် ၉၀ ကျော်တွင် ကွယ်လွန်ခဲ့သည်။ ဆရာတော်ဘုရားကြီး၏ ကျောက်ဆည်မှ တပည့်ရင်းချာ တစ် ဦး ဖြစ် ပြီး နှစ်စဉ်နှစ်တိုင်း ဆရာတော်ဘုရားကြီးကို အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်းမှ ကျောက်ဆည် တောရချောင်သို့ ပါဆိုမိ ပင့်ဆောင်ရေး အဖွဲ့တွင် ပါဝင်သူဖြစ်သည်။

ခမည်းတော်အား ရဟန်းခံပေးပြီး ကတိရှိထားသည့်အတိုင်း အင်ကြင်းပင်သို့ ပြန်လည်ကြွရောက်ခဲ့သည်။ ဆရာတော် အင်ကြင်းပင်သို့ပြန်ရောက်ပြီး ရက်ပိုင်းမှာပင် ဒွေးလေးဖြစ်သူမှာ အနိစ္စရောက်သွားသည်ဟုဆိုသည်။ ထိုနှစ်မှစ၍အင်ကြင်းပင်နှင့်ဝေဘူချောင်တွင် ခြောက်လစီသီတင်းသုံးတော်မူလေသည်။

## (၁၃) အင်ကြင်းရွာမှ သူငယ်ချင်းများ ရဟန်းဝတ်ပေးခြင်း

ဆရာတော် အင်ကြင်းပင်သို့ ပြန်ကြွလာသောအခါ ဆွေမျိုး ညီအစ်ကို မောင်နှမများသာမက အင်ကြင်းပင်ကျောင်း ဆရာတော်ဦးသုမနကလည်း ဝမ်းမြောက်ဝမ်းသာ ရှိလှသည်။ ဆရာတော်၏ သူငယ်ချင်းများလည်း ဝမ်းပန်းတသာ ရှိကြသည်။

အင်ကြင်းပင်ရွာမှာ လယ်ယာလုပ်ငန်းတစ်ခုတည်းဖြင့် အသက်မွေးဝမ်းကျောင်းသော ရွာကြီးဖြစ်ရာ စပါးပြီးလျှင် အားလပ်လျက်ရှိကြသည်။ ဆရာတော်အား ချစ်ခင်ကြသော သူငယ်ချင်းများကို အလုပ်အားရက်၌ ရဟန်းဝတ်ကြရန် ထိုက်တွန်းသဖြင့် ရဟန်းဝတ်ကြသည်။ ဆရာတော်ကပင် ရဟန်းဒကာအဖြစ် ခံယူပြီး ရဟန်းဝတ်ကြမည့် သူငယ်ချင်းများအား ယခု အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်း တည်ဆောက်မည့် တောကြီးထဲတွင် ပုံသကူသက်နံ့ ရှာခိုင်းသည်။ ဆရာတော်ကိုယ်တိုင် သွားရောက်၍ စွန့်ထားသော သက်နံ့များကို တွေ့လာသူကို ရဟန်းဝတ်ပေးသဖြင့် ဆရာတော်၏ သူငယ်ချင်းများ ဖြစ်ကြသော ဦးစိန်၊ ဦးဘသွင်၊ ဦးလေးတင့်၊ ဦးတင်တို့အပါအဝင် ဆယ်ပါးခန့် ရဟန်းဝတ်ကြသည်။

ဆရာတော်သည် အင်ကြင်းပင် မူလကျောင်းဟောင်းတွင် ယခုတိုင်ရှိနေသေးသောဇရပ်၌ သူငယ်ချင်းရဟန်းများအပါအဝင် လူငယ်နှင့်လူကြီးများအားကမ္မဋ္ဌာန်းတရားများပေး၍ အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်စေသည်။

ထို့ပြင်လည်း အင်ကြင်းပင်ဆရာတော်နှင့် ဆရာတော်တို့ ဦးဆောင်၍ သံဃာအားလုံး နေ့စဉ်ဆွမ်းခံထွက်ကြရာ တဲကြီး၊ လှုစိန်၊ အင်ကြင်းပင်၊ ပေါက်တောသာမက မဒေါင်းလှ၊ ကြွိုင်းအထိ ဝေးဝေးလံလံသွား၍ ဆွမ်းခံကြရသည်။

## (၁၄) ကျောင်းထိုင်ဆရာတော်များ အထင်အမြင် လွဲမှားခံရခြင်း

ဆရာတော်သည် အင်ကြင်းပင် မူလကျောင်း၌ သီတင်းသုံးတရားများပေးလျက်ရှိသည်နှင့်ပတ်သက်၍ ကျောင်းထိုင်ဆရာတော်အချို့က အထင်အမြင်လွဲမှားလျက်ရှိ၏။ ဆရာတော်ရရှိလာသော တရားမှာ "ငှက်တွင်း"နည်းဟု စွပ်စွဲကြသည်။ ထိုကဲ့သို့စွပ်စွဲသည်ကို အင်ကြင်းပင်ဆရာတော် ဦးသုမနက လက်မခံသော်လည်း တပည့်ဖြစ်သူ၏ တရားကို မှန်မမှန် ကျောင်းထိုင်ဆရာတော်များရှေ့၌ စစ်ဆေးမှသာ ဤပြဿနာ ပြေလည်မည်ဟုယုံကြည်သည်။ ယင်းကဲ့သို့ယုံကြည်သည့်အတိုင်း တစ်နေ့သ၌ တပည့်ဖြစ်သူအား စစ်မေးတော်မူလေသည်။

## (၁၅) အင်ကြင်းပင်ဆရာတော် တရားစစ်ဆေးခြင်း

ကျောင်းထိုင်ဆရာတော်အချို့က "ငှက်တွင်းနည်း"ပါဟုစွပ်စွဲသည်ကိုပြေလည်စေရန် အင်ကြင်းပင်ဆရာတော်သည် တပည့်ဖြစ်သူအား ပေါက်တောဘုန်းကြီးဦးခေမာ၊ မဒေါင်းလှဘုန်းကြီး ဦးဝိလာသ၊ ကန်ဆယ်ကျောင်း ဘုန်းကြီးဦးဝိစာရ (ဧဝတူဆရာတော်ဘုရားကြီး၏ မူလဆရာဘွင် တစ်ပါးအပါအဝင်) စသည့် ကျောင်းထိုင်ဆရာတော် အကြီးအကဲများအား ဖိတ်ကြားပြီး ၎င်းတို့ရှေ့တွင် ဆရာတော်ရရှိလာသော တရားကို စစ်မေးတော်မူသည်။

အင်ကြင်းပင်ဆရာတော် ဦးသုမနက တပည့်ဖြစ်သူ ရရှိလာသော တရားထူးကို မေးမြန်းရာ၌ "မဝံ့ပါဘုရား"ဟု လျှောက်ထားသည်။ မလျှောက်ဝံ့ခြင်းမှာလည်း အသက်အားဖြင့်လည်းကောင်း၊ ဝါစဉ်အားဖြင့်လည်းကောင်း၊ ကြီးရင့်သော ကျောင်းထိုင်ဆရာတော်များ ဖြစ်ခြင်းကြောင့်ဟု ဆိုနိုင်ပါသည်။ သို့သော် ဆရာတော်ဦးသုမနက တပည့်ဖြစ်သူရှင်းပြမှသာ စွပ်စွဲနေသောပြဿနာပြေလည်မည်ဖြစ်သဖြင့် "ဟေ့-ဝံ့ရတယ်၊ ဘာမဝံ့ရမှာလဲ ငါ-တပည့်နဲ့ဆရာမေးနေတာ"ဟု ဟန့်တော်မူသဖြင့် ရလာသော တရားစစ်တရားထူးကိုလျှောက်ထားတော်မူသည်။ တရားထူးကို လျှောက်ကြားသဖြင့် အင်ကြင်းပင်ဆရာတော်က တပည့်ဖြစ်သူ ရလာသော တရားမှာ ပရိယတ်နှင့်လည်း ကိုက်ညီသည့်ပြင်

ဘုရားရှင်၏ အဆုံးအမနှင့် ညီတော်မူ၍ ယထာဘူတကျသည်ဟု မိန့်ကြားတော်မူသည်။

ဆရာတော်ရလာသော တရားနှင့်ပတ်သက်၍ အထင်အမြင်လွဲမှားစွပ်စွဲမှုများလည်း သံသယရှင်းသွားသည်ဟု မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရသော ဆရာတော်၏ တပည့်ရင်း လူအမည်ဦးစံနဲ့ နောင်ခယားပင်ကျောင်းဆရာတော် ဦးကေစိန်က ဘိုးရင်အား ပြောပြသည်ဟု ဆိုပါသည်။

## (၁၆) ဆရာတော်ကိုယ်တိုင် တပည့်ခံ၍ တရားကျင့်ကြံတော် မူခြင်း

ကျောင်းထိုင်ဆရာတော်များ ရှေ့မှောက်တွင် တပည့်ဖြစ်သူ ရရှိလာသော တရားထူးကို စစ်မေးပြီးနောက် အင်ကြင်းပင်ကျောင်း ဆရာတော် ဦးသုမန သည်''ပရိယတ်တုန်းကတော့ ငါဟာ မင်းတို့ဆရာပဲ၊ ပဋိပတ်မှာတော့ မင်းဟာ ငါ့ဆရာဖြစ်ပြီ၊ ဒီတော့ မင်းရလာတဲ့ တရားထူးကို ငါ့အား ပေးပါ''ဟု မိန့်မှာပြီး ဆရာတော်၏ ကမ္မဋ္ဌာန်းတရားတို့ ကျင့်ကြံတော်မူသည်။

အင်ကြင်းပင်ဆရာတော် ဦးသုမနသည် တပည့်ထံမှ နိသျခံယူကာ ကမ္မဋ္ဌာန်းတရားကို ရှုမှတ်ရင်း အသက်အရွယ် ကြီးရင့်သည်ကတစ်ကြောင်း၊ ဇွဲထက်သန်စွာ ကျင့်ကြံအားထုတ်လွန်းသဖြင့် ဝေဒနာစွဲကပ်ကာ ၁၂၇၉-ခုနှစ်တွင် ပျံလွန်တော်မူလေသည်။

## (၁၇) ကမ္မဋ္ဌာန်းတရားများ ပေးသနားတော် မူခြင်း

အင်ကြင်းပင်ဆရာတော် မပျံလွန်မီတွင် တပည့်အားခေါ်၍''ငါ့နေရာကျောင်းတွင် ပရိယတ်ကိုလည်း မပျက်အောင် လုပ်ပါ၊ ပဋိပတ်အတွက်လည်း (ယခု ကမ္မဋ္ဌာန်းတောရနေရာကို ညွှန်ပြ၍) ပြန့်ပွားအောင် ငါ့တပည့် ကြိုးကုတ်အားထုတ်ပေတော့''ဟုမိန့်ကြားချက်အရ ဆရာတော်ဘုရားကြီးသည်ပရိနိဗ္ဗာန်စံတော်မူသည်အထိ ပရိယတ်-ပဋိပတ် နှစ်ဖြာကို ကျင့်ကြံအားထုတ် ပေးသနားတော်မူခဲ့သည်။

ယခု အင်ကြင်းပင် ကမ္မဋ္ဌာန်းတောရကို ၁၂၈၁-ခုနှစ်တွင် ဆရာတော်ဘုရားကြီးကိုယ်တိုင်ဦးစီးထူထောင်သည်ဖြစ်ရာ ထိုနေရာမှာ မူလကကြပ်ခိုတောဖြစ်သည်။ ကျားသစ်များ၊ ငန်းပုတ်မြွေကြီးများလည်းရှိပြီး တစ်စတစ်စ ခုတ်ထွင် ရှင်းလင်းခဲ့ကြရသည်။

ပဿပတွင်ထန်းလက်မိုး တစ်ဖက်ရပ် ကမ္မဋ္ဌာန်းတဲကိုထူထောင်ပြီး တရားပေးသည်။ တရားအားထုတ်သူများမှာ သစ်ပင်ရိပ်များ၊ ချုံများအောက်တွင်

ကိုယ်စီ တရားအားထုတ်၍ ညအခါ လသာသာ မြေတလင်းများ ပြုလုပ်၍ တရားအားထုတ်ကြသည်။

ဆရာတော် အင်ကြင်းပင်သို့ ၁၂၈၇-ခုနှစ်တွင် ပြန်ကြွလာသည်ဟု ဘိုးရင်၏ မှတ်တမ်းက ဆိုထားသော်လည်း တောထွက်သည့် ၁၂၈၅-ခုနှစ်နှင့် တွက်ဆသော် တောထွက်သည့် ကာလမှာ နှစ်နှစ်သာရှိပြီး ထိုနှစ်နှစ်အတွင်း တရားထူးရခဲ့သည်မှာ မဖြစ်နိုင်ဟု အချို့က ထင်မြင်ကြပြီး အချို့ကလည်း ပါရမီရင့်သန်သော ပုဂ္ဂိုလ်အနေဖြင့် နှစ်နှစ်အတွင်း တရားထူးရနိုင်ကြောင်း ဖြင့် အငြင်းပွားစရာ ဖြစ်နေသည်။

သို့သော် ဘိုးရင်အား စာရေးသူ တွေ့ဆုံမေးမြန်းရာ၌ ဆရာတော်သည် တောထွက်သည်မှ အင်ကြင်းပင်သို့ ပြန်ရောက်သည်အထိ ခြောက်နှစ်ကြာသည် ဟု ဆိုပြန်ရာ ၎င်း၏မှတ်တမ်းနှင့် လွဲမှားနေပြန်ပါသည်။

ထိုကိစ္စတွင် မှတ်တမ်းများ တိတိကျကျမရှိခြင်း၊ ဆရာတော်ဘုရားကြီး ကိုယ်တိုင်က အဓိကမထားဘဲ တရားကိုသာ ပဓာန ထားခြင်းတို့ကြောင့် နောင်တွင်လည်း အငြင်းပွားစရာ ဖြစ်နေဦးမည် ဖြစ်ပါသည်။

သို့သော် ဆရာတော်ဘုရားကြီးသည် အင်ကြင်းပင်နှင့် ကျောက်ဆည် ဝေဘူချောင်တို့တွင် ခြောက်လစီ သီတင်းသုံးခြင်းမှာ ဒုတိယကမ္ဘာစစ်မဖြစ်မီ ခရစ်သက္ကရာဇ် ၁၉၃၀-ပြည့်နှစ် ဝန်းကျင်ကပင် ကျင့်သုံးခဲ့ကြောင်းသိရှိရသည်။

ထိုသို့ အင်ကြင်းပင်ခြောက်လ၊ ဝေဘူချောင် ခြောက်လ ကျင့်သုံးရာ၌ ဝေဘူချောင်တွင် ကဆုန်လပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့် ကျော် တစ်ရက်နေ့အထိလည်းကောင်း၊ အင်ကြင်းပင်တောရ၌ တန်ဆောင်မုန်း လပြည့်ကျော် တစ်ရက်နေ့မှ ကဆုန်လပြည့်ကျော် တစ်ရက်နေ့ အထိလည်း ကောင်း၊ တစ်လှည့်စီ သီတင်းသုံးခဲ့သည်။ အင်ကြင်းပင်တွင် သီတင်းသုံးသော ကာလမှာ ဆောင်းနှင့်နွေကာလဖြစ်သည့်ပြင် လယ်သမားများအဖို့ အားလပ် ရက်ဖြစ်ခြင်းကြောင့် တရားအားထုတ်သူများမှာ များပြားလှသည်။ အထူး သဖြင့် လူကြီးများသာမက လူငယ်များပါ ရှင်ပြု၊ ရဟန်းခံခြင်း၊ တရား အားထုတ်ခြင်းများကို အထူးဝါယမ စိုက်ထုတ်လာကြ၏။ အင်ကြင်းပင်ရွာ သာမက ဝန်းကျင်ရွာများကပါ တရားအားထုတ်လာကြသည်။

တန်ဆောင်မုန်းလပြည့်ကျော်လျှင် ကျောက်ဆည် ဝေဘူချောင်သို့ သွားရောက်ပင့်သော အဖွဲ့တွင် ကပ္ပိယကြီးဦးဘို၊ ဦးဒ၊ ဒေါ်ဖွားမို၊ ဘိုးလှတို့ ပါလာကြပြီး ဆရာတော်ဘုရားကြီးက ရထားနှင့် ကြွတော်မူသည်။ ဆရာတော် ထင်ရှားလာသောအခါ ကားဖြင့်အင်ကြင်းပင်သို့တိုင် ကြွတော်မူသည်။

## (၁၈) ကမ္မဋ္ဌာန်းတရားများအားထုတ်စေခြင်း

ဆရာတော်ဘုရားကြီးသည် ကမ္မဋ္ဌာန်းတရားကိုသီတင်းသုံးရာအရပ်၌ နေ့စဉ်ပေး လေ့ရှိပြီး တရားနှင့်ပတ်သက်၍ လျှောက်သမျှကို စိတ်ရှည်လက်ရှည် တပြုံးပြုံး

ဖြင့် ဖြေကြားတော်မူသည်။ တရားအားထုတ်သူအားလည်း နားလည်အောင် ရှင်းပြတော်မူသည်။

တရားနှင့်ပတ်သက်၍ ထပ်ဆင့် မေးလျှောက်သူများကို ရှင်းပြလေ့ရှိပြီး တွင်တွင် အားထုတ်ခိုင်းလေ့ရှိသည်။ တရားအားထုတ်လေလေ အကုသိုလ်စိတ် နည်းလေလေဟု ဟောကြားလေ့ရှိပါသည်။အပြောထက် အလုပ်ကိုသာ ဦးစား ပေးပြီး မအိပ်မနေကြိုးစားအားထုတ်မှု သဘောကျသည်။

ဆရာတော်ဘုရားကြီးသည် မစိုးရိမ်တိုက်၌လည်း ၁၂၀၀-ဂ၁ခုနှစ်များ၌ မစိုးရိမ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုထံ ပညာသင်ကြားခဲ့သည်ဟု ဆိုပါ သည်။ အထူးသဖြင့် ဝိနည်းတော်များကို ဂရုစိုက်ပြီး အတိမ်းအစောင်းမခံဟု နီးစပ်သောတပည့်များက ပြောပြသည်။

ဝေဘူချောင်တွင် ၁၉၆၅-၆၆ ခုနှစ် တစ်ငှနေ့သောအခါ ဆွမ်းခံကြွရန် အတွက် လက်ရှိသီတင်းသုံးသော တောင်ပေါ်ကျောင်းမှ ကြွဆင်းလာခိုက် တရားကျင့်နေသော တကာတစ်ဦးက တောင်ခြေတွင် ဆရာတော်အား ဝတ်ဖြည့် သည်။ ဆရာတော်ဘုရားကြီးက တရားအားထုတ်မှုနှင့် ပတ်သက်၍မေးရာ “နေရာမကျကြောင်း” လျှောက်ထားသည်။ ဆရာတော်ဘုရားကြီးက- “ဘယ် နေရာမကျရမှာလဲ။ ကိုယ်နေရာမကျတာကို နေရာမကျမှန်းသိတာကိုက နေရာ ကျတာ။ အချို့က နေရာမကျတာကို နေရာကျတယ်လို့ ထင်ရောဗျ၊ အဲဒါဆို ပါစင်ပါရောဗျာ”ဟု ပြုံးရွှင်စွာ မိန့်တော်မူဖူးသည်။

## (၁၉) တပည့်ရဟန်းများအား စာချတော်မူခြင်း

ဆရာတော်ဘုရားကြီး ရဟန်းဘဝတွင် တစ်ကြိမ်သာ စာချပေးတော်မူသည်ဟု ဆိုသည်။ မြန်မာသက္ကရာဇ် ၁၃၁၀ပြည့်နှစ်၌ အင်ကြင်းပင်တွင်ဝါဆိုရာ တူတော် သူ ဦးသုမနနှင့် ဦးခေမိန္ဒတို့နှစ်ပါးကို နှစ်ဝါတိတိ စာချပေးတော်မူသည်။ အထူးသဖြင့် ဝိနည်းတော်များနှင့် စပ်ဆိုင်ပြီး ဝိနည်းလေးစောင်ပေါက်မြောက် ပြီးစီးတော်မူသည်။ ရှေးယခင်ကလည်း စာပချခဲ့သည့်ပြင် ထိုသို့စာချပြီး နောက်ပိုင်းတွင်လည်း စာချပေးခြင်းမရှိတော့ဟုဆိုသည်။

ထိုနှစ်ဝါဆိုရခြင်းမှာလည်း ပြည်တွင်းသောင်းကျန်းမှု (၁၉၄၀-၄၉) ကြောင့် ကျောက်ဆည်သို့ ပြန်မကြွနိုင်ဘဲ အင်ကြင်းပင်တွင် ဝါဆိုခြင်းကြောင့် ဖြစ်သည်။

ဆရာတော်စာချရာ၌ ပါဠိထဲမှအနက်ကိုသာ နားလည်အောင် သင်ကြား ပို့ချသည်။ ဝိနည်းသိက္ခာပုဒ်များဖြစ်၍ မူလတန်းအဆင့်နှင့် ညီအောင်သာ ချပေးသည်။ စာချရာတွင် စိတ်ရှည်ရှည်ဖြင့် နားလည်သည်အထိ ချပေးခဲ့ ကြောင်းဖြင့် ဦးခေမိန္ဒက စာရေးသူအား ပြောပြပါသည်။

### (၁၈) ဦးသုဇာတ ဆွဲကြိုးချ ပျံလွန်တော်မူခြင်း

ဆရာတော်ဘုရားကြီးနှင့်အတူတကွ တောထွက်တော်မူခဲ့သော သီတင်းသုံးပတ် ဦးသုဇာတနှင့် မည်သည့်နေရာတွင် လပ်းခွဲခဲ့သည်ကို အထောက်အထား မတွေ့ရသော်လည်း ဦးသုဇာတက စော၍ပြန်ကြွလာသည်။

ဦးသုဇာတသည် အင်ကြင်းပင်သို့မကြွဘဲ ခင်ဦးမြို့မှ ဦးဘိုးထီးလှူဒါန်းသောကျောင်း၌ သီတင်းသုံးနေတော်မူသည်။ ထိုသို့သီတင်းသုံးနေတော်မူစဉ် အင်ကြင်းပင်အနီးရှိ တဲကြီးရွာတွင်နေသော မယ်တော်ကြီးဖြစ်သူ ဒေါ်မကြီး (၈၀နှစ်)အား ခုနစ်ရက်တိုင်တိုင် ဆွမ်းခံကျွေးရန်အတွက် အင်ကြင်းပင်သို့ ကြွလာသည်။

ထိုအချိန်၌ အင်ကြင်းပင် ကမ္ဗဋ္ဌာန်းကျောင်း တည်ထောင်ပြီး၍ ဆရာတော်ဘုရားကြီး တရားပြလျက်ရှိရာ ၎င်းကျောင်း၌ပင် ခေတ္တသီတင်းသုံးတော်မူပြီး မယ်တော်ကြီးအားဆွမ်းခံကျွေး၍ လေးရက်မြောက်နေ့တွင်ကမ္မဋ္ဌာန်း ရေကန်အနီး တစ်ယောက်နေအုတ်တိုက်ထဲ၌ဆွဲကြိုးချပျံလွန်တော်မူသည်။၎င်းအုတ်တိုက်ကို ဆရာတော်ဘုရားကြီးသည် မဖျက်ဘဲထားရာ ယခုအခါ အမိုးမရှိတော့ပါ။

ဆရာတော် ဦးသုဇာတ၏ ပစ္စည်းထည့်သောအိတ်ထဲမှ စာတစ်စောင် တွေ့ရှိရာ ၎င်းစာမှာ-

“ဝစီအတွက်၊ ဝိပါက်လိုက်တာ
ကွေ့လို့မရ၊ ဖြစ်ရသည်ပါ
ကံအကြောင်းကို၊ အောင့်မေ့ခါခါ
နှုတ်ထွက်ရင်း၊ ပြင်းသည့်အမှုပါ”

ဟု ဦးသုဇာတကိုယ်တိုင် ရေးခဲ့သော စာတစ်စောင်ကိုတွေ့ရသည်။ ဝိပါကဝဋ် မကင်း၍ ကြိုးဆွဲချပျံလွန်တော်မူခြင်းဟု ဆိုရပါမည်။

### (၂၀) ဆရာတော်ဘုရားဖျားနာတော်မူ၍ ရွှေဘိုဆေးရုံသို့တက်ရောက်ကုသခြင်း

ဆရာတော်ဘုရားကြီးသည် အင်ကြင်းပင်၌ သီတင်းသုံးနေစဉ် ၁၃၀၉ (၁၉၄၇ ခုနှစ်)တွင် ၎က်ဖျားသတောမျိုး ဖျားနာတော်မူရာ ပျံလွန်တော်မူမည့်အခြေသို့ ဆိုက်ရောက်သဖြင့် ရွှေဘိုဆေးရုံသို့တက်ရောက်ကုသရပါသည်။

ဆရာတော်အသည်းအသန်ဖြစ်နေသဖြင့်အားလုံးကပင် ပျံလွန်တော်မူမည်ဟု မျှော်လင့်ထားကြရာ ရဟန်းဝတ်နှင့် ဘိုးနှစ်က “ကောင်မလား မကောင်းဘူးလားတော့ ငါမသိဘူး၊ မကောင်းရင် ငါ့ခေါင်းပုံချ”ဆိုပြီး ရွှေဘိုဆေးရုံသို့ ပို့သည့်အခါ ဦးသုမနလိုက်ပါသွားရသည်။

ရွှေဘိုဆေးရုံ၏ဆရာဝန်မှာ ရခိုင်အမျိုးသမီး ဒေါ်ကြာဦး (ရခိုင်အသံဖြင့် ဒေါ်ကရာဦး)ဖြစ်ပြီး (ယခုကင်ဝန်မင်းကြီးတိုက်၌ရှိသည်။)ကျောက်ဆည်

ဝေဘူမှာကတည်းက ဆရာတော်နှင့် ရင်းနှီးခဲ့သည်။ သို့ဖြစ်ရာ ဆရာတော်ကို ၎င်း၏အိမ်၌ထား၍ ကုသပေးသည်။ဆရာတော် ဆေးကုသနေချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည်ဟုဦးသုမနက ရှင်းပြရာ ၁၉၄၇ခု ဇူလိုင်လ ၁၉ ရက်နေ့တွင် ဆရာတော်သည်ဒေါက်တာဒေါ်ကြာဦးအိမ်တွင် ဆေးကုသမှုခံယူလျက်ရှိသည်ဟု တွက်ဆရပါသည်။

ထိုအချိန်တွင် ရွှေဘိုမြို့ပေါ်တွင် ဆေးရုံ၌ အနာဂါမ် ရဟန္တာတစ်ပါး ရောက်ရှိနေသည်ဟု သတင်းဖြစ်ပွားနေသည်။ ၎င်းသတင်းကိုကြားရလျှင် ယခု နိဗ္ဗာန်ဆော် ဦးတင်အောင်နှင့် ကုန်သည် ဦးဘတင်တို့ ဆရာတော်ကို ဖူးမြော်ရန် ဒေါက်တာဒေါ်ကြာဦးအိမ်သို့ သွားကြသည်။

ဒေါက်တာ ဒေါ်ကြာဦးအိမ်ဧည့်ခန်းရှိ ပက်လက်ကုလားထိုင်ပေါ်တွင် သင်္ကန်းခြုံပြီး ကျိန်းစက်နေသော သံဃာတစ်ပါးကိုတွေ့သဖြင့် ဆရာတော် အထင်နှင့် ထိုင်စောင့်နေကြသည်။ ၎င်းတို့နှစ်ဦးက ဆရာတော်သည် အကယ်၍ ပုဂ္ဂိုလ်ထူးဖြစ်ပါက ငါတို့လာသည်ကို သိရမည်။ ငါတို့ တစ်နာရီတိတိ ထိုင်စောင့်နေလို့မှ သင်္ကန်းခြုံမဖွင့်လျှင် ပုဂ္ဂိုလ်ထူးမဖြစ်နိုင်။ ထိုနောက် ပြန်ကြရန် နှစ်ဦးသဘောတူ ဆုံးဖြတ်ကြသည်။

တစ်နာရီတိတိ ထိုင်စောင့်နေရာ သင်္ကန်းခြုံမဖွင့်သဖြင့် "ရဟန္တာထူးတော့ မဖြစ်နိုင်ပါဘူး။ ငါတို့ပြန်ကြပါစို့"ဟုဆိုပြီး ပြန်ခဲ့ကြသည်။

၎င်းတို့တွေ့ခဲ့သော သင်္ကန်းခြုံနှင့်ပုဂ္ဂိုလ်မှာ ဆရာတော်မဟုတ်ဘဲ ဆရာတော်အား ဝေယျာဝစ္စအတွက် လိုက်လာသော ဦးသုမနဖြစ်ကြောင်း နောက်မှ သိကြရသည်။ ဦးသုမနမှာ ဆရာတော် ဆေးရုံတက်ရသောနှစ်တွင်မှ ဆရာတော်က ရဟန်းဒကာအဖြစ်၊ ဥပဇ္ဈာယ်ဆရာအဖြစ်၊ ကမ္မဝါဆရာအဖြစ်နှင့် ရဟန်းဝတ်ပေးခဲ့သည်။

ဆရာတော်သည် ရွှေဘိုဆေးရုံ၌ တစ်လနှင့် ၂၂ရက် တက်ရောက်ကုသပြီး ရောဂါပျောက်ကင်းသွားသဖြင့် ဘိုးနှစ်တို့လိုက်လာပြီး ဆေးဖိုးဝါးခပေးရာ ဒေါက်တာဒေါ်ကြာဦးက "ဆရာတော်ဘုရား အသက်ချမ်းသာလို၍ ကုသခြင်းဖြစ်ရာ ဘာမျှမမျှော်လင့်ပါ"ဟု လျှောက်ထားသည်။

## (၂၁) ဒေါက်တာဒေါ်ကြာဦးအား ကတိပေးတော်မူခြင်း

ရွှေဘိုဆေးရုံ၌ တက်ရောက်ကုသနေစဉ် ဝေဒနာက အသည်းအသန် ခံစားရချိန်မှ လွဲ၍ ဆရာတော်သည် အစဉ်မပျက် တရားအားထုတ်လျက်ရှိသည်။

ထိုအချိန်၌ ဆရာတော်သည် ဝေဘူဆရာတော်အဖြစ် စတင်ကျော်ကြားလျက်ရှိရာ ရွှေဘိုဆေးရုံတွင် တက်ရောက်ကုသနေသော သတင်းစကား ရွှေဘိုမြို့ထဲတွင် ပျံ့နှံ့သွားသဖြင့် လာရောက်ဖူးမြော်သူများ ရှိလာသည်။

ဒေါ်ကြာဦးသည် ဆရာတော်ကြီးအား ကြည်ညိုရင်းရှိသည့်အတိုင်း ဆေးဖိုးဝါးခမယူဘဲ ပြုစုလိုက်သည့်အတွက် တစ်ကြိမ်တစ်ခါ သူပင့်လျှင် ကြွပါရန် လျှောက်ထားတောင်းပန်သောကြောင့် ဆရာတော်ဘုရားက ကြည်ကြည်ဖြူဖြူပင် ကတိပေးတော်မူသည်။

ဆေးရုံမှဆင်းသည့်အခါ ရာဇဝတ်အုပ် ဦးထွန်းရွှေက ကုသိုလ်ပြုသော ဘတ်စ်ကားဖြင့် အင်ကြင်းပင်သို့ ပြန်ကြွတော်မူလာသည်။

ဒေါက်တာဒေါ်ကြာဦးလည်း ကားအခက်အခဲကြောင့် ပထမတန်းစား ဂျစ်ကားတစ်စီးကို ငွေ ၃၀၀၀-ကျပ်ဖြင့် ဝယ်ယူ၍ ဆရာတော်အား အင်ကြင်းပင်တောရသို့ လာရောက်ဆေးစစ်ဆေးကုသပေးသည်။

## (၂၂) ဦးကုသလ ပျံလွန်တော်မူခြင်း

အင်ကြင်းပင်မူလကျောင်းတွင် သီတင်းသုံးနေသော ဦးကုသလသည် ၁၃၀၉-ခုနှစ်တွင် ပျံလွန်တော်မူ၍ ၁၃၁၀-ပြည့်နှစ်တန်ခူးလတွင် သင်္ဂြိုဟ်ရာ ဒေါက်တာဒေါ်ကြာဦးက သံဃာများကို ငှားကားဖြင့် ပင့်ဆောင်ပေးသည်။

## (၂၃) ဆရာတော်သီတင်းမသုံးမီ ရွှေဘိုသာသနာ့ပြုလုပ်ငန်းနှင့် အောင်မြေအကြောင်း

ဆရာတော်ဘုရားကြီး မကြွလာမီ ရွှေဘို၏သာသနာပြုလုပ်ငန်းများမှာ အလွန်ကောင်းမွန်လျက်ရှိရာ စပါးစိုက်ကောင်းမည့်လယ်မြေ ပြင်ဆင်ထားသလိုဖြစ်နေသည်ဟု နိဗ္ဗာန်ဆော်ဦးတင်အောင်က ပြောပြသည်။

မြို့ပေါ်တွင် ဘုန်းတော်ကြီးကျောင်းတိုက် ၅၄-ကျောင်းရှိပြီး၊ ရဟန်းသံဃာပေါင်း ၂၀၀၀-ခန့် ရှိနေသည်။ အချို့မှာ စာသင်တိုက်များဖြစ်၍ ဝါတွင်းတွင် စာသင်တိုက်တစ်တိုက်၌ သံဃာ ၁၅၀ မှ ၂၀၀ အထိ ရှိသည်ဟု ဦးတင်အောင်က ပြောပြသည်။

ဆရာတော်မကြွလာမီ ရွှေဘို၌ ကမ္မဋ္ဌာန်းနှစ်တိုက်ရှိရာ မဟာစည်ဆရာတော်ဘုရားကြီး စတင်ထူထောင်သော စေတီတော်သာသနာ့ရိပ်သာနှင့် မူလပုသိမ်ဆရာတော်ဘုရားကြီး၏ ပုသိမ်တောရကမ္မဋ္ဌာန်းကျောင်းတို့ ဖြစ်သည်။

ဝေဘူဆရာတော်ဘုရားကြီး စတင်သီတင်းသုံးသောအောင်မြေကမ္မဋ္ဌာန်းရိပ်သာတွင်ရှိနေသော အောင်မြေနှင့်ပတ်သက်၍ မှတ်တမ်းတစ်ခု၌ ဤသို့ဆိုပါသည်။

အလောင်းမင်းတရားကြီး မင်းမဖြစ်မီအချိန်က အောင်မြေပေါ်ထွက်မည့်နေရာသို့ မိမိတစ်ယောက်တည်းအနားယူနေစဉ် ပထမ မြွေကဗားကိုလိုက်၍

ဖားကရွေ့ကပြေးလာပြီးမင်းကြီးနားနေသောနေရာအနီးသို့ရောက်သောအခါ မြေကိုဖားကပြန်လိုက်သဖြင့် မြေပြေးရသည်ကို ကိုယ်တိုင်မြင်ရ၍ နေရာကိုမှတ်သားကာ ခမည်းတော်ကို အသိပေးထားလေသည်။ မြန်မာတစ်ပြည်လုံးအုပ်စိုးပိုင်ဆိုင်သော မွန်ဘုရင်က မုဆိုးဘိုရွာငယ်က အောင်ဇေယျဟာ သူ၏သစ္စာတော်ကိုမခံယူဘဲနေသောကြောင့် အမျက်တော်ရှကာ မွန်တပ်သား ငါးသောင်းနှင့် ဦးအောင်ဇေယျ၏ ထန်းလုံးမြို့ရိုးကို လေးဘက်လေးတန် ဝိုင်းထားစဉ် မင်းတရားကြီးကိုယ်တိုင် မြို့တောင်ဘက်က အောင်မြေနင်းပြီးတိုက်သောအခါ မွန်တပ်သား ငါးသောင်းကျော် ပြုတ်ပြုတ်ပြုန်းပြီး အောင်တော်မူတော့မှ ရဲဘော်သုံးကျိပ် မြင်းရည်ထက်ခြောက်ကျိပ်ရှစ်ယောက် အပါအဝင် လူရှင်အများရှေ့မှာ ငါဘုရင်ဖြစ်ထိုက်ပြီဟု ကြွေးကြော်တော်မူသည်။ ထိုအချိန်မှစပြီး အောင်မြေတွင်သည်။

ဒုတိယအလောင်းဘုရား၏ သားတော် ဘိုးတော်ဦးဝိုင်း၏မြေး မဟာမြတ်မုနိပင့်ခဲ့သော အိမ်ရှေ့ဥပရာဇာ ဦးရစ်၏သား ဖန်နန်းရှင်ခေါ် စစ်ကိုင်းမင်းတရားစိုးစံတော်မူသောအခါ မိဖုရားကြီးဒေါ်နု၊ မောင်ဖြစ်သူ မောင်အိုငယ်တို့ မဖွယ်ရာသောအကြံ ပေါက်ကြားသွားသဖြင့် ညီတော်ဖြစ်သောဟံသာဝတီမြို့စားသည် ရတနာသိင်္ဃ ရွှေဘိုကိုခိုဝင်ကာ လူစုပြီး သီးလုံးမင်းကြီးများနှင့်ညှိနှိုင်း၍ အောင်မြေနင်းကာ စစ်ကိုင်းမင်းကို ထီးနန်းကချပြီး ဟံသာဝတီကုန်းဘောင်မင်းဘွဲ့ခံယူ၍ မင်းအဖြစ်စိုးစံတော်မူသည်။

တတိယကုန်းဘောင်၏မင်းသား ပုဂံမင်း ဘုရင်ဖြစ်သောအခါ မြို့ဝန်ဘိုင်ဆပ်တို့ မင်းတုံးနှင့်ကနောင် ညီအစ်ကိုနှစ်ယောက်ကို မဖွယ်ရာသောအကြံပေါက်ကြားပြန်သဖြင့် ညီနောင်နှစ်ပါး ရတနာသိင်္ဃ ရွှေဘိုကိုဝင်ခိုကာလူစုပြီး နောင်တော်ပုဂံမင်း နန်းကချရန် တိုင်ပင်ကြသောအခါ သတ္တိပြောင်သော ညီတော်ကနောင်မင်းက ခုတ်နိုင်ထစ်နိုင်လျှင်ပြီးတာပါ၊ အောင်မြေနင်းစရာမလိုပါဘူးဟု သံတော်ဦးတင်လေသည်။ မင်းတုံးမင်းက ညီပုရှဲအစဉ်ကိုမဖြတ်ပါနှဲ့ဟု ပြောသောအခါ သီးလုံးမင်းကြီးကထပ်ဆင့်၍ အရှင့်ခမည်းတော်ကုန်းဘောင်မင်း အောင်မြေနင်းစဉ်က ကျွန်တော်မျိုးပါပါသည်ဟုထောက်ခံလိုက်သောအခါ ဒါဖြင့် မင်းကြီးစီမံပေတော့ဆို၍ သီးလုံးမင်းကြီးဦးစီးဆောင်ရွက်ကာ သုံးရက်တိုင်အောင် အောင်မြေနင်းပြီး နောင်တော်ပုဂံမင်းကိုထီးနန်းချ၍ မင်းတုံးမင်း ဘုရင်အဖြစ်ဖြင့် ရတနာသိင်္ဃ ရွှေဘိုမြို့တော်မှာ မင်းအဖြစ်ဘိသိက်ခံယူတော်မူသည်။

၁၂၁၅-ခု၊ တန်ဆောင်မုန်းလဆန်း ၇-ရက်နေ့မှာ သိမ်လေးသိမ်တစ်ပြိုင်တည်း သမုတ်တော်မူသည်။ ရတနာသိင်္ဃအရှေ့မျက်နှာ သူဇာတံခါးအပြင်ဘက် ရွှေဘုံသာဘုရားအနီးသိမ်တော်၊ သာသနာ့ဓဇအနောက်မျက်နှာ မင်းကုန်းရွာ ဘုရားနှစ်ဆူရှေ့တွင် သိမ်တော်၊ မဟာပုညမြောက်မျက်နှာ

သခင်မယ်ရွှဲကျောင်းမြောက်ဘက် သိမ်တော်၊ လောကတေဇာ တောင်မျက်နှာ မစိုးရိမ်ကျောင်းအတွင်း သိမ်တော်တို့ဖြစ်ပါသည်။ မင်းတုံးမင်းသားတော်၊ သီပေါမင်း အင်္ဂလိပ်ယူသွားသောအခါ အင်္ဂလိပ်မင်းများ ရွှေဘိုအောင်မြေ ပတ်ဝန်းကျင်ကို မြန်မာသချိုင်း၊ ကုလားသချိုင်း၊ အင်္ဂလိပ်သချိုင်းပြုလုပ်သည်ကို သဘောမကျသော လူတောမင်းကြီးက လူတောဆရာတော်ပင့်ပြီး ယိုယွင်းနေသော မစိုးရိမ်ကျောင်းအနီးမှာ သာသနာ့မြေအဖြစ်နှင့် အောင်မြေကို ကာကွယ်ခဲ့သည်။ မင်းတုံးမင်းကြီးကလည်း အုတ်တံတိုင်းများဖြင့် ကာကွယ်ခဲ့သည်ဟု တွေ့ရသည်။

## (၂၄) ရွှေဘိုသို့ ပထမအကြိမ်ကြွတော်မူခြင်း

အင်ကြင်းပင် ကမ္မဋ္ဌာန်းတောရ၌ ၁၃၁၁-ပြည့်၊ ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပပြီးနောက် ကဆုန်လပြည့်ကျော်တစ်ရက်နေ့တွင် ဒေါက်တာဒေါ်ကြာဦး က ''တပည့်တော်ကို ကတိထားခဲ့တဲ့အတိုင်း ရွှေဘိုသို့ကြွပါရန်''လာရောက်ပင့်သဖြင့် ဆရာဘော်သည် ရွှေဘိုသို့ကြွတော်မူသည်။

ရွှေဘိုအလောင်းမင်းတရားဦးအောင်ဇေယျ တည်ထားခဲ့သောမောဓော မြင်သာစေတီ (ယခု-မြို့ဒေါင့်စေတီ) မြောက်ဘက်ဦးအုံ့တိုက်တွင် သီတင်းသုံးတော်မူပြီး ဦးသုမနက ဘိုးတင့်စရပ်တွင်နေရသည်။ ညအခါ ရဟန်းနှစ်ပါးတည်းရှိသဖြင့် ချောက်ချားစရာကောင်းသည်ဟု ဦးသုမနကပြောပြသည်။

ဆရာတော်ဘုရားကြီးသည် တရားအားထုတ်လျက်ရှိရာ အအိပ်အနေ အလွန်နည်းသည်။ အိပ်သည်ဟုမရှိဘဲ တရားကိုစွဲကို ထိုင်လျက်အားထုတ်သည်။ လဲလျောင်းသည်ကို မတွေ့ရဟုဆိုသည်။

မြို့ဒေါင့်စေတီတွင် ဆရာတော်အား သိသူများလာသဖြင့် ညဘက်အထိ ပါတရားအားထုတ်သူများ ရှိလာသည်။ ဆရာတော်၏ တရားအနှစ်သာရကို ရတော်မူခဲ့သော ကညွတ်ကွင်း ဝေဘူကမ္မဋ္ဌာန်းဆရာတော် (ယခု ဈာပနဗဟို ကော်မီတီဥက္ကဋ္ဌ) ဦးပဏ္ဍိတသည် ၁၃၁၀-ခု၊ နယုန်လဆန်း တစ်ရက်နေ့တွင် ဆရာတော်ထံ အင်ကြင်းပင်မှတစ်ဆင့် လိုက်လာသည်။ ရွှေဘိုတွင် ဆက်လက် တရားအားထုတ်ကြရာ၌ ဆန်စက်စာရေးကြီး ဦးဘရှင်ဆိုသူလည်း ပါဝင်ကြသည်။ ဆရာတော်၏ တိုက်တွန်းလို့ ဆော်အားပေးမှုကြောင့် နေ့ည ၁၆-ရက် တရားအားထုတ်ရာ သမာဓိရကြသည်ဟုဆိုသည်။

## (၂၅) ပထမအကြိမ် အလှူပင့်လျှောက်သည်ကို လက်ခံတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် ရွှေဘိုမြို့ဒေါင့်စေတီတွင် သီတင်းသုံးစဉ်အထိ ဆွမ်းစားရာ၌ ပန်းကန်ကိုအသုံးပြုခြင်းမရှိဘဲ သပိတ်ဖြင့်သာ ဘုဉ်းပေးတော်မူ၏။

ဆရာတော်ဘုရားအား ဆွမ်းလောင်းလျှင် သပိတ်ဖြင့်သာ လက်ခံတော်မူ၏။ ဆွမ်းကျွေးနှင့် အလှူအတန်းများပင့်ဖိတ်သည်ကိုလည်း လုံးဝလက်မခံခဲ့ပေ။

ဆရာတော်ဘုရားကြီးသည်မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးလပိုင်းအကြာ ၁၃၁၀-ပြည့်၊ နယုန်လဆန်းတွင် ကျောက်ဆည်မြို့ ဆန်စက်ပိုင်ရှင် ဦးထွန်းရှင် ဒေါ်ချစ်စံတို့၏အလှူမှ လာရောက်ပင့်သဖြင့် လက်ခံကြွတော်မူသည်။ ထိုအလှူမှာ ဝေဘူဆရာတော်ဟုထင်ပေါ်လာစတွင် ပထမဆုံးကြွတော်မူခြင်းဖြစ်သည်။ အလှူသို့ ဆရာတော်ကြွသဖြင့် အချို့က ဝေဖန်ပြစ်တင်ကြသေးသည်။

ဆရာတော်အနေနှင့်မူ ဦးထွန်းရှင်၏ ကျေးဇူးကို တုံ့ပြန်တော်မူပြီး ကြွတော်မူခြင်းဖြစ်သည်။ ဂျပန်ခေတ် ဗုံးတွေတအုံးအုံး ကြဲနေသည့်ကြားမှ ဦးထွန်းရှင်သည် ကားတစ်စီးဖြင့် ဆရာတော်အား တံတားဦးလမ်းမှ ခဲရာခဲဆစ် ခိုးဝှက်၍ အင်ကြင်းပင်သို့ ပို့ပေးဖူးသော ကျေးဇူးရှိခဲ့လေသည်။

ဆရာတော်ဘုရားကြီးအနေဖြင့် ဦးထွန်းရှင်အလှူသို့ကြွခြင်းမှာတစ်နည်းအားဖြင့် ရဟန်းကိစ္စပြီးမြောက်တော်မူပြီဟု ယူဆရပါသည်။ ဆွမ်းဟင်းခွက်များဖြင့် ဆွမ်းစားခြင်း၊ ဆွမ်းကျွေးခြင်းများကို လက်ခံကြွတော်မူခြင်းများကို ၁၃၁၂-ခုနှစ်နောက်ပိုင်းတွင်မှ လက်ခံသည်ဟု အတူတကွနေသူ ဦးသုမနက စာရေးသူအားပြောပြသည်။

## (၂၆) ကျောက်ဆည်တွင် ပြန်လည်ဝါဆိုတော်မူခြင်း

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ဦးထွန်းရှင်ဒေါ်ချစ်စံအလှူကိုကြွတော်မူရာမှ ဆရာတော်ဘုရားသည် ဝေဘူချောင်သို့ ပြန်လည်ရောက်ရှိပြန်ပါသည်။ ဆရာတော်ပြန်ကြွလာသဖြင့် ကျောက်ဆည်ရှိ တကာ၊ တကာမများ အလွန်အမင်း ဝမ်းမြောက်ကြသည်။ လွတ်လပ်ရေးရ၍ ဝမ်းမြောက်မှုမျိုးနှင့်ဆက်နွယ်သွားလေသည်။

ဆရာတော် ပြန်ရောက်လာသောအချိန်မှာ ဝါကပ်ချိန်နှင့် နီးကပ်နေသဖြင့် ရှေးမဆွကကဲ့သို့ပင် ကျောက်ဆည်၌ ဝါကပ်တော်မူရန် ဝိုင်းဝန်းလျှောက်ထားကြသည်ကို လက်ခံတော်မူလိုက်သည်။

ဆရာတော်သည် ကျောက်ဆည်အလှူ ပြီးသောအခါ ရွှေဘိုသို့ပြန်ကြွတော်မူသေးသည်။ ထိုနှစ် ရွှေဘိုမြို့၌ဝါကပ်လိမ့်မည်ဟု မျှော်လင့်ထားကြရာ ကျောက်ဆည်တွင် ဝါကပ်မည်ဟု ကတိပြုခဲ့ကြောင်း သိရသောအခါ စိတ်မကောင်းဖြစ်ကြသည်။

ထိုနှစ် (၁၃၁၀-ခု) ရွှေဘိုတွင် ဆိပ်ခွန်မှ မဟာစည်ဆရာတော်ကိုပင့်၍ ဝါဆိုတော်မူသည်။ ဝန်ကြီးချုပ်ဟောင်း မြို့ဒေါင့်စေတီ လာရောက်ဖူးရာ မဟာစည်ဆရာတော်ကို ရန်ကုန်သို့ပင့်သွားသည်ဟုဆိုသည်။

## (၂၆) ရွှေဘိုအောင်မြေတွင် တရားဌာန ဖွင့်ဘော်မူခြင်း

ဝါကျွတ်လျှင် ရွှေဘိုမြို့မှ ဆရာတော်၏တပည့်တကာဖြစ်သော ဦးဘရှင်လိုက်လာပြီး တရားဌာနတစ်ခု ဖွင့်တော်မူပါရန် လျှောက်ထားတောင်းပန်သဖြင့် ဆရာတော်က လက်ခံတော်မူသည်။

ဆရာတော် ရွှေဘိုမြို့၌ တရားဌာနတစ်ခုဖွင့်လျှင် လိုအပ်မည့် ကျောင်းအဆောက်အဦများအတွက် စီစဉ်ကြရာ ဦးဘရှင်က ကျောက်မြောင်းအထွက်တွင် ကောင်းကင်ထိပ်အမည်ဖြင့် ကျောင်းဆောက်လှူဒါန်းသည်။

သို့သော် နိဗ္ဗာန်ဆော် ဦးတင်အောင်တို့က ဆရာတော်ဘုရားအတွက် ကျောင်းဆောက်ရန် သင့်မည့်မြေနေရာကို လိုက်လံရှာဖွေကြသည်။

ထိုအချိန်တွင် ရွှေဘိုမှ အမိန့်တော်ရ ရှေ့နေကြီးဦးအုန်းဖေသည် မူလအောင်မြေကုန်းပေါ်ရှိ ဘုရားငုတ်တိုကို ပြုပြင်လျက်ရှိသည်။ ဦးတင်အောင်သည် ၎င်းနေရာတွင် ဆရာတော်၏ကျောင်း တည်ဆောက်ပါက သင့်လျော်မည်ထင်၍ ဦးအုန်းဖေနှင့် သွားရောက် တွေ့ဆုံတိုင်ပင်သည်။

ဦးအုန်းဖေအား ကျောက်ဆည် အင်ကြင်းပင်ဆရာတော် ဦးကုမာရကို ပင့်၍ ကမ္မဋ္ဌာန်းကျောင်းဆောက်ကာ ကိုးကွယ်လိုကြောင်း ရှင်းပြသောအခါ ဦးအုန်းဖေက သဘောတူ၍ ၁၃၁၂-ခုနှစ်တွင် ရွှေဘိုမြို့ မြို့လုံးကျွတ် အစည်းအဝေး ကျင်းပကာ အောင်မြေနေရာတွင် ကမ္မဋ္ဌာန်းကျောင်းဆောက်ရန် သဘောတူ၊ မတူ စည်းဝေးဆုံးဖြတ်ကြသည်။

ယောဂီတစ်ဦးက အောင်မြေနေရာတွင် ကမ္မဋ္ဌာန်းကျောင်းအသစ်ဆောက်လုပ်ခြင်းကို ကန့်ကွက်ကြောင်း၊ အကြောင်းမှာ ရွှေဘိုတွင် လက်ရှိမဟာစည်စေတီတော် ကမ္မဋ္ဌာန်းကျောင်းနှင့် မူလပုသိမ်ဆရာတော် ကမ္မဋ္ဌာန်းကျောင်းနှစ်ခုရှိနေပြီးဖြစ်ကြောင်း၊ နောက်ထပ် ကမ္မဋ္ဌာန်းကျောင်းသစ်တည်ခြင်းဖြင့် ဘာသာရေး စိတ်ဝမ်းကွဲလာနိုင်ကြောင်းဖြင့် အကြောင်းပြကန့်ကွက်သည်။ ထို့ပြင် ဝေဘူဆရာတော်သည် ရွှေဘို၌ လေးလသာ သီတင်းသုံးမည်ဖြစ်သဖြင့် ကျန်ရှစ်လတွင် ၎င်းကျောင်းတိုက်ကို မည်သူစောင့်ရှောက်မည်နည်းဟူ၍လည်း အကြောင်းပြသည်။

သို့သော် ဝေဘူဆရာတော်ဘုရား၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဉာဏ်ဂုဏ်တို့ကို မြို့လူထုက သဘောကျနှစ်ခြိုက်ပြီးဖြစ်၍ အောင်မြေနေရာတွင် ဝေဘူဆရာတော်၏ ကမ္မဋ္ဌာန်းကျောင်းဆောက်ရန် အားလုံး သဘောတူကြသည်။

၁၃၁၂-ခုနှစ်တွင် ဆရာတော် သီတင်းသုံးရန်အတွက် နိဗ္ဗာန်ဆော် ဦးတင်အောင်က နှစ်ခန်းပတ်လည် ဝါးကပ် သက်ငယ်မိုး ကျောင်းကလေးကို စတင် ဆောက်သည်။

ဦးအုန်းဖေ အမှူးပြုသော ရွှေဘိုမြို့ အမိန့်တော်ရရှေ့နေ အသင်းက ပစ္စည်းလေးပါး ဒါယကာခံကာ ဆွမ်းတာဝန်ယူ၍ နေ့စဉ်ဆွမ်းချိုင့်ပို့လှူကြသည်။

ဆရာတော်ကို ၁၃၁၂-ခု တန်ဆောင်မုန်းလပြည့်ကျော် ၃-ရက်နေ့တွင် နိဗ္ဗာန်ဆော် ဦးတင်အောင်၊ ဦးချစ်အောင်၊ ဆရာဆင်၊ စာရေးကြီး ဦးတင့်တို့ သွားပင့်ကြရာ တန်ဆောင်မုန်း လပြည့်ကျော် ၅-ရက်နေ့တွင် ဆရာတော် အောင်မြေ ကမ္မဋ္ဌာန်းရိပ်သာတို့ စတင်ရောက်ရှိသည်။

ဆရာတော်အားသွားရောက်ပင့်သည့်ကားမှာနိဗ္ဗာန်ဆော်ဦးတင်အောင်၏ ညီမပိုင် လော်လီကား (၈၈၂၂) ဖြစ်၍ ကားခမှာ ၁၅ဝိ ပေးရသည်။

ဆရာတော်နောက်မှ ဦးသုမနအပါအဝင် သံဃာငါးပါးပါလာသည်။ ဆရာတော် ရောက်သောအချိန်တွင် ရိပ်သာနှစ်ခန်းပတ်လည်၊ သုံးခန်းပတ်လည် ဝါးကပ်ကာ၊ သက်ငယ်မိုးကျောင်း လေးလုံးဆောက်လုပ်ပြီးဖြစ်သည်။ ၎င်းကျောင်းများကို မြင်သောအခါ ကျောက်ဆည်မှလိုက်လာသော ဦးကျော်၏ ဇနီး ကျောင်းအစ်မကြီးက ငိုပြီး ကျောက်ဆည်သို့ပြန်သွားသည်။

ဆရာတော်ရောက်သောနှစ် ၁၉၅၁-မှ ဧပြီ ၁၇-ရက်မှာပင် ရွှေဘိုနှင့် ကျောက်ဆည်၌ တစ်နေ့တည်း နာရီသာခြားပြီး မီးအကြီးအကျယ်လောင်ရာ ရွှေဘိုမြို့တစ်ဝက်ကုန်သည်၊ ဆရာတော်သည် ကြိုတင်သိမြင်တော်မူသဖြင့် ရွှေဘို၌ ရေတွင်းရေကန်များကို ကြိုတင်၍ အပူတပြင်းတူးခိုင်းရာ တစ်ဝက်မျှသာပြီး၏။

ဆရာတော် အောင်မြေကို လက်ခံလိုက်သောအခါ ဦးဘရှင်မှာ ၎င်း ဆောက်ထားသောကျောင်းကို တခြား ဘုန်းကြီးသို့ လှူဒါန်းလိုက်ရသည်။

အောင်မြေမှာ ဂျပန်ခေတ်က န္တားသတ်ကုန်းဖြစ်သဖြင့် အရိုးပုံကိုပင် အတော်ရှင်းယူရ၏။ ဆရာတော် အောင်မြေ၌ သီတင်းသုံးမည်ဆိုသဖြင့် ဝမ်းသာပြီး ဦးဘရှင်သည် မြက်ထိုးရန် လုပ်သားများကို ရှာတောသို့သွား၍ ရှာဖွေစဉ် မူးရိုးထဲ စက်ဘီးဖြင့်ထိုးကျရာ ကိုယ်တစ်ပိုင်းသေသွားသည်။ အိမ်ပြန်ရောက်၍ တစ်ညသာခံပြီး အနိစ္စ ရောက်သွားရှာသည်။

ဆရာတော်သည် ၁၃၁၂-ခုနှစ်မှစ၍ ရွှေဘိုအောင်မြေ အပါအဝင် တစ်နေရာလျှင် လေးလစီ သီတင်းသုံးကာ ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ပေးသနားတော်မူသည်။

နောင်သောအခါများ၌ ဝါဆိုလမှ နတ်တော်လအထိ ကျောက်ဆည် ဝေဘူရိပ်သာ၌လည်းကောင်း၊ ပြာသိုလမှ တပေါင်းလထိ ရွှေဘို အောင်မြေ၌ လည်းကောင်း၊ တန်ခူးလမှ နယုန်လထိ အင်ကြင်းပင် ကမ္မဋ္ဌာန်း တောရ၌ လည်းကောင်း သီတင်းသုံးသည်။ ကျောက်ဆည် ဝေဘူရိပ်သာ၌ ခြောက်လ ဆိုသော်လည်း ထိုရက်ထဲ၌ ရန်ကုန်အပါအဝင် မြန်မာပြည်အရပ်ရပ်သို့ ဒေသ စာရီကြွချီခဲ့သည်များ ရှိခဲ့သည်။

ဆရာတော် ရွှေဘိုအောင်မြေ၌ စတင်သီတင်းသုံးစဉ် ၁၃၁၂-ခုနှစ်က အကျယ်အဝန်း တစ်ဧကသာရှိသေးသောသာသနာ့မြေမှာ ယခု ၁၃၃၉-ခုနှစ်၌ ၃၁ ဧကပတ်လည် အုတ်တံတိုင်း၊ ရေတွင်း၊ ရေကန် အရံများနှင့် တင့်တယ်ဖွယ်ကောင်းသော သာသနာ့အောင်မြေဟု ဝိသေသအားဖြင့် ထင်ပေါ်လျက်ရှိသည်။

## (၂၇) ရဟန္တာဟု သမုတ်ခံရခြင်း

ဆရာတော်ဘုရားကြီးသည် အင်ကြင်းပင်ကျောဝ်းမှ ၁၂၇၅-ခုနှစ်ကဆုန်လတွင် တောထွက်တော်မူပြီး အင်ကြင်းပင်သို့ပြန်ရောက်သည့်အချိန်တွင် တရားရလာပြီဖြစ်၏။ သို့ဖြစ်၍ သက်တော် ၃၁-နှစ်မှာပင် တရားပြလျက်ရှိသည်။

ဆရာတော်သည် ၁၃၀၉-ခုတွင် ဝေဘူဆရာတော်အဖြစ် ကျော်ကြားစပြုနေပြီဖြစ်ရာ ၁၃၁၂-ခု(၁၉၅၀-ခုတဝိုက်)တွင် ရဟန္တာဟု ကျော်ကြားလာသဖြင့် ကျောက်ဆည် ဝေဘူချောင်သို့ နေ့စဉ် လာရောက် ဖူးမြော်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ၁၃၁၂-ခုနှစ်မှစ၍ ဆွမ်းကျွေး အပင့်ခံခြင်း၊ ဆွမ်းခွက်များဖြင့်ဘုဉ်းပေးတော်မူခြင်းကြောင့်ရဟန်းကိစ္စပြီးပြီဟုဆိုရပါမည်။

အကြောင်းမူကား ခရစ်ယန်မှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသော အီတလီလူမျိုး ဘုန်းတော်ကြီး ဦးလောကနာထသည် ဝေဘူဆရာတော် ဘုရားအား ရွှေဘိုအောင်မြေသို့ လာရောက်တွေ့ဆုံဖူးမြော်သည်။

ဘာသာရေးအကြောင်း ဆွေးနွေးရင်း ဦးလောကနာထသည် "ဝေဘူဆရာ အရှင်ကုမာရသည် ရဟန္တာလို့ ကျော်ကြားနေပါသည်။ ရဟန္တာဆိုတာ မှန်ပါသလား"ဟု မေးလျှောက်တော်မူသည်။

ဝေဘူဆရာတော်က "တို့များခရီးသွားပုဂ္ဂိုလ်ပါဗျာ"ဟုဖြေပြီးနောက် "လမ်းမှာ ရတနာရွှေငွေ ကျောက်သံပတ္တမြားတွေတွေ့ရင် ပြောရပါ့မလား"ဟု ဦးလောကနာထ ကိုယ်တော်ကို မေးမြန်းတော်မူသည်။

ဦးလောကနာထက "မပြောပါဘုရား"ဟုပြန်ဖြေသည်တွင်ဆရာတော်ဘုရားက "အေးဗျာ ဒီလိုပါပဲ"ဟု မိန့်တော်မူသည်။

ထိုသို့မိန့်ကြားသဖြင့် ဦးလောကနာထနှင့်အတူပါလာသော စကားပြန်က"ဝေဘူဆရာတော်သည် ရဟန္တာလို့ ဖြေကြောင်း"အင်္ဂလိပ် နေးရှင်းသတင်းစာသို့ သတင်းပို့သည်။ ထိုသတင်းမှာ နေးရှင်းသတင်းစာမျက်နှာဖုံး၌"ဝေဘူဆရာတော် ရဟန္တာနှင့် ဦးလောကနာထတွေ့"ဟူ၍ သတင်း ထည့်လိုက်သဖြင့် "ရဟန္တာ"ဟု သတင်းပိုမို ပြန့်သွားသောအကြောင်းသည်လည်း တစ်ကြောင်းပါဝင်ပါသည်။

ရန်ကုန်မြို့ တက္ကသိုလ်ဓမ္မာရုံ၌ သီတင်းသုံး၍ နေ့စဉ်ရက်ဆက်တရားဟောတော်မူစဉ် လက်ပံတန်းမှ သတ္တမောရိယဆရာတော်ကြီးက "အရှင်ဘုရားရဟန်းကိစ္စ ပြီးပါပြီလား"ဟု မေးလျှောက်သည်ကို ဆရာတော်ဘုရားကြီးက "တပည့်တော် ခရီးသွားဆဲပါဘုရား"ဟု လျှောက်ကြားခဲ့၏။ ထိုစကားကြောင့် တချို့က ရဟန်းကိစ္စမပြီးသေးဟု ထင်မှတ်ကြသည်။ ရဟန်းကိစ္စ ပြီးလျှင်လည်း ပြီးကြောင်း မိန့်ကြားနိုင်ခြင်းမရှိပေ။ ဝိနည်းတော်နှင့် ညီညွတ်အောင် "ခရီးသွားဆဲပါ"ဟု လျှောက်ထားခြင်းဖြစ်ဟန်တူသည်။

၁၃၃၇-ခု၊ (၁၉၇၅-ခု) ဂျပန်ပြည်မှ ဘုန်းတော်ကြီးများ ဝေဘူချောင်သို့ ကြွလာပြီး ဆရာတော်ဘုရားကြီးအား ဖူးမြော်ကြရင်း "အရှင်ဘုရားဈာန်ပျံကြောင်း ကြားရတာ မှန်ပါသလား"ဟုမေးလျှောက်ကြရာ ဆရာတော်ဘုရားကြီးက "ဘုရားရှေ့လက်ထက်တော်က ရတာမျိုးတွေကို ရတယ်ပြောတာတူပါတယ်"ဟု ပြန်လည်မိန့်ကြားသည်။ ဤနေရာတွင်လည်း ဝိနည်းတော်နှင့်အညီသာ ဖြေတော်မူသည်။

ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဉာဏ်ဂုဏ်တော်များသည် မြန်မာနိုင်ငံအတွင်း၌သာမက နိုင်ငံရပ်ခြား တိုင်းတစ်ပါးအထိ ပျံ့နှံ့ကျော်ကြားတော်မူခဲ့သည်။

အရာရာသော လောကဓံများ၊ ဖြစ်မှုပျက်မှုများအပေါ် ပြတ်သားတိကျစွာ ပိုင်းခြားပယ်စွန့်နိုင်သော စွမ်းရည်ရှိလျက် ထူးခြားစွာ မေတ္တာစေတနာဝေဖြန့်နိုင်သည့် ဉာဏ်စွမ်းပညာနှင့် မေတ္တာဓာတ်သဘောမှာ အံ့ဩဖွယ်ကောင်းသည်။

၁၃၁၆-ခု (၁၉၅၄-ခု)နှစ် ကျောက်ဆည်ဝေဘူချောင်အောက် ဆွမ်းစားကျောင်း၌ ဆရာတော်ဘုရားကြီးဆွမ်းဘုဉ်းပေးနေစဉ် ဦးဉာဏက ဦးဝဏ္ဏဆိုသော ရဟန်းကြီးတစ်ပါး ပျံလွန်ကြောင်း လာလျှောက်သည်။ ဆရာတော်ဘုရားသည် ဆွမ်းစားကိုခေတ္တရပ်ရန် မိမိတရားကို ကျင့်ကြံ အားထုတ်နေသော ရဟန်းတစ်ပါး ပျံလွန်သဖြင့် တုန်လှုပ်ချောက်ချားခြင်း အလျဉ်းမရှိ၊ ပူပန်သောကရှိပုံ စိုးစဉ်းမျှမပြ၊ အရိယာသူတော်စင်တို့၏ မတုန်မလှုပ်သော သိက္ခာတော်ဖြင့် "အေးကွယ် ဒါဖြင့်လဲ ဂရုစိုက်လိုက်ကြပါ။ သူတော်ကောင်းကြီးပါကွယ့်"ဟု မိန့်မှာတော်မူပြီး ဆွမ်းဆက်စားတော်မူသည်။

## (၂ဂ) အချိန်ပိုင်းခြား၍သီတင်းသုံးတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် ကျောက်ဆည်ဝေဘူချောင်၊ ရွှေဘိုအောင်မြေရိပ်သာနှင့် အင်ကြင်းပင် ကမ္မဋ္ဌာန်းတောရတို့၌ သီတင်းသုံးတော်မူစဉ် နေ့စဉ်ဆောင်ရွက်တော်မူသော ဝတ်များ တစ်နေရာနှင့်တစ်နေရာ မတူဘဲ ကွဲပြားသည်။

## (၁) ဝေဘူချောင်။

ဝေဘူချောင်တွင် သီတင်းသုံးနေစဉ် နံနက် အရုဏ်တက်၌ လာရောက်လှူဒါန်းကြသော ဆွမ်းဟင်းအလှူရှင်များအား သီလပေးပြီး တရားဟောတော်မူသည်။ ထို့နောက် အရုဏ်ဆွမ်းဘုဉ်းပေးပြီး ဆောင်းအခါ၌ နံနက် ၈-နာရီတွင်လည်းကောင်း၊ နွေအခါ၌ နံနက် ၇-နာရီတွင်လည်းကောင်း ဆွမ်းခံကြွတော်မူရာ နွေစဉ်ဓမ္မာရုံ၌ စုဝေးရောက်ရှိနေကြသော ဥပုသ်သည်များ၊ သီလရှင်များကို ဆွမ်းခံမကြွမီ နေ့စဉ်ရှစ်ပါးသီလပေးပြီးမှ ကြွတော်မူသည်။ နံနက် ၁၀-နာရီတွင် ဆွမ်းခံပြန်ကြွလာပြီး နေ့စဉ်ဆွမ်းလာကပ်သူတို့ထံမှ ဆွမ်းဟင်းများကို သံဃာတော်များအတွက် ခွဲဝေပေးတော်မူပြီး သီလပေး တရားဟောသည်။ မွန်းလွဲ ၂-နာရီနောက်ပိုင်း၌ ရပ်ဝေးမှ လာရောက်ဖူးမြော်သူများကို အဖူးမြော်ခံပြီး တရားဟောသည်။ ညနေပိုင်းတွင် တရားအားထုတ်သူများအား တရားစစ်ဆေးတော်မူသည်။

တနင်းလာနေ့မှာ ဆရာတော်ဘုရားကြီး၏မွေးနေ့ဖြစ်သဖြင့်ဗောဓိပင်ကို ညောင်ရေသွန်းလောင်းတော်မူရာအဘွားများကန့်သာရေများကပ်လှူကြသည်။

## (၂) အင်ကြင်းပင်

အင်ကြင်းပင် ကမ္မဋ္ဌာန်းတောရတွင် နံနက်အရုဏ်ဆွမ်းတွင် ဘုရားပွဲပြင်ကပ်တော်မူပြီးနောက် ၁၀-ကေခန့်ရှိသော ကျောင်းဝင်းကြီးတစ်ပတ် ဒေသစာရီကြွတော်မူသည်။ ယင်းသို့ ကြွတော်မူရာ၌ ဦးပဉ္စင်းများ၊ ကျောင်းသား၊ ကိုရင်များ၊ သီလရှင်များအား ဆိုဆုံးမခြင်း၊ လိုအပ်သည်များကို ညွှန်ပြတော်မူခြင်းများ ပြုတော်မူသည်။

ထို့နောက် နံနက် ၈-နာရီ ကြားကပ်ပွဲ (မွန်းလတ် ကပ်ပွဲ)ကို လက်ခံဘုဉ်းပေးတော်မူပြီးနောက် ဆရာတော်ဘုရားကြီး သီတင်းသုံးရာ ကျောင်းပတ်ဝန်းကျင်ကို တံမြက်လှည်းတော်မူသည်။

နံနက်ဆွမ်းဘုဉ်းပေးပြီးနောက် ၁၂-နာရီမှ ညနေ ၄-နာရီအထိ မိမိကျောင်းတွင် တံခါးပိတ်၍ ရေချိုးခြင်း၊ အနားယူခြင်း၊ ဝိပဿနာ ကမ္မဋ္ဌာန်းကိုလည်း စီးဖြန်းတော်မူသည်။ ဆရာတော်ဘုရားသည် တစ်ပါးတည်းနေလေ့ရှိပြီး ဧည့်သည်များလာမှသာ တံခါးဖွင့်ပေးပြီး လက်ခံတွေ့ဆုံသည်။ သို့မဟုတ် ရဟန်းတစ်ပါးပါးက အကြောင်းကြားငယ်ရှိ၍ တံခါးတောင်းလျှင် ဖွင့်ပေးတော်မူသည်။ အခြားသံဃာများနှင့် တပြေးညီ ရောနှောနေလေ့မရှိ၊ ဘုရားအားထုတ်သည့်အချိန်က ပိုများပြီး တစ်ခါတစ်ရံ စာဖတ်နေလေ့ရှိသည်။

## (၃) ရွှေဘိုအောင်မြေ

ရွှေဘိုအောင်မြေရိပ်သာတွင် ဆရာတော်ဘုရားကြီး တစ်နေ့တာလုပ်ငန်းများမှာ နံနက် ၄-နာရီတွင်ထပြီး မြတ်စွာဘုရားအား ရေ၊ မီးပူဇော်၍ ဘုရားပန်းအိုးများ ရေလဲပေးတော်မူသည်။

နံနက် ၅-နာရီတွင် ဘုရားအား အရုဏ် ဆွမ်းကပ်တော်မူပြီးနောက်၊ အရုဏ်ဆွမ်းဘုဉ်းပေးတော်မူသည်။ နံနက် ၅-နာရီ ၄၅-မိနစ်တွင် အရုဏ်ဆွမ်းကပ်သူများအား သီလပေးရင်း အရုဏ်လင်းသည်။ နံနက် ၆-နာရီ ၁၅-မိနစ်တွင် ကျောင်းပေါ်တွင် တံမြက်လှည်းပြီး၊ ကျောင်း၏ဝေယျာဝစ္စများပြုလုပ်တော်မူသည်။

နံနက် ၇-နာရီခွဲမှ နံနက် ၈-နာရီအထိ နာရီဝက်တိတိ အောင်မြေကျောင်းတိုက်အတွင်းရှိ သီလရှင်များနှင့်၊ ကျောင်းသား၊ ကိုရင်များကို သီလပေးတော်မူသည်။

နံနက် ၈-နာရီမှ ၉-နာရီခွဲအထိ နောက်ပါသံဃာ ၂၀ နှင့် အတူ ခြေလျင် ဆွမ်းခံကြွတော်မူသည်။

နံနက် ၁၀-နာရီခွဲ၌ ဘုရားဆွမ်းတော် တင်တော်မူပြီး၊ မွန်းလတ် ဆွမ်းအကပ်ခံတော်မူသည်။

နေ့လယ် ၁၂-နာရီတွင် ရေချိုးတော်မူပြီး၊ ညနေ ၄-နာရီအထိ တစ်ပါးတည်းတရားထိုင်တော်မူသည်။ ညနေတိုင်းအောင်မြေအတွင်းပတ်လမ်းအတိုင်း သုံးပတ်လှည့်၍ ခါတ်တော်ပူဇော်ရသည်။ ယောဂီများက ဆီမီး နံ့သာတိုင်များ ကိုင်ဆောင်ပူဇော်ရင်း ပရိတ်ကြီး ၁၁-သုတ်ကို သုံးပဘ်နှင့်အပြီး ရွတ်ကြရသည်။

## (၂၉) သီဟိုဠ်နှင့် အိန္ဒိယနိုင်ငံများသို့ ဒေသစာရီ ကြွတော်မူခြင်း

ဆရာတော်ဘုရားကြီး၏ သတင်းသည် မြန်မာနိုင်ငံအတွင်း၌သာမက နိုင်ငံရပ်ခြား တိုင်းတစ်ပါးအထိ ပျံ့နှံ့ကျော်ကြားတော်မူရာ ၁၃၁၉-ခုနှစ် (၁၉၅၇-ခုနှစ်) နတ်တော်လပြည့်နေ့တွင် ရွှေဘို အောင်မြေရိပ်သာမှ သီဟိုဠ်နိုင်ငံသို့ ကြွတော်မူသည်။

သီဟိုဠ်မှ လက်ဖက်ခြောက် လုပ်ငန်း ပိုင်ရှင် ဂျက်ဆင် ဂုဏ်တ္တလားဝါလားနှင့် သမီးဖြစ်သူ အာရောမတို့က ပင့်ဖိတ်သဖြင့် ဆရာတော်ဘုရားနှင့်အတူ ဆရာတော် ဦးလောကနာထ၊ ဦးသုမန၊ မီးရထားမင်းကြီး ဦးသိန်းညွန့်တို့ လိုက်ပါသွားကြသည်။

ပင့်ဖိတ်သူ ဂျက်ဆင်ဂုဏ္ဏလား၀ါလားမှာ ထိုအချိန်က သီဟိုဠ်အစိုးရ အဖွဲ့ ဝန်ကြီးချုပ်၏အစ်ကိုဖြစ်သည်။

ဆရာတော်ဘုရားကြီး သီဟိုဠ်သို့ မကြွရောက်မီ ဦးလောကနာထသည် မြန်မာပြည်မှ ပြန်ကြွပြီး သီဟိုဠ်သို့ ခေတ္တဝင်ရောက် သိတင်းသုံးသည်။ သီဟိုဠ်နိုင်ငံမှာ ဗုဒ္ဓဘာသာကိုးကွယ်သော နိုင်ငံဖြစ်သဖြင့် ဝေဘူဆရာတော် ရဟန္တာဖြစ်သည်ဆိုသောသတင်းကို ထိုအချိန်က ဘာသာရေးကိုင်းရှိုင်းသူ (သီဟိုဠ်ဝန်ကြီးချုပ်၏တူမ) အာရောမက ဖတ်ရှုရသည်။

ဦးလောကနာထအား သီဟိုဠ် ဝန်ကြီးချုပ်က ဆွမ်းပင့်ကျွေးသောအခါ ထိုသတင်းပါကိစ္စကို ဦးလောကနာထအား ဟုတ်-မဟုတ်လျှောက်ထား၏။

(ဆရာတော် ပျံလွန်တော်မူပြီး ၎င်း အာရောမ ကိုယ်တိုင် အင်ကြင်းပင်ကမ္မဋ္ဌာန်းကျောင်းသို့ ၂၅-၁-၇၇ နေ့က လာရောက် ဖူးမြော်သွားသည်။)

'ဦးလောကနာထက ဝေဘူဆရာတော်သည် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ဖြစ်ကြောင်း၊ ၎င်းဆရာတော်သည် ငြိမ်းအေးချမ်းမြ၍ ဖူးမြော်သူ၏ဘဝကို အေးစေကြောင်း ပြောပြ၏။

အာရောမက ၎င်းသတင်းကြားလျှင် ဖူးမြော်လို၍ ဦးလောကနာထကိုပင် မြန်မာနိုင်ငံသို့ပြန်ကြွစေပြီး ဆရာတော်အား ဖူးမြော်နိုင်မည့်ရက် တောင်းပေးရန် လျှောက်ကြားသည်။

ဦးလောကနာထသည် အာရောမဖူးလိုကြောင်း ကျောက်ဆည်တွင် သိတင်းသုံးနေသော ဆရာတော်ထံ လာရောက်လျှောက်ထားသည်။ ဆရာတော်က ရွှေဘိုအောင်မြေသို့ သိတင်းသုံးမည့်ရက်နှင့်တိုက်၍ ရွှေဘိုအောင်မြေသို့ လာရောက်ရန် ရက်ချိန်ပေးလိုက်သည်။

ရွှေဘိုသို့ရောက်သောအခါ နိဗ္ဗာန်ဆော် ဦးတင်အောင်အား သီဟိုဠ်မှ ဧည့်သည်များလာမည်ဖြစ်၍ သင့်တင့်သော ကျောင်းတစ်ဆောင်ဆောက်ရန် မိန့်ကြားသည်။

ဦးတင်အောင်က ဧည့်သည်တော်ရိပ်သာ ဆောက်ရန်နှင့်ပတ်သက်၍ စက်သူဌေးဦးထွန်းဖေနှင့် တိုင်ပင်ပြီး ဦးထွန်းဖေ ဝင်းအတွင်း သီးသန့်တိုက်တစ်လုံး တည်ဆောက်လိုက်သည်။

ဆရာတော်က ''ရိပ်သာထဲမှာ ဧည့်သည်များ တည်းခိုရန် ကျောင်းမဆောက်သေးဘူးလား''ဟု ဦးတင်အောင်အားမေးရာ ဦးထွန်းဖေ တာဝန်ယူပြီး ၎င်း၏ဝင်းအတွင်း ဆောက်လုပ်ပြီးကြောင်း လျှောက်ထားသည်။

ထိုအခါ ဆရာတော်က ''ဘုရင့်ဆီလာတဲ့ဧည့်သည် ဆင်းရဲသားကခေါ်ရင် မကြိုက်သလို ဆင်းရဲသားဆီလာတဲ့ ဧည့်သည်ကို ဘုရင်ခေါ်ရင်လဲ မကြိုက်ဘူးဗျာ''ဟု မိန့်ဆိုသည်။

ထို့ကြောင့် အောင်မြေရိပ်သာထဲတွင် ဦးထွန်းဖေက မ,တည်၍ သီဟိုဠ်မှ ဧည့်သည်များတည်းခိုရန် ကျောင်းတစ်ဆောင် ဆောက်သည်။ အောင်မြေတွင် အကြီးဆုံးကျောင်းဖြစ်သည်။

ဆရာတော်ဘုရားကြီးသည် သီဟိုဠ်မှ ဧည့်သည်များမလာခင် သီဟိုဠ်သို့ ကြွတော်မူသည်။

ဆရာတော်ဘုရားနှင့်အဖွဲ့သည် ရန်ကုန်မှ သီဟိုဠ်သို့ ရှုဝိုင်ရယ်သင်္ဘောဖြင့် လိုက်ပါသွားကြရာ သုံးညလေးရက်ခရီးဖြစ်၏။

ပင်လယ်အတွေ့အကြုံ မရှိသည့်အတိုင်း လှိုင်းများမူးကြရာ ဆရာတော်က မူးတယ်ဟုမပြောပေ။ လှိုင်းမူးကြောင်း ဦးသုမနက လျှောက်ထားရာ "တရားအားထုတ်ရင် ပြီးတာပဲ၊ မူးရင် တရားနှာနှာ အားထုတ်ကြ၊ ပျောက်တာပဲ၊ ဒါ အကောင်းဆုံးဆေးပဲကွယ့်"ဟု မိန့်ကြားသည်။

သီဟိုဠ်ရောက်ခါနီးတွင် ဂျက်ဆင်ဝွတ္တလားဝါလားထံမှကြေးနန်းရရှိရာ သင်္ဘောပေါ်မှ စောင့်နေရန်ဖြစ်သည်။သင်္ဘောဆိုက်ကပ်လျှင် မြန်မာသံ အမတ်ကြီး မြို့မဦးဘလွင်နှင့် မြန်မာရဟန်းတော်များ ဆင်းကြိုကြသည်။ ဆရာတော်ဘုရားနှင့်အဖွဲ့အား သီဟိုဠ်ထုံးစံအတိုင်း ပန်းကုံးများကပ်လှူပြီး ဂျက်ဆင်ဝွတ္တလားဝါလား၏ "မနောဟရီ"အိမ်သို့ ပင့်သွားသည်။ သီဟိုဠ်၌ ၂၂ရက်ကြာ နေခဲ့ရာနေ့စဉ် တရားပွဲများ ကျင်းပသည်။

နံနက်ဆွမ်းစားပြီး တရားဟောသည်။နံနက် ၉နာရီနားရန် ၁၁နာရီတွင် နေ့ဆွမ်းစားရသည်။ပြီးလျှင် ညနေ၄နာရီအထိ သီလပေး တရားဟောရသည်။ ညပိုင်းတွင် တရားဆွေးနွေးကြသည်။ စကားပြန်အဖြစ် ဦးသိန်းညွန့်က ဆောင်ရွက်ပေးပြီး သီဟိုဠ်၌ သီတင်းသုံးစဉ် မြတ်စွာဘုရား စွယ်တော်ကိုလည်း ဖူးခဲ့ရသည်။

သီဟိုဠ်မှ အိန္ဒိယနိုင်ငံ မဒရပ်မြို့သို့ လေယာဉ်ပျံဖြင့်ကူးရာတွင် ဦးလောကနာထမှာ သီဟိုဠ်တွင်နေခဲ့သည်။ မဒရပ်ရောက်သည့်အချိန်၌ မြန်မာလွတ်လပ်ရေးပွဲနှင့် ကြုံရသည်။ ခရီးတစ်ထောက်နားနေစဉ် ရုပ်ရှင်ပြရာ ဆရာတော် မြင်သွားသဖြင့် "ဘာလုပ်တာလဲ"ဟု မေးတော်မူသည်။

ဆရာတော်ဘုရားနှင့်အဖွဲ့သည် အိန္ဒိယနိုင်ငံဗုဒ္ဓနှင့် စပ်ဆိုင်သောနေရာဒေသအနှံ့ လိုက်လံဖူးမြော်ရသည်။ ဗုဒ္ဓဂါယာ၊ ရာဇဂြိုဟ်၊ မိဂဒါဝုန်၊ သာဝတ္ထိ၊ ကုသိနာရုံ၊ လုမ္ဗနီ စသောနေရာတို့မှ သတ္တဌာနတွင်ပါဝင်သော မုစလိန္ဒာအိုင်၊ ထို့ပြင် ဒေဝဒတ်ကျောက်မောင်းဆင်သည့်နေရာ ဓာတ်တော်တိုက်၊ ဇေတဝန်ကျောင်းတော်အတွင်း ၁၁ဌာန၊ အပြင်ခြောက်ဌာန၊ မယ်မင္ဂလာသား စွန့်ချီသောနေရာ၊ ပုဗ္ဗာရုံကျောင်း၊ မလ္လိကာမိဖုရားကြီးဘဏ္ဍာတိုက်၊ ကုသိနာရုံမှ ရွှေသာလျှောင်း မြတ်စွာဘုရား တေဇောဓာတ်လောင်ရာနေရာ၊ရှင်မဟာကဿပ ငံ့လင့်တော်မူရာ၊မြတ်စွာဘုရားပရိနိဗ္ဗာန်စံခါနီး ရှင်အာနန္ဒာရေကြည်ခပ်ရသောကကူ

တံမြစ်နှင့် ကကူတံရှာ၊ မြတ်စွာဘုရားဖွားမြင်ရာ လုမ္ဗနီမှ ကျောက်တိုင်စသည် တို့ကို လေ့လာဖူးခဲ့ရသည်။ တာရှိမဟာသို့လည်း လေ့လာခဲ့သည်။ ကာလ ကတ္တားသို့ပြန်ရောက်လျှင် မီးရထားမင်းကြီး ဦးသိန်းညွန့်မှာ နယူးဒေလီရှိ မီးရ ထားအစည်းအဝေးသို့တက်ရန်ရှိသဖြင့် ဆရာတော်ပါ လိုက်ပါသွားသည်။

ထိုခရီးတွင် ရှင်သာရိပုတ္တရာ၊ မှင်မောဂ္ဂလာန်တို့အရပ် ဆံချီသို့လည်း ရောက် ခဲ့သည်။ နယူးဒေလီမှ ကာလကတ္တားသို့ ပြန်ကြွလာပြီး ထိုမှ ရန်ကုန်သို့ ပြန်ကြွ တော်မူရသည်။

ထိုခရီးစဉ်တွင် သာဝတ္ထိနှင့် ရာဇဂြိုဟ်အကြား ရထားစီးရင်း ဦးသုမနက သာဝတ္ထိ၌ ဘုရားရှင်လက်ထက်တော်က လူဦးရေ ခုနစ်ကုဋေ နေထိုင်သည်မှာ မဖြစ်နိုင်ကြောင်း။ ရာဇဂြိုဟ်နှင့်သာဝတ္ထိမှာ မိုင် ၃၀၀ ခန့်ရှိရာ တစ်ဝက်ဝက်ပါက ၁၅၀ သာရှိမည်ဖြစ်ရာ မြန်မာနိုင်ငံ တောင်နှင့်မြောက် မိုင် ၂၀၀၀ တွင် လူဦး ရေ သန်း ၂၀ ကျော်မှာ သင့်ရုံသာရှိကြောင်း လျှောက်ထားသည်။

ထိုအခါ ဆရာတော်ဘုရားက "ရာဇဂြိုဟ်သူဌေးက ဘယ်သူလဲ"

"ဇောတိကပါဘုရား"

"သူ့တကာမက ဘယ်သူလဲ"

"မြောက်ကျွန်းသူ အတုလကာရိပါဘုရား"

"မြောက်ကျွန်းသူဟာ တောင်ကျွန်းကို လာနေရိုး ထုံးစံရှိသလား၊ ဘာ့ကြောင့်လဲ"

"ဇောတိကသူဌေးရဲ့ ဘုန်းကံကြောင့်ပါဘုရား"

"သူဌေးရဲ့ဗိမာန်က ဘာလဲကွယ့်"

"မြေကထွက်တဲ့ ရတနာဗိမာန်ပါဘုရား"

"ဗိမာန်ဆိုတာ မြေကထွက်ရိုးထုံးစံရှိသလား"

"မရှိပါဘုရား"

"ဘာ့ကြောင့်လဲ"

"ဇောတိကသူဌေးရဲ့ ဘုန်းကံကြောင့်ပါဘုရား"

"အေး-မင်းက သာဝတ္ထိမိုင် ၃၀၀ အတွင်း လူဦးရေ ခုနစ်ကုဋေနေတာ မဖြစ်နိုင်ဘူးလို့ပြောတယ်၊ ခုနစ်ကုဋေမကဘူး၊ ကုဋေတစ်ရာလဲ နေလို့ရတယ်၊ ဘာဖြစ်လို့လဲ၊ အဲ့ဒီအချိန်မှာ မြတ်စွာဘုရား သက်တော်ထင်ရှားရှိနေတယ်၊ ဘုန်းရှင်ကံရှင်ဟာ မဖြစ်ဘူးဆိုတာမရှိဘူး၊ ဘုန်းရှင်ကံရှင်ဟာ သူဖြစ်ချင်တာ ဘယ်တော့မဆိုဖြစ်တယ်"ဟု မိန့်ကြားတော်မူသည်။

ထိုခရီးတွင် ဆရာတော်ဘုရားကြီးသည် ကမ္ဘာပျက်သည့် အကြောင်း၊ လောကအကြောင်း၊ အိန္ဒိယနိုင်ငံ ဗုဒ္ဓသာသနာအကြောင်းများကို ဆက်လက် ဟောကြားတော်မူသည်။

## (၁၀) ဆရာတော်ဘုရားကြီး ၏ ထူးဆန်းသောအတိတ်နိမိတ်များနှင့် ဖြစ်ရပ်များ

ဆရာတော်ဘုရားကြီး ဝေဘူရိပ်သာကို စတင်ထူထောင်ဆဲကာလ တစ်ခုသော နံနက်ခင်းတွင် စင်္ကြံလျှောက်ရင်း ယုန်ထောင်ထားသော ထောင်ချောက်၌ မိမိခြေထောက်မိနေရာ ကြွသွားတော်မမူဘဲ ရပ်တန့်နေတော်မူသည်။ လုလင် တစ်ဦးရောက်လာ၍ ဖြုတ်မည်ပြုသောအခါ "သင်ထောင်သလား"ဟု မေး တော်မူသည်။ မိမိမဟုတ်ကြောင်း လုလင်ကပြန်လျှောက်လျှင် ယုန်ထောင်တဲ့ သူသာ ဖြုတ်ထိုက်၏ဟု အမိန့်ရှိ၏။ ယုန်ထောင်သူ လာရောက်ဖြုတ်ပေးမှသာ ကြွတော်မူသည်။ ယခု ၎င်းနေရာကို ဘေးမဲ့ကျောက်ဖျာဟု သမုတ်၍ ကျောက် ဖျာတစ်ခု ပြုလုပ်ထားသည်။

ဆရာတော်ဘုရား၏ကျောင်းတော်မြောက်ဘက်တွင် တောင်နံ့သာဘုရား ဟူ၍ အများကောင်းမှု တည်ထားကိုးကွယ်ထားသည်။ ၎င်းစေတီထီးတော်မှာ မြေလျှင်ကြောင့်သော်လည်းကောင်း၊ မိုးကြိုး၍သော်လည်းကောင်းမကြာ ခဏ ပျက်ကျလေရာ ဆရာတော်ဘုရားကိုယ်တိုင် တင်သောအခါ ယနေ့တိုင် အနှောင့်အယှက်မရှိ တည်မြဲလျက်ရှိသည်ဟု ဆိုပါသည်။

ကျောက်ဆည်တွင် မြူနီစီပယ်မစ်ဒယ်ကုလား (မိလ္လာကုလား)တစ်ဦးက တစ်နေ့သောနံနက်တွင် မြန်မာဘုန်းကြီး သုသာန်ကနေ၍ ကောင်းကင်ခရီးဖြင့် ပျံကြွသည်။ ၎င်း မြန်မာဘုန်းကြီးမှာ ဝေဘူချောင်ကဘုန်းကြီးဖြစ်သည်ဟု အခိုင်အမာပြောသဖြင့် ဆရာတော်ဘုရားကြီးသတင်းမှာ တစ်ပြည်လုံးပျံ့နှံ့ သွားသည်ကို ကြားဖူးပါသည်။ ထိုအချိန်မှစ၍ ဆရာတော်ရှိရာ ဝေဘူချောင်သို့ အဝင်အထွက်များလာသည်၊ အဆောက်အဦများလာသည်။ ဟန်ဆောင်မုန်းလ ကထိန်ပဒေသာပင်များ သွားရောက်လှူဒါန်းကြသည့်အခါ သပိတ်သင်္ကန်းမှ အပ ကျန်ပစ္စည်းများကို လာလှူသူများအား ပြန်စွန့်လေ့ရှိသည်။

အလုပ်အကိုင်ပြီးချိန်တွင် ရှမ်းပြည်မှဘုရားဖူးအဖွဲ့များ မန္တလေး၊ ရန်ကုန်အနှံ့ ဆင်းလာတတ်ကြသည်၊ အဖွဲ့တစ်ဖွဲ့သည် ဝေဘူချောင်သို့ဝင်၍ ဆရာတော်ဘုရားကြီးအား ဖူးမြော်ရာ ဆရာတော်ကို သူတို့လိုက်ရှာနေကြောင်း၊ ဆရာတော်ကိုသိကြောင်း၊ ကောင်းကင်က မကြာခဏ ကြွသွားသည်ကိုတွေ့ ရ၍ မှတ်မိကြောင်း လျှောက်ထားဖူးသည်ဆို၏။

အတူနေခဲ့သောဦးသုမနက ဆရာတော်အား "ဆရာတော်ဘုရား တပည့် တော် ဈာန်ရချင်တယ်ဘုရား"ဟု လျှောက်ထားဖူးရာ "အဲဒီအလုပ်က လွယ်ပါ တယ်၊ ဒီအလုပ်က (တရားအလုပ်က) ခက်တယ်"ဟု မိန့်ကြားဖူးကြောင်း ဦးသုမနက စာရေးသူအား ပြောပြပါသည်။

ဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်သူ ဦးပဏ္ဍိတသည် ဆရာတော် နေမကောင်း၍ယခုနှစ်နတ်တော်လ၌ရန်ကုန်သို့လိုက်လာရာ ရွှေတိဂုံဘုရားဈေး၌

အင်ကြင်းပွင့်ကြီးများ ပေါ်နေသဖြင့်နေ့စဉ်လိုလို တစ်ပွင့်တစ်ကျပ်ဖြင့်ဝယ်ယူပြီး ဆရာတော်ကြီးအတွက် ဒွေတိဂုံစေတီတော်ကြီးကို ကပ်လှူသည်။ လုမ္ဗိနီအင်ကြင်း ပင်နှစ်ပင်ကို အင်ကြင်းပင် ကမ္မဋ္ဌာန်းတောရ၌တစ်ပင်၊ ကညွတ်ကွင်း ဝေဘူကမ္မဋ္ဌာန်းတိုက်၌ တစ်ပင်စိုက်ထားရာယခုအချိန်ပွင့်မည်ဟု မျှော်လင့်ခဲ့သည်။ သို့သော် အင်ကြင်းပင်ကမ္မဋ္ဌာန်းမှ အပင်သည် ကဆုန်လတွင်မှ တစ်ခိုင်တည်း သုံးပွင့်ပွင့်သည်မှာ ထူးခြားသည်ဟု ဦးပဏ္ဍိတက စာရေးသူအားမိန့်ကြားသည်။

ယခုနှစ်တရားပွဲများတွင် ဆရာတော်ဘုရားကြီးတရားဟောရင်း မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော့ ဘယ်မှာပြုကြသလဲ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသော တရားများ တွင်တွင်ကြီးဟောတော်မူသည်ဟု တပည့်သီလရှင်ကြီးများက ပြောပြပါသည်။

အင်ကြင်းပင်ကမ္မဋ္ဌာန်းတောရ၌ ဓမ္မာရုံဆောက်ရန်အတွက် ဆရာတော်ဘုရားက ကော်မီတီဖွဲ့ပေးရာ ဦးပဏ္ဍိတက ဥက္ကဋ္ဌ၊ အင်ကြင်းပင်သူကြီး ဦးထွန်းလင်းကဘဏ္ဍာရေးမှူးအဖြစ်တာဝန်ယူရသည်။ ရန်ပုံငွေမှာ ၂၀-ကျပ်သာရှိသဖြင့် ကျဉ်တွယ်တစ်ခုဝယ်ဖို့ပင် အခက်တွေ့နေရာ အာဂန္တုဘုန်းကြီးတစ်ပါးက ငွေ ၂၅-ကျပ်လှူသည်ကို အလှူခံမိသဖြင့် ဆရာတော်ဘုရားကြီးက ဦးပဏ္ဍိတအား "အပင်ကိုလှုပ်ပြီး အသီးကြွေအောင်မလုပ်နဲ့ သူ့ဘာသာသူ ကြွေမှစား"ဟူ၍ မိန့်ကြားဖူးသည်ဟု ဦးပဏ္ဍိတက စာရေးသူကို ပြောပြပါသည်။ နောင်တွင် ဆရာတော်ဘုရားကြီး ဆောက်လိုသောဓမ္မာရုံကြီးမှာ အလှူတကာများပေါ်လာပြီး ထမြောက်သွားသည်။

၁၉၅၅-ခုနှစ်၊ တက္ကသိုလ်ဓမ္မာရုံ၌ နေ့စဉ်တရားဟောရာ လှူဖွယ်ပစ္စည်းများ များစွာရသည်။ ထိုပစ္စည်းများနှင့်ပတ်သက်၍ ဦးပဏ္ဍိတအား "ဒီပစ္စည်းတွေဒို့မပိုင်ဘူး သံဃာ့ပစ္စည်းတွေ၊ သံဃာများကိုလှူဒါန်းခဲ့၊ ဒီလိုလှူတာကို မနှမြောနှင့်"ဟု မိန့်ကြားဖူးသည်။

စစ်ပြီးစတွင် သက်န်းများဆင်းရဲသော်လည်း ဆရာတော်တွင် သင်္ကန်းသစ်များရှိသည်။ သို့သော် မိမိဝတ်ဆဲသင်္ကန်းအစုတ်ကိုဖာထေးပြီး သီတင်းသုံးခဲ့သည်။

ထားဝယ်သို့အလှူရှိသဖြင့် ဆရာတော်သည် ဦးပဏ္ဍိတနှင့်အတူကြွတော်မူသည်။ ထားဝယ်ရောက်လျှင် ခြစ်ခြစ်တောက်ကိုယ်ပူပြီး ဆရာတော်ဖျားနေသည်။ ထိုသို့ဖျားနေသဖြင့် လျှောက်ထားရာ "ကောင်းပါတယ်-ကောင်းပါတယ်"ဟု မိန့်ကြားပြီး တရားဟောမြဲဟော၊ ဆွမ်းဘုဉ်းပေးမြဲ ဘုဉ်းပေးရာ အဖျားပျောက်သွားသည်ကိုလည်း ကြုံဖူးရသည်ဟု ဦးပဏ္ဍိတက စာရေးသူအား ပြောပြသည်။

ဆရာတော်သည်နေ့စဉ်တံမြက်လှည်းတော်မူလေ့ရှိသည်သာမကကျောက်ဆည်ဝေဘူချောင်တွင် ညအခါ ကျောက်သယ်တော်မူပုံရသည်ဟု ဦးပဏ္ဍိတက

ပြောပြဖူးသည်။ အဘယ့်ကြောင့်ဟူမူ မနက်တွင် ဦးပဏ္ဍိတအား "ကျောက်သယ်တာ အညောင်းပြေသွားဗျ" ဟု မိန့်ကြားဖူးသည်ဟူ၏။

ဆရာတော်ဘုရားကြီး အင်ကြင်းပင်ကျောင်းကြီး၌ သီတင်းသုံးစဉ် တပည့်ဖြစ်သူ ဦးစိန်(နောင်တွင် ခယားပင်ကျောင်းဆရာတော် ဦးတေဇိန်)အား ညသန်းခေါင်ချိန်၌ ငါးမိုင်ခန့်ဝေးသော ရွှေသစ်သားဘုရားအားဖူးရန်နှင့်မည်သူမျှမနိုးမီ ကျောင်းအရောက်ပြန်ကြမည်ဟု အမိန့်ရှိရာ ဦးစိန်က အကြောက်လွန်ပြီး ငြင်းလိုက်သည်။ နောင်တွင်မှ မိမိမှားကြောင်းဝန်ခံသည်။

ဆရာတော်ဘုရားကြီးသည် တစ်စုံတစ်ခုပြုလုပ်လိုလျှင် နေ့ညမရွေးဘဲ ဆောင်ရွက်တော်မူတတ်ရာ ရွှေချက်သိုဘုရားတည်သည့် အခန်း၌လည်း တွေ့ရပါသည်။

တစ်ခါက ဆရာတော်ဘုရားသီတင်းသုံးတော်မူသောကျောင်းတွင် ဆရာတော်မရှိဟုအထင်ဖြင့် တိုင်ကပ်နာရီတက်ဖြုတ်ရာ ပြန်အဆင်း၌ ထွက်ပေါက်ရှာမရဖြစ်နေ၏။ ထိုစဉ်ဆရာတော်ဘုရားက "ဟဲ့-ဒကာ ဒီကဆင်း" ဟုလမ်းပြတော်မူသည်ဟူ၏။ တပည့်ရဟန်းများက နာရီဖြုတ်ခိုးသွားကြောင်း လျှောက်ထားသည်တွင် "သူ့ပစ္စည်းသူယူတာပဲဗျာ" ဟု မိန့်ကြားပြီး ဆိတ်ဆိတ်နေ၏။

ရပ်ဝေးမှ တကာတကာမများ လာရောက်ဖူးမြော်ရင်း ငွေကြေးငါးရာမျိုး၊ တစ်ထောင်မျိုး လှူဒါန်းသည့်အခါ ဖျာအောက်ကိုညွှန်ပြလျက် "အဲဒီအောက်ထား၊ အဲဒီအောက်ထား" ဟု အမိန့်ရှိသည်။ ပရိသတ်ကြီးစဲသွားသောအခါ ဆရာတော်လည်း ကြာလိုရာသို့ကြွသည်။ မည်သူ့ကိုမျှ ငွေများသိမ်းရန်မညွှန်ကြားခဲ့ပေ။ ပြန်လည်၍လည်း မကြည့်ဟုဆိုပါသည်။

## (၃၁) ကျောင်းတကာမကြီး ဒေါ်စိန်လွင်

ရွှေဘိုမြို့၌ ဆရာတော်ဘုရား သီတင်းသုံးတော်မူစဉ် တစ်နေ့သ၌ ရွှေဘိုအောင်မြေကျောင်းတိုက်တကာမကြီး ဒေါ်စိန်လွင် (အမိန့်တော်ရရှေ့နေကြီး ဦးအုန်းဖေ၏ဇနီး၊ ယခု ကျောက်မြောင်းတွင် နေထိုင်ကြသည်။)သည် အကြီးအကျယ် မမာမကျန်းဖြစ်သည်။ အမျိုးမျိုးကုသသော်လည်း ရောဂါမရွေ့ကြောင်း နိဗ္ဗာန်ဆော် ဦးတင်အောင်က ဆရာတော်ဘုရားအား လာရောက်လျှောက်ထားပြီး ရေစင်တောင်းခံသည်။

ဆရာတော်ဘုရားကြီးသည်ရေစင်ချီးမြှင့်တော်မူပြီးသံချောင်းထခေါက်တော်မူရာ သံဃာများ၊ ယောဂီနှင့် သီလရှင်များ စုဝေးရောက်ရှိလာကြသည်။ ထိုအခါ ဆရာတော်က ကျောင်းဝိုင်းထဲက ဆူးငြောင့်ကောက်ပြီး အပြင်ကိုပစ်ကြ၊ ပြီးတော့ အင်္ဂါသားသမီးကျန်းမာစေရန် ဆုတောင်းပေးကြ" ဟု မိန့်တော်မူသည်။ ဆရာတော်အမိန့်ရှိသည့်အတိုင်း ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ကြပြီး နှစ်ရက်မြောက်သောနေ့တွင် ဒေါ်စိန်လှိုင်ကိုယ်တိုင် ဆရာတော်ကျောင်းသို့ဆွမ်းလာပို့သည်။ ဒေါ်စိန်လှိုင်မှာ ထူးခြားစွာ နေကောင်းလာခြင်းဖြစ်ရာ ဆရာတော်၏ မေတ္တာတန်ခိုးတော်ပင်ဖြစ်၏။

ဆရာတော်ဘုရားကြီးသည် အဘိညာဉ်ရပုဂ္ဂိုလ်ထူးဖြစ်ကြောင်း ယုံမှားသံသယဖြစ်စရာမရှိအောင် သာဓကပေါင်းများစွာရှိပါသည်။ ဘုန်းကံပါရမီထူးသော အရိယာအရှင်မြတ်တစ်ပါးဖြစ်ပါ၏။ ဆရာတော်ဘုရားကြီးသည် ရရှိပြီးသော အကြားအမြင်ကို သိုသိုသိပ်သိပ် အသုံးပြုတော်မူသည်။

## (၃၂) လက်ရုပ်တော်မူခြင်း

ရန်ကုန်မြို့တွင် နောက်ဆုံး သီတင်းသုံးတော်မူစဉ် ရွှေဘိုအောင်မြေကျောင်းတကာရှေ့နေကြီး ဦးအုန်းဖေ၊ ဒေါ်စိန်လှိုင်တို့၏သား ဦးတင်မောင်မြင့်သည် ဆရာတော်အား ဖူးမြော်ရန် အင်းလေးဓမ္မာရုံသို့ ရောက်ရှိသွား၏။ ဆရာတော်ဘုရားကြီးသည် သင်ဖြူးဖျာပေါ်တွင် လဲလျောင်းလျက် သီးတင်းသုံးနေတော်မူရာ ဦးတင်မောင်မြင့်အားမြင်လျှင် လက်ကိုဆန့်ပေး၏။ ဦးတင်မောင်မြင့်လည်း လက်ကို ဆုပ်နယ်ပေးတော်မူရင်း "ရဟန္တာဆိုလျှင် တံတောင်ဆစ် အဆက်ဟာ ကွင်းဆက်ဖြစ်ရမယ်၊ ငါစမ်းကြည့်မှ"ဟု အကြံဖြစ်လျှင် ဆရာတော်ဘုရားကြီးသည် ဆန့်ထားသောလက်ကို ပြန်ရုပ်သိမ်းသွားတော်မူမှ ဦးတင်မောင်မြင့်လည်း စိတ်မကောင်းဖြစ်ရ၏။ ဆရာတော်ဘုရားကြီးသည် သူတစ်ပါး စိတ်ကူးအကြံကို သိတော်မူပါကလားဟု ယုံကြည်မိပါသည်ဟု စာရေးသူအား ရှင်းပြပါသည်။

## (၃၃) မည်သူကတံခါးဖွင့်ပေးသနည်း

ရန်ကုန်မြို့တွင် နောက်ဆုံး သီတင်းသုံးသွားသော အချိန်က ရောဂါဖိစီးတိုက်ခိုက်မှုဒဏ်ကို အလူးအလဲ ခံနေရသောအချိန်မှုလွဲ၍ ကိုယ်ဘိုင် ဆွမ်းခံထွက်ခဲ့သည်။ မကြွနိုင်သည့်အဆုံး ဆရာတော်ဘုရားကြီးကိုယ်စား သပိတ်တော်ကို လွှတ်လိုက်လျှင်လည်း လှူဒါန်းသူတို့ တိုးမပေါက်အောင် ကြည်ညိုကြသည်။

သီတင်းသုံးရာ အင်းလေးဓမ္မာရုံ၌လည်း လှူဒါန်းသူ၊ ဖူးမြော်သူများဖြင့် သူ့ထက်ငါ တိုးမပေါက်အောင် နေ့ညမပျက် စည်ကားလျက်ရှိသည်။

ရန်ကုန်မြို့ ဆူးလေ ဗဟိုမီးသတ်မှ မီးသတ်အရာရှိ ဦးချစ်အောင် ပြောပြ၍ မှတ်လိုက်ရသော အဖြစ်အပျက်တစ်ခုလည်း ရှိပါသည်။ ပန်းဘဲတန်းနှင့် ကျောက်တံတားမြို့နယ် ပညာရေးမှူး ဒေါ်သန်းသန်းတင့်၊ ဒေသန္တရ ဆရာဝန် ဒေါ်သန်းသန်းတင်၊ ဦးအေးမောင်နှင့်အတူ ဦးချစ်အောင်တို့အဖွဲ့သည် သင်္ကန်းကပ်လှူရန်အတွက် အင်းလေးဓမ္မာရုံသို့ ရောက်ရှိသွားကြသည်။

ည ၉-နာရီ ရှိပြီဖြစ်၍ ဆရာတော်အခန်းမှာ တံခါးပိတ်ပြီးဖြစ်၏။ ဦးချစ်အောင်ကပင် အာရုံပြုပြီး တံခါးတောင်းရာ တံခါးဖွင့်သံကြားရသဖြင့် မီးရထားမင်းကြီး ဦးသိန်းညွန့်က စက္ကန့်ပိုင်းအတွင်း မီးဝင်ဖွင့်ပေးသည်။ သို့သော် တံခါးနှင့် ပေ ၅၀ ခန့်အကွာတွင် ဆရာတော်သည် ထိုင်လျက်သား သီတင်းသုံးနေသဖြင့် များစွာ အံ့သြကြရသည်။

## (၂၄) ဆရာတော်ဘုရားကြီး၏ နှစ်လိုဖွယ်သော ဂုဏ်ထူးဝိသေသများ

တကာမများက လှူဒါန်းသော လှူဖွယ်ပစ္စည်းများနှင့်ပတ်သက်၍ လက်ခံရာတိုင်း၌ ဆရာတော်ဘုရားသည် အစဉ်အမြဲ သီတင်းသုံးလျက် နေတော်မူသည်။

ရပ်နီးမှ လည်းကောင်း၊ ရပ်ဝေးမှ လည်းကောင်း ဆရာတော်ဘုရားအား လာရောက်ဖူးမြော်ကြသော တကာ၊ တကာမများကို ဓမ္မဓိဋ္ဌာန်ကျကျ တူညီသောစကားများ၊အဆိုအမိန့်များ၊ မေးခွန်းများကို ငြိမ်းချမ်းအေးမြစွာ ပြောဆိုဆုံးမ မေးမြန်းလေ့ရှိတော်မူသည်။

ရပ်နီးရပ်ဝေးမှ လာရောက်ကြသော၊ လူပုဂ္ဂိုလ်၊ရဟန်းပုဂ္ဂိုလ်များအား "ဘယ်ကလာကြပေတာတုန်း၊ အော်....အဝေးကြီးက တကူးတက လာကြတာကိုး၊ ကောင်းဗျ၊ ကောင်းဗျ မြတ်စွာဘုရား အလိုတော်ကျ ကျင့်ကြံအားထုတ်နိုင်ရင် ကောင်းဗျ၊ ကောင်းဗျ"

ဆရာတော်ဘုရားသည် အစားအသောက်နှင့်ပတ်သက်၍ အာရုံထားခြင်းမရှိ။ မိမိအား လာရောက်ကပ်သမျှသော ဆွမ်းခဲဖွယ်များကို ကပ်သမျှ ကောင်းတာပဲဟု ယုံကြည်တော်မူသည်။မည်သည့်ဟင်းလျာကိုသာ ဘုဉ်းပေးလိုကြောင်း မည်သည့်အခါမျှ မိန့်ကြားခြင်းမရှိ၊ ဆရာတော်ဘုရားကြီးသည် ကျန်းမာရေးအတွက် သီးခြားမှီဝဲခြင်းမျိုးမရှိ၊ ကပ်သမျှကိုသာမှီဝဲပြီး လက်ခံတော်မူသည်။ မိမိအားကပ်သော ပွဲပေါင်းတစ်ရာရှိလျှင် တစ်ရာလုံး လက်တော်ဖြင့် ထိတွေ့တော်မူသည်။ထိုသို့ထိတွေ့ရာ မိမိမကြိုက်သောဟင်းလျာပါရှိပါက မကောင်းဟု မိန့်ကြားခြင်းမရှိ၊မကောင်းသော်အရာလည်း အကောင်းဟုသာ လက်ခံယုံကြည်တော်မူလေသည်။

ဆွမ်းဘုဉ်းပေးတော်မူရာ၌လည်း ချမ်းသာသောအလှူရှင်၏ ဆွမ်းကို အပို ဆင်းရဲသော ကုသိုလ်ရှင်၏ဆွမ်းကို အလိုဟူ၍ အပို-အလို ခွဲခြားသတ်မှတ်တော်မူခြင်း လုံးဝမရှိ၊ ပကတိအတိုင်း တည်ငြိမ်မျှတစွာ အချိုးညီ ဘုဉ်းပေးသုံးဆောင်တော်မူသည်။

ဆရာတော်ဘုရားကြီးသည် ဓမ္မာဓိဋ္ဌာန်ကျသည့် အလှူခံမှု၊ ဆွမ်းဘုဉ်းပေးမှုများမှာ လူတိုင်း လက်ဖျားခါလျက် ကြည်ညိုစရာအဖြစ် ထင်ရှားကျန်ရစ်ခဲ့သည်။

တစ်ခါက အရာရှိတစ်ဦးသည် ဝေဘူချောင်သို့ ကြုံကြိုက်တုန်း ဆရာတော်ဘုရားကြီးအား ပဌမအကြိမ်မြောက်ဖူးမြော်ရာတွင်လည်း ''တကာကြီးဘယ်က လာတာတုန်း''ဟု ရှေးအခေါက်များကဲ့သို့ပင် မေးမြန်းနေတော်မူသဖြင့် အံ့သြနေပြီးမှ တဖြည်းဖြည်း သတိတရားရလာခါ 'အော်....တစ်လောကလုံးကို ဥပေက္ခာ ပြုထားတော်မူဟန် တူပါပေသည်''ဟု ချီးကျူးတော်မူခဲ့၏။

## (၃၂) လွယ်လွယ်ဖြင့် ခွင့်ပြုရန် ဆန္ဒမရှိ

ဆရာတော်ဘုရားကြီးသည် ဒုလ္လဘ ရဟန်းများကိုဖြစ်စေ၊ သီလရှင် ယောဂီများကိုဖြစ်စေ လွယ်လွယ်ဖြင့် ထွက်ခွင့်မပြုပေ။ တရား အားထုတ်စေချင်သောဆန္ဒဖြင့် တတ်အားသမျှ ရက်အတန်ငယ် ဆွဲတော်မူ၏။

ကျောက်ဆည်မြို့ ကံဦးရပ်မှ သတင်းထောက် ဦးဖေမြင့်နှင့် အပေါင်းအသင်းများ ဆရာတော်ဘုရားကြီးထံ ရဟန်းခံ၍ တရားအားထုတ်ကြသည်။ ရက်စေ့သဖြင့် သိက္ခာချပေးရန် ဆရာတော်ဘုရားကြီးအားလျှောက်ထားတော်မူကြရာ ''တို့များတော့ဗျာ မြင့်မြတ်ရာဘဝကနေပြီး နိမ့်ရာကိုဆင်းဖို့အတွက် အားမပေးချင်ပေါင်ဗျာ။ မြင့်သည်ထက်မြင့်ရာကိုသာ ပို့ချင်ဒါပါဗျာ။ နေကြဦးဗျာ''ဟု သုံးကြိမ်သုံးခါ တားမြစ်တော်မူသည်။

ဦးဖေမြင့်တို့ အဖွဲ့ကလည်း လခစားများဖြစ်ကြ၍ အလုပ်ဝင်ရမည်ဖြစ်ကြောင်း လျှောက်ထားတော့မှ ''မရရင်လဲ သိက္ခာ ချပေးရတာပေါ့ဗျာ။ လူ့ဘဝရောက်တဲ့အခါလဲ ယခုလိုဆက်လက် ကျင့်ကြံ အားထုတ်ကြဗျာ''ဟု ပြောဟောပြီးမှ ခွင့်ပြုတော်မူ၏။

ဆရာတော်ဘုရားကြီးသည် သတိတရားရ၍ သာသနာ့ဘောင်သို့ ဝင်လာပြီးသူများအား ပြန်လွှတ်တော် မမူလိုပေ။ သို့သော် သာသနာတော်ဘောင်းသို့ အမျိုးမျိုးသောပုံစံဖြင့် ဝင်ရောက်ကျင့်ကြံ အားထုတ်တော်မူသော ပုဂ္ဂိုလ်တို့သည်လခစားသော်လည်းကောင်း၊ကုန်သည်ပွဲစားသော်လည်းကောင်း၊နေ့လုပ်နေ့စားသော်လည်းကောင်းဖြစ်ရာ အရှည်ကြာစွာ မနေနိုင်သဖြင့် ခိုင်လုံသောအကြောင်းပြချက်ဖြင့် လျှောက်ထားကြသဖြင့် ခွင့်လွှတ်တော်မူသည်။

## (၃၆) သေဘေးကို မြင်တော်မူ၍

သို့သော် တစ်ခုသောခွင့်မလွှတ်ခြင်း ပြဿနာ၌မူ ဘေးအန္တရာယ်ကို မြင်တော်မူ၍ တားမြစ်ရာတွင် ဆိုင်ရာပုဂ္ဂိုလ်များက မသိသဖြင့် အသက် ဆုံးရှုံးရသော အဖြစ်သို့ပင် ရောက်ရှာ၏။

ကျောက်ဆည် မူလဂန္ဓကုဋိ ဒါယကာ မိတ္ထီလာအရေးပိုင် ဦးဘထိုက်မှာ ခွင့်ယူပြီး တရားထိုင်နေရာမှ ခွင့်စေ့၍ ပြန်မည်လျှောက်ရာ ''ဆယ်ရက်လောက် နေပါဦး''ဟု ဆရာတော်ဘုရားက တားမြစ်တော်မူ၏။

ဦးဘထိုက်ကလည်းခွင့်စေ့သဖြင့် မဆိုင်းနိုင်ကြောင်း လျှောက်ထားရာ ''ခုနစ်ရက်ကောဗျာ၊ အနည်းဆုံး သုံးရက်လောက်''ဟု အဆင့်ဆင့်လျှော့ပြီး တားတော်မူသော်လည်း အလုပ်တာဝန်များပြား၍ ပင်စင်ယူပြီးမှ ဆရာတော် သဘောကျ တရားပြန်ဝင်မည်ဟု လျှောက်ထား၏။

နောက်ဆုံး တားမရသဖြင့်ခွင့်လွှတ်တော်မူ၍ ရထားနှင့်အပြန် မန္တလေး နှင့် မတ္တရာကြားမှာပင် မိုင်းဗုံးထိ၍ ကွယ်လွန်ရရှာသည်။

**(ဓမ္မာစရိယ ဦးဌေးလှိုင်ပြုစုသော ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများမှ)**

## (၃၇) စိတ်ချမ်းမြေ့ရာသို့

ပြန်မည့်တကာ၊ တကာမတစ်ဦးဦးသည် ဆရာတော်ဘုရားကြီးအားသွားရောက် ဝတ်ပြုပြီး ''ဦးတင်ပါသည်ဘုရား''ဟု လျှောက်လျှင် ဆရာတော်ဘုရားကြီး သည် အမြဲတစေ ''တကာကြီး စိတ်ချမ်းမြေ့တဲ့နေရာကို ကြွပါတော့''ဟု မိန့်ဆို လေ့ရှိသည်။

စိတ်ချမ်းသာမည်ဆိုလျှင် သင်္ချိုင်းကို သွားသွား၊ စိတ်မချမ်းသာလျှင် ရုပ်ရှင်ပွဲကြည့်ကြည့် စိတ်ချမ်းမြေ့စရာမရှိ။ ဤသဘောကို ဆောင်ခြင်းဖြစ်၏။

## (၃၈) သူခိုးမှန်းသိသော်လည်း

ကျောက်ဆည်မြို့တွင် သီတင်းသုံးစဉ် ဆရာတော်ဘုရားကြီးကျောင်းမှ ပစ္စည်း များမကြာခဏ ပျောက်သဖြင့် ညအခါစောင့်အိပ်ကြလျှင် ဆရာတော်ဘုရားက လက်မခံချေ။ တရားအားထုတ်ကြဖို့သာ တွင်တွင် ဟောတော်မူသဖြင့် လျှို့ဝှက် စောင့်ကြရသည်။

တစ်နေ့တွင် ဆရာတော်ဘုရားကြီး သီတင်းသုံးရန် ကော်ဇောတစ်ချပ် လာလှူရာ ညဘက်တွင် သူခိုးက တံခါးတောင်း၍ကန်တော့ပြီး မိမိတွင်ပါလာ သော ပုဆိုးကိုဖြန့်ခင်း၍ ဆရာတော်ဘုရားအား ကော်ဇောမှ ကြွတော်မူရန် လျှောက်ထား၏။ ဆရာတော်ဘုရားကြီးသည် ကော်ဇောပေါ်မှ ဖြန့်ခင်းထား သော ပုဆိုးပေါ်သို့ကြွ၍ သီတင်းသုံးတော်မူသည်။ သူခိုးမှာ ကော်ဇောကို ခေါက်ယူပြီးနောက် ကော်ဇောခင်းခဲ့သောနေရာသို့ ပြန်ကြွရန်လျှောက်ထားရာ ပြန်ကြွပေးသည်။ သူခိုးသည် မိမိလုံချည်ကို ပြန်ယူပြီး ဝတ်ဖြည့်၍ကျောင်းပေါ် မှဆင်းသွား၏။ ဤနည်းဖြင့် ဆရာတော်ဘုရားကြီး ကျောင်းပေါ်မှ အဖိုးတန် ပစ္စည်းများ မကြာခဏ ပျောက်ဆုံးခဲ့ရသည်။

## (၃၉) ဘိုးမင်းခေါင်နှင့် ဆက်သွယ်မှုရှိခြင်း

အင်ကြင်းပင်ကမ္မဋ္ဌာန်းတောရတွင် ယခုအခါ မြို့ပျက်နေသော ဝေဘူဆရာတော်ဘုရားကြီးတည်ထားကိုးကွယ်ခဲ့သော တိလောက သဗ္ဗညုစေတီတော် ထီးတော်မှာ ဘိုးမင်းခေါင် ကုသိုလ်ပါဝင်ကြောင်း သိရသော်လည်း တိကျခိုင်လုံသော အချက်အလက်များ မရရှိသဖြင့် ပယ်ထားခဲ့ပါသည်။ သို့သော် ခန်းဖွင့်ပွဲတော်သို့ ဒုတိယအခေါက် ကျွန်တော် ရောက်သောအခါ ထိုအချက်အလက်များ ပြည့်ပြည့်စုံစုံ ရရှိခဲ့ပါသည်။

**ပထမအကြိမ်**

အချိန်အားဖြင့် ၁၃၁၀-ခုနှစ်တွင် ဖြစ်ပါသည်။ ၁၃၁၁-ခု ကဆုန်လပြည့်နေ့တွင် တိလောက သဗ္ဗညုစေတီ ထီးတော်တင်နိုင်ရေးအတွက် ဝေဘူဆရာတော် ဦးကုမာရကိုယ်တိုင် ကြိုးပမ်းလျက်ရှိ၏။ ထိုအချိန်တွင် ဝေဘူဆရာတော်မှာ ကျော်ကြားစ အချိန်ဖြစ်ပြီး ပုပ္ပားတွင်လည်း ဘိုးမင်းခေါင်ဆိုသော ပုဂ္ဂိုလ်ကြီးကလည်း ကျော်ကြားလျက်ရှိပြီ ဖြစ်၏။

ထိုအချိန်မှာပင် မန္တလေးမြို့ အသောကာရုံတိုက် ထန်းတပင်ကျောင်းတွင် ဦးအာဒိစ္စနှင့် ဦးစန္ဒိမာတို့ ပဋ္ဌာန်းနှစ်ပါးမှာလည်း စာသင်ကြားလျက်ရှိပြီး တစ်နေ့တွင် ဦးအာဒိစ္စက ဘိုးမင်းခေါင်ဆိုသော ပုဂ္ဂိုလ်ကြီးသည် ပုပ္ပား၌ ထင်ရှားကျော်ကြားနေသဖြင့် သွားရောက်လေ့လာရန် ခေါ်သဖြင့် ဦးစန္ဒိမာ လိုက်သွားခဲ့၏။

ဦးစန္ဒိမာနှင့် ဘိုးမင်းခေါင်တို့ သိကျွမ်းရင်းနှီးလျှင် အင်ကြင်းပင်စေတီတော်ကြီး ထီးတော်တင်ရန်ရှိ၍ မိမိထီးလှူချင်ကြောင်း ဘိုးမင်းခေါင်က လျှောက်ထားရာ ဦးစန္ဒိမာကိုယ်တိုင် ခင်ဦးမြို့နယ် အင်ကြင်းပင်သို့ ကြွသွားပြီး ဝေဘူဆရာတော်ဘုရားကြီးအား ဘိုးမင်းခေါင် လျှောက်ထားချက်ကိုလျှောက်ထားသောအခါ "ကောင်းပါ့ဗျာ၊ ကောင်းပါ့ဗျာ"ဟု မိန့်တော်မူ၏။

ဦးစန္ဒိမာသည် အင်ကြင်းပင်သို့ ရောက်ရှိခိုက် ဝေဘူဆရာတော်၏ နိသျကိုခံယူ၍ တရားကျင့်ကြံသေး၏။

တစ်ည တရားမှတ်ရင်း မိမိရင်ဘတ်ပေါ်မှ ဝေဘူဆရာတော် ဈာန်ဖြင့်ကြွသွားကြောင်း ဖူးတွေ့လိုက်ရသဖြင့် ချက်ချင်းထ၍ ဆရာတော်၏ ထန်းရွက်တဲထဲဝင်သွားပြီး ဆရာတော်ဘုရားကြီးအား ဝတ်ဖြည့်ဆဲမှာပင် "ရန်ကုန်လက်မှတ်ယူထားပြီး ဘာကြောင့်လမ်းဘူတာဆင်းရတာလဲ"ဟု ဆီးမေးသဖြင့် တပည့်တော် သဘောပေါက်ပါပြီ ဘုရား"ဟု ပြန်လျှောက်လိုက်သောအခါ ဆရာတော်ကြီးက "ဒုတ္ထာ၊ ကျောက်ချဉ်၊ ပင်လယ်ရေမြှုပ်ဗျ"ဟု မိန့်ကြားပါသည်။ ထိုမိန့်ကြားချက်ကို ယနေ့တိုင် အဓိပ္ပာယ်ဖော်မရဖြစ်ဆဲဟု ဆိုပါသည်။

ထီးတော်တင်ခွင့်ပြုကြောင်း ဘိုးမင်းခေါင်သို့ ပြန်ပြောပြသောအခါ ထီးကိစ္စ၌ မိုးညှင်းဆရာတော်ဘုရားကြီး ဆန္ဒအရ အလှူမြို့ပွဲစားကြီး ဦးဆိုးပေ၊ ဒေါ်တင်တင်တို့ကကျပ်ငွေ ၄၀၀၀ိ၊ ဘိုးမင်းခေါင်က အလှူခံပုံးများမှစုဆောင်း ရငွေ ၁၄၀၀ိ စုစုပေါင်း ကျပ် ၅၄၀၀ိ ဖြင့် ထီးတော်တင်လှူပါသည်။

**ဒုတိယအကြိမ်ဆက်သွယ်ခြင်း**

ဒုတိယအကြိမ် ဘိုးမင်းခေါင်နှင့် ဝေဘူဆရာတော်တို့ ဆက်သွယ်မှုတွင် ဦးစန္ဒိမာကပင် ဆောင်ရွက်ပေးရသည်။ ဘိုးမင်းခေါင်က ကမ္ဘာလုံး တံဆိပ် သင်းပိုင်၊ ဗန္ဒုလတံဆိပ်ကေသီကို ဝေဘူဆရာတော် ဦးကုမာရကို ပေးလှူရန် စေလွှတ်ပြန်သည်။ မိမိခေါင်းကို လက်ဖြင့် သတ်လိုက်သောအခါ ဆံပင်တစ် ချောင်းပါလာရာ ၎င်းဆံပင်ပါ ဝေဘူ ဆရာတော်အား လှူခဲ့ပါဟု ဘိုးမင်းခေါင်က လျှောက်လိုက်၏။

ဦးစန္ဒိမာသည် ထိုအချိန်က ဝေဘူဆရာတော် သီတင်းသုံးနေသော ရွှေဘို အောင်မြေသို့ လိုက်သွားရာ မှောင်စပျိုးချိန် ရောက်သွားသည်။ ဆရာတော် ဘုရားကြီးအား ဘိုးမင်းခေါင် ဆက်ကပ်လိုက်သောဆံပင်ကို ကပ်လှူရာလက်ခံ ပြီး ခေါင်းအုံးကြားထားလိုက်သည်။ သင်္ကန်းမှာ အချိန်မရသဖြင့် နံနက်တွင်မှ ကပ်ရ၏။ ဆွမ်းခံကြွခါနီးချိန်တွင်ဆပ်ကပ်ရာ "အခုချိုးမြင့်ရမည်လား"ဟု မိန့် သဖြင့် "ချိုးမြင့်ပါဘုရား"ဟု လျှောက်လျှင် ချက်ချင်း လဲဝတ်တော်မူသည်။ သင်္ကန်းအဟောင်းကို ဦးသုမနက သိမ်းယူသောအခါ ခြေဖြင့် ဖိထားပြီး ဦးစန္ဒိမာယူမှ ကြွပေးတော်မူသည်။

ဦးစန္ဒိမာက သင်္ကန်းဟောင်းကို ပေါင်ပေါ်တင်၍ ကိစ္စပြီးခဲ့ကြောင်း ပြောရာ ဘိုးမင်းခေါင်က သင်္ကန်းကိုယူပြီး လက်ဖြင့်ပိုက်၍ "သာသနာကြီး ရောက်လာပြီ၊ သာသနာကြီးရောက်လာပြီ"ဟု အားရဝမ်းသာရှိတော်မူသည်။ ထိုနောက် ခေါင်းဖြင့်ရွက်၍ ရှင်ဥပဂုတ်မြသပိတ်ပေါ်တင်ထားလိုက်လေသည်။

ဘိုးမင်းခေါင် ကပ်လှူလိုက်သော သင်္ကန်းမှာ မန္တလေးမြို့ ၂၇-လမ်းမှ အမေရင် (ဖွားဖွားရင်)၏ ကောင်းမှုဖြစ်သည်ဟု ဆိုပါသည်။

ဆက်သွယ်ပေးရသော ဦးစန္ဒိမာကိုယ်တော်မှာ ဟသ်ာတမြို့နယ် ဓမ္မဇာတိ ဖြစ်၍ ယခုအခါ ဝေဘူဆရာတော်ဘုရားကြီးဈာပန ဗဟိုကော်မီတီဒုတိယဥက္ကဋ္ဌ ဖြစ်ပြီး စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီတော်ကို ထိန်းသိမ်းစောင့်ရှောက်ကာ ခနုဖြူချောင်တွင် သီတင်းသုံးလျက်ရှိ၏။

## (၄၀) ဆဋ္ဌသင်္ဂါယနာပွဲသို့ ပင့်ဖိတ်ခံတော်မူခြင်း

၁၃၁၅ (၁၉၅၃) ခုနှစ်တွင် မီးရထားမင်းကြီး ဦးသိန်းညွန့်၊ ဦးကြည်ဝင်း တို့က ဆရာတော်အား ရန်ကုန်သို့ကြွရန် ရွှေဘိုအောင်မြေတွင် သီတင်းသုံးစဉ် လာရောက် ပင့်ဖိတ်ကြသည်။

ထိုအချိန်က ဆရာတော်၏တပည့်ရင်းဖြစ်သူ ဦးသုမနသည် ဆရာတော် အား ရန်ကုန်သို့ပင့်လိုပါက အင်ကြင်းပင်သို့ လိုက်ခဲ့ရန် ဦးသိန်းညွန့်အား ခေါ်သွားသည်။ အင်ကြင်းပင်တောရ ကမ္မဋ္ဌာန်းကျောင်းသို့ ရောက်သောအခါ အဆောက်အဦကြီးများဟူ၍မရှိဘဲ ဝါးတဲ၊ သက်ငယ်တဲများသာရှိ၍ တရား ထိုင်သည့် ယောဂီပုဂ္ဂိုလ် များသည်လည်း သစ်တစ်ပင်ရင်း ဝါးတစ်ပင် အောက်၌ တရားထိုင်ကြရသည်။

ထိုကမ္မဋ္ဌာန်း ကျောင်းထဲ၌ ပထမ သဲပုံစေတီ၊ ထိုမှ ကိုးတောင်ပြည့်၊ ၎င်းနောက် ၂၁-တောင်ရှိ ရှစ်မျက်နှာ၊ နောက်ဆုံးထပ်၍မွမ်းမံလိုက်သောအခါ တိလောက သဗ္ဗညုစေတီတော်ဖြစ်လာရာ ၁၃၁၁-ခုနှစ် ကဆုန်လပြည့်နေ့ ထီးတော်တင်ပါသည်။ သို့တိုင်အောင် ထန်းရွက်မိုးတဲကျောင်းများသာရှိသည်။ ထည်ထည်ဝါဝါဆို၍ ဦးကြာဇံ၏ တိုက်ကျောင်းသာ ရှိသည်။ (ယခုအခါ စေတီတော်ကြီး မြို့ကျရာ၌ ပိမိပြီး ပျက်စီးသွားသည်။)

ဦးသိန်းညွန့်သည် ဆရာတော်၏မွေးရာမြေ အင်ကြင်းပင် ကျောင်းကြီး ကို ခေတ်မီအောင် ပြုပြင်ပေးပါမည်ဟု ဦးသုမနအား ကတိခံသည်။ သို့ဖြစ်၍ ဆရာတော်အား အင်ကြင်းပင်၌ သီတင်းသုံးမည့်ရက်ထမ်းပေး၍ ရန်ကုန်မြို့သို့ ကြွတော်မူလေသည်။

ဆရာတော်သည် ထိုနှစ်ရွှေဘိုမှကြွသည်တွင် နိဗ္ဗာန်ဆော် ဦးတင်အောင် နှင့် ဦးချစ်မောင်တို့ လိုက်ပါသွားသည်။ ရန်ကုန်တက္ကသိုလ် ဓမ္မာရုံ၌ သီတင်းသုံး ၍ တရားရေအေး တိုက်ကျွေးတော်မူရာ သမ္မတဟောင်း စပ်ရွှေသိုက်ကိုယ်တိုင် ဆရာတော်အား လာရောက်၍ ဝေယျာဝစ္စ ဆောင်ရွက်ပေးသည်။

သို့သော် ထိုထက်စော၍ ဆရာကြီးဦးဘခင်၏ပင့်ဖိတ်ချက်အရ ရန်ကုန်မြို့ အင်းလျားမြိုင်လမ်း ဓမ္မရောင်ခြည် တည်ရာသို့ ပထမဆုံး ကြွရောက်တော်မူဖူး သည်ဟုဆိုလေသည်။

ဆရာတော် တက္ကသိုလ်ဓမ္မာရုံ၌ သီတင်းသုံးစဉ် ရန်ကုန်မှ ကျားကူး ဆရာတော်နှင့် တံတားဆရာတော်တို့ လာရောက်တွေ့ဆုံ၍ ဆဋ္ဌမသင်္ဂါယနာ တင်ပွဲနီးပြီဖြစ်သဖြင့် ဆရာတော် တက်ရောက်စေလိုကြောင်း၊ ပရိယတ်မှာ ပြည့်စုံပေမယ့် ပဋိပတ်တွင် ဆရာတော်ပါမှ ပြည့်စုံမည်ဖြစ်ကြောင်း လျှောက် ထားကာ ပြန်ကြွတော်မူကြသည်။

ထိုရက်အတွင်း ရန်ကုန်မြို့တွင် သူ့ရုပ်ကွက်လိုက် ဆွမ်းခံထွက်ရာ နိုင်ငံတော်သမ္မတဟောင်း စပ်ရွှေသိုက်ကိုယ်တိုင် နောက်မှသပိတ်ပိုက်၍ လိုက်သည်။

ဆရာတော်ကြွရာလမ်းအတိုင်း ယာဉ်အသွားအလာကို ယာဉ်ထိန်းရဲများက ထိန်းသိမ်းပေးရသည်။ ကြည်ညိုသူ လူအပေါင်းတို့တိုးမပေါက်အောင် စည်ကားသည်။

ဆရာတော်သည် နေ့စဉ်ရသော လှူဖွယ်ပစ္စည်းများကို အလှူခံခဲ့သည့် ရပ်ကွက်များမှ ကျောင်းပေါင်း ၂၀-အား အညီအမျှခွဲဝေ လှူဒါန်းတော်မူသည်။ အဆိုပါပစ္စည်းများကို တပည့်ရင်း ဦးသုမနက သွားရောက်လှူဒါန်းသောအခါ ပစ္စည်းများ အဆမတန် များပြားလွန်းနေသဖြင့် ရန်ကုန်မိုးညှင်းဆရာတော်ဘုရားကြီးက "ငါတန်ခိုးကြီးလှပြီလားလို့ အောက်မေ့နေတာ လက်စသတ်တော့ မောင်ဝေဘူရဲ့ မီးဖိုချောင်လောက် ရှိပါသေးလား"ဟု ရယ်ရယ်မောမောဖြင့် မိန့်တော်မူသည်ကို ဦးသုမနနှင့် အတူပါသွားသူ ဦးတင်အောင်ကိုယ်တိုင် ကြားသိခဲ့ရသည်ဟု ဆိုပါသည်။

ဆဋ္ဌသင်္ဂါယနာ တင်ပွဲတွင် ဖိတ်ကြားခြင်းခံရတော်မူသော ဝေဘူဆရာတော်ဘုရားသည် ပထမနေ့တွင် အထူးဧည့်သည်တော် အခန်း၌ နေတော်မူ၏။ ဒုတိယနေ့တွင် မစိုးရိမ်ဆရာတော်နှင့်အတူ အလယ်ထပ်၌ သီတင်းသုံးရသည်။

တတိယနေ့၌ ညောင်ရမ်းဆရာတော်ဘုရားနှင့် အမြင့်ဆုံးနေရာတွင် နေရာပေးခြင်း ခံယူတော်မူပြီးနောက် ညောင်ရမ်းဆရာတော်ဘုရားကြီးသည် ဝေဘူဆရာတော်ဘုရားအား လိုဏ်ဂူပေါက်ထိ လိုက်ပို့ကာ ပရိသတ်တို့အား "ဝေဘူဆရာတော်ဟဲ့ ဖူးကြဖူးကြ"ဟု မိန့်တော်မူသည်။

သင်္ဂါယနာတင်ပွဲ ပြီးလျှင်ပြီးခြင်း ရွှေဘိုမြို့သို့ပြန်ကြွလာရာ ထိုအချိန်က ရန်ကုန်ဘူတာကြီးကို အသစ်တည်ဆောက်ပြီးဖြစ်၍ မီးရထားမင်းကြီး ဦးသိန်းညွန့်ကို အကြောင်းပြုပြီး ရန်ကုန်ဘူတာရုံသစ်ကြီးအား ပရိတ်ရွတ်ကာ ဝေဘူဆရာတော်ဘုရားကြီးက ဖွင့်လှစ်ပေးခဲ့သည်။ ဘူတာရုံကြီးကို ဝေဘူဆရာတော်သည် သံဃာအပါး ၂၀-ဖြင့် မေတ္တာသုတ်ရွတ်ကာ ဖွင့်လှစ်ပေးတော်မူသည်။

## (၄၁) သီလရှင် မေဓာဝီဘွဲ့ ပေးဘော်မူခြင်း

ဆရာတော်ဘုရား သီဟိုဠ်သို့ ကြွတော်မူပြီး နောက်တစ်နှစ်တွင် သီဟိုဠ်မှ ဦးလောကနာထ အမှူးပြုပြီး အင်္ဂလိပ်သူဌေးကြီးဇင်၊ အမေရိကန်သူတစ်ဦးနှင့် အာရောမတို့ လာကြ၏။

ဧည့်သည်များအား ရွှေဘိုတွင် ဦးထွန်းဖေကလည်းကောင်း၊ မန္တလေးတွင် ဒေါက်တာ ဆိုနီကလည်းကောင်း၊ ရန်ကုန်တွင် ဦးသိန်းညွန့်ကလည်းကောင်း ဧည့်ခံကျွေးမွေးကြ၏။

အမေရိကန်သူသည် ဆရာတော်အား "တပည့်တော်လဲမချမ်းသာ၊ဆွေမျိုးသားချင်းလဲမချမ်းသာ၊နိုင်ငံလဲမချမ်းသာပါဘုရား"ဟု လျှောက်ထားသည်။

ဆရာတော်က "ငါတို့ဘုရားက နင်လဲ ချမ်းသာ၊ ဆွေမျိုးသားချင်းလဲ ချမ်းသာ၊ နိုင်ငံလဲ ချမ်းသာတဲ့နည်း ပေးမည်"ဆိုပြီး ကမ္မဋ္ဌာန်းကို ထိုင်ခိုင်းရာ နာရီဝက်အတွင်း ရုပ်နာမ် ကွဲပြားသိ၍ တရားထူး တွေ့သွားသည်။

၎င်းအမေရိကန်သူသည် အာရှေမတို့ပြန်သောအခါ ပြန်မလိုက်တော့ဘဲ ဆရာတော်ထံတွင် ဗုဒ္ဓဘာသာအခြေခံယူကာ သီလရှင်ဝတ်ပြီးနေခဲ့သည်။ ၎င်းအမေရိကန်သူကို မေဓာဝီဟု ဆရာတော်က သီလရှင်ဘွဲ့ပေးသည်။ ၎င်းမေဓာဝီသည် ရွှေဘို၌ သုံးနှစ်ခန့်နေသွားသည်။သုံးနှစ်ခန့်အကြာ အမေရိကန်မှ ၎င်း၏ဖခင် လိုက်လာပြီး ပြန်ခေါ်သွား၏။

အမေရိကန်ပြည်သို့ မီးရထားမင်းကြီး ဦးသိန်းညွန့် ရောက်သွားသောအခါ မေဓာဝီ၏ မိဘများသည် တွေ့မပေးချေ။ အကြောင်းမှာ မေဓာဝီ မြန်မာပြည်သို့ ပြန်လိုက်မည်စိုး၍ ဖြစ်ပါသည်။

မေဓာဝီ၏မိဘများသည် ဦးသိန်းညွန့်နှင့် တွေ့မပေးသော်လည်း ဆရာတော်အား လှူချင်သော ပစ္စည်းများကို လှူပါ။ ဝယ်လှူမည်ဟု ပြောသဖြင့် မေဓာဝီက ဆရာတော်အား ကားတစ်စီးနှင့် ဆရာတော် ပုံတူ ဆေးရေး ပန်းချီကားတစ်ချပ် လှူဒါန်းလိုက်သည်။

၎င်းမေဓာဝီလှူသောကားမှာ ဆလွန်းကားဖြစ်၍ ယခုရွှေဘိုအောင်မြေတွင် ရှိသည်။ရွှေဘိုတွင် သီတင်းသုံးစဉ် ၎င်းကားကို ဆရာတော်အသုံးပြုသည်။

## (၄၂) ရွှေချက်သိုစေတီ တည်တော်မူခြင်း

ဆရာတော်ဘုရားကြီးသည် အင်ကြင်းပင်ရွာသား ဖြစ်သော်လည်း မိမိမွေးရာ အင်ကြင်းပင်ရွာထဲသို့ ကြွလေ့ကြွထမရှိ။ ဆရာတော်မွေးဖွားသည့် အိမ်နေရာ ချက်မြှုပ်တွင် ရွှေချက်သိုဘုရား တည်သောအခါ ကြွလာတော်မူပြီး ကလေး လူကြီးမကျန် ကုသိုလ်ပါဝင်ကြရသည်။သံဃာ့ဒါန ဆွမ်းလောင်းကြရာ ယနေ့တိုင် နှစ်စဉ် သံဃာ့ဒါန ဆွမ်းလောင်းသည့် အစဉ်အလာ ဖြစ်ထွန်းနေသည်။

ဆရာတော်ဘုရားကြီးသည် ရွှေချက်သိုဘုရားတည်ရန် ပန္နက်မရိုက်မီ ရက်ပိုင်းအတွင်း ဘုရားတည်မည့်နေရာ၌ ဂျီငယ်တစ်ကောင် သုံးရက်ဆက်၍ဟောက်သည်။ပြီးလျှင် ဆရာတော်သီတင်းသုံးသော အင်ကြင်းပင်ကမ္မဋ္ဌာန်းတောရသို့ ပြန်သွားသည်။နိမိတ်ကောင်းသည်ဟု အင်ကြင်းပင် ရွာသားများ သတိထားနေရာ ၁၃၂၇ခု၊နယုန်လဆုတ်၈-ရက် သန်းခေါင်ကျော်တစ်နာရီတိတိတွင်ဆရာတော်ဘုရားကြီးသည် သံဃာတော်များနှင့်အတူ ရွှေချက်သို ဘုရားတည်ချိန် ပန္နက် ရိုက်သည်။

ရွှေချက်သိုဘုရား တည်ထားသည့်နေရာမှာ ရှာအဝင်ထိပ်တွင် ဖြစ်ပြီး စေတီတော်ကို ခံ့ခံ့ညားညားပင် တည်ဆောက်ထားရာ ကြည်ညိုဖွယ်ကောင်းသည်။ အုတ်တံတိုင်း ကာရံကာ တစ်ရွာလုံး သောက်သုံးနိုင်မည့်ရေတွင်းပါ တူးပေးထားသည်။

ပထမဆုံး ကျင်းပသော ဘုရားပွဲတော်တွင် သံဃာဒါန သက်သတ်လွတ် ဆွမ်းလောင်းကြရာ သံဃာတော်များက မြစိမ်းသပိတ်(ကျွန်းဖက်)ဖြင့် ဆွမ်းခံဘုဉ်းပေးတော်မူကြသည်။

## (၄၃) ရန်ကုန်မြို့သို့ နောက်ဆုံး ကြွတော်မူခြင်း

ကျေးဇူးရှင်ဝေဘူဆရာတော်ဘုရားကြီးသည်ရန်ကုန်မြို့သို့အမှတ် ၂-အစုန်ရထားဖြင့် ၁၉၇၆-ခု၊ နိုဝင်ဘာလ ၂၉-ရက်၊ ၁၃၃၈-ခု၊ နတ်တော်လဆန်း ၉-ရက် တနင်းလာနေ့တွင် ရန်ကုန်မြို့သို့ရောက်ရှိပြီး အင်းလေးဓမ္မာရုံတွင် ခေတ္တယာယီ သီတင်းသုံးလျက် ရှိသည်။

ထိုနေ့ နေ့လယ် တစ်နာရီတွင် မင်္ဂလာဒုံ တပ်မတော် စစ်ဆေးရုံသို့ ပင့်ဆောင်ပြီး ကျန်းမာရေးအခြေအနေ စစ်ဆေးသည်။ စစ်ဆေးရုံမှ သမားတော်ကြီး ဗိုလ်မှူးကြီး အောင်သန်း၊ သမားတော်ကြီး ဦးမျိုးသွယ်နှင့် အခြားဆရာဝန် ဆရာမများက စစ်ဆေးပေးကြသည်။

ထိုသို့စစ်ဆေးတွေ့ရှိချက်များကို အောက်ပါအတိုင်း မှတ်တမ်းတင်ထားလေသည်။

### (၁) စစ်ဆေးချက်

(က) ကျေးဇူးရှင် ဝေဘူဆရာတော် ဘုရားကြီး သက်တော် ၈၂-နှစ် ကျောက်ဆည်မြို့။

### (၂) နှလုံးအခြေအနေ

(က) နှလုံးခုန်နှုန်း တစ်မိနစ် ၁၀၀။

(ခ) သွေးပေါင်(ဖိအား) ၁၄၀ - ၈၀။

(ဂ) ရှင်းလင်းချက်။ ။နှလုံးခုန်နှုန်း အလုပ်တာဝန်များစစ်ဆေးရာတွင် သက်ကြီးရွယ်အိုများတွင် ဖြစ်တတ်သည့် နှလုံးအားနည်းရောဂါအပြင် နှလုံးသွေးကြောအချို့ပိတ်လိုသည့်လက္ခဏာနှင့် နှလုံးကြွက်သားအချို့ ချွတ်ယွင်းကြောင်း (Ischamic Hart Disease) တွေ့ရှိရပါသည်။

(ဃ) လိုအပ်ချက်။ ။ဤနှလုံးရောဂါသည် ပင်ပင်ပန်းပန်းလုပ်ဆောင်ရမည့်လုပ်ငန်းမျိုးကို အထူးရှောင်၍ အနားယူရန် အလွန်လိုအပ်လှပါသည်။ဆက်လက်လှုပ်ရှား အနားမယူပါက ရောဂါအခြေအနေမှာ ပိုမိုဆိုးရွားလာနိုင်ပါသည်။

(၃) အဆုပ်နှင့် လည်ချောင်း အခြေအနေ

(က) အဆုပ်တွင် ခွဲသံကြားရပြီး သလိပ်များထွက်ပါသည်။
(ခ) လည်ချောင်းရောင်ရောဂါ(Acute or Chronic Bronchitic.) ရှိပါသည်။

(ဂ) ရှင်းလင်းချက်

အဆုပ်ကို ဓာတ်ရောင်ခြည်ဖြင့် ရိုက်ကူးစစ်ဆေး ကြည့်ရှုရာ လည်ချောင်းရောင်ရောဂါရှိပြီး ချောင်းအလွန်ဆိုးကာ ဂျို့ထိုးလျက်ရှိပါသည်။

(၄). ကိုယ်တွင်း အခြေအနေ

(က) အသည်း၊ ဘေလုံး၊ ကျောက်ကပ်နှင့် အခြားကလီစာများ အားလုံး အတော်အသင့် ကောင်းမွန်ပါသည်။

(ခ) ရှင်းလင်းချက်

နှလုံးနှင့်အဆုပ်ရောဂါကြောင့် အားနည်းမှုရှိပြီး လှုပ်ရှားမှုများ နှေးကွေးလေးလံလျက် ရှိနေပါသည်။

(၅) သွေးအခြေအနေ

(က) သွေးအားနည်းရောဂါရှိသည်။(Hb: 10.1 gm)
(ခ) သွေးဖြူဥ များနေပါသည်။(Wbc. 10559)

| | | |
|---|---|---|
| ESR. | — | 87 |
| Blood Urea | — | 78.3mg% |
| Blood Sugar | — | 162.7mg% |
| Blood Cholesterol | — | 165.9mg% |
| Blood Uric Acid 4.5 Unit | | |

**(၆) မျက်စိအခြေအနေ**

(က) မျက်လုံးတစ်ဖက်မှာ ပကတိ ကွယ်နေပါသည်။
(ခ) ကျန်တစ်ဖက်မှာ ၄၀ ရာခိုင်နှုန်းသာ မြင်နိုင်စွမ်း ရှိပါသည်။
(ဂ) တိမ်ရောဂါ စွဲကပ်နေပါသည်။
(ဃ) ရှင်းလင်းချက်။ မျက်စိမှာ ယခင်နှစ်ထက် ပိုမှုန်လာပါသဖြင့် အလျင်အမြန် မျက်စိခွဲစိတ်ကုသရန် လိုအပ်ပါသည်။ မျက်စိခွဲစိတ်ကုသပါက မမြင်ရသော မျက်စိကို ဦးစွာ ခွဲစိတ်ပြီးပါမှ ကျန်တစ်ဖက်ကို အချိန်ကာလ ထပ်မံ စောင့်ပြီးမှ ခွဲစိတ် ကုသရပါမည်။

ယခု မျက်စိခွဲရန် အချိန်ကာလ ရောက်နေပါသဖြင့် ဆောလျင်စွာ ခွဲစိတ်ကုသရန် အထူးလိုအပ်လှပါသည်။

**စစ်ဆေးသူများ။**

(၁) ဗိုလ်မှူးကြီး အောင်သန်း (သမားတော်ကြီး)
(၂) ဦးမျိုးသွယ် (သမားတော်ကြီး)

တပ်မတော် စစ်ဆေးရုံ။

မင်္ဂလာဒုံ–ရန်ကုန်မြို့။

၁၉၇၆-ခု၊ နိုဝင်ဘာလ-၂၉-ရက်။

နေ့လယ်(၁-နာရီ ၃၀-မိနစ်)။

**(၄၄) ဆရာတော်ဘုရား လေဖြန်းခံရခြင်း**

ဆရာတော်ဘုရားကြီးအား ရန်ကုန်မြို့သို့ ခရီးရောက်မဆိုက် မင်္ဂလာဒုံစစ်ဆေးရုံတွင် သမားတော်ကြီးများဖြင့် စစ်ဆေးပြီး နောက်တစ်နေ့ ၁၉၇၆-ခု၊ နိုဝင်ဘာလ ၃၀-ရက်နေ့၊ ၁၃၃၈-ခု နတ်တော်လဆန်း ၁၀ ရက် အင်္ဂါနေ့နံနက် အရုဏ် ၅ နာရီ ၄၅ မိနစ်တွင် ဆရာတော်ဘုရားကြီးသည် အရုဏ်ဆွမ်း ဘုဉ်းပေးနေချိန်အတွင်း ညာဘက်လက်တော် တစ်ချောင်းလုံး လေဖြန်း၍ လှုပ်ရှားမှုများ လုံးဝ ရပ်ဆိုင်းသွားခဲ့သည်။

ထိုသို့ ညာဘက်လက်တော် လေဖြန်းခံရပြီး မိနစ် ၃၀ အကြာမှာပင် သမားတော်ကြီး ဒေါက်တာ မျိုးသွယ်၊ဒေါက်တာ ဇော်မင်းတို့ ရောက်ရှိလာပြီး စမ်းသပ်စစ်ဆေးကြည့်ရှုရာ ဆရာတော်ဘုရားကြီး၏ ညာလက်ဘော် လေဖြန်း ဖြစ်သွားကြောင်းနှင့် နှလုံးအားနည်းနေကြောင်း စမ်းသပ် သိရှိသဖြင့် အချိန်မီ ပြုစုစောင့်ရှောက်ခွင့်များ ရရှိခဲ့သည်။

၃၀-၁၁-၇၆ ရက်နေ့မှ ၇-၁၂-၇၆ ရက်နေ့အထိ ဒေါက်တာ ဇော်မင်း အား ၂၄ နာရီ တာဝန်ချထား၍ သမားတော်ကြီးများ ညွှန်ကြားချက်အတိုင်း စောင့်ရှောက် ကုသပြုစုခဲ့ပြီး သမားတော်ကြီးများက နေ့စဉ်ညတိုင်း လာရောက် ကြီးကြပ်ပြုစု စေခဲ့ကြသည်။

သံဃာတော်များနှင့် ဦးသိန်းညွှန့်တို့ကလည်း ၂၄ နာရီ တာဝန် စောင့် ရှောက်ခဲ့ကြ၏။

ဆရာတော်ဘုရားကြီးသည် လေဖြန်းခံရသည့်နေ့မှစ၍ ဆယ်ရက်တိုင်တိုင် ဆွမ်းများကို ဘယ်ဘက်လက်ဖြင့်သာ ဘုဉ်းပေးခဲ့ပြီးနောက် သမားတော်ကြီး များ၏ ကုသမှုကြောင့် ၁၁-၁၂-၇၆ နေ့ နံနက် အရုဏ်မှစ၍ ညာဘက်လက် တော်ဖြင့် ဘုဉ်းပေးနိုင်ခဲ့သည်။

ဆရာတော်ဘုရားကြီးသည် ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်း မွန် လာသဖြင့် ၁၃-၁၂-၇၆ ရက်နေ့ ညနေ ၅နာရီ မိနစ် ၃၀ တွင် ဓမ္မာရုံ အောက်သို့ အဖူးမြော်ခံရန် ကြွရောက်နိုင်ခဲ့ပြီး ၁၄-၁၂-၇၆ နေ့မှစ၍ ရပ်ကွက် အသီးသီးသို့ အဖူးမြော်ခံနိုင်ရန် ကြွရောက်တော်မူသည်။

## (၄၅) သမားတော်ကြီးများ၏ ရောဂါအခြေအနေ တင်ပြချက်နှင့် အကြံပြုချက်

ဆရာတော်ဘုရားကြီး၏ရောဂါ ဖြစ်ပွားရခြင်းနှင့်ပတ်သက်၍ သမားတော်ကြီး များက ရောဂါအခြေအနေ စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်လေသည်။

ဆရာတော်ကြီး၏ရောဂါဖြစ်ပွားခြင်းသည် မြန်မာအခေါ် အရ လေဖြန်း ခြင်းဟု ခေါ်ပါသည်။ ဖြစ်သည့်အကြောင်းရင်းမှာ အသက်အရွယ်ကြီးလာ သည်နှင့်အမျှ ဦးနှောက်ဆံချည်မျှင် သွေးကြောကလေးများသည် အဆီပိတ် လာတတ်ပါသည်။ ယင်းအဆီပိတ်၍ ကျဉ်းမြောင်းနေသော သွေးကြောများ အတိုင်း၊သွေးအလုံးကလေးများ၊ လေလုံးကလေးများပိတ်ဆို့သွားပါက ၎င်း သွေးကြော၊ သွေးပို့ဆောင်ရသော ဦးနှောက်ရေိယာ အစိတ်အပိုင်း အချို့မှာ အာဟာရပြတ်သွားပြီး အလုပ်မလုပ်နိုင်တော့ပါ။

ထိုအခါ ၎င်းရောဂါ အစိတ်အပိုင်းက ထိန်းချုပ်ထားသော ကိုယ်ခန္ဓာ အစိတ်အပိုင်းတို့မှာ မလှုပ်ရှားနိုင်တော့ဘဲ အကြောသေ၊လေဖြန်းအစိတ်အပိုင်း များများ ပျက်စီးလေ၊ လေဖြန်း (သို့မဟုတ်) လေဖြတ်သည့်အစိတ်အပိုင်း ပိုမိုကျယ်ပြန့်လေဖြစ်ပါသည်။

အချို့လူနာများတွင် ကိုယ်တစ်ခြမ်း၊ မျက်နှာတစ်ခြမ်း လေဖြတ်လေ့ ရှိပါသည်။ ဤလေဖြန်းရောဂါသည် မကုသဘဲရှိပါက တစ်ဆင့်ထက်တစ်ဆင့် ဆိုးရွားလာပြီး လုံးဝလေဖြတ်သည်အထိ ဖြစ်လာတတ်သည်။ လေဖြတ်သည့် အဆင့်သို့ ရောက်ပါက ပြန်လည်၍ ပကတိအတိုင်း ကောင်းမွန်ရန် မလွယ်ကူ တော့ပါ။ လေဖြန်းခံရသည့် လူနာကိုလည်း နှစ်နှစ်မှ ၄ါးနှစ်အထိ ကြပ်ကြပ် မတ်မတ် ဂရုတစိုက် စောင့်ကြပ်ကုသရန် လိုအပ်ပါသည်။

သို့ လေဖြန်းခံရသော လူနာအား လုံးဝအနားယူစေကာ ရောဂါတရား ခံကို ရှာဖွေပြီး လိုအပ်သော ဆေးဝါးများကို အမြန်ဆုံး သောက်သုံးစေ၍ တစ်ပတ်မှ နှစ်ပတ်အထိ အနားပေးပြီးနောက် ကြွက်သားလေ့ကျင့်ခန်း၊ အကြောသန်အောင် လေ့ကျင့်ခန်းစသဖြင့် ပြုလုပ်ပေးရပါသည်။ သို့မှသာ နဂိုရှိသောခွန်အားကို ပြန်လည်ရရှိလာမည်ဖြစ်ပါသည်။

လူနာ၏အသက်အရွယ်၊ကျန်းမာရေးအခြေအနေ ခံနိုင်ရည်ရှိခြင်းစသည် တို့ကို အခြေတည်၍ အချို့လူနာများမှာ တစ်လခွဲလောက်နှင့် ပြန်ကောင်း နိုင်ပြီး အချို့လူနာများမှာမူ လုံးဝပြန်မကောင်းဘဲ ဒုက္ခိတဘဝဖြင့် ဆက်လက် တည်ရှိသွားတတ်ပါသည်။

**ဆောင်ရွက်ရမည့်လုပ်ငန်းများ**

ဆရာတော်ဘုရားကြီး၏ နောက်လိုက်နောက်ပါ သံဃာတော်များ၊ ကပ္ပိ ယများ၊ဖိုးသူတော်များ၊ သီလရှင်များ၊ တကာ တကာမကြီးများ အောက်ပါ အချက်များကို အစဉ်သတိပြုရန် လိုအပ်ပါသည်။

(က) ဆေးဝါး

ဆရာတော်ဘုရားကြီး၏ ကျန်းမာရေး တိုးတက်ကောင်းမွန် လာစေရန် သမားတော်ကြီး ဒေါက်တာဦးမျိုးသွယ် ညွှန်ကြားထားသော ဆေးဝါးများကို အစဉ်သဖြင့် ဆက်ကပ်ရန်၊ ကပ်ရမည့်ဆေးဝါးများကို အညွှန်းနှင့်တကွ ပေး အပ်လိုက်ပါသည်။ ညွှန်ကြားသော်ဆေးဝါးမှအပ အခြားသောဆေးဝါးများ

ကို စေတနာအလျောက် ဆက်ကပ်ခြင်း၊ ဆေးထိုးခြင်းများ လုံလောက်ရှောင်ကြဉ် စေရန် အထူးလိုအပ်ပါသည်။ ကပ်လှူထားသော ဆေးဝါးများကို နောင်အခါ သုံးဆောင်ရန် သိမ်းဆည်းထားသင့်ပါသည်။ ယခုညွှန်ကြားထားသောဆေးဝါး များကို မှန်မှန် ကပ်လှူပေးရန် လိုအပ်လှပါသည်။

(ခ) ဆွမ်းကပ်

ဆရာတော် ဘုရားကြီးတွင် နှလုံး အားနည်း ရောဂါ၊ အဆုပ်နှင့် လည်ချောင်းရောင်၊ ချောင်းဆိုးရောဂါ ဖြစ်ပွားလျက်ရှိသဖြင့်....

— ငန်လွန်းသော အစားအစာ — သွေးတိုး
— ချဉ်လွန်းသော အစားအစာ — ဝမ်း
— ချိုလွန်းသော အစားအစာ — ဆီးချို

အစာမကြေနိုင်သော အစားအစာများကို ဆက်ကပ် လှူဒါန်းခြင်းမှ ရှောင်ကြဉ်ရ ပါမည်။ သွေးတိုးနှင့် ဆီးချို ရောဂါများသည် ဦးနှောက် သွေးကြောပိတ် ရောဂါကို ပိုမို ဆိုးရွားစေသဖြင့် အငန်၊ အချိုများကို အထူးဂရုပြု၍ ကပ်သင့်ပါသည်။

ထို့ပြင် ချောင်းဆိုးစေသော၊ ချိုလွန်းသော၊ ချဉ်လွန်းသော၊ အဆီပြန် နေသော ဆွမ်းဟင်းများ၊ ဖျော်ရည်များကိုလည်း ရှောင်ကြဉ်သင့်ပါသည်။ အာဟာရပြည့်ဝသော အစားအစာများဖြစ်သည့် သစ်သီးဝလံများ၊ အသား၊ ငါး၊ ကြက်ဥ၊ ဟောလစ်၊ နွားနို့များကို အလှည့်ကျ ကပ်လှူပြီး အစာကြေ လွယ်သော အစားအစာများကိုသာ ဘုဉ်းပေးသင့်ပါသည်။

(ဥပမာ)။ ။အရုဏ်တွင် ယာဂုဆွမ်း၊ မြူစွပ်၊ နို့နှင့် သစ်သီးများ။
။ ။နေ့ဆွမ်းဘုဉ်း ဆွမ်းပျော့နှင့်အသားများ၊ သစ်သီးများ။

(မှတ်ချက်)။ ။ဆွမ်းများကပ်လှူရာတွင် တစ်ဦးချင်း ကပ်လှူပါက ဆရာတော်ဘုရားကြီးဘုဉ်းပေးရာ၌လက်မြှောက်ရသည့် အကြိမ်ပေါင်း များပါသဖြင့် မျိုးတူများ ပေါင်း၍ ကပ်လှူခြင်း ပြုလုပ်သင့်ပါသည်။ စားသောက်ဖွယ်ရာ များ ချေဖျက်ပေးခြင်း၊မွှေခြင်းများပြုလုပ်ပေးခြင်းဖြင့် ဘုဉ်းပေးမှု လွယ်ကူစေပါသည်။ စုပေါင်းဆွမ်းကိုသာ သာမန်ဘုဉ်းပေးချိန် မိနစ်၃၀ အတွင်း လက်မြှောက် ရသည့် အကြိမ်ပေါင်း ၁၂၀ ရှိပါသည်။ တစ်ဦးချင်း ကပ်ပါက အကြိမ် ၂၀၀ ကျော် ရှိပါသည်။

## (ဂ) လှုပ်ရှားမှု

ဆရာတော်ဘုရားကြီးတွင် နှလုံးအားနည်းသည့် ရောဂါ ရှိပါသဖြင့် ခရီးဝေးပင့်ဆောင်ရန် ကြမ်းတမ်း၍ ရာသီဥတုဖောက်ပြန်သော လမ်းနေရာများကိုရှောင်ကြဥ်ရန်အထူးလိုအပ်ပါသည်။ အထူးသဖြင့် ရောဂါဖြစ်ပွားသည့် အချိန်မှစ၍ နှစ်လ၊ သုံးလတိုင်အောင် လုံးဝ အနားယူ အပန်းဖြေရန် လိုအပ်ပါသည်။

ထို့ပြင် ဖူးမြော်ခံခြင်းကိုလည်း အချိန်နှင့်သတ်မှတ်၍ အခြား ပင်ပင်ပန်းပန်း လုပ်ဆောင်ရမည့် အစီအစဉ်များကိုလည်း လျှော့ပေါ့ရန် လိုအပ်ပါသည်။

ဆရာတော်ဘုရားကြီး၏နှလုံးရောဂါအခြေအနေမှာ လုံးဝပကတိအခြေအနေသို့ ကောင်းမွန်စွာ မရောက်ရှိသေး၍ အလွန်အမင်း ပင်ပန်းခြင်း၊ အမြင့်များသို့ တက်ရောက်ခြင်းများ ပြုလုပ်ရန် မသင့်လျော်ပါ။ သို့ဖြစ်ပါ၍ ပထမတစ်လတွင် ရန်ကုန်မှ ကျောက်ဆည်မြို့သို့ရောက်သည့်အချိန်မှစ၍ ယခင်သီတင်းသုံးတော်မူအပ်သော တောင်ပေါ်ကျောင်းတော်၌ လုံးဝသီတင်းသုံးတော်မူရန် မသင့်လျော်သေးပါသဖြင့် မြေပြန့်အောက်ကျောင်းတော်၌သာ သီတင်းသုံးသင့်ပါသည်။

## (ဃ) ကျန်းမာရေး အခြေအနေ

ဆရာတော်ဘုရားကြီးသည် သက်တော် ၈၂ နှစ်နား နီးနေသဖြင့် နှလုံးအားနည်းခြင်း၊ မျက်စိမှုန်ခြင်း၊ ဦးနှောက်သွေးကြောပိတ်ခြင်း၊ လည်ချောင်းရောင် ချောင်းဆိုးရောဂါ ဖြစ်ပွားနေပါသဖြင့် ဆရာတော်ဘုရားကြီး၏ရောဂါကို အစဉ်ဂရုစိုက် စစ်ဆေးကြည့်ရှုရန် အထူးလိုအပ်ပါသည်။ သို့အတွက် တစ်လတစ်ကြိမ်၊ နှစ်ကြိမ် သွေးတိုင်းခြင်း၊ သွေးခုန်နှုန်း တိုင်းခြင်း၊ နှလုံးစစ်ဆေးခြင်း၊ အဖျားတိုင်းခြင်း စသော ရောဂါများကို ကျွမ်းကျင်နားလည်သော သမားတော်ကြီးတစ်ဦးဦးနှင့် ဆက်လက်ပြသ၍ အစဉ်ဂရုစိုက်ပြုစုနေရန် လိုအပ်လှပါသည်။

အကယ်၍ လိုအပ်ပါက ရန်ကုန်သို့ အလျင်အမြန် ပင့်ဆောင်ပြီး လိုအပ်သလို ဆောင်ရွက်ကုသရန် အထူးမေတ္တာရပ်ခံပါသည်။

မှတ်ချက်။ ။ပထမတစ်လတွင်တစ်ပတ်တစ်ခါစမ်းသင်ရန်၊ ဒုတိယတစ်လတွင် နှစ်ပတ်တစ်ခါ၊ တတိယတစ်လတွင် သုံးပတ်တစ်ခါစမ်းသပ်ရန်၊ ထူးခြားချက်များ တွေ့ရှိပါက သက်ဆိုင်ရာ သမားတော်ကြီး

ထိုသို့ ချက်ချင်း အကြောင်းကြားပြီး သင့်လျော်သော ညွှန်ကြားချက်များကို ဆောင်ရွက်ရန် လိုအပ်ပါသည်။

**နိဂုံးချုပ်အကြံပေးချက်**

(က) အနားယူပါ။
သင့်တော်သောလှုပ်ရှားမှုများနေ့စဉ်ပြုလုပ်ပါ။ (စကြံ့လျှောက်ခြင်း၊ လက်လှုပ်ရှားခြင်း)
(ခ) အမောအပန်းမခံရန် အထူးဂရုပြုပါ။
(ဂ) ဆရာဝန်ညွှန်ကြားသည့်အတိုင်း ဆေးကုသမှု ခံယူရန် အညွှန်းအတိုင်း ဆေးဝါးများကိုသာတိုက်ပါ။ မပိုမလို စေရပါ။
(ဃ) အာဟာရပြည့်သော အစားအစာများကိုသာ ဘုဉ်းပေးပါ။
(င) အမြင့်သို့ မတက်ရန် အထူးဂရုပြုပါ။ လိုအပ်ပါက ထမ်းစင်ကို အသုံးပြုပါ။
(စ) ရေကို အကြိမ်များစွာ ဘုဉ်းပေးသင့်ပါသည်။ အဖျော်ရည်၊ အချိုရည် သတိပြုပါ။
(ဆ) ညွှန်ကြားသည့်အတိုင်း အစဉ် ဆေးစစ်ပါ။
(ဇ) မျက်စိခွဲစိတ်ကုသရန် အစဉ် သတိပြုပါ။

ဒေါက်တာမျိုးသွယ်၊
သမားတော်ကြီး၊
တပ်မတော်စစ်ဆေးရုံ၊
မင်္ဂလာဒုံမြို့။
ဒေါက်တာဇော်မင်း၊
တပ်မတော်စစ်ဆေးရုံ၊
မင်္ဂလာဒုံမြို့။

၁၃၃၈-ခု၊ နတ်တော်လဆုပ် ၁၂ ရက်၊ သောကြာနေ့။
၁၉၇၆-ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့။
ရန်ကုန်မြို့။

ဆရာတော်ဘုရားကြီး လေဖြန်းခံရတော်မူစဉ်က သမားတော်ကြီးများ ကြပ်မတ်၍ ဖိဖိစီးစီး ကုသပေးရာတွင် နေ့စဉ် မှတ်သားခဲ့သော ဆေးမှတ်တမ်းမှာ တစ်ဖက်ပါအတိုင်း တွေ့ရပါသည်။

ရောဂါအခြေအနေနှင့်ကုသမှုဇယား

| အမှတ်စဉ် | နေ့စွဲ | အခြေအနေ | ကုသမှု |
|---|---|---|---|
| ၁ | ၃၀-၁၁-၇၆ | ညာဘက်လက် လေဖြန်းသွား၍ မြောက်မရ (Monoparesis)သတိရသည်။ သွေးခုန်နှုန်း တစ်မိနစ် (၁၂၀)သွေးပေါင် ၁၄၀/၇၀ အဆုပ်တွင် ချွဲရှိသည်။ နှလုံးအားနည်းသည်။ အဖျား ၁၀၂°F ရှိ။ လှုပ်ရှားမှု အားနည်းသည်။ | Cedilandi(2-cc နှလုံး အားဆေး ထိုး၊ Digoxin တစ်နေ့တစ်ခြမ်း၊ နှလုံးအားဆေး၊ Persantin tab နှလုံးသွေးကြောကျယ်ဆေး၊ တစ်လုံး၊ နှစ်ကြိမ်။ Inderal(10mg) ဦးနှောက် သွေးကြော ကျယ်ဆေး တစ်လုံး၊ နှစ်ကြိမ်။ |
| ၂ | ၁-၁၂-၇၆ | အဖျားကျသွားပါသည်။သွေးခုန်နှုန်း (၁၂၀)ပင် ရှိနေပါသည်။ ညာဘက်လက် အနည်းငယ် သန်လာပါသည်။ လှုပ်ရှားမှု တိုးတက်လာ ပါ သည်။ သွေး ပေါင် ၁၄၀/၇၀ ချောင်း အတော် ဆိုး ပါသည်။ | Lincocin (500 mg)ပဋိဇီဝဆေး တစ်လုံး၊၃ကြိမ် Silo met Car beta pentane တစ်လုံး၊ ၃ကြိမ်။ |
| ၃ | ၂-၁၂-၇၆ | အဖျားကျလာပါသည်။ သွေးခုန်နှုန်း ၁၂၀ ပင်ရှိသည်။ ညာဘက်လက် အနည်းငယ် သန်လာပါသည်။ချွဲသံပျောက်လုရှိပါပြီ။လှုပ်ရှားမှုတိုးတက်လာပါသည်။ | Moriamin Perratryl B.G.Phos |
| ၄ | ၃-၁၂-၇၆ | အဖျား ပြန်တက်လာပါသည်။ (၁၂၀) သွေးခုန်နှုန်း မြန်လျက်ပင်။ချောင်းဆိုးလျက်။Lincocin (500 mg) ဆေးကို အချိန်တိုး၍ ကပ်ပါသည်။ လှုပ်ရှားမှု ထူးခြားမှု မရှိ။ | အားဆေးများ တစ်နေ့ ၂ကြိမ် |

ရောဂါအခြေအနေနှင့် ကုသမှုဇယား

| အမှတ်စဉ် | နေ့စွဲ | အခြေအနေ | ကုသမှု |
|---|---|---|---|
| ၅ | ၄-၁၂-၇၆ | အဖျားပြန်ကျသွားပါသည်။သွေးခုန်နှုန်း ကောင်းမွန်လာပါသည်။ | Moriamin Perratryl B.G Phos. |
| ၆ | ၅-၁၂-၇၆ | အဖျားလုံးဝမရှိတော့ပါ။ချောင်းဆိုးမှု သက်သာလာပြီး အစားအသောက် တောင်းမွန်လာပါသည်။ ညာဘက် လက်တော်မြှောက်နိုင်လာပါသည်။ သိမ်မွေ့စွာ လှုပ်ရှား လာနိုင်သော်လည်း လက်ချောင်း များ လှုပ်ရှားမှု ဆုပ်အားနည်းလျက် ရှိပါသည်။ | |
| ၇ | ၆-၁၂-၇၆ | လျှပ်စစ်ဓာတ်အားဖြင့် စတင်နှိပ်သည်။ (Physiotherapy) | ဒေါက်တာ မိုလ်မှူး ဒေါ်ခင်ကြည်(Physical Medicine Specialist) သောက် ဆေးများ၊ အကြိမ်လျော့ တိုက်ခြင်း၊တချို့ ရပ်စဲခြင်း များ ကို ပြုလုပ်၍ လိုအပ်သောလေ့ကျင့်ခန်းများကိုသာ ပြု လုပ် စေခဲ့ပါသည်။ |
| ၈ | ၇-၁၂-၇၆<br>၁၀-၁၂-၇၆ | ဆရာတော် ဘုရားကြီးသည်အခန်းတွင်း၌သာအဖူးအမြော်ခံယူလျက်ရှိနေပြီး ကျန်အချိန်ကို အနားယူချိန်ဟု သတ်မှတ်ခဲ့ပါသည်။ | သမား တော်ကြီးများ၏ညွှန်ချက်ဆေး၊ အာဟာရ များ ကို သာ တိုက်ကျွေးလျက် ရှိ ပါသည်။ |

ရောဂါအခြေအနေနှင့် ကုသမှုဇယား

| အမှတ်စဉ် | နေ့စွဲ | အခြေအနေ | ကုသမှု |
|---|---|---|---|
| ၉ | ၁၁-၁၂-၇၆ | ဆရာတော်ဘုရားကြီးသည် ညာလက်ဖြင့် ဇွန်း ကိုင်ပြီး အရက်ဆွမ်းမှ စတင်၍ ဆွမ်းဘုဉ်း ပေးပါသည်။ | |
| ၁၀ | ၁၃-၁၂-၇၆ | ဓမ္မာရုံ အောက်ထပ်သို့ ပထမဆုံး အကြိမ်ဆင်း၍ အဖူးအမြော်ခံယူပါသည်။ | နှလုံး ခုန်နှုန်း၊ သွေး တိုး နှုန်း၊ အပူ ချိန် များ တိုင်း၍ လိုအပ်သောဆေးများ ဖြင့် ပြုစု ပါသည်။ |
| ၁၁ | ၁၄-၁၂-၇၆<br>၁၉-၁၂-၇၆ | ရပ်ကွက်များ သို့ နာရီဝက် ခန့် (နံနက်-ညနေ)အဖူးအမြော် ခံယူပါသည်။ | |
| ၁၂ | ၂၀-၁၂-၇၆ | ရန်ကုန်မှ ကျောက်ဆည်သို့ ပြန်ကြွသည်။ | |

## (၄၆) ရန်ကုန်မြို့မှ ပြန်ကြွတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် ကျန်းမာရေး အခြေအနေ ကောင်းမွန်လာသဖြင့် ၁၉၇၆ ခု၊ ဒီဇင်ဘာလ ၂၀ ရက် (၁၃၃၈ ခုနှစ် ပြာသိုလဆန်း ၁-ရက် နေ့) တွင် ရန်ကုန်မြို့မှ ကျောက်ဆည်သို့ ပြန်လည်ကြွတော်မူသည်။

ကျောက်ဆည်တွင် ခေတ္တ သီတင်းသုံးနေစဉ် သာသနာ့အဆောက်အဦ ကိစ္စများကို စီစဉ်တော် မူသည်။ ဝေဘူချောင်တွင် ဇရပ် တန်ဆောင်းဆောက်လျက် ရှိရာ ဆရာတော်ကိုယ်တိုင် ကြွရောက်ကြည့်ရှုပြီး ''ကောင်းလေစွ'' ဟု အားပေးပြီး အမြန် ဆောက်ခိုင်းလျက် ရှိ၏။ ဆရာတော် ရွှေဘိုသို့ မကြွမီ ပြီးမြောက်လိုသော ဆန္ဒရှိဟန်တူ၏။ သို့သော် ဆရာတော် ရွှေဘိုသို့ ကြွတော်မူသောအခါ လှေကားတပ်ရန်သာ ကျန်တော့သော ဇရပ်ကို ကြည့်ပြီး ''ဒုက္ခမရှာနှင့်တော့''ဟု မိန့်ကြားပြီး ကြွတော်မူသည်။ ဆရာတော်ဘုရားကြီးပျံလွန်တော်မူသောအခါ ထိုစကားမှာ နိမိတ်စကား ဖြစ်နေတော့၏။

ဆရာတော်ဘုရားကြီးသည် ရွှေဘိုတွင်သီတင်းသုံးပြီးနောက် အင်ကြင်းပင်ကမ္မဋ္ဌာန်းတောရသို့ ဆက်လက်ကြွတော်မူသည်။ ရန်ကုန်မှပြန်ကြွပြီးနောက် မေမြို့နှင့် မုံရွာသို့ ကြွတော်မူသေးသည်။

## (၅၇) အင်ကြင်းပင်တွင် နေ့စဉ်ပြုနေကျဝတ်များ လျော့ပါးလာခြင်း

ဆရာတော်သည် အင်ကြင်းပင်ကမ္မဋ္ဌာန်းတောရ၌ သီတင်းသုံးတော်မူစဉ်ကာလ၌ နေ့စဉ် ၁၀ ကြေရှိသော ကျောင်းဝင်းတစ်ပတ် စင်္ကြံလျှောက်တော်မူရာ ၁၃၃၀-ခုနှစ်ကစ၍ ကျောင်းဝင်းတစ်ဝက်သာ စင်္ကြံလျှောက်တော်မူသည်။ ယခုနှစ် (၁၃၃၀-၃၉) ခုနှစ်ဘွင်မူ ကျောင်းဝင်းတစ်စိတ်တစ်ဒေသသာ စင်္ကြံလျှောက်တော်မူသည်။

မိမိသီတင်းသုံးတော်မူသော ကျောင်းပတ်ဝန်းကျင်ကိုမူ ဝတ်မပျက်နေ့စဉ် တံမြက်လှည်းတော်မူသည်။ သို့ရာတွင် ခါးကုန်းနေပြီး ဝါးသုံးလေးရိုက်တစ်ခါဆိုသလို တံမြက်စည်းကိုထောက်၍ ခါးဆန့်ကာ နားနေတော်မူရသည်။ ဆရာတော်ဘုရားကြီးသည် ခပ်တွေတွေကြီး နားတော်မူပြီးမှ တစ်ဖန်တံမြက်စည်း ဆက်လှည်းတော်မူသည်။

ဆရာတော်ဘုရားကြီးသည် ၁၃၃၉-ခု၊ ပထမဝါဆိုလဆန်း ၇-ရက်နေ့မှစ၍ မကျန်းမမာဖြစ်လာတော်မူသည်။ နေ့စဉ်ပြုလုပ်နေကျဝတ်များ မပြုလုပ်နိုင်ရုံမက တစ်နေရာမှတစ်နေရာသို့ကြွလျှင် ပလတ်စတစ်ကြိုးတပ် ယိုးဒယားပက်လက်ကုလားထိုင်ဖြင့်မချီ၍ ကြွတော်မူနေရသည်။ ခြေလှမ်းများမှာလည်း မမှန်။ ဒယီးဒယိုင်ဖြစ်လာသဖြင့် ဦးသုမနနှင့်ဦးပဥ္စင်းကြီးဦးဓမ္မိက(ဘိုးမောင်)တို့က လျှောက်ထားရာ "နေကောင်းပါတယ်ဟဲ့၊ ငါသွားနေကျအတိုင်းသွားတာပဲ၊ ဇရာက မသွားတာတော့ မတတ်နိုင်ဘူး၊ ငါ့ဘာသာတော့ ငါသွားနေတာပဲ"ဟု မိန့်တော်မူသည်။

ဒေသအခေါ်အားဖြင့် ဘိုးမောင်ခေါ် ဦးပဥ္စင်းကြီး ဦးဓမ္မိကသည် ခင်ဦးမြို့သားဖြစ်၍ အင်ကြင်းပင်တောရ၌ ကျောင်းတစ်ဆောင်လှူဒါန်းထားသည်။ ထိုကျောင်းမှာ ပုဂံခေတ် မြန်မာ့လက်ရာနှင့် ယိုးဒယားရှိ သာသနာ့အဆောက်အဦလက်ရာများကိုရောပြီးဆောက်လုပ်ထားရာ အင်ကြင်းပင်တောရ၌ခေတ်အမီဆုံးအဆောက်အဦဖြစ်နေသည်။ ဘိုးမောင်မှာ အစပိုင်းတွင်လူဝတ်ဖြင့်ဆရာတော်ဘုရားကြီး၏ခြေတော်ရင်းဦးခိုက်၍ကမ္မဋ္ဌာန်းတရားများကျင့်ကြံအားထုတ်နေရာမှ ရဟန်းဝတ်သို့ကူးပြောင်းကာ မူလသူ့ကျောင်း၌ပင်သီတင်းသုံးနေတော်မူသည်။ စာရေးသူနှင့်တွေ့စဉ်က သုံးဝါထဲသို့ ရောက်နေပြီဖြစ်၏။

ဘိုးမောင်မှာ ခေတ်ပညာတတ်ဖြစ်သဖြင့် ရန်ကုန်မြို့မှ ပေးလိုက်သော ဆေးမှတ်တမ်းနှင့် သမားတော်ကြီးများ၏ အကြံပြုချက်များအရ ဆေးဘော်သား ပြုစုလျက်ရှိရာ ယခုကဲ့သို့ ဆရာတော်ဘုရားကြီး ဒယိမ်းဒယိုင် ဖြစ်တော်မူ

လာသဖြင့် အခြေအနေများကို အခြားသံဃာများအား အသိပေးကာ ဆေးကုသမှုအတွက် စီစဉ်တော်မူသည်။ အင်ကြင်းပင်တောရအနေဖြင့် ဆရာဝန်ရရှိရေးမှာ မလွယ်ကူသဖြင့် အရေးပေါ်ဖြစ်လာပါက မည်သို့စီစဉ်ရမည်ကိုပင် ကြံဆနေရာ နောက်ဆုံး၌ ဆရာတော်အား ကျန်းမာရေးအခြေအနေကို လျှို့ဝှက်မထားရန် လျှောက်ထားမေးမြန်းရတော့သည်။ ဆရာတော်ဘုရားကြီးမှာ တစ်ဖက်မှပုဂ္ဂိုလ်များ မိမိကြောင့် စိတ်ဆင်းရဲမည်ကို အလွန်စိုးရိမ်တော်မူသည့်အတိုင်း "ကျန်းမာပါတယ်ဗျာ"ဟု မိန့်ကြားပြီး အထက်က တင်ပြခဲ့သည့်အတိုင်း ဆက်လက်မိန့်ကြားတော်မူသည်။

ဆရာတော်ဘုရားက ကျန်းမာသည်ဟု မိန့်သော်လည်း လက်တွေ့ အနေအထားအရ ကျန်းမာရေးချည့်နဲ့လာကြောင်း ပေါ်လွင်သဖြင့်သမားတော်ကြီး ဦးမျိုးသွယ်ကို အကြောင်းကြားရန် စီစဉ်ကြသည်။ သို့သော် လတ်တလောအားဖြင့် ရွှေဘိုမှ ဆရာဝန်တစ်ဦးကို ခေါ်ယူပြသရာ အခြေအနေကောင်းနေကြောင်း ပြောပြချက်အရ စိတ်အေးကြရပြန်သည်။

**(၄၈) တပည့်ကြီးများက အလှူပေးကြခြင်း**

ဆရာတော်ဘုရားကြီး၏ တပည့်များဖြစ်ကြသော ဦးသုမန၊ ဦးခေမိန္ဒ၊ ဦးဝံသပါလ ညီနောင်သုံးပါးသည် ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးအခြေအနေ ချည့်နဲ့လာသည်ကိုစိုးရိမ်ပူပန်သဖြင့် တို့တူမများက မွေးဖွားကြ၍ အရွယ်ရောက်နေသော မြေးများအား ဆရာတော်ဘုရားကြီး၏ မျက်မှောက်တော်တွင် ပဗ္ဗဇ္ဇမင်္ဂလာ အလှူခံကျင်းပရန် စီစဉ်ကြသည်။

အလှူအစီအစဉ်နှင့်ပတ်သက်၍ ဆရာတော်ဘုရားကြီးအား လျှောက်ထားပြီး ဦးသုမနက ငွေကြေးနှင့် အကျွေးအမွေး တာဝန်ကိုလည်းကောင်း၊ ဦးခေမိန္ဒက ရှင်လောင်း အပြင်အဆင်နှင့် ပရိက္ခရာများကိုလည်းကောင်း၊ ဦးဝံသပါလက ပျော်ပွဲရွှင်ပွဲအတွက်လည်းကောင်း တာဝန်ယူကြသည်။ အလှူရက်ကို ၁၃၃၉-ခု ပထမဝါဆိုလဆန်း ၁၁-ရက် (၂၆-၆-၇၇) တနင်္ဂနွေနေ့ကို သတ်မှတ်ထားကြသည်။

အလှူကိစ္စတွင် ဆရာတော်ဘုရားကြီးသည် ကျောင်းသံဃာများနှင့် သီလရှင်များအား ကျောင်းဝင်းအတွင်း ရှင်းလင်းရန် ကိုယ်တိုင်ညွှန်ကြားတော်မူသည်။

အလှူနေ့တွင် မော်လမြိုင်မှ တကာမကြီးများကလည်း ဘုရားအနေကဇာတင်ပွဲကို အလှူနှင့် ပူးပေါင်းကျင်းပသည်။

နံနက် ခုနစ်နာရီတွင် ဘုရားအနေကဇာတင်ပွဲ ကျင်းပရာ ဆရာတော်ဘုရားကြီးက ဦးသုမနအားခေါ်၍ "ငါမပါဘဲ ဖြစ်မလား"ဟု မိန့်ကြားသည်။ ဦးသုမနက ဖြစ်နိုင်ပါကြောင်း ပြန်လည် လျှောက်ထားသောအခါ "ငါလုပ်ရင် နည်းနည်းမောတယ်၊ ပရိသတ်လဲမသိစေနဲ့"ဟု မိန့်ကြားသည်။

နံနက်ပိုင်း ဘုရားအနေကဇာတင်ပွဲကျင်းပပြီးသောအခါ ဝါဆိုသင်္ကန်း ကပ်လှူခြင်း၊ ငွေပဒေသာပင်ကပ်လှူခြင်း၊ ဆွမ်းကပ်လှူခြင်း၊ သီလပေးခြင်း၊ တရားဟောခြင်းများကို ဆရာတော်ဘုရားကြီး လက်ခံချီးမြှင့်တော်မူသည်။

ရှင်လောင်းလှည့်ပြီးသောအခါ ဆရာတော် ဘုရားကြီးက 'လူများ သလား၊ လူစိမ်းတွေရောပါသလား'ဟုမေးရာ ဦးသုမနက လူများကြောင်းနှင့် ကောလင်း၊ ကသာ၊ မိုးကုတ်၊ မန္တလေး စသည့်အရပ်များမှ လာကြသူများ ပါဝင်ကြောင်း လျှောက်ထားရာ 'ဒီလိုဆို ငါလိုက်မယ်'ဟု မိန့်ကြားသဖြင့် ထမ်းစင်အသင့်ပြင်ပြီး ဓမ္မာရုံသို့ ကြွတော်မူသည်။ ဓမ္မာရုံအတွင်း တရားနာမည့် သူများ တစ်ထောင်ခန့်ရှိပြီး ဆယ်ပါးသီလ ပေးတော်မူသည်။ ရှင်လောင်း ၂၉ ပါးအားကြည့်၍ 'ရှင်လောင်းကလေးတွေက နတ်သားကလေးတွေနဲ့ တူသဟဲ့'ဟု မိန့်ကြားတော်မူပြီး အလှူတရားတော်ကို ဟောကြားတော်မူ၏။ အတော်ကြာအောင် တရားဟောသဖြင့် မောပန်းတော်မူမည်စိုး၍ ဦးသုမန လျှောက်ထားမှ ရပ်တော်မူသည်။ ပရိသတ်၏ အဖူးမြော်ကို ခံယူတော်မူပြီး နောက် ဓမ္မာရုံမှ ပိဋကတ်တိုက် စံကျောင်းသို့ပြန်ကြွတော်မူ၏။ လူပရိသတ်၏ နောက်ဆုံး အဖူးမြော်ခံခြင်းဖြစ်မည်ကို ပရိသတ်ကြီးအနေဖြင့် မရိပ်မိခဲ့ပေ။

## (၄၉) ဆရာတော်ဘုရားကြီး ခန္ဓာဝန်ချတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် တပည့်များ၏အလှူတွင် လက်ခံချီးမြှင့်တော်မူပြီး အတော် ပင်ပန်းနွမ်းနယ်တော်မူသဖြင့် အနားယူနေရာ မွန်းလွဲ နှစ်နာရီခွဲတွင် မောပန်းတော်မူလာသည်။ သို့ဖြစ်၍ မဒေါင်းလှရှိ ကျန်းမာရေးမှူးဦးကျော် ညွန့်အား သွားရောက်ခေါ်ယူပြီး အမောပြေစေမည့် အကြောဆေးတစ်လုံး ထိုးပေးသည်။ အကြောဆေးကို လက်မောင်းမှသွင်းစဉ် ဆေးသုံးပုံတစ်ပုံ အကျန်၌ ဆေးထိုးပြွန်တစ်ခုလုံး ဒုတ်ခနဲဆိုပြီး ခုန်ထွက်လာသည်။ ဆရာတော် ဘုရားကြီးက 'မပြီးသေးဘူးလား'ဟု မှိန်းနေရင်းက မေးတော်မူသည်။

ဦးပဥ္စင်းကြီးဘိုးမောင်သည် သမားတော်ကြီးများ၏ ဆေးမှတ်တမ်းနှင့် အကြံပေးချက်များကို ဆေးမှူးဦးကျော်ညွန့်အား ရှင်းပြရာ ဦးကျော်ညွန့်က ဆရာဝန်ခေါ်လျှင် ကောင်းမည်ဖြစ်ကြောင်း လျှောက်သဖြင့် ဦးခေမိန္ဒအား ခင်ဦးမှ ဆရာဝန်ကို အမြန်သွားပင့်စေသည်။

ဆရာတော်ဘုရားကြီး မကျန်းမာသဖြင့် အတွင်းခန်းညောင်စောင်းတွင် သီတင်းသုံးနေရာ သူ့အတွက် ကျန်ပုဂ္ဂိုလ်များ စိတ်မဆင်းရဲစေရန် ဦးပဥ္စင်း ဘိုးမောင်အား 'ဒို့ဟာ ချမ်းသာမှာဗျ၊ ခဏနေ နေကောင်းမှာဗျ၊ ချမ်းသာ အောင်နေ၊ ချမ်းသာအောင်နေ" ဟု မိန့်တော်မူသည်။

ခင်ဦးတွင် ဆရာဝန်သွားခေါ်မည့် အစီအစဉ်ကို ရိပ်မိတော်မူသဖြင့် ''ဟဲ့ ကောင်တွေ တောင်လုပ်မြောက်လုပ် မလုပ်ကြနဲ့၊ ငါနေကောင်းတယ်''ဟု ဟန့်တားတော်မူသည်။

ထိုနေ့ညတွင် အလှူပွဲအတွက် ဦးဝံသပါလငှားခဲ့သော မန္တလေးမှ ရတနာပုံအငြိမ့် ကပြရန်ရှိသဖြင့် ရပ်ဝေးရပ်နီးမှ ကလေး လူကြီးများဖြင့် ကျောင်းဝင်းတစ်ခုလုံး အုတ်အုတ်သဲသဲစည်ကားနေသည်။ အငြိမ့်ပွဲထိန်းသိမ်း စောင့်ရှောက်ရန် ပြည်သူ့ရဲတပ်သားများကိုလည်း ဆိုင်ရာက တာဝန်ချပေးထားရာ ဆူဆူပူပူမဖြစ်ရန် စောင့်ရှောက်လျက်ရှိသည်။

ဆရာတော်ဘုရားကြီး၏ တစ်သက်တာတွင် အလှူပွဲများသည် ပျော်ပွဲရှင်ပွဲ ထည့်သွင်းခွင့်ရခြင်းမှာ ယခုအကြိမ်တွင်ပထမဆုံးဖြစ်သည်ဟုဆိုပါသည်။

အငြိမ့်ဇာတ်ခုံ ထိုးသူကထိုး၊ ဖျာနေရာ လုသူက လုခင်းလျက်ရှိစဉ် ပွဲခင်းနေရာသို့ ဦးဝံသပါလရောက်လာပြီး ဆရာတော်ဘုရားကြီးမှာ မကျန်းမာသဖြင့် မိမိ၏အမိန့်ကိုစောင့်ပြီးမှ ကရန် တားမြစ်သွားသည်။

ထိုသို့ ဦးဝံသပါလကိုယ်တော် လာရောက်မိန့်ကြားသဖြင့် ''ဘယ့်နှဲ့လဲ ဟေ့၊ ကမှ ကဖြစ်ပါ့မလား'' ဆိုသော အဓိပ္ပာယ်မျိုးဖြင့် အငြိမ့်ပွဲစားများ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေစဉ်မှာပင် အင်ကြင်း ကမ္ဘောဇ်နှင့် တောရကျောင်းတိုက်ကြီးတစ်ခုလုံး ကြေးမောင်းများ၊ ကြေးစည်များ၊ အုန်းမောင်းများကို တစ်ပြိုင်နက် တီးခတ်လိုက်သဖြင့် စောစောက ပျော်ပျော်ရွှင်ရွှင် လှုပ်လှုပ်ရွရွဖြစ်နေသော ကလေးလူကြီး ပရိသတ်ကြီးမှာ ငြိမ်ကျသွားတော့သည်။ မိနစ်အတော်ကြာ ကျက်သေသေနေကြပြီးမှ ဆရာတော်ဘုရားကြီး ခန္ဓာဝန်ချတော်မူရှာပြီဆိုသော အသိဝင်လာကာ ဝမ်းနည်းပက်လက် အော်ဟစ် ဆူညံစွာဖြင့် ဆရာတော်ဘုရားကျောင်းသို့ ပြေးကြတော့သည်။

တစ်ဦးနှင့်တစ်ဦး ထိုးသံ၊ တိုက်သံ၊ တွန်းသံများဖြင့် ကြေကွဲ ဝမ်းနည်းစွာ အော်ဟစ် ပြေးလာကြသော ပရိသတ်ကြီးအား ပြည်သူ့ရဲများက ထိန်းသိမ်းတားဆီးကာ တန်းစီ၍ ဆရာတော်ဘုရားကြီး၏ အလောင်းတော်ကို ဖူးမြော်ခွင့်ပြုသည်။ သီလရှင် ကြီးငယ်များမှာ- ''ဒီတစ်ခါတော့ ကိုယ်ကျိုးနည်းပါပေါ့လား''ဟု အော်ဟစ်ကာ တရားလက်လွတ် ငိုကြွေးသူက ငိုကြွေး၊ မြေပြင်တွင် လူးလှိမ့်သူ လူးလှိမ့်ကာ ပူဆွေးကုန်ကြ၏။

* * *

ဆရာတော်ဘုရားသည် ဆေးမှူးဦးကျော်ညွန့် ထိုးပေးသောဆေးအရှိန်ကြောင့် အမောသက်သာလာသည်။ စောစောက သက်နှင်းတစ်ခုလုံး ရှုံ့ရှုံ့စိုမျှ ထွက်နေသော ဇောချွေးများမှာ အထွက်ပါးလာသည်။ အနားတွင် ဝိုင်းဝန်းပြုစုနေကြသော တပည့်များလည်း စိုးရိမ်သောက ငြိမ်းစပြုလာသည်။

ဆရာတော်ဘုရားကြီး၏ အနီးအနား၌ ဝိုင်းဝန်း ပြုစုကြသူများတွင် တပည့်ကြီးများဖြစ်သော ဦးပညာဝံသ၊ ဦးတေဇဝံသ၊ ဦးသုမနတို့ ရှိကြသည်။

ည ၇-နာရီ ၁၅-မိနစ်ခန့်တွင် ဆရာတော်ဘုရားကြီးသည် မှိန်းတော်မူနေရာမှ အားယူထတော်မူသဖြင့် တပည့်များက ဝိုင်းဝန်းထူပေးကြသည်။ "ငါ ဟိုဘက်သွားချင်တယ်"ဟု ကုဋီကိုညွှန်ပြသည်။ တပည့်ကြီးများက "တပည့်တွေ ချည်းပဲ ရှက်စရာမလိုဘဲ ဒီမှာ ပြီးနိုင်ပါတယ်"ဟု လျှောက်ထားရာ "ဟိုဘက် သွားတာက အင်မတန်ချမ်းသာတယ်"ဟု မိန့်ကြားသည်။ ဆရာတော်၏ လေသံမှာ အလွန်ကောင်းမွန် ကြည်လင်နေသည်။ သို့ဖြစ်၍လည်း တပည့်များ အား တက်လာခြင်းဖြစ်၏။

ဆရာတော်ဘုရားလှုပ်ရှားလျှင် မောပန်းမည်စိုး၍ ဦးသုမနက ခေါင်း ရင်းမှလည်းကောင်း၊ ဦးပညာဝံသက အလယ်မှ လည်းကောင်း၊ ဦးတေဇဝံသက ခြေရင်းမှလည်းကောင်း ပင့်ပြီး ကုဋီသို့ပို့ကြသည်။ ဆရာတော်ဘုရားကြီးသည် ကုဋီထဲသို့ သူ့အလိုအတိုင်းသွားပြီးနောက် ရေဖြင့် သန့်စင်ခြင်း၊ လက်ဆေး ခြင်း၊ သင်္ကန်းပြင်ဝတ်ခြင်းများ ပြုတော်မူပြီး ကုဋီမှထွက်ရန် လမ်းကြားတစ် လျှောက် ခြေလျှင်ကြွသည်။ ကျောင်းခန်းထဲသို့အဝင်တွင် တပည့်များက မူလ အတိုင်းမ၍ ပြန်လာရာ ခြေ ၄-၅-လှမ်းအရောက် တစ်ချက် ဆောင့်မောပြီး ဦးသုမနဘက်သို့ ခေါင်းစောင်းသွားသည်။

ထိုသို့ဖြစ်သွားသဖြင့် ဆရာတော်ဘုရားကြီးအား ညောင်စောင်းပေါ်သို့ အမြန်ပင့်၍ ရှေးဦးသူနာပြုနည်းဖြင့် ပါးစပ်ခြင်းစုတ်ကာ ပြုစုကြသည်။ ပထမ ဆုံး မရွှေဆိုသော မိန်းကလေးကလည်းကောင်း၊ ဒုတိယ ကိုခင်မောင်က လည်းကောင်း၊ တတိယ မော်လမြိုင်အဖွဲ့မှ ကိုကောင်ကလည်းကောင်း ပါးစပ် ခြင်းစုပ်၍ပြုစုရာ ထူးမလာတော့မှ လက်လျှော့ကာ တပည့်များငိုကြတော့သည်။

ဆရာတော်ဘုရားကြီး ခန္ဓာဝန် ချတော်မူပြီးနောက် ရေသပ္ပာယ်ခြင်း၊ ခေါင်းရိတ်ခြင်း၊ သင်္ကန်းအသစ် လဲလှယ်ပေးခြင်း စသည်တို့ကို ပြုလုပ်၍ အလောင်းတော်ပြင်ပြီးမှ ပရိသတ်ကြီးအား ဖူးမြော်ခွင့်ပြုကြသည်။ ထို့နောက် ဂန္ဓကုဋီစံကျောင်းမှ ပို့၍ ကျယ်ဝန်းသောကျောင်းသို့ပြောင်းကာ ပြင်ဆင်တော် မူကြပြန်သည်။

## ၅၀ အန္တိမ ဈာပနပွဲတော် ကျင်းပရန် စီစဉ်ခြင်း

ဝေဘူဆရာတော်ဘုရားကြီးသည် အနယ်နယ်အရပ်ရပ်မှ တပည့်ရဟန်းသံဃာ သီလရှင် ယောဂီပုဂ္ဂိုလ်များသာမက လူပုဂ္ဂိုလ်ပေါင်း သိန်းသောင်းများစွာ ရှိသည့်ပြင် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်ကလည်း နိုင်ငံအနှံ့ မကြာခဏ ကြွရောက်၍ တရားရေအေး တိုက်ကျွေးတော်မူခဲ့သည်။

သို့ဖြစ်ရာ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသောအခါ သာမန်ကျင်းပသော အန္တိမစျာန်ပနမျိုး မဖြစ်စေရန် တပည့်ရင်း ရဟန်းတော်များက သတိထား၍ ဆောင်ရွက်ကြရလေသည်။

၁၃၃၉-ခု၊ ဒုတိယဝါဆိုလဆန်း ၈-ရက်နေ့တွင် ခင်ဦးမြို့နယ် အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်း၌ ရွှေဘို၊ ကန့်ဘလူ၊ ဇီးကုန်း၊ ခင်ဦး၊ လားရှိုး၊ ပဲခူး မြောင်းမြ၊ ရန်ကုန်၊ ရေဦး၊ ပုပ္ပား၊ ကညွတ်ကွင်း၊ စစ်ကိုင်း၊ ကသာ၊ ကျောက်ဆည်၊ ရွှေဘို၊ မန္တလေးစသော အနယ်နယ်မှ ဆရာတော်၊ သံဃာတော်များ ပါဝင်သော အန္တိမစျာပန ကျင်းပရေး ဗဟိုကော်မတီကို ဖွဲ့စည်းကြသည်။

ထိုဗဟိုကော်မတီတွင် နာယက ဆရာတော် အပါး ၂၀၊ ဥက္ကဋ္ဌဆရာတော် ခုနစ်ပါး၊ အတွင်းရေးမှူး ဆရာတော် သုံးပါး အထွေထွေ ကော်မီတီပေါင်းစုံ ဆော်ဩရေးမှူး တစ်ပါး၊ ဘဏ္ဍာရေးဆရာတော် ငါးပါး၊ အဖွဲ့ဝင်ဆရာတော် ၃၉-ပါး စုစုပေါင်း ၇၁-ပါး ပါဝင်တော်မူသည်။

ထို့ပြင် ဘဏ္ဍာရေးကော်မတီ ၁၀-ပါး၊ စီမံခန့်ခွဲရေး ကော်မတီဝင် သုံးပါး၊ စာရင်းစစ်ဆေးရေး ကော်မတီဝင် ခြောက်ပါး ပါဝင်တော်မူသည်။

ဗဟိုကော်မတီ ဥက္ကဋ္ဌမှာ ဆရာတော်ဘုရားကြီး၏ အန္တေဝါသိက တပည့်ကြီးဖြစ်သူ ကညွတ်ကွင်း ဝေဘူကမ္မဋ္ဌာန်းရိပ်သာ ဆရာတော် ဦးပဏ္ဍိတ ပထမ အတွင်းရေးမှူး ဆရာတော်အဖြစ် ဦးခေမိန္ဒတို့က ဆောင်ရွက်တော်မူသည်။ ပုပ္ပား ပုဂံသာသနာပြု ပုပ္ပားဆရာတော်လည်း ဝေဘူဆရာတော်ဘုရားကြီး၏ အန္တိမစျာပနအတွက် ဘဏ္ဍာရေးကော်မတီတွင် ပါဝင်ဆောင်ရွက်တော်မူသည်။

စျာပနကျင်းပရေး ကော်မတီနှင့် ဆပ်ကော်မတီတွင် ပါဝင်တော်မူသော ဆရာတော်များမှာ အောက်ပါအတိုင်းဖြစ်၏။

## ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး
## အန္တိမ စျာပနဗဟိုကော်မတီဝင်များ

ဖွဲ့စည်းရာဌာန။ ။စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်၊ အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်း။

" နေ့စွဲ။ ။၁၃၃၉-ခု၊ ဒုတိယဝါဆိုလဆန်း ၈-ရက်၊
၁၉၇၇-ခု၊ ဇူလိုင်လ ၂၃-ရက်၊ စနေနေ့။

" အချိန်။ ။နေ့ ၁-နာရီ။
အစည်းအဝေး ရုပ်သိမ်းသည့်အချိန် ညနေ ၃-နာရီ၊ ၁၅-မိနစ်။

## (၁) နာယက ဆရာတော်များ

| | |
|---|---|
| ၁။ ဓမ္မသုခဆရာတော် | ရွှေဘိုမြို့။ |
| ၂။ တည်ပင်ကျောင်းဆရာတော် | ကန့်ဘလူမြို့နယ်။ |
| ၃။ ရွှေတောင်ဦးကျောင်းဆရာတော် | ဇီးကုန်းမြို့။ |
| ၄။ မြေမွန်ကျောင်းဆရာတော် | ။ |
| ၅။ ဘုံမြို့ကျောင်းဆရာတော် | ။ |
| ၆။ ပိတောက်ကုန်းကျောင်းဆရာတော် | ။ |
| ၇။ လောကမာရဇိန်ကျောင်းဆရာတော် | ခင်ဦးမြို့။ |
| ၈။ အောင်ဘုံကျောင်းဆရာတော် | ။ |
| ၉။ မြေထူးကျောင်းဆရာတော် | ။ |
| ၁၀။ ဗောဓာရုံကျောင်းဆရာတော် | လားရှိုးမြို့။ |
| ၁၁။ ဆရာတော် ဦးကောဏ္ဍည | ပဲခူးမြို့။ |
| ၁၂။ ဆရာတော် ဦးဣဿရိယ | မြောင်းမြမြို့။ |
| ၁၃။ ဆရာတော် ဦးဝိသုဒ္ဓ | ရန်ကုန်မြို့။ |
| ၁၄။ မင်းဂုံကြီးကျောင်းဆရာတော် | ခင်ဦးမြို့နယ်။ |
| ၁၅။ ရင်းတိုက်ကျောင်းဆရာတော် | ကန့်ဘလူမြို့နယ်။ |
| ၁၆။ မင်္ဂလာရာမဆရာတော် | ရေဦးမြို့။ |
| ၁၇။ စံတုတူကျောင်းဆရာတော် | ကန့်ဘလူမြို့။ |
| ၁၈။ ဆရာတော် ဦးသီလဝံသ | ပုပ္ပားမြို့၊ မြင်းခြံမြို့နယ်။ |
| ၁၉။ အလည်လျှိုကျောင်းဆရာတော် | ခင်ဦးမြို့နယ်။ |

## (၂) ဥက္ကဋ္ဌဆရာတော်များ

| | | |
|---|---|---|
| ၁။ ဆရာတော်ဦးပဏ္ဍိတ | ပထမ ဥက္ကဋ္ဌ | ကညွတ်ကွင်း။ |
| ၂။ ဆရာတော် ဦးစန္ဒိမာ | ဒုတိယ-ဥက္ကဋ္ဌ | စစ်ကိုင်းမြို့။ |
| ၃။ ဆရာတော် ဦးဝိလာသ | တွဲဖက် | ခင်ဦးမြို့။ |
| ၄။ ဆရာတော် ဦးသောဘိတ | ။ | မဒေါင်းလှကျောင်း။ |
| ၅။ ဆရာတော် ဦးဝါယမ | တွဲဖက် | ကသာမြို့။ |
| ၆။ ဆရာတော် ဦးအာစရ | ။ | ကျောက်ဆည်ဝေဘူ။ |
| ၇။ ဆရာတော် ဦးသုမန | ။ | ကမ္မဋ္ဌာန်းကျောင်း။ |

**(၃) အတွင်းရေးမှူးဆရာတော်များ**

| | | | |
|---|---|---|---|
| ၁။ | ဦးခေမိန္ဒ | ပထမ | ကမ္မဋ္ဌာန်းကျောင်း။ |
| ၂။ | ဦးဝံသပါလ | ဒုတိယ | ။ |
| ၃။ | ဦးပညာဝံသ | တွဲဖက် | အင်ကြင်းပင်ကျောင်း။ |

**(၄) အထွေထွေကော်မီတီပေါင်းစုံ ဆော်ဩရေးမှူး**

| | | | |
|---|---|---|---|
| ၁။ | အသျှင်ဝိစာရ | ပိတောက်ကုန်းကျောင်း | ခင်ဦးမြို့နယ်။ |

**(၅) ဘဏ္ဍာရေးမှူး ဆရာတော်များ**

| | | |
|---|---|---|
| ၁။ | ဦးကုမာရ | ပေကုန်းကျောင်း။ |
| ၂။ | ဦးကောသလ္လ | သနတ်စိန်ကျောင်း။ |
| ၃။ | ဦးရေဝတ | ပေါက်တောကျောင်း။ |
| ၄။ | ဦးတေဇဝန္တ | အင်ကြင်းပင်ကျောင်း။ |
| ၅။ | ဦးဣန္ဒာစာရ | ကမ္မဋ္ဌာန်းကျောင်း။ |

**(၆) အဖွဲ့ဝင်ဆရာတော်များ**

| | | |
|---|---|---|
| ၁။ | ရွှေစောလူးဆရာတော် | ကျောက်ဆည်ဝေဘူ။ |
| ၂။ | ဦးလာဘ | ။ |
| ၃။ | ဦးပဏ္ဍိတ | ။ |
| ၄။ | ဦးပညာသာမိ | ။ |
| ၅။ | ဦးဉာဏ | ။ |
| ၆။ | ဦးခေမိန္ဒ | ရွှေဘိုအောင်မြေ။ |
| ၇။ | ဦးအာစိဏ္ဏ | ။ |
| ၈။ | ဦးဓမ္မိက | ။ |
| ၉။ | ဦးဣဿရိယ | ။ |
| ၁၀။ | ဦးသုဝဏ္ဏ | ။ |
| ၁၁။ | ဦးပဏ္ဍဝ | အင်ကြင်းပင်ကျောင်း။ |
| ၁၂။ | ဦးသောဘိတ | ။ |
| ၁၃။ | ဦးစန္ဒောဘာသ | ။ |
| ၁၄။ | ဦးတိလောက | ။ |
| ၁၅။ | ဦးဝိမလ | ။ |
| ၁၆။ | ဦးပညာဇောတ | ။ |
| ၁၇။ | ဦးကုသလ | ။ |

| | | |
|---|---|---|
| ၁၈။ | ဦးဒေဝိန္ဒ | အင်ကြင်းပင်ကျောင်း |
| ၁၉။ | ဦးပညာဗလ | ကမ္ဘဌာန်းကျောင်း |
| ၂၀။ | ဦးနန္ဒိမာ | ။ |
| ၂၁။ | ဦးဇောတိမန္တ | ။ |
| ၂၂။ | ဦးပညာသာမိ | ။ |
| ၂၃။ | ဦးအာစိဏ္ဏ | ။ |
| ၂၄။ | ဦးသောဘဏ | ။ |
| ၂၅။ | ဦးတေဇနိယ | ။ |
| ၂၆။ | ဦးပဏ္ဍဝ | ဆီဆုံကလေး-ရေတင်ကြီးကျောင်း |
| ၂၇။ | ဦးရေဝတ | နှဲတွင်းကျောင်း |
| ၂၈။ | ဦးဉာဏုတ္တရ | ဖိုကုန်းကျောင်း |
| ၂၉။ | ဦးဇာဂရ | စိန်ပန်းကျောင်း |
| ၃၀။ | ဦးပါမောက္ခ | ရွာသားကျောင်း |
| ၃၁။ | ဦးကုသလ | ပြေကွင်းကျောင်း |
| ၃၂။ | ဦးဓမ္မစာရီ | ပင်တင်းကျောင်း |
| ၃၃။ | ဦးဇောတိပါလ | စောကြီးကျောင်း |
| ၃၄။ | ဦးဇဋိလ | မဒေါင်းကြီးစေတီကျောင်း |
| ၃၅။ | ဦးအာလောက | မဒေါင်းကြီးအလယ်ကျောင်း |
| ၃၆။ | ဦးဣန္ဒက | သရက်ကန်ကျောင်း |
| ၃၇။ | ဦးကောဝိဒ | ဖောင်တော်ဦးကျောင်း |
| ၃၈။ | ဦးသူရိယ | စကျင်ကျောင်း |
| ၃၉။ | ဦးဇဝန | စစ်ကိုင်းမြို့ |

စုစုပေါင်း ဗဟိုကော်မီတီဝင် ၈၁-ပါး။

## (၇) ဘဏ္ဍာရေးကော်မီတီဝင်များ

| | | |
|---|---|---|
| ၁။ | ဦးစန္ဒိမာ | ဓန္နဖြူချောင်စစ်ကိုင်းမြို့ |
| ၂။ | ဦးအာစရ | ကျောက်ဆည်ဝေဘူချောင် |
| ၃။ | ဦးသုမန | ကမ္ဘဌာန်းကျောင်း |
| ၄။ | ဦးကောဏ္ဍည | ပဲခူးမြို့ |
| ၅။ | ဦးပညာသာရ | ကိုင်းရိုး |
| ၆။ | ဦးသောဘိတ | မဒေါင်းလှကျောင်း |

| | | |
|---|---|---|
| ၈။ | ဦးပဏ္ဍိတ | ကညွတ်ကွင်းမြို့ |
| ၉။ | ဦးဓမ္မိက | ကမ္မဋ္ဌာန်းကျောင်း |
| ၁၀။ | ဦးဝါယမ | မန္တလေး |

(၈) စီမံခန့်ခွဲရေးကော်မီတီဝင်များ

| | | |
|---|---|---|
| ၁။ | ဦးသောဘိတ | မဒေါင်းလှချောင်း |
| ၂။ | ဦးသုမန | ကမ္မဋ္ဌာန်းကျောင်း |
| ၃။ | ဦးဝိစာရ | ပိတောက်ကုန်းကျောင်း |

(၉) စာရင်းစစ်ဆေးရေးကော်မီတီဝင်များ

| | | |
|---|---|---|
| ၁။ | ဦးပညာသာရ | ကိုင်းရိုးချောင်း |
| ၂။ | ဦးစန္ဒိမာ | ဆိဆုံကလေး-ရန်အောင်ကျောင်း |
| ၃။ | ဦးကောသလ္လ | ငကြိုင်းကျောင်း |
| ၄။ | ဦးပဏ္ဍိတ | အင်ကြင်းပင်ကျောင်း |
| ၅။ | ဦးဓမ္မိက | ကမ္မဋ္ဌာန်းကျောင်း |
| ၆။ | ဦးနန္ဒိမာ | ။ |

ဝေဘူဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်အတွက် ခန်းဖွင့်ပွဲတော်ကို ၁၃၃၉-ခု တန်ဆောင်မုန်း လပြည့်ကျော် ၅-ရက်၊ နိုဝင်ဘာလ ၃၀-ရက်နေ့တွင် ကျင်းပရန် ဈာပနဗဟိုကော်မီတီက ဆုံးဖြတ်ထား၏။

ဈာပနဗဟိုကော်မီတီ အစည်းအဝေးကို ၁၉၇၇-ခု၊ စက်တင်ဘာလ ၁၈-ရက်နေ့က အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်းတိုက်ဓမ္မာရုံကြီးတွင်ကျင်းပရာ နာယကဆရာတော်များအပါအဝင် ဗဟိုကော်မီတီဝင် သံဃာတော် ၄၇-ပါးနှင့် အထူးဖိတ်ကြားချက်အရ ရွှေဘို၊ခင်ဦးမြို့နယ်များမှ ပါတီ၊ကောင်စီ။ သမဝါယမများမှ ပုဂ္ဂိုလ်များ၊တိုင်းသာသနာရေးအရာရှိများ ဂေါစရဂါမ်ရွာများမှ ဆရာတော်ဘုရားကြီး၏ တပည့်သာဝကများ တက်ရောက်ကြသည်။

ပွဲတော်အတွက် ပင့်သံဃာ ၁၅၀-ပင့်ရန် လည်းကောင်း၊ ပျော်ပွဲရွှင်ပွဲများမှာ တခမ်းတနား ကျင်းပရန်လည်းကောင်း၊ ထိုနေ့ နံနက် ၉-နာရီတွင် ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို မှန်ခေါင်းထဲသို့ သွတ်သွင်းပူဇော်ခြင်းဖြင့် ခန်းဖွင့်ပွဲတော်ကို စတင်ရန် ဆုံးဖြတ်သည်။

ထို့ပြင်ပွဲတော်အောင်မြင်ရေးအတွက် ဆရာတော်ဦးသုမနနှင့်ဦးအာစရတို့အား ဦးစီးဆောင်ရွက်ရန် တာဝန်ပေးထား၏။ မင်းကွန်း ဓမ္မနန္ဒချောင်

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဦးဝိစိတ္တသာရာဘိဝံသတရားပွဲကျင်းပ ရန်ဆုံးဖြတ်ပြီး အစည်းအဝေးကို မေတ္တာသုတ်ရွတ်ဖတ်၍ ရုပ်သိမ်းလိုက်သည်။

ဆရာတော်ဘုရားကြီး၏ အန္တိမဈာပန ပွဲတော်ကို တပေါင်းလတွင် ကျင်းပရန် စီစဉ်ထားပါသည်။

## (၅၀) ခန်းဖွင့် စံကျောင်းချပွဲ ကျင်းပခြင်း

ဝေဘူ ဆရာတော်ဘုရားကြီး၏ ခန်းဖွင့် စံကျောင်းချပွဲ အခမ်းအနားကို ၁၃၃၉ ခု တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်နေ့ ၁၉၇၇ ခု နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ခင်ဦးမြို့နယ် အင်ကြင်းပင် ကမ္မဋ္ဌာန်းတောရတွင် ကျင်းပရာ ရပ်ဝေး ၂၆ မြို့နယ်မှ ဥပါသကာများ၊ ဂေါစရဂါမ်ရွာစ်ရွာနှင့် ပြင်ပ ၃၃ရွာမှ ဥပါသကာများ၊ ပင့်သံဃာ ၃၁၀ ဖြင့် လူပေါင်း ၅၀၀၀ ကျော်ခန့် တက်ရောက်ကြသည်။

နံနက်ပိုင်းတွင် ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို အင်ကြင်းပင်ဝင်းအတွင်း လှည့်လည်ပွဲကျင်းပသည်။

လှည့်လည်ပွဲမှာ အထူးစည်ကား၍ ရှေ့ဆုံးမှဓာတ်တော်များကို ပင့်ဆောင်ပြီး ဓမ္မဂီတနှင့်စပ်ဆိုင်သော သာယာနာပျော်ဘွယ်၊ ငြိမ့်ညောင်းဘွယ် တီးမှုတ်၍ သံဃာတော်များ၊ ထို့နောက်မှ ဝတ်အသင်းများ၊ ထို့နောက် တဖန် သံဃာတော်များ၊ လူပုဂ္ဂိုလ်များ လိုက်ပါကြသည်။ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကိုမူ ထီးဖြူများ၊ ရွှေထီးများမိုးထားသည်။

လှည့်လည်ပွဲပြီးဆုံး၍ မွေရုံတွင်းသို့ စဝင်လျှင် ရုပ်ကလာပ်တော်ကို သံဃာတော်များချည်း ပင့်ဆောင်၍ မှန်ခေါင်းတော်အတွင်းသို့ တပည့်ရင်းများဖြစ်ကြသော ဦးသုမန၊ ဦးအာစရ၊ ဦးခေမိန္ဒ၊ ဦးဝံသပါလနှင့်ဦးပညာဝံသ တို့က သွတ်သွင်းပူဇော်ကြသည်။

ထို့နောက် မန္တလေး တောင်သမန်တိုက် ပုသိမ်ဆရာတော် ဦးရေဝတ ထံ ငါးပါးသီလခံယူပြီး ခန်းဖွင့်ပွဲကျင်းပသည်။ နေ့လယ်ပိုင်းတွင် ဗဟိုကော်မတီ အစည်းအဝေးပွဲကျင်းပ၍ လူပုဂ္ဂိုလ်များပါဝင်သော ဥပါသကာ ဗဟိုကော်မတီကို ဖွဲ့စည်းလိုက်ကြသည်။

## (၅၁) မှန်ခေါင်းတော်နှင့် ရွှေပလ္လင်

ဝေဘူဆရာတော် ဘုရားကြီး ကိန်းဝပ်တော်မူလျက်ရှိသော မှန်ခေါင်းတော်ကြီးမှာ အလျား ၇ ပေခွဲ၊ အနံ ၃ ပေရှိခြင်းကြောင့် တစ်ယောက်အိပ်ခုတင် ထက်ပင် ကြီးမားခန့်ညားလျက်ရှိသည်။ အမြင့်မှာ မှန်သားသက်သက်ပင် နှစ်ပေခွဲရှိ၍ အောက်ခြေခံပါဆိုလျှင် သုံးပေရှိသည်။ မှန်များမှာ တစ်မတ်ထု

ရှိ၍ ဘေးနှစ်ဘက်မှန်မှာ ခုနစ်ပေခွဲ နှစ်ပေခွဲဖြစ်သည်။ ထိပ်မှန်များမှာ သုံးပေ×နှစ်ပေခွဲဖြစ်၍ အဖုံးမှန်မှာ ခုနစ်ပေခွဲ×သုံးပေဖြစ်သည်။

အောက်ခြေခုံနှင့် မှန်ပေါင်များမှာ သစ်သားဖြင့် ပြုလုပ်ထားသဖြင့် သရိုးကိုင်ရွှေချထားသည်။ ခေါင်းတော်တွင် ထည့်ထားသော မွေ့ရာမှာ နှစ်လက်မထုရှိသော ရော်ဘာမြှုပ်(ဖုန်း)ဖြစ်သည်။ မွေ့ရာအဖုံးမှာ အပြာရောင် ပိုးဘရိုကိတ်ဖြစ်ပြီး ခေါင်းအုံး၏အလျားမှာ နှစ်ပေသုံးလက်မ၊ အနံတစ်ပေခြောက်လက်မနှင့် အမြင့်ခြောက်လက်မဖြစ်၏။ ခေါင်းအုံးအဖုံးမှာလည်း အပြာရောင် ပိုးဘရိုကိတ်ဖြစ်သည်။ ဝေဘူဆရာတော် ဘုရားကြီးသက်တော် ထင်ရှားမရှိတော့ပြီဖြစ်သော်လည်း ရုပ်ကလာပ်တော်ကိုကြည့်ခြင်းအားဖြင့် သက်တော်ထင်ရှားရှိစဉ် ကျိန်းစက်၍နေသော သဏ္ဍာန်ကို သရုပ်ဖော်၍ ထားလေသည်။

ရွှေပလ္လင်တော်မှာလည်း အလျား ၁၀ပေ၊ ၁၁လက်မ၊အနံခြောက်ပေ၊ ငါးလက်မဖြစ်သည်။ ခေါင်းတော်ကြီး တင်ထားသောအခါ ဘေးပတ်လည်တွင် ၁၆ လက်မပို၍ကျယ်ပြန့်သည်ဖြစ်၍ မှန်ခေါင်းတော်ကြီး ပမာဏကို လိုက်လျောစေရန် စီစဉ်ထားခြင်းဖြစ်သည်။ မှန်ခေါင်းတော်၏ ပုံသဏ္ဍာန်မှာ မျဉ်းဖြောင့်ကို အလေးပေး၍ ထားသည့်နည်းတူ ရွှေပလ္လင်တော်မှာလည်း ခုံးခြင်း ကွေးခြင်းသဘောကို ရှောင်ရှားထားသည်။

ဘောင်များတွင်ကပ်ထားသော ဖောင်းပန်းအတွက် လုမ္ဗနီ အင်ကြင်းခက်နှင့်အင်ကြင်းပွင့်တို့ကို ပြုလုပ်ရခြင်းမှာ အင်ကြင်းပင် ကမ္ဘာ့ဒွန်းကျောင်းတွင်ရှိသော လုမ္ဗနီအင်ကြင်းပင်သည် ယခုနှစ်တွင် ထူးခြားစွာ စ၍ ပွင့်သည်ဟူသော ပုဗ္ဗနိမိတ်ကို အမှတ်တရဖြစ်စေရန် သရုပ်ဖော်၍ထားခြင်း ဖြစ်သည်။ ပလ္လင်တော် ခြေထောက်များတွင်မူ ဒသောက မင်းကြီး၏ သုံးကောင်တွဲခြင်္သေ့ရုပ်များကို အသုံးပြုထားသည်။

မှန်ခေါင်းတော် ပလ္လင်တော်မှာ ကျပ်ငွေ ၇၀၀၀ ဝကျော်ကျ၍ ဦးသုမ၊ ဦးခေမိန္ဒ၊ ဦးဝံသပါလ ညီနောင်သုံးပါးတို့ အမှူးပြု၍ တကာ တကာမများ ကောင်းမှု ဖြစ်သည်။ ပြုလုပ်ပေးသူမှာ မန္တလေးမြို့ ဘုရားကြီး အာနန္ဒာစောင်းတန်း နိဗ္ဗာန်ကုန်သည် ဦးဘအေး၏ ကြိုးစားမှု လက်ရာများဖြစ်သည်။

* * *

# ဒုတိယပိုင်း

## (ကျင့်စဉ်)

# ဝေဘူဆရာတော်ဘုရားကြီး အစဉ်ဟောကြားတော်မူလေ့ရှိသော တရားတော်များ

ဝေဘူဆရာတော်ဘုရားကြီးသည် တစ်နေ့တည်း၌ တရားလေးငါးကြိမ် ဟောရသည်လည်း ရှိခဲ့ဖူးပါသည်။ ဟောလေ့ဟောထရှိသော မာတိကာစကားပြေမှာ ပရိသတ်ကိုလိုက်၍ သုံးမျိုးခန့်ရှိပါသည်။ ယခု ဒုတိယပိုင်းတွင် ဆရာတော်ဘုရားကြီး၏ ကျင့်စဉ်နှင့်ပတ်သက်၍ နိုက်နိုက်ချွတ်ချွတ် မေးမြန်းတင်ပြထားပါသည်။ ထိုအခန်းကို လေ့လာလျှင် ဆရာတော်ဘုရားကြီး၏ ကျင့်စဉ်ကို လွယ်လွယ်ကူကူ နားလည်နိုင်ပါမည်။

ထိုပြင် ဆရာဘော်ဘုရားကြီး အစဉ်ဟောကြားလေ့ရှိသော တရားတော်များမှ ကောက်နုတ်၍လည်းကောင်း၊ ဝိပဿနာ သြဝါဒများကိုလည်းကောင်း ဖော်ပြထားရာ လွယ်ကူစွာ နာကြားလေ့လာပွားများနိုင်မည် ဖြစ်သည့် အပြင် ၁၉၅၅-ခုနှစ် ရန်ကုန်တက္ကသိုလ် ခမ္မာရုံ၌ ဟောကြားခဲ့သော ရက်ဆက် တရားတော်များကိုလည်း အများဝေနေယျသတ္တဝါများ လေ့လာပွားများ မှတ်သားနာယူနိုင်ရန် ထည့်သွင်းဖော်ပြထားသည်ဖြစ်ရာ ကျင့်စဉ်ပိုင်းနှင့် ပတ်သက်၍ ရှင်းလင်းသွားမည် ထင်ပါသည်။ (စာရေးသူ)

* * *

“သီလဆောက်တည်ပြီးလျှင် ပြည့်စုံအောင် ဖြည့်ကြ၊ ဖြည့်လို့ပြည့်စုံပြီ ဆိုလျှင် မိမိစိတ်အလို တောင့်တတိုင်းပြီးမယ်။ ယခုလည်း ချမ်းသာမယ်။ နောင်လည်း ချမ်းသာမယ်။

ပစ္စုပ္ပန်ချမ်းသာ၊ သံသရာချမ်းသာ နှစ်ဖြာကိုပေးစွမ်းနိုင်သော တရားဟာ ဘုရားရှင် အဆုံးအမတော်ကလွဲလို့ တခြားမရှိဘူး။ ဘုရားရှင် အဆုံးအမဆိုတာ ပိဋကတ်သုံးပုံပဲ၊ ပိဋကတ်သုံးပုံဆိုတာ အလွန်ကျယ်ဝန်းတယ်။ ပိဋကတ်သုံးပုံကို အဆီထုတ်ပါလျှင် ဗောဓိပက္ခိယတရား ၃၇-ပါးရတယ်။ ဗောဓိပက္ခိယတရား ၃၇-ပါးကို အဆီထုတ်လျှင် မဂ္ဂင်ရှစ်ပါးရတယ်။ မဂ္ဂင်ရှစ်ပါးကို အဆီထုတ်လျှင် သိက္ခာသုံးပါးရတယ်။

သိက္ခာသုံးပါးကို အဆီထုတ်လျှင် ဧကောဓမ္မောတစ်ခုရတယ်။

သိက္ခာသုံးပါးဆိုတာ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာပါပဲ။

ရှပ်ပေါ်နှာမ်ပေါ်မှာနေပြီး ယခုလိုဆောင်ထားတော့(ရှုမှတ်နေတော့) ကာယကံသောင်းကျန်းမှု၊ ဝစီကံသောင်းကျန်းမှု မရှိဘူး။ ဒါ-အဓိသီလလို့ ခေါ်တယ်။

အဓိသီလကောင်းလျှင် စိတ်တွေ သောင်းကျန်းမှုမရှိဘဲ ငြိမ်ဝပ်ပိပြားပြီးတည်နေတော့တယ်။ အဲဒါ အဓိစိတ္တလို့ခေါ်တယ်။

အဓိစိတ္တ(သမာဓိ)အားကောင်းလို့ အချိန်ကြာလျှင် ဘယ်လူဘယ်နတ် ဘယ်ပြဟ္မာမှ ဖန်တီးလို့မဖြစ်ဘူး။ လျှပ်တစ်ပြက်အတွင်း ကုဋေတစ်သိန်းဖြစ်ပြီး ပျက်နေတယ်။ ရုပ်ကိုနာမ်ကသိနေလျှင် ဖြစ် ပျက်ကို သိတော့တာပဲ။ ဖြစ်ပျက်ကို သိတာ ''အဓိပညာ''လို့ ခေါ်တယ်။

အများနားလည်အောင် ပြောရမယ်ဆိုလျှင် ခန္ဓာကိုယ်မှာ ထင်ရှားတဲ့ အစိတ်အပိုင်းတစ်ခုမှာ နှာဖျားဝတွင် ထွက်လေ-ဝင်လေ နှစ်ရပ်ဟာ အမြဲတိုက်ဝင် တိုက်ထွက်နေတယ်။

နှာဖျား၊ နှာဝမှာ ကာယပသာဒအကြည်က အထိခံ၊ ထွက်လေဝင်လေဖြစ်တဲ့ လေနှစ်ရပ်ဟာ ဝါယော၊ ဖောဋ္ဌဗ္ဗက ထိတယ်။ အထိခံနဲ့ ထိတာက ရုပ်၊ သိတာက နာမ်ဆိုတော့ ဒကာကြီး-ဒကာကြီးတို့ သူများ မေးမနေနဲ့။ ကိုယ့်နှာဝကို ဉာဏ်နဲ့စောင့်ကြည့်။ ဝင်တော့ ထိဝင်မယ်။ ထွက်တော့လည်း ထိထွက်မယ်။ ထိတာကိုသိလျှင် သိနေလျှင် လောဘ၊ ဒေါသ၊ မောဟ ဖြစ်ခွင့်မရလို့ လောဘမီး၊ ဒေါသမီး၊ မောဟမီးငြိမ်းတယ်။ ငြိမ်းတော့အေးတယ်။

မထိခင်ကလည်း သိလို့မဖြစ်ဘူး။ ထိပြန်တော့လည်း သိလို့မဖြစ်ဘူး။ ထိတုန်းကိုသာ သိဖြစ်တယ်။ အဲဒါကို ပစ္စုပ္ပန် တည့်တည့်လို့ဆိုတယ်။

အဲဒါလို တယ်တည်းထိနေတာကို တဆက်တည်းသိနေအောင် ဆောင်ကြဗျ၊ တစ်ရက် ၂၄-နာရီ တစ်စပ်လောက်ရလျှင် အလွန်သိသာပါတယ်။ အဲဒါလို ထိတာကို မသိမှတ်နိုင်ရင် လျှပ် တစ် ပြက် အ တွင်း မှာ ပဲ ကုဋေတစ်သိန်းကြွေးတင်သွားရောဗျ။

ထိတာကို သိနေလျှင် ရုပ်နှင့်နာမ်သာ ရှိပါကလားလို့ သိလိမ့်မယ်။ ရုပ်နာမ်မှတစ်ပါး ငါသူတစ်ပါး ယောကျ်ားမိန်းမ မရှိဘူးဆိုတာ ဘုရားရှင်၏

တရားတော်အမှန်ပါလားလို့ ကိုယ့်ဟာကိုယ်သိလိမ့်မယ်၊ သူများကိုမေးနေဖို့ မလိုပါဘူး။ နှာဝမှာ လေထိတာကိုသိနေလျှင် ထိုအချိန်မှာ အတ္တဆိုတဲ့ ကိုယ် မရှိဘူး။

ထိုသိနေတဲ့အချိန်မှာ ဉာဏ်အမြင်စင်ကြယ်တယ်။ သမ္မာဒိဋ္ဌိဖြစ်တယ်။ ထိတာကို သိနေတဲ့အချိန်မှာ ရုပ်-နာမ်မှတစ်ပါး ဘာမျှမရှိပါကလားလို့ သိတာ ကို နာမ်-ရုပ်ကို ပိုင်းခြားသိပြီးလို့ နာမရူပ ပရိစ္ဆေဒဉာဏ်လို့ ခေါ်တယ်။

တထိထဲထိ၊ တသိထဲသိနေလျှင် အတ္တစင်၍ ဉာဏ်အမြင် စင်ကြယ်တဲ့ အကျိုးရတယ်။ ဒါဟာ တဒင်္ဂပဟာန် ခဏအချိန်ကလေးမှာရတဲ့အကျိုး၊ နည်း တယ်လို့ မမှတ်နဲ့။ ကမ္မဋ္ဌာန်းထိုင်ရတာများ ဘာမှလဲမတွေ့ပေါင်၊ ဘာမှလဲ မရ ပေါင်လို့များ မမှတ်လိုက်ကြနဲ့။ ဘုရားသာသနာ ကြုံကြိုက်တဲ့အခါမှာ ဒီလို အကျိုးထူးများ ရနိုင်တယ်။ စားဖို့သောက်ဖို့ အသာထားပြီး အထူးကြိုးစား ကြ”ဟု ဆရာတော်ဘုရားကြီး ဟောကြားတော်မူသည်ကို ကောက်နုတ် ဖော်ပြ လိုက်ပါသည်။

## (၃၇) ကျင့်စဉ်အမှန်ကို ရှာဖွေခြင်း

(ဝေဘူဆရာတော်ဘုရားကြီး၏ တရားများ၊ ကျင့်စဉ်များနှင့် ပတ်သက်၍ သတင်းစာဆရာ၊ စာရေးဆရာအထောက်တော်လှအောင်က ဆရာတော် ဦးပဏ္ဍိ တအား ခင်ဦးမြို့နယ် အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် လျှောက်ထား မေးမြန်းပါသည်။ ဆရာတော် ဦးပဏ္ဍိတကလည်း စိတ်ရှည်လက်ရှည် ပြန်လည် ဖြေကြားပါသည်။ ဆရာတော်ဦးပဏ္ဍိတသည် ဝေဘူဆရာတော်ဘုရားကြီး၏ အန္တိမဓျာပန ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ကညွတ်ကွင်းမြို့ ဝေဘူ ကမ္မဋ္ဌာန်းကျောင်းတိုက်၏ အကြီးအမှူးဆရာတော်ဖြစ်ပါသည်။ ယင်း လျှောက် ထားချက်နှင့် ပြန်လည်ဖြေကြားချက်များကို အသံဖမ်းယူခဲ့ပါသည်။)

အထောက်တော်လှအောင်လျှောက်။ ။အရှင်ဘုရားနှင့် ဆရာတော်ဘုရားတို့ အခု တစ်နှစ် နှစ်နှစ်အတွင်းမှာ အချိန် ပြည့်လောက်များ အတူသီတင်းသုံးခဲ့ကြပါသလားဘုရား။

ဆရာတော် ဦးပဏ္ဍိတဖြေ။ ။အချိန်ပြည့်တော့ အတူမရှိခဲ့ပါဘူး။ တစ်နှစ်မှာ တစ်ကြိမ် နှစ်ကြိမ်တော့တွေ့ပါတယ်။

လျှောက်။ ။ဆရာတော်ဘုရားကြီးခန္ဓာဝန်ချတော့မယ်ဆိုတာကို အဲ့ဒီလိုတွေ့ တဲ့ အချိန်တွေမှ ခန့်မှန်းလို့များ ရသလားဘုရား။

ဖြေ။ ။ဒီလိုတော့ ခန့်မှန်းလို့ မရခဲ့ပါဘူး။

လျှောက်။ ။အရိပ်နိမိတ်ရော မပြဘူးလားဘုရား။

ဖြေ။ ။ဆရာတော်ကတော့ အရိပ်နိမိတ်လဲ မပြပါဘူး။ ဒါပေမယ့် ဒီနှစ်ထဲမှာတော့ ကျုပ်စိတ်ထဲမှာ တစ်မျိုးထင်နေတယ်။ နှစ်စဉ်သင်္ကြန်ပြီးတိုင်း ကျုပ်က ကညွတ်ကွင်းပြန်တာကိုး။ ဒီနှစ်အပြန်မှာတော့ ဆရာတော်ဘုရားကြီးများမရှိရင် ငါဘယ့်နှယ်လုပ်ရပါ့မလဲလို့ စိတ်ထဲမှာ မကြာခဏ ပေါ်ပေါ်လာတယ်။ ဒီလို စိတ်ထဲမှာပေါ်လာတုန်း အင်ကြင်းပင်က သံကြိုးရိုက်လိုက်တော့ စိတ်ထဲ ဘယ်လိုများဖြစ်သွားမှန်းမသိအောင် ဖြစ်သွားမိတယ်။ ဆရာတော်ကြီးကတော့ ဘာမှမမြွက်ဘူး။

လျှောက်။ ။ခန္ဓာဝန်ချမယ့်အကြောင်း ရိုးတိုးရိပ်တိတ်ကလေးမှ အရိပ်အယောင် မပြဘူးလား ဘုရား။

ဖြေ။ ။မပြပါဘူး။

လျှောက်။ ။သွယ်ဝိုက်ပြီး အမိန့်ရှိတာမျိုး၊ သွယ်ဝိုက်ပြီး အတိတ်နိမိတ် ပြတာမျိုးကို အရှင်ဘုရားတို့က မသိတာ၊ မရိပ်မိတာကော မဖြစ်နိုင်ဘူးလား ဘုရား။

ဖြေ။ ။ဒါတော့ဖြစ်နိုင်ပါတယ်။ ဆရာတော်ဘုရားနှင့်ကျုပ်က ကြာကြာလည်းမတွေ့ရဘူး။ ဒီနှစ် ဒီက ဒကာကြီး ဒကာမကြီးတွေ ပြောတာကတော့ ဒီနှစ် ဆရာတော်ဘုရားကြီး တရားဟောတာ နည်းနည်းထူးတယ်တဲ့။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော့ ဘယ်လိုပြုသလဲတဲ့ဆိုပြီး မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတဲ့အကြောင်းကို မကြာခဏ ဟောနေတယ်လို့ ပြောကြတယ်။ အင်း....အရိပ်အမြွက်ကတော့ အရှိသား။ အကဲမဖြတ်တတ်ကြလို့ကိုး။

လျှောက်။ ။ဆရာတော်ဘုရားကြီးရဲ့ တရားအဆီအနှစ်၊ တရားအားထုတ်တဲ့ကျင့်စဉ်များကို သိလိုပါတယ်ဘုရား။ တပည့်တော်တို့လည်း တရားစစ်တရားမှန်ကိုရပြီး နိဗ္ဗာန်ကို ချက်ချင်းလက်ငင်း မျက်မှောက်ပြုသွားရအောင်လို့ပါဘုရား။

ဖြေ။ ။ဆရာတော်ပေးတဲ့ ဥပနိဿယ တရားကတော့ ထွက်လေ-ဝင်လေပါပဲ။ ထွက်လေ-ဝင်လေကို နှာသီးအတွင်းက အသားကလေးနဲ့ ထိတာကလေးပဲ၊ အဲဒီထိတာကလေးကိုပဲ ဆရာတော်ကပေးတယ်။ သိတာကလေးကို

ထင်ရှားအောင်လုပ်ခိုင်းတယ်။ ဥပမာ ပူတယ်ဆိုရင် ပူသထက်ပူအောင်ပူသထက် ပူပြီ။အဲဒါပဲ အားထုတ်ရတယ်။ ဆရာတော်ကဖြင့် ပူသထက်ပူအောင် ရှုဟဲ့သို့ တိုက်ရိုက်မခိုင်းဘူး။အေး-ကောင်းတယ်။ အားထုတ်လို့ပဲမိန့်တတ်တယ်။ပူလာ နေပြီ၊ အသက်ရှုမှာကိုတောင်မှ ကြောက်နေတယ်ဘုရား၊နာနေတယ်ဘုရားလို့ လျှောက်ရင်တောင်မှ အေး-ကောင်းတယ်၊ အားထုတ်လို့ပဲ မိန့်တတ်တယ်။ နောက်တော့ ပူသထက်ပူပြီးတော့ နာခေါင်းမှာ နာသထက်နာ၊ ကျင်သထက် ကျင်လာပြီဆိုမှ တခြားတစ်နေရာရာလေးက မှတ်စရာလေး တစ်ခုခု ပေါ်လာ တယ်။ ငယ်ထိပ်နေရာကလေးကဖြစ်ဖြစ်၊ သို့မဟုတ် တစ်နေရာကလေးကဖြစ်ဖြစ် မှတ်စရာကလေး ပေါ်လာတယ်။ ထုတ်-ထုတ်-ထုတ်-ထုတ်၊ ဖြောက်-ဖြောက်-ဖြောက်နဲ့ စေ့စေ့က အပူပျောက်ပြီး အဲဒါကလေးပေါ်လာတယ်။ အဲဒါ လေး ပေါ်လာရင် ထွက်လေ ဝင်လေကိုမရှုနဲ့တော့၊ဆရာတော် အရှုခိုင်းတဲ့ ထွက်လေ ဝင်လေကို ရပ်ပြီး ဒါလေးကို ပြောင်းမှတ်လိုက်ရတယ်။

အဲ-ဆရာတော်ကတော့ ဟိုတုန်းက ဒီအတိုင်းပဲ နေ့စဉ် သီလ ဆောက် တည်ခိုင်းတယ်၊ကြိုးစားပြီး တရားအားထုတ်ခိုင်းတယ်။ဆရာတော်တန်ခိုးကြီး လာတဲ့အခါမှာတော့ ဆရာတော်တရားဟောတဲ့ အတိုင်းလောက်ပါပဲ။ ဆရာ တော် ဟောတဲ့တရားကတော့ဖြင့် ရှုလိုက်တဲ့လေကလေးက နှာသီးအတွင်းမှာ အသာကလေးထိတာ သိရဲ့လား၊အေး-ထိတဲ့အခါသိ၊သိတဲ့အခါမှာ လောဘ၊ တဏှာမလာဘူးဆိုတဲ့ ဟောစဉ်ကလေးကိုပဲ ဟောသွားတော့တယ်။ ဟိုဘက် ရောက်အောင်ကဖြင့် ဒီဟောစဉ်ထဲမှာ မပါဘူးပေါ့လေ၊နောင်တစ်ချိန်အခါ ကျရင်ဖြင့် တစ်နေရာရာက ဖြစ်ပျက်မှုကလေး သဘောတရားဟာ တစ်နေရာရာ လေးက ပေါ်လာပြီ။အဲဒီလိုပေါ်လာတော့ ထွက်သက် ဝင်သက်ကို လွှတ်ပြီး အဲဒါလေးကို ကပ်ထား၊ အဲဒါလေးနဲ့ပဲ သွားတော့တာပဲ။

ထွက်သက် ဝင်သက်ကို ကျုပ်တို့ အားမထုတ်ခင်တုန်းက ရှုသလိုပေါ့ လေ။ထွက်သက်ဝင်သက်။ ထွက်တာလည်း မသိဘူး၊ ဝင်တာလည်း မသိဘူး။ တစ်လမ်းစီ တခြားစီ ဖြစ်သွားတယ်။ဆရာတော်ပေးတဲ့ နည်းကတော့ ရှုသွင်း လိုက်တဲ့လေ နှာသီးအတွင်း အသာကလေးတိုက်ပြီး ဝင်သွားတယ်။အရှိန်ရပြီး သွားတဲ့အခါကျတော့မ တစ်နေရာရာကလေးက ဥပမာအားဖြင့် ငယ်ထိပ်က သော်လည်းကောင်း၊ သို့မဟုတ် နှာခေါင်းကသော်လည်းကောင်း တစ်နေရာရာ ကလေးက ထင်ထင်ရှားရှား ပေါ်လာတဲ့အခါ အဲဒါကို ပြောင်းပြီး ပူးမှတ် လိုက်ရတယ်။

စွန်းလွန်းဆရာတော်ကြီးကတော့ ဒီလိုမဟုတ်ဘူး၊ ရင်ချိုင့်မှာပဲ တစ်သ မတ်တည်းထားတယ်။စွန်းလွန်းဆရာတော်ကြီးနှင့် ဝေဘူဆရာတော်ကြီးတို့ဟာ အခြေခံကကွာတယ်။နောက်ပိုင်းမှာ အတူတူပဲရောက်တယ်။ဆက်စပ်မှုကတော့ အတူတူပဲ။

ဘုန်းကြီးက ညောင်လွန့်သွားပါရစေ၊ စွန်းလွန်းသွားပါစေနှင့် ဆရာတော်ဘုရားကြီးကို လျှောက်ဖူးတယ်။ ဆရာတော်ဘုရားကြီးက ဘယ်ကိုပဲသွားသွား အဓိပ္ပာယ်ကတော့ အတူတူပါပဲဗျာလို့ မိန့်ဖူးတယ်။မလွတ်ချင်ဘူး၊ ဘုရားတပည့်တော် ဗဟုသုတရှာဖွေတဲ့အနေနှင့် သွားပါရစေဘုရားဆိုတော့မှ ခွင့်ပြုတော်မူတယ်။ဒီလိုနဲ့ စွန်းလွန်းရောက်သွားတယ်။

စွန်းလွန်းဆရာတော်ဘုရားကြီးက မင်း ဘယ်ကလာသလဲ။တပည့်တော် ဝေဘူက လာပါတယ်ဘုရား။ မင်းစိတ်ဘယ်မှာထားလဲ။တပည့်တော် ငယ်ထိပ်မှာ ထားပါတယ်ဘုရား။ငယ်ထိပ်မထားနှင့် ရင်ချိုင့်ထား၊ အဲ့ဒီလို မိန့်ကြားတယ်။ဒါပါပဲ။ သဘောကတော့ အတူတူပါပဲ။ ဒီလို သဘောချင်း တူလို့ စွန်းလွန်း ဆရာတော်ဘုရားကြီးကိုလည်း ရဟန္တာလို့ သမုတ်တာပဲ။ ဝေဘူဆရာတော်ဘုရားကြီးကိုလည်း ရဟန္တာလို့ သမုတ်တာပဲ။သဘောချင်းကတော့ အတူတူပါပဲလားဆိုပြီး အဲဒီမှာတင် ပြန်လာခဲ့တာပဲ။

ထွက်သက် ဝင်သက်ကတော့ အစမှာ ထူထောင်လာရတာပဲပေါ့လေ။ ဝီရိယသန်သန်နှင့်ထူထောင်လိုက်ရင် ၁၀-ရက်လောက်ဆို ထွက်သက် ဝင်သက်လွတ်သွားတော့တာပါပဲ။လွတ်သွားရင် မိမိရဲ့မှတ်သားစရာကလေး ကျန်နေရစ်မယ်။ အဲဒီ မှတ်သားစရာလေးနှင့်ပဲ တောက်လျှောက် သွားတော့တာပါပဲ။

သို့သော်လဲပဲ အခုတော့ဖြင့် ဝေဘူဆရာတော်က ထွက်သက် ဝင်သက်ပဲ၊ ထွက်သက် ဝင်သက်နှင့်ပဲ ပြောနေကြတယ်။များသောအားဖြင့် ဒီထွက်သက် ဝင်သက်လောက်နှင့်ပဲတင်းတိမ်နေကြတယ်။ဒါကြောင့်မို့လို့လည်းဆရာတော်ဘုရားက အားထုတ်ကြစမ်းပါ၊ အားထုတ်ကြစမ်းပါ၊ လွန်တာကလေး ရှိပါတယ်လို့ အတန်တန်မိန့်မှာဖူးတယ်။လွန်တာကလေး ရှိပါတယ်၊ဝီရိယသန်သန်နှင့် ထူထောင်လိုက်ရင် ၅-ရက်၊ ၆-ရက်နှင့် လွန်သွားတာလေး ရှိပါတယ်။

ဒါကြောင့်တချို့ကတရားအားထုတ်နေတာနှစ်နှစ်ရှိပါပြီ၊သုံးနှစ်ရှိပါပြီ။ စိတ်ထဲက ထူးထူးခြားခြား ဖြစ်မလာသေးပါဘူးလို့ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူခါနီးမှာ ဒကာ ဒကာမ တော်တော်များများက လျှောက်ထားကြတယ်။ဆရာတော်ဘုရားကြီးကလည်း တော်တော်ပဲလက်ခံပြီးရှင်းပြသွားပါတယ်။ဝီရိယရှိရင်ဖြစ်ပါတယ်ဗျ၊ဝီရိယရှိရင်ဖြစ်ပါတယ်ဗျနှင့်ရှင်းရှင်းပြတယ်။

လျှောက်။ ။တပည့်တော်ကြားဖြတ်ပြီး လျှောက်ထားပါရစေဘုရား။တပည့်တော်တို့ကအန္ဓပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ဘာမှလည်းမဖြစ်သေးဘူး၊ ဘာမှလည်းဖြစ်မှာမဟုတ်ဘူး။ ဒါကြောင့် တပည့်တော်တို့လို အန္ဓပုဂ္ဂိုလ်မျိုး တရားစပြီး အားထုတ်မယ်ဆိုရင် ဝေဒနာ နုပဿနာက စရရင်ကောင်းမလား၊ ဝေဒနာနုပဿနာက ပိုပြီး ထင်ရှားသလားလို့ တပည့်တော် ထင်ပါတယ်။

နှာသီးဖျားမှာထားရမယ့် ဝင်လေ-ထွက်လေ ဆိုတာက အင်မတန် သိမ်မွေ့နူးညံ့ပါတယ်။ အင်မတန် သိဖို့ခက်ပါတယ်။

ဒါကြောင့် ဝေဒနာနုပဿနာကစပြီး လုပ်ရင် မကောင်းဘူးလားလို့ အရှင်ဘုရားကို လျှောက်ချင်ပါတယ်။ လွယ်လွယ်နဲ့လျှောက်ရရင် ပိန်ဖောင်း ပေါ့လေ။ သမာဓိနုစဉ်အခါမှာတော့ ဗိုက်ကိုကိုင်ထားရင်ပိုလို့တောင်ကောင်း ပါသေးတယ်လို့ ထင်ပါတယ်။ သမာဓိရလာတဲ့အခါမှာတော့ ကိုင်မထားရင် လည်း ရပြီပေါ့။ သမာဓိ ရလာပြီဆိုရင်တော့ ပိန်ဖောင်းကိုစွန့်ပယ်ပြီး အမြင့် ဆုံးဖြစ်တဲ့ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာတို့ကို လှမ်းနိုင်ပါပြီ။

အဲဒီလို အမြင့်ဆုံးအဆင့်ကို မလှမ်းနိုင်သေးတဲ့ တပည့်တော်တို့လိုသာမန် လူတွေအဖို့ ပိန်ဖောင်းက စရရင် ကောင်းမလားလို့ထင်ပါတယ်။ ကိုယ့်ဗိုက်ကို ကိုင်ထားပြီး ဒီဗိုက်ကြီးက ဖောင်းလာပြန်ပြီ၊ ဒီဗိုက်ကြီးက ပိန်သွားပြန်ပြီ၊ ဒါငါပိုင်သလား မပိုင်ဘူး။ ဒါတွေဟာ ဥပါဒ် ဌီဘင်တွေဖြစ်တယ်၊ တည် တယ်၊ ပျက်တယ်ဆိုပြီး သင်္ခါရတရားက စေစားနေတာ။ ငါစေစားလို့ ရသလား။ ငါပိုင်လို့ရသလား။ ငါစေစားလို့မရဘူး။ ငါမပိုင်ဘူး။ ငါ ဘာလုပ်လို့မှမရဘူး။ ငါဆိုတာလည်း မရှိဘူး။ အဲဒီလို အနိမ့်ဆုံးက စလို့ မရဘူးလားဘုရား။ ထွက်လေဝင်လေဆိုတာကျတော့ တပည့်တော်တို့လိုသာမန် လူတွေအတွက် မြင့်နေတယ် ထင်ပါတယ်။ ဒါကြောင့် အောက်ကို အဆင့် ပြန်ချပြီး မင်းတို့ ဘယ်အဆင့်က ပြန်စကွာဆိုတာမျိုးများ မိန့်ကြားခဲ့တာ မရှိဘူးလား ဘုရား။

ဖြေ။ ။ဒီလိုတော့ မရှိပါဘူး။ ဒါကတော့ ဒကာကြီးရဲ့ မစတတ်ကြလို့ပါ။

ရှုလိုက်တဲ့လေက ရှုနေကျအတိုင်းတော့ မသိဘူးပေါ့လေ၊ ရှုနေကျ ထက် နည်းနည်းကလေးပြင်းပြီးတော့ ဝီရိယကလေးစိုက်ပြီးရှုပေးဖို့လိုတယ်။

လျှောက်။ ။စိတ်က လွင့်လွင့်သွားတယ်ဘုရား။

ဖြေ။ ။အေးလေ၊ လွင့်လွင့်သွားလို့ ပြင်းပြင်းရှုပေးရတာပေါ့။

လျှောက်။ ။ပြင်းပြင်းရှုလည်း လွင့်လွင့်သွားတာပဲဘုရား။ စိတ်က ဒီပြန် ရောက်မလာပဲ အိမ်ပြန်ရောက်လိုက်၊ သားသမီးကိစ္စရောက်လိုက်၊ အလုပ်ကိစ္စရောက်လိုက်နှင့် ဖမ်းလို့မိနိုင်တယ်ကိုမရှိဘူး။ ဒါကြောင့် ဝေဒနာ က ညင်သာလွန်းလို့လား၊ ထိတွေ့မှုက နည်းလွန်းလို့လားလို့ တပည့်တော် ထင်ပါတယ်။

ဖြေ။ ။ဝေဒနာ မပေါ်သေးလို့ပါ။ ရှုလိုက်တဲ့လေက နှာသီးအတွင်းအသာ ကလေး တိုက်လိုက်တဲ့အခါကျတော့ ပူကနဲ၊ တင်းကနဲ တစ်ခုခုလေး ဖြစ်လာမယ်။ အဲဒီလို တစ်ခုခုလေးဖြစ်လာပြီဆိုရင် စိတ်ဟာမိလာပြီ။ ရှိုးရှိုး

ထွက်သက်ဝင်သက်ကတော့ မှန်းပြီး ရှုရတာကိုး၊ အဲဒီလို မှန်းပြီးရှုရတဲ့အခါ ကျတော့ ဟုတ်တယ်။ စိတ်ဟာလွင့်တတ်တယ်။ ခတ်ပြင်းပြင်းလေး ရှုတဲ့အခါ ကျတော့ လေဝင်လေထွက်ကြမ်းသည့်အတွက် နှာသီးအတွင်း အသားကလေး ကို တိုက်သွားတာ သိလာမယ်။ ပူကနဲ၊ တင်းကနဲ၊ သို့မဟုတ် အောင့်ကနဲ တစ်ခုခုပေါ့လေ။ ကျင်ကနဲလည်း ဖြစ်လာတတ်တယ်။ အဲဒီလို ဝေဒနာကလေး ပေါ်လာတဲ့အခါကျတော့ စိတ်ကို ဖမ်းဖို့ လွယ်ပြီ၊ ဖမ်းလို့ရပြီ။

လျှောက်။ ။ဒီလိုဝေဒနာပေါ်ဖို့အတွက် တချို့ကျတော့ တအားရှုရပါ တယ်။ ရှူးရှဲ-ရှူးရှဲနှင့် ပြင်းပြင်းရှုရင်း နောက်ဆုံးကျတော့ ရှူးရှဲရိပ်သာတို့၊ ရှူးရှဲဂိုဏ်းတို့တောင် ဖြစ်ကုန်ပြီလို့ ပြောတဲ့လူတွေက ပြော တာကို ကြားဖူးပါတယ်ဘုရား။

ဖြေ။ ။အဲဒီလိုတော့ ဒီကမလုပ်ရပါဘူး။ ဆရာတော်ကြီးက ပြင်းပြင်းရှုဟဲ့၊ ပျော့ပျော့ရှုဟဲ့ရယ်လို့ ဒါကိုတော့ ပဓာနထားပြီး မပြောဘူး။ ထိတာလေး သိတာပဲ၊ ဒါပါပဲ။ ရှုတဲ့လူက ထိတာလေး ငါသိလာပြီ၊ အစ တုန်းကတော့ ဒကာ ဒီနေ့အားထုတ်ရဲ့လား၊ အားထုတ်ပါတယ်ဘုရား။လေနှင့် အသားနှင့် ထိတာ သိရဲ့လား၊ သိပါတယ်ဘုရား။ ဘယ့်နှင့်နေသတုံး မေး ကြည့်တော့ မဖြေတတ်တော့ဘူး။ အေးလေ၊ အသားနှင့် ထိတာပဲ သိတယ်။ ထိတာလေး သိတာပဲရှိတယ်။ ဒါကြောင့် ဘယ့်နှင့်နေသတုံး မေးတဲ့အခါမှာ ဖြေတတ်အောင် ရှုပေဦး။ ဥပမာ-ပူတယ်ဘုရား၊ တင်းတယ်ဘုရား၊ အောင့် တယ်ဘုရားလို့ ပြန်လျှောက်တတ်အောင်၊ ကိုယ်ခံစားရတဲ့ ဝေဒနာလေးကို သိအောင် ဝီရိယကလေးစိုက်ပြီး ရှုပေးဦး။ အဲဒီဝေဒနာကလေး ပေါ်လာ တော့မှ စိတ်က လေကိုဖမ်းဖို့လွယ်တယ်။ အဲဒီလို မပေါ်သေးလို့ရှိရင်ဖမ်းလို့ မလွယ်သေးဘူး။ ခုန ဒကာပြောသလို စိတ်ဟာပြေးတာပဲ။ လွင့်တာပဲ။ ထွက် လေ ဝင်လေဟာ နူးညံ့တာကိုး။

လျှောက်။ ။နူးညံ့လွန်းလို့ အခုလို လျှောက်နေရတာပါဘုရား။

ဖြေ။ ။ဟုတ်ပြီ၊ နူးညံ့တဲ့အ◌ွက်ဆိုပါတော့၊ ဘုန်းကြီးကြားလောက်အောင် ဒကာရှုပြစမ်း။ အဲ ဟုတ်ပြီ၊ အဲဒီလောက်တော့ပြီ။ ဟိုလိုကြီးမပြင်း နှင့်။ ပြင်းလွန်းသွားပြန်တော့လည်း တချို့က အပြင်းလိုက်တဲ့ အတွက် ဝေဒနာတိုက်တာကို ဘာမှမသိလိုက်တော့ဘူး။ ပြင်းတာပျော့တာကို ပဓာန မထားဘဲ လေတိုက်တာကလေးကို ပဓာနထားပြီး ဝေဒနာ ပေါ်လာအောင် လုပ်ပေးရမယ်။ ပူတာဖြင့် ပူအောင်၊ တင်းတာဖြင့်တင်းအောင် အဲဒါကလေး ကပ်ကနဲကပ်ကနဲ သိသွားအောင် လုပ်ပေးရမယ်။ လွယ်တော့ မလွယ်ဘူး ပေါ့လေ။

လျှောက်။ ။တပည့်တော်က နိဗ္ဗာန်သွားဖို့ဈေးဆစ်နေတယ်လို့ထင်မှာလည်း စိုးပါတယ်ဘုရား။ အချောင်ရရင်တော့ သွားချင်တာအမှန်ပါ ပဲ။ဝေဒနာနုပဿနာမှာ တပည့်တော်တစ်ယောက်အနေနှင့် ထွက်လေဝင်လေကို ခံစားရတာထက် ပိန်တယ် ဖောင်းတယ် ခံစားရတာကို ပိုပြီး အာရုံစူးစိုက်မှု များပါတယ်။ ပိန်တယ် ဖောင်းတယ်ဆိုတာတောင် စိတ်နှင့်မှတ်လို့ မလွယ်ပါ ဘူး။ တပည့်တော်ဆိုရင် ဗိုက်ကြီးကိုလက်နဲ့တောင် ကိုင်ထားရပါတယ်။ ဟော ဗိုက်ကြီးဖောင်းလာပြီ၊ ဟော-ဗိုက်ကြီးပိန်သွားပြီ။ ဖောင်းနေရင် ဖောင်းတဲ့ အတိုင်း နေပေစေ။ ပြန်မပိန်စေနှင့်။ ငါပိုင်တယ်။ ငါခိုင်းလို့ရတယ်။ ပိန်နေ ရင်လဲပိန်စမ်း။ ပြန်ဖောင်းလာမယ်မကြံနှင့်၊ ပိန်မြဲပိန်၊ ငါ့ခန္ဓာကိုယ်ကွ။ ဘာရ မလဲ၊ငါပိုင်တယ်။ ငါခိုင်းတဲ့အတိုင်းသာ ဖြစ်ရမယ်။ အရင်းတိုင်းလျှောက်တာ ပါဘုရား။ တပည့်တော်လို သံသရာမှာ အဖန်ဖန်လည်နေဦးမယ့် ပုထုဇဉ်လူမျိုး အဖို့ အဲဒီလိုလက်နဲ့ ကိုင်ထားမှပဲ တည်ငြိမ်မှု၊ အာရုံစူးစိုက်မှု ရနိုင်ပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ တရားနာပရိသတ်ထဲမှာ တပည့်တော်လို ဘာမှမဖြစ်နိုင် တဲ့ ပုဂ္ဂိုလ်တွေလဲ အနမတဂ္ဂပါမှာပါ။ ကိုယ့်ကိုယ်ကိုမလိမ်ကြစတမ်းဆိုရင်ပေါ့ လေ။ ဒါကြောင့်တပည့်တော်တို့လို တစ်လမ်းသွားတွေအတွက် လျှော့ဈေး လေးများ မပေးနိုင်ကြဘူးလားဘုရား။ ဈေးသက်သာမယ်ဆိုရင်တော့ တပည့် တော်လည်း နိဗ္ဗာန်ကို မြန်မြန်သွားချင်လှပါပြီ။ ခွာတ်ဆီကုန်လို့ ခွာတ်ဆီဝယ် မရတဲ့ဒုက္ခ၊ ရထားလက်မှတ် ဝယ်မရတဲ့ဒုက္ခတွေ မခံနိုင်တော့ပါဘူးဘုရား။

ဖြေ။ ။အင်း ဒီလိုတော့ဖြင့် ဈေးလျှော့လို့ မရနိုင်ဘူး ဒကာကြီးရေ။ဘယ်လို ပြောင်းလိုက်၊ ဘယ်လိုလုပ်လိုက်တော့မဖြစ်ဘူး။ ဘုန်းကြီးတို့ကတော့ ဒါပဲ။ ထွက်သက်-ဝင်သက်ပဲ။

လျှောက်။ ။ပုထုဇဉ်တွေကို အဆင့်အတန်းခွဲဖို့တော့ လိုတယ်ထင်ပါတယ် ဘုရား။ တချို့ကျတော့နိမ့်မယ်၊ တချို့ကျတော့ အလယ် အလတ်တန်းစားဖြစ်မယ်၊ တချို့ကျတော့ အထက်တန်းကျတယ်။ဒါကြောင့် သူ့အတန်းစားနဲ့သူ လိုက်နိုင်အောင် နည်းလမ်းကလေးတော့ ခွဲပေးဖို့ကောင်း ပါတယ်ဘုရား။

ဖြေ။ ။အတန်းအစား မတူတာတော့ မှန်တာပေါ့လေ။ သို့သော်ဒကာကြီးရဲ့ စမ်းမကြည့်သေးလို့ပါ။ လက်တွေ့ စမ်းကြည့်ရင် လေနဲ့ အသားနဲ့ တိုက်တာကလေးကို တစ်ရက် နှစ်ရက်လောက်မှာပဲ အားစိုက်လိုက်တာနှင့် ပေါ်လာပါလိမ့်မယ်။ သိလာပါလိမ့်မယ်။

လျှောက်။ ။ညောင်းညောင်းလာတယ် ဘုရာ့။ ပြီးတော့ ဟိုနေရာကယား၊ ဒီနေရာက ယား၊ ဟိုနေရာက ကုတ်ချင်၊ ဒီနေရာက ကုတ်ချင်။

ဖြေ။ ။အဲဒီလိုညောင်းလာရင် ပြင်းပြင်းကလေးရှူပေးလိုက်။ ခတ်ပြင်းပြင်းကလေး ရှူပေးလိုက်တယ်ဆိုရင် စိတ်ကလေးဟာ သမာဓိကလေးရလာပြီ။ ခုနကအညောင်းဟာ ပျောက်သွားတယ်။ အခုလုပ်နည်းကတော့ဖြင့် ဒကာကြီးအသက်ရှူ ခတ်ပြင်းပြင်းလေးရှူ။ ခတ်ပြင်းပြင်းဆိုတာက စောစောက ဒကာကြီးပြောသလို ရှူးရှဲရှူးရှဲဆိုတာမျိုးတော့ မဟုတ်ဘူးပေါ့လေ။ သာမန် အသက်ရှူနေကျထက်ပိုပြီးတော့ သိသာအောင် ရှူ။ ရှူလို့ လေကလေးတိုက်လာတာ သိလာတယ်ဆိုရင် သိတာလေးကိုကပ်၊ ကိုယ်သိသလိုကပ်။ ဟိုလူပူတဲ့အပူမျိုး ငါမပူပါလားဆိုပြီး ဟိုလူနှင့် ယောင်မလိုက်နဲ့။ ကိုယ်သိသလိုပဲလုပ်။ ကိုယ်သိသလိုပဲကပ်။ ဘယ်လိုသိသိ၊ တင်းတာပဲသိသိ။ အောင့်တာပဲသိသိ၊ ကိုယ်သိသလိုလုပ်။ မီးပွက်သလိုပါပဲ။ ပွက်ပါများတော့ နည်းနည်းတော့ပူလာတာပဲ။ အဲဒီလို တဖြည်းဖြည်း လုပ်လာရင် သိပါတယ်။ ဝီရိယသန်သန်ကလေးနှင့်ဆိုရင် နှစ်ရက်လောက်ဆိုရင်ပဲ သိလာပါတယ်။

လျှောက်။ ။ထွက်လေ-ဝင်လေ တစ်ခုတည်းကိုသာ စွဲစွဲမြဲမြဲ အာရုံမစိုက်ဘဲ ပေါ်လာတဲ့ဝေဒနာကိုရော၊လိုက်ပြီးကပ်လို့မရဘူးလားဘုရား။ ဥပမာ-ထိုင်စတုန်းကတော့ ထွက်လေ-ဝင်လေပါပဲ။ တစ်အောင့်ကြာတော့ ကျောကယားလာတယ်။ အဲဒီယားလာတဲ့ ကျောကဝေဒနာကို လိုက်ကပ်လို့ မရဘူးလားဘုရား။

ဖြေ။ ။ဒီကတော့ လိုက်မကပ်ဘူး။ ဆရာတော်ကြီးရဲ့ နည်းကတော့ တစ်ခုတည်းပဲ။ အဲဒီဖြစ်ပေါ်လာတဲ့ ဝေဒနာကို မလိုက်ဘဲနဲ့ ကိုယ့်အသိကိုသာပြန်ကပ်။ တော်တော်လေးကပ်မိတော့ ဟိုယားတာဟာပျောက်သွားတယ်။ ယားတာပျောက်တယ်ဆိုတာက သူ့အလိုလိုပျောက်သွားတာတော့ မဟုတ်ဘူးပေါ့လေ။ အဲဒီကို စိတ်မရောက်တော့လို့ ဖြစ်တာမျိုးပေါ့။ ဆရာတော်ကြီးနည်းကတော့ တစ်ခုပဲ။ ယားတာကိုလည်းမလိုက်နဲ့။ ပူတာကိုလည်းမလိုက်နဲ့။ ဘာ့ကြောင့်လဲဆိုတော့ ဖြစ်ပေါ်သမျှ ဝေဒနာတွေကို လိုက်ကပ်နေရင်စိတ်ဟာ ပြန့်ကျဲသွားတော့ ကိုယ်သိချင်တဲ့ ဝေဒနာ မထင်ရှားဘူး။ နှာခေါင်းမှာ လေတိုက်နေတဲ့ ဝေဒနာဟာ မထင်ရှားတော့ဘူး။ စိတ်ကဟိုရောက်လိုက်၊ ဒီရောက်လိုက်မဖြစ်စေနှင့်။ ဝေဒနာပေါ်လာလို့ နှာခေါင်းမှာ ပူတယ်-တင်းတယ်ဖြစ်လာတဲ့အချိန်မှာ တင်ပါးက အောင့်လာတယ်ဆိုပါတော့။ အောင့်လာတဲ့ဆီမရောက်နှင့်။ တင်ပါးကအောင့်တဲ့အတွက် နှာခေါင်းက ပူတာလျော့သွားတယ်ဆိုရင်တော့ နည်းနည်းပြင်ထိုင်ပေး။ သူ့ကိုတော့ လိုက်မမှတ်နှင့်။ ပြင်လိုက်တဲ့အခါမှာ အအောင့်ပျောက်သွားမှာကိုး။ ကိုယ့်နှာခေါင်းပဲ ကိုယ်ပြန်မှတ်။ ဒီအချိန်မှာ တင်ပါးကအောင့်နေတာကိုလည်း သိတယ်၊ နှာခေါင်းကပူတာကို

လည်း သိတယ်ဆိုရင် ပြင်းပြင်းရှုလိုက်။ ပြင်းပြင်းရှုလိုက်လို့ နှာခေါင်းပူတာမှာအသိပိုသွားရင် အောင့်တာဟာ ဥပေက္ခာပြုလိုက်သလို၊ လျစ်လျူရှုလိုက်သလို ပျောက် သွားမှာပဲ။ အဲဒီတစ်ခါ လွန်သွားလို့ရှိရင် အဲ့ဒီယောဂီတော်တော်အားရှိလာပြီ။

လျှောက်။ ။အရှင်ဘုရား စောစောက အမိန့်ရှိသွားသလို အာရုံဘယ်မှာထားသလဲ။ ငယ်ထိပ်မှာ ထားတယ်။ ငယ်ထိပ်မှာ မထားနှင့်။ ရင်ချိုင့်မှာ ထား။ အဲဒီလိုပဲ ကိုယ်ကြိုက်ရာနေရာမှာ အာရုံကို ထားလို့ရပါသလား ဘုရား။ ဆရာတော်ကြီးက ဘယ်လိုများ အမိန့်ရှိခဲ့ပါသလဲ။

ဖြေ။ ။ဆရာတော်ကြီးကတော့ အဲဒါကို သဘောမကျဘူး။ ဆရာတော်ကြီးကတော့ တစ်နေရာတည်းပဲ ထားခိုင်းတယ်။

လျှောက်။ ။ဝေဒနာဆိုတာက ၃၂-ကောဋ္ဌာသရှိရာမှာ ပေါ်ချင်ရာက ပေါ်လာမှာကိုး ဘုရား့။

ဖြေ။ ။အဲဒီပေါ်ချင်ရာက ပေါ်လာတာကို ဒီအသိနှင့် နိုင်အောင်လုပ်။ ဒါ ဆရာတော်ကြီးရဲ့ အာဘော်ပဲ။ တခြားဆရာတော်ကြီးတစ်ပါးနှင့်ဘုန်းကြီးတွေ့ပြီး ပြန်လာတဲ့အခါမှာ ဝေဘူဆရာတော်ကြီးနှင့်ပြန်တွေ့တယ်။ ဘုန်းကြီးက ဆရာတော်ကြီးကိုလျှောက်တယ်။ ဘုရား့တပည့်တော် ဒီလိုဒီလို မှတ်ပါတယ်။ ဥပမာ လက်မောင်းက ပူလာတယ်ဆိုရင် ပူလာတဲ့လက်မောင်းကို တပည့်တော်ရွှေ့မှတ်ပါတယ်ဘုရားလို့ လျှောက်တယ်။ ဒီတော့ ဆရာတော်ကြီးက ဘာ ပြန်ပြောသလဲဆိုရင် ဦးပဏ္ဍိတ့်က ပညာရွှေ့စုံလာခဲ့တာကိုးတဲ့။ သဘောမကျဘူး။ ဆရာတော်ကြီးရဲ့ အာဘော်ကတော့ တစ်ခုတည်းကြိုက်တယ်။ ဝေဘူဆရာတော်ကြီးနှင့် တခြား ဆရာတော်ကြီးတစ်ပါးတို့ တစ်ခါအတူဆုံဖူးကြတယ်။ ကျုပ်က တစ်နေရာကနေပြီး ဆရာတော်ကြီးနှစ်ပါး ဘာတွေ ဆွေးနွေးကြမလဲလို့ ချောင်းပြီး နားထောင်နေတယ်။ တခြားဆရာတော်ကြီးက မှတ်ချင်တဲ့ စိတ်ကလေး ပေါ်လာတဲ့အခါမှာ ဝေဒနာပေါ်ရာကို လိုက်မှတ်ဖို့ သင့်-မသင့် လျှောက်တယ်။ ကျုပ်တို့ဆရာတော်ကြီးက အရှင်ဘုရား၊ တစ်ခုတည်းမှတ်တာ ပိုပြီးအားရှိတယ်လို့ တပည့်တော် ထင်ပါတယ်ဘုရားလို့ ပြန်လျှောက်တာကို ကြားရဖူးတယ်။ လိုက်မှတ်တာကို သဘောမကျဘူး။ ဆရာတော်ကြီးကတော့ တစ်ခုတည်းပဲ။ ဟိုကပေါ်လာတဲ့ ဝေဒနာကို နိုင်အောင်တိုက်။ ဥပေက္ခာပြု၊ လျစ်လျူရှု။ ဟိုနားကပူလိုက်-ဟိုနားလိုက်လိုက်ဆိုတာမျိုးကိုသဘောမကျဘူး။

လျှောက်။ ။ဆရာတော်ဘုရားကြီးရဲ့ အဓိကအာရုံက ထွက်လေ-ဝင်လေလို့ ဆိုလိုတာပေါ့ဘုရား့။ အဲဒီထွက်လေ ဝင်လေက ဝေဒနာကို ရှု။ ဥပါဒ်-ဋ္ဌီ ဘင်ဆိုတဲ့ ဖြစ်-တည်-ပျက်ကို ရှုရမှာလားဘုရား။

ဖြေ။ ။ဒီလို ဖြစ်တည်ပျက်ဟော့လို့မလာရဘူး။ မဥပါဒ်ရဘူး။ဖြစ်တည်ပျက် ကို စိတ်မဥပါဒ်နှင့်။

လျှောက်။ ။ဒီလိုဆိုရင် အာရုံက ဘာကိုပြုရမလဲ။ လေထွက်သွားတယ်၊ လေ ပြန်ဝင်သွားတယ် ဆိုတာကိုပဲလား။

ဖြေ။ ။ခုနက ပြောတယ်လေ၊ ဝေဒနာကို အာရုံပြု။

လျှောက်။ ။ဝေဒနာကို ဘာတရားနဲ့ယှဉ်ပြီးမှတ်ရမလဲ။အာရုံပြုရမလဲဘုရား။ ဒီဝေဒနာကလေးတွေဟာ ဖြစ်တယ်၊ တည်တယ်၊ ပျက်သွားတယ်။ ဖြစ်တယ်၊ တည်တယ်၊ ပျက်သွားပြန်တယ်။ ဒါတွေဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေပဲ။ မမြဲဘူး။ ဆင်းရဲတယ်၊ ငါမပိုင်စိုးဘူးရယ်လို့ လက္ခဏာရေးသုံးပါးနှင့် မယှဉ်ရဘူးလား ဘုရား။

ဖြေ။ ။ဆရာတော်ဘုရား အမိန့်ရှိတာကတော့ ဝေဒနာဟာ ဝေဒနာပဲ။ ပူတာလေးကို ပူတာလေးနဲ့ သိနေ။ နောင်တစ်ချိန်ကျလို့ရှိရင် ဉပမာ အသက်အောင့်ထားလိုက်လို့ရှိရင်လည်း သိနေရမယ်။ ဝေဒနာလေးကို သိနေ ရမယ်။ ဒါပဲကပ်။ အေး နောင်တစ်ချိန်ကျလို့ရှိရင် ဒီကလဲ အားကောင်းလာ တယ်ဆိုရင် ဖြစ်ပျက်ကလေးဟာ သူ့ဟာသူ ပေါ်လာလိမ့်မယ်။ ဟို ရေမျှား စီးနေတဲ့အခါ၊ ရေစီးထဲကို လက်ချလိုက်တဲ့အခါ ထိတ်-ထိတ်-ထိတ်-ထိတ်နှင့် ရေကတိုက်နေသလို သူ့ဟာသူရှိတယ်။ ခန္ဓာကိုယ်ထဲမှာရှိတယ်။ တစ်နေရာ တည်းလေ။ အဲဒီအခါမျိုးကျတော့ ထွက်သက်-ဝင်သက်ကို လျှော့ပစ်လိုက်။ ထွက်သက်ဝင်သက်ကို မမှတ်နှင့်တော့။ လွှတ်ပစ်လိုက်။ ခုနကပြောသလို ရေစီး ထဲကို လက်ချထားလိုက်တဲ့အခါ ရေစီးက ထိတ်-ထိတ်-ထိတ်-ထိတ်နဲ့ လက်ကို တိုးနေသလို ဖြစ်နေတာလေးကိုပဲ မပြတ်မှတ်တော့။ အဲဒီအခါကျတော့ အနိစ္စ၊ ဒုက္ခ လုပ်နေစရာပလိုတော့ဘူး။ သူ့ဟာသူ ပြနေတယ်။ ဒီအခါ ကျတော့ ယောဂီဟာ သူ့စိတ်ကိုဖော်ပြစရာ မလိုတော့ဘူး။ အနိစ္စကို တစ်ခါတည်း သိနေတယ်။

လျှောက်။ ။အစကတည်းက အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာရေး သုံး ပါးနှင့်ယှဉ်ပြီး ကျင့်မလာဘဲနှင့် မြန်းဆို သိနိုင်ပါ့မလားဘုရား။

ဖြေ။ ။မြန်းကနဲတော့ မသိနိုင်ဘူးပေါ့။ တဖြည်းဖြည်း ဝေဒနာကိုသိလာ တာပေါ့။

လျှောက်။ ။စကျင့်ကတည်းက ဝေဒနာပဲ။ ဒီဝေဒနာပေါ်မှာ မမြဲဘူး။ ဆင်းရဲတယ်။ မပိုင်စိုးဘူးဆိုတဲ့ လက္ခဏာရေး သုံးပါးကို မဆင်ခြင်ဘဲ ဝေဒနာသက်သက်ပဲ လိုက်ရမှာလားဘုရား။

ဖြေ။ ။ဝေဒနာလို့ပဲလိုက်။ ဒါလေးတစ်ခုတည်း ဝေဒနာအဖြစ်လိုက်။ ဒါမမြဲဘူး။ ဒါဆင်းရဲတယ်။ ဒါအစိုးမရဘူးဆိုတာ ကျုပ်တို့ဆရာတော်က မဟောဘူး။ ဝေဒနာ တစ်ခုတည်းကိုလိုက်ပြီး အားထုတ်လိုက်တဲ့အခါ စိတ်ဟာ အလိုလိုပျော့သွားတယ်။သူ့ဟာသူ လျော့သွားတယ်။ စိတ်ကလည်း ပျော့သွားမယ်။ ရုပ်ကလည်း ညှိုးသွားမယ်။ သူ့ဟာသူ ကိုယ့်တရားသဘော ကိုယ်တွေ့လာမယ်။ အဲ....ခုနကပြောသလို ကူးလိုက်တဲ့အခါကျတော့ ရေစီးသန်သန်ထဲ လက်ကလေးချလိုက်တဲ့အခါ ထိတ်-ထိတ်-ထိတ်-ထိတ် တိုက်နေသလို အဲ့ဒီလိုအကူးမျိုး ကူးလိုက်တဲ့အခါကျတော့ဒါလေးကိုပဲမှတ်။အဲဒါပဲဆရာတော်ခိုင်းတယ်။ သူ့ဟာသူပဲ အနိစ္စကိုသိနေတယ်။

ဒါကြောင့်မို့ ဝါးစားလိုက်ကြစမ်းပါ။ ပါးစပ်က ပြောမနေကြပါနှင့်။ သကြားစားရင် ချိုမှန်းသိပါတယ်။ ငရုတ်သီးစားရင် စပ်မှန်းသိပါတယ်။ ခုနပြောသလို ရေစီးထဲမှာ လက်ကလေးကို ထိတ်-ထိတ်-ထိတ်-ထိတ်နှင့် တိုက်နေတဲ့ သဘောတရားကလေးကို သိလာလို့ရှိရင် ဟောစရာ မလိုတော့ဘူး။ သူ့ဟာသူသိနေတယ်။ဒါကြောင့် တော်တော်ထူးပါတယ်။ ဆရာတော်ရဲ့ တရားထူးတဲ့အပိုင်းရောက်ဖို့ဆိုတာကလည်း တော်တော်ပဲ ခက်ပါတယ်။

လျှောက်။ ။လွယ်ရင်တော့ အားလုံးပဲ နိဗ္ဗာန်ကို မျက်မှောက်ပြုကုန်ကြမှာပါဘုရား။

ဖြေ။ ။တကာကြီးတို့ရယ်၊ ခက်တယ်၊ ခက်တယ်ဆိုပေမယ့် တကယ်လုပ်ကြည့်ရင် တကယ်ရပါတယ်။ ဆရာတော်က အနိစ္စဘယ်လိုမှတ်၊ ဒုက္ခဘယ်လိုမှတ်၊အနတ္တဘယ်လိုမှတ်ရယ်လို့ မဟောဘူး။သူ့သဘော သူသိသွားမယ်။ သူ့အလိုလိုကိုသိမယ်လို့ မိန့်ပါတယ်။ ဟုတ်ပါတယ် အလိုလိုကိုပြပါတယ်။

လျှောက်။ ။သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါးတော့ ရအောင် လုပ်ရမှာပေါ့ဘုရား။

ဖြေ။ ။ဟုတ်တာပေါ့။ ဆရာတော်ကလည်း သိက္ခာသုံးပါး အဓိကပါပဲလို့ဟောပါတယ်။ အဲ....ခုနကပြောသလိုပဲ။ ဆရာတော်ဘုရား ဟောတဲ့အခါမှာ ဘယ်ဟာအနိစ္စ၊ ဘယ်ဟာဒုက္ခ၊ ဘယ်ဟာ အနတ္တဆိုတာတွေ

မပါဘူး။ လိုရင်းကတော့ဖြင့် မဂ္ဂင်ရှစ်ပါးထဲမှာ ကျုပ်တို့ဆရာတော် ခိုင်းတာကတော့ဖြင့် သမ္မာဝါယမနှင့် သမ္မာသတိ။ ဒီနှစ်ခု ပြောတာပဲ။

လျှောက်။ ။ကောင်းသောအားထုတ် ကြိုးကုတ်ခြင်းနှင့် ကောင်းသော မမေ့မလျော့ခြင်းလားဘုရား။

ဖြေ။ ။ဟုတ်ပါတယ်။ ကျုပ်တို့ကို လူတချို့က မေးကြတယ်။ ဉာဏ်စဉ်ဘယ်လို တက်ရမလဲလို့။ တက်စရာမလိုပါဘူး။ ဉာဏ်ဆိုတာ အသိကိုခေါ်တယ်။ သူ့အသိ သူ့ဟာသူ ပေါ်လာလိမ့်မယ်။

လျှောက်။ ။တပည့်တော် တစ်ခုလျှောက်ပါရစေဦး။ ဆင်ခြေဆင်လက်များ တယ်လို့လည်း မထင်ပါနဲ့ဘုရား။ ဘုရားရှင် လက်ထက်တော်က စပြီး ကနေ့အထိ အသိန်းအသန်းမကသော အရိယာသူတော်စင်များဟာ အရဟတ္တမဂ်-အရဟတ္တဖိုလ်ကိုရပြီး ပရိနိဗ္ဗာန်ပြုခဲ့ကြမှာ မလွဲပါဘူး။ သာမန်ပုထုဇဉ်တွေ ဖူးခွင့်ကြုံလိုက်တာလည်းရှိမယ်။ ဖူးခွင့်မကြုံလိုက်တာလည်းရှိမယ်။ ဒါကြောင့် တပည့်တော် တစ်ခုစဉ်းစားမိပါတယ်။ အဲဒီလိုနိဗ္ဗာန်ကို မျက်မှောက်ပြုသွားကြတဲ့ရဟန္တာများမှာ မတူတဲ့ကျင့်စဉ်တွေများရှိမလား။ ကောခမှာဆိုတဲ့ အတိုင်း တရားကတော့ တစ်ခုတည်းပေါ့ဘုရား။ ဥပမာလျှောက်ရရင် ဒီအင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်းတိုက်ကနေပြီး မဒေါင်းလှဘူတာကို သွားချင်ရင် သွားလို့ရနိုင်တဲ့ လမ်းပေါင်းများစွာရှိပါတယ်။ ဖြတ်လမ်းကသွားရင် အချိန်တိုတိုနဲ့ရောက်မယ်။ ဒါပေမယ့်ပင်ပန်းမယ်။ လမ်းရိုးလမ်းကောင်းကသွားရင် အချိန်နည်းနည်း ကြန့်ကြာမယ်။ ဒါပေမယ့် သက်တောင့်သက်သာရှိမယ်။ မဒေါင်းလှ ဘူတာကိုတော့ ရောက်မှာချည့်ပါပဲ။ ဒါကြောင့် နိဗ္ဗာန်ကိုမျက်မှောင်ပြုသွားကြတဲ့ ပုဂ္ဂိုလ်များဟာ ကိုယ့်ကျင့်စဉ်ကိုပဲ ကိုယ်ဟောကြားသွားသလား။ နိဗ္ဗာန်တံခါးကို ကိုယ့်နည်းနှင့်ကိုယ် ဖွင့်ပေးသွားကြသလားလို့ တပည့်တော် စဉ်းစားကြည့်မိပါတယ်။

ဖြေ။ ဒါတော့ရှိမှာပေါ့လေ။ သွားတာကတော့ ဒကာကြီး သန်သလိုသွားကြတာပေါ့ပါ။ ဆိုရာကျတော့- အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး အတူတူပါပဲ။ သဘာဝဆိုက်တဲ့နေရာမှာ ဒီအဆိုက်မျိုး၊ ဟိုအဆိုက်မျိုး နည်းနည်းလေး ထားတာလေးကွာပေမယ့် သဘာဝချင်းကတော့ အတူတူပါပဲ။ ထားတာချင်းသာကွာတာကိုး။ ဒကာကြီးစဉ်းစားသလို ရှိတာပေါ့ဒကာကြီးရဲ့။ ကဲ....ဒကာကြီးလဲ သဘောပေါက်လောက်ပါပြီ။ အဘောာ်အတန်အခံက ရှိနေတာကိုး။ ဒကာကြီးတို့ ညစာစားဖို့ အချိန်လင့်နေတော့မယ်။

ကြုံတုန်း ဒကာကြီးကိုတစ်ခုတော့ တိုက်တွန်းချင်တယ်။ ရန်ကုန်ကနေ အလွန်ခရီးဝေးခေါင်လှတဲ့ ဒီနေရာမျိုးကို ရောက်လာမှတော့ ကြုံတောင့်ကြုံခဲပဲ၊

ဒါကြောင့် ကြုံကြိုက်တုန်းမှာ ခုနစ်ရက်လောက် လက်တွေ့ တရားအားထုတ် သွားစမ်းပါလား။

လျှောက်။ ။သည်းခံတော်မူပါဘုရား။တပည့်တော်က ပါရမီရင့်သန်ပါတယ်။

ဒါကြောင့် လက်တွေ့တရားအားထုတ်ကြည့်လို့ တစ်ရက်နှစ်ရက်နှင့် အရဟတ္တမဂ်-အရဟတ္တဖိုလ်များတည်သွားရင်ရန်ကုန်မှာကျန်ခဲ့တဲ့တပည့်တော်ရဲ့ မာတုဂါမနှင့် သားသမီးတွေ ဒုက္ခရောက်ကုန်ပါ့မယ်ဘုရား။ တပည့်တော်မှာ တိုင်းပြည်နှင့် လူမျိုးအတွက်လည်း လုပ်စရာအလုပ်တွေ ကျန်နေပါသေးတယ်။ အသခံတခါတ် မြတ်သောနိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ ရွှေ့ဆိုင်းလို့ ရရင် ရွှေ့ဆိုင်းထားချင်ပါသေးတယ် ဘုရား။

(အထောက်တော်လှအောင်က ထိုသို့ပြန်လည်လျှောက်ထားသောအခါ ဆရာတော် ဦးပဏ္ဍိတသည် အေးငြိမ်း ချမ်းသာစွာဖြင့် ပြုံးတော်မူလျက် ရှိလေသည်။)

## (၄၅) ဝိပဿနာ ဩဝါဒ ၁၅ချက်

ဝိပဿနာ ကမ္မဋ္ဌာန်းတရားနှင့်ပတ်သက်၍ ပြောဟော ဆိုဆုံးမရာ၌ အဓိက ထား ဟောကြားတော်မူသော ဩဝါဒ၁၅ချက်မှာ အောက်ပါအတိုင်းဖြစ်၏။

(၁) ဝိပဿနာတရားဆိုတာ ထင်ရှားရှိသော တရားကို မြင်အောင်ရှုရသည်။
(၂) ထင်ရှားရှိသောတရားကိုမြင်အောင်မရှုနိုင်လျှင် ဝိပဿနာမဖြစ်။
(၃) ထင်ရှားရှိသောတရားဆိုတာ အခြားမှာ သွား၍ ရှာမှရတာမျိုး မဟုတ်။ ကိုယ်မှာရှိသော တရား ဖြစ်သည်။
(၄) ကိုယ်မှာရှိသောတရား ဆိုတာ ထွက်သက်-ဝင်သက် ဖြစ်သည်။
(၅) ထွက်သက်-ဝင်သက်ဆိုတာအမိဝမ်းကမွေးကတည်းက သေသည် အထိ အမြဲမပြတ် တရစပ်ရှိနေသော တရားသဘောဖြစ်သည်။
(၆) ထွက်သက်-ဝင်သက်သည် အလုပ် လုပ်နေရင်း၊ စကားပြော နေရင်း၊စာရေးနေရင်း၊စာကျက်နေရင်း၊စဉ်းစားနေရင်းလည်း ရှိသည်။ အိပ်ပျော်နေရင်းလည်း ရှိနေတာပဲ ဖြစ်သည်။
(၇) ထွက်သက်-ဝင်သက်သည် အမြဲမပြတ် ရှိနေသော်လည်း အမှတ် တမဲ့နေကြ၍ "သတိမမူ-ဂူမမြင်- သတိမူလျှင် မူ့ကိုတောင် မြင် ရတယ်"ဆိုတာလိုပဲ ဂရုစိုက်၍ကြည့်မှ ရှိမှန်း သိကြသည်။
(၈) ကြည့်တယ်ဆိုရာ၌ ဝိပဿနာဖြစ်ဖို့ရာမှာ ထွက်သက်လေ၊ ဝင်သက် လေထိရာ နှာသီးဖျားမှာ ရိပ်ရိပ် ရိပ်ရိပ်နှင့် ထိ-ထိသွားတာကို သိအောင် ကြည့်ရမည်။

(၉) ထိတာဟာ ပရမတ်ရုပ်သဘောဖြစ်သည်။ သိတာက နာမ်သဘော ဖြစ်သည်။

(၁၀) တရိပ်ရိပ်နှင့် ထိတိုင်း ပျောက်တိုင်း ရုပ်-နာမ် နှစ်ပါး ဖြစ်မှု ပျက်မှုတွေ ဖြစ်-ပျက်၍ နေခြင်း ဖြစ်သည်။

(၁၁) တရိပ်ရိပ်နှင့် နှာသီးဖျားတွင် ထိလိုက်-ပျောက်လိုက်နေတာတွေကိုသာ တစ်ဆက်တည်းမြင်အောင်ကြည့်နေလျှင်ကြာတော့ကာ ဝိပဿနာသမာဓိ တစ်စထက် တစ်စ၊ တစ်ခဏထက် တစ်ခဏ တိုးတက်၍ အားကြီးလာသောအခါ နှာသီးဖျားမှာတွင်မက ခန္ဓာကိုယ်မှာလည်း အလိုလို တရိပ်ရိပ် တရွရွ ဖြစ်ဖြစ် လာတာတွေကို တွေ့ရတတ်၏။ တွေ့လိုသောနေရာတွင် စိတ်ဖြင့် စိုက်၍ရှုနေလျှင်လည်း တရိပ်ရိပ်တရွရွနှင့်ပင် တွေ့နေရတတ်၏။

(၁၂) တစ်ကိုယ်လုံး၌ တရိပ်ရိပ် တရွရွတွေအစဉ်မပြတ်ဖြစ်ပျက်နေတာတွေကို တွေ့၍ လာရသောအခါ (အနိစ္စသညိနော မေဃိယ အနတ္တသညာသဏ္ဌာတိ) ဟူသော ပါဠိတော်အရ အနိစ္စကို ကောင်းစွာမြင်ရသောကြောင့် အနတ္တအလိုလိုထင်၍ လာလိမ့်မည်။ ဝိပဿနာယောဂီ၏ အလုပ်သည်ထိမှုကို ရှုနေရုံသာဖြစ်သည်။ ကြည့်ရှုနေရင်း သိသင့် သိထိုက်သမျှကိုမူကား အလိုလို သိ၍လာလိမ့်မည်။

(၁၃) ဤကဲ့သို့ တရိပ်ရိပ်နှင့် ထိမှုတို့ကိုကြည့်ရှုနေရင်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဖြစ်လာသည်ရှိသော် သိသာလှပေ၏။ အဘယ်သို့ သိရမည်နည်းဟူမူ ရေငတ်၍နေသောသူသည် ရေကိုသာသောက်ရသည်ရှိသော် ရေငတ်ပြေသကဲ့သို့ ဖြစ်သွားတော့၏။

(၁၄) မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရပြီး ရောက်ပြီး၍ ဖလသမာပတ်ကို ဝင်စားလိုလျှင် မမိလာဖူးသောလမ်းကို ပြန်၍ ကြည့်ရ၏။

(၁၅) ဤအတိုင်းဖြစ်ချင်လျှင် တရိပ်ရိပ်နှင့်ထိမှုတို့ကိုသာ ကြည့်ရှု၍နေ၊ ထွေလီ ကာလီတွေကို လိုက်၍ လုပ်မနေနှင့်။

ကျေးဇူးရှင် ဝေဘူ ဆရာတော်ဘုရားကြီးက ပေးသနားတော်မူသော ဤအထက်ပါ ဆုံးမချက် (၁၅)ချက် ဝိပဿနာ နည်းမှာ အကျဉ်းသခ်ေပမျှသာ ဖြစ်၏။

## (၄၆) တက္ကသိုလ်ဓမ္မာရုံ၌ ဟောကြားတော်မူသော တရားစဉ်များ

ဆရာတော်ဘုရားကြီးသည် ၁၉၅၅-ခု၊ မေလ၌ ရန်ကုန်တက္ကသိုလ်နယ်မြေရှိ တက္ကသိုလ်ဓမ္မာရုံတွင် သီတင်းသုံး၍ နေ့စဉ်ရက်ဆက် တရားတော်များ ချီးမြှင့်တော်မူသည်။

ထိုသို့ ဟောကြားသော တရားများကို (၉-၅-၅၅)နေ့မှ စ၍ ညစဉ်ဟောကြား တော် မူခဲ့သော တရားစဉ်များကို ပူးတွဲ ဖော်ပြထားပါသည်။ ထိုတရားတော်များကိုလေ့လာဖတ်ရှုပါက ဆရာတော်ဘုရားကြီးသည် နိမ့်သောသူကိုလည်းကောင်း၊ မြင့်သောသူကို လည်းကောင်း ခွဲခြားခြင်းမရှိဘဲ မိမိတရားကို အလွှာအားလုံးသော ဝေနေယျသတ္တဝါအပေါင်း နားလည်စေရန် စကားပြေဖြင့် ဟောကြားထားသည်ကို တွေ့နိုင်ပါမည်။

ထိုတရားများသည် ရှင်းလင်း ပြတ်သားပြီး ဆရာတော်ဘုရားကြီး၏ ဝိပဿနာတရားသဘောကို မှန်းဆနိုင်ပါမည်။

# အပါယ်မကျချင်ရင်
# အချိန်ရှိတုန်း ကြိုးစားကြ

''သေသေချာချာ အဟုတ်လုပ်ရင် ကိုယ်ဘယ်ရောက်မယ်ဆိုတာ ပြောတတ်မှာပါပဲ၊ အဟုတ် ပြောတတ်ပါတယ်၊ ဝီရိယကို ထူထောင်ပြီးတော့ ကိုယ်အလိုရှိရာ လိုပြုထားကြ၊ပြုထားကြလို့ ရှိရင် အဲဒါ ချက်ပြီးသား ထမင်း အသင့်ရှိတာနှင့် အတူတူ ပါပဲဗျ....''

[၁၉၅၅ ခု၊ မေလ ၉ရက်နေ့ညက ရန်ကုန်တက္ကသိုလ် ဓမ္မာရုံတွင် အချိန်ရှိခိုက် ကြိုးစား အားထုတ်ကြရန် ဝေဘူဆရာတော် ဘုရားကြီးက အောက်ပါအတိုင်း တိုက်တွန်း ဟောကြားတော်မူခဲ့သည်။]

ဝေဘူဆရာတော်အရှင်မြတ်သည် ပထမဗျေးဦးစွာ ရှစ်ပါးသီလတော်ကို ပေးပြီးနောက် အောက်ပါအတိုင်း တရားတော်ကို ချီးမြှင့်တော်မူသည်။

### တရားနာခံအဖြစ် ဦးလှကာ ဆောင်ရွက်သည်

သီလကိုဆောက်တည်၍ပြီးကြပြီ၊ ဆောက်တည်၍ပြီးလျှင် ပြည့်စုံအောင် ဖြည့်ကျင့်ကြ၊ဖြည့်ကျင့်လို့ ပြည့်စုံပြီဆိုမှဖြင့် ပတ်နှလုံးအလိုတောင့်တ ရည်ရွယ်ချက် အသီးသီးတို့ဟာ အကြွင်းအကျန်မရှိ အကုန်လုံးပြီးအောင်မြင်ရော။ ထိုသို့ ဖြစ်သောကြောင့် ပစ္စုပ္ပန်သံသရာနှစ်ဖြာ တောင့်တရည်ရွယ်ချက်အသီးသီးတို့ကို ပြီးစီးခြင်းငှာ အလိုရှိကြတဲ့သူတော်ကောင်း အစားစားတို့ဟာ ပစ္စုပ္ပန်သံသရာ နှစ်ဖြာတောင့်တ ရည်ရွယ်ချက်တို့ကို ပြီးစီးခြင်းငှာ စွမ်းနိုင်ပါတဲ့ သီလကို ကြိုးစားပြီးတော့ ဖြည့်ကြ၊ကျင့်ကြ၊ သီလ၌ တည်ပြီးတော ပြုကြတဲ့ ကုသိုလ် အဖြာဖြာတို့သည် မှန်းထားတဲ့ အတိုင်း အထွတ်အထိပ်သို့ ပြီးစီးအောင်

ဆောင်တယ်။ မို့တယ်။ထိုသို့ဖြစ်သောကြောင့် သီလ၌ တည်ပြီးတော့ စိတ်ထဲ၌ နှစ်သက်ဖွယ်၊ သဘောကျဖွယ်ဖြစ်တဲ့ ကိုယ်ပိုင်ဖြစ်တဲ့ ပစ္စည်းတို့ကို ကိုယ်ပိုင် ကိုယ်တိုင်စိတ်နှလုံးအားဖြင့် နှစ်သက်ဖွယ်တို့ကို ကောင်းမွန်စွာစီမံပြီး၊ အလှူ ဝတ္ထုကိုရှိသေလို့၊ အလှူခံကိုရှိသေလို့ စိတ်ကိုဖြောင့်မတ်စွာ ထားပြီးတော့ အတုအတူမရှိပါတဲ့ ဘုရားရှင်သာသနာတော်ကို ကိုယ်ပိုင်ကိုယ်တိုင် ဆပ်ကပ် လှူဒါန်းပြီးတော့ ကိုယ်နှစ်သက်ရာဖြစ်တဲ့ ဗောဓိဆုနှင့် နိဗ္ဗာန်သို့စံဝင်ရပါလို၏ လို့ ဆုယူဆုတောင်းကြရတယ်။

## ဗောဓိသုံးမျိုး

ဗောဓိဆိုတာ သစ္စာလေးပါးကိုထိုးထွင်းပြီး သိတာမြင်တာကို ဗောဓိ လို့ခေါ်တယ်။ ဗောဓိသည် သမ္မာသမ္ဗုဒ္ဓဗောဓိ၊ ပစ္စေကဗောဓိ၊ သာဝက ဗောဓိ၊ သာဝကတွင်မှ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကရယ်လို့ အသီးသီးရှိကြပါတယ်။ တေဒဂ် ရာထူးဌာနန္တရတို့မှာလည်း အသီးသီး ကိုယ် အလိုရှိရာ နှစ်သက်တဲ့ တေဒဂ် ရာထူးဌာနန္တရနှင့် ပြည့်စုံရပါလို၏လို့ ဆုယူ ဆုတောင်းကြရတယ်။ အဲဒီလို တောင့်တတဲ့အတိုင်း ပြီးစီးအောင်မြင်လို့ နိဗ္ဗာန် သို့ စံဝင်ကြွသွားတော်မူကြတဲ့ သူတော်ကောင်းအစားစားတို့ဟာ ရေတွက် ခြင်းငှာ မစွမ်းနိုင်အောင် များပြားပါတယ်ဗျ။ ဘာကြောင့်မို့ ဤကဲ့သို့စိတ် နှလုံးအလို တောင့်တတဲ့အတိုင်း ပြီးနိုင်ပါသတုန်းဆိုတော့ အခါကောင်းလို့၊ ဘဝကောင်းလို့၊ ဝီရိယကောင်းလို့ ဤကဲ့သို့တောင့်တချက်တွေဟာ အသီးသီး ပြီးသွားကြတယ်။

ဘုရားပွင့်တော်မူကဲ့အခါ ဘုရားသာသနာရှိတဲ့အခါမှာ အခါကောင်း မည်တယ်။လူ့ဘဝ နတ်ဘဝ သုဂတိဘဝကိုရကြမှသည် ဘဝကောင်းမည်တယ်။ လိုအပ်တဲ့ နှစ်သက်တဲ့ ဗောဓိမှန်းထားချက် အသီးသီးဟာ ရှိကြပါတယ်။ဤကဲ့ သို့ နှစ်သက်တဲ့ မှန်းထားပြီးသား၊ ရည်ရွယ်ပြီးသား ဗောဓိတို့ကို ပြီးမြောက် အောင် ရှေးအရှင် သူတော်ကောင်းများ၏ ဝီရိယကဲ့သို့ ဖိအောင် ညီအောင် ပြည့်ကျင့်မှုကို ဝီရိယခေါ်တယ်။ ဒီတော့အခါ ဘဝကောင်းတာသိပြီးတော့ ကိုယ်လိုချင်တဲ့ ဗောဓိကိုပြီးအောင် ဝီရိယထူထောင်မှုဟာ အဲဒါဝီရိယကောင်း မည်ပါတယ်။ ဒီတော့ အခါကောင်းဘဝကောင်းလို့ ဝီရိယကောင်းကြမယ်ဆို တော့ အကုန်လုံးနှစ်သက်ဖြစ်တဲ့ အသီးသီးတို့ဟာ အကုန်လုံးပြီးစီးကြရော။

## တောင့်တတဲ့အတိုင်း

ဘုရားရှေ့လက်ထက်တော်က များစွာသော လူနတ်ဗြဟ္မာတို့ဟာ ဘုရား ထံမှောက်သို့ အစဉ်အတိုင်း ရောက်ကြတယ်။ ဤကဲ့သို့ ရောက်ကြတယ်ဆိုရင်ပဲ ဘုရားရှင်ရဲ့ အသရေတော်ကို မျက်မှောက်အားဖြင့် လေးစားကြည်ညိုနေတဲ့

အခါကျပြီဆိုတော့ ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာမှ အားမရ မရောင့်ရဲနိုင်ပါဘူးတဲ့ဗျာ။ ဒီတော့ စိတ်အားဖြင့် ကြည်ညိုပြီးတော့ နှစ်သက်ဖွယ်ဖြစ်တဲ့ ပူဇော်မှုတို့ကို အတုအတူမရှိပါတဲ့ ဘုရားရှင်အား ပြုကြပါတယ်။ အတုအတူမရှိပါတဲ့ ဘုရားရှင်သည် ကိုယ်တော်တိုင် ထိုးထွင်းပြီးတော့ သိပါတဲ့အတိုင်း သဗ္ဗညုတရွှေဉာဏ်ဖြင့် များစွာသော လူနတ်ဗြဟ္မာတို့အား သိစေတော်မူတယ်။ ဤကဲ့သို့ ဘုရားအဆုံးအမတော်ကို ရကြသည့်အချိန်ကစပြီးတော့ မချတဲ့ဝီရိယနှင့် လေးပါးသော ဣရိယာပုတ်တို့မှာ ဤကဲ့သို့ တစ်ဆက်တည်းပြီးအောင်ဟာ ထူထောင်ပြီးတော့ကို မှန်းထားတဲ့အတိုင်းပြီးအောင်ဟာ ယူကြ ဆောင်ကြ ဖြည့်ကြတယ်။ အဲဒီအခါကျပြီဆိုတော့ အခါမလင့် တောင့်တတဲ့အတိုင်း အသီးသီးတို့ဟာ ပြီးစီးအောင်မြင်ကြပါတယ်ဗျာ့။ ပြီးစီးအောင်မြင်ကြတာတွေဟာ ဘယ်လောက်များပါသလဲဆိုရင် အချိန်တစ်ခုခုမှာတင်ပဲ ကုဋေပေါင်းတစ်ရာ၊ တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်းမက တစ်ခါတစ်ခါကျတော့ ကုဋေပေါင်းအသချေ်၊ ဤကဲ့သို့ တစ်ပြိုင်နက်တည်း စိတ်နှလုံး အလိုပြီးကြတာတွေဟာ များပါတယ်ဗျာ့။ ဒီအချိန်က ဘယ်လိုအချိန်တိုင်း အချိန်တိုင်းဟာ ဘုရားပွင့်တော်မူသည့်အချိန်ကစပြီး များစွာသော လူနက် ဗြဟ္မာတို့ဟာ ဆက်ကာဆက်ကာ အချိန်တိုင်း အချိန်တိုင်း အကုန်လုံးတို့ဟာ ယူကြလို့ အချိန်တိုင်း အချိန်တိုင်းတောင့်တတဲ့အတိုင်း ပြီးကြတာဗျာ့။

ဒီတော့ ခဏတစ်မှုဟုတ်ကလေးကိုပင် မရေတွက်နိုင်အောင် စိတ်နှလုံးအလိုကို လူနတ်ဗြဟ္မာတွေဟာ ပြီးတယ်ဆိုတော့ အချိန်တိုင်းအချိန်တိုင်း ဆက်ကာဆက်ကာ ယူကြပါ-တဲ့။ လူနတ်ဗြဟ္မာတွေဟာ ရှိတယ်ဆိုတော့၊ စိတ်နှလုံးအလို တောင့်တချက်တွေ ပြီးကြတာတွေဟာ မှန်းတားလို့ ရနိုင်စရာမရှိပါဘူးဗျာ့။ ဒါ အခါကောင်း၊ ဘဝကောင်း၊ ဝီရိယကောင်းကြပုံဗျာ့။ ပြီးတော့ ဘုရားပရိနိဗ္ဗာန် စံဝင်ကြသွားပြီးတဲ့နောက် ဘုရားသာသနာတော် ထားတော်မူခဲ့တယ်။ အဲဒီအခါမှာ ဘုရားအဆုံးအမ သာသနာကို မှတ်သားပြီးတော့၊ ဝီရိယတွေနှင့် ထူထောင်ပြီးတော့ ယူကြတယ်။ ယူကြတော်လဲပဲ အချိန်တိုင်း အချိန်တိုင်းမှာတင်ပဲ တောင့်တရည်ရွယ်ချက် အသီးသီးတို့ဟာ ပြီးစီးအောင်မြင်ကြပါတဲ့ လူနတ် ဗြဟ္မာတွေဟာ မရေတွက်နိုင်အောင် ရှိပါတယ်ဗျာ့။ ဘယ်လို အချိန်မျိုးလဲဆိုတော့ ဘုရားသာသနာရှိကဲ့ အချိန်အခါ၊ ဘုရားပွင့်တော်မူတဲ့အခါမှာ ယခုလို ရထားကြတဲ့ ဘဝမျိုးတွေပါပဲဗျာ့။ သုဂတိလူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ဘဝမျိုးရကြတော့ မြင့်မြတ်တဲ့ ယခုလိုရထားကြတဲ့ဘဝမျိုးတွေ ရကြတယ်လို့ သိပြီးပြီဆိုတော့ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာ့ဘဝဖြစ်ကြတဲ့ ရှေးအရှင်သခင်တွေက ကိုယ်လိုချင်တဲ့ တောင့်တချက် ပြီးလိုသည်ဖြစ်သောကြောင့်၊ ပြီး ချင် သည် ဖြစ်သောကြောင့် ဝီရိယထူထောင်ပြီး ပြီးမြောက်အောင် ယူကြတာဗျာ့။ ပြီးလိုတဲ့ဆန္ဒ ပေါ်ပေါက်လာတယ်၊

သည်လို ဆန္ဒဖြစ်သည့်အားလျော်စွာ ဝိရိယကလည်း ထပ်ချပ်ပါပြီးဆောင်ကြ ယူကြတော့ အကုန်လုံးပြီးကြတာဗျာ့။ သည်တော့ အချိန်တိုင်း အချိန်တိုင်း ယူကြတဲ့ လူ၊ နတ်၊ ဗြဟ္မာတွေဟာ အကုန်လုံး ပြီးကြပါတယ်။

အခုလဲပဲ ဝိရိယတွေနှင့်ထူထောင်ပြီးတော့ ယူကြမယ်ဆိုရင် အသီးသီး အကုန်ပြီးကြမှာပါဗျာ့။ သည်တော့ အချိန်အခါ ဘဝကောင်းတာသိပြီးတော့ ကိုယ်လိုချင်တဲ့ ချမ်းသာကိုယူလို့ရှိလျှင် အထွတ်အထိပ်တွေပင် ပြီးတယ်ဆိုတော့ သည်အချိန်အခါဘဝတို့ထက် မြင့်မြတ်သာလွန်တဲ့ ဘဝများဟာ ရှိနိုင်ပါဦးမလားဗျာ့။

ဖြေ။ ။မရှိနိုင်ပါဘူးဘုရား။

## ဘုရား ရှင်အဆုံးအမ

သည်တော့ သည်အချိန်အခါမျိုးဟာလိုချင်တာကိုရတဲ့အချိန်အခါဗျာ့။ ဒါကြောင့် သာသာကလေးယူရုံပါပဲဗျာ့။ ဘယ်လိုဟာတုန်းဆိုတော့ ဘုရား ဆုံးမပါတဲ့ အဆုံးအမကို အခု အားလုံးသောမေတ္တာရှင်၊ ကရုဏာရှင် ဖြစ်ကြပါတဲ့ သံဃာတော် အရှင်ကောင်းတို့ဟာ မေတ္တာတည်းဟူသော မိုးရေပြီးတော့ အမြဲအားဖြင့် အခွင့်အခါ ရတိုင်းရတိုင်း အချိန်အခါ သင့်လျော်တိုင်းမှာ အလုံးစုံတို့ကို အချည်းနှီးမဖြစ်စေဘဲ သုံးဖြာပိဋကတ်တို့ကို ပို့လို့ချလို့၊ ဟောလို့၊ ပြောလို့၊ သွန်သင်ဆုံးမလို့ အဲသည်လိုနေကြပါတယ်။ သုံးဖြာပိဋကတ်တို ဟာလည်း ဘုရားရှင်အဆုံးအမတော်တွေပါပဲ။ ဘုရားရှင် သာသနာပါပဲ။ သည်လောက်များပြားကြတာဗျာ့၊ သည်လိုများပင် များပြားသော်လည်းပဲ သည်ဟာတွေကိုထပ်တင်တလဲလဲအစဉ်သနားပြီးတော့သံဃာတော်အရှင်ကောင်း တို့ဟာက ညွှန်ကြားဆုံးမသားသည်ဖြစ်သောကြောင့် အားလုံးသော ဒကာကြီး ဒကာမကြီးများဟာ ကိုယ်နှင့်တန်သလိုကတော့ ကျွမ်းနိုးလိမ္မာတာက သေသေ ချာချာပါဗျာ့။ အားလုံး မှတ်သားပြီးသားရှိကြပါတယ်။ ပြောတတ်၊ ဟော တတ်၊ ရွတ်တတ်၊ ဖတ်တတ် အဲသည်လိုပါဗျာ့။

## ဆင်းရဲမှလွတ်မြောက်မှု

သည်တော့ဘုရားဆုံးမတဲ့အဆုံးအမတွေဟာများပြီးနေပေမဲ့ပြားသော် လည်း စင်စစ်မှာတော့ အားလုံးတို့ဟာ ဆင်းရဲမှလွတ်မှုတစ်ခုပဲ ဖြစ်ပါသဗျာ့။ ဆင်းရဲမှ လွတ်မှုဖြစ်သည်ဖြစ်သောကြောင့် ကိုယ်အလိုရှိရာ နှစ်သက်ရာဖြစ်တဲ့ ဘုရားရှင်ဆုံးမတဲ့ အဆုံးအမ မှန်မှန်တစ်ခုကို ဝီရိယသန်သန်နှင့် ရှေး အရှင် ကောင်းတွေကတော့ ယူကြပါတယ်။ ဒါကြောင့် ဘုရားရှေ့လက်ထက်တော်က

ရှေးအရှင်တွေဟာ မိမိတို့ တောင့်တတဲ့အတိုင်း ပြီးစီးကြတယ်။ အခုလည်းပဲ ဘုရားရှင် ဆုံးမပါတဲ့ အဆုံးအမမှန်မှန်ကို ဝီရိယသန်သန်နှင့် ရှေးအရှင်တွေရဲ့ ဝီရိယကိုမီအောင်ဟာ ထူထောင်မည်ဆိုလျှင် ဝီရိယိဒ္ဓိပါဒ် ပေါ်ပေါက်လာပြီး ဤကဲ့သို့ ဘုရားဆုံးမတော်မူတဲ့ အဆုံးအမ အစားစားဟာ ဆင်းရဲမှ လွတ်မှု တစ်ခုဆိုတာကို အားလုံး သိရှိနားလည်ကြပါတယ်။ တိုတိုမှတ်ပြီး ထားလို့ သိရှိတာကတော့ အဲဒါကလည်း ဘုရားရှင် ဟောတော်မူတာကို မှတ်ထားတာ ဖြစ်သောကြောင့် ရွတ်တတ်၊ ဖတ်တတ်၊ ဟောတတ်၊ ပြောတတ်တာကလည်း သိတာပဲ။ အဲဒီလို သိတာကလည်း အစီးအပွားတွေပဲ။

## လိုက်နာပြီဆိုလျှင်

အဲဒါက ဘယ်လိုအစီးအပွားပါလဲဆိုရင် အဲသည် အစီးအပွားလောက်ပဲ များတယ်။ ဘုရားရှင်ဆုံးမတာကို လိုက်နာသည်ဖြစ်သောကြောင့် ချမ်းသာသုခနှင့် ဆိုက်လာတဲ့ ဥစ္စာကမှ တွေးပြီးတော့မနေရဘဲနှင့် သေသေချာချာ ရှင်းရှင်းလင်းလင်းကြီး နားလည်တယ်။ ဘုရားရှင် ဆုံးမတော်မူတာတွေက ဆိုရင် ဤကဲ့သို့လိုက်နာတော့ တောင့်တတဲ့အတိုင်းဟာ ပြီးစီးအောင်မြင်ကြဖို့ရာ သံသရာတစ်လျှောက်လုံးအတွက် ဆုံးမတော်မူတာဗျ။ ဆုံးမတော်မူတဲ့အတိုင်း သာ လိုက်နာပြီဆိုရင် အကုန်လုံးတို့ဟာ ပြီးကြအောင်မြင် ကြပါရောဗျ။ ဘုရားရှင် ရွှေလက်ထက်တော်က ခုလိုပဲ ဘုရားသာသနာ ထားတော်မူပါတဲ့ အချိန်အခါမှာ အဆုံးအမကိုရပြီးတော့ ထူထောင်ကြမည်ဆိုလျှင် အားလုံးတို့ဟာ ဤကဲ့သို့ချည်းပဲ ပြီးစီးအောင်မြင်မှာ ထပ်တူညီမျှပါဗျ။

ဒါကြောင့် အချိန်အခါ ဘဝတွေကဆိုရင် ဘယ်လိုတုန်းဆိုတော့ အမြင့်ဆုံး အမြတ်ဆုံးဖြစ်ပါတဲ့ အဖြာဖြာသော ပဒေါမိတို့နှင့် ထိုက်တဲ့တန်တဲ့ အချိန်အခါပါဗျ။ အရယူလို့ ရှိလျှင် သည်အချိန်တွေဟာ ထိုက်တဲ့တန်တဲ့အချိန် ဖြစ်ပေမယ့် မယူကြဘူးဆိုမှဖြင့် ချမ်းသာသုခတွေဟာ မဆိုက်သာ မရသာပါဘူးဗျ။ သည်အချိန်လည်း နောက်ကိုပြန်ပြီးတော့ မဖြစ်ပေဘူးဗျ။ နောက်တော်တော်ကလေးကြာမှ မှန်းထားတဲ့အချိန် ရောက်ပြန်ပြီဆိုတော့ အဲသည် အချိန်မှာ ထူထောင်ပြန်တော့ ရှေးအရှင်တွေကို ရှေးအရှင်တွေရဲ့ ဝီရိယကို မီတဲ့ ညီတဲ့အချိန်မှာ တောင့်တတဲ့အတိုင်းပြီးမယ်။ ယခုကတည်းက မယူဘူး ဆိုပြီးတော့ မယူဘဲနှင့်နေတဲ့အချိန်ဟာ နောက်တစ်ခါပြန်မဖြစ်ဘူး။ ဒါကြောင့် အချိန်တွေ မြင့်မြတ်တာသိပြီးတော့ အချည်းနှီး မဖြစ်ရအောင် လိုချင်တဲ့ တောင့်တချက်ပြီးအောင် ရှေး အရှင်များကဲ့သို့ ဝီရိယ ထူထောင်ပြီးတော့ ကြိုးစားအားထုတ်ကြ။ အားထုတ်ကြပြီဆိုမှဖြင့် ရှေးအရှင်များ ကဲ့သို့ပင် လျှင် အားလုံးတို့ဟာ ရှင်ကြ၊ ပျော်ကြရမှာပါဗျ။

ဒါကြောင့်မို့ လုံ့လဝီရိယတွေနှင့် ထူထောင်ပြီးတော့ အခုလို ယူကြဆောင်ကြရပါတယ်။ အဲသည်လို ယူကြဆောင်ကြရင် အားလုံးတို့ဟာ ဝမ်းမြောက်ကြရပါလိမ့်မယ်။ ဝမ်းမြောက်မှုမှာလည်း တစ်ခဏစာ၊ တစ်ဘဝစာ မဟုတ်ဘူး။ သံသရာတစ်လျှောက်လုံးအတွက်ကို အောင်အောင်မြင်မြင်ကြီး ဤကဲ့သို့ ဝမ်းမြောက် ကြရပါသတဲ့ဗျာ။ အေး ယခုလို ဆောင်ရွက်ကြတယ်ဆိုတာ ဘယ်လိုတုန်းဆိုတော့ . ဘုရားဆုံးမပါတဲ့အတိုင်း ထားသင့်တဲ့နေရာမှာ ထားတော့ စူးစူးစိုက်စိုက်နေတယ်။ အဲသည်လိုနေတဲ့အခါကျတော့ ဆင်းရဲမှု၊ ပင်ပန်းမှု ရှိကြသေးသလား။

ဖြေ။ ။ဆင်းရဲမှု၊ ပင်ပန်းမှု မရှိပါဘူးဘုရား။

မေး။ ။ထိုင်ပြီးအာရုံပြုတော့လဲ ဖြစ်တာပဲမဟုတ်လား။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

မေး။ ။မတ်တတ်ရပ်ရင်း ထားတဲ့နေရာမှာ နေတဲ့ဟာကို တစ်ဆက်တည်း ဖြစ်အောင်၊ မတ်တတ်ရပ်တဲအခါ ပါအောင်ဆောင်မယ်ဆိုလို့ ရှိလျှင် မဖြစ်ဘူးလားဗျာ့။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

မေး။ ။လမ်းခရီးသွားရင်းကော သည်အတိုင်း တစ်ဆက်တည်းယူရင် မဖြစ်ဘူးလား။

ဖြေ။ ။တစ်ဆက်တည်းယူလို့ရှိလျှင် ဖြစ်ပါတယ်ဘုရား။

မေး။ ။ဤကဲ့သို့ အစဉ်အတိုင်း ပြုဖွယ်ကိစ္စ အဖြာဖြာ ပြုတဲ့နေရာမှာလည်း မလစ်လပ်ရအောင် ဆောင်ရွက်ရင်း ထားရင်ကော ဖြစ်တာပဲ မဟုတ်လား။

ဖြေ။ ဖြစ်ပါတယ်ဘုရား။

မေး။ ။အဲသည်လို ဆောင်ရွက်ပြီးနေတဲ့ဟာကို သူတစ်ပါးတို့က သိသလားဗျာ။

ဖြေ။ ။မသိပါဘုရား။

မေး။ ။ပစ္စည်းရော ကုန်သလားဗျာ။

ဖြေ။ မကုန်ပါဘုရား။

အေး ဒါဖြင့် ပစ္စည်းလည်းမကုန်ဘူး၊ အလုပ်အကိုင်လည်း မပျက်ဘူး၊ ပင်လည်း မပင်ပန်းဘူး၊ ကိုယ်လိုချင်တဲ့ ချမ်းသာသုခတို့ကိုလည်း လွယ်လွယ်ကူကူနှင့် ရကြပါတယ်ဗျာ့။ သည်တော့ ဆောင်ရွက်လိုတဲ့ စိတ်ဆန္ဒဖြစ်ကတည်းက ရွှင်ရပျော်ရပါတယ်။ ဆောင်ရွက်တော့လည်း သည်ထက်တိုးပြီး ရွှင်ရပျော်ရတယ်။ ဘုရားဆုံးမကြတဲ့အတိုင်း လိုက်နာကြတဲ့အခါ ရှေးအရှင်တွေရဲ့ ဝီရိယကို မီလို့ ညီလို့ ဆိုက်လာတဲ့အခါမှာ အတိုင်းထက်အလွန်ပျော်ကြ၊ ရွှင်ကြရပါတယ်၊ ဒါဖြင့် မြင့်မြတ်တဲ့အချိန်အခါ ဘဝကို ရကြသည်ဖြစ်သောကြောင့် ဤကဲ့သို့ ဝမ်းမြောက်လို့ မဆုံးနိုင်အောင် ဖြစ်ကြရပါသတဲ့ဗျာ။ သည်တော့ ဝမ်းမြောက်လို့ မဆုံးနိုင်ဘူးဆိုတာ ကိုယ်ဗိုလ်ဆောင်ရွက်လို့ ဆိုက်လာတဲ့အခါ ကျပြီဆိုတော့ တို့အတွက် ဝမ်းမြောက်ရပါတယ်။ ပြီးတော့ ဘယ်လိုတုန်းဆိုရင် ဒါမျိုးဟာက ဝန်တိုတာမဟုတ်တော့ ထပ်ကူညီမျှ သည်လို ချမ်းသာသုခကို ရစေချင်ပြန်တယ်။ ရရာရကြောင်းကို သိပြီးတော့ ရလောက်အောင် ထူထောင်လိုတဲ့ဆန္ဒတွေဖြစ်၊ ဆန္ဒတွေဖြစ်ပဲအခါကျတော့ ဘယ်လိုများ ဖြစ်မှာတုန်းဆိုတော့ ဘုရားရှင် သာသနာတည်ပြီဆိုမှဖြင့် ဤကဲ့သို့ လူနတ်ဗြဟ္မာတွေဟာ အဆုံးအမကိုအရယူပြီးလို့ လိုအပ်တဲ့ချမ်းသာသုခကို အပိုင်ယူတော့ကြရမှာကို သိပြီး သည်လိုပြုတယ်။ သည်တော့ လူနတ်ဗြဟ္မာတွေဟာ အချိန်တိုင်း အချိန်တိုင်းယူကြလို့ ရတာမြင်တော့ အတိုင်းထက်အလွန် ပျော်ကျရွှင်ကြပါတယ်။ ပြီးတော့ ဤမျှကလေးမှာတင်ပင် ဘုရားသာသနာ တည်ရာတည်ကြောင်းကို ထူထောင်ပြီးပြုတော့ ဤကဲ့သို့ဖြစ်တယ်။ ပြီးတော့ မှန်းသလောက်မကအောင် အစီးအပွားတွေများတယ်။ ငါမှာ ဝီရိယတွေလည်း ရှိသေးတယ်။ သည့်ထက် တိုးပြီး ပူဇော်လိုတဲ့ဆန္ဒဖြစ်သည့် အားလျော်စွာတိုးပြီးတော့ ပူဇော်၊ အဲသည်လို ပူဇော်တော့ အစီးအပွားတွေဟာ မြင့်မြတ်သည်ထက် မြင့်မြတ်ပြီးတော့ချမ်းသာသုခ အများတွေဟာလည်းဆိုက်လာကြပယ်ဆိုတော့ အဲ့သည်မှာဘယ်အခါမှ အားမရမရောင့်ရဲနိုင်အောင် တသိတတန်းကြီးဟာ အကုန်ဖြစ်တာပဲဗျာ့။

## ပြောမကုန်နိုင်

အဲ့ဒါ အခါ ဘဝကောင်းသည့်အားလျော်စွာ ဝီရိယတွေထူထောင်ပြီး တော့ယူကြတဲ့ အသီးသီးတို့ဟာ ပြောမကုန်နိုင်အောင် ပျော်ရွှင်ကြပုံပါတဲ့ဗျာ့။ အဲသည်တော့ အခါဘဝကောင်းတာ သိပြီးပြီဆိုတော့ အခုလို ဆောင်ရွက်ကြတာဗျာ။ ဒါဟာ ရှေးအရှင်တွေက မှတ်သားပြီးပြီဆိုတော့ သည်လိုသွားတာဗျာ့။ အခုလဲပဲ အားလုံးတို့ဟာ ဤကဲ့သို့ ဆင်းရဲမှ လွတ်မှုဖြစ်တဲ့ ဘုရားရှင်ဆုံးမတာတွေကိုလည်းပဲ ကျွမ်းနိုးလိမ္မာကြတယ်။ ပြီးတော့ ရှေးအရှင်တွေ အသီးသီးဟာလည်း မိမိတို့လိုချင်တဲ့ ချမ်းသာသုခတွေ ဆိုက်နေတာကို မှတ်သားထားတာကလည်းများတယ်၊ ပြောလို့မကုန်နိုင်အောင်ဖြစ်တယ်။ အဲသည်လို

အဲသည်လို ဖြစ်သည့် အားလျော်စွာ ကိုယ်ကလည်းပဲ ဤကဲ့သို့ ထပ်တူညီမျှ အရယူပါမည်လို့ ဆန္ဒဖြစ်ပေါ်ပြီဆိုတော့ ဝီရိယနှင့်တကွ ပါလာတော့ အပြီး အဆုံးတိုင်မှာကိုလည်း ကေန္တသိပြီး ဤကဲ့သို့ ဆန္ဒဘော မပေါ်သေးလို့ရှိလျှင်လည်း ပေါ်အောင်၊ ပေါ်ပြီးသားရှိလျှင်လည်း မပျောက်မပျက်ဘဲနှင့် အစဉ်အတိုင်း တိုးတက်အောင် သည်လိုပြုပြီးတော့ အားလုံးတို့ဟာ ယူကြဗျာ့။

## အမှန်ကိုပို့ဆောင်

အရေးအခွင့်ကို ရတာဟာလည်း ဘာသိဘာသာရသည်မဟုတ်၊ နောက်တုန်းက ဤကဲ့သို့အချိန်အခါမျိုးရအောင်များများကြီးသည်ပိုးရွက်ဆောင်လာကြရပါသဗျာ့။ ဤကဲ့သို့ဆောင်ရွက်တော့မှ သည်လိုရတာဗျာ့။ သို့သော်လည်းပဲ သောဝစ္စဿတာဂုဏ်နှင့် အဲသည်လိုပြည့်စုံတော့မှ ယခုလိုရပါတယ်။ သည်လိုမှ မပြည့်စုံတော့ မရဘူးတဲ့ဗျာ့။ တို့ဘုရားရှေ့လက်ထက်တော်က အခုသုံ့ဘုရားအဆုံးအမကိုသိတယ်။ သိပင်သိသော်ငြားသော်လည်း မလွဲနိုင်အောင်သိနားလည်ချင်သည်ဖြစ်သောကြောင့် အမှန်ကိုဆောင်ပို့နိုင်တဲ့ အရှင်မြတ်များ အသီးသီးရှိတာကိုသိပြီးတော့ ဆည်းကပ်ပူဇော်လိုတဲ့အတွက် တို့အရှင်မြတ်ဆီ ရောက်လာတယ်။ ရောက်လာတဲ့အခါကျတော့ ဘာမေးသလဲဆိုရင် သင်တို့သည် ငါပြောတဲ့ဥစ္စာကို လိုက်နာနိုင်ပါ့မလားလို့ မေတ္တာကရုဏာရှင်ကမေတ္တာတည်းဟူသော မိုးစွေပြီး ချမ်းသာစေချင်သည် ဖြစ်သောကြောင့် ဤကဲ့သို့မိန့်တော်မူတယ်။

## သုံးပါးသောရဟန်း

သည်အခါမှာ တစ်ပြိုင်နက်တည်း ဆိုက်လာတဲ့ သုံးပါးသောရဟန်းတို့ဟာ အရှင်မြတ်ကို သည်လိုလျှောက်တယ်။မှန်ပါဘုရား၊ ဆုံးမတဲ့အတိုင်း ဘုရားတပည့်တော်များ လိုက်နာနိုင်ပါတယ်။ ဘယ်လိုများ လိုက်နာနိုင်ပါသလဲဆိုရင် မှန်လှပါအရှင်ဘုရား၊ အရှင်ဘုရားမှာ အနည်းငယ်မျှသော အစီးအပွားဟာ ရှိပါတယ်ဆိုရင် တပည့်တော်သည် ခြေဖနောင့်ကစပြီးတော့ ကျောက်မှာတိုသွားအောင် သွေးပါမယ်ဘုရား။ နည်းနည်းကလေးအကျိုးရှိရုံနှင့် သည်လိုဆောင်မှာပါဗျာတဲ့။ နောက်တစ်ပါးကတော့ ဘယ်လိုလဲဆိုရင် မှန်လှပါဘုရား။ အရှင်ကောင်းဟာ အနည်းငယ်မျှသော အစီးအပွားရှိမည် ဆိုရင် အလွန်နက်ဝှမ်းပါတဲ့ တောင်ကမ်းပါးပြတ်က ဘုရားတပည့်တော် ခုချက်ချင်း ခုန်ချနိုင်ပါတယ်ဘုရား။ ဒါဟာလည်းဆိုရင် အရှင်မြတ်ရဲ့ အစီးအပွားတွေလိုလားကြ၊ တောင့်တကြပုံဗျာ့။ တစ်ပါးကတော့ အနည်းငယ်မျှသော အစီးအပွားရှိမည်ဆိုလျှင် ထွက်လေ၊ ဝင်လေနှစ်ရပ်တို့ကို ချုပ်ပျောက် စွန့်ပစ်နိုင်ပါတယ်ဘုရားလို့ အဲသည်လိုလျှောက်သတဲ့ဗျာ။

အဲသည်လို တည့်တည့်ဖြောင့်ဖြောင့် လျှောက်တဲ့အခါကျတော့ အရှင်မြတ်ကသိတာပေါ့။ သည်တော့ကို ဟယ်-ဒါဖြင့် တောင့်တတဲ့ အတိုင်းဟာ ကေန္တပြီးစီးကြတော့မယ်။ သောဝစ္စသတာဂုဏ်နှင့် ပြည့်စုံကြတာတွေဗျာ့။ သည်တော့ လိုက်နာပုံတွေက သည်လိုဗျာ့။ သည်အရှင်တွေကဲ့သို့ ဝီရိယတွေဟာ ညီမယ်မီမယ်ဆိုရင် အားလုံးတို့ဟာ ခုလိုကြီးပဲ ဖြစ်မှာပါဗျာ။ သို့သော်လည်းပဲ မီဖို့ညီဖို့ရာဆိုရင် သည်အရှင်တွေရဲ့စိတ်ဆန္ဒက ပြောနေပမယ့် အဟုတ်ပြောတာဗျ။ လျှောက်တာက အဟုတ်လျှောက်တာဗျာ့။ အဟုတ်ပြောတာနှင့် သည်လိုပြောရင် ဘုရားရှင်ရဲ့ အလိုတော်ကျနှင့် တည့်တယ်လို့ဆိုပြီး ပြောတာနှင့် အခုလို အဟုတ်ပြောတာ မတူးဘူးဗျာ့။

မေး။ ။ကြားကြရဲ့လား၊ တူပါ့မလား။

ဖြေ။ ။မတူနိုင်ပါဘူးဘုရား။
အဟုတ်ကို သည်အပင်က သီးတဲ့အသီးဟာ အဟုတ်ကို သည်အပင်က ထွက်သီးတာဗျာ့။

မေး။ ။သည်အပင်ကသီးလို့ ထွက်လာတာမဟုတ်ဘဲ သည်အပင်က အသီးဖြစ်ချင်တယ်ဆိုပြီး အခြားအသီးကိုယူပြီး ဆက်ထားတာနှင့်ဆိုရင် ဘယ့်နှယ်လဲ။

ဖြေ။ ။လိမ်တပ်တာနှင့် တကယ်အသီးနှင့် ခြားပါတယ်ဘုရား။
တကယ်အသီးက တကယ်ဗျာ့၊ အမှတ်မဲ့ဆိုရင်တော့ တကယ်သီးနေတယ်၊ တကယ်ပွင့်နေတယ်လို့ပဲ ပြောလိမ့်မယ်။

မေး။ ။တကယ်မြင်လို့ တကယ်သိတဲ့အခါကျတော့ ဒါဟာ အဟုတ်အပင်က သီးတာမဟုတ်ဘူးလို့ သည်လိုသိမယ်မဟုတ်လား။

ဖြေ။ ။သိမှာပါဘုရား။

အဟုတ်ဟာကျတော့မှ အဟုတ်မြင်တာဗျာ့။ ယခုလည်းပဲ တောင့်တတဲ့အတိုင်း အချိန်အခါဘဝအားလျော်စွာ သိလိုပါတယ်ဆိုရင် သည်အရှင်များတို့ကဲ့သို့ မြင့်မြတ်တဲ့ဆန္ဒတွေဟာ ပေါ်ပေါက်လာမယ်။ အဲသည်လိုပေါ်ပေါက်လာပြီဆိုမှဖြင့် အသီးသီးတို့ဟာ အခါမလင့် ချမ်းသာသုခတွေ ဆိုက်လာပါလိမ့်မယ်ဗျာ့။ အဲဒါ မြင့်မြတ်ကြပုံတဲ့ဗျာ့။

မေး။ ။သည်အချိန်အခါဘဝမျိုးကိုရဖို့ရာ ဘယ့်နှယ်လဲ လွယ်ပါရဲ့လား။

ဖြေ။ ။အင်မတန်ခဲယဉ်းပါတယ်ဘုရား။

ခဲယဉ်းပုံကဘယ်လိုလဲဆိုရင်လူ့ဘဝသာသနာနှင့်တွေ့ဖို့မဟုတ်သေးဘူး။ လူ့ဘဝရဖို့တွင်ပဲ အင်မတန်ခက်ပါတယ်ဗျာ့။ ဘယ်လိုခက်ပါသလဲဆိုရင် လူ့ပြည်ကအပ်တစ်စင်းနှင့် ဟိုဗြဟ္မာ့ပြည်ကအပ်တစ်စင်းကိုသာသာကလေးသည်က

အသွားကလေးနှင့်ထောင်ထား။ ဟိုဖြဟ္မာပြည်ကအပ်ကို သာသာကလေးချိန်ပြီး ချရင် အပ်သွားချင်း ဒက်ခနဲထိဖွယ်ရာရှိပါတယ်။ သို့သော်လည်း လူ့ဘဝရဖို့ ရာကတော့ ခဲယဉ်းလှချည့်ရဲ့တဲ့ဗျာ။ အခုလိုဇက်တယ်ဆိုတာမှာလည်း ဗြဟ္မာ ပြည်နှင့် လူ့ပြည် မဟုတ်သေးပါဘူး။ သာသာကလေး လက်ကလေးတစ်ခုက အပ်တစ်စင်းကိုကိုင် တခြားလက်တစ်ခုက အပ်တစ်စင်းကိုကိုင်ပြီး သာသာ ကလေး အပ်သွားချင်းထိအောင် ချစမ်းပါ။

မေး။ ။အကြိမ်ပေါင်းဘယ်လောက်ချရင် အပ်သွားချင်းထိပါ့မလဲ။

ဖြေ။ ။မထိနိုင်ပါဘုရား။

မေး။ ။နိမ့်နိမ့်ကလေးချမယ်ဗျာ။

ဖြေ။ ။ဒါလဲ မထိနိုင်ပါဘုရား။

အေး ဒါကြောင့် ဗြဟ္မာပြည်ကအပ်တစ်စင်း လူ့ပြည်ကအပ်တစ်စင်းကို ခုနလို ချိန်ပြီးချရင် အပ်သွားချင်းသာထိဖွယ်ရာရှိပါတယ်။ လူ့ဘဝကို ရဖို့ရာ ခက်လှချည်တဲ့ဗျာ။ ဒါဟာ ဘုရားသာသနာနှင့် တွေ့ဖို့ရာ မဟုတ်သေးဘူး တဲ့ဗျာ။ လူ့ဘဝရဖို့ကိုတောင် အဲသည်လောက် ခက်ပါသတဲ့ဗျာ။

မေး။ ။အဲဒါကတော့ လူ့ပြည်ကအပ်တစ်စင်း ဗြဟ္မာပြည်ကအပ်တစ်စင်းကို ထားစမ်းပါဦး။ ခုလောက်ကလေး ကိုယ့်ဟာကိုယ် အပ်ကိုကိုင်ထားပြီး သည်လိုသာချချနေရင် ထိပါ့မလား။

ဖြေ။ ။မထိနိုင်ပါဘုရား။

မေး။ ။သည်လောက်တောင်ဖြစ်လှတာ အပ်သွားချင်း အနားတေ့ပြီး ထိုး စမ်းဗျာ့။ ထိပါ့မလား။

ဖြေ။ ။မထိနိုင်ပါဘုရား။

အဲသည်လိုဗျာ့၊ လူ့ဘဝရဖို့ရာဟာ အဲသည်လောက်ပဲခက်ပါတယ်။ လူ့ ဘဝဟာ မြင့်မြတ်တဲ့ဘဝဗျာ့။ ပြီးတော့ ဘုရားဆုံးမတဲ့ အဆုံးအမတွေလည်း ရလိုက်ကြတာဗျာ။

မေး။ ။တို့ပြောတာ ဟောတာကို တရားနာတာကနည်းတယ်။ သူတို့ဟော မှာက များပါတယ်ဗျာ့။ ဟုတ်ကဲ့လားဗျာ။

ဖြေ။ ။တရားဟောတာ မများပါဘူးဘုရား။ တစ်နေ့က အရှင်ဘုရား သစ္စာ လေးပါးနှင့် ထိသိနေတာဟောသွားတာ တပည့်တော်တို့ ပြန်ပြောစမ်း ပါဆိုရင် ဘာမှမပြောတတ်ပါဘူးဘုရား။ ထိသိတာနှင့် သစ္စာလေးပါးတရား

ဘယ်လိုဆက်စပ်တယ်ဆိုတာ တပည့်တော် မေ့သွားပါပြီဘုရား။ ယနေ့ထပ်ပြီးတော့ သနားပါဦးဘုရား။

မေး။ ။အမယ် တကတဲပါမှပဲ ဆားငန်တယ်ဆိုပြီး နေပေမယ့် ဆားငန်တယ်၊ ဆားငန်တယ်၊ ဆားငန်တယ်လို ဆိုနေလို့ ဆားငန်တာ သိပါမလား။

ဖြေ။ ။အခု ဒကာကြီး ဒကာမကြီးတွေမှာ အနည်းငယ်မျှ ဆားတော့ မြည်းကြည့်။ အနည်းငယ်မျှ ငန်နေမှန်း သိနေပါပြီဘုရား။ လို့လဝီရိယ စိုက်လို့ အတော်ပဲ ထမြောက်တဲ့ ဒကာမကြီးတွေ အတော်များနေပါတယ်ဘုရား။ သစ္စာလေးပါးနှင့် ပက်သက်ပြီးတော့ မပြောတတ်ပါဘုရား။

ကဲဗျာ၊ ဒါဖြင့် ဒါကတော့ သူတို့သစ္စာလေးပါးကိုဆိုတဲ့ဟာမျိုးက ရှာရတာမျိုး မဟုတ်ဘူးမဟုတ်လား။ ဒါကအရှိတရားဗျာ့၊ ဒကာကြီး ဒကာမကြီးများရဲ့။ လုပ်ပြီးတော့ကြည့်ရတဲ့ တရားမျိုးမဟုတ်ဘူး။ ရှိတဲ့တရားဗျာ့။ ရှိတဲ့တရားဆိုတာ ဘယ်လိုများလဲဆိုရင် ခုနထားရမယ့် နေရာကလေးမှာ ထားတယ်။ ထားပြီဆိုတော့နေတယ်။ ခုနလိုထားလို့ တည်နေတယ်ဆိုတဲ့ နှာသီးနှာဝ ဆိုတာက ရုပ်နှစ်ခုရှိတဲ့နေရာမှာ။

မေး။ ။အဲဒါက ရုပ်လား နာမ်လား။

ဖြေ။ ။နှာသီးနှာဝက ရုပ်ပါဘုရား။ ထိတာကလေးကိုသိတာက နာမ်ပါဘုရား။

မေး။ ။စိတ်ကို အခုလို သာသာကလေးထားတော့နေတယ်။နေတဲ့အခါကျပြီဆိုတော့ သည်ရုပ်နာမ်နှစ်ခုဟာ ဖြစ်ပြီးတော့ ပျက်နေတယ် မဟုတ်လား။

ဖြေ။ ။သည်နေရာမှာ ဒကာမကြီးတစ်ယောက်က တပည့်တော်ကို စေ့ဒကတက်ပါတယ်ဘုရား။ နှာဝကရုပ်၊ အဲသည်ရုပ်က ဖြစ်ပျက်တယ်ဆိုတာ ပြောစမ်းပါဦးဆိုတော့ တပည့်တော် မပြောတတ်ပါဘုရား။

ဖြစ်ပျက်တယ်ဆိုကဲ့ဟာက အခုကားပြီးတော့ ကြည့်လို့ရှိလျှင် အခု သာသာကလေး စဉ်းစားပြီးတော့ ကြည့်လိုက်လျှင်နေတယ်။ နေတဲ့အခါကျပြီဆိုတော့ ဖြောက်ဖြောက်နှင့်။ ဒါကတော့ပါးစပ်ကပြောတာ။ ပျက်တာကို စဉ်းစားလိုက်လျှင် ပြပ်ပြိမ်မနေဘူး။ သူ့လက္ခဏာက ဖြင်ပျက်ပြီးနေပါတယ်။

မေး။ ။ရုပ်ရောနာမ်ရော ဖြစ်ပျက်ပြီးနေတဲ့ဥစ္စာဟာ အရှိဖြစ်တော့ ဤကဲ့သို့ထားလိုက်ပြီဆိုတော့ သိတယ်မဟုတ်လား။

ဖြေ။ ။သိမှာပါဘုရား။

အဲသည်တော့ ဖြစ်ပြီးတော့ ဖြစ်ပြီးတော့ပျက်နေတဲ့ ရုပ်နာမ်ဟာ တစ်ဖြစ်တည်းဖြစ်ပြီး တပျက်တည်းပျက်နေတယ်။ ဘယ်လောက် များသလဲဆိုရင်

လျှပ်တစ်ပြက်မှာကို ဘယ်လောက်လဲ။ ကုဋေတစ်သိန်းတဲ့ဗျာ။ သည်လောက် ဖြစ်ပျက်နေတဲ့ ဥစ္စာဟာမျှားလိုက်တာ။ ကုဋေတစ်သိန်းဆိုတော့ ဖြစ်ပျက်တဲ့ နေရာမှာ လျှင်မြန်လိုက်တာ မျှားလိုက်တာကို ပြောတာဗျ။

မေး။ ။အဲသည်လိုဟာတွေဟာ အကုန်မရေတွက်နိုင်သော်လည်း စဉ်းစား လိုက်လို့ ရှိရင် ခုနပြောတဲ့ ဖြောက် ဖြောက် ဖြောက် က တော့ ခုချက်ချင်း တွေ့တာ ဟုတ်ကဲ့လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

အခုတော့ စိတ်ကလေးကို ထားလို့နေမယ်။ အဲ့သည်လိုနေလို့ စဉ်းစားလိုက်ရင် ဒါကို သိရမယ်။ အဲ့သည်လို သိတော့ ရုပ်တို့ နာမ်တို့ဟာ ဖြောက်ဖြောက်ဖြောက်၊ ဖြောက်ဖြောက်နှင့် ဖြစ်ပျက်နေတာဟာ ဖြစ်ပြီးတော့ ပျက်သွားတာပဲ မဟုတ်လား။

ဖြေ။ ။ပျက်သွားပါတယ်ဘုရား။

မေး။ ။ဒီပြင် မရှိပါဘူး။ ဖြစ်ပြီး အဲသည်လိုပျက်နေတဲ့ဥစ္စာဟာ ဘာတုန်း ဗျာ။ ချမ်းသာလား၊ ဆင်းရဲလား။

ဖြေ။ ။ဆင်းရဲပါဘုရား။

မေး။ ။ဖြစ်ပျက်နေတဲ့ဥစ္စာဟာ ဘာတုန်းဗျာ။ မြဲတာလား၊ မမြဲတာလား။

ဖြေ။ ။မမြဲတာပါဘုရား။

မေး။ ။အဲသည်လို ဖြစ်ပျက်နေလို့ မမြဲတဲ့ဥစ္စာဟာ ချမ်းသာသလား၊ ဆင်းရဲသလား။

ဖြေ။ ။ဆင်းရဲပါတယ်ဘုရား။

မေး။ ။ဆင်းရဲတဲ့ဗျာ။ သည်တော့ ဆင်းရဲတဲ့ဥစ္စာကို ဘာခေါ်မလဲ။

ဖြေ။ ။ဒုက္ခလို့ ခေါ်ပါတယ်ဘုရား။

မေး။ ။အဲဒါ ဒုက္ခတဲ့ဗျာ။ အဲသည်ဒုက္ခကို သိပြီ မဟုတ်လား။

ဖြေ။ ။သိပါပြီ ဘုရား။

မေး။ ။သည်ဒုက္ခကြီးကို နှစ်သက်သလားဗျာ။

ဖြေ။ ။မနှစ်သက်ပါ ဘုရား။

မေး။ ။လိုချင်သလားဗျာ။

ဖြေ။ ။မလိုချင်ပါ ဘုရား။

မေး။ ။မလိုချင်၊ မရချင်ဘူးဆိုတဲ့ ဥစ္စာ ဘာလဲ။

ဖြေ။ ။မလိုချင် မရချင်တာက ပယ်တဲ့ သဘောပါလား ဘုရား။

မေး။ ။လိုချင်တာ ရှိသေးသလား။

ဖြေ။ ။လိုချင်တာ မရှိလို့ မလိုချင်တာကို ပယ်တာပါ ဘုရား။

မေး။ ။ရချင်တာ၊ လိုချင်တာက ဘာလဲ။

ဖြေ။ ။သမုဒယခေါ်ပါတယ်ဘုရား။

မေး။ ။အမှန်လိုချင်တာ၊ ရချင်တာကကော အမှန်မဟုတ်လား။

ဖြေ။ ။လိုချင်တာ ရချင်တာကတော့ လူတိုင်း လိုချင်ပါတယ် ဘုရား။

မေး။ ။ခုနဟာကို မသိလို့ လိုချင်တာ၊ ရချင်တာဗျ၊ အဲဒါကိုသိတော့၊ မြင်တော့၊ လိုချင်သေးသလား။

ဖြေ။ ။အမြဲ အနိစ္စ ဖြစ်နေတာကိုသိရင် မလိုချင်ပါဘူး ဘုရား။

မေး။ ။မလိုချင်တာဟာ ပယ်တာ မဟုတ်လား။ ဟိုလိုပယ်တာဆိုတော့၊ ဒုက္ခကို သေသေချာချာ သိတာ မဟုတ်လားဗျာ။

ဖြေ။ ။ဒုက္ခကို သေသေချာချာ မြင်၍ သိ၍ ဒုက္ခကို မလိုချင်တော့ ပယ်ပါတယ် ဘုရား။

မေး။ ။အဲဒါ ဒုက္ခသစ္စာ၊ သည်တော့ကို ယခု မလိုချင်ဘူးတဲ့ဗျာ။ အဲသည်တော့ ဒါတွေဟာ ဖြစ်ပြီးတော့ ပျက်နေတာတွေကို ချုပ်တာ ပြုကသည်း မြင်တယ် မဟုတ်လား။

ဖြေ။ ။မြင်ပါတယ် ဘုရား။

မေး။ ။အဲဒါက ဘာခေါ်သလဲ။

ဖြေ။ ။နိရောဓ သစ္စာလို့ ခေါ်ပါတယ်ဘုရား။

မေး။ ။ဤကဲ့သို့ ချမ်းသာသုခ ရရာ ရကြောင်း ကလေးတွေကို မပျက်ပဲနှင့် အထက်ကို တိုးတက်ချင်သည်ဖြစ်သောကြောင့် သည်ဟာကလေးကို ကစ်ရှုတည်းရှု၊ တစ်မှတ်တည်းမှတ်နေတာကို ဘာခေါ်သလဲ ဗျာ။

ဖြေ။ ။မဂ္ဂသစ္စာ ခေါ်တယ်ဘုရား။

မေး။ ။အဲသည်လိုတစ်ဆက်တည်းထားတော့ ဘယ့်နှယ်လဲ၊ ရပ်နေသလား၊ သွားနေသလား။

ဖြေ။ ။သွားနေပါဘုရား။

မေး။ ။အဲဒါ ဘာခေါ်သလဲ။

ဖြေ။ ။ဘာဝနာ ခေါ်ပါတယ်ဘုရား။

မေး။ ။အဲ့ဒါ ဘယ်သွားဖို့ ခရီးဖြစ်မလဲ။

ဖြေ။ ။နိဗ္ဗာန်သွားဖို့ ခရီးဖြစ်ပါတယ်ဘုရား။

မေး။ ။အဲဒါဟာ ဘာခေါ်သလဲ။ မဂ္ဂသစ္စာ မဟုတ်လား။

ဖြေ။ ။မဂ္ဂသစ္စာ ခေါ်ကြပါတယ်ဘုရား။

ဟိုဟာကို မပြောတာကတော့ အားထုတ်ကြတဲ့ သူတော်ကောင်းများဟာ သည်လိုထားကြတော့ ဒါက ခဏကလေး ခန့်မှန်းတာ။ သည်ထက် သည်ရင့်သန်ပြီးသည့်အတိုင်းတိုင်း သွားတဲ့အခါကျတော့ တစ်ခါတည်းပဲ တောင့်တတဲ့အတိုင်းဟာဆိုက်လာလို့ အသီးသီးအောင်မြင်ကြပါရောတဲ့ဗျာ။ ဒါကတော့ တို့ဒကာကြီး ဒကာမကြီးတွေ သူတို့ရထားတဲ့ဟာကို အခုမေးတော့ သူတို့သိတဲ့အတိုင်း သည်လိုသည်လိုပြောလို့ အခုလိုပဲလျှောက်ပြီးပြောလိုက်တာပါပဲဗျ။ မြင်တယ်ဆိုတာ သည့်ပြင်ဟာမဟုတ်ဘူး။ သည်ဟာပြောတာဗျ။ ရုပ်တို့နာမ်တို့ကိုပြောတာ။ အနိစ္စဆိုတာ၊ ဒုက္ခဆိုတာ၊ အနတ္တဆိုတာ သည့်ပြင်ဟာကို ခေါ်တာမဟုတ်ဘူး။ သည်တစ်ခုတည်းကို ခေါ်တာဗျ။

မေး။ ။ဒါဖြင့် ထိနေတဲ့ နှာသီးဝနှင့်လေနှင့်ဟာ ရုပ်ဆိုတော့ ပရမတ္ထရုပ် ဆယ့်ရှစ်ပါးထဲက ရုပ်ကို ဆိုပါသလား ဘုရား။

ဖြေ။ ။ဟိုဟာကတော့ ခေါ်စရာနာမည်ဗျ၊ကြားလား။ နာမည်က နာမည်ဗျ။ အခေါ်ခံတာက အခေါ်ခံတာဗျ။

ဖြေ။ ။အခေါ်ခံတာက ပရမတ်ပါဘုရား။ နာမည်က ပညတ်ပါ ဘုရား။

မေး။ ။သည်လိုဆိုတော့ ဟုတ်သွားပလား။

ဖြေ။ ။ဟုတ်သွားပါပြီဘုရား။

နှာသီးဝကတော့ အခေါ်နာမည်ဗျ။ အထဲက အခေါ်ခံရတဲ့ ဥစ္စာပါဗျ။ ယခုလိုပြောတာက ဘာလဲဆိုတော့ သည်လိုပြောနေကျမို့ သည်လိုပြောရတာဗျ။ သူ့ဟာနှင့်သူ သည်လိုပြောမှ နားလည်မှာ၊ သည်တော့ ဘာနှင့်ပြောပြော သည်လိုနားမလည်ပေမယ့် ဒါလုပ်။ နှာသီးဖျားမှာ ထားကြဆိုရင် ဟိုဟာဖြစ်သွားပြီ။ အဲသည်လို သူနားလည်တာနှင့် ပြောမှနားလည်တာဖြစ်မှာကိုး။ နားလည်တာနှင့်မပြောရင် မဖြစ်ဘူး။

ဖြေ။ ။တပည့်တော်တို့က ကာယ ပသာဒ၊ ဖောဋ္ဌဗ္ဗရုပ်ဆိုတာကို ကြားဖူးနားဝရှိပါတယ်ဘုရား။ ဒါပေမယ့် မဆက်တတ်လို့ ဒုက္ခများနေပါတယ်ဘုရား။

မေး။ ။အခု ဘုရားဆိုဆုံးမတာက သည်လိုဆိုတော့ မှတ်မိလို့သွားပြီမဟုတ်လား။

ဖြေ။ ။မှတ်မိပါပြီ ဘုရား။

အဲသည်လို သူနားသည်တာနှင့်ပြော၊ သည်တော့ သူ့ဟာနှင့်သူ ဖြစ်တယ်။ နားမလည်နိုင်လို့ရှိလျှင် ဘာခေါ်မှန်းမသိဘဲ ပြောတော့တာပဲ။ ပြောတာပဲ ကိုယ်ခေါ်တာနှင့်မတဲ့တော့ အဲဒါမသိဘဲဖြစ်နေတာပဲဗျာ့။ ကျေးဇူးရှင်ဖြစ်တဲ့ ဆရာတော်ကြီးတစ်ပါးက မိန့်တော်မူဖူးတယ်။ ရှမ်းပြည်က လာပြီးတော့ မန္တလေးမြို့မှာ စာသင်ကြရော၊ စာသင်ကြပြီဆိုတော့ အဲသည်မှာစာချတဲ့ဆရာတော်က ရှမ်းပြည်ကဘုန်းကြီးကိုး။ ဘယ်လိုတုန်းဆိုတော့ တစ်နေ့မှာ ပါဠိနှင့်အနက်ကို တစ်ခါတည်းပဲပို့ချရတယ်။ ဘယ်လိုပို့ချပါသလဲဆိုရင် ဂိဇ္ဈာဝ၊ ငှင်းတတ့်သည်လည်းကောင်း။ အဲသည်လိုဆိုတော့ သည့်ပြင်ဟာတွေကတော့ ပေါ်လွင်တယ်။ သည်နေရာကျတော့ သူ ဆိုလို့ မဖြစ်တော့ဘူး။ ဂိဇ္ဈာဝ၊ ငှင်းတတ့်သည်လည်းကောင်း။ အဲသည်နေရာကို သူ မမှတ်နိုင်ပဲကိုး။ ငှင်းတာဆိုလို့သာ ဆိုလိုက်ရတယ်။ ဘာကောင်မှန်းကိုမသိဘူး။ မသိတော့မှတ်လို့မရဘူး။ သည်တော့ သူသိချင်တာကို သိသည့်နေရာကျရင် မေ့မေ့နေတယ်။ မဆိုတတ်လို့ အဲသည်လိုမဆိုတတ်လို့ မေ့နေတော့ ကျေးဇူးရှင်ဆရာတော်ဘုရားက ဘယ်လို မိန့်တော်မူသလဲဆိုရင် ဟော့မောင်ပဥ္စင်း မင်းတို့ရှမ်းပြည်မှာ ခွေးတွေဘာတွေ သေတဲ့အခါကျတော့ စားတဲ့အကောင်ကိုဘာကောင်ခေါ်သလဲလို့မေးတော့။ ရှမ်းပြည်က ပဥ္စင်းက မှန်လှပါဘုရား၊ အဲဒါကိုတပည့်တော်တို့ ရှမ်းပြည်မှာ ထိုးလဆိတ်လို့ ခေါ်ပါတယ်ဘုရားလို့လျှောက်တယ်။ မနောက်တော့ သူ့ဟာနှင့်သူနှင့် တည့်မှာဆိုတော့ ဒါဖြင့်ဂိဇ္ဈာဝ၊ ထိုးလဆိတ်တို့သည် လည်းကောင်းလို့ဆိုတော့မှ ထိုးလဆိတ်ဆိုတာလဲ သူ့အခေါ်ပေါ့လေ၊ ဘာလဲ။

ဖြေ။ ။ငှင်းတပါဘုရား။

မေး။ ။ငှင်းတဆိုတာဘာလဲ။

ဖြေ။ ။ထိုးလဆိတ်ပါဘုရား။

အေး ဟဲဒါသိရင် ပြီးတာပဲကိုဗျာ့။ ယခုနလည်း ရုပ်နာမ်ဆိုတာကသည်ဟာကိုပဲ ခေါ်တာပဲ။ အေး-သည်တော့ ဒါနားလည်သွားရော။ အနိစ္စဆိုရင် နားမလည်နိုင်ဘူး။ အနိစ္စဆိုတာ ရုပ်နာမ်ဖြစ်ပြီး ပျက်တာကို ခေါ်တာ။ အဲသည်လိုဆိုခဲ့နေပြန်လည်း မှန်ပေမယ့် မဖြစ်ပြန်ဘူး။ ဟုတ်ကဲ့လား။ မှန်တော့မှန်တာပဲ၊ မှန်ပေမယ့် ယခုပြောသလို မသိပြန်တော့ မဖြစ်ပြန်တာဘဲ။ အနိစ္စဆိုတာ အနိစ္စပဲ ခေါ်နေပါတယ်။

မေး။ ။နာသီးဝဆိုတာလည်း မနေ့ကလည်း နာသီးဝ၊ ဒီနေ့လည်းနာသီးဝ ဆိုတော့ မမြင်နိုင်အောင် ဖြစ်နေပါတယ်ဘုရား။

ဒါက ဟိုမှာမနေလို့ဗျာ့။ နေတဲ့အခါ စိတ်ဟာ ငြိမ်နေပြီဆိုတော့ ဒီအမှန်ဖြစ်ပျက်နေတာကို သိလာနိုင်တယ်။ တစ်ဆက်တည်းထင်နေတယ်။ အဲဒါ ဘာလို့လဲဆိုရင် ယခုနကို မိကြလို့ဗျာ့။ မိကြပြီဆိုတော့ ယခုနဟာကိုသိရော။ အဲဒီလိုသိနေတဲ့အခါမှာ ဒါတွေအမှန်ဖြစ်တာ။ အဲဒါတွေကို ဘုရားဟောတော်မူသည် ဖြစ်သောကြောင့် သဘောကျလို့ ပြောတတ်နေတာပဲ။ ခန္ဓာငါးပါး ရုပ်နာမ်ဟာ ဖြစ်ပြီးပျက်နေတဲ့ဥစ္စာကို ဒီလိုပြောတော့ ရုပ်နာမ်မှာ ရုပ်အဌဝီသ၊ နာမ်တေပညာသ တစ်ခုတည်းဖြင့် အနိစ္စ၊ ဒုက္ခလုပ်ရင် ဖြစ်တယ်မဟုတ်လား။ (ဖြစ်ပါတယ်ဘုရား)။

မေး။ ။ပုတီးစိပ်တော့ ဘယ့်နှယ်ဆိုပြီး စိပ်သလဲ။

ဖြေ။ ။အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ရူပက္ခန္ဓာ အနိစ္စ၊ ဝေဒနာက္ခန္ဓာ အနိစ္စ၊ သညာက္ခန္ဓာအနိစ္စ၊ အဲဒီလိုပဲ ဆိုတာပဲ။

မေး။ ။ဒါတင်မကဘူး။ အကုန်လုံးပါအောင် လုပ်လိုက်သေး မဟုတ်လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

အေး ဒါတွေဟာ အတည့်ကြီးပဲ့။ သို့ပေမယ့် ယခုနလို မမြင်သေးဘူး။ မသိသေးဘူး။

လျှောက်။ ။ဒကာမကြီးတွေကတော့ လုံးလဝီရိယအလျှောက်အတော်အတန် စိတ်စိုက်နေပါပြီဘုရား။ စိတ်စိုက်နေတဲ့ ဒကာမကြီးများကို ယခုလို ခန္ဓာငါးပါးတွဲ၍ သစ္စာလေးပါးနှင့်တွဲ၍ ဟောသွားတာတော့အတော်အတန် နားလည်သွားပါပြီဘုရား။ နာသီးဝဲဟာ ကာယပသာဒရုပ်။ ထွက်တဲ့လေ ဝင်တဲ့လေက ဖောဋ္ဌဗ္ဗရုပ်။ အဲဒါဟာ လက်ဖျစ်တစ်တွက်မှာ ကုဋေပေါင်း ငါးထောင်ကျော် ဖြစ်နေတယ်ဆိုတာ စိတ်ကမှတ်သားထားတာနဲ့ အတော်ဆက်မိသွားပါပြီဘုရား။

ဒီတော့ ဒါတွေကို ယခုလိုထားလိုက်ရင်ပဲ ဒါကတော့ အသိပဲရှိပါသေးတယ်။ ဒီထက် သိစရာတွေ အများကြီးရှိသေးတယ်။ ဘာတုန်းဆိုတော့ ဖြစ်ပျက်နေတာတင်ပဲ၊ ဒါအသိကလေးစပြီးတော့ အသိဆုံးသွားအောင် သိဖို့ရှိသေးတယ်။ ဒီတော့ ဝီရိယတွေနဲ့ ဒီဟာကို တစ်ဆက်တည်းဖြစ်အောင် ဒီလို ဂရုစိုက်ပြီး ယူကြရပါတယ်။

မေး။ ။အသိဆုံးသွားအောင် ဆိုတာကို လင်းပါဦးဘုရား။

ဖြေ။ ။အဲ အသိဆုံးသွားအောင်ဆိုတာက ဘာလဲဆိုရင် တိုးတိုးသွားဦးမှာ ကိုးဗျာ့။

မေး။ ။ဒကာကြီးအိမ်သွားချင်ရင် ဘယ်လမ်းမှမသိပဲသွား၊နောက်ဆုံးတော့ ဒကာကြီးရဲ့ အိမ်ရောက်တယ်မဟုတ်လား။
ဖြေ။ ။ရောက်ပါတယ်ဘုရား။

အဲဒီလိုအိမ်ရောက်ရင်၊ သွားချင်တဲ့ ဒီလမ်းဟာ ဆုံးတာပဲမဟုတ်လား။ ယခုလည်း သွားလိုက်တဲ့အခါမှာ ကိုယ်ရောက်ချင်တဲ့ နေရာရောက်ရင် အဲဒါ လမ်းဆုံးတာပဲဗျာ့။ ဘယ်အထိသွားမလဲ။ အဲဒီရောက်အောင်သွားကြ၊ အဲဒီ ကျမှ နားကြဗျာ့။ လမ်းဆုံးရောက်သွားအောင်သွားကြ။

မေး။ ။တပည့်တော်တို့ကတော့ လမ်းဆုံးရောက်အောင် စ,သွားပါပြီဘုရား။

အဲဒီလမ်းဆုံးကျတော့မှ နားကြဗျာ့။ ဒီအတိုင်းတော့ မနားကြပါနဲ့ ဗျာ့။ အေး-အဲဒီလိုဗျာ့။ ဒါကြောင့်မို့ ဂီရိယထူထောင်ပြီးတော့ ယခုလိုဆောင် ရွက်ကြရပါတယ်။ ဒီဟာဘာတုန်းဆိုတော့ အချိန်ရှိတဲ့ အခါကလေးမှာသွား လို့ဖြစ်တယ်၊ ဘုရားသာသနာမရှိတဲ့အခါမှာဆိုတော့ ဘယ့်နှယ်မှ မတတ်နိုင် ဘူး။ ဒါကြောင့်မို့ အချိန်ကောင်း၊ အခါကောင်း၊ ဘဝကောင်းကလေး ရထားတဲ့အခါမှာ ဒီအချိန်ကလေးပြီးအောင် ယူကြရပါတယ်ဗျာ့။ ဒီဟာမပြီး ပဲ ခုလိခုလပ်မှာ ပျင်းပျင်းရိရိနဲ့သွားရင် အပါယ်ကျမယ်ဗျာ့။ ယခုနထားဆိုတဲ့ နေရာကလေးမှာ ထားလို့နေရင် သက်တမ်းစေ့လို့ စုတိ ကျသွားမယ်ဆိုရင် ဆက်မိသွားပါလိမ့်မယ်။

မေး။ ။လုပ်မယ်ဆိုပြီးလုပ်နေရပေမယ့် ထားဆိုတဲ့နေရာကလေးမှာ မထားဘဲ တခြားသွားနေတဲ့အချိန်နှင့်သာသေသွားပယ်ဆိုရင်ဘယ်ရောက်မလဲ။
ဖြေ။ ။အပါယ်ရောက်သွားပါလိမ့်မယ်ဘုရား။

ဒီလိုဖြစ်ရင် ဘယ့်နှယ်တတ်နိုင်မလဲ။ မတတ်နိုင်ဘူး။ယခုအားလုံးတို့ဟာ ဆိုရင် ကိုယ်တတ်နိုင်သလောက် ကုသိုလ်တွေကတော့ ပြုလိုက်တာ၊ ဘယ်လိုတုန်း ဆိုတော့ အားချိန်နားချိန်မထားဘူး။ မြင့်မြတ်တာချည်းပဲ ပြုနေတာပဲ။ ကခု နပြောတဲ့ ပြီးသားတွေကလည်း သုတ်အဘိဓမ္မာတွေကို ထပ်တလဲလဲ ပြောရ မယ်ဆိုရင် ဘယ်ဟာမှ အကြွင်းအကျန်မရှိအောင် သူများထက်သာအောင် ပြောတတ်တယ်။ ပြုလိုက်တဲ့ကုသိုလ်ဆိုတာလည်း ဘယ်ဟာများလပ်သေးသလဲ။ ကျောင်း၊သင်္ကန်း၊ဆွမ်း၊ ဆေးစုံလို့ပဲ။ ပြုလိုက်တာတွေဟာလည်းအကောင်း ချည်းပဲ။ ပွားများအားထုတ်တယ်ဆိုတာလည်း ဘယ်ဟာလပ်သေးသလဲ။

ဖြေ။ ။မလပ်ပါဘူးဘုရား။

အေးဘယ်ဟာမှမလပ်ဘူးဗျာ့။အဲဒီလိုချည်းပဲဝီရိယတွေနှင့်မပြတ်အောင် လုပ်နေတာကို သူတကာကမြင်တော့ ချီးမွမ်းကြတယ်ဗျာ့။ ဒါသိတာ မြင်တာ မဟုတ်လား။ ဒီတော့ခေါ်ကြတယ်မဟုတ်လား။ ကျောင်းဒကာကြီး၊ကျောင်း

အစ်မကြီး၊ ပစ္စည်းလေးပါး ဒကာကြီး၊ ပစ္စည်းလေးပါး ဒကာမကြီး ခေါ်ကြတယ်။

မေး။ ။သူတို့လည်း အားလုံးက ရှိသေလေးစား ပူဇော်ကြတာတွေလည်း ခံရတယ် မဟုတ်လား။

ဖြေ။ ။ခံရပါတယ်ဘုရား။

မေး။ ။ခံရပေမယ့် ဥပမာ-သက်တမ်းစေ့လို့ သေသွားမယ်ဆိုရင် ဘယ်သွားမလဲ၊ သေသေချာချာပြောစမ်းပါဆိုရင် ဘယ့်နှယ်တုန်းဗျာ့။

ဖြေ။ ။သက်တမ်းစေ့တဲ့ အခါမှာ သတိလွတ်နေရင် အပါယ် သွားပါလိမ့်မယ် ဘုရား။

မေး။ ။သေသေချာချာ ဘယ်သွားမှာတုန်းလို့ မေးရင် ဘယ့်နှယ်လဲ။

ဖြေ။ ။တပည့်တော်တို့ ပုထုဇဉ်မှာ ဝိနိပါတ ဘေးမလွတ်သေးပါဘုရား။

မေး။ ။ဘယ်လို သေသေချာချာ ပြောနိုင်သလဲ။

ဖြေ။ ။မပြောနိုင်သေးပါဘူးဘုရား။

မေး။ ။သူတကာတို့ ချီးမွမ်းကြတာဗျာ။ ဒကာကြီးများ ချီးမွမ်းမခံရဘူးလား။ ဒကာကြီးဟာ သီလရှိတယ်၊ သမာဓိရှိတယ်။ ပညာရှိတယ် ဆိုပြီး ဒီလို ချီးမွမ်းမခံရဘူးလား။

ဖြေ။ ။ချီးမွမ်းတာ တစ်ဝက်ပဲ ချီးမွမ်းပါတယ်ဘုရား။

မေး။ ။ဒကာကြီးကို ဘယ်သူက မချီးမွမ်းသေးဘူးလဲ။

ဖြေ။ ။တစ်ဝက် က သာ ဒီဒကာကြီး တောင်ပြော မြောက်ပြောနှင့် သိလိုက်တာ၊ ထိသိလုပ်ပါဆိုတော့ တပည့်တော် တူမကလေးတွေက ပြောတယ်။ ကျွန်မတို့လောက်တော့ ဒီဒကာကြီး မလုပ်နိုင်ဘူးလို့ ပြန်ကဲ့ရဲ့နေပါတယ်ဘုရား။

မေး။ ။ဒီလိုပဲ အဆိုခံရသလား။

ဖြေ။ ။တင်ပါ့ဘုရား။

မေး။ ။ဟုတ်ကဲ့လား၊ ဒါဆိုတာမဟုတ်ဘူး။ ကြားကြရဲ့လား။ သူအဘည့်ကို ပြောတာဗျာ့။ ဒကာကြီးကကော တည့်ရဲ့လား။

ဖြေ။ ။တည့်ပါတယ်ဘုရား။

မေး။ ။သူတကာတို့က တော်ပါပေတယ်လို့ ချီးမွမ်းနေတဲ့ အထဲမှာ နင်တို့က ဒီလိုများ လုပ်သေးသလား။

ဖြေ။ ။မလုပ်ပါဘူးဘုရား၊ တပည့်တော်က သာခု ခေါ်လိုက်ရပါသေးတယ် ဘုရား။

မေး။ ။ဟုတ်ကဲ့လားဗျာ့။
ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

မေး။ ။သူများက ငါ့ကို ချီးမွမ်းတာ သူတို့က ငါ့ဒီလိုများ လုပ်နေတယ်လို့များ ပြန်မပြောဘူးလား။
ဖြေ။ ။စိတ်မဆိုးတဲ့အပြင် သူတို့က ဒီလိုပြောလို့ ချီးမွမ်းမိပါသေးတယ်ဘုရား။ သူတို့က တပည့်တော်တို့ကို ကဲ့ရဲ့တာ မဟုတ်ပါဘူး။ ဘကြီးဘကြီး ဒီလို ဒီလို လုပ်ပါလို့ အင်မတန် မေတ္တာ ကရုဏာနှင့် ပြောတာပါ ဘုရား။

မေး။ ။ပြောတော့ ဒကာကြီးက ဘယ့်နှယ်တုံး၊ သူတို့လိုဖြစ်အောင် လုပ်သလားဗျာ့။
ဖြေ။ ။တပည့်တော်ကတော့ လုပ်မယ် လုပ်မယ်နှင့် နေပါဦး။မနက်ဖြန်မှ ဒီလိုနှင့်ပဲ ဒီနေ့ရောက်လာပါတယ်ဘုရား။

မေး။ ။လုပ်မယ် လုပ်မယ် ဆိုတာ လိမ်တာလား။
ဖြေ။ ။လိမ်တော့ မလိမ်ပါဘုရား။ လုပ်မယ့်ဆန္ဒတော့ ရှိပါတယ်ဘုရား။ ဝီရိယ နည်းလို့ပါ ဘုရား။

မေး။ ။အဲဒါ လိုချင်လို့နေတာလား။မလိုချင်လို့ နေတာလား။
ဖြေ။ ။အမှန်စင်စစ်တော့ မလိုချင်သေးဘူးလို့ ဆိုရမှာပဲ ဘုရား။
မေး။ ။အဟုတ်ကို မလိုချင်တာလား။
ဖြေ။ ။လိုတော့ လိုချင်ပါတယ်ဘုရား။ တပည့်တော်လိုချင်တာက ဒီနေ့ထိ နှစ်ကျပ်ဖိုးထိုး မနက်ဖြန် တစ်သိန်းပေါက်၊ ဒီလိုဟာ လိုချင်နေတာဘုရား။
မေး။ ။ထီထိုးတာလည်း ဒီကနေ့ထိုးရင် မနက်ဖြန်ပေါက်ပါ့မလား။
ဖြေ။ ။ထီဖွင့်နေတုန်း ထိုးရင်၊ တစ်ခါတလေ ထိုးနေတုန်း ဟိုက ပေါက်ချင် ပေါက်မှာပဲ ဘုရား။
မေး။ ။နို့ ဒကာကြီး ယခုကော ထီဖွင့်တဲ့အချိန်ပါပဲဗျာ့၊ ဒကာကြီးက ထိုးရဲ့ပဲ ရှိပါတယ်ဗျာ့။
ဖြေ။ ။တပည့်တော်က ဒီထီတော့ လက်နှေးနေပါတယ်ဘုရား။
ဒါ အဟုတ်ကို ထီဖွင့်တဲ့ အချိန်မဟုတ်လား။ ငွေနှစ်ကျပ်မပေးပါနှင့်ဗျာ၊ ငွေနှစ်ကျပ်မပေးဘဲနှင့် ဒီထီက ထိုးလို့ရပါတယ်ဗျာ့။ မလွယ်ဘူးလား။ ဒကာကြီးက အလွယ်လိုက်တာနှင့် နေရာကျတာပေါ့။

မေး။ ။ဒါဖြင့် ယခုထိုးတော့မလား။
ဖြေ။ ။ထိုးပါမယ် ဘုရား။

မေး။ ။အဟုတ်လုပ်မှာ ဟုတ်ကဲ့လား။
ဖြေ။ ။တပည့်တော်က အရှင်ဘုရားကို မလိမ်ဝံ့ပါဘုရား။ထိုးပါ့မယ် လုပ်ပါ့မယ်ဘုရား။

မေး။ ။ယခုလုပ်ပါ့မယ်ဆိုတာ အဆင်သင့်လား။
ဖြေ။ ။အဆင့်သင့်ပါဘုရား။

မေး။ ။အားထုတ်တဲ့အခါကျတော့ ထိုင်ရင်းဘယ့်နှယ်ဖြစ်သလဲ။
ဖြေ။ ။ထိုင်ရင်းက ပျင်းပျင်းလာပြီး အိပ်ငိုက်လာပြီး အိပ်ပျော်သွားပါတယ်ဘုရား။

ဒကာကြီးကအိပ်ကောင်းတဲ့ နေရာမျိုးမို့ အိပ်ငိုက်တာဗျ။ ဘယ်လိုနေရာမျိုးမှာ လုပ်ရမလဲဆိုရင် အိပ်ငိုက်လိုက်ရင် လိမ့်ကျမယ့် နေရာမျိုးမှာလုပ်ရင် ဒကာကြီး အိပ်ငိုက်မှာ မဟုတ်ဘူး။

မေး။ ။ဟုတ်ကဲ့လား။
ဖြေ။ ။မှန်ပါ့ဘုရား။ ဒီလိုနေရာမျိုးဆိုရင် လိမ့်ကျမှာစိုးလို့ အိပ်ငိုက်မှာ မဟုတ်ပါဘူးဘုရား။

အေး-ဒါဖြင့် အဲဒါလုပ်။ ဒကာကြီးက သေမှာကြောက်ရင် ဘယ်တော့မှ အိပ်ပျော်မှာမဟုတ်ဘူး။ ကျမှာကြောက်တာနှင့် ဒကာကြီး အိပ်ငိုက်မှာ မဟုတ်ဘူး။ (မှန်ပါ့ဘုရား။)

မေး။ ။အေး-ဒါဖြင့် ခပ်မြင့်မြင့် နေရာကလေးမှာ ထိုင်မယ်ဆိုတော့ ဘယ်နေရာမှာ ထိုင်မလဲ။
ဖြေ။ ။လှေကားပေါ်မှာ ထိုင်မှာထင်ပါရဲ့ဘုရား။

မေး။ ။အေး-အဲဒါလုပ်ရင် ဒကာကြီး သေသေချာချာ မငိုက်ဘူးဗျ။
ဖြေ။ ။မငိုက်ပါဘူးဘုရား။ ဘယ်လိုလဲဆိုရင် လိမ့်ကျရင် ခြေထောက်တို့ လက်တို့ ကျိုးမှာစိုးတာနှင့် မငိုက်ဝံ့ပါဘူးဘုရား။

အဲဒါထိန္ဒမိဒ္ဓ ချက်ချင်းနိုင်တာဘဲဗျ။ အဲဒါနှင့်သာ လုပ်ကြ၊ ကြားလား။ (တင်ပါ့ဘုရား။)

လုပ်ပါ၊ လုပ်ပါဆိုရင်လည်း အဲဒါနှင့်သာလုပ်ကြ။ ရှေး အရှင်တွေက **ဒီလိုလုပ်တာဗျ**။ သေမှာတော့ သိတယ်မဟုတ်လား။ (သိပါဘုရား။)

မေး။ ။ဒါဖြင့် အိပ်ပျော်သေးသလား။
ဖြေ။ ။အိပ်ပျော်တာပဲဘုရား။
မေး။ ။ဒါဖြင့် မသိလို့နေမှာပါဗျာ။
ဖြေ။ ။တပည့်တော်တို့အရွယ်ကတော့ မသာပို့ချည်းပါပဲဘုရား။ မသာပို့တဲ့အခါ သင်္ချိုင်းရောက်ရင် ရယ်လို့မောလို့၊ သူသာသေတာ ငါမသေဘူးဆိုပြီး အဲဒီလိုနှင့် အချိန်ကုန်တာပဲဘုရား။
မေး။ ။အဲဒီတော့ ယခုန သေမှာကို အဟုတ်သိသလား။
ဖြေ။ ။အဟုတ်မသိဘူးလို့ ပြောရမှာပဲဘုရား။
အဟုတ်သိရင် အဟုတ်ကို အိပ်လို့ပျော်မှာ မဟုတ်ဘူးဗျ။ (မပျော်နိုင်ပါဘူးဘုရား)။
ဘယ်လိုလဲဆိုရင် ရှေးက ဓမ္မာသောကမင်းကြီးရဲ့ ညီတော် အိမ်ရှေ့မင်းဟာ တိဿဆို ထင်ပါရဲ့၊ ဟုတ်ကဲ့လား။ (တင်ပါ့ဘုရား)

## ဓမ္မာသောကညီနောင်

ဓမ္မာသောကမင်းကြီးကတော့ ဘုရားရှင် သာသနာ၊ ဘုရားအဆုံးအမတွေရလို့ ပါရမီရှိတော့ကြည်ညိုပြီး ပြုလိုက်တာ တစ်ကျွန်းလုံးမဟုတ်လား။ အကုန်လုံးမှာ အတုအတူမရှိအောင် အဲဒီလိုပြုပါတယ်။ ဒါပေမယ့် ညီတော်အိမ်ရှေ့မင်းသားကတော့ ဘာသိဘာသာ နေတာဗျာ။နောက်နေ့မှာသူဟာ ငြိုးငင့်လို့ တောထဲကိုလျှောက်ပြီးတော့ သွားတဲ့အခါကျတော့ သမင်တွေပျော်လို့ ရှင်လို့ မြူးလို့နေတာကို သူမြင်တယ်။ မြင်တဲ့အခါမှာ သူ့စိတ်ဟာအကြံတစ်ခုဖြစ်တယ်။ ဘယ်လိုအကြံတစ်ခု ဖြစ်သလဲဆိုရင် သူတို့တစ်တွေဟာ မြက်သစ်ရွက်တေကိုစားပြီးတော မြူးကြ၊ ပျော်ကြ၊ ရှင်ကြတယ်။ နောင်တော်ဘုရားဟာ မြင့်မြတ်ပေ့ ဆိုတဲ့ ခံဖွယ်ဘောဇဉ်တွေနှင့် အတုအတူ မရှိအောင် ဒီလိုပူဇော်တယ်။ နေရာထိုင်ခင်း ကလည်း မြင့်မြတ်ပေ့ဆိုတဲ့ နေရာထိုင်ခင်းတွေနှင့် ချီးမြှောက်ပူဇော်တယ်။ အဲဒီလို ချီးမြှောက်ပူဇော်တဲ့ အမြင့်မြတ်ဆုံး ဟာတွေနှင့် အကောင်းဆုံး အမြင့်မြတ်ဆုံး နေရာမှာ ဒီလိုနေတဲ့ ဒီရဟန်းတွေလည်း မြူးမှာပျော်မှာပါပဲ တဲ့ဗျာ။ ဘာကြောင့်လဲဆိုရင် မြက်သစ်ရွက်တွေ စားပြီးနေကြတဲ့ တောသမင်တွေတောင်မှပဲ ဒီလို မြူးကြပျော်ကြ ရှင်ကြသေးတယ်ဆိုပြီး စိတ်ထဲမှာတစ်ခါတည်း ဒီလိုဖြစ်တာပဲတဲ့ဗျာ။ ဖြစ်တော့မှ နန်းတော်ပြန်ရောက်တဲ့အခါမှာ နောင်တော်ဘုရားကို ဒီအတိုင်းပဲ သံတော်ဦး တင်တယ်တဲ့ဗျာ။ တင်တော့မှ နောင်တော်က ငါ့ညီတော်ကိုဖြင့် ဒီအတိုင်း တိုင်း ပြန်ပြီးပြောလို့တော့ သိမှာမဟုတ်သေးဘူး၊ နေပါစေဦး။ တဖြည်းဖြည်းတော့မှပဲ သိစေရတော့မှာပဲလို့ ဆိုပြီး အသာသာ နေတဲ့ဗျာ။

နောက်တော့အကြောင်းတစ်ခု ပေါ်ပေါက်လာတဲ့အခါကျတော့ စိတ်ထဲသဘော မကျပုံ၊ဒေါသဖြစ်ဟန်နှင့် အပြစ်ကလည်း ပြောလောက်အောင်ပေါ့ဗျာ။အဲဒီလို ဖြစ်တဲ့အခါမှာ ညီတော်ကိုခေါ်ဟေ့ဆိုပြီးတော့ အဲဒီမှာ နောင်တော်ဘုရားက မင်းဟာ ငါ့ညီတော်ဖြစ်သည့်အားလျော်စွာ ကေရာဇ်မင်းရဲ့ စည်းစိမ်ချမ်းသာ နှင့် ခုနစ်ရက်နေတော့။ နေလို့ခုနစ်ရက်စေ့ပြီဆိုရင် ညီတော်ကို သတ်ရမယ် ဆိုပြီး အမိန့်ချမှတ်လိုက်တယ်။ အဲဒီလို အမိန့် ချမှတ်ပြီးတဲ့နောက် ကေရာဇ် မင်းရဲ့ စည်းစိမ်ချမ်းသာတွေကို လွှဲအပ်ပေးတယ်ဗျာ့။ ခုနစ်ရက်စေ့တဲ့အခါ ကျရင် မင်းကိုတော့ မထားတော့ဘူး သတ်ရမယ်လို့ အဲဒီလို အမိန့်တော် ထားလိုက်တယ်။ ဒီအိမ်ရှေ့မင်းဟာ ခုနစ်ရက်စေ့တဲ့အခါကျရင် သေတော့ မှာဗျာ့။ ဘယ်လိုလဲဆိုရင် သူ့မှာ အပြစ်နှင့်ပြုပြီး အမိန့်ချမှတ်တာကိုဗျာ့။

## မပျော်နိုင်

အဲဒီလိုအာဏာထားလိုက်ကတည်းက ဒီအိမ်ရှေ့မင်းဟာ ခုနစ်ရက်လည် ရင် သေတော့မှာဆိုပြီး တစ်ခါတည်းကြောက်ပြီး နေတော့တာပဲတဲ့ဗျာ။ အဲဒီ တော့ နောက်ခုနစ်ရက်နေပြီးရင် သတ်တော့မှာကို ကြောက်တာနှင့် စားလို့ လည်းမဝင်၊ အိပ်လို့လည်းမပျော် တကြောက်တည်း ကြောက်နေတော့တာပဲ။ ခုနစ်ရက်စေ့ရင် သေမှာကိုးဗျာ့။ ကြောက်တာပေါ့။ အဲဒါနဲ့ ခုနစ်ရက်လည်း စေ့ရော ညီတော်ခေါ်ဟဲ့လို့ ဆိုပြီးတော့ ရောက်လာတဲ့အခါမှာ အမယ်မင်း သူ့မှာ ပိန်လို့၊ ချုံးလို့နှင့်၊ အကြောအပြိုင်းပြိုင်းထလို့၊ အဲဒီလို ဖြစ်နေတာ ကိုးဗျာ့။ ဒီတော့ နောင်တော်ဘုရားက ဘယ့်နှယ် မင်းဟာ ရှေးအခါကလို မဟုတ်ပါလား။ မင်းမှာ အရင်ကတော့ အလွန်ပဲ အားအင်နှင့်တကွ ကြည် လင်တောက်ပလို့ ရှုချင့်စဖွယ်အဆင်းနှင့် တင့်တယ်၊ ယခုတော့ မင်းဟာ ကေရာဇ်မင်းရဲ့ စည်းစိမ်ချမ်းသာနှင့် နေတဲ့အခါကျတော့မှ မင်းဘယ့်နှယ် ဖြစ်ရတာလဲလို့မေးတော့- မှန်လှပါဘုရား၊ ညီတော် ကြောက်လှပါပြီဘုရား။ ဒီတော့ နောင်တော်က ယခုမင်းဟာ ကေရာဇ်မင်းရဲ့ စည်းစိမ်ချမ်းသာနှင့် ရွှင်ရွှင်ပျော်ပျော်ကြီး နေရတော့မှာပဲ ဒီလိုဖြစ်ရသလားလို့မေးတော့၊ မှန်လှပါ မပျော်နိုင် မရွှင်နိုင်ပါဘူး ဘုရား။ ညစဉ်ညတိုင်း မအိပ်နိုင်ပါဘုရား။ ဘာ ကြောင့်လဲဆိုတော့ဘုရား ညီလေးမှာ ခုနစ်ရက်စေ့တဲ့အခါ ကေန္တ သေတော့ မှာပဲလို့ဆိုတာ ကြောက်နေပါတယ်ဘုရား။ အဲဒီလိုကြောက်တာနဲ့ သူ့မှာ အိပ်လို့လည်းမပျော်၊ စားလို့လည်းမဝင်၊ ဘယ်လိုမှမပျော်နိုင်၊ မရွှင်နိုင်ပါ ဘူးလို့ လျှောက်သတဲ့။ အဲဒီလောက်အထိ ကြောက်တာဗျာ့။ ဘယ်လောက် ကြောက်သလဲဆိုရင်အိပ်လို့လည်းမပျော်ဘူးတဲ့။ကြောက်လွန်လွန်းလို့ မြင့်မြတ် တဲ့ ကေရာဇ်မင်းရဲ့ စည်းစိမ်တွေရထားတော့ အစစအရာရာ အမြင့်မြတ်ဆုံး အကောင်းဆုံးတွေချည်း မဟုတ်လား။ ထိုးပွဲ နန်းပွဲတွေနှင့်၊ ဒါပေမယ့် သူ

မပျော်နိုင်ပေါင်တဲ့ဗျာ။ ဘယ်လိုလဲဆိုတော့ သေရမှာကို ကြောက်လွန်လွန်းလို့တဲ့ဗျာ။ အဲဒီလို ဘုရားညီတော်မှာ သေရမှာ ကြောက်လွန်လွန်းလို့ ဘုရားလို့ လျှောက်တော့မှ ဟဲ့ညီတော်၊ မင်းဟာခုနစ်ရက်နေပြီးမှ သေရမှာ ဒီလောက် ကြောက်ရသလားလို့ဆိုတယ်။ ဒီတော့ မှန်လှပါ ကြောက်လှပါပြီဘုရားတဲ့။ ဒီတော့နောင်တော်ဘုရားက အေး-အခု မင်းဟာ ကေရာဇ်မင်းရဲ့ စည်းစိမ်တွေကို ခံစားစံစား‌ပြီးတော့ ခုနစ်ရက်နေပြီးမှ သေမှာကိုတောင် မင်းယခုလောက်အထိ ကြောက်နေတယ်။ငါ့ရဲ့ အရှင်သခင်များဟာဆိုရင် တစ်ခဏကလေးကိုပင်လျှင်ပဲ ယခုနပြောတဲ့ လက်ဖျစ်တတွစ်တွက်မှာဆိုရင် ဒီရုပ်နာမ်ဟာ ဖြစ်ပျက်ပြီးနေတာ။ ဘယ်လောက်တဲ့၊ လက်ဖျစ်တစ်တွက်မှာဆိုရင် ကုဋေပေါင်း‌ ‌ေစ်သိန်း၊ ဟုတ်ကဲ့လား။ (ဟုတ်ပါတယ်ဘုရား)။

အေး-အဲဒါတွေကိုမြင်ပြီးတော့ ဒါတွေကို တစ်ကြောက်တည်း ကြောက်နေတာ၊ မင်းကမှ ခုနစ်ရက်နေပြီး သေရမှာကို ဒီလောက်တောင် ကြောက်ရသလား။ ငါ့အရှင်များမှာတော့ ဘယ်လိုတုန်းဆိုတော့ ယခုနလိုဗျာ့။ လျှပ်တစ်ပြက် လက်ဖျစ်တစ်တွက်မှာဆိုရင် ရုပ်နာမ်ဟာ ဖြစ်ပြီးတော့ ပျက်နေတာ၊ ဒီလိုဖြစ်ပြီးတော့ ပျက်နေတာဟာ တခြားမဟုတ်ဘူး။ ဒါတွေကို သိပြီးတော့ မြင်ပြီးတော့ အဲဒါကို ကြောက်နေတာဗျာ့။ အဲဒီတော့ ဘယ်ကသွားပြီး ရွှင်နိုင် ပျော်နိုင်လိမ့်မလဲလို့ ဆိုတော့မှ သူ့မှာသိသတဲ့ဗျာ။ နင်ကမှ ခုနစ်ရက်နေပြီးမှ သေမှာ၊ ဟိုကတော့ ဒီလိုမဟုတ်ဘူး။ တသေတည်းသေနေမှာ၊ အဲ့ဒါတွေကို မြင်နေတော့ ငါ့အရှင်သခင်တွေဟာ နင်လောက် ဘယ်ကမလဲဆိုတော့ အဲဒီ ကျတော့မှ မှားပြီဆိုပြီး သိတော့မှ ကြည်ညိုလာသတဲ့ဗျာ။ အဲဒီကျတော့မှ နားလည်တာကိုးဗျာ့။နို့မဟုတ်ရင် ယခုနလိုသူက တွေးတောမှာပဲ့ဗျာ့။ အဲ့ဒီ လိုဗျာ့။

မေး။ ။ယခုလည်း ဒီလိုပြောလို့တော့ ဒကာကြီးမကြောက်ဘူးပေါ့လေ။

ဖြေ။ ။ဒီလိုပြောလို့တော့ သိပ်မကြောက်သေးပါဘူးဘုရား။

မေး။ ။သိပ်မကြောက်ရင် ယခုနဟာနှင့်မှ တော်မယ်ဗျာ့။ လေ့ကားထောင်ပြီးတော့ အဲဒီပေါ်မှာသာလုပ်၊ အိပ်သာအိပ်ဗျာ။ ငိုက်ပါလို့ ဘေးက ပြော၊ ဘယ့်နှယ်လဲ။

ဖြေ။ ။ဘယ်ငိုက်ဝံ့ အိပ်ဝံ့မလဲဘုရား။

မေး။ ။ဘယ်သူမကြောက်သေးသလဲ။ ဒကာကြီး တစ်ယောက်တည်းလား။

ဖြေ။ ။ကြောက်တဲ့လူလာဆိုရင် လေ့ကားကျိုးကျပါလိမ့်မယ်ဘုရား။ ယခု ပရိသတ်တွေအကုန်လုံး 'တက်လိမ့်မယ်ထင်တယ်ဘုရား။

မေး။ ။ဒကာကြီးကသာ မကြောက်တာ၊ ကြောက်ပြီးသားတွေကတော့ မတက်ပါဘူးဗျာ့။ ဒကာကြီးတစ်ယောက်တည်းပါပဲ။ ဟုတ်ကဲ့လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။
အေး အဲဒါသေတော့မသေပါဘူး။ လေ့ကားဇေါက ကျရုံနဲ့တော့ မသေနိုင်ပါဘူး။ ဒါဖြင့် အဲဒါက အလုပ်ဗျ။ နေသင့်ကဝုတင်တွေ ဘာတွေလုပ်မနေနဲ့ အဲဒါပဲလုပ်။

မေး။ ။လှေကားဝုတင်လားဘုရား။
အေး ဒါသာလုပ်ရင် ဒကာကြီး သေသေချာချာကို ငိုက်မှာမဟုတ်ဘူး။

ဖြေ။ ။မငိုက်ဝံ့တော့ပါဘူးဘုရား။
အေး အဲဒါအကောင်းဆုံးပဲ။ ဒါတောင်မဖြစ်ဘူးဟဲ့လို့ လုပ်နေဦး မလား။ အခု ဒီပရိသတ်ထဲမှာ တူမဒကာမကြီးတွေ ပါလား။ ပါရင် သူတို့ကို အဲဒါသာလုပ်ပေးလိုက်ကြားလား။ တခြားမသွားချင်ရင် လည်း ခုံပင်ငယ်ငယ်ကလေးတစ်ခု ထုတ်ပေးအဲဒီအပေါ်မှာထိုင်ပေစေ။

ဖြေ။ ။စားပွဲခုံပေါ်မှာ ခွေးခြေကလေးတင်လိုက်ရင် တော်လောက်ပါပြီ ဘုရား။

မေး။ ။အေးဗျ။ အဲဒါသာလုပ်၊ တကယ်လုပ်မှာလား။ တော်တော်ကြာ မလုပ်ခင်အိပ်ပျော်သွားဦးမယ် ထင်တယ်။

ဖြေ။ ။မအိပ်ပါဘူး ဘုရား။

မေး။ ။အေး အဲ့ဒါဆိုရင် ထိနမိဒ္ဓ နိုင်တန်ကောင်းပါရဲ့။

ဖြေ။ ။နိုင်ကောင်းပါတယ်ဘုရား။
သို့သော်လည်းပဲ မအိပ်ဘဲနေရုံနှင့်၊ ကြောက်ရုံနှင့်မဖြစ်ဘူး။ မအိပ်ဘဲ နေတာက ယခုနထားဆိုတဲ့ နေရာကလေးမှာ ထားလို့ နေပြီဆိုရင် နေတဲ့အချိန်ကစပြီး ဒီထက် ဒီအချိန်ကြာသလောက် တိုးတက်လာမှာ ပဲဗျ။ ယခုနဟာတွေကို မြင်လာမယ်။

မေး။ ။မြင်လို့ရှိရင် ယခုနတိဿကြောက်သလောက် မကဘူးထင်တယ်။

ဖြေ။ ။သူ့ထက်ကြောက်လာပါလိမ့်မယ်ဘုရား။

မေး။ ။ယခုန အိမ်ရှေ့မင်းကို ဧကရာဇ်မင်းရဲ့ စည်းစိမ်နဲ့ နေစမ်းပါဆိုရင် ဒကာကြီး ဘယ့်နှယ်လဲ။

ဖြေ။ ။မအိပ်နိုင်ပါဘူးဘုရား။

မေး။ ။ဧကရာဇ်မင်းရဲ့စည်းစိမ်နှင့်တောင်မှ မအိပ်နိုင်ဘူးဆိုရင် ယခုအိမ်ပြန် သွားရုံနှင့်တော့ ဘယ်နည်းနှင့်မှ အိပ်မှာ မဟုတ်ဘူးထင်တယ်။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။
အေးဒါဖြင့် ဒီပြင်ဟာတွေ ပြောရတာထက် ယခုလိုဆိုရင် စောစော တုန်းကပဲ ပြောပါတော့ဗျာ။

ဖြေ။ ။တင်ပါ့ဘုရားစားပွဲပေါ် ခွေးခြေတင်ထားလိုက်တာနှင့်ပဲ တော်ပါပြီ ဘုရား။

မေး။ ။ဒကာကြီးလို အိပ်ပျော်တဲ့လူရှိသေးသလား။

ဖြေ။ ။ရှိပါလိမ့်မယ်ထင်ပါရဲ့ဘုရား။

ရှိရင်ဒါမျိုးနှင့်မှ တော်မှာပဲဗျ။ တို့ဆီမှာကတော့ ဒီလိုမဟုတ်ဘူး။ ဘယ်လိုတုန်းဆိုတော့ ဘယ်အချိန်ရောက်ရောက်ဒိပြင်တော့ဘာမှလျှောက်မပြော ဘူး။ ယခုလိုပြောရတဲ့ဥစ္စာက မဖြစ်နိုင်လို့ ပြောရတာ။ တို့ကတော့ ဒီလိုမဟုတ် ဘူး။ တို့ဆီရောက်လာရင် ဘာလုပ်ဖို့လာသလဲ။ အားထုတ်ချင်လို့ လာတာဆို ရင် နင်တို့ အားလုံးရပြီးသားတွေပဲ။ အဲဒါ နားလည်လောက်တဲ့ နည်းနှင့် နားလည်အောင် ပြောပြီးသွားကြဟေ့လို့ ဒီလိုလွှတ်လိုက်တာပဲ။ နေရာက လည်း သံဃာများနှင့် ဒကာကြီးတွေအတွက် တစ်နေရာထားတယ်။ ဒကာမ ကြီးတွေအတွက် တစ်နေရာထားတယ်။ သူတို့တစ်ဖွဲ့မှာလည်း အားထုတ်လို တဲ့ဆန္ဒ ပြင်းပြကြတဲ့လူတွေကြီးပဲ။ ဒီတော့ သူတို့က အားထုတ်ဖို့လို့ လာတာ စကားပြောဖို့လာတာမဟုတ်ဘူး။ ဘာသိဘာသာ လျှော့လျှော့ပေါ့ပေါ့နေဖို့ လည်းမဟုတ်ဘူး။ ဒီတော့ တို့ကယခုနကလိုပဲ ပြောပြီးလွှတ်လိုက်တာပဲ။

လျှောက်။ ။ယခုရှိကြတဲ့ ဒကာကြီးတွေ ဒကာမကြီးတွေလည်း တစ်ဝက် တစ်ပျက်တော့ ရောက်နေကြပါတယ်ဘုရား။

အေး တို့သိက ဒကာကြီးတွေ ဒကာမကြီးတွေဆိုရင် ယခုနလိုပဲသွား ဆိုပြီး ဘယ်လိုမှာလိုက်သလဲဆိုရင် အဲဟိုမှာ ထိုင်နေ ကြလိမ့်မယ်။ အဲ့ဒါမသိ အောင်တက်သွား။ မသိအောင်တက်သွားပြီး ဘယ်မှာထိုင်ရမလဲလို့ မေးနေ ရင် တို့က သွားကတည်းက ယခုနဟားဆိုတဲ့နေရာမှာထားပြီးတော့ ပါအောင် ဆောင်ရွက်သွား။ မပြတ်စေနှင့်။ ပြတ်ရင်ပြန်လာခဲ့။ တက်သွားတာလည်း သူများမသိစေနဲ့ ဘာဖြစ်လို့လဲဆိုတော့ ကြမ်းကြမ်းတမ်းတမ်း တက်သွားရင် ဟိုမှာရှိတာတွေက မျက်ကုန်ဦးမှာကိုး။ ဘယ်နေရာထိုင်ရမလဲလို့လည်း မေး မနေနှင့်။ ဟိုမှာ ရဟန်းပျော လူရောရှိတယ်။ ဒီတော့ ငါဘယ်ကထိုင်ရမလဲလို့ ဆိုပြီးတော့ လုပ်မနေနဲ့။ ဟိုင်စရာရှိတဲ့နေရာတွေလိမ့်မယ်။ အဲဒီနေရာမှာ မသိ အောင်ထိုင်။ ဒီအချိန်ကစပြီး ယူက်သွားကတည်းက အိပ်ဖို့မှမဟုတ်ဘဲ ထိုင်ဖို့ လာတာ။ အဲဒါ ဘယ်အချိန်ကျမှ ဆင်းလာသလဲဆိုရင် လင်းပြီဆိုတော့မှဆင်း လာတယ်။

ဒါပေမယ့် အဘိသမာစာရိကဝတ္တဆိုတဲ့ ဝတ်တွေရှိတယ်။ ဒီသီလနှင့် မပြည့်စုံပေမယ့် တောင့်တရည်ရွယ်ချက် မပြီးတာကတော့ အမှန်ကိုး။ အဲဒါ လပ်းလာတဲ့အခါ တံမြက်စည်းလှည်းဖို့၊ အမှိုက်ကျုံးဖို့ ကိုယ်စီကိုယ်ငအသီးသီး **တောင်းနှင့် တံမြက်စည်း**၊ တူးရွင်းနှင့် ဆင်းလာကြတာပဲ။ ဆင်းလာပေမယ့် **ဟိုဟာကတော့ မထားခဲ့**ဘူး။ ထိသိနေတာကိုလည်း မလွှတ်ရဘူး၊ လုပ်ရမယ့်

အလုပ်ပဲ လုပ်ကြတယ်။ အဲဒီလိုလုပ်လို့ တော်တော်ကြာတော့ သူတို့အသီးသီး တွေဟာ ခပ်ပြုံးပြုံးတွေဖြစ်လာတာကိုး။ သူတို့ဟာ အဲဒီလိုအချိန်ကသွား တော့ ဟိုမှာထိုင်နေကြတာကို တွေ့ရတယ်။ အဲဒီမှာ ကိုယ်လည်း ဝင်ပြီးထိုင်ရ တာပဲ။ ကိုယ်တစ်ယောက်တည်းသာ ထိုင်နေမယ်ဆိုရင် ထိနမိဒ္ဓကို မနိုင်သန် သေးလို့ အိပ်ချင်ရင် အိပ်လိုက်မယ်။ ယခုတော့ ကိုယ်တစ်ယောက်တည်းမ ဟုတ်တော့ အိပ်ချင်ပေမယ့် ဘေးနားမှာ ကိုယ်လိုအပ်တဲ့လူမှမရှိဘဲ၊ သူတို့က မအိပ်တော့ သူတို့ရဲ့ဝီရိယဟာ ကိုယ့်ဆီရောက်လာတယ်။ အဲဒီလိုရောက်ပြီး လုပ်မယ်ဆိုလုပ်တာပဲ။ သူတို့ အိပ်ချင်တဲ့အခါကျတော့လည်း ကိုယ်က ဒီလို ထိုင်နေရင် ကိုယ့်ဝီရိယက သူတို့ဆီရောက်တာပဲ။ ဒီတော့ ကိုယ်တစ်ယောက် တည်း လှဲအိပ်ရမှာက အားထုတ်မယ်ဆိုပြီးလာပြီးတော့ စင်းစင်းကြီးအိပ်မယ် ဆိုရင် သူများက မအိပ်ဘဲနှင့်ဆိုပြီး ကိုယ့်ဟာကိုယ် ရှက်နေတယ်။ အဲဒါနဲ့ ကိုယ်လဲမအိပ်ဘဲ ဒီအတိုင်း ထိုင်နေကြရတာပဲဗျာ့။ တို့ဆီမှာကတော့ အဲဒီလို ပဲရောက်လာရင် ဟိုသွားခိုင်းလိုက်တာပဲ။ ဟိုကျတော့ ဘယ်ကတုန်း ဘာတုန်း နှင့်လုပ်မနေဘူး။အားလုံး အားထုတ်နေကြတာပဲ။ အဲဒီမှာ ကိုယ်ကဝင်ပြီး အားထုတ်ရုံပဲ။ အခုကို အချိန်မဖြုန်းဘူး။ စားဖို့သောက်ဖို့မှာပဲ အကုန်လုံး လုံလောက်နေတယ်။ ဘာဖြစ်လို့ လုံလောက်သလဲဆိုရင်....

မေး။ ။စားဖို့သောက်ဖို့ လာခေါ်တောင်မှ လိုက်စားချင်ပါ့မလား။

ဖြေ။ ။မစားချင်ပါဘူးဘုရား။

မေး။ ။သို့သော်လည်း မွတ်သိပ်ဆာလေခင်မှာ စိုးလို့သာလျှင် လိုက်စား ရတယ်။ အဲဒီလိုစားရပေမယ့် ယခုနဟာကို မလွှတ်ဘဲစားရင် မဖြစ် ဘူးလား။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

မေး။ ။အဲဒီလို စားလိုက်တဲ့အခါကျတော့ကော ကောင်းတာ မကောင်းတာ၊ အရသာရှိတာမရှိတာ သိသေးသလား။

ဖြေ။ ။မသိပါဘူးဘုရား။

မေး။ ။ယခု ဒကာကြီးကို အိမ်က သားတွေသမီးတွေ၊ ဒကာမကြီးတို့က ကျွေးရင် ကောင်းလိုက်တာဆိုတဲ့စိတ်နှင့်၊ အဲဒီလိုစားတုန်း သေသွား ရင် ဘယ်ရောက်မလဲ။

ဖြေ။ ။အပါယ်ရောက်မှာပါပဲဘုရား။

မေး။ ။ဥပုသ်စောင့်ရင်း ယခုလို အားထုတ်ရင်း ယခုလိုစားနေမယ်ဆိုရင် အပါယ်ရောက်ပါ့မလား။

ဖြေ။ ။သေသေချာချာ အပါယ်ရောက်မှာပါပဲဘုရား။

မေး။ ။ဟုတ်ကဲ့လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။ လောဘစိတ်နဲ့ကိုး ဘုရား။ အဲ့ဒါ မိုးယိုတာဗျ။ အားထုတ်တော့လည်း ကုသိုလ်ကို အားထုတ်တာပဲ။ ယခုကို အသီပေးရင်လည်း နားလည်တာပဲ။ ထမင်းစားတဲ့ ဥစ္စာကို တချို့က အကုသိုလ်လို့ မထင်ဘူးဗျ။ ယုံလည်းယုံမှာမဟုတ်ဘူးဗျ။ ဒီလိုထမင်းစားတာများ အပါယ်ကျမယ်လို့ ယုံလဲမယုံဘူး။ ကျလိမ့်မယ်လို့လဲ မထင်ဘူး။

မေး။ ။အဲဒီလိုနှင့်များ သေသွားရင် ဘယ့်နှယ်တုန်း။

ဖြေ။ ။အပါယ်ကျမှာပါပဲဘုရား။

မေး။ ။ဒီလို အပါယ်ရောက်သွားတော့ ပြန်လာလို့ရပါ့မလား။

ဖြေ။ ။မရပါဘုရား။

မေး။ ။အဲ့ဒီလိုမရတော့ ငရဲမှာ ပြုံးပြုံးကြီး နေမှာလား။

ဖြေ။ ။မနေပါဘုရား။ တွန့်လိမ်ပြီး ခံနေရမှာပါဘုရား။

မေး။ ။ဒီကျတော့ ဘယ်နှယ်တုန်း၊ မယုံဘူးလို့ ပြောဦးမလား။

ဖြေ။ ။မပြောနိုင်တော့ပါဘုရား။

မေး။ ။အမယ်မင်းရဲ့လေး၊ဟိုတုန်းကလို လုပ်ချင်လှချည့်ရဲ့လို့ တောင်တလို့ကော ရပါ့မလား။

ဖြေ။ ။မရပါဘူးဘုရား။

မေး။ ။အေး-ဒါကြောင့်မို့ စောစောက ယခုလို သတိပေးတဲ့အတိုင်း လုပ်ကြဗျ။ပြီးတော့ ဒကာကြီးကို သားသမီး၊ ဒကာမကြီးတို့က ကောင်းကောင်း မကျွေးပြုန်တော့ကော၊ ဒကာကြီးကလည်း သီလဆောက်တည်ပြီး တရားအားထုတ်လျက်နှင့်ဆိုတော့၊ ငါ့ကို ကောင်းကောင်း မကျွေးဘူးဗျ နှင့် အဲ့ဒီလိုစိတ်ကလေးနှင့် သေသွားရင် ဘယ်ရောက်မလဲ။

ဖြေ။ ။ဒေါသအလျောက် ဒေါသစိတ်နှင့်သေရတာမို့ အပါယ်ကျမှာပါဘုရား။

မေး။ ။ဥပုသ်သည်လား၊ အပါယ်ကျမှာ။

ဖြေ။ ။ဥပုသ်သည်ဖြစ်ပေမယ့် စိတ်က ယခုနလိုဖြစ်ရင် အပါယ်ကျမှာပါပဲ ဘုရား။

မေး။ ။အပါယ်မကျချင်ရင် အပါယ်မရောက်ရအောင် ယခုလို သီလဆောက်တည်ပြီး လုပ်တဲ့ဥစ္စာ ဘာဖြစ်လို့ရသလဲ။

ဖြေ။ ။မျက်စိလည်ကျသွားပါတယ်ဘုရား။

မေး။ ။မျက်စိလည်တာလား၊ ဆင်းသွားတာလား။
ဖြေ။ ။တပည့်တော်တို့က ဆင်းသွားတာပါဘုရား။

မေး။ ။လျော့လျော့ပေါ့ပေါ့နေတော့ ဟိုကမိုးယိုတာဗျ့။ ဒီအပေါ်မှာ ထိုင်နေဦးဆိုတာ မထိုင်ဘဲ လျောချတာ မဟုတ်လားဗျ့။
ဖြေ။ ။လျောချသလိုနေတာပါပဲ ဘုရား။

မေး။ ။အဲဒီလိုလျောချတာ ဒကာကြီးတစ်ယောက်တည်းလား။သူတို့တစ်တွေကော နည်းနည်းမှ လျောမချဘူးလား။
ဖြေ။ ။ဒီကဒကာကြီးတွေ ဒီကာမကြီးတွေကတော့ လျောမချပါဘူးဘုရား။

မေး။ ။ဒကာကြီးကတော့တယ်ချီးမွမ်းပါကလား။ဟုတ်ကောဟုတ်ကဲ့လား။
ဖြေ။ ။ယခုရှိတဲ့ ဒကာကြီးတွေကလည်း လျောချတာပါပဲဘုရား။ (အခြားတရားနာပရိသတ်များက လျောက်ကြသည်။)

ဘယ့်နှယ်ဗျာ၊ ဒီကဒကာကြီးက ချီးမွမ်းတုန်းမှာ သူတို့က တိတ်တိတ်ကလေးပဲ နေကြပါတော့ဗျာ။ သူ့မှာ အဖော်ရလို့ အားရှိသွားပါဦးမယ်။ ငါတစ်ယောက်တည်းဆိုတော့ မဖြစ်ဘူးဆိုပြီး လုပ်စမ်းပါစေဦးတော့ဗျာ။ သူတို့ကများ တိတ်တိတ်မိအောင် လုပ်ကြရောပေါ့ဗျာ။အေး....အဲဒါတည့်တည့်ပါပဲဗျာ။ သူများက ချီးမွမ်းလိုက်ကြမှာ တော်ပါပေ့ဗျာ။

မေး။ ။အဲဒါကို ကိုယ်ကတော်ပါပေ့လို့ ကိုယ့်ကိုယ်ကို ဆိုရသေးသလား။
ဖြေ။ ။မဆိုရပါဘူးဘုရား။
မေး။ ။စိတ်ကောအေးရဲ့လား။
ဖြေ။ ။စိတ်မအေးရပါဘုရား။

အေး ယခုနလို အေးအေးကြီးမနေနှင့်ဗျာ။ ပြင်းပြင်းထန်ထန် လုပ်ကြဗျ့။ အဲဒီလိုလုပ်ရင် နေရာကျမှာပါပဲဗျ့။ အားလုံးတို့ကတော့ ယခုလိုလုပ်နေတာကို တော်ပေတယ်လို့ ချီးမွမ်းကြတယ် ပြောကြတယ်။

မေး။ ။အဲဒီလို အပြောခံရတဲ့လူကကော ကိုယ်ဘယ်သွားမယ်လို့ သေသေချာချာ ပြောတတ်ရဲ့လား။
ဖြေ။ ။မပြောတတ်ပါဘုရား။
မေး။ ။ဘယ်ပြောတတ်မလဲ လုပ်မှုမလုပ်ပဲကိုး။ ဒကာကြီးကကော ဘယ်သွားမလဲ။
ဖြေ။ ။တပည့်တော်ကတော့ အပါယ်ရောက်ဖို့ သေချာပါတယ်ဘုရား။
မေး။ ။ရောက်ကော ရောက်ချင်သလား။

ဖြေ။ ။မရောက်ချင်ပါဘူးဘုရား။

မေး။ ။မရောက်ချင်ဘဲ ဘာကြောင့် အပါယ်ကို ပြောရသလဲ'

ဖြေ။ ။သတိက လွတ်လွတ်သွားလို့ပါဘုရား။

မေး။ ။လွတ်တာက အဟုတ်လုပ်လို့ လွတ်တာလား၊ အဟုတ် မလုပ်လို့ လွတ်တာလား။

ဖြေ။ ။အဟုတ်မလုပ်လို့ပါဘုရား။
သေသေချာချာအဟုတ်လုပ်ရင် ကိုယ်ဘယ်ရောက်မယ်ဆိုတာ ပြောတတ်မှာပါပဲ။ အဟုတ်ပြောတတ်ပါတယ်။ ဒီနေရာမှာ ဒီလိုပြောကြပါစို့။

မေး။ ။တကာကြီး ထမင်းစားဖို့ရာ ချက်တယ်မဟုတ်လား။ ထမင်းစားဖို့ရာ ချက်တော့ ဘယ်ဟာတွေနဲ့ ချက်သလဲ။

ဖြေ။ ။ဟင်းချို၊ လက်သုပ်၊ ငါးဟင်းတို့ပါဘုရား။

မေး။ ။ချက်ပြီးပြီလား။

ဖြေ။ ။ချက်ပြီးပါပြီဘုရား။

မေး။ ။အဲဒါဘာလဲ၊ အဲဒါချက်ပြီးသားမဟုတ်လား။

ဖြေ။ ။ချက်ပြီးသားပါဘုရား။

မေး။ ။ခုနပြောတာ ဘာဟင်းတွေတဲ့ဗျာ။

ဖြေ။ ။ဟင်းချို၊ ငါးဟင်း၊ ပန်းကျည်းရွက်လက်သုပ်၊ တို့စရာတွေပါဘုရား။

မေး။ ။ဘယ်နှစ်ခွက်လဲ။

ဖြေ။ ။ငါးခွက်၊ ခြောက်ခွက် ရှိပါတယ်ဘုရား။

မေး။ ။အဲဒါ ချက်ပြီးသား မဟုတ်လား။

ဖြေ။ ။ချက်ပြီးသားပါဘုရား။

မေး။ ။အဲဒီလို ချက်ပြီးတော့ တော်တော်ကြာ ထမင်းစားမယ် ဆိုပြီးတော့ စားတယ်မဟုတ်လား၊ စားတဲ့အခါတော့ကော ခုနပြောတဲ့ ငါးဟင်းလည်း စားတယ်၊ ဟင်းချိုလဲသောက်တယ်၊ ငါးပိနဲ့ တို့စရာကိုလည်း စားလိုက်ကြတာ သေသေချာချာ မဟုတ်လား။

ဖြေ။ ။သေသေချာချာ စားပါတယ်ဘုရား။

မေး။ ။အေး၊ အဲဒါကို ချက်ပြီးသားမို့ ဒီလိုစားနိုင်တာ။ မချက်ရသေးတဲ့ ဒကာကြီးတွေ၊ ဒကာမကြီးတွေတော့ တော်တော်ကြာ စားမယ်ဆိုရင် ဘာနှင့်စားမလဲ။

ဖြေ။ ။သူတို့မစားနိုင်ပါဘူးဘုရား။

မေး။ ။ဘာကြောင့်လဲ။

ဖြေ။ ။သူတို့ချက်မှမချက်ရသေးဘဲကိုးဘုရား။

ဟုတ်တယ် သူတို့မှာ ချက်ပြီးသား မရှိသေးဘူးဗျ။ ဒီတော့ ဘာနှင့် စားရမှန်းတောင် မသိသေးဘူးဗျ။ ယခုလည်းပဲ ဝီရိယကို ထူထောင်ပြီးတော့ ကိုယ်အလိုရှိသလိုပြုထားကြ။ ပြုထားကြလို့ ရှိရင်လည်း အဲဒါချက်ပြီးသား ထမင်းအသင့်ရှိတာပဲ။ အဲဒီလို ချက်ပြီးသားထမင်း ရှိတဲ့အခါမှ သူသိနေပြီ။ စားမယ်ထမင်းကိုဘာနှင့်စားမယ်ဆိုတာ ချက်ကတည်းကိုက ငါဟာဒါတွေ ဒါတွေနှင့် ဆိုပြီး ဒါတွေကိုပဲ ချက်တယ် မဟုတ်လား။ စားတဲ့အခါ ဒါနှင့်ပဲ ချက်ပြီးစားတယ် မဟုတ်လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

အခုလည်းပဲ ဘယ်လိုတုန်းဆိုရင် မှတ်သိပ်ဆာလောင်ကြတယ်။ ဘယ်လို မှတ်သိပ်ဆာလောင်ကြသလဲဆိုရင် ချမ်းသာကို မှတ်သိပ်ဆာလောင်ကြတယ်။ ဒါတွေကလည်း သိပြီးသားတွေပါပဲ။ အဲဒီတော့ ကိုယ်နှစ်သက်တဲ့ ဗောဓိနှင့် နိဗ္ဗာန်ကိုစံဝင်ရလိုပါ၏လို့ ဆိုပြီး လုပ်တာဟာ အဲဒါ ထမင်းချက်ပြီးသားနှင့် တူတယ်။ ကိုယ်ချက်တာဟာချက်။ အဆင်သင့်အောင် ချက်ထား။ အဲဒီလို အဆင်သင့်အောင် ထမင်းချက်ပြီးသားနှင့် တူပါတယ်ဗျ။ အဲဒါ စားချင်တဲ့ အခါမှာ စားရုံပဲ ရှိတာပဲ။ လွယ်လိုက်တာဗျာ။

ဖြေ။ ။ဘုရားဆိုဆုံးမတဲ့အဆုံးအမရတော့ တပည့်တော်က ပကတိ သာဝက ဗောဓိလောက်ပဲ ဆုတောင်းပါတယ် ဘုရား။

မေး။ ။အေးဗျာ ကိုယ်ချက်ချင်တာသာချက်ဗျ။ စားလို့ရပြီးတာပဲ။ ဒကာကြီးက ချက်ပြီးသားရှိတော့ ဟိုအချိန် စားရင်ကော ဘယ့်နှယ်လဲ။

ဖြေ။ ။ရပါတယ်ဘုရား။

မေး။ ။ဒီအချိန်စားရင်ကော။

ဖြေ။ ။ရပါတယ်ဘုရား။

မေး။ ။ထမင်းချက်ပြီးသားရှိရင် ဘယ်အချိန်စားစား ရတယ်မဟုတ်လား။

ဖြေ။ ။စားရပါတယ်ဘုရား။

မေး။ ။အေး၊ ဒါဖြင့် တခြားဘာမှမေးမနေနဲ့ ချက်မှာသာချက်ဟုတ်လား။

ဖြေ။ ။သို့သော်လည်းပဲ တပည့်တော်မှာ ဝီရိယ လိုနေပါတယ်ဘုရား။

မေး။ ။ဝီရိယဆိုတာလည်း တိုးလိုက်ရုံပဲ ရှိတာပဲ မဟုတ်လား။ ဟုတ်ကဲ့လားဗျာ့။
ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

မေး။ ။အဲဒါ ခက်သလား။
ဖြေ။ ။မခက်ပါဘုရား။

အေး၊ ရှေးအရှင်တွေများ မမြင်ဘူးလား။ ဘုရားပွင့်တော်မူပါတယ်ဆိုရင် ဘုရားထံမှောက်ရောက်၊ အဲဒီလိုရောက်တဲ့အခါ ဘုရား အဆုံးအမကိုရ။ အဲဒီလိုရပြီး လိုက်နာကြတော့ ကိုယ်လိုချင်တဲ့ တောင့်တရည်ရွယ်ချက်တွေ အပြီးအဆုံးတိုင်အောင် ရကြတယ် မဟုတ်လား။ (ရပါတယ် ဘုရား)။

မေး။ ။ဒါတွေကလည်း အားလုံးတို့ဟာ သိပြီးသားပေါ့ပဲ။ ကဲ ယခု ယူမယ်ဆိုရင်ကော ဘယ့်နှယ်လဲ။ မရဘူးလား။
ဖြေ။ ။ရနိုင်ပါတယ်ဘုရား။ ဒါပေမယ့်တချို့ကတော့လည်း ပါရမီမရှိဘဲနှင့်ဘယ်ရနိုင်မလဲ။ တိဟိတ်ပုဂ္ဂိုလ်မှရတယ်။ တပည့်တော်တို့က ပါရမီလဲမရှိ။ တိဟိတ်ပုဂ္ဂိုလ်မဟုတ်သည့်အတွက် ခင်ဗျားတို့ ဘယ်ရမလဲလို့အပြောခံရပါတယ်ဘုရား။

နို့ ကိုယ်လိုချင်လို့လုပ်ရင် ဖြစ်တာပဲ မဟုတ်လား။ ဒကာကြီးတွေလူ့ပြည်မှာ တစ်မြို့နက်တည်း ရောက်လာတော့ အဲဒါ ကုသိုလ်ချည်းပဲ။ အဲဒီအထဲမှာ ငါတော့ ရှင်ဘုရင်လုပ်ရမှလို့ အဟုတ်ကိုရှင်ဘုရင်ဖြစ်ချင်တဲ့လူတွေရှိတယ်။ သူကတော့ ရှင်ဘုရင် လုပ်မယ်ဆို။ ရှင်ဘုရင် ဝီရိယထားရင်မဖြစ်ဘူးလား။ သူက အစကတည်းကိုက ရှင်ဘုရင်လုပ်ချင်လာတာ။

မေး။ ။အဲဒီလို မဖြစ်ဘူးလား။
ဖြေ။ ။ဖြစ်ပါတယ် ဘုရား။

မေး။ ။တချို့ကလဲ ငါတော့ သူဌေး ဖြစ်ချင်တယ်။ သူဌေးလုပ်မယ်လို့မှန်းတဲ့လူ မရှိဘူးလား။ မှန်းတဲ့အတိုင်း သူဌေးဖြစ်လောက်အောင်ဝီရိယနှင့်လုပ်တော့ သူဌေး မဖြစ်ဘူးလား။
ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

မေး။ ။တချို့ကတော့ မလုပ်ချင်ပါဘူး၊ ဒါပေမယ့် သူ့မှာ မှန်းထားတာကလေးတွေတော့ ရှိတယ်၊ ဒီမှန်းထားတဲ့အတိုင်း အဟုတ်ဖြစ်အောင်မလုပ်ဘူးလား။
ဖြေ။ ။လုပ်ပါတယ်ဘုရား။

မေး။ ။လုပ်တဲ့အတိုင်းကော ဖြစ်ကြတာပဲ မဟုတ်လား။
ဖြေ။ ။ဖြစ်ကြပါတယ်ဘုရား။

မေး။ ။ဒီအတိုင်းပါပဲဗျာ။ ကိုယ်လုပ်သလို ဖြစ်တာပဲဗျ။ ကုသိုလ်က မြှောက်တင်လိုက်ပြီ။ ကြားကြရဲ့လား။ ဘယ်လိုတုန်းဆိုတော့ အဝတ်တွေရှိတယ်မဟုတ်လား။ ဒကာကြီး ဘာအရောင်ကြိုက်သလဲ။
ဖြေ။ ။တပည့်တော် အဖြူကြိုက်လို့ အဖြူဝတ်လာပါတယ်ဘုရား။

မေး။ ။ကိုယ်ဝတ်ချင်တာ မဖြစ်ဘူးလား။
ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

မေး။ ။ဒိပြင်လူတွေကကော ကိုယ်ကြိုက်တာကိုယ်ဝတ်ကြတာပဲမဟုတ်လား။
ဖြေ။ ။တင်ပါ့ဘုရား။

မေး။ ။ဒကာကြီးကို ဘယ်ဟာလှပါတယ်၊ အဲဒါကို ဝတ်သွားစမ်းပါဆိုရင် ဒကာကြီး ဝတ်မလား။ ဘာပဲဖြစ်ဖြစ် ဒါပဲကောင်းမှာပဲလို့ လုပ်မှာဗျ။ (တင်ပါ့ဘုရား)။ အေး ဒါဖြင့်ကောင်းပြီ။ ကိုယ်ကြိုက်တာသာ ဝတ်ကြဗျ။ ရှိတော့ရှိပြီးသားချည်းပဲ မဟုတ်လား။ ပွဲသွားမယ်ဆိုရင် ကိုယ်ကြိုက်တာသာ ဝတ်ပြီးသွားကြပါဗျာ။ ပွဲရောက်ပြီးတာပဲ မဟုတ်လား။ (တင်ပါ့ဘုရား)။

မေး။ ။ကြိုက်တာရှိရင် ဖြစ်အောင်လုပ်ကြ ဖြစ်မှာပဲ။ မှန်းထားတဲ့အတိုင်း ဖြစ်မှာ မဟုတ်လား။
ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

မေး။ ။အဲဒါက ဘာနှင့်ပေးဝယ်မလဲ။
ဖြေ။ ။ဘာနှင့်မှ ပေးမဝယ်ရပါဘုရား။ အဝတ်ကတော့ ပိုက်ဆံပေးဝယ်ရပါတယ်ဘုရား။

ယခုလည်း ဘယ့်နှယ်တုန်းဆိုတော့ ကိုယ်ကြိုက်တဲ့ဥစ္စာကို ဝီရိယတွေနှင့် ထူထောင်ပြီး ယူလိုက်ကြ။ ဝီရိယ ပိုက်ဆံနှင့် ပေးဝယ်ရင် ရတာပေါ့ဗျာ။ ဘာကြိုက်ကြိုက် အဲဒါနှင့်ဝယ်ဗျ။ ရပါတယ်ဗျ။

မေး။ ။ဒါတော့ မရှိဘူးလား။
ဖြေ။ ။ဝီရိယတော့ ရှိပါတယ်ဘုရား။

မေး။ ။မရှိရင် ယူသုံးပါ့ဗျာ။ ပြန်မပေးပါနှင့်။ မဟုတ်လား။
ဖြေ။ ။ဒါဖြင့် အရှင်ဘုရားဆီက ရွှေဒင်္ဂါးတည်းဟူသော ဝီရိယနှင့်ယူသွားမှ ထင်ပါရဲ့ဘုရား။

ယူသွားပါဗျာ။ ဘယ်လောက်ယူယူ ပြန်မပေးပါနှင့်။ အေး၊ ဒါကြောင့်မို့ ဘုရားရှေ့လက်ထက်တော်က ရှေးအရှင်တွေဟာ ကိုယ်နှစ်သက်တာတွေကို ဝီရိယတွေနှင့် ထူထောင်ပြီး ယူလိုက်ကြတာ အချိန်တိုင်း အချိန်တိုင်းမှာတင်ပဲ လိုချင်တာတွေ ပြီးစီးအောင်မြင်သွားကြတာဟာ အချိန်တစ်ခုမှာတင်ပဲ မရေမတွက်နိုင်ပါဘူးဗျာ။ အဲဒီလို အသိးသီးရကြတယ်။

မေး။ ။အဲဒီလို ရကြတာဟာ ဘယ်နှယ်တုန်းဗျ၊ ရေတွက်နိုင်မလား။
ဖြေ။ ။မရေတွက်နိုင်ပါဘုရား။

မေး။ ။ယခုတော့ ဒီလိုယူရင် မရဘူးလား။
ဖြေ။ ။ရပါတယ်ဘုရား။

အေး၊ အဲဒါကြောင့်မို့ ယခုလည်းပဲ ရှေးအရှင်တွေကဲ့သို့ တောင့်တရည်ရွယ်ချက် အသီးသီးပြီးသလို ကိုယ်မှန်းထားချက်တွေ ပြီးအောင်ဟာ ဓိလိုဝီရိယတွေနှင့် ထူထောင်ပြီးတော့ ကြိုးစားကြ။ အားထုတ်ကြဗျား။

# သည်းခံလျှင် လိုသောဆု ပြည့်မည်

"သည်းခံခြင်း ဆိုတာက နေရာတိုင်းမှာ၊ ပစ္စုပ္ပန်သံသရာ နှစ်ဖြာ၊ နေရာတိုင်းမှာ နေရာကျတာဗျ။ အခုလည်း ချမ်းသာ ချင်ရင် သည်ဟာလုပ်ကြ၊ နောင် ချမ်းသာချင်ရင်လည်း သည် ဟာလုပ်ကြ။ အခု လောကကြီးမှာလည်း ဘာပြီးချင်သလဲ၊ ဘာလုပ်ချင်သလဲ။ လုပ်ချင်ရင် သည်ဟာကိုပဲ သည်းခံခြင်းကိုပဲ လုပ်။ နောင်သံသရာမှာ ပြီးချင်ရင် ဒါကိုပဲလုပ်ကြ"

(၁၉၅၅ ခမေလ ၁၀ရက်နေ့ည ၇နာရီခွဲတွင် ရန်ကုန်တက္ကသိုလ် ဓမ္မာရုံ၌ ဟောကြားတော်မူသော တရားတော်မှာ မြတ်စွာဘုရား၏ အဆုံးအမပေါင်းများစွာသည် ဆင်းရဲမှလွတ်မှု တစ်ခုတည်းသာ ဖြစ် သည်။ ဘုရားအဆုံးအမတွေကို မှတ်သားပြီး ရှေးအရှင်တော့ လိုက်နာ သဖြင့် ချမ်းသာသုခရကြသည်။ ယခုဘာ ကောင်းတန်းမှာ ဝီရိယ ထူထောင်ပြီး ကျင့်ကြံအားထုတ်လျှင် ရှေးအရှင်များကဲ့သို့ ချမ်းသာ သုခရကြမည်။ကျင့်ကြံအားထုတ်ရာမှာ အရာရာကိုသည်းခံနိုင်မှ ပေါက် မြောက်မည်ဖြစ်ကြောင်း၊ ဘူရိဒတ်နဂါးမင်းနှင့် အလမ္ဗာယ် ဆရာကို လည်းကောင်း၊ သိကြားမင်းနှင့် အသူရာမင်းကြီးကို လည်းကောင်း နှိုင်းယှဉ်၍ ပုံပြဟောတော်မူသည်။)

ဝေဘူဆရာတော်အရှင်မြတ်သည် ပထမ ရှေးဦးစွာ ရှစ်ပါးသီလပေးပြီး နောက် တစ်ဘက်ပါအတိုင်း တရားတော်ကို ချီးမြှင့်ပါသည်။

[တရားနာခံအဖြစ် ဦးလှကဆောင်ရွက်ပါသည်]

သီလကိုဆောက်တည်လို့ပြီးကြပြီ။ ဆောက်တည်ပြီးရင် ပြည့်စုံအောင် ဖြည့်ကြ၊ ကျင့်ကြ။ ဖြည့်ကျင့်လို့ ပြည့်စုံပြီဆိုမှဖြင့် စိတ်နှလုံးအလို တောင့်တရည်ရွယ်ချက်တို့ဟာ အသီးသီးပြီးစီးအောင်မြင်ကြရော။ ထိုသို့ဖြစ်သောကြောင့် ပစ္စုပ္ပန်သံသရာနှစ်ဖြာ တောင့်တရည်ရွယ်ချက် အသီးသီးတို့ကို ပြီးစီးခြင်းငှာ အလိုရှိပါတဲ့ သူတော်ကောင်း အစားစားတို့သည် ပစ္စုပ္ပန် သံသရာ နှစ်ဖြာ တောင့်တရည်ရွယ်ချက်အသီးသီးတို့ကို ပြီးစီးနိုင်ပါတယ်။ သည်လို ကြိုးစားပြီး တော့ ဖြည့်ကြ၊ ကျင့်ကြ။ သီလဲ့တည်ပြီးတော့ပြုရတဲ့ကုသိုလ်ပုည သမ္ဘာရအစုစုတွင် အလိုရှိတဲ့အတိုင်းဟာ ကေန္တဆိုက်အောင်၊ ရောက်အောင်ဆောင်တော့၊ ပို့တော့တာပဲဗျာ။ ဒါကြောင့် သီလဲ့တည်ပြီးတော့ ကောင်းမွန်စွာ စီမံပြီးလျှင် သူတကာကို မစေမပန်မခိုင်းဘဲနှင့် ကိုယ်ပိုင်ကိုယ်တိုင် အလှူခံကို ရှိသေလို့၊ အလှူဝတ္ထုကိုရှိသေလို့၊ စိတ်ကို ဖြောင့်မတ်စွာထားပြီးတော့ အတုအတူမရှိပါတဲ့ ဘုရားရှင်သာသနာကို ကိုယ်ပိုင်ကိုယ်တိုင် ဆည်းကပ်လှူဒါန်းပြီး ကိုယ်နှစ်သက်တဲ့ ဗောဓိဆုနှင့်နိဗ္ဗာန်ကို စံဝင်ရပါလို၏လို့ အဲသည်လို ဆုယူ ဆုတောင်းကြရတယ်။

## ဘဝကောင်း

ဗောဓိဆိုတာ သစ္စာလေးပါးကို ထိုးထွင်းပြီး သိတာ မြင်တာကို ဗောဓိလို့ခေါ်တယ်။ ဗောဓိသည် သမ္မာသမ္ဗုဒ္ဓဗောဓိ၊ ပစ္စေကဗောဓိ၊ သာဝက ဗောဓိ၊ သာဝကတွင်မှ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကရယ်လို့ အသီးသီးရှိတယ်။ တေဒဂ်ရာထူးဌာနန္တရမှာလည်း ကိုယ်နှစ်သက်တဲ့ တေဒဂ် ရာထူးဌာနန္တရနှင့် နိဗ္ဗာန်ကို စံဝင်ရပါလို၏။ အဲသည်လို ဆုယူ ဆုတောင်းကြ။ တောင့်တတဲ့အတိုင်း ပြီးစီးအောင်မြင်ကြလို့ နိဗ္ဗာန်ကို စံဝင်ကြသွားတော်မူကြပါတဲ့ သူတော်ကောင်း အစားစားတို့ဟာ ရေတွက်ခြင်းငှာ မစွမ်းနိုင်အောင် များပြားပါတယ်ဗျာ။ ဘာကြောင့် စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း အကြွင်းအကျန်မရှိ ပြီးစီးကြပါသလဲဆိုရင် အခါကောင်းလို့၊ ဘဝကောင်း လို့၊ ဝီရိယကောင်းကြသည်ဖြစ်သောကြောင့် ဤကဲ့သို့ ပြီးစီးအောင်မြင်ကြ တယ်။ ဘုရားပွင့်တော်မူတဲ့အခါ ဘုရားသာသနာရှိတဲ့အခါဟာ အခါကောင်း မည်တယ်။ လူ့ဘဝ နတ်ဘဝ ဤကဲ့သို့ သုဂတိကို ရကြတာဟာ ဘဝကောင်း မည်တယ်။

ကိုယ် လိုအပ် မှန်းထားတဲ့ ဗောဓိအသီးသီးတို့ ပြီးစီးအောင်မြင်အောင် ဟာ ဝီရိယထူထောင်ပြီးတော့ ရှေးအရှင် သူတော်ကောင်းများတို့ဟာ ဖြည့်ကြ ကျင့်ကြတယ်။ ဤကဲ့သို့ဖြည့်ကျင့်တာဟာ ဝီရိယကောင်းတယ်မည်တယ်။ အခါ

ကောင်းတာ၊ ဘဝကောင်းတာကိုသိပြီးတော့ လိုအပ်တဲ့ တောင့်တချက် ပြီး အောင်ဟာ ဝီရိယထူထောင်ပြီးတော့ ယူကြတဲ့ သူတော်ကောင်း အစားအစား တို့ဟာ အခုလို ပြီးစီးအောင်မြင်ကြတာဗျ။

## တစ်ဘဝစာ မဟုတ်

ဘုရားရှေ့လက်ထက်တော်က ဘုရားပွင့်တော်မူတဲ့အခါ၊ ဘုရားသာသနာ ရှိတဲ့အခါဖြစ်တော့ မြင့်မြတ်တဲ့အချိန်အခါဘဝကို ရကြပြီဆိုပြီးတော့ ဘုရားထံ မှောက်သို့ အစဉ်အတိုင်း များစွာသောလူနတ်ဗြဟ္မာတို့ ရောက်လာကြတယ်။ ဘုရားရှင်ရဲ့ အသရေတော်ကို မျက်မှောက်အားဖြင့် ကြည်ညိုကြတဲ့အခါမှာ ဘယ် လူ ဘယ်နတ် ဘယ်ဗြဟ္မာမှ အားမရ မရောင့်ရဲနိုင်ကြဘူးတဲ့ဗျ။ စိတ်အားဖြင့် ကြည်ညိုပြီးတော့ နှစ်သက်ဖွယ်ဖြစ်တဲ့ ပူဇော်မှုတို့နှင့် အသီးသီး မြတ်နိုးပူဇော် ခြင်းကို ပြုကြတယ်။ အတုအတူ မရှိပါတဲ့ ဘုရားရှင်သည် ကိုယ်တော်တိုင် ထိုး ထွင်းပြီး သိပါတဲ့အတိုင်း သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် သိစေတော်မူတယ်။ ဤကဲ့သို့ သိစေတော်မူသဖြင့် ဘုရားဆုံးမတဲ့ အဆုံးအမကို ရသည့်အချိန်ကစပြီး တော့ မချတဲ့ဝီရိယနှင့် ထူထောင်ပြီး ဣရိယာပုထ်လေးဖြာမှာ တစ်ဆက်တည်းပါ အောင်ဟာ ယူကြတော့တာပါပဲဗျ။ အဲသည်လို ယူကြတဲ့အခါကျပြီဆိုတော့ အခါမလင့် ချမ်းသာသုခတွေဟာ ဆိုက်ရောက်လာလို့မို့ စိတ်နှလုံး အလို အတိုင်း ပြီးကြတယ်။ ပြီးကြပြီဆိုတော့ ဝမ်းမြောက်ကြရတယ်။ ဘယ်လို ဝမ်း မြောက်ကြရပါသလဲဆိုတော့ တစ်ခဏစာ တစ်ဘဝစာ မဟုတ်ဘူး။ သံသရာ တစ်လျှောက်လုံးအတွက် လုံလောက်ပြီလို့ အဲသည်လိုဝမ်းမြောက်ကြရပါတယ်။

သည်တော့ အဲဒါတွေဟာ ဘယ်လောက်များများ ပါသလဲဆိုတော့ ဘုရားပွင့်တော်မူတဲ့အချိန်ကစပြီး ဆက်ကာဆက်ကာ များစွာသော လူနတ် ဗြဟ္မာတို့ဟာ အချိန်တိုင်း၌ လိုအပ်တဲ့ တောင့်တချက်တွေကို ယူကြတယ်။ ယူကြတဲ့ လူနတ်ဗြဟ္မာတို့ဟာ အသီးသီး တစ်ဆက်တည်း တသီတတန်းကြီးဗျာ။ တစ်ခါတည်း စိတ်နှလုံးအလို ပြီးကြတာပဲတဲ့ဗျာ။ ဒါဟာ တို့ဘုရား ရှေ့လက် ထက်တော်ကသာလားဆိုတော့ မဟုတ်သေးဘူး။ ဘုရားရှင် ပရိနိဗ္ဗာန်စံကြပြီး တဲ့နောက် ဘုရားဆုံးမတဲ့ အဆုံးအမကို ကောင်းမွန်စွာမှတ်သားပြီးတော့ လိုက် နာကြပါတဲ့ များစွာသော လူနတ်ဗြဟ္မာတို့ဟာ ထပ်တူညီမျှ လုံ့လဝီရိယ စိုက်ကြသည်ဖြစ်သောကြောင့် အချိန်တိုင်း အချိန်တိုင်းမှာပင်လျှင်ပဲ အစီး အပွားတွေဟာ များကြပါတယ်။ ဘယ်လောက်များပါသတုန်းဆိုတော့ မရေ မတွက်နိုင်အောင် များပါသတဲ့ဗျ။

## မေတ္တာမိုးရွာ

သည်တော့ ဘုရားရှင်ဆုံးမတဲ့ အဆုံးအမတွေဟာ ဘယ်ဒင်း ဘာဒင်း တွေလဲလို့ဆိုရင် အားလုံးသောဒကာကြီး ဒကာမကြီးတွေသည် ပေတ္တာရှင် ကရု

ဏာရှင်ဖြစ်ပါတဲ့ သံဃာတော်ကောင်း အရှင်ကောင်းတို့က မေတ္တာတည်းဟူသော မိုးရေပြီးသကာလ သုံးဖြာသော ပိဋကတ်တို့ကို အစဉ်အားဖြင့် သနားပြီးတော့ ပို့ချလို့ ဟောလို့ပြောလို့ သွန်သင်ဆုံးမပြီးတော့ အခါအခွင့် ရတိုင်းရတိုင်း ဤကဲ့သို့ ချီးမြှောက်တော်မူကြတယ်။ ချီးမြှောက်တော်မူကြသည် ဖြစ်သောကြောင့် အားလုံးသောဒကာကြီး ဒကာမကြီးတွေဟာ ဘုရားဆုံးမတဲ့ အဆုံးအမဖြစ်တဲ့ သုံးဖြာသော ပိဋကတ်တို့ကို ကိုယ်နှင့်တန်သလိုကတော့ သွက်လက်ဖျတ်လတ်ပြီး ကျွမ်းနှီးလိမ်မာ သိရှိနားလည်ပြီးသားရှိကြပါတယ်။အေး-အဲသည် ဘုရားဆုံးမပါတဲ့ အဆုံးအမတွေဟာ သာသနာခေါ်တယ်။ ဘုရားရှင်ဆုံးမတဲ့ အဆုံးအမတော်တွေဟာ ဘယ်လောက် များပါသတုန်းလို့ဆိုရှင် မမှတ်မိအောင်ကိုပဲ များပြားပါတယ်။ ဒီတော့ သည်လိုများပြီး နေပင်နေငြားသော်လည်း အားလုံး ဘုရားရှင်ဆုံးမပါတဲ့ အဆုံးအမသည် ဘယ်ဒင်းတုန်းဆိုတော့ စင်စစ်မှာ ဆင်းရဲမှ လွတ်မှုတစ်ခုတည်းပါပဲဗျာ။ သည်တော့ ဤကဲ့သို့ ဘုရားဆုံးမပါတဲ့ အဆုံးအမတော်တို့ကို မှတ်သားပြီး ရှေးအရှင်တွေဟာ လိုက်နာလို့ ချမ်းသာသုခတွေရကြတယ်။ အခုကောဆိုတော့၊ အခုလည်း ကိုယ်မှတ်ပြီး ထားတာတွေက များများကြီးရှိတယ်။ အဲသည် များများကြီးထဲက အကုန်လုံး မဟုတ်ပါဘူး။ ကိုယ်မှတ်ထားတဲ့အထဲက ကိုယ်အနှစ်သက်ဆုံး သဘောအကျဆုံးဟာရှိတယ်။ ဘုရားဆုံးမတာတွေဟာ တူတယ်ဆိုပေမယ့် စိတ်က သည်လိုရှိဦးမှာဗျာ့။

အဲသည်လို ကိုယ်နှစ်သက်ရာ ဘုရားဆုံးမတဲ့ အဆုံးအမ မှန်မှန်တစ်ခုကို မချွတ်ချော် မတိမ်းပါးရအောင် မှတ်သားပြီးပြီဆိုတော့ ဝီရိယသန်သန်နှင့် ရှေးအရှင်တို့ရဲ့ ဝီရိယကို အမှီအညီ ငါတော့ဖြင့် ထူထောင်မယ်လို့။ ဘာကြောင့်လဲဆိုရင် မှန်းထားတဲ့ မှန်းထားချက်နှင့် ပြီးချင်လို့ ဆိုက်ချင်လို့ဗျာ။ အဲသည်လို ထားတဲ့အခါကျတော့ ထိုထို ထိုထိုတစ်ပါးအာရုံတွေ မသွားရအောင် ဝီရိယထူထောင်ပြီးတော့ စိုက်စိုက်စူးစူးထားရမယ့်နေရာမှာ ထားရင်နေမယ်။

မေး။ ။အဲသည်လိုနေတဲ့ အချိန်အခါကျတော့ ကိုယ်ဆင်းရဲကို ဖြစ်စေတတ်ပါတဲ့ လောဘဟာ ရှိပါဦးမလား။ (မရှိပါဘုရား)။

မေး။ ။ဒေါသကော။ (မရှိပါဘုရား)။

မေး။ ။မောဟကော။ (မရှိပါဘုရား)။

မေး။ ။အဲသည်အချိန်မှာ ဘယ်နှယ်တုန်းဗျ။ စိုးရိမ်ကြောင့်ကြ ပူပန်ရမှုဟာ ရှိပါဦးမလား။ (မရှိပါဘုရား)။

မေး။ ။စိုးရိမ်ကြောင့်ကြပူပန်ရမှု မရှိဘူးဆိုတော့ ဘယ့်နှယ်လဲ။

ဖြေ။ ။ချမ်းသာပါတယ်ဘုရား။

ခမေး။ ။ဒါဖြင့် စိုးရိမ်ကြောင့်ကြ ပူပန်ရမှုဟာ ဘာလဲ။

ခဖြေ။ ။ဆင်းရဲပါဘုရား။

ခမေး။ ။သည်တော့ ဘုရားရှင်ဆုံးမတဲ့ အဆုံးအမတွေကို ကောင်းမွန်စွာမှတ်သားပြီး ဖြည့်ကျင့်တယ်၊ ဆည်းကပ်တယ်၊ ကိုးကွယ်တယ်၊ ဆိုရင် ဒါဟာ ပစ္စုပ္ပန် ဆင်းရဲ၊ သံသရာဆင်းရဲက ထုတ်နုတ်ပြီး ဆောင်တာ မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား)

## ဝိရိယထူထောင်

သည်လို ပစ္စုပ္ပန်ဆင်းရဲ သံသရာဆင်းရဲက ထုတ်နုတ်ပြီး ဆောင်တယ်ဆိုတာကတော့ ကျေကျေပွန်ပွန်ကြီးကို ငယ်ငယ်ကတည်းက မေတ္တာရှင် ကရုဏာရှင်တွေက အစဉ်သနားပြီး ဆုံးမညွှန်ကြားထားတာဖြစ်လို့ နားလည်လိုက်တာကတော့ ပြောလို့မကုန်နိုင်အောင် ဖြစ်ပါတယ်။ အဲဒါဘာလဲဆိုရင် ပြောထားတာကိုမှတ်ထားပြီး ပြောတတ်ထာ၊ ဟောတတ်ထာ၊ ကိုယ်မှာ ဒီလိုသိတာဗျ။ အဲဒီလိုသိတဲ့ အတိုင်းဟာလဲ အစီးအပွားတွေဟာ မြင့်မြတ်လှပြီ။မျှားလှပြီ။ သို့သော်လည်းပဲ အချိန်တိုင်းမှာဆိုရင် မြင့်မြတ်တာ ဆင်းရဲတာကို ထုတ်နုတ်ပြီး ဆောင်တယ်ဆိုတာကတော့ သည်လိုပြောရုံဆိုရုံနဲ့ ကိုယ်မှာ နားလည်ချင်မှလည်မှာ။ အေး အခုနလို ဆုံးမပါတဲ့ အဆုံးအမမှန်မှန်ကို သန်သန်ဝီရိယနှင့် ထိုထို၊ ထိုထိုတစ်ပါး အာရုံမသွားရအောင် ဤကဲ့သို့ ဝီရိယထူထောင်တော့၊ နေတယ်ဆိုတာ ထာဝရဏ္ဍိပါဒ်ပါပဲ။ ဤကဲ့သို့ နေတဲ့အချိန်မှာ ယခုနပြောတဲ့လောဘ၊ ဒေါသ၊ မောဟတို့ဟာ သန့်ပြန့်စင်ကြယ်တော့ စိုးရိမ်ကြောင့်ကြ ပူပန်ရမှုမရှိပါဘူး။ အခုရေနောက်ရေဆိုတာဟာ ဆုံးမပါတဲ့အဆုံးအမကို ရထားသည့်အားလျော်စွာ လိုက်ပါတဲ့အခါမှာ ဆင်းရဲက ထုက်နုတ်၍ ဆောင်ပုံတဲ့ဗျ။ နောက်အတွက် ဆင်းရဲမှ လွတ်ရမယ်ဆိုတဲ့ဟာကို သေသေချာချာ ကိုယ်ပိုင်သိတယ်ဆိုတာ၊ ဒါကတော့ ကိုယ့်ဝီရိယရှိသလောက် ဝီရိယိဒ္ဓိပါဒ်ပေါ်လာရင် အဲဒါအခြေရတာပဲ။ အခုတစ်ခဏကလေးကိုပင်လျှင်ပဲ ဤကဲ့သို့ပစ္စုပ္ပန်သံသရာအတွက် ငြိမ်းရအေးရတယ်။ လုံလောက်တယ်။

မေး။ ။ဒါကြောင့် စိတ်မှာအခုတွင်က ဘုရားဆုံးမတဲ့ အဆုံးအမကို ထားလိုက်တဲ့အခါမှာ ဤကဲ့သို့ဖြစ်ပါတယ်ဆိုတာက သူတကာတို့ပြောတာကို မှတ်သားပြီးတော့ ပြန်ဖြေရတဲ့အဖြေလား၊ ကိုယ်တိုင်ကို အခုန ထားစမ်းကြပါဆိုလို့ ထားတော့နေတဲ့အခါ တည်တဲ့အခါမှာ သိလို့ဖြေတာလားဗျ။

ဖြေ။ ။ကိုယ်တိုင် တွေ့သိလို့ဖြေတာပါ ဘုရား။

မေး။ ။အေး၊ ဒီလိုဟာကတော့ ယုံမှား သံသယကင်းပြီးတော့ ကိုယ်နှင့် တန်သလောက်တော့ ရှင်းတယ် မဟုတ်လား။

ဖြေ။ ။ရှင်းပါတယ်ဘုရား။

မေး။ ။အေး၊ အဲသည်လိုဗျ။ သည့်ထက်ကြာကြာ ထားလိုက်ရမယ်ဆိုရင် အခု လောက် ကပါ့မလား။

ဖြေ။ ။အခုလောက် မကပါဘုရား။

သည်တော့ ဆင်းရဲက လွတ်မြောက်၍ နိဗ္ဗာန်ကို လိုချင်သည် ဖြစ်သော ကြောင့် ရှေးအရှင်များတို့လို ကိုယ်နှစ်သက်ရာ ဗောဓိနှင့် အသီးသီးဟာ ငါ ဘယ်ဗောဓိနှင့် နိဗ္ဗာန်ကို စံဝင်ပယ်လို့ အဲသည်လို မှန်းထားချက်တွေရှိတယ်။

## မဖြစ်ဘဲ မနေပေါင်

မေး။ ။ဤကဲ့သို့ မှန်းထားသည့်အားလျော်စွာ ဝီရိယနှင့် ထူထောင်တဲ့အခါ ကျတော့ငါ မှန်းတဲ့အတိုင်းဟာပြီးမှပြီးပါ့မလား၊အောင်မှအောင်မြင် ပါ့မလားလို့ သည်လိုမျိုးစိတ်ထဲမှာ နှစ်ခွသံသယဖြစ်နိုင်ဦးမလား။

ဖြေ။ ။ယုံမှားသံသယ မဖြစ်နိုင်ပါဘူးဘုရား။

မဖြစ်ဘူးဗျ။ ဘယ်လိုသာဖြစ်မလည်းဆိုရင် ငါမှန်းထားတဲ့ ဗောဓိနှင့် ပြီးမယ် ကေန္တ မှန်းသလောက်တောင်မကဘူး ပြီးနိုင်တယ်ဆိုတဲ့ဟာအသီးသီး တို့မှာ သေသေချာချာကိုဖြစ်မှာဗျ။ မဖြစ်ဘဲ မနေပေါင်ဗျာ။ သည်တော့ အမြင့်မြတ်ဆုံးဖြစ်တဲ့ ဗောဓိအဖြာဖြာကိုပဲ သေချာနိုင်တယ်။ ပြီးစီးနိုင်တယ်။ ရှေးကအရှင်တွေဟာ သည်လိုအောင်မြင်ကြ ပြီးစီးကြတယ်ဗျ။

မေး။ ။အခုလည်း ဝီရိယနှင့်ထူထောင်ပြီးတော့ ဘုရားဆုံးမတဲ့ အဆုံးအမကို သိပြီး ပြည့်အောင်ဖြည့်ပယ်၊ ဖြည့်လိုတဲ့ဆန္ဒနှင့် ပေါင်းပြီး သည်လို ယူမယ်ဆိုရင် ရတာတွေကိုသိတော့ ပိုကောင်းတဲ့ အချိန်အခါဘာဝ၊ သည့်ထက် သာတဲ့အချိန်အခါ ဘာဝများဟာ ရှိပါဦးမလား။

ဖြေ။ ။မရှိနိုင်ပါဘုရား။

အေး၊ ဒါကြောင့်မို့လို့ အမြင့်ဆုံး အမြတ်ဆုံးဖြစ်တဲ့ မှန်းထားချက် တွေကိုလှမ်းပြီးတော့ သာသာကလေး ယူရပါပဲတဲ့ဗျ။ သည်တော့ ခုနလို စိတ် ထဲမှာ ထား ဘာကတော့ ဘယ်နှယ်လဲ၊ထိုင်ပြီးတော့ သာသာကလေးထားတယ်။

မေး။ ။အဲသည်လို ထားရတာဟာ ပင်ပန်းသလား။

ဖြေ။ ။မပင်ပန်းပါဘူး ဘုရား။

မေး။ ။ဆင်းရဲသလား။

ဖြေ။ ။မဆင်းရဲပါဘူး ဘုရား။
မေး။ ။ပစ္စည်းကော ကုန်သလား။
ဖြေ။ ။ပစ္စည်းလည်း မကုန်ပါဘူးဘုရား။
မေး။ ။အလုပ်အကိုင်ကော ပျက်သလား။
ဖြေ။ ။အလုပ်အကိုင်လည်း မပျက်ပါဘူးဘုရား။
မေး။ ။အေးဗျာ၊ အဲဒါ သက်သာတာဗျ၊ သူတကာကော သိသေးသလား။
ဖြေ။ ။သူတကာလည်း မသိပါဘူးဘုရား။

## ယူချင်ရင်ရနိုင်

အေးအေး....ပစ္စည်းလည်းမကုန်ဘူး။ အလုပ်အကိုင်လည်း မပျက်ဘူး" သူတကာလည်း မသိဘူးဆိုတော့ ကိုယ်လိုအပ်တဲ့ မှန်းထားချက်တွေဟာ မအောင်မြင်နိုင်စရာ မပြီးစီးနိုင်စရာ မရှိဘူးပေါ့ဗျာ။ သက်သာလိုက်တာ၊ ဟင်....ရှေးကအရှင်တွေဟာလည်း အဲသည်လိုတောင့်တချက်ပြီးမှုအတွက် ဘုရားရှင် ပွင့်တော်မူတဲ့အခါ ဘုရားရှင်သာသနာတော်ကို တွေ့အောင်ဆည်းပူးတော်မူကြတယ်။ တွေ့ကြသည်နှင့်တစ်ပြိုင်နက် ဘုရားပွင့်တော်မူတဲ့အခါနှင့် သိတဲ့အခါမှာ သူတို့လိုချင်တာတွေအကုန်လုံးရတာဗျာ။ အခုလည်းပဲ ကိုယ်အလိုရှိတဲ့တွေဟာ ရနိုင်တဲ့ အချိန်အခါဘဝပါပဲ။ ယူရုံကလေးပါဗျာ။ ရှေးအရှင်တွေဟာ သည်လိုအချိန်မျိုးနှင့် ကြုံကြိုက်ကြပြီဆိုတော့ စိတ်နှလုံးအလို တောင့်တတဲ့အတိုင်းဟာ အရယူကြတာဗျာ။ အနည်းငယ်မျှသောအချိန်ကိုမှ အချည်းနှီးမဖြုန်းဘူးဗျာ။ အခုလည်း အချိန်ဟာ ဘယ်လိုလိုက်ပါသလဲဆိုရင် အသီးသီးတို့ဟာ ယူမယ်ဆိုလို့ရှိရင် ဘယ်ဗောဓိမဆို အချိန်တိုင်းအချိန်တိုင်းမှာ ရနိုင်တယ်။

ဣရိယာပုထ်မှာလည်း လေးပါးရှိတယ်။ ဘယ်ဣရိယာပုထ်နှင့် မဆို ဝီရိယထူထောင်ပြီးတော့ ယူမယ်ဆိုရင် ရတယ်။ နေရာကကောဗျာ၊ ဘယ်နေရာမဆိုဗျ။ တောထဲမှာဖြစ်ဖြစ်၊ မြို့ထဲမှာဖြစ်ဖြစ်၊ အဲသည်လိုယူရင် ဖြစ်နိုင်တာချည်းပဲ။

မေး။ ။သည်တော့ တစ်ယောက်တည်းဟာ ဘုရားဆုံးမတဲ့အတိုင်း ဘုရားအလိုတော်ကျအောင် ဝီရိယ ထူထောင်ယူရင် မဖြစ်ဘူးလား။
ဖြေ။ ။ဖြစ်ပါတယ်ဘုရား။
မေး။ ။အများကြီးနဲ့ကော။
ဖြေ။ ။အများကြီးနဲ့လည်း ဖြစ်တယ်ဘုရား။
မေး။ ။သူတကာတို့က စကားတွေ ပြောနေရင်ကော ကိုယ့်ဟာကိုယ်ထူထောင်မယ်ဆိုရင် မဖြစ်ဘူးလား။

ဖြေ။ ။ဖြစ်နိုင်ပါတယ်ဘုရား။

ဆရာတော်။ ။ဖြစ်နိုင်ပါတယ်ဗျ၊ လွယ်လိုက်တာဟင်။

လျှောက်။ ။သို့ပေတဲ့ တပည့်တော် သည်နေ့ငွေစာရင်းကလေး လုပ်ကြည့်ပါတယ်ဘုရား။ ငွေစာရင်းကလေး လုပ်ကြည့်တဲ့ အခါကျတော့ အချက်ကလေးကလည်း တော်တော် များတယ်ဘုရား၊ နှစ်ကျပ်ခွဲက တစ်ခု ဆယ့်သုံးကျပ်တစ်မတ်ကတစ်ခု စသဖြင့် အတော်များတော့ ဒါကလေးပေါင်းနေရင်း ထိသိကို မလုပ်နိုင်ဘူးဘုရား။ ထိသိကိုလုပ်ကြည့်တော့လည်း ပေါင်းတာတွေမှားလိုက်တာ ပေါင်းလို့ကိုမဖြစ်ဘူးဘုရား။ ဒါကြောင့် ငွေစာရင်းကလေးလည်း ပေါင်းလို့ဖြစ်အောင် ထိသိလည်း မလွတ်တဲ့ နည်းကလေး သနားပါဦး ဘုရား။

မေး။ ။ဒကာကြီး စာရင်းပေါင်းတယ်ဆိုတာက ဒါဟာ ပေါင်းနေကျပဲဗျ။ ဒါကို လေ့ကျင့်ရတာမဟုတ်ဘူး။ လုပ်နေကျအလုပ်ပဲ မဟုတ်လား။
ဖြေ။ ။လုပ်နေကျအလုပ်ပေမယ့် စိတ်အင်မတန် စိုက်ရပါတယ်ဘုရား။

မေး။ ။လုပ်နေကျအလုပ်ဆိုတော့ ဝန်မလေးဘူးဗျာ။ အဲသည်လို လုပ်နေကျ အလုပ်ကိုလုပ်ရင်း ကိုယ်အလိုရှိတဲ့ဟာကို ထားတော့မဖြစ်ဘူးလားဗျ။
ဖြေ။ ။တပည့်တော်ကတော့ ခြံထဲမှာ မော်တော်ကားတို့ ဘာတို့မရှိတဲ့နေရာ မျိုးရောက်ရင်တော့ ရပါတယ်ဘုရား။

မေး။ ။ထိုင်နေရင်းကော။
ဖြေ။ ။ရပါတယ်ဘုရား။

မေး။ ။စကားပြောရင်းကော။
ဖြေ။ ။အခုပဲစကားပြောရင်း လွတ်နေပါတယ်ဘုရား။

မေး။ ။စကားပြောတာနှင့် ဒကာကြီးက ထားမှုမထားဘဲ။ မထားလို့ လွတ်တာဗျာ။ ထားရင် လွတ်ပါ့မလား။
ဖြေ။ ။ထားတော့ထားပါတယ်ဘုရား။ ဒါပေမယ့် လွတ်တာက များနေပါတယ် ဘုရား။

မေး။ ။အစတုန်းက ဒကာကြီးဟာ ခုလို ဘယ်အခါမှ မထားတော့ ဘယ်တော့မှ မနေဘူး မဟုတ်လား။
ဖြေ။ ။အရင်တုန်းကတော့ သတိကိုမရပါဘူးဘုရား။

မေး။ ။အခုတော့ ဘယ့်နှယ်လဲ။ တစ်နေ့လုံးနေရင်း အခုလို လောဘ၊ ဒေါသ၊ မောဟ ဘယ်လောက်များ စင်ကြယ်သတုန်းဗျ။

ဖြေ။ ။ရှေးတုန်းကတော့ စင်ကြယ်တဲ့အခါရယ်လို့ မရှိပါဘူးဘုရား။

မေး။ ။သည်တော့ ဘုရားဆုံးမတဲ့ အဆုံးအမကို ထားရမယ်ဆိုရင် လိုက်နာပြီး အခုထား၊ အခုစင်ကြယ်နိုင်တယ်မဟုတ်လား။

ဖြေ။ ။စင်ကြယ်နိုင်ပါတယ်ဘုရား။

မေး။ ။ဒါဖြင့်ဒကာကြီး ရှေးတုန်းကဟာက ထားလျက်သားနှင့် မစင်ကြယ်တာလား၊ မထားလို့ မစင်ကြယ်တာလား။

ဖြေ။ ။ရှေးကမထားလို့ မစင်ကြယ်တာပါဘုရား။

မေး။ ။အခုအဟုတ်ထားလိုက်တော့ အဟုတ်စင်ကြယ်တယ် မဟုတ်လား။

ဖြေ။ ။အဟုတ်ထားပေမယ့် လွတ်လွတ်သွားပါတယ်ဘုရား။

မေး။ ။အဟုတ်ထားတော့ မလွတ်ဘူးဗျ။ လွတ်လွတ်သွားတာဟာ အဟုတ်မထားလို့ဗျ။

မေး။ ။အဟုတ်ထားတယ်ဆိုတာက တစ်ခါတစ်ခါ စကားပြောရင်းမလွတ်အောင် ဘယ်လိုအဟုတ်ထားရမလဲဘုရား။

မေး။ ။ဒကာကြီးများတို့ အဟုတ်အလေး ဂရုပြုပြီး ထားရင်း သွားရင်း ဖြစ်တယ်မဟုတ်လား။

ဖြေ။ ။အဟုတ် အလေးမပြုတတ်အောင် ဖြစ်နေပါတယ်ဘုရား။ ဒကာကြီးများ ပြုတတ်ပါတယ်ဗျာ။ သည့်ပြင်ဟာမပြောနှင့် အဖိုးထိုက်တန်ကြီး မဟုတ်ပါဘူး။

မေး။ ။ကဲ၊ ဒကာကြီး ဒကာမကြီးများတို့ အသီးသီးကို ဆီပေးမယ်၊ ယူလှဲ့ကြဆိုရင် ဒကာကြီး ဒကာမကြီးတွေဟာ ထည့်စရာ အသီးသီးယူခဲ့ကြရမယ်မဟုတ်လား။

ဖြေ။ ။ယူခဲ့ရမှာပဲ ဘုရား။

မေး။ ။အေး-ယူခဲ့တော့ ပါသလောက်ခွက်တွေကို အကုန်ပြည့်အောင် ထည့်ပေးလိုက်မယ်၊ ယူကြမယ် မဟုတ်လား။

ဖြေ။ ။ယူမှာပါ ဘုရား။

မေး။ ။အဲသည်လိုယူတဲ့အခါကျတော့ မဖိတ်အောင်ယူကြမှာပဲမဟုတ်လား။

ဖြေ။ ။မဖိတ်အောင် ယူမှာပါဘုရား။

မေး။ ။သည်တော့ တို့ကပြောရဦးမလား။ ထည့်ပေးလိုက်တာ ကလေးတွေ မဖိတ်အောင် ယူကြလို့ ပြောရဦးမလား။

ဖြေ။ ။မပြောဘဲနှင့်ကို မဖိတ်အောင်ယူမှာပါဘုရား။

မေး။ ။သည်တော့ ဘယ်လိုယူမလဲ၊ ယူရမှာက လူတွေ အများကြီး၊ အလယ်ကယူရမှာ မဟုတ်လား။
ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

မေး။ ။သည်တော့ သတိဆောင်ပြီး မဖိတ်အောင် ယူရမယ် မဟုတ်လား။ သည်လိုယူတော့ လူတွေက ဖယ်ပေးကြမှာလား။
ဖြေ။ ။တပည့်တော်က ရှောင်ပြီး သွားရမှာပါဘုရား။

မေး။ ။သည်တော့ လူတွေကိုလည်း ရှောင်ရသေးတယ်။ ဆီကိုလည်းအဟုတ် မဖိတ်စေရအောင် စိတ်ကထားတော့ ဘယ့်နှယ်လဲ။
ဖြေ။ ။အဟုတ် မဖိတ်ပါဘူး ဘုရား။

မေး။ ။ရှောင်တယ်ဆိုတာက ဘယ်လိုလဲ၊ ကျော်တန် ကျော်ရမယ်၊ကွေ့တန် ကွေ့ရမယ်၊ ကောက်တန်ကောက်ရမယ် မဟုတ်လား။ သည်နေရာမှာ တို့ကပြောရဦးမလား။ ဒီနေရာမှာကျော်လိုက်ဦး၊ ဟိုနေရာကျတော့ကွေ့လိုက်ဦး၊ ဒီနေရာကျတော့ ဒီဘက်ကို ကောက်လိုက်ဦးလို့ ပြောရဦးမလား။
ဖြေ။ ။မပြောရပါဘူး ဘုရား။

မေး။ ။ခြေလှမ်းကတော့ ပကတိ လှမ်းတာထက် တစ်ခါတလေကျရင် ခပ်များများ ပိုလှမ်းရတဲ့အခါလည်း မရှိဘူးလား။
ဖြေ။ ။ရှိပါတယ်ဘုရား။

မေး။ ။တိမ်းတတ် ရှောင်တတ်ဆိုတာကလည်း ကိုယ်အခါခပ်သိမ်း လှမ်းနေကျအတိုင်း မဟုတ်ဘဲ၊ နည်းနည်းလှမ်းရတဲ့အခါ ကြဲကြဲလှမ်းရတဲ့ အခါကော မရှိဘူးလား။
ဖြေ။ ။ရှိပါတယ်ဘုရား။

မေး။ ။ဒါတွေကိုလည်း ပြုပြင်ရမယ်မဟုတ်လား။
ဖြေ။ ။ဒါတွေကိုလည်း အကုန်လုံးရှောက်ပြုရမှာပါဘုရား။

မေး။ ။သည်တော့ စိတ်ကဘယ်လိုထားရမလဲဆိုတော့ အခုနထည့်ပေးလိုက်တဲ့ဆီလည်း မဖိတ်စေရဘူးဆိုတဲ့စိတ်လည်း ထားရမယ် မဟုတ်လား။
ဖြေ။ ။ဆီမဖိတ်အောင် အင်ပတန် လို့လဝိရိယစိုက်သွားရမှာပါဘုရား။

မေး။ ။သည်လို စိတ်ကစိုက်ပြီး သွားတော့ အခုနက ကွေ့ရမယ့် နေရာကို စောစောက တင်ကြိုပြီးကွေ့ဖို့ မသိဘူးလား။
ဖြေ။ ။စောစောက တင်ကြိုပြီး သိပါတယ်ဘုရား။

မေး။ ။သိတော့ ဆီဖိတ်သေးလား။

ဖြေ။ ။ဆီမဖိတ်အောင်ထားတာလဲစိတ်ပဲ၊ လူတွေကို ဖယ်ရ ရှောင်ရ ကွေ့ရ တာလဲစိတ်ပဲဘုရား။

မေး။ ။သည်တော့ စိတ်က တစ်ပြိုင်နက်တည်း တစ်ခုလား နှစ်ခုလားဗျ။

ဖြေ။ ။တစ်ခုပြီးမှ တစ်ခုပါဘုရား။

မေး။ ။အေး-သို့သော်လည်း ဝီရိယထားသွားပြီဆိုတော့ စိတ်က အင်မတန် မြန်တယ်ဗျ။ စိတ်မြန်ပုံဟာ ဘယ်လိုလဲဆိုတော့ လျှပ်တစ်ပြက်မှာကိုပဲ ကုဋေတစ်သိန်းဆိုတာ မှန်တယ်ဟုတ်လား။

ဖြေ။ ။မှန်ပါတယ်ဘုရား။

မေး။ ။သည်တော့ ဒကာကြီးလည်း အလုပ်လုပ်ရင်း သည်လိုလုပ်ပါ။

ဖြေ။ ။သည်လိုမှတ်ပြီး လုပ်ပါ့မယ်ဘုရား။

မေး။ ။အခုနလိုကြားထဲ လပ်သွားမှာလား။

ဖြေ။ ။မလပ်ပါဘူးဘုရား။

မေး။ ။အခုန ထားတယ်ဆိုတာက ဒကာကြီးက အဟုတ်ထားလျက်နှင့် မဖြစ် တာလား။ မထားလို့လား။

ဖြေ။ ။မထားလို့ ဆီဖိတ်တာပါဘုရား။

မေး။ ။အခုတော့ ထားလျက်နှင့် မဖြစ်ဘူးလို့ပြောတယ်။ အခုတော့ အဟုတ် ထားလို့ အဟုတ်သိပြီမဟုတ်လား။

ဖြေ။ ။နားလည်ပါပြီဘုရား။

မေး။ ။အဟုတ်သိတော့ အဟုတ်လုပ်ဖြစ်တယ် မဟုတ်လား။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

အခုန ဆီယူသွားရတာလို ဆီလည်း မဖိတ်ရအောင် စိတ်ကထားပြီး သွားရတယ်။ အသွားလည်းမပျက်ဘူး။ သည်နေရာကျတော့ ခြေလှမ်းကြဲကြဲ လှမ်းရဦးမယ်။ ဟိုနေရာကျတော့လည်း ကိုယ်လှမ်းချင်သလို လှမ်းလို့မဖြစ် ဘူး။ ဟိုရှေ့ကို သိပ်လှမ်းလို့မဖြစ်ဘူး၊ သည်လောက်ကလေး လှမ်းမှာနှင့် ပြီးတော့ ဟိုနေရာကျရင် ကွေ့ရဦးမယ်၊ သည်နေရာကျတော့ ကျော်ရဦးမယ်နှင့် စိတ်က သည်လိုထားပြီး သွားရတယ်မဟုတ်လား။ အဲဒါ ဘာလဲဆိုရင် စိတ်ကို အတင်းထားပြီး ကိုယ်လိုချင်တဲ့ဆီကိုလည်း မဖိတ်အောင်၊ လူတွေကိုလည်း ရှောင်လို့ လွတ်အောင် အတင်းထားတာဗျ။

မေး။ ။အေး၊ အခုလည်း ဘုရားဆိုဆုံးမတဲ့ဟာနှင့် ဆီဟာဘယ်ဒင်းက အဖိုး ထိုက်တန်သလဲဗျ။

ဖြေ။ ။ဘုရားဆိုဆုံးမတဲ့ဟာက အဆမတန် အဖိုးထိုက်တန်ပါတယ်ဘုရား။

မေး။ ။ဆီကိုယူသွားတဲ့အခါကျတော့ မဖိတ်စေနှင့် ဘာနှင့်လို့ မှာရဦးမလား၊ ကွေ့တန်ကွေ့၊ ကောက်တန်ကောက်၊ ကွင်းတန်ကွင်းလို့ မှာရဦးမလား၊ ကွင်းပုံက ဘယ်လိုလုပ်ရမှာလို့ သည်လို ရှောက်ပြောရမယ်ဆိုရင် ဘယ်လောက်ကြာကြာ မှာရမလဲ။

ဖြေ။ ။အကြာကြီးပါဘုရား။

မေး။ ။စာအုပ်ရေးရင် ဘယ်လောက်ရေးရမလဲ။

ဖြေ။ ။စာအုပ်ရေးရင် စက္ကူမလောက်ပါဘူးဘုရား။

မေး။ ။ရှောက်ဖတ်ရင်ကောဗျာ။

ဖြေ။ ။တစ်နေ့လုံး တစ်ညလုံးဖတ်လည်း အတော်ကြာကြာကြီး ဖတ်ရမှာပါဘုရား။ ဟုတ်တယ်ဗျ၊ သို့သော်လည်း စင်စစ်မှာတော့ ဘယ်လိုဟာတုန်းဆိုရင် ဒါဟာ ဆီမဖိတ်ဖို့ကလေးပါပဲဗျ။ (တင်ပါ့ဘုရား)။

မေး။ ။အေး၊ ဆီမဖိတ်အောင်ဟာ သည်လိုလည်း မပြောလိုက်ဘူး။ မပြောလိုက်ပေမယ့် မဖိတ်အောင်ယူရမှာမဟုတ်လား။

ဖြေ။ ။မဖိတ်အောင်ယူရမှာပါဘုရား။

မေး။ ။အေး၊ ဒကာကြီး ဒကာမကြီးတွေကိုလည်း အခု သတိပေးတယ်၊ ဘုရားဆုံးမတဲ့ အဆုံးအမကိုရပြီး ဒါကို မလွတ်စေနှင့်၊ တစ်ဆက်တည်းသာ ယူကြလို့ဆိုရင် ဒီကပြီးလို့အိပ်ပြန်တော့။ အိပ်ရောက်အောင် တစ်ဆက်တည်းပါရဲ့လား။

ဖြေ။ ။မပါပါဘူးဘုရား။

မေး။ ။ဒါဖြင့် ဆီနှင့် ဘုရားဆုံးမတဲ့ အဆုံးအမဟာ ဘယ်ဒင်းက အဖိုးတန်သလဲဗျ။

ဖြေ။ ။ဘုရားရှင်ဆုံးမတဲ့ အဆုံးအမဟာ အဆပေါင်း မရေမတွက်နိုင်အောင် သာလွန်အဖိုးထိုက်တန်ပါတယ်ဘုရား။

မေး။ ။ဆီကိုမဖိတ်အောင် ရေမခွက်ကြီးနဲ့ ထည့်ပြီးယူရင် ဘယ်လောက်ပါသလဲ။

ဖြေ။ ။နှစ်ပိဿာအပြင် တိုးမပါပါဘူးဘုရား။

မေး။ ။မဖိတ်အောင် ယူသွားရင် ဆီနှစ်ပိဿာရဲ့တန်ဖိုးဟာ ဘယ်လောက်ရှိမလဲ။

ဖြေ။ ။သုံးကျပ်လေးကျပ်လောက် တန်ပါတယ်ဘုရား။

မေး။ ။ဒီသုံးကျပ် လေးကျပ်တန်ကို မဖိတ်အောင် ယူသွားလို့ မမှာဘဲနှင့် မဖိတ်အောင် ယူမှာဗျ၊ ဟုတ်ကဲ့လား။

ဖြေ။ ။တင်ပါ့ဘုရား၊ ဒါက လောဘကလေးနှင့်ကိုးဘုရား။

မေး။ ။ကဲ ဒါဖြင့် ဒါကို တစ်ဆက်တည်းပါအောင် ဆောင်ကြ ဆိုတော့ တစ်ဆက်တည်း ပါရဲ့လားဗျာ။

ဖြေ။ ။မပါပါဘူးဘုရား။

မေး။ ။ဘယ်ကျန်ရစ်ခဲ့သလဲ။

ဖြေ။ ။ကားပေါ်အတက်မှာကျန်ရစ်ခဲ့ပါတယ်ဘုရား၊ကားပေါ်အတက်မှာ လူတွေက ကျိတ်ကျိတ်တိုးပြီးနေတော့ တပည့်တော်က မစ္ဆရိယစိတ်ကြီးနှင့် နင်တို့ မတက်နှင့်ဦး၊ ငါဦးဆုံး တက်ဦးမယ်ဆိုတဲ့စိတ်ကြီးနှင့် ဆိုတော့ ကျန်ရစ်ခဲ့ပါတယ်ဘုရား။

မေး။ ။ဆီလိုယူရင် ဖိတ်ပါ့မလား။

ဖြေ။ ။မဖိတ်ပါဘူးဘုရား။

မေး။ ။ဒါဖြင့် ဘုရားဟောတာနှင့် ဆီနှင့် ဘယ်ဟာက တန်ဖိုးရှိသလဲဗျ။

ဖြေ။ ။ဘုရားဟောတာက အဆမတန် တန်ဖိုးရှိပါတယ် ဘုရား။

မေး။ ။အေး၊ သည်လောက်သိရင် တော်ပါပြီ၊ ဒါကတော့ မမှန်တတ်စရာ မလုပ်တတ်စရာ မရှိပါဘူးဗျ။ ဆီကတော့ ယူနေကျမဟုတ်လား။

ဖြေ။ ။ယူနေကျပါဘုရား။

မေး။ ။ရေတွင်းထဲက ရေခပ်မယ်ဆိုရင် ရေခပ်တဲ့အခါမှာ မဖိတ်ရအောင် ယူရတယ်မဟုတ်လား၊သည်လိုယူတော့ မဖိတ်မယိုဘဲနှင့်ဘယ်လောက် ထိအောင် ပါသလဲဗျ။

ဖြေ။ ။မဖိတ်မယိုဘဲနှင့်ကိုယ်လိုချင်တဲ့အထိရောက်အောင်ပါပါတယ်ဘုရား။

မေး။ ။မြတ်စွာဘုရားရဲ့ တရားတော်တော့ကော။

ဖြေ။ ။မြတ်စွာဘုရားရဲ့ တရားတော်ကတော့ တယ် မကြာဘူး ဘုရား။ အဟုတ်ကို မလိုချင်လို့ပါဘုရား။

မေး။ ။ဒါပေမယ့် ဆုတောင်းတော့ ဘယ်လိုတောင်းသလဲ။

ဖြေ။ ။ဒါကတော့ အမေသင်ပေးတဲ့ ဩကာသကိုလျှောက်ဆိုတာပဲဘုရား။

မေး။ ။လိုတော့ မလိုချင်ဘူးလား။

ဖြေ။ ။လိုတော့လိုချင်ပါတယ်ဘုရား၊ဒါပေမယ့်နိဗ္ဗာန်ဆိုတာလည်းသေသေချာချာမသိတော့ လိုချင်တယ်ဆိုတာလည်း ပါးစပ်ပြောပါဘုရား။
(ကဲ လိုချင်တာ မလိုချင်တာ နေပေ့စေ၊ လိုချင်သည်ဖြစ်ဖြစ်၊ မလိုချင်သည်ဖြစ်ဖြစ် ဒါလုပ်ဆိုရင် လုပ်သာလုပ်၊ အဲသည်အတိုင်းဆိုရင် ရမှာပါပဲဗျ။လိုချင်လည်း လုပ်၊မလိုချင်လည်း လုပ်၊ ကြားလား။)

ဖြေ။ ။မလိုချင်လို့လုပ်ရင် ရလိမ့်မယ် မထင်ပါဘူးဘုရား။
(ဒါတွေကို စဉ်းစားမနေနှင့် အခုန လုပ်ဆိုတာသာ လုပ်ဗျာ။)

ဖြေ။ ။အဲသည် အဟုတ် တကယ်လုပ်ဆိုတဲ့နည်းကို မယ်မယ်ရရမသိတာနှင့် ပျင်းတာနှင့် သည်လိုဖြစ်နေပါတယ် ဘုရား။

မေး။ ။အခုန သည်လိုထားဆိုလို့ ထားတယ်မဟုတ်လား။
ဖြေ။ ။ချက်ချင်း ထားလိုက်ပါတယ်ဘုရား။

မေး။ ။ထားတော့ နေတယ် မဟုတ်လား။

ဖြေ။ ။ထိုင်နေတုန်းတော့ အတော် အတန်လောက် နေပါတယ် ဘုရား။ ဒါပေမယ့် လွတ်လွတ်သွားတယ် ဘုရား။

မေး။ ။အဲဒါ ဘာလိုလို့လဲ။
ဖြေ။ ။ဝီရိယလိုလို့ပါဘုရား။
(လိုတာသိရင် မလိုအောင် လုပ်ဗျာ၊ လွယ်ပါတယ် ဗျာ၊ ဝီရိယ များများထားရင် နည်းနည်းကလေး ကုသိုလ်ရတာပဲဗျာ။)

ဖြေ။ ။တပည့်တော်တို့ကတော့ သိပ်ကုသိုလ်ရမှာဘဲဘုရား။
မေး။ ။ဘာဖြစ်လို့လဲ။

ဖြေ။ ။တပည့်တော်တို့က များများလွတ်လို့ပါဘုရား။

(များများလွတ်ရင် များများထားဗျ၊များများထားဖို့ဟာက အခုန ပြောသလို ဘယ်ဒင်းမဆို များများလုပ်ရင် နေရာကျတာကြီးပဲဗျာ့။

မေး။ ။ဘယ်အပိုင်းယဲကဖြစ်ဖြစ် များရင် နေရာကျတာကြီးပဲမဟုတ်လား။

ဖြေ။ ။တင်ပါ့ဘုရား။

မေး။ ။ဒါကြောင့် ကိုယ်လိုချင်တဲ့ဟာကို လုပ်တော့မယ်ဆိုရင် မဖြစ်တာကို သိရင် ဝီရိယထူထောင်ဖို့ရာကြီးပဲ ဖြစ်တယ်မဟုတ်လား။

ဖြေ။ ။တင်ပါ့ဘုရား။

ဒါကြောင့် စတဲ့အခါမှာ ဘယ်ဟာမျိုးမဆို သီလဘက်၊ သမာဓိဘက်၊ ပညာဘက် အကုန်လုံးမှာ များများကြီး လုပ်သွားလျှင် အကောင်းဆုံးပဲဗျာ့။ အဲဒါ အမျိုးမျိုးအဖြာဖြာတို့မှာ အသာဆုံး အကောင်းဆုံး ဖြစ်တာပဲဗျာ့။ ပစ္စုပ္ပန်ရော၊ သံသရာရော၊ ပစ္စုပ္ပန်ဆိုတာက ရွှေငွေရတနာ အမျိုးမျိုးအဖြာဖြာ များများကြီး ရနိုင်မယ်ဆိုရင် မေ့တာ ညောင်းတာ အမျိုးမျိုးအဖြာဖြာတို့ကို ဘယ်လိုတုန်းဗျာ့၊ သည်းခံရမယ် မဟုတ်လား။

မေး။ ။သည်းခံတဲ့ နေရာမှာလဲ အကုန်လုံး သူများထက် ပိုသည်းခံပြီး ဝီရိယ ထူထောင်နိုင်သွားပြီဆိုရင် ဘယ့်နှယ်လဲ။

ဖြေ။ ။သူများထက် ပိုက်ဆံတိုးရပါတယ်ဘုရား။

မေး။ ။နေရာတိုင်းမှာ ရကြမယ်မဟုတ်လား။ အလတ်စား သည်းခံနိုင်တဲ့ လူကကော။

ဖြေ။ ။အလတ်စားပဲရပါတယ်ဘုရား။

မေး။ ။ညံ့သေး ဖျင်းသေး ဆိုတဲ့လူကကော။

ဖြေ။ ။သူကတော့ တော်တော်ပြတ်ပြတ် ဖြစ်နေပါတယ်ဘုရား။

မေး။ ။အကုန်လုံးမရှိတဲ့လူကကော။

ဖြေ။ ။သူကတော့ ခေါးပြကလေး ဘာကလေးတိုက်စားရပါတယ်ဘုရား။

အေး-ဒါကိုသိရင်နေရာတိုင်းမှာအသာဆုံးဖြစ်အောင်လုပ်ကြပါဗျာ့။ အကုန်လုံးသည်းခံချင်အောင် မေတ္တာရော လုံ့လဝီရိယရော သာ ထက်သာ ချည်းပဲဖြစ်အောင်လုပ်ကြ။ သည်လိုလုပ်ရင် အသာဆုံးကတော့အားလုံးတို့ထက် လွှမ်းမိုးသွားပါလိမ့်မယ်ဗျာ့။

## သာချင်လျှင်

ဒါကြောင့်မို့ ကိုယ်ကသာချင်လျှင် အသာဆုံးချည်းပဲ ဖြစ်အောင် လုပ်ပါဗျာ့။ အခုန တဏှာဘက် သည်ဘက် အကုန်လုံးတွေပေါ့ဗျာ။ အဲဒါမှာလည်း သည်းခံခြင်းမေတ္တာတွေနှင့် အားလုံးတို့ထက် အသာဆုံးဖြစ်အောင်လုပ်ကြပါဗျာ့။ အဲဒီလို အသာဆုံးတွေချည်းပဲ ဖြစ်အောင်ဆိုလျှင် ပစ္စုပ္ပန်ရော သံသရာရောဟာ အားလုံးတို့ထက် လွှမ်းမိုးပြီးတော့ အသာဆုံးချည်းပဲဖြစ်မှာဗျာ့။ (တင်ပါ့ဘုရား)

သည်လိုဖြစ်ချင်ရင် သည်လိုလုပ်ရုံပဲရှိပါသဗျာ့။ သည်းခံခြင်းဆိုတာမှာလည်း ဘယ့်နှယ်တုန်း နည်းနည်းသည်းခံနိုင်ရင် နည်းနည်းဗျာ့။ များများ

သည်းခံနိုင်ရင် များများဗျာ့။ သူတကာနှင့်မတူအောင် သည်းခံနိုင်ရင် ဘယ်သူ နှင့်မှမတူအောင် အစီးအပွားတွေဟာ ရပါတယ်ဗျာ့။ သည်လိုဟုတ်ကဲ့လား။ (ဟုတ်ပါတယ်ဘုရား)

ဤကဲ့သို့ ဘုရားအဆုံးအမကို လိုက်နာမိကြပြီဆိုမှဖြင့် အဲဒါတွေက လည်း အကျိုးအာနိသင်တွေကို သိလာကြတဲ့အခါကျပြီဆိုတော့ နောက်မဆုတ် ကြတော့ဘူး။ အကုန်လုံးတို့ဟာ ထူထောင်ပြီးတော့ တစ်ခါတည်းပဲ သာသည် ထက်သာချည်းပဲ။ သာတော့တဝပဲတဲ့ဗျာ့။ သူတို့ ဒါကိုမစွန့်တော့ဘူးဗျာ့။ ဘာဖြစ်လို့လဲဆိုတော့ နေရာကျမှန်း သိနေတာကိုးဗျာ့။ သူများမေးရမှာမဟုတ် ဘဲ ကိုယ်တိုင်ကို နားလည်တာကိုးဗျာ့။ အဲသည်လိုဗျာ့။ (တင်ပါ့ဘုရား)။

ဒါကြောင့်မို့ အခု အကုန်လုံးနေထိုင်သွားလာရမှာ အကုန်လုံးသည်း ခံပါ။

မေး။ ။ခုန ဒကာကြီးက လွှတ်လွှတ်သွားကယ်ဆိုတော့ သည်းခံတာလုံ လောက်လို့လား၊ မလုံလောက်လို့လား။

ဖြေ။ ။သည်းခံဟာ မလုံလောက်လို့ပါဘုရား။

မေး။ ။ဒါဖြင့် လုံလောက်အောင်လုပ်ဗျာ။ သည်လို နောက်ကိုသွားနေတော့ ဘယ့်နှယ်တုန်းဗျာ့။ အမှုမပြီးစေတာ ရှိသေးလား။

ဖြေ။ ။အမှုမပြီးစေတာ မရှိပါဘူးဘုရား။

မေး။ ။အကုန်လုံးနေရာတိုင်းမှာ၊ အချိန်တိုင်းမှာ အစီးအပွားတွေ၊ ရစရာ ရှိတာတွေ ဆက်ကာဆက်ကာမပြတ်အောင် အချိန်တိုင်းမှာရှိတယ် ဗျာ့။ ဟုတ်ကဲ့လားဗျာ။ (မှန်ပါတယ်ဘုရား)

မေး။ ။ဘာတုန်းဆိုတော့ အချိန်တိုင်း အချိန်တိုင်း၊ နေရာတိုင်း နေရာတိုင်း၊ ဣရိယာပုထ်တိုင်း ပြောလို့မကုန်နိုင်ဘူးတဲ့ဗျာ။ ရနိုင်တဲ့အစီးအပွား တွေဟာ ဘာကြောင့်လဲဆိုတော့ ချမ်းသာနှင့် ဆင်းရဲဆိုတာ နှစ်ခု မှာတော့ သည်ချမ်းသာဆင်းရဲမရှိတဲ့ အချိန်ရယ်လို့ ရှိသလားဗျာ့။

ဖြေ။ ။မရှိတဲ့အချိန်ရယ်လို့ မရှိပါဘူးဘုရား။

မေး။ ။တစ်ခုခုကတော့ဖြင့် ရှိနေတော့တာပဲဗျာ့။ သည်တော့ ဆင်းရဲဖို့ရာ သဘောမကျဘဲနှင့် ဆင်းရဲဖို့ရာကိုတွေ့တော့ ဘယ့်နှယ်လဲ။

ဖြေ။ ။ဆင်းရဲဖို့ရာနှင့် တွေ့တော့လည်း သည်းခံရမှာပဲဘုရား။

မေး။ ။ပြီးတော့ ကုသိုလ်ထောက်မသည်ဖြစ်သောကြောင့် လေးစားကြည်ညို ပူဇော်ခြင်းနှင့် အမျိုးမျိုးအဖြာဖြာ လုံလုံလောက်လောက်နှင့် ဘာမျှ မလိုရအောင် အဲသည်လိုဟာတွေနှင့်တွေ့ရင်ကော။

ဖြေ။ ။ဝမ်းမြောက်ရမှာပဲ ဘုရား။

မေး။ ။အဲသည်လို ဝမ်းမြောက်နေရင်းနှင့် ဝမ်းမြောက်နေတာကို နှစ်သက်နေရင် ကောင်းပါ့မလား။

ဖြေ။ ။အာရုံထဲကဆိုလျှင် ဘာမှ မကောင်းပါဘူးဘုရား။

မေး။ ။ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ။

ဖြေ။ ။လောကီဘက်ကတစ်ပါးအာရုံတွေကတော့ ကောင်းပါတယ်ဘုရား။

မေး။ ။ဒကာကြီးကို အိမ်က သားသမီးတွေ ဒကာမကြီးတွေက ကောင်းကောင်း မွန်မွန် လေးလေးစားစားနှင့်ကိုယ်နှင့်ပြု၊နှုတ်နှင့်ပြုသည်လို့ ဆိုရင်ကော။

ဖြေ။ ။အာရုံထဲကဆိုလျှင် ဘာမှ မကောင်းပါဘူး ဘုရား။

မေး။ ။ဘယ့်နှယ်ဖြစ်ဖြစ် ကောင်းကောင်း မကောင်းကောင်း တစ်ခုခုနှင့် တွေ့နေရင်ကော။

ဖြေ။ ။သူတို့ကို မေတ္တာစိတ်နှင့်ဆိုရင် ကုသိုလ်ဖြစ်ပါတယ် ဘုရား။ သူတို့ကို ကြည့်ပြီး ကာမဂုဏ်မျက်စိနှင့်၊ နားနှင့်၊ နှာခေါင်းနှင့် ကာမဝတ္ထု ကာမအာရုံတွေနှင့် နှစ်သက်ရင် အကုသိုလ် ဖြစ်ပါတယ်ဘုရား။

မေး။ ။ကိုယ်ရော၊စိတ်ရော၊နှုတ်ရော ဒကာကြီးကို မတည့်အောင်၊ သဘောမကျအောင်ချည်း လုပ်ရင်ကော။

ဖြေ။ ။သည်တော့လည်း ဒေါသထွက်ပြီး ဒေါသစိတ်တွေဖြစ်ပြီး အကုသိုလ်တွေ ဖြစ်ပါတယ်ဘုရား။

မေး။ ။နို့-အခုန သည်းခံစိတ်ထားတာက အကောင်းဆုံးဆိုပြီး အခုလိုဆိုတော့ ဘယ့်နှယ်လဲ။

ဖြေ။ ။သည်းခံတာက မိုးမဗျာခင်သာ လုံတာပါဘုရား။တပည့်တော်တို့မှာ သည်းမခံနိုင်တဲ့ သတိကလေးက ရှိပါတယ်ဘုရား။

မေး။ ။ဘယ့်နှယ်လုပ်လို့ သည်းမခံနိုင်တာလဲ။

ဖြေ။ ။သည်းမခံနိုင်တာက သည်းခံနိုင်အောင် မိမိစိတ်ကို မဆုံးမ ရသေးလို့ သည်းမခံနိုင်တာပါဘုရား။

မေး။ ။အခုနတော့လုပ်ပါတော့မယ်ဆိုပြီးတော့ အခုဘယ့်နှယ်ဖြစ်ကုန်ပြီလဲ။

ဖြေ။ ။လုပ်ပါ့မယ်ဆိုတာက သည်လိုဒေါသထွက်စရာဖြစ်တော့ကိုယ်မနိုင်တဲ့ အခါမှာသာ သည်းခံလိုက်တာပါဘုရား။

မေး။ ။ဘယ့်နှယ်မနိုင်တာလဲ။

ဖြေ။ ။သူငယ်ဝပ်သန့်သန့်နှင့် တွေ့တော့ တပည့်တော်ကို သူက ရိုက်ပေမယ့် လက်သီးနှင့် ပြန်မထိုးဝံ့ပါဘုရား။ ခေါင်းငုံ့ခံရပါတယ်ဘုရား။ နုံချာပြီးလူမမာကြီးကိုတော့ တပည့်တော်က ထိုးလွှတ်လိုက်တာပါပဲ ဘုရား။

မေး။ ။အဲတာက သည်းခံတာလား။

ဖြေ။ ။ဒါသည်းခံတာမဟုတ်ပါဘူးဘုရား။ မနိုင်လို့ငုံ့ခံတာ ဖြစ်ပါတယ် ဘုရား။

မေး။ ။ကိုယ်မုန်းထားတဲ့ ဟာတွေကိုတော့ သေသေချာချာ လိုချင်တာ။ ပြီးချင်တာပဲ မဟုတ်လား။

ဖြေ။ ။လွယ်လွယ်နှင့်ရရင်တော့ ပြီးချင်တာပဲ ဘုရား။

မေး။ ။ဒါဖြင့် အခုဟာတွေက ခက်သလား။

ဖြေ။ ။ခက်တော့ မခက်ပါဘူးဘုရား။ဒါပေမယ့် အတော်လုပ်ရမှာပဲဘုရား။

မေး။ ။ဒါဖြင့် ဘာလိုသလဲ။

ဖြေ။ ။ကိုယ့်ကိုကိုယ် ဆုံးမဖို့ဟဲ ရှိပါတယ်ဘုရား။

မေး။ ။ဘာကုန်သေးသလဲ။

ဖြေ။ ။ဘာမှမကုန်ပါဘူးဘုရား။

မေး။ ။ဘာမှမကုန်ဘဲနှင့် ဘယ့်နှယ်ကြောင့် ခက်ရသလဲ။

ဖြေ။ ။မိမိကိုယ်ကိုမိမိ မနိုင်သည့်အတွက် သည်လိုဖြစ်ရပါတယ်ဘုရား။

မေး။ ။လိုချင်တာက ဘယ်သူလိုချင်တာလဲ။

ဖြေ။ ။တပည့်တော်ပဲ လိုချင်တာပါဘုရား။

မေး။ ။ဒါဖြင့် တပည့်တော်ဆိုတာက သည်လိုဖြစ်လည်းလိမ်၊ ဟိုလိုဖြစ်တာလည်း လိမ်နှင့် ဘယ့်နှယ်ဖြစ်တာလဲ။

ဖြေ။ ။တပည့်တော်ဟာ စိတ်ပျက်စရာကောင်းနေတဲ့ တပည့်တော် ဖြစ်နေပါတယ် ဘုရား။

မေး။ ။သည်လိုစိတ်ပျက်နေမှန်းသိရင် စိတ်ကောင်းအောင်လုပ်ဗျာ့။ အခု စိတ်ပျက်နေသလား။ ဘယ်တုန်းက ပျက်သလဲ။

ဖြေ။ ။အနမတဂ္ဂ အစမရှိတဲ့ သံသရာက စပြီး ပျက်တာ အခုထက်ထိ ပျက်တုန်းပါပဲ ဘုရား။

မေး။ ။အခု အပျက်ကြီးအတိုင်း ထားမှာလား၊ ပြင်မှာလား။

ဖြေ။ ။အခု ပြင်ပါတော့မယ်ဘုရား။

မေး။ ။ဘယ့်နှယ်ပြင်မလဲ။ အခု အိမ်ပြန်မယ်မဟုတ်လား။ အိမ်ပြန်ရင် နှစ်သက်ဖွယ်ရာ၊ မနှစ်သက်ဖွယ်ရာရော ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံတစ်ခုခုနှင့် တော့ တွေ့မှာပဲဗျ။ တွေ့ရင် ဘယ့်နှယ်လုပ်မှာလဲ။

ဖြေ။ ။နှစ်သက်ဖွယ်နှင့်တွေ့ရင် လောဘစိတ်မဖြစ်အောင်၊ မနှစ်သက်ဖွယ်နှင့် တွေ့ရင် ဒေါသစိတ်မဖြစ်အောင် မိမိစိတ်ကို မိမိဆုံးမရမှာပါဘုရား။

မေး။ ။သည်းခံတော့မယ်ဆိုတာက ဘယ်လိုလဲ။မတည့်အောင် လုပ်ရင်ကော ဗျ။

ဖြေ။ ။မတည့်အောင်လုပ်ပေမယ့် တပည့်တော်က နည်းရနေပါပြီဘုရား။

မေး။ ။ဘယ်လိုလဲဗျ။

ဖြေ။ ။နှာသီးဝမှာ တိုးတာကလေးကို အမြဲစိတ်စိုက်ထားရင် သူဆဲတာကို မသိတော့ပါဘူးဘုရား။

မေး။ ။နှစ်သက်ဖွယ်အမျိုးမျိုးအဖြာဖြာတွေနှင့် ဝတ္တုရားတွေ ကျေပွန်အောင် သဘောကျအောင် ဆီးလုပ်ကြရင်ကောဗျာ။

ဖြေ။ ။သည်လိုဆီးလုပ်တော့ တပည့်တော်က အခုနည်းအတိုင်းပဲ နှာသီးဝ မှာ ထွက်လေ၊ ဝင်လေကလေးတွေတိုးနေတာကို သိအောင်လုပ်တော့ လောဘတွေဖြစ်ရင် အကုသိုလ် ဖြစ်လိမ့်မယ်လို့ မိမိစိတ်ကိုဆုံးမပြီး ထိသိမလွတ်အောင် လုပ်ပါမယ် ဘုရား။

မေး။ ။အဲသည်တော့ သည်းခံတာ ဘယ်နေရာမှာလဲ။

ဖြေ။ ။သည်းခံတာက ထိသိကိုစိတ်မှာစွဲနေရင်း သည်းခံပြီးသား ဖြစ်နေပါ တယ် ဘုရား။

မေး။ ။ကောင်းပါ့ဗျ။ အခု သည်လိုလုပ်တော့မှာလား။

ဖြေ။ ။အခုသည်လို ပြောတော့နေတာပဲဘုရား။

မေး။ ။မခံချင်အောင် ပိုလုပ်တော့ ဘယ့်နှယ်လဲ။

ဖြေ။ မခံချင်အောင်ပိုလုပ်တော့ နည်းနည်းတော့သည်းခံမှာပဲဘုရား။

မေး။ ။များများကြီးလုပ်တော့ကော။

ဖြေ။ ။များများကြီးလုပ်တော့ တပည့်တော် မဆိုနိုင်သေးပါဘူးဘုရား။

မေး။ ။အခုနတော့ ဘုရားဆုံးမတဲ့ အဆုံးအမကို ရပြီးသားလို့ ဆိုတယ်။ အခု ဘယ်ချထားတော့မှာလဲ။

ဖြေ။ ။သည်ကျတော့ လစ်လစ်သွားပါတယ်ဘုရား။

မေး။ ။အေး-ခုနဟာက ကိုယ်လုပ်ရမှာချည်းပဲ ပိုထားရမှာပဲ မဟုတ်လား။

ဖြေ။ ။ပိုထားဖို့ ဘာဝနာဆိုတဲ့ဟာကို အမြဲပွားဖို့က လိုနေသေးလို့ပါ ဘုရား။ များများပွားရင်တော့ဖြင့် ဖြစ်ကောင်းဖြစ်စရာ ရှိပါတယ် ဘုရား။

မေး။ ။အေး-ဒါဖြင့် သည်အတိုင်းတိုင်း ထူထောင်ယူသွားလို့ရှိလျှင် ခက်တာ မပါပါဘူးဗျာ့။

ဖြေ။ ။ခက်တာ မပါပါဘူးဘုရား။

မေး။ ။ခက်တာမပါဘဲနှင့် ဒကာကြီးဟာ ခုမဖြစ်တာက ဘာကြောင့်လဲ။

ဖြေ။ ။ဝီရိယနှင့် သတိနှင့် ဆန္ဒနှင့် လိုနေပါတယ်ဘုရား။

မေး။ ။အခုနဖြစ်တယ်ဆိုတာက ဘာဖြစ်ဖြစ်သည်းခံမှုမရှိလို့ဗျာ့။ ရှေးအရှင်တွေက သည်လိုမဟုတ်ဘူး။ ဘယ်လိုတုန်းဆိုတော့ အခုနလိုမဖြစ်ဘူးဆိုတာဟာ သည်းခံမှု လိုတာလား၊ မလိုတာလား။

ဖြေ။ ။သည်းခံမှု သိပ်လိုနေပါတယ် ဘုရား။

မေး။ ။များများကြီး ဖြစ်လာတဲ့အခါကျတော့ ဘယ့်နှယ်လုပ်သလဲ။

ဖြေ။ ။များများကြီး သည်းခံတဲ့ဘက်က ကျင့်ပေးရမှာပါဘုရား။

မေး။ ။အေး-ဟုတ်တယ်ဗျာ့။ များများကြီး သည်းခံမှုပြုတဲ့အခါကျတော့ ကိုယ်ရှာတဲ့ဟာ ဘယ့်နှယ်လဲ။

ဖြေ။ ။များများကြီး သည်းခံမှုရှိရင် ကိုယ်ရှာတဲ့ ချမ်းသာ အများကြီး ဖြစ်ပါတယ် ဘုရား။

## အသူရာနှင့် သိကြားစစ်ပွဲ

ဖြစ်ဖို့ရာအလုပ်ကတော့ အကုန်လုံး အစီးအပွားများတာချည်းပဲဗျာ့။ ရှေးအရှင်တွေက အဲသည်လိုလုပ်သွားကြတာဗျာ့။ သည်ဟာကို ဘယ်နေရာမှ ချမထားခဲ့ဘူးဗျာ့။ အကုန်လုံးပါအောင်ယူသွားတော့ လုံလုံလောက်လောက် ရကြတာဗျာ့။ ဒါကြောင့်မို့ သူတို့မှာပကတိအားဖြင့်လည်းတည်တယ်။ ရှေ့ကိုလည်း အကုန်လုံးအစဉ်အတိုင်းသာ တိုးတက်နေကြတော့တာပဲဗျာ့။ ဘာတုန်းဆိုတော့ သူတို့ဟာသည်ဟာတွေကိုအမြဲသုံးစွဲနေတော့ သည်ဟာတွေရဲ့အစီးအပွားကို မြင်သလောက်မြင်တယ်။ သည်တော့သူတို့ဟာ ဒါကိုဘယ်နေရာမှလွှတ်မပစ်ခဲ့ဘူး။ အခုအထက်သိကြားများရှိတယ်။ သူတို့ဟာလည်း သည်ဟာကိုဘယ်အချိန်မှ မစွန့်ဘူးတဲ့။ ဘာ့ကြောင့်လဲဆိုရင် တစ်နေ့သ၌တော့ ဟိုအသူရာနှင့်သိကြားမင်းနှင့်စစ်တိုက်ကြတယ်။ စစ်တိုက်တော့ အသူရာတွေရှုံးပြီး အသူရာမင်းကြီးကို ဖမ်းပြီးတော့ သူတို့နတ်စစ်သည်တွေက ဓမ္မာရုံဇရပ်၌ လည်ပင်းကို ကြိုးငါးခုနှင့်ချည်ပြီး ချုပ်နှောင်ထားတယ်ဗျာ့။ သည်တော့ သည်အသူရာမင်းကြီးက

စိတ်တိုနေတာပေါ့ဗျာ။ မတည့်နေတာပေါ့ဗျာ။ အဲသည် အသူရာမင်းကြီးဟာ သိကြားမင်းက မိမိရဲ့ ဝေဇယန္တာ ပြာသာဒ်ဘုံနန်းကိုဝင်တာ မြင်ပြီဆိုရင် သူက သည်ကနေပြီး ကြိမ်းလိုက်၊ မောင်းလိုက်၊ ဆဲလိုက်နှင့်ပေါ့ဗျာ။ ထွက်တာမြင်ရင်လည်း ရိပ်ကနဲမြင်လိုက်တာနှင့် ဆဲလိုက်၊ ဆိုလိုက်၊ ကြိမ်းလိုက်၊ မောင်းလိုက်နှင့် မပြတ်တော့ဘူးတဲ့ဗျာ့။ မခံချင်အောင် လုပ်တာဗျာ့။ ဒါပေသည့် သိကြားမင်းကတော့ သာသာကလေး နေလိုက်တယ်ဗျာ့။ ဒါကို မာတလိက မြင်တော့ သိကြားမင်းကို မေးတယ်။ ''အရှင် သိကြားမင်း၊ အသူရာမင်းကြီးက ဆဲတယ်၊ ဆိုတယ်၊ ကြိမ်းတယ်၊ မောင်းတယ်၊ အဲတာကို အရှင်သိကြားမင်းက အခုလို သာသာကလေး သည်လိုနေတာဟာ သည်အသူရာမင်းကြီးကို ကြောက်လို့လား။ ဘာကြောင့် သာသာကလေး နေသလဲ''လို့ မေးတယ်။ သည်တော့ သိကြားမင်းက ပြန်ပြီးတော့ပြောသတဲ့ဗျာ့။ ''အမောင် မာတလိ၊ သည်အသူရာ နတ်မင်းကြီးဟာ ငါ့လက်တွင်းကို ရောက်နေတာ ငါပြုချင်သလို ပြုလို့ဖြစ်တယ်။ ငါမကြောက်ပါဘူး။ အမောင် မာတလိရဲ့'' သည်တော့ မာတလိက ''မကြောက်ရင် ဘယ့်နယ့်ကြောင့် သည်လို နေတာတုန်း''ဆိုတော့ သိကြားမင်းက ''ကိုယ်ပြုချင်သလိုပြုလို့ဖြစ်တယ်။ သည်အသူရာမင်းကြီးက ငါ့လက်တွင်းမှာ ရှိနေတာ။ နောက်ပြီး ငါပြုနိုင်တဲ့ဟာတွေလည်း အကုန်ရှိတယ်။ အဲ့သည်လို ပြုနိုင်တဲ့ဟာတွေ ရှိလျက်သားနှင့် သည်လိုသည်းခံတာ'' တဲ့ဗျာ့။

## အမြင့်မြတ်ဆုံး

သည်အစီးအပွားေ ကို သိမြင်ပြီးတော့ မြင့်မြတ်တာဗျာ့။ ဘာကြောင့် လဲဆိုရင် သည်းခံတာဟာ ကိုယ့်မှာ ဘယ်လိုပဲနိုင်တဲ့ အင်အားတွေ သောသော ချာချာရှိပြီး နေပေမယ့်လည်း သူက ဘယ်လိုပြုပြု ကိုယ်ကဘယ်လိုမှ ပြန်မပြုဘဲနှင့် မြင့်မြတ်တဲ့ အမြင့်အမြတ်ကို သိထားပြီးတော့ သူက သည်လိုပြုတာဗျာ့။ မတတ်နိုင်လို့မဟုတ်ဘူး။ တတ်နိုင်လည်းပဲ သည်လိုပြုတာဗျာ့။ ဒါကြောင့် ဘုရားရှင်က ဘယ်လိုလဲဆိုရင် သည်လိုတတ်နိုင်ပါလျက်သားနှင့် ကိုယ်က အင်အားရှိပြီး တတ်နိုင်လျက်နှင့် သည်းခံပြီး သည်လိုနေတာက အကောင်းဆုံးလို့ ဟောတာဗျာ့။ ကိုယ်က မတတ်နိုင်လို့သည်းခံတာလည်း ကောင်းတော့ ကောင်းပါရဲ့။ ကောင်းပေမယ့် ကိုယ်တတ်နိုင်ပေမယ့် ကိုယ်က နိုင်လျက်နှင့် သည်းခံတာကမှသာ ကောင်းတာ အမြတ်ဆုံးတဲ့ဗျာ့။ (တင်ပါ့ဘုရား)

မေး။ ။နိုင်မနိုင်လို့ သည်းခံတာကကော။ အဲတာက ကောင်းတော့ကောင်းတာပဲဗျာ့။ မနိုင်ပေမယ့်လို့ သည်းမခံနိုင်ဘူးဆိုရင်ပဲ ဒါ့ထက်တိုးပြီး အမှုမရောက်ပေဘူးလားဗျာ။ ဟုတ်ကဲ့လားဗျာ့။

ဖြေ။ ။အမှုရောက်တာပေါ့ဘုရား။

မေး။ ။သူက ဘုန်းတန်ခိုးကြီးနေတယ်။ သည်တော့ မနိုင်မှန်းသိလျက်နှင့် သည်းမခံနိုင်ဘဲ လုပ်လို့ရှိလျှင် ဘယ်နှယ်လဲ။

ဖြေ။ ။အခုန အသူရာမင်းကြီးလို သူကလည်းစစ်ရှုံးပြီး အချုပ်အနှောင် ခံနေရသေးတယ်။ သူကပဲဒေါပွနေတယ်။ သူ့မှာသာ နစ်နာတာပါ ဘုရား။

မေး။ ။ဟုတ်တာပေါ့ဗျာ၊ အမျှားကြီးနေရာမကျတာဗျာ။ မတုရမည့်ဟာကို တုလိုက်လျှင် သူ့မှာမနည်းဘူးကို နစ်နာသွားမယ်မဟုတ်လား။

ဖြေ။ ။ဟိုက သည်းခံတတ်တဲ့သိကြားနှင့် တွေ့လို့ပေါ့ဘုရား။ သည်းမခံ တတ်တဲ့ သိကြားနှင့်တွေ့ရင် သည်ထက် ဆင်းရဲမှာပါဘုရား။

## သည်းခံခြင်းမေတ္တာ

ဒါကြောင့် အခုနပြောပဲ့ဟာဘာလဲဆိုရင် သူ့ကိုမပြိုင်ဆိုင်နိုင်သည်ဖြစ် သောကြောင့် သူတော့မဖြစ်ဘူးဆိုပြီး သူလိုသာသာကလေးနေရင် သည်လို သည်းခံတာလည်းကောင်းတာပဲ။ သည်လိုမဟုတ်ဘဲ ဒင်းတော့ဆိုပြီး အမျိုးမျိုး ဒဖုံဖုံအကျန်စလုံးစွမ်းနိုင်တယ်။ စွမ်းနိုင်ပေမယ့် သူတော်ကောင်းတို့ထုံးစံရှိသည် အားလျော်စွာ သည်းခံခြင်းသိုက်ခဲ့စိတ်နှင့် နေမည့်နေလျှင် ဒါကအမြတ်ဆုံးကိုး ဗျာ့။ အမြတ်ဆုံးဆိုတာက လိုချင်တာ အထွတ်အထိပ်ဖြစ်အောင် ရတာဗျာ့။ ရှေးကသူတော်ကောင်းတွေ လောကကြီးတစ်ခုလုံးမှာ အားလုံးတို့ထက်အသာ ဆုံးချည်းပဲဖြစ်နေတယ်။ လောကကြီးတစ်ခုလုံးမှာ အားလုံးတို့ဟာက ဘာလဲ ဆိုရင် သည်းခံခြင်း မေတ္တာနိုပါတာမရှိဘူး။ နေရာမကျအောင်ချည်းဘဲ လျှောက် လုပ်တာပဲ။ အခုန အရှင်သာပေါ့က ဒါတွေကို ဘယ်နှယ်မှမလုပ်ဘူး မဟုတ် လား။ သူတို့လုပ်မှ ၂ဂ၊ သူတို့အမြတ်ဆုံးနှင့် သူတို့လုပ်ယူသွားတာပဲ။ ဘယ်နှယ်မှ မလုပ်ဘူး။ (တင်ပါဘုရား။)

## ဘူရိဒတ်နဂါးမင်း

ကိုယ့်ဟာကိုလုပ်ယူသွားတာပဲ။ ခုနသိကြားမင်းလည်း သည်လိုပဲတဲ့ဗျာ့။ အလောင်းတော်တော့ဟာလည်း သည်လိုပဲမဟုတ်လား။ တို့မှတ်မိတဲ့ဟာတွေကို ကြည့်ပါလား။ လူ့ပြည်မှာ သီတင်းသီလဆောက်တည်ချင်တယ်ဆိုပြီးတော့ ဘူရိဒတ်နဂါးမင်းဟာ သူ့မှာ စည်းစိမ်ချမ်းသာ အင်မတန်မြင့်မြတ်တယ်။ သိကြားမင်းနှင့် ထပ်တူညီမျှပဲမဟုတ်လား။ (ဟုတ်ပါတယ်ဘုရား)။

အဲဒါတွေကိုပစ်ထားခဲ့ပြီး ဥပုသ်စောင့်တာဗျာ့။ ဥပုသ်စောင့်တဲ့အခါ ကျတော့ အလမ္ပာယ်ဆရာကလာတယ်။ လာတော့ တို့ဘုရားအလောင်းကို တွေ့တယ်မဟုတ်လား တွေ့တော့ သူက ဘာမျှတန်ခိုးရှိတာမဟုတ်ဘူး။

မေး။ ။တို့ဘုရားအလောင်းတော်ကတော့ ဘယ့်နှယ်လဲ တန်ခိုးရှိသလား မရှိဘူးလား။

ဖြေ။ ။သည်ဇာတ်ကို တပည့်တော်မသိပါဘူးဘုရား။

မသိဘူးဆိုတာမဟုတ်ပါဘူးဗျာ။ သူတို့ပေါမှာစိုးလို့ မပြောရအောင်ကြံတာဗျာ့။ သူတို့သိပါတယ်ဗျာ့။ သူဘယ်လို တန်ခိုးရှိသလဲဆိုရင် နည်းနည်းကလေး မျက်စောင်းငြိမ့်လိုက်ရင် အားလုံးကိုဟာ ဖွဲ့ပြာဖြစ်သတဲ့ဗျာ့။ အဲဒါကို သည်အလမ္ပာယ်ဆရာက လူစွမ်းကောင်းကြီးလုပ်ပြီးတော့ သူ့မန္တာန်ဆိုတာကလဲ ဘာအသုံးကျသလဲ။ သူ့ဟာ ဘာမှမဟုတ်ဘူး။ သည်က သည်းခံခြင်းနှင့် သူ့သီလပျက်မှာစိုးလို့ သာသာကလေးနေလိုက်တာဗျာ့။ မျက်စိဖွင့်တောင်မကြည့်ဘူးတဲ့ဗျာ့။ အဲ့ဒါ သူက လူစွမ်းကောင်းကြီးလုပ်ပြီး ဖမ်း။ ဖမ်းပြီးပြီဆိုတော့မှ အမျိုးမျိုးအဖုံဖုံ ပြုတယ်မဟုတ်လားဗျာ့။

မေး။ ။သူမခံချင်လို့ရှိရင် ဘာခက်သလဲ ကောင်းကင်ပြန်သွားလဲဖြစ်တယ်လား။ မြေလျှိုးသွားလည်း ဖြစ်တယ်မဟုတ်လား။ နောက်ဆုံး မျက်စောင်းကို သာသာကလေးငြိမ့်လိုက်ရင် ဘယ့်နှယ်လဲ။

ဖြေ။ ။ဖွဲ့ပြာဖြစ်သွားမှာပါပဲဘုရား။

မေး။ ။သည်လိုမှမဟုတ်ဘဲ သိကြားမင်း အသွင်အပြင်၊ ဗြဟ္မာမင်းအသွင်အပြင် သည်လိုနေလိုက်ရင်လည်း ဖြစ်တယ်မဟုတ်လား။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

ဒါပေမယ့် သူကဘာမှမလုပ်ဘူးတဲ့ဗျာ့။ သည်တော့မှ သူကအနိုင်ယူပြီး သကာလ အလွန်သန့်ပြန့် စင်ကြယ်တဲ့နတ်သဒ္ဓါတွေကိုသာ သုံးစွဲနေတဲ့တို့ဘုရားအလောင်းတော်ကို သူက လူစွမ်းကောင်းတယ်ဆိုပြီး တံတွေးနှင့် ခံတွင်းထဲကို ထည့်ဆိုပဲဗျာ။ သည်တော့လည်းပဲ ဘာသာကလေးနေတာပဲဗျာ့။

မေး။ ။ဒါဟာ သူ့ကိုမနိုင်လို့လား၊ သူ့မှာဘာမှမရှိလို့လား။
ဖြေ။ ။ရှိပါတယ်ဘုရား။ ဒါပေသည့် သည်းခံနေပါတယ်ဘုရား။

မေး။ ။ဒါဘာ့ကြောင့်လဲ။
ဖြေ။ ။ဘုရားဆုပန်တဲ့ယောကျ်ားမြတ် ပါရမီပြည့်တာပါဘုရား။

မေး။ ။ဒကာကြီး ဥပုသ်စောင့်တဲ့အခါ သည်လိုလုပ်ရင် ခံမှာလားဗျာ့။
ဖြေ။ ။တပည့်တော်တော့ မခံပါဘူးဘုရား။ အခုနလို နိုင်မည့်လူဆိုရင်တော့ ဖိထိုးမှာပဲဘုရား။

မေး။ ။သည်လိုများ တန်ခိုးတွေ ဘာတွေနှင့်ဆိုရင်ကော။

ဖြေ။ ။ဘယ်လောက်ကောင်းလိုက်မလဲလို့။

မေး။ ။မျက်လုံးကသာ နေမှာလားဗျာ့။

ဖြေ။ ။မျက်လုံးကသာ နေမှာမဟုတ်ပါဘူးဘုရား။ မျက်လုံးကိုချာချာလည် နေမှာပဲဘုရား။

မေး။ ။သည်လိုနေရင် ကိုယ်လိုချင်တဲ့ဟာ ရမလား။

ဖြေ။ ။မရပါဘူးဘုရား။

အေး ဟိုကတော့ ဒီလိုလုပ်တာဗျာ့။ ဒါပေမယ့် မရပ်သေးဘူး။ ခဝါ သည်များ အဝတ်ဖွတ်သလို ရှိသေးသကိုးဗျာ့။ သို့သော်လည်း သူကတော့ သာသာကလေးပဲမဟုတ်လား။တော်တော်ကြာ အလမ္ပာယ်ပြရာယ်ဆိုပြန်တော့ လည်း သူခိုးတာ လုပ်တယ်မဟုတ်လား။ အဲဒါမတတ်နိုင်လို့လား။ တတ်နိုင်ရဲ့ သားနှင့် ခိုးတာကို သည်းခံပြီး လုပ်ပါတယ်ဗျာ့။ သူခိုးတာထက်တောင် ပိုလုပ်တယ်။ ဒါဘာကြောင့်လဲဆိုရင် သူလိုချင်တာပြီးအောင်ဗျာ့။ ဟုတ်ကဲ့ လား။ (ဟုတ်ပါတယ်ဘုရား)။

မေး။ ။အဲတာဘယ်လိုကြောင့်လဲဗျာ့။ ဘူရိဒတ်နဂါးမင်းဟာ မတတ်နိုင်လို့ လား။

ဖြေ။ ။တတ်နိုင်ပါတယ်ဘုရား။

မေး။ ။အေး အဲတာ ပါရမီဖြည့်နေတာဗျာ့။ များများကြီး လုပ်တာဗျာ့။ များများကြီးလုပ်တော့ ဘယ့်နှယ်လဲ သူများထက် နည်းရသလား။

ဖြေ။ ။သူများထက် ထပ်ပဲတန်းက ရပါတယ်ဘုရား။

မေး။ ။အဲတာ များများကြီးလုပ်တာဗျာ့။ ကြွားလား၊ ဘာမှ မတတ်နိုင် လို့ သည်းခံနေလည်း တော်သေးတာပဲ။ ဘာမှ မဟုတ်နိုင်ဘဲနှင့် သည်းမခံဘူးဆိုရင် ဘယ့်နှယ်လဲ။

ဖြေ။ ။ယာနာတော့မှာပေါ့ဘုရား။

## သံသရာနှစ်ဖြာမှာ

အေး ဒါကြောင့် သည်းခံချင်းကို အခု နည်းနည်းကလေးလောက် ပြော ကာ ပြောမည်ဆိုရင် မဆုံးနိုင်ဘူးဗျာ့။ သည်းခံခြင်းဆိုဟာက ဒနေရာတိုင်းမှာ ပစ္စုပ္ပန်သံသရာနှစ်ဖြာမှာ နေရာတိုင်းမှာ နေရာတကာကျတာဗျာ့။ ဒကာကြီး၊ ဒကာမကြီးများဟာ အခုလည်းချမ်းသာချင်ရင် သည်ဟာလုပ်ကြ။ နောင်

ချမ်းသာချင်ရင်လည်း သည်ဟာလုပ်ကြ။ ယခု လောကမှာလည်း ဘာပြီးချင်သလဲ၊ ဘာလုပ်ချင်သလဲ၊ လုပ်ချင်ရင် ဒီဟာကိုပဲ သည်းခံချင်းကိုပဲလုပ်။ နောင်သံသရာမှာပဲပြီးချင်ရင် တာကိုပဲ့လုပ်ကြ။

မေး။ ။ခုနဟာတစ်ခုတည်းနှင့် အကုန်မပြီးဘူးလား။
ဖြေ။ ။အကုန်ပြီးပါတယ်ဘုရား။
ဟုတ်တယ်ဗျာ့။ အခုန ဘုရိဒတ် နဂါးမင်းဟာလည်း သီလ ဆောက်တည်တာဗျာ့။

မေး။ ။တကယ်လို့လာ သူ တိမ်းရှောင်သွားရင် ဘူ ရပါ့မလား။
ဖြေ။ ။မရပါဘူးဘုရား။

မေး။ ။သည်အကောင်လာပြီ၊ ငါမြေလျှိုးသွားမှပဲဆိုပြီး သွားရင် သည်ကောင်နှင့်ကော တွေ့ပါ့မလား။
ဖြေ။ ။မတွေ့ပါဘူးဘုရား။

မေး။ ။ကောင်းကင်ပျံသွားတော့ကော သည်အလမ္မာယ်နှင့် တွေ့ပါ့မလား။
ဖြေ။ ။မတွေ့ပါဘူးဘုရား။
မေး။ ။အဲသည်လိုမတွေ့တော့ သူလိုချင်တာကော ရပါ့မလား။
ဖြေ။ ။မရနိုင်ပါဘုရား။
မေး။ ။သိကြားမင်းယောင် ဖန်ဆင်းနေရင်ကော။
ဖြေ။ ။မရနိုင်ပါဘုရား။
မေး။ ။သို့သော်လည်း သူက ဒါတွေ ဘယ်တော့မှမသုံးဘူး။ ငါ့ကို နေရာမကျအောင်လုပ်တဲ့အကောင်ပဲဆိုပြီး မျက်စောင်းကလေး ထိုးလိုက်ရင် ဘယ့်နှယ်လဲ။
ဖြေ။ ။အလမ္မာယ် ပြာဖြစ်သွားမှာပဲဘုရား။

ဒါပေမယ့် သူက မလုပ်ဘူးဗျာ့။ သေသေချာချာလုပ်ရင် သည့်လိုလုပ်တာ ဘာမှတန်ခိုးမရှိဘဲ လုပ်တဲ့ဟာကို သူလိုချင်တာကလေး ရအောင်ဟာ အခုလို သာသာလာလားနေတာဗျာ့။ မရွေ့ပေါင်ဗျာ။ သူက ဥပုသ်စောင့်မလို့ သွားတာဗျာ့။ ဥပုသ်စောင့်တဲ့အခါကျတော့ သူ့ကို ပြုချင်သလို ပြုပေစေဆိုပြီး အကုန်လုံး သည်းလိုဆောက်တည်ပြီး ထားဘာဗျာ့။ ဒါ့ဒါဟာ ဒါပေ့ အဟုတ် လုပ်ပြီးတဲ့အခါကျတော့ အဟုတ်ကို သည်းလိုနေတာဗျာ့။ (တင်ပါ့ဘုရား)။

မေး။ ။ဒကာကြီး ဥပုသ်စောင့် တော့ကော ကနေ့ ဥပုသ်ယူမယ်ဆိုပြီး စောင့်တယ်မဟုတ်လား။

ဖြေ။ ။ဥပုသ်တော့ စောင့်ပါတယ်ဘုရား။

မေး။ ။သီလဆောက်တည်ပြီးတော့ တစ်ရက်ပြည့်ပြည့် စောင့်မယ်ဆိုပြီး စောင့်တယ်မဟုတ်လား။

ဖြေ။ ။စောင့်ပါတယ်ဘုရား။

မေး။ ။သီလဆောက်တည်ပြီးတော့ တစ်ရက်ပြည့်အောင်ဟာ အခုလို ဘယ်လို ဟာနှင့်တွေ့တွေ့ ကိုယ်က အရယူသလား။

ဖြေ။ ။အရချည်း မယူပါဘူးဘုရား။

မေး။ ။ဘယ့်နှယ်လုပ်သလဲ။

ဖြေ။ ။ဘယ်သင်းမှ မရပါဘူးဘုရား။

မေး။ ။တစ်ရက်ပြည့်အောင်ရောရသလား။

ဖြေ။ ။တစ်ရက်ပြည့်အောင် မရပါဘူးဘုရား။

မေး။ ။တစ်ရက်မှာ ဘယ်လောက်ရသလဲ။

ဖြေ။ ။တစ်ရက်မှာ တစ်ရက်ထက်တောင်ရော့တာက ပိုပါသေးတယ်ဘုရား။

မေး။ ။ဘယ်လောက်ထိအောင် ပိုသွားသလဲ။

ဖြေ။ ။တစ်ရက်ခွဲလောက် ဖြစ်မယ်ထင်ပါတယ်ဘုရား။

မေး။ ။စောင့်တာကတစ်ရက်၊ ရော့တာက တစ်ရက်ခွဲဆိုရင် ကမ္ဘာကပါ့ မလား။

ဖြေ။ ။မကပါဘူးဘုရား။

## သည်းခံခြင်းနှင့်ယှဉ်လျှင်

အဲဒါ ဝီရိယနှင့် လူတောင်ပြီး သည်းခံခြင်းနှင့် ယှဉ်သွားကြမည်ဆိုလျှင် အကုန်လုံး ပြီးစီးအောင်မြင်တာပေါ့။ သည်တော့ နေရာတိုင်းမှာ အခုနဟာ ကောနှင့်မဖြစ်ဘူးလား။ အာသည်ကနေပြီး အိပ်ပြန်သွားရင်အိမ်ကျတော့ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ နှစ်ခုရှိတယ်။ သည်ပြင်ဟာတွေက နေပေ့စေ။ အဲသည်နှစ်ခုမှာ တစ်ခုခုနှင့်တော့ မတွေ့ဘဲမနေဘူး။ ဣဋ္ဌာရုံနှင့် အနိဋ္ဌာရုံမှာ တစ်ခုခုတော့ တွေ့ရမှာပဲပေါ့။

မေး။ ။မတွေ့ရတဲ့အခါ ရှိပါ့မလား။

ဖြေ။ ။ဣဋ္ဌာရုံနှင့် အနိဋ္ဌာရုံ တစ်ခုခုတော့ တွေ့နေရမှာပဲဘုရား။

မေး။ ။မတွေ့ရတဲ့အချိန် ရှိပါ့မလား။

ဖြေ။ ။မရှိပါဘူးဘုရား။

မေး။ ။အဲဒါတွေနှင့်တွေ့တဲ့အခါမှာ သည်းခံခြင်းနှင့်ချည်းပဲသွား။သည်းခံခြင်းနှင့်သွားလို့ရှိရင် ဒါတွေ နည်းနည်းနှင့်တွေ့ရင် ဘယ့်နှယ်လဲ။

ဖြေ။ ။ဣဋ္ဌာရုံ နည်းနည်းနှင့်တွေ့ရင် သူ့ကိုလည်း ဝီရိယနှင့် ပယ်မှာပဲ ဘုရား။အနိဋ္ဌာရုံကိုတွေ့ရင်လည်း သူ အားသန်သည်ဆက် ဝီရိယနှင့် သည်းခံပြီးတော့ ပယ်ပစ်ရမှာပဲ ဘုရား။

မေး။ ။ဟုတ်ကဲ့လားဗျာ။ ဣဋ္ဌာရုံနှင့် တွေ့လို့ရှိလျှင်လည်း အပြစ်ကွက လာဦးမှာလား။

ဖြေ။ ။ဒါကြောင့် သူ မလာအောင် သည်းခံပြီးတော့ ဝီရိယနှင့် ထူထောင်ရမှာပါဘုရား။

မေး။ ။များများကြီး ဆိုရင်ကောဗျာ။

ဖြေ။ ။များများကြီး သည်းခံရမှာပဲ ဘုရား။

မေး။ ။နည်းနည်းတွေ့ရင်ကော။

ဖြေ။ ။နည်းနည်းသည်းခံရမှာပါ ဘုရား။

မေး။ ။အနိဋ္ဌာရုံနှင့်တွေ့လျှင် နည်းနည်းတွေ့ရင် ဘယ့်နှယ်လဲ။

ဖြေ။ ။နည်းနည်းဝီရိယနှင့်သည်းခံရမှာပါဘုရား။များများတွေ့လျှင်လည်း များများဝီရိယနှင့် သည်းခံရမှာပါဘုရား။

မေး။ ။အဲ-အခုဒကာကြီးအိမ်ကျတော့သားသမီးတွေကနည်းနည်းကလေးမှ မခံသာအောင် ဆိုကြမယ်၊ ပြောကြမယ်ဆိုရင် ဘယ့်နှယ်လဲဗျာ။

ဖြေ။ ။ဒါဆိုရင် ခပ်များများဝီရိယနှင့် သည်းခံရမှာပါ ဘုရား။

မေး။ ။အဲသည်တော့ ဘယ့်နှယ်လဲ ပိုမှာဘူးလား။

ဖြေ။ ။ပိုရပါတယ်ဘုရား။

မေး။ ။သည့်ထက်ပိုပြီး မခံနိုင်အောင် လုပ်ပြန်ရောမယ်။

ဖြေ။ ။သည်တော့ တပည့်တော်က အခါမတန်များများ ဝီရိယနှင့်သည်းခံမှာပါဘုရား။

မေး။ ။ဟုတ်ကဲ့လားနော်၊ အဟုတ်လုပ်မှာလား။

ဖြေ။ ။ဒါ အဆင်ပြေအောင် ပြောတာပါဘုရား။

ဟော-အိမ် မရောက်သေးဘူး၊ အခု ကတည်းက လုပ်နေပြီ။ အား-ဒါပေမယ့် ဆောင်ရွက်ရမည့် နေရာမှာ အားတွေ ရှိပါတယ်။ ဘာမှ ပင်ပန်းစရာမရှိဘူးဗျာ။

မေး။ ။ဘယ့်နှယ်လဲ သည်လိုလုပ်ရတာ ပင်ပန်းမှာလား။
ဖြေ။ ။မပင်ပန်းပါဘူး ဘုရား။
မေး။ ။ပစ္စည်းရော ကုန်သလားဗျ။
ဖြေ။ ။ပစ္စည်းလည်း မကုန်ပါဘူး ဘုရား။
မေး။ ။ဘာများ လျော့စရာရှိသလဲ၊ အကျိုးယုတ်စရာများ ရှိသလား။
ဖြေ။ ။အကျိုးယုတ်စရာမရှိပါဘူးဘုရား၊ အကျိုးများစရာသာ ရှိပါတယ်ဘုရား။ သို့သော်သဒ္ဓါနှင့်၊ ဝီရိယနှင့်၊ အလိမ္မာနှင့်၊ ပညာနှင့်လိုနေလို့ပါဘုရား။

## တစ်ခုတည်းနှင့်သွား

အဲဒါတွေနှင့်ရှုပ်နေရင် ဟိုဟာလုပ်ရမလား၊ သည်ဟာလုပ်ရမလားနှင့် ရှုပ်နေမယ်။ သည်တော့ သည်းခံတာတစ်ခုပဲမှတ်ထား။ ဟိုဟာသုံးရမလား။ သည်ဟာသုံးရလား။ ပြီးတော့ ဟိုဟာရှာရဦးမယ်။ သည်ဟာရှာရဦးမယ်။ ဟိုဟာ မပါဘဲနေမယ်နှင့် အကုန်လုံး ပျက်ကုန်မယ်။ သည်တော့ အခုနပြောတဲ့ဟာ တစ်ခုတည်းနှင့်ပဲ သွားဗျ။

မေး။ ။သည်းခံရမယ် ဆိုတာလားဘုရား။
ဖြေ။ ။ဟုတ်တယ်ဗျ။ အကုန်လုံးဟာ တစ်ခါတည်း အဲဒါနှင့် ဆိုရင် အကုန်လုံး နေရာကျသွားမှာပဲ။ ဘာဖြစ်ဖြစ် နေရာကျမှာပဲ။

## တယ်နေရာမကျ

ကိုယ်ငယ်ငယ်တုန်းက လျှောက်ပြီး သုပ်းခံတော့ကို မြန်မာလူမျိုးတွေက တော့ တယ်နေရာမကျဘူး၊ ကုလားတွေ့ကတော့ တော်တော်နေရာကျတယ်ဗျ။ တို့က လျှောက်သွမ်းခံတာဗျ။ ဟဲသည်မှာ ကုလားအဘိုးကြီးဗျ။ တို့ကို မြင်တော့ ပြေးပြေးလောင်းလိုက်သေးတယ်ဗျ။ ရော့အရွယ်ကြီးနှင့် ယိုင်တိုင် ယိုင်တိုင်နှင့် သည်ကုလားကြီးဟာ လျှောက်လာင်းတာဗျ။ တို့မြင်ရင် အဒေး ကြီးက ပြေးလာပြီး လောင်းလိုက်သေးတယ်။ ပြီးပြီးဆိုတော့ ဘာတုန်းဆိုရင် တို့မြန်မာလူမျိုးဆိုတဲ့ဟာကလည်းတယ်နေရာကျတာမဟုတ်ဘူးဗျ။ ဘာဒနေရာ မကျသလဲဆိုရင် သည်အဘိုးကြီးကို ဘယ်လိုခေါ်ရသလဲဆိုရင်သူတို့မိဘများက နည်းနည်းလေးလေးတွေ ပေးထားတော့ သူတို့ကမှန့်ဝယ်တာကိုးဗျ။ သည်အဘိုး ကြီးကလည်း သူတို့ဝယ်တတ်တဲ့မုန့်ရောင်းကိုဗျ။ အဲဒါဘယ်လိုခေါ်သလဲဆိုရင် ဟော့-ခွေးကုလားလာတဲ့ဗျ။ သည်လိုကို ခေါ်တာဗျ။ ကြားရဲ့လား။ ခေါ်တဲ့ အခါကျတော့ ကလေးတွေဆိုတော့ ဟိုကခေါ်၊ သည်ကခေါ်၊ သူကဘယ့်နှယ်လဲ ဆိုရင် ပြုံးပြုံးကြီးနှင့် လာမယ်။ လာမယ်။ လာမယ်လို့ ပြုံးပြုံးကြီး လုပ်ထား

ပြီး အရင်ခေါ်တဲ့လူဆီကို အရင်သွားရတယ်။ သည်ကျတော့လဲ လာမယ်။ လာမယ်နှင့် ဟိုကခေါ်တာက ခွေးကုလားတဲ့ဗျာ။

အဲသည်လိုခေါ်တဲ့ဆီလည်း ပြေးသွားတာပဲဗျ။ သည်ကောင်ကလေး တွေဟာ ငါ့လို အဘိုးကြီးကို ပိုက်ဆံတစ်ပြားနှင့် သည်လိုခေါ်ရမလားလို့ သည်လိုမဟုတ်ဘူး။ သူကတော့ ပြေးလာတာပဲ။ အဲသည်ကလေးတွေဆီရောက် အောင်ပြေးတာပဲဗျ။ တစ်ခါတလေ အခေါ်ဆိုနေတဲ့အခါကျတော့ သည်ကို လည်းလာမယ်။ လာမယ်နှင့် ပြေးတာပဲ ဟိုကိုလည်း ပြုံးပြုံးကြီးလုပ်ပြီး အခုနလို သွားလိုက်တာပဲ။

မေး။ ။အခု ဒကာကြီး၊ ဒကာမကြီးကို သည်အဘိုးကြီးအိုကြီးကို ခေါ်သလို သာ ငယ်ငယ်ကလေးတွေကခေါ်ရင် ဘယ့်နှယ်လဲ။

ဖြေ။ ။တပည့်တော်ဆိုရင် စိတ်ဆိုးမှာပေါ့ဘုရား။

မေး။ ။စိတ်ဆိုးရုံလား၊ သာသာတိတ်နေမှာလား။

ဖြေ။ ။တိတ်တိတ်မနေပါဘူးဘုရား။ သည်ကလေးတွေကို ရိုက်ချင်ရိုက်မှာပဲ ဘုရား။

မေး။ ။သည်လိုဆိုရင် သူ့ဆီက ပိုက်ဆံတစ်ပြား ရပါ့မလား၊ မရတဲ့အပြင် ဘယ့်နှယ်လဲ။

ဖြေ။ ။တပည့်တော်ကို မြန်မာတွေက ဝိုင်းရိုက်မှာပါဘုရား။

အေး သူ့မှာတော့ သည်လိုမဟုတ်ဘူး အဲသည်လို လုပ်တာဗျ။ သူ့ မှာ အပြစ်လဲရှိမှာ မဟုတ်ဘူး။ စိတ်ကလည်း မဆိုးပေါင်ဗျာ။ အဲဒါ တို့ ငယ်ငယ်တုန်းကဆွမ်းခံတော့ မြင်တာဗျ။ သူ့ကို သည်လိုခေါ်တာ စိတ်မဆိုး ဘူးဗျ။

မေး။ ။သည်လိုစိတ်ဆိုးရင် ဘယ့်နှယ်လဲ၊ ကုသိုလ်လား၊ အကုသိုလ်လား။

ဖြေ။ ။ကုသိုလ်ပါဘုရား။

မေး။ ။အခု ဒကာကြီး၊ ဒကာမကြီးများ ဘုရားဆုံးမတာကို သည်းခံကား လိုက်တဲ့ ဟာကလေး လုပ်ပါဆိုတော့ လိုတော့လိုချင်တယ်မဟုတ်လား။

ဖြေ။ ။ဒါကလေး လုပ်နေပေမယ့် တပည့်တော်တို့က စပ်စပ်ထိ မခံပါဘူး ဘုရား။

သို့သော်လည်း ရဟန်းတွေ အကုန်လျှောက်လုပ်မနေနှင့် သည်းခံမယ် ဆိုတာ တစ်ခုတည်းကိုပဲ လုပ်ကြားလား။ အိမ်သူများက မတည့်အောင် ဘယ်လိုလုပ်လုပ် ကိုယ့်ဟာကိုယ်သာ မလုပ်၊ ဟုတ်ကဲ့လားဗျ။ (ဟုတ်ပါတယ် ဘုရား)။

မေး။ ။သူတို့တစ်တွေက ကောင်းကောင်းမွန်မွန်လုပ်ရင်ရော။

ဖြေ။ ။သဘောကျအောင်ကြီးပဲ လျှောက်လုပ်နေရင်လဲ သာယာပြီးတော့ လောဘတဏှာဖြစ်သွားရင် အကုသိုလ်ဖြစ်ပါတယ်ဘုရား။

မေး။ ။အဲသည်တော့ မဝင်သာအောင် ဘယ့်နှယ် လုပ်မလဲ။

ဖြေ။ ။သည်းခံရမှာပဲဘုရား။

အေး အဲဒါသာမှတ်ထားဗျာ့။ သည့်ပြင်ဟာတွေနှင့် လျှောက်လုပ်မနေနှင့် ဟိုစာကဘယ်လို၊ သည်ဟာက ဘယ်လိုနှင့် တော်တော်ကြာ ကိုယ့်ဟာတွေ ပျက်သွားမယ်။ အဲ့ဒါကြောင့် သည်းခံမှု တစ်ခုတည်းနှင့်ပဲ လုပ်သွားပါဗျာ့။ အဲဒါတစ်ခုတည်းနှင့်လုပ်သွားရင် အကုန်ဖြစ်ပါပြီဗျာ့။ (ဟုတ်ပါတယ်ဘုရား)။

မေး။ ။တော်တော်ကြာ တစ်ခါတစ်ခါ ညောင်းလာဦးမှာလား။
ဖြေ။ ။ညောင်းနေရင်လည်း သည်းခံနေရမှာပဲဘုရား။

မေး။ ။သည်းခံပြီး ဘယ့်နှယ်လုပ်မှာလဲ။
ဖြေ။ ။သည်းခံပြီး သည်ညောင်းလာတဲ့ ဟာရုံကို မရောက်အောင် အာရုံတစ်ခုခုကို ဖူးစိုက်နေရပါမှာဘုရား။

မေး။ ။ဟုတ်ကဲ့လားဗျာ့။ ဒါဖြင့် နေရာကျပြီနော်၊ အိပ်ချင်တယ် ဖြစ်တော့ကော။
ဖြေ။ ။အိပ်ချင်တယ်ဖြစ်ကော့ ထိသိကို မလွှတ်အောင် အင်မတန် ဝီရိယစိုက်ပြီး နေရမှာပဲဘုရား။

မေး။ ။နေရာကျတော့မှာပဲထင်ပါရဲ့။
ဖြေ။ ။နေရာကျမှာပါဘုရား။

မေး။ ။ကြပ်ကြပ်ကြီး အိပ်ချင်ကော့ကော။
ဖြေ။ ။ကြပ်ကြပ်ကြီး ဝီရိယတိုးပေးရမှာပါဘုရား။

မေး။ ။ဟုတ်ကဲ့လား။ တစ်ယောက်ယောက်က မတည့်အောင်တွေလုပ်ရင် ဘယ့်နှယ်လဲ။
ဖြေ။ ။သည်လိုပဲတိုးတိုးပြီး လုပ်ရမှာပဲဘုရား။

မေး။ ။တိုးတိုးပြီး ဘယ့်နှယ်လုပ်မှာလဲ။
ဖြေ။ ။စိတ်ကိုမလွှတ်အောင်ပြီး ဝီရိယတိုး လုပ်ရမှာပါဘုရား။

မေး။ ။ကောင်းပြီ အခုနပြောတော့ များများလာတော့ များများသည်းခံ။ နည်းနည်းမတည့်အောင်ဖြစ်တော့ ဘယ့်နှယ်လဲ။
ဖြေ။ ။အိပ်က သားတွေသမီးတွေက ဘာပြောပြော သည်းခံရမှာပဲဘုရား။

မေး။ ။နည်းနည်းကလေး သဘောမကျအောင်ပြောမယ် ဘယ့်နှယ်လုပ်မလဲ့။
ဖြေ။ ။နည်းနည်းလေး သည်းခံရမှာပဲဘုရား။

မေး။ ။မျှားများသည်းခံရတာ ကောင်းတယ်မဟုတ်လား။သည့်ထက်များ ငါ့ကို မခံချင်အောင် လုပ်စမ်းပါလို့ သည်လိုပြောရ မကောင်းဘူးလား။

ဖြေ။ ။သည်လိုပြောရတာထက် မပြောဘဲနေတာကကောင်းပါတယ်ဘုရား။

မေး။ ။ဘာဖြစ်လို့လဲ။

ဖြေ။ ။သိပ်ကဲလာမှာ စိုးရပါတယ်ဘုရား။ သူတို့က သိပ်ကဲလာရင် တပည့်တော်ကမခံနိုင်ရင် ငရဲကြီးကုန်မှာပါဘုရား။တပည့်တော်က သည်လိုအဆင့်အတန်း မရောက်သေးပါဘူး ဘုရား။

မေး။ ။ဒါက ဘယ့်နှယ်လဲ ခက်လား။

ဖြေ။ ။ခက်တော့ မခက်ပါဘူးဘုရား။

သူတို့မှာ ဘုရားရှင်အဆုံးအမ မတွေ့ကိုမှတ်ထားတာအများကြီးရှိတယ်။ အဲသည် မှတ်ထားတာ အများကြီးထဲက တစ်ခုကို ပြောတာဗျာ့။

မေး။ ။ဒါကလေးတစ်ခုတည်းနှင့် လုပ်ရင်လည်း မှတ်ထားတာ အကုန်လုံးမပါဘူးလား။

(ပါပါတယ် ဘုရား)

သည်တစ်ခုတော့ မမှတ်မိစရာလည်းမရှိပါဘူး။ခက်လည်းမခက်ပါဘူး။ မခက်ရင် ဝီရိယထူထောင်ပြီး ရှေးအရှင်တွေပြုကြသလို ပြုကြ။ ရှေးအရှင်တွေသည် ဤကဲ့သို့ ဝီရိယတွေနှင့်ထူထောင်ပြီးတော့ သွားကြသည် ဖြစ်သောကြောင့် သူတို့ရည်ရွယ်ချက်အတိုင်း ပြီးစီးကြပါတယ်ဗျာ့။ အသီးသီးသောဗောဓိတွေဟာ ပြီးပြီဆိုတော့မှ အဲသည်မှာ စိတ်ဆန္ဒအတိုင်း ပြီးစီးအောင်မြင်ကြလို့မို့ တောင်းတတဲ့အတိုင်း အကြွင်းအကျန်မရှိ အကုန်ပြီးပါတယ်ဗျာ့။ သည်တော့ ရှေးအရှင်တွေရဲ့သည်းခံမှုတွေကို သိပြီးတော့ ငါတို့လည်း ဤကဲ့သို့ပြုမယ်လို့၊ အမိဆောင်ရွက်မယ်လို့ စိတ်ဆန္ဒကို ဖြစ်စေပြီးသကာလ မီအောင်ညီအောင် ကြိုးစားကြ၊ အားထုတ်ကြဗျာ။

# ထားတတ်ရင် အပါယ်မကျ

(ထားဆိုတဲ့နေရာကလေးမှာ ထားကြ၊ အဲ့သည်လို စူးစူး စိုက်စိုက်ကလေး နေပြီဆိုရင်တော့ အပါယ်တော့ ကေန္တမကျ တော့ဘူးလို့ မှတ်ရမယ်။)

(ဤတရားမှာ ၁၉၅၅ ခု၊ မေလ ၁၁ ရက်ည၊ ရန်ကုန်တက္ကသိုလ် ဓမ္မာရုံတွင် ဟောကြားတော်မူသည်။ရှေးဦးစွာ ရှစ်ပါးသီလပေးတော် မူပြီးနောက် ဘုရားအလိုတော်အတိုင်းကျင့်ကြံအားထုတ်ရန် မိန့်တော်မူ သည်။ထို့နောက်အလှူခံပုဂ္ဂိုလ်များဆောင်ရမည်များကိုလည်းကောင်း အလှူပစ္စည်းများသင့်လျော်စွာအသုံးချရန်ကိုလည်းကောင်းဟောကြား ပါသည်။ထို့ပြင် ဒါန သီလနှင့် စပ်လျဉ်း၍ ကောသမ္ဗီပြည်မှ ကျွန်မ ကြီး ခုဇ္ဇုတ္တရာအကြောင်း၊ ဇီဝက ဆေးကုသပေးသော သူဌေးမကြီး အကြောင်း၊ သာမာဝတီနှင့် မာဂဏ္ဍီတို့ အကြောင်းများ ဥပမာ ဆောင်၍ ဟောကြားတော်မူပါ၏။)

ဝေဘူဆရာတော် အရှင်မြတ်သည် ပထမဦးစွာ ရှစ်ပါးသီလတော်ကို ပေးပြီးနောက် အောက်ပါအတိုင်း တရားတော်ကို ချီးမြှင့်တော်မူပါသည်။

**တရားနာခံအဖြစ် ဦးလှက ဆောင်ရွက်သည်**

သီလကို ဆောက်တည်၍ပြီးကြပြီ။ဆောက်တည်ပြီးကြရင် ပြည့်စုံအောင် ဖြည့်ကြ၊ ကျင့်ကြ ပြည့်စုံပြီဆိုမှဖြင့် စိတ်နှလုံး အလို တောင့်တ ရည်ရွယ်ချက် အသီးသီးတို့ဟာ အကုန်လုံး ပြီးစီး အောင်မြင်ကြရော။ထိုသို့ဖြစ်သောကြောင့် ပစ္စုပ္ပန်သံသရာနှစ်ဖြာ တောင့်တရည်ရွယ်ချက်အသီးသီးတို့ပြီးစီးခြင်းငှာ အလို

ရှိကြပါတဲ့ သူတော်ကောင်းအစားစားတို့သည် သီလကိုကြိုးစားပြီး ဖြည့်ကြ၊ ကျင့်ကြတယ်။ သီလ၌တည်ပြီးတော့ ပြုရတဲ့ကုသိုလ် အဖြာဖြာတို့သည်တောင့်တတဲ့အတိုင်း အပြီးအဆုံးတိုင်မြောက်အောင်ဆောင်တယ်။ ပို့တယ်။ သီလ၌တည်ပြီးတော့ နှစ်သက်ဖွယ်ဖြစ်တဲ့ ပူဇော်မှုတို့ကို စိတ်ထဲ၌ သဘောကျသလိုကောင်းမွန်စွာစီမံပြီး သူတကာတို့ကို မစေမပန် မခိုင်းဘဲနှင့် အလှူဝတ္တုကိုရှိသေလို့၊ အလှူခံကိုရိုသေလို့၊ စိတ်ကိုဖြောင့်မတ်စွာထားပြီးတော့ အတုအတူမရှိပါတဲ့ဘုရားရှင်၊ ဘုရားသာသနာတော်ကို ကိုယ်ပိုင်ဖြစ်တဲ့ပစ္စည်းကို ကိုယ်တိုင်ဆက်ကပ်လှူဒါန်းပြီး ကိုယ်အလိုရှိရာနှစ်သက်တဲ့ ဗောဓိနှင့်နိဗ္ဗာန်သို့ စံဝင်ရပါလို၏လို့ အဲဒီလို ဆုယူ ဆုတောင်းကြ။

## အခါကောင်း ဘဝကောင်း

ဗောဓိဆိုတာ သစ္စာလေးပါးကို ထိုးထွင်းပြီးတော့ သိတာ မြင်တာကို ဗောဓိလို့ခေါ်တယ်။ ဗောဓိသည် သမ္မာသမ္ဗုဒ္ဓ ဗောဓိ၊ ပစ္စေက ဗောဓိ၊ သာဝက ဗောဓိရယ်လို့ အသီးသီးရှိတယ်။ ဒီတော့ သာဝကတွင်မှာလည်း အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကရယ်လို့ အသီးသီးရှိတယ်။ တေဒဂ်ရာထူးဌာနန္တရတို့မှာလည်း ကိုယ်အလိုရှိတဲ့ တေဒဂ်ရာထူးဌာနန္တရဖို့နှင့် နိဗ္ဗာန်ကိုစံဝင်ရပါလို၏လို့ အဲဒီလို ဆုယူ ဆုတောင်းကြ။ တောင့်တတဲ့အတိုင်းဟာ အသီးသီး ပြီးစီးအောင်မြင်၍ နိဗ္ဗာန်သို့ စံဝင်ကြသွားတော်မူကြတဲ့ သူတော်ကောင်းအစားစားတို့ဟာ ရေတွက်ခြင်းငှာ မစွမ်းနိုင်အောင် များပြားကြပါတယ်။ ဤကဲ့သို့ စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း ပြီးစီးအောင်မြင်ကြတာဟာ ဘာကြောင့်လဲဆိုရင် အခါကောင်း၊ ဘဝကောင်း၊ ဝီရိယကောင်းကြလို့ပဲ။ ဘုရားပွင့်တော်မူတဲ့အခါ ဘုရားသာသနာရှိတဲ့အခါက အခါကောင်းမည်တယ်။ လူ့ဘဝ၊ နတ်ဘဝ၊ သုဂတိဘဝကိုရကြတဲ့ သူတော်ကောင်း အစားစားတို့ဟာ ဘဝကောင်းမည်တယ်။ ကိုယ်လိုချင်တဲ့ နှစ်သက်ဖွယ်ဗောဓိကို ပြီးမြောက်အောင် ဝီရိယထူထောင်ပြီး အအားအနား မထားဘဲနှင့် သွက်လက်ဖျတ်လတ်ပြီးတော့ ဆည်းပူးအားထုတ်တာက ဝီရိယကောင်းမည်တယ်။

အခါဘဝကောင်းတာကို သိပြီးတော့ လိုအပ်တဲ့မှန်းထားချက် အသီးသီးပြီးအောင် ဝီရိယထူထောင်ပြီး ယူကြတော့ အကုန်လုံး အသီးသီးတို့ဟာ စိတ်နှလုံး အလိုအတိုင်း ပြီးစီးကြတယ်။ ဘုရားရှေ့လက်ထက်တော်က ဘုရားထံမှောက်သို့ များစွာသောလူနတ်ဗြဟ္မာတို့ ရောက်ကြတယ်။ အဲဒီလိုရောက်တဲ့အခါမှာ ဘုရားရှင်ရဲ့ အသရေတော်ကို မျက်မှောက်အားဖြင့် ကြည်ညိုကြတဲ့အခါမှာ ဘယ်လူ ဘယ်နတ်ဗြဟ္မာမှ အားမရနိုင်။ မရောင့်ရဲနိုင်ကြပါဘူးဗျာ။ စိတ်အား

ဖြင့်ကြည့်ပြီးတော့ နှစ်သက်ဖွယ်ဖြစ်တဲ့ အမျိုးမျိုး အဖြာဖြာသော ပစ္စည်းတို့ကို လှူဒါန်းဆက်ကပ် ပူဇော်ကြတဲ့အခါကတော့ အတုအတူမရှိပါတဲ့ ဘုရားရှင်သည် အစဉ်သနားပြီးတော့ ကိုယ်တော်တိုင် ထိုးထွင်းပြီး သိပါတဲ့အတိုင်း သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် သိစေတော်မူတယ်။

## မချွတ်ဝီရိယဖြင့်

ဤကဲ့သို့ ဘုရားအဆုံးအမကို ရကြပြီဆိုမှဖြင့် မချွတ်ဝီရိယဖြင့် လေးဖြာသော ဣရိယာပုထ်တို့မှာ တစ်ဆက်တည်းဖြစ်အောင်ယူကြတယ်။ အဲသည်လို ယူကြသည်ဖြစ်သောကြောင့် ဆိုက်သင့်ဆိုက်ထိုက်တဲ့အချိန်မှာ အခါမလင့် ဆိုက်လာပါတယ်။ ဆိုက်လာပြီဆိုတော့ ဝမ်းမြောက်ရကြရပါသတဲ့ဗျာ။ ဝမ်းမြောက်ရမှုမှာလည်း တစ်ခဏစာ၊ တစ်ဘဝစာ မဟုတ်ဘူးဗျ။ သံသရာတစ်လျှောက်လုံးအတွက် လုံလောက်သည်ဖြစ်သောကြောင့် သံသရာတစ်လျှောက်လုံးအတွက် လုံလောက်ပြီး လူ့ဘဝ တစ်ဘဝရယ်လို့ ပြောစလောက်ပြီလို့ ဤကဲ့သို့ ဝမ်းမြောက်ကြရတယ်။ ဒီတော့ ဤကဲ့သို့ ဘာကြောင့် ဝမ်းမြောက်နေကြရပါသလဲ ဆိုရင် အခါဘဝကောင်းတာကို သိပြီးတော့ ဝီရိယကိုထူထောင်ပြီး ယူကြတဲ့ သူတော်ကောင်း အစားစားတို့ဟာ ဤကဲ့သို့ဝမ်းမြောက်ကြရပါတယ်ဗျ။ ဘယ်အချိန် ဘယ်အခါတွေမှာလဲဆိုရင် ဘုရားပွင့်တော်မူတဲ့အချိန်ကစပြီး သကာလ များစွာသော လူနတ်ဗြဟ္မာတို့ဟာ ရောက်ကြတယ်။ ရောက်ကြသည့် အချိန်တိုင်း အချိန်တိုင်းမှာတင်ပဲ တောင့်တရည်ရွယ်ချက် အသီးသီးတို့ဟာ မှန်းထားတဲ့အတိုင်းဟာလည်းပဲ အကုန်လုံးသော လူနတ်ဗြဟ္မာတို့ဟာ စိတ်နှလုံးအလို ပြီးကြပါတယ်ဗျ။ အချိန်တိုင်း အချိန်တိုင်းပါပဲဗျ။ ဘုရားပွင့်တော်မူတဲ့အချိန်ကစပြီး များစွာသော လူနတ်ဗြဟ္မာအပေါင်းတို့ဟာ ဘုရားထံမှောက်မှာဘယ်အခါများ ပူဇော်ခြင်း၊ မြတ်နိုးခြင်းတို့ကိုမပြုတဲ့ အချိန်အခါများ ရှိပါသေးသလဲ။ (မရှိပါဘူးဘုရား)

အေး၊ ဘုရားထံမှောက်မှာ အမြဲပဲ များစွာသော လူနတ်ဗြဟ္မာတို့ဟာ များပါ့ဗျာ။ အဲဒီလို များပြားတော့ကို အကုန်လုံးသော လူနတ်ဗြဟ္မာတို့ဟာ တောင့်တရည်ရွယ်ချက် အသီးသီးတို့ဟာ၊ အချိန်တိုင်း အချိန်တိုင်းမှာတင်ပဲ ပြီးကြပါတယ်ဗျ။ ဒီတော့ အရပ်တစ်ခုရယ် ဘာရယ်ဆိုတာကတော့ ရေတွက်တဲ့အခါမှာ တောက်လျှောက်အချိန်ကြီးမဟုတ်ပါ။ ခဏတစ်မုဟုတ်ခြင်း ကလေးတွင်ပဲ ဘုရားအဆုံးအမကို ရကြတယ်။ သူတော်ကောင်း အစားစားတို့မှာ ကုဋေပေါင်း တစ်ရာ၊ တစ်ထောင်၊ တစ်သောင်းမကတစ်ခါတစ်ခါကုဋေပေါင်း အသင်္ချေ၊ ဤကဲ့သို့ များပြားတယ်ဗျ။ အရပ်တစ်ခုတစ်ခုမှာ နေရာတစ်ခုခုမှာ ဆိုတာသူတို့နေဖို့ မဆံ့ပါဘူးတဲ့ဗျ။ ဒါပေမယ့် တန်ခိုးကြီးလို့သာ နေထိုင်ကြ

တာ။တစ်နေရာစာလောက်ကလေးမှာပဲနေစရာမရှိသည်ဖြစ်သောကြောင့် တန်ခိုးကြီးနတ်သိကြားဗြဟ္မာတွေဟာအဲဒီလိုနေရာကလေးမှာပဲ နေလောက်အောင် ဖန်ဆင်းပြီးဘုရားဆုံးမတဲ့ အဆုံးအမတွေကို ယူကြတာတဲ့ဗျာ့။ အဲဒီလို နေရာမရလောက်အောင် လူတွေ နတ်တွေ ဗြဟ္မာတွေဟာ များပြားပါသတဲ့ဗျာ။

## ဟိုကတစ်မျိုး သည်ကတစ်ဖြာ

အဲဒီလို နေရာကလေးတွေကနေပြီး ဘုရားအဆုံးအမကို ရကြတယ်။ ရကြသည်နှင့်တစ်ပြိုင်နက်တည်း မချတဲ့ ဝိရိယနှင့် ဣရိယာပုထ် လေးဖြာမှာပဲ ဒီလိုဆောင်ပြီးတော့ ထားကြတော့ ယခုနလို ပြီးကြတာဗျာ့။ ယခုလို ခဏတစ်မဟုတ်ကလေးတွင်ပဲ ရာပေါင်း၊ ထောင်ပေါင်း၊ သိန်းပေါင်း တစ်ခါတလေ ကုဋေပေါင်း အသင်္ချေပေါင်း ကမှာ မဟုတ်ပါဘူးဗျာ့။ သည့်ပြင်သိကြားနတ်တွေ၊ ဗြဟ္မာတွေဟာ ဆက်ကာဆက်ကာ ဘယ်တော့မှ မပြတ်ပါဘူးဗျာ့။ အဲဒါ အချိန်အခါ ဘဝကောင်းကြတော့ ဝိရိယ ထူထောင်ယူကြလို့ အကုန်လုံး ဒီလို ပြီးကြတာဗျာ့။ အခုလည်း အားလုံးသော သံဃာတော်အရှင်ကောင်းတို့ဟာ မေတ္တာတည်းဟူသော မိုးစွေပြီး အမြဲတမ်းအားဖြင့် သွန်သင်ဆုံးမပြီးနေကြတယ်။ အဲဒါဟာ သုံးဖြာသော ပိဋကတ်တွေပါပဲ။ သည်သုံးဖြာသော ပိဋကတ်တွေဟာလည်း ဘုရားရှင် ဆုံးမတော်မူတာတွေပဲ။ သာသနာတော် ထားတော်မူခဲ့တယ်ဆိုတာ ဒါကိုခေါ်တာဗျာ့။ အဲဒါကို အခု မပျက်ပြားရအောင်ဆိုပြီး ဆက်ကာဆက်ကာနှင့် ဘုရားရှင်ဟောတော်မူတာတွေကို မပျောက်ပျက်ရအောင် တပည့်သား တပည့်သမီးများစွာတို့ဟာ တစ်ခါတစ်ခါ ကျပြီဆိုတော့ ဟိုကတစ်မျိုး သည်ကတစ်ဖြာ ဖြစ်မှာစိုးသည့်အတွက် သံဃာတော် အရှင်ကောင်းတို့က မေတ္တာကရုဏာ မိုးစွေပြီး စုပြီးတော့ တစ်ပြိုင်နက်တည်း ထပ်တူညီမျှ ရွက်ကြတယ်ဗျာ့။ အဲဒါကို သင်္ဂါယနာတင်လို့ခေါ်တယ်ဗျာ့။ ဘုရားရှင် ဟောတော်မူတာတွေ ချွတ်ယွင်းမှာစိုးလို့ သူကတစ်ဖုံ ကိုယ်ကတစ်မျိုး မဖြစ်ရအောင် လုပ်တာပဲ။

ဘုရားဟောတော်မူတာ တစ်ခုတည်းကိုပဲ တစ်မျိုးစီဖြစ်နေရင်ဘယ်တော့မှ တည့်မှာမဟုတ်ဘူး။ မတည့်လို့ရှိရင် လိုချင်တဲ့ ခရီးကိုလည်း ရောက်မှာမဟုတ်ဘူး။ဒါကြောင့်ခရီးမမှားရအောင်အမှန်တစ်ခုတည်းကိုပဲ အမျိုးမျိုးတွေ ဖြစ်ပြီး နေမှာစိုးလို့ အဲသည်လိုပြုကြရတာဗျာ့။ဘုရားဆုံးမတော်မူတာတွေဟာ ဆက်ကာဆက်ကာမပျက်ဘဲ တည်အောင် ထားကြတာကိုး။ အဲဒီလိုဆောင်ထားပြီးပြီဆိုတော့ မှတ်ပြီးပြီဆိုတော့ မမှားအောင် ရှေးအရှင်တွေ သွားတဲ့ခရီးကို မှတ်ပြီးပြီဆိုတော့၊အဲသည်လိုသွားကြရမှာဗျာ့။ မသွားဘဲနှင့်မရောက်ဘူးဗျာ့။

မေး။ ။ကိုယ့်မှာ ကား ရထားရှိတယ် မဟုတ်လား။ အဲသည်အပေါ်မှာ စီးသွားလို့ရှိရင် ကိုယ်လိုချင်တဲ့ခရီးကို မရောက်ဘူးလား။

ဖြေ။ ။ရောက်ပါတယ်ဘုရား။

မေး။ ။ကား ရထားတော့ရှိပါရဲ့ သည်အတိုင်း စီးပြီးမသွားဘဲနှင့် ကိုယ်လိုချင်တာကို ရောက်ပါမလား။

ဖြေ။ ။မရောက်ပါဘူးဘုရား။

မေး။ ။ပါးစပ်က ဆိုနေရုံနှင့် ရောက်သလား။

ဖြေ။ ။မရောက်ပါဘူးဘုရား။

မေး။ ။လမ်းတော့သိပါရဲ့ဗျာ၊ ဘယ်စေတီဆိုရင် ဘယ်လမ်းက သွားရဘာဗျာဆိုပြီး သိနေတယ်။ ဒါပေမယ့် မသွားဘဲနှင့် ရောက်မလား။

ဖြေ။ ။မသွားဘဲနှင့် မရောက်ပါဘူးဘုရား။

မေး။ ။အေး၊ သိတော့ရောက်ပါဗျာ့၊ ပြီးတော့ ကိုယ်မသွားချင်နေပေစေ။ ကား ရထား အရှင်တွေကသိပြီးနေတော့ ဒါလည်း သွားပို့ရမှာပဲ ဆိုပြီး ပို့တာကို တက်သာစီး။ တို့မသွားပေမည့် ပို့တဲ့လူက သိနေတော့ ရောက်တာပဲ မဟုတ်လား။

ဖြေ။ ။ရောက်ပါတယ်ဘုရား။

သူများမပြောနှင့် တို့ဟာဘယ်မှ မသိဘူးဗျာ့။ သူတို့က မနက်ဆွမ်းခံသွားမယ်လို့ပြောရင် သွားရတာပဲ။ ဆွမ်းခံသွားမယ်ဆိုရင် သာသာ ကားပေါ်တက်ပါလို့ဆိုတော့ တက်လိုက်သွားတာပဲ။ ပြီးတော့ ဆွမ်းခံဖို့ရာအချပ် ရောက်သွားတာပဲ မဟုတ်လားဗျာ့။ (ဟုတ်ပါတယ်ဘုရား)

အေး၊ တို့တော့ ဘယ်မှ မသိဘူးဗျာ့။ အရပ်ကို မသိဘူးဗျာ့။ ဒါပေမယ့် ရောက်တာပဲဗျာ။အဲတာတစ်ရက်မဟုတ်ဘူး။နေ့တိုင်းပဲဗျာ့။ အဲဒါကြောင့်မို့ တို့ဆွမ်းစားနေရတာဗျာ့။ တို့လာတုန်းကဆိုရင် သပိတ်ကလေးသာပါလာတာဗျာ။ ဒါတောင်မှ အဲသည်သပိတ်က မကောင်းဘူးဆိုပြီး သူတို့မြို့ကလူတဲ့သပိတ်နှင့်ဆွမ်းခံရတာဗျာ့။ ဆွမ်းခံသွားဖို့ရာလမ်းလည်း တို့ကတော့မသိပေါင်ဗျာ။ ဒါပေမယ့် ကားစီးပါဆို တက်စီးလိုက်တာပဲ။ ဆွမ်းခံတဲ့ နေရာရောက်ပြီဆိုတော့ ဆင်းပြီး ဆွမ်းခံလိုက်တာပဲ့ အဲဒါဆွမ်းရတာပဲဗျာ့။

အခုလည်းပဲ ဘုရားရှင်ဆိုဆုံးမပါတဲ့ အဆုံးအမတွေက ဘာလဲဆိုတော့ ကိုယ်တောင်းတတဲ့ ရည်ရွယ်ချက်အတိုင်းဟာ ရောက်နိုင်တဲ့ဟာတွေပါပဲ။ အဲတာ တွေကို မှတ်သားပြီးပြီဆိုတော့ သည်အတိုင်းလိုက်နာနေပြီဆိုတော့ ရှေးအရှင် တွေလို ချမ်းသာသုခ အသီးသီးတွေဟာ ပြီးစီးအောင်မြင်ကြလိမ့်မယ်ဗျာ။ ဆိုက်ကြရောက်ကြပါလိမ့်မယ်ဗျာ။ အခု ကားပေါ်တက်စီးလို့ တစ်ပါတည်း ကားသွားကတည်းက ဟိုနေရာကို ရောက်တော့မှာပဲဗျာ့။ အခုလည်းပဲ ဘုရား ဆုံးမတာတွေကိုရှိတယ်။ အဲသည်လိုရှိတာကို သိတယ်။ ပိဋကတ်သုံးပုံဆိုတာ လည်း သုတ်၊ ဝိနည်း၊ အဘိဓမ္မာ အဲဒါတွေကိုလည်း သိက္ခာတော် အရှင် ကောင်းတွေက မေတ္တာတည်းဟူသောမိုးစွေပြီး ပို့ချ၊ ချကြနှင့် အခါအခွင့် ရတိုင်း ထပ်ပြန်တလဲလဲ အမျိုးမျိုးအဖြာဖြာတွေကို သိအောင် အဲသည်လို သွန်သင်ဆုံးမထားကြတော့ အားလုံးတို့ဟာလည်း အသီးသီးမှတ်သားပြီးသား ရှိကြပါတယ်။ ဘုရားရှင်ရွှေလက်တော်ကစပြီးတော့ တစ်ခါတစ်ခါမှာ ယခု တွင်ကလို တစ်ခုတည်းဥစ္စာကိုပဲ ဆင်းရဲမှုလွတ်မှု တစ်ခုတည်းကိုပဲ တစ်မျိုးစီ ဖြစ်ပြီးတော့၊ ကွဲပြီးတော့ နေကြမှာစိုးလို့ သင်္ဂါယနာတင်ကြရတာဗျာ့။

လျှောက်။ ။တပည့်တော်တို့တော့ တစ်ခုတည်းသောနေရာကို သိချင်လှပါပြီ ဘုရား။

မေး။ ။အံမယ် သူတို့မှာ ကားတွေပေါလိုက်တာ ဘယ်ကားစီးစီး ရတာဗျာ့။ ကားတစ်ခုတွင် ကမှကပါမလား။ ဘယ်နှစ်ခုလောက်ရှိသလဲ။

ဖြေ။ ။သုံးလေးစီး ရှိပါတယ်ဘုရား။

မေး။ ။တချို့က သည်ထက်ကပါ့မလား။

ဖြေ။ ။တချို့ကတော့လည်း လေးငါးခြောက်စီး ရှိပါတယ်ဘုရား။

မေး။ ။အဲသည်ကားတွေ တက်သာစီးဗျာ့။ ဘယ်ကားစီးစီး လိုချင်တဲ့နေရာ ကို သွားနိုင်မဟုတ်လား။
(တင်ပါ့ဘုရား)။

မေး။ ။အခုလည်း ဘုရားဆုံးမတဲ့ အဆုံးအမတွေဟာ သူတို့မှာ သုံးဖြာ ပိဋကတ်ဆိုတာကို မေတ္တာရှင် ကရုဏာရှင်တွေက သွန်သင်ဆုံးမထား တော့ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းဆိုတာ အသီးသီးမှတ်ထားတာရှိတယ် မဟုတ်လား။

ဖြေ။ ။ဒါကလည်း ပါးစပ်မှာ ဖြစ်နေပါတယ် ဘုရား။

ဆရာတော်။ ။အဲသလိုမှတ်ထားတဲ့ဟာကို ကိုယ်က သာသာကလေးတက်စီးရုံ ပါပဲဗျာ။

လျှောက်။ ။ဘယ်ကားတက်စီးရမလည်း မသိပါဘူးဘုရား။ ကားတွေ ထွက်သွားတော့ကာ မေ့ပြီး ကျန်ရစ်ခဲ့ပါတယ်ဘုရား။

ဆရာတော်။ ။ကိုယ်ပိုင်ကားဆိုတော့ ကိုယ်စီးချင်တဲ့ကားတက်စီး။ သည်ကားကတော့ လိုချင်တဲ့နေရာကိုသိတဲ့ ကားတွေပါပဲဗျာ။

လျှောက်။ ။တပည့်တော်တို့က လိုချင်တဲ့နေရာ မသိတတ်လို့ သိတတ်တဲ့ကားကို စီးချင်လှပါပြီဘုရား။

ဆရာတော်။ အံမယ်မင်း သူတို့ကားတွေရှိသားနှင့်ဗျာ။ တက်သာစီး ဘယ်ဟာဖြစ်ဖြစ် ရောက်မှာချည်းပဲ့ရယ်။ မှတ်ထားလိုက်တဲ့ဟာတွေ အဲသည်အထဲက တစ်ခုမှန်မှန် ကိုယ်သဘောကျ နှစ်သက်တဲ့ဟာ တစ်ခုခုကို ဝီရိယသန်သန်နှင့် ထိုထိုအာရုံမသွားရအောင် အဲ့သည်လို ထားဗျာ့။ ထားပြီဆိုတော့ အဲ့ဒါ ကားတက်စီးတာပါပဲဗျ။

လျှောက်။ ။တပည့်တော်တို့ ပါရေးနာပုဂ္ဂိုလ်တွေ အားလုံးက ဟိုကား သည်ကားမစီးဘဲနှင့် တစ်မျိုးတည်းသော ကားတစ်စီးတည်းကိုပဲ စုသွားချင်ပါတယ်ဘုရား။ တစ်ယောက်နှင့်တစ်ယောက် မလွဲဘဲနှင့် တစ်ကားတည်းကိုပဲ စီးချင်ပါတယ်ဘုရား။

သူတို့ဟာ အကုန်လုံး ဆင်းရဲမှလွတ်မှုကြီးပဲဆိုတာ နားလည်ထားပါတယ်ဗျာ့။

လျှောက်။ ။တစ်မျိုးစီဖြစ်ကုန်မှာစိုးလို့ပါဘုရား။

တစ်မျိုးစီမဟုတ်ပါဘူးဗျာ့။ ဘာဖြစ်ဖြစ် အာတူတူတစ်ခုတည်းပဲ ကိုယ်ကသာတက်စီး၊ စီးရင် ကိုယ်ရောက်ချင်တဲ့နေရာကို သေသေချာချာဆိုက်မှာချည်းပဲပေါ့။ အဲသည်ကိုသွားတဲ့ကားချည်းပဲဗျာ့။ အခုလည်း ဘုရားရှင်ဆိုဆုံးမတဲ့ အဆုံးအမတွေရထားကြတယ်။ ပြောတတ်တယ်။ အဲသည်မှတ်ထားတဲ့တစ်ခုခုကို သာလျှင် ထိုထိုတစ်ပါးအာရုံမသွားရအောင် ဘုရားအလိုတော်ကျ ဝီရိယသန်သန်နှင့်သာ သည်လိုအာရုံပြုပြီးထားကြ။

မေး။ ။အဲ့သည်လိုထားတော့ မနေဘူးလား။

ဖြေ။ ။နေပါတယ်ဘုရား။

မေး။ ။အေးနေတယ်ဆိုရင် နေတဲ့အချိန်မှာ ဆင်းရဲကို ဖြစ်စေတတ်တဲ့ လောဘ၊ ဒေါသ၊ မောဟတို့ဟာ ရှိသေးသလား။

ဖြေ။ ။မရှိပါဘူးဘုရား။

မေး။ ။မရှိဘူးဆိုရင် အကုသိုလ် စင်ကြယ်တာပေါ့ဗျာ့။
ဖြေ။ ။တင်ပါ့ဘုရား။

မေး။ ။စင်ကြယ်တယ်ဆိုတော့ သည်အချိန်မှာ စိုးရိမ်ကြောင့်ကြ ပူပန်ရမှု ရှိသေးသလား။
ဖြေ။ ။မရှိပါဘူး ဘုရား။

မေး။ ။ဒါဟာ အခုအာရုံပြုရင် အခုချက်ချင်း မဟုတ်လား။
ဖြေ။ ။အခုချက်ချင်းပါဘုရား။

မေး။ ။အခုလို စိတ်ကလေးကို စူးစူးစိုက်စိုက်ထားလို့ နေတဲ့အချိန်ကလေးမှာ သက်တမ်းစေ့လို့ စုတိကျတယ်ဆိုရင် ဘယ့်နှယ်လဲ။ စိုးရိမ်ကြောင့်ကြ ပူပန်ရဦးမလား။
ဖြေ။ ။မပူပန်ရပါဘုရား။

မေး။ ။ဒါဟာ ခဏလေးရှိသေးတယ်ဗျာ့။ သည့်ထက် အချိန်များများကြီး ထားမယ်ဆိုရင် ဤမျှ ကပါ့မလား။
ဖြေ။ ။မကပါဘူးဘုရား။

## မကြောက်ရဘူး

ရှေးအရှင်တွေဟာ အဲသည်လိုသွားတာဗျာ့၊ ဒါကြောင့် သူတို့မှန်းထားတဲ့ ရည်ရွယ်ချက်အတိုင်း အသီးသီး အကုန်ပြီးတာပါဗျာ့။ ဘုရားရှင်ဆုံးမတဲ့ သုံးပုံသောပိဋကတ် အကုန်လုံးဟာ ဆင်းရဲမှ လွတ်မှု တစ်ခုတည်းပါပဲဗျာ့။ ဘုရားရှင်ကလည်း သည်ဆင်းရဲမှ လွတ်မှုတစ်ခုတည်းကိုသာလျှင် အမြဲအားဖြင့် ညွှန်ကြားဆုံးမတာဗျာ့။ ဒါကြောင့် အခုန ထားဆိုတဲ့ နေရာကလေးမှာသာ နေအောင်ထားကြဗျာ့။ အဲသည်လိုထားလို့ တော်တော်ကလေးနေပြီးနေတော့ ရိပ်မိလာကြလိမ့်မယ်။ အဲသည်မှာ ခုနလိုအခုလည်း မကြောက်ရဘူး။ နောင်လည်း မကြောက်ရဘူး။ အခုလည်းမစိုးရိမ်ရဘူး၊ နောင်လည်းမစိုးရိမ်ရဘူး။

မေး။ ။သက်တမ်းစေ့လို့ သေရင်လည်း မင်းဘယ်သွားမလဲဆိုရင် ဘယ့်နှယ်လဲ။ သည်အတိုင်းနေရင်တော့ မပြောနိုင်ဘူးထင်တယ်။
ဖြေ။ ။မပြောနိုင်ပါဘူး ဘုရား။

မေး။ ။ဥပုသ်စောင့်ရင်ကော ပြောနိုင်ပါ့မလား။
ဖြေ။ ။ဥပုသ်စောင့်ရင်လည်းမပြောနိုင်ပါဘူးဘုရား။ ဥပုသ်စောင့်ရင်လည်း ထားဆိုတဲ့နေရာ မထားတတ်တာနှင့် လောဘဖြစ်လိုက်၊ ဒေါသဖြစ်လိုက်တာပဲဘုရား။

## ပြောလို့ မကုန်နိုင်

မေး။ ။မထားငြ တ်တာ မဟုတ်ပါဘူးဗျာ့။ မထားလို့ မနေတာပါဗျာ။

ဖြေ။ ။မထားတတ်သေးပါဘူးဘုရား။ ဘယ်လိုထားရမယ်ဆိုတာ ချီးမြှင့်တော်မူပါဦးဘုရား။
ဒါကတော့ဗျာ သူတို့အားလုံး သိပြီးသားတွေပါဗျာ့။ ပြောစမ်းကြပါဆိုရင် ပြောလို့မကုန်နိုင်အောင် များပါတယ်ဗျာ။

မေး။ ။သို့သော်လည်း သူတို့အားလုံး တစ်မျိုးစီ၊ တခြားစီ ဖြစ်ချင်ဖြစ်နေမယ် မဟုတ်လား။

ဖြေ။ ။တစ်မျိုးစီ တခြားစီ ဖြစ်နေပါတယ်ဘုရား။
အေး၊ ဒါကြောင့် အားလုံး တစ်ပြိုင်နက်တည်း တူတဲ့ဟာဆိုရင်တော့ အဲဒါကတော့ အကုန်လုံး တူကြ တန်ကြပါရဲ့။

မေး။ ။အခု ဒကာကြီး၊ ဒကာမကြီးတွေဟာ အသက်မရှူကြဘူးလား။

ဖြေ။ ။ရှူကြပါတယ်ဘုရား။

မေး။ ။အသက်မရှူတဲ့ ဒကာကြီး၊ ဒကာမကြီးတွေ ပါသေးသလား။

ဖြေ။ ။မပါပါဘူးဘုရား။

မေး။ ။အသက်ရှူတဲ့အခါ ဘာနှင့်ရှူရသလဲ။

ဖြေ။ ။နှာခေါင်းနှင့် ရှူရပါတယ်ဘုရား။

မေး။ ။ဒါကတော့ တညီတညာတည်း ဖြစ်ရဲ့လား။

ဖြေ။ ။တညီတညာတည်းပါ ဘုရား။

## ထွက်လေဝင်လေ

မေး။ ။အသက်ရှူတာက ဘယ်လိုလဲဆိုတော့ လေနှစ်ရပ်တို့ဟာ အေးအေး၊ အေးအေးနှင့်တိုက်ဝင်တယ်။ ပြီးတော့ အေးအေးနှင့် တိုက်ပြီးပြန်ထွက်တဲ့ဟာကို ခေါ်ထင်ပါရဲ့ ဟုတ်ကဲ့လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။
ဒါကြောင့် လေနှစ်ရပ်တို့ဟာ ဘယ်နေရာကလေးမှာ အေးအေး အေးအေးနှင့် တိုက်ထွက်တယ်၊ တိုက်ဝင်တယ်၊ ဘယ်နေရာကလေးမှာ ထင်ထင်ရှားရှားတိုက်ပြီး ဝင်တယ်၊ ထွက်တယ်ဆိုတာ အခု စဉ်းစားကြစမ်းပါဗျာ့။

မေး။ ။စဉ်းစားတော့ သိတယ်မဟုတ်လားဗျာ့။
ဖြေ။ ။သိပါတယ်ဘုရား။

မေး။ ။ဘယ်နေရာကလေးမှာ အေးအေး အေးအေးနှင့် တိုက်ပြီးတော့ ထွက်သတုန်းဗျာ့။
ဖြေ။ ။နှာသီးဝမှာ အေးအေး အေးအေးနှင့် ကိုက်ထွက်တာ ထင်ရှားပါတယ်ဘုရား။ဝင်တော့လည်းပဲ နှာသီးဝမှာ အေးအေး အေးအေးနှင့် တိုက်ပြီးတော့ ဝင်ပါတယ်ဘုရား။

မေး။ ။သည်တော့ ဘယ်နေရာကလေးမှာ ထင်ရှားသတုန်းဗျာ။
ဖြေ။ ။နှာသီးဝမှာပဲ ထင်ရှားပါတယ်ဘုရား။

မေး။ ။အဲသည်နေရာမှာ လက်တစ်ခုနှင့် သာသာကလေးတို့ထိပြီး ထားရင် မသိပေဘူးလား။
ဖြေ။ ။လက်နှင့်ထိတော့ သိနေပါတယ်ဘုရား။

မေး။ ။သည်တော့ ကိုယ့်စိတ်မှာ၊ ကိုယ့်ကိုယ်မှာ စိုက်စိုက်စူးစူး တည်ပြီး နေသလား။
ဖြေ။ ။မနေပါဘူးဘုရား။

မေး။ ။မနေတော့ တခြားတစ်ပါးကို သွားနေသလား။
ဖြေ။ ။သွားနေပါတယ်ဘုရား။

မေး။ ။သည်လိုသွားတော့ ကုသိုလ် အကုသိုလ် နှစ်ခုရှိတဲ့နေရာမှာ ကုသိုလ်လား၊ အကုသိုလ်လား။
ဖြေ။ ။တခြားသွားတာက အကုသိုလ်ချည်းပါပဲ ဘုရား။

မေး။ ။အကုသိုလ်ဆိုတော့ ကိုယ်အလိုရှိတဲ့နှစ်သက်တဲ့ တောင့်တချက်တွေကို ရပါ့မလား။
ဖြေ။ ။မရပါဘူးဘုရား။ လွဲသွားပါတယ်ဘုရား။

မေး။ ။အေး....အကုသိုလ်တွေနှင့် တခြားသွားနေရင် သက်တမ်းစေ့လို့ စုတိကျရမယ်ဆိုရင် ဘယ်ရောက်မလဲ။
ဖြေ။ ။အပါယ်ရောက်မှာပဲ ဘုရား။

မေး။ ။အပါယ်ဆိုတာ ဘယ်ဒင်းလဲ။
ဖြေ။ ။ငရဲ၊တိရစ္ဆာန်၊ပြိတ္တာ၊အသူရကယ်ပါဘုရား၊

မေး။ ။ငရဲကိုကော ဘယ်သူရောက်ချင်သလဲ။

ဖြေ။ ။ဘယ်သူမှ မရောက်ချင်ပါဘူးဘုရား။

ခမေး။ ။တိရစ္ဆာန်ကိုကော ဘယ်သူရောက်ချင်သလဲ။
ဖြေ ။ ။မရောက်ချင်ပါဘူးဘုရား။

မေး။ ။ပြိတ္တာရော။
ဖြေ။ ။မဖြစ်ချင်ပါဘူးဘုရား။

မေး ။ ။အသူရကာယ်ရော။
ဖြေ။ ။မဖြစ်ချင်ပါဘူးဘုရား ။

မေး။ ။အဟုတ်မဖြစ်ချင်တာလား၊ လိမ်ပြောတာလား။
ဖြေ။ ။အဟုတ်ကို မဖြစ်ချင်တာပါဘုရား။
ကောင်းပါ့ဗျာ၊မဖြစ်ချင်ရင်ဖြင့် လေးပါးသော အပါယ်ကို မသွားနှင့်ဗျာ့၊ သွားရင်တော့ ရောက်မှာပဲ။

မေး။ ။မရောက်ချင်ဘူးဆိုပြီးတော့ အဟုတ်မရောက်ချင်တဲ့လူဟာအဲသည်ကို သွားပါ့မလား။
ဖြေ။ ။မရောက်ချင်တဲ့လူကတော့ မသွားပါဘူးဘုရား။

မေး။ ။အခု ဒကာကြီး၊ဒကာမကြီးတွေဟာ မရောက်ချင်ဘူးလို့ပြောကြတယ် မဟုတ်လား။ ဒါပေမယ့် အဲသည်ကော မသွားဘဲ နေ့ရှိလား။
ဖြေ။ ။မသွားဘဲကော့ နေလို့မဖြစ်ဘူးထင်ပါတယ်ဘုရား။

မေး။ ။ဘာဖြစ်လို့လဲ၊ သွားချင်လို့လား၊ ရောက်ချင်လို့လား။
ဖြေ။ ။တပည့်တော်တို့က ချွတ်ယွင်းနေပါတယ်ဘုရား။

ဆရာတော်။ ။မရောက်ချင်လို့ရှိရင်တော့ မသွားဖို့ရှိတာပဲ။အေး-ဒါပေမယ့် အခုနလို ထိုတစ်ပါးအာရုံသွားနေတာဟာ တခြားသွားသည်မဟုတ်၊ အပါယ်လေးပါးရှိသည့်အနက် တစ်နေရာရာကို သူသွားတာပဲဗျာ့။

လျှောက်။ ။တစ်နေရာရာကတော့ သေချာတယ်ဘုရား။

ဆရာတော်။ ။လေးပါးလုံးတော့ တစ်ပြိုင်နက်တည်း မရောက်ပါဘူး။

လျှောက်။ ။တစ်လှည့်စီ ရောက်နေမှာ ထင်ပါရဲ့ဘုရား။

ဆရာတော်။ ။သည်အတိုင်း နေရင်တော့ တစ်နေရာရာကတော့ သေချာတယ်ဗျာ့။
(သေချာပါတယ်ဘုရား)

## ဘယ်သူ့မှပို့တာမဟုတ်

အဲသည်လိုသွားတာက ဘယ်သူကမှ ပို့တာမဟုတ်ဘူး။ ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာကမှ ပို့တာမဟုတ်ဘူး။ ဒါကြောင့် အဲသည်နေရာကိုမရောက်ချင်ရင် မသွားနှင့်၊ဒါကို ဘာဖြစ်လို့ပြောရသလဲဆိုရင် အခုန လက်နှင့်ထိတော့ သိတယ်လို့ပြောကြတယ် မဟုတ်လား။ ပြောသည့်အတိုင်း ကိုယ့်စိတ်ဟာ အဲသည်လိုအကုသိုလ်တွေ ငြိမ်းစေရအောင်၊ အဲသည်အပါယ်လေးပါးကိုမသွားရအောင် သည်နေရာမှာ လက်နှင့်ထိတော့သိလို့ စိတ်ကလေးကို အဲသည်လိုထားကြဗျာ။ ထားတော့ကို ဘယ်မှမသွားဘဲနေတယ် မဟုတ်လား၊ ဘယ်မှမသွားဘဲနှင့်နေတာက အဟုတ်ထားတော့ အဟုတ်နေတယ် မဟုတ်လား။ (နေပါတယ်ဘုရား)။ထိုင်ထားရင်ကော မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား)။ အဲသည်လို ထားတဲ့အချိန်မှာ အကုသိုလ်တွေ စင်ကြယ်ပြီးတော့၊ ကြည်ပြီးတော့ တည်ပြီးနေတယ်ဗျာ့။ ဒါကြောင့် စိုးရိမ်ကြောင့်ကြမှု အပြာပြာတို့ဟာ ဘာမှမရှိဘဲနှင့် ချမ်းသာသကိုးဗျာ့။

မေး။ ။သည်တော့ သည်ချမ်းသာကလေးကို မပျက်ရအောင်၊ သည်ဟာကို မလွတ်ရအောင် စိတ်ကဆောင်ပြီးပြီဆိုတော့ ထိုင်ရာက မတ်တတ်ရပ်ချင်လည်း ဖြစ်တယ်မဟုတ်လား။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

မေး။ ။လမ်းခရီးသွားမယ်ဆိုရင်လည်း တစ်ဆက်တည်း မပျက်ဘဲနှင့်သွားရင် မဖြစ်ပေဘူးလား။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

မေး။ ။ခန္ဓာဝန်အတွက် စားဖို့သောက်ဖို့ ဆောင်ရွက်တဲ့ နေရာမှာကော ထိထားပြီးတော့ ဆောင်ရွက်ရင် ဖြစ်တယ်မဟုတ်လား။

ဖြေ။ ။အဟုတ်ထားရင် ဖြစ်ပါတယ်ဘုရား။

အဟုတ်ထားရင် ရတာပေါ့ဗျာ၊ စိတ်ထားဖို့ဆိုတာလွယ်တာပေါ့ဗျာ၊ မော်တော်ကားပေါ်တယ် ဆိုဘာကမှ လျှောက်သွားပြီး ဟိုရောက်မှ တက်ရတာဗျာ့၊ အခုဟာကတော့ လွယ်လိုက်တာဗျာ။

မေး။ ။စိတ်ကလေးကို အခုထားဆိုရင် အခုဖြစ်တယ်မဟုတ်လား။ နေရာကရွှေ့ရသေးသလား။

ဖြေ။ ။မရွှေ့ရပါဘူးဘုရား။

မေး။ ။အေး အဲဒါလွယ်တာပေါ့ဗျာ့၊ ကားပေါ်တက်ရတာလောက် ခက်ပါမလား။

ဖြေ။ ။မခက်ပါဘူးဘုရား။

ဒကာကြီး ဒကာမကြီးတွေက သူ့ကိုမခိုင်းဘူးဗျာ့။ သည်တော့ သူက သူတို့ကမှ မခိုင်းဘဲနှင့်ဆိုပြီး လျှောက်သွားနေတာဗျာ့။

မေး။ ။သူသွားတတ်တာ ဘယ်နေရာတွေလဲဗျာ့။
ဖြေ။ ။အပါယ်ဘက် သွားပါတယ်ဘုရား။
မေး။ ။အေးပါ အပါယ်လေးရွာဘက်ကို သွားတတ်တာဗျာ။ ဘယ်ရွာတွေ လဲဗျာ့။
ဖြေ။ ။ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ အသူရကာယ်ပါဘုရား။

အဲသည်ရွာတွေကို သွားတတ်တာဗျ။ ဒကာကြီး ဒကာမကြီးတွေက အခု ဘုရား ဆုံးမတဲ့ အဆုံးအမတွေကိုရတော့ သည်မှာနေဟဲ့ဆိုရင် အဟုတ်သာ ထားနေလိမ့်မယ်ဗျ၊ အဟုတ်မထားလို့ရှိရင်တော့ ငါ့ကို ကောင်းကောင်း လည်းမထားဘူး၊ အဖက်လည်းမလုပ်ဘူး။ သည်တော့ ငါသွားတတ်တဲ့နေရာ သွားမယ်ဆိုပြီး သွားတာဗျာ့။ သူက အအားမနေဘူးဗျာ့။ သည်တော့ ငါ သွားတတ်တဲ့နေရာ သွားမယ်ဆိုပြီး သွားတာပဲဗျာ့။

မေး။ ။သူဟာ နားနေသလား။
ဖြေ။ ။အနားမနေပါဘူးဘုရား။

ဆရာတော်။ ။သူက အင်မတန် အလုပ်ကောင်းတာဗျာ့။ ဒကာကြီးက သူ့ကို မခိုင်းဘဲကိုး။

လျှောက်။ ။နေဟဲ့လို့ ပြောလည်း မနေဘူးဘုရား။
ဆရာတော်။ ။ဒကာကြီးက အဟုတ်ခိုင်းတာမှ မဟုတ်ဘဲကိုးဗျာ့။
လျှောက်။ ။တပည့်တော်ကတော့ အဟုတ်ခိုင်းတာပါပဲဘုရား။
ဆရာတော်။ ။ဒကာကြီးမှာ သားတွေသမီးတွေ ရှိတယ်မဟုတ်လား။ အဲ သည်လို သားတွေသမီးတွေကို ခေါ်ခိုင်းတယ်မဟုတ်လား။ အဲသည် လိုခိုင်းတော့ ကိုသူတို့ကလည်း သိတယ်ဗျာ့၊ ငါ့ကို အဟုတ်ခိုင်းတာ မဟုတ်ဘူး ဟုတ်တယ်ဆိုတာ သိတယ်ဗျာ့၊ သိတော့ ငါတို့ တော်သလို နေလိုက် မယ်ဆိုပြီး မလုပ်ဘဲ နေတယ်မဟုတ်လား။

ဒါပေမယ့် အဟုတ်ခိုင်းတော့ ဘယ်နေလဲ။

လျှောက်။ ။အဟုတ်လုပ်ပါတယ်ဘုရား။
ဆရာတော်။ ။ဒါက ရိုက်ခိုင်းတာဗျာ့။
လျှောက်။ ။ဒါကတော့ လုပ်အောင်ခိုင်းရမှာပေါ့ဘုရား။

ဖြစ်အောင်ခိုင်းရင်တော့ ဖြစ်ပါတယ်ဗျာ့။ မရိုက်ပေါင်ဗျာ။ သားငယ် သမီးငယ်တွေဟာ သူတို့ဘာကြိုက်သလဲ။ သူတို့ဟာ ထမင်းကြိုက်လိမ့်မယ်။

အဝတ်အစားကြိုက်လိမ့်မယ်။ အဲဒါက ကိုယ့်သားသမီးတွေ ဘာကြိုက်တယ်ဆိုတာလဲ သိတယ်ဗျာ့။

မေး။ ။အဲသည်တော့ သူတို့ကြိုက်တာကို ပေးမယ်ဆိုရင် ကိုယ်ခိုင်းချင်တာ ခိုင်းလို့ မဖြစ်ဘူးလား။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

မေး။ ။အေးဗျ။ ပိုတောင်ဟုတ်ဦးမယ်။ အဲသည်တော့ ရိုက်ရသေးသလား။

ဖြေ။ ။မရိုက်ရပါဘူးဘုရား။

မေး။ ။ကဲ ဒါဖြင့် ကနေ့ သည်လိုဆိုရင် နက်ဖြန်ခါ ဘယ့်နှယ်လဲ။

ဖြေ။ ။နက်ဖြန်ခါတော့ သူတို့ လိုချင်တဲ့ဟာ ပေးရင် လုပ်မှာပါပဲဘုရား။ အေး၊ ဖြစ်ပါတယ်ဗျ။ အခုလည်း ဒကာကြီး ဒကာမကြီးတွေက ခိုင်းကို မခိုင်းတာဗျ။ သားသမီးတွေကို သည်လို ခိုင်းလို့ဖြစ်ရင် ကိုယ့်စိတ်ကိုတော့ သည်လိုခိုင်းလို့ မဖြစ်ဘူးလား။ လူတောင် ခိုင်းလို့ဖြစ်ရင် စိတ်ကို ခိုင်းလို့မဖြစ်ဘူးလား။ ဒကာကြီးက စိတ်ကို မခိုင်းဘူးဗျာ့။

မေး။ ။မခိုင်းတော့ ငါသွားတတ်တဲ့နေရာ သွားမှပဲဆိုပြီး သွားတာပဲဗျာ့။ ဟုတ်ကဲ့လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

## မည်မည်ရရ မခိုင်းလို့ပါ

မေး။ ။ဒါကြောင့် ကောင်းကောင်းခိုင်းထားဗျာ့။ ပြီးတော့ အဲသည်လို အလုပ်ခိုင်းရင် ဘယ့်နှယ်လဲ။

ဖြေ။ ။အိပ်ချိန်တန်ပြီဆိုပြီး အိပ်တာပဲဘုရား။

ကောင်းကောင်းသာ ခိုင်းထားရင် မအားဘူး၊ မအားဘူးနှင့် ငါ့ကို ခိုင်းထားတယ်ဆိုပြီး မအိပ်ဘဲနေမှာဗျ။ ဒါကြောင့် ကိုယ်ကသာ ခိုင်းဖို့လိုတာဗျာ့။ စိတ်ကလေးကိုမေးရင် သူတို့က သည်လိုပြောမှာဗျာ့။ မင်း ဘာကြောင့် ဟိုဟိုသည်သည် သွားရသလဲဆိုရင် ဒကာမကြီး ဒကာကြီးတွေက မခိုင်းဘူးလို့ ပြောမှာဗျာ့။ဒကာကြီးဒကာမကြီးတွေကလည်း မည်မည်ရရ မခိုင်းသေးလို့ပါဗျာ့။သူတို့က အင်မတန်ချမ်းသာကြိုက်တာဗျာ့ကြားလား။အဲသည်လိုချမ်းသာကို မနှစ်သက်တဲ့လူ မရှိဘူးဗျာ့။ နှစ်သက်ကြတာချည်းပဲဗျာ့။ သို့သော်လည်း သည်စိတ်ကလေးကို ချမ်းသာကြိုက်တယ်၊ ကြိုက်တယ်။ ကြိုက်ပေတဲ့ ဟိုသွား သည်သွား သွားတယ်ဆိုတာက သူ့ခမျာမျှားမှာ ချမ်းသာ မလာဘူး။ သွားရတာဗျာ့။ သို့သော်လည်း သူမသိတဲ့ချမ်းသာတရားကို မသိတတ်ဘူး။ သူ

သွားနေကျနေရာကိုပဲ သွားတာပဲဗျာ့။ တကယ့်ကို ထားရင်တော့ ဘယ်မှမသွားတော့ဘူးဗျာ့။

ဒါကြောင့် ဘုရားရှင် ရွှေလက်ထက်တော်က ဘုရားထံမှောက်ရောက်၊ ဘုရားရှင်က သည်လိုသည်လိုဆိုတာကို မှတ်ထား၊ မှတ်ထားပြီးတော့ကာ ဆိုက်လာ ရောက်လာတော့ သူတို့သွားသေးသလား။

ဖြေ။ ။မသွားတော့ပါဘူး ဘုရား။

မေး။ ။အဲဒါ အဟုတ်လုပ်တာဗျာ့။ အဲသည်မှာ အရင်ကလို လုပ်ပါဆိုတော့ကော လုပ်သေးလား။

ဖြေ။ ။မလုပ်ပါဘူး ဘုရား။

မေး။ ။မလုပ်နှင့်လို့ ပြောရသေးသလား။

ဖြေ။ ။မပြောရပါဘူး ဘုရား။

## ခုဇ္ဇုတ္တရာ

အေး-ရှေးက အရှင်တွေက အဲသည်လိုသွားတာဗျာ့။ ဘုရားဆုံးမတဲ့ အဆုံးအမကို ရတယ်။ ရတာကိုလွှင့်မပစ်ဘူး။ ရတယ်ဆိုရင် သည်ဟာကို ဘယ်တော့မှ စွန့်မပစ်ရဘူး။ တောက်လျှောက်ကြီး ရထားတာဗျာ့။ ရှေးကလည်း သည်လိုယူကြတာ ရှိတယ်မဟုတ်လား။ ကောသမ္ဗီပြည်မှာ အရှင်ဘုရားကြွရောက် ချီးမြှင့်တော်မူတော့ သာမာဝတီဆိုတဲ့ ရှင်ဘုရင်မကြီးရှိတယ်။ သည်ရှင်ဘုရင်မကြီးကို ဝတ်ကြီးဝတ်ငယ် ပြုနေတာက ဘယ်သူလဲ။ သူ့ကျွန်ဟာလေ၊ ခုဇ္ဇုတ္တရာတဲ့ဗျာ့။ သူက အကုန်လုံးဆောင်နေတာဗျာ့။ သူနှင့်ဆိုရင် အတည့်ဆုံး အချစ်ဆုံး အကြည်ညိုဆုံးဗျာ့၊ ဘယ်အခါမှ မခွဲဘူးဗျာ့၊ ရှင်ဘုရင်မကြီးမဖြစ်ခင်ကလည်း သူနှင့်နေတာပဲ၊ ရှင်ဘုရင်မကြီးဖြစ်တော့လည်း သူနှင့်အတူလိုက်ပြီးနေတာပဲ၊ နည်းနည်းကလေးမှ ခွဲမနေဘူးဗျာ့။ ချစ်လိုက်တာ၊ လိုလားလိုက်တာ။ အဲသည်အချိန်မှာ သူက ရှင်ဘုရင်မကြီး ပန်းပန်ဖို့ဆိုပြီး သွားသွားပြီး ပန်းဝယ်တယ်ဗျာ့။ သည်တော့ ပန်းဖိုးတွေကိုအကုန်မဝယ်ပဲ သူက တစ်ဝက်တစ်ဝက် ဖြတ်ဖြတ်ထားလိုက်တာတဲ့ဗျာ့။

အဲသည်လိုပဲ သူသွားပြီးပန်းဝယ်ရာမှာ တစ်နေ့တော့ ဘုရားရှင်ကြွရောက်ချီးမြှင့်တဲ့ အချိန်အခါနှင့် တိုက်ဆိုင်နေပါသတဲ့ဗျာ။ သူသွားတဲ့နေရာက ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို လှူဒါန်းပူဇော်နေတာနှင့် ကြုံကြိုက်တော့ သူက ဝင်ပြီး ဘုရားရှင်ရဲ့ အကုန်လုံးသော ပြုဖွယ်ကိစ္စတွေပြု၊ ဘုရားရှင်ဆုံးမတဲ့ အဆုံးအမတွေကိုကြားရ၊ အဲသည်လိုကြားရသည်နှင့် တစ်ပြိုင်နက်တည်း သူဟာ နေရာကျသွားတယ်။ အဲသည်လို နေရာကျပြော့ သူ့မှာပျော်လို့ဗျာ့၊ ရွှင်လို့ဗျာ့၊ ဟိုတုန်းကဆိုရင်တော့ သူဟာ ပန်းဖိုးရှစ်သပြာ ပေးသော်လည်း လေးသပြာကို ယူယူထားပြီး အဲသည်လိုပဲ တစ်သက်လုံးလုပ်နေ

တာဗျာ့။ ရှင်ဘုရင်မကြီးကတော့ သူဝယ်လာတဲ့ပန်းတွေ ပေးလိုက်တယ်ဆိုရင်ပဲ ဒါအကုန်လုံးပဲလို့ မှတ်နေတာပဲ။ ဒါပေမယ့် သည်တစ်နေ့တော့ သူဟာ အကောင်းဆုံး အမြင့်မြတ်ဆုံး ကြားရလို့ လိုက်နာလိုက်တဲ့အခါ သူ့မှာ အကောင်းဆုံး ရှင်ရပျော်ရလို့ ဖြစ်တဲ့အခါကျတော့ အဲဒါမလုပ်တော့ဘူးတဲ့ဗျ။ ပေးလိုက်တဲ့ပန်းဖိုး ရှစ်သပြာ အကုန်လုံးဝယ်ပြီး ယူသွားတော့သတဲ့ဗျာ့။ အဲသည်တော့ ရှင်ဘုရင်မကြီးက စစ်ပါရောတဲ့ဗျာ့။ စစ်တော့ ပန်းတွေကို နေ့တိုင်းတော့ သူက တစ်ဝက်တစ်ဝက်ယူထားတာ။ ဒါပေမယ့် သည်ကနေ့တော့ ပန်းတွေက များနေတာဗျာ့။

သည်တော့ ရှင်ဘုရင်မကြီးက ဘယ့်နှယ်လဲမိခင်၊ ပန်းတွေကများလှပါကလား၊ ဈေးကထက်မကဘဲ ပန်းဖိုးတွေ တိုးပေးသလားလို့မေးတော့ သူက မဟုတ်ပါဘူးဘုရား၊ နေ့တိုင်းလိုပဲ ပေးတာပါပဲဘုရားလို့ဆိုတော့ ရှင်ဘုရင်မကြီးက သည်ကနေ့တော့ နေ့တိုင်းထက် များပါကလား၊ ဘာဖြစ်လို့လဲလို့ မေးတော့၊ ဘုရားကျွန်မက နေ့တိုင်းတော့ ပေးတဲ့ပန်းဖိုးကို အကုန်မှမဝယ်ဘဲ တစ်ဝက်သာ ဝယ်ခဲ့တာပါဘုရား၊ တစ်ဝက်တော့ ဘုရားကျွန်တော်မ ယူယူထားပါတယ်ဘုရား။ ဒါပေမယ့် သည်ကနေ့တော့ ပေးလိုက်တဲ့ပန်းဖိုး ရှစ်သပြာဖိုး အကုန်လုံး ဝယ်ခဲ့ပါတယ်ဘုရားလို့ သံတော်ဦးတင်တော့ ဘုရင်မကြီးက မိခင်က နေ့တိုင်းလိုပဲ လေးသပြာယူပါလား၊ ဘာဖြစ်လို့မယူသလဲဆိုတော့၊ အခုမယူတာက တခြားကြောင့် မဟုတ်ပါဘူး။ သည်နေ့ ကောသမ္ဗီပြည်မှာ ဘုရားရှင်ကြွရောက် ချီးမြှောက်တော်မူတယ်။ သည်တော့ ဘုရားရှင်ရဲ့ အသရေတော်ကို ဖူးမြော်ခဲ့ရတဲ့အကြောင်း၊ ဘုရားရှင် ဟောတော်မူတဲ့တရားတော်ကို နာရလို့ အဲဒါကြောင့် သူ့မှာ ချမ်းသာသုခရတဲ့အကြောင်း၊ ဒါကြောင့် အခု မယူချင်တော့ပါဘုရားလို့ သံတော်ဦးတင်သတဲ့ဗျာ။ အဲဒါ မကောင်းမှန်းသိလို့ မလုပ်ဟာဗျာ့။

မေး။ ။အရင်တုန်းက အခုလို တစ်ဝက်တစ်ဝက်ယူနေတာဟာ အကောင်းပဲလို့ဆိုပြီး လုပ်နေတာ မဟုတ်လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

မေး။ ။အဲသည်လို သူယူနေတာကိုပဲ ပျော်နေတယ် မဟုတ်လား။

ဖြေ။ ။ပျော်နေပါတယ်ဘုရား။

အဲသည်လို သာသာကလေးယူနေတာကလည်း သူ့ကို ဟိုကအကုန်လုံးယုံကြည်တော်မူထားတာဗျာ့။ သည်တော့ သည်လေးအသပြာကလည်းသူ့မှာဘာမှလုပ်တာမဟုတ်ဘူး။ သည့်ပြင်ကလည်း ဘယ်လောက်ခိုးသလဲ မသိသေးဘူး။ အခုလေးသပြာက ပန်းဖိုးတင်ဗျာ့။ ဒါပေမယ့် အခုတော့ သူ့မှာအကောင့်

ဆုံး အမြင့်မြတ်ဆုံးကို ရလို့ ပြုံးပြုံးနှင့် ပျော်နေတာဗျာ့။ ပျော်နေပြီး သည်ဟာကို မလုပ်တော့ဘူးဗျာ့။ ဘယ်သူကမှ သူ့ကိုမလုပ်နှင့်လို့ မပြောရဘူး၊ တရားရလို့ပါဗျာ့။ ဒါကြောင့် ယခုနပြောတဲ့ မြင့်မြတ်တာကို ရပြီးဆိုမှဖြင့် ဘယ်သူကမှ လုပ်ပေးတာ မဟုတ်ဘူး။ သူ့ဟာသူ အပါယ်ကို လားစေတာ ဟူသရွေ့တော့ မလုပ်တော့ဘူးဗျာ့။ သေသေချာချာ မလုပ်တာဗျာ့။

မေး။ ။ဘယ်သူက မလုပ်နှင့်လို့ ပြောရသေးသလဲ။

ဖြေ။ ။မပြောရပါဘူးဘုရား။

အဲဒါ တရားရလို့ဗျာ့။ သေသေချာချာကြီးကို ချက်ချင်းမလုပ်တော့တာဘဲဗျာ့။ ဒါကြောင့် ဘုရားဆုံးမတဲ့ အဆုံးအမကိုရပြီး ဆိုက်လာလို့ရှိရင် အားလုံးတို့ဟာ သည်လိုမလုပ်ဘဲနေမှာပဲဗျာ့။ အခု ဒကာကြီးတွေ ဒကာမကြီးတွေ အပါယ် မရောက်ချင်ဘူးလို့ ပြောတယ်။

မေး။ ။တစ်နေ့တစ်နေ့မှာ အပါယ်ရောက်ဖို့ ဘယ်နှစ်မျိုးလုပ်သလဲ။

ဖြေ။ ။မရေမတွက်နိုင်ပါဘူးဘုရား။

မေး။ ။တစ်နေ့တစ်နေ့တည်းကို ပြောတာပါဗျာ့။

ဖြေ။ ။တစ်နေ့တည်းလည်း မရေမတွက်နိုင်ပါဘူးဘုရား။

## အခုလုပ် အခုစင်ကြယ်

မေး။ ။ရောက်တော့ မရောက်ချင်ဘူး မဟုတ်လား။

ဖြေ။ ။မရောက်ချင်ပါဘူး ဘုရား။

အဲဒါ ဘာကြောင့်လဲ ဆိုရင် နေရာမကျသေးဘူးဗျာ့။ ဘုရားဆုံးမတဲ့ အဆုံးအမ ရထားပြီးတော့ ခုန လိုချင်တဲ့အတိုင်း ရအောင် ရောက်အောင် သွားမှ၊ အဲသည်လိုမသွားလို့ အခုနပြောတဲ့ချမ်းသာသုခမဆိုက်တာဗျာ့။ မဆိုက်လို့ပဲ အဲဒါလုပ်နေတာ။ ဆိုက်လာရင် အခုနပြောတဲ့ ဒကာမကြီးလို ပလုပ်ဘဲနေတော့မှာဗျာ့။ အခုန ပန်းဖိုးကို အကုန်လုံး မဝယ်ဘူးဆိုတာကလည်း ခိုးတာဗျာ့။ ခိုးတာ။ အဲဒါကို ဟိုက မသိအောင်ဗျာ့။ စစ်လည်းမစစ်ဘူး။ သူ့ အစီးအပွားကိုပဲ ဆောင်နေတယ်လို့ ထင်နေတာဗျာ့။ သူ့ကိုမေးလည်း မေးမှာ မဟုတ်ဘူး။ ဘာမှုမှလည်း မရောက်ဘူး။ ဟိုတစ်ခုတည်းတော့ မရောက်မှာဘဲ။ သည်အတိုင်းသေရင် ရှင်ဘုရင်မကြီးက မသိပေမယ့် သူလုပ်တာက တော်တော်ကြာတော့ ဆောင်သွား သွားမှာဗျာ့။ ဟိုက မစစ်ပေမယ့် သူ့ဟာနှင့်သူ သွားမှာဗျာ့။ သို့သော်လည်း ဘုရားဆုံးမတဲ့ အဆုံးအမကို ကြားရတဲ့ အခါ

ကျတော့ သည်ဟာကိုက ဘယ်လိုလဲ ဆိုရင် သီလဆိုတာက အခု လုပ်လိုက်ရင် အခု စင်ကြယ်သွားတာဗျ။ အခုန တရားနာတယ် ဆိုတာ သီလစောင့်တည်ပြီးသား ဖြစ်တယ်ထင်ပါရဲ့။

မေး။ ။ဘုရားဆုံးမတဲ့အဆုံးအမကို မှတ်သားလိုက်တော့ နေရာကျသွားတာ မဟုတ်လား။

ဖြေ။ ။တပည့်တော်တို့လည်း သည်လိုနေရာကျချင်လှပါပြီ ဘုရား။

မေး။ ။သူကတော့ နေရာကျကတည်းက ထိုင်ရာ မထ လုပ်သွားတာဗျ။ ဒကာကြီးက ယခုတည်းက အိမ် ဘယ်နှစ်ခေါက် ရောက်သလဲ။

ဖြေ။ ။လေးငါးခြောက်ခေါက် ရောက်နေပါတယ်ဘုရား။

မေး။ ။အိမ်က ဘယ်အိမ်လဲဗျ။

ဖြေ။ ။တပည့်တော်နေတဲ့အိမ်ပါဘုရား။

မေး။ ။သည်အိမ်က သည်တစ်ဘဝမှာ နေတဲ့အိမ်၊ သည်ဘဝမှာ သည်အိမ်နှင့် နေတာက ဘယ်နှစ်နှစ်ရှိပြီလဲ။

ဖြေ။ ။ဆယ်နှစ်လောက် ရှိပါသေးတယ် ဘုရား။

မေး။ ။သည်အိမ်က သည်လောက် မကြာသေးပါဘူး။ နေနေကျ အိမ်က တော့ ဘယ်နှစ်ခေါက် ရောက်သလဲ။

ဖြေ။ ။နေနေကျအိမ်ကတော့ သံသရာလဆန်းတစ်ရက်ကတည်းက နေလာ တာပါ ဘုရား။

မေး။ ။နေလာတာမဟုတ်ဘူး၊ အချိန်တစ်ခုမှာပဲဘယ်နှစ်ခေါက်ရောက်သလဲ။

ဖြေ။ ။အခေါက် နှစ်ဆယ်လောက် ရောက်ပါတယ်ဘုရား။

မေး။ ။အဲသည်က ပြန်မှ ပြန်လာရဲ့လားဗျ။

ဖြေ။ ။အဲသည်အိမ်က မပြန်ဘဲနှင့်ကို ဟိုမှာနေတာပါဘုရား။ ဒါနှင့် အခုနတော့ လေးငါးခြောက်ခေါက် လုပ်နေသေးတယ်။ (တင်ပါဘုရား)။

မေး။ ။ဒကာကြီး၊ဒကာမကြီးများက ဟိုလိုဒတာ့ သိကြတယ်။ သိပေမယ့် သည်လိုတော့ မစကြသေးဘူး၊ ဒါတည့်ရဲ့လား။

ဖြေ။ ။မတည့်ပါဘူးဘုရား။

မေး။ ။ဒါနှင့် အပါယ်လေးပါးကို မရောက်ချင်ဘူးဆို ဟုတ်ကဲ့လား။

ဖြေ။ ။တပည့်တော်တို့က အမေ သင်-သင်ထားတဲ့အတိုင်း ဘုရားရှိခိုးတဲ့ဟာ လျှောက်ဆိုတာပါ ဘုရား။

ဆရာတော်။ ။ဟိုက အဟုတ်သင်ထားတာဗျ။

လျှောက်။ ။ဆိုတဲ့လူက ပါးစပ်ဖျားတင်ဆိုလို့ပါဘုရား။

ဆရာတော်။ ။ဒါနဲ့များ မေတ္တာရှင် ကရုဏာရှင်များဟာ သည်လောက်ပဲ သင်တာလို့ ပြောချင်သေးတယ်။

လျှောက်။ ။တပည့်တော်တို့က သင်ထားပေမယ့် သင်ထားတဲ့အတိုင်း မလုပ်ဘူးဘုရား။

ဆရာတော်။ ။ဒါနှင့် အမေမိဘများကိုသွားပြီး သည်လောက် သင်တာပါလို့ ပြောနေတယ်။ သင်ထားတဲ့အတိုင်း မလုပ်တာတော့ မပြောဘူး။

လျှောက်။ ။သင်တော့သင်ပါတယ်ဘုရား။ တပည့်တော်တို့က ပါးစပ်ဖျားတင် သိနေတာပါဘုရား။

## မလိမ်ချင်တော့ဘူး

အေး အခုတွင်ကဟာကိုကြည့်ပါ။ ခဏကလေးဗျ။ သည်အတိုင်းတိုင်း ပန်းတွေဝယ်လာတဲ့အခါမှာ နောက်တုန်းက ခိုးလာတဲ့ဟာတွေကို အကုန်လုံး ပြောလိုက်တာပဲ။ မမေးရဘူးဗျ။ သူကလည်းမလိမ်ချင်တော့ဘူး။ မခိုးချင်တော့ဘူး။ နင်ခိုးရမလားဆိုပြီး သတ်မှာကိုလည်း မကြောက်တော့ဘူး။ ဟိုလိုဟာသာ ကြောက်တော့တာဗျ။ သူ နေရာမကျတာကိုသာ နေ့တိုင်း တစ်ဝက်တစ်ဝက် ခိုးနေတာ တစ်သက်လုံးပါဗျ။

မေး။ ။အခု- ဒကာကြီး ဒကာမကြီးများဟာ ကိုယ် နေရာမကျတာကို အကုန်လုံး လျှောက်ပြောမှာလား။

ဖြေ။ ။မပြောပါဘူးဘုရား။

မေး။ ။အဟုတ်ပြောမယ်ဆိုပေမယ့် အကုန်တော့ပြောမှာလား။

ဖြေ။ ။မပြောပါဘူးဘုရား။

မေး။ ။ဘယ်လောက်ချန်ထားမှာလဲ။

ဖြေ။ ။အကုန်လုံး ချန်ထားမှာပဲဘုရား။

မေး။ ။လုပ်တာမြင်တာတောင် ဟုတ်တယ် ဟုတ်ပါတယ်လို့ ပြောမှာလား။

ဖြေ။ ။လိမ်ပြောမှာပါဘုရား။ မြင်တာတောင်မှလွဲလို့ပါ၊ ကျွန်တော် ပယူပါဘူးလို့ ပြောမှာပါဘုရား။

ကြည့်ဗျ။ သူတော်ကောင်းများကတော့ သည်လိုမဟုတ်ဘူး။ အဲဒါ ကောင်းမှန်းသိပြီးဆိုတော့ အသက်ကို စွန့်ပါတယ်ဗျ။ ဟိုဒကာမ

ကြီး ရှင်ဘုရင်ပါဗျား။ သူ အယုံကြီးယုံနေတာဗျ။ ဒါပေမယ့် မမြင်သလို လုပ်ရမလားဆိုပြီး သတ်ပစ်ရင် ခံရမှာပဲ။ သို့သော်လည်း အဲဒါကို မကြောက်ဘူးဗျ။ဒါမပြောဘဲနေရင်လည်း ဖြစ်တာမဟုတ်ဘဲကိုး။ သည်တော့ ဖြောင့်ဖြောင့်ကြီး သေချင်သေပါစေဆိုပြီး ပြောလိုက်တာပဲ။ အဲသည်လို သူက အသက်ကိုစွန့်တာဗျ။

မေး။ ။သည်လိုလိမ်နေမယ်ဆိုရင် ယခုတွင်က အရိယာဆိုတဲ့ဟာက ဘယ်နှယ်လဲ။

ဖြေ။ ။အရိယာ မဟုတ်တော့ပါဘုရား။

မေး။ ။တစ်ခါတလေ အားထုတ်တဲ့အခါ ငါဘာတင်းလို့များဆိုပြီး ထင်နေသေးသလား။

ဖြေ။ ။ထင်နေပါတယ်ဘုရား။

မေး။ ။သည်လိုဟာ လုပ်သလား။

ဖြေ။ ။မလုပ်ပါဘူးဘုရား။

ကဲ- ဒါဖြင့် ထင်ချင်ထင် မထင်ချင်နေ တို့ကတော့ ဟုတ်တယ်မပြောနေလည်း မဖြစ်ဘူး။ မဟုတ်ဘူးပြောလို့လည်း မဖြစ်ဘူး။ ဘယ်လိုမှ ပြောလို့မဖြစ်ဘူးဗျ။ ကြည့်ပါ သူ့ကို ဘယ်သူက စစ်ရသလဲ၊ ဘယ်သူကမှမစစ်ဘဲ ရှင်ဘုရင်မကြီးကိုသွားပြီး သံတော်ဦးတင်လိုက်တာဗျ။ နေ့တိုင်းတော့ ခိုးနေတာတဲ့။ သည်ပြင်ဟာတွေလည်း ပြောမှာပဲ။ ဒါက သည်လောက်တင်ပြောတာဗျ။ ဒါကတော့ သူ့မှာ သီလရဲ့ဂုဏ်များ ကြည့်စမ်းဗျ။ အပြစ် ဘယ်လိုမှ မဆိုဘူးတဲ့ဗျ။ ဘာဖြစ်လို့ခိုးတာလဲ၊ ဘာကြောင့်လဲ၊ အခု ဘာဖြစ်လို့ နေ့တိုင်းလို မလုပ်သလဲ။အဲ့သည်လို မေးတော့တာဗျ။ဒီတော့ သူရခဲ့တဲ့အကြောင်းပြောတယ်။ သည်တော့မှ ကြည်ညိုပြီးတာရရင်ဆိုပြီး လက်ဝါးကလေးနှင့်တောင်းတယ်ဗျ။ သည်တော့မှ သည်လိုမဟုတ်ဘူး။ သူရခဲ့တဲ့ဟာက ဘယ်ဟာသဲဆိုတော့ ဘုရားရှင် ဆိုဆုံးမတော်မူတဲ့ အဆုံးအမကို နားအားဖြင့်ကောင်းမွန်စွာပန်ဆင်ပြီး စိတ်မှာ အဲသည်လိုမှတ်သားပြီး သည်လို ပွားများအားထုတ်တော့မှ ရတာလို့ပြောတယ်။ ချမ်းသာသုခကလည်း သည်လိုတဲ့ဗျ။ အဲ့သည်လိုပြောတော့မှ ဒါဖြင့်ရင် ဘုရားဆုံးမတဲ့ အဆုံးအမကို ရခဲ့တယ်ဆိုရင် ဘုရားဟောတော်မူတဲ့အတိုင်း အခုပြောတတ်ပါရဲ့လားဆိုတော့ ပြောတတ်တယ်တဲ့။ ပြောတတ်တယ်ဆိုရင် ရှင်ဘုရင်မကြီးက ဟောပါဆိုပြီး သူ့ကို ရာဇပလ္လင်ပေါ်မှာထားတယ်။ ထားပြီးတော့ လေးလေးစားစားကြီး ယခုတွင်က ကျွန်မကြီးကိုရှိခိုးပြီး ရှင်ဘုရင်မကြီးကတရားနာတယ်တဲ့ဗျ။သူဟောတဲ့ဟာကို နာရတော့ သေသေချာချာ သူတို့မှာ အရိယာတွေ ဖြစ်ကုန်တယ်တဲ့ဗျ။ အဲဒါ လေးစားတာဗျ။

မေး။ ။အခု ဘုရားဆိုဆုံးမတာတွေကို ရကြတဲ့အခါကျလို့ရှိရင် သည်လို လေးစားသလားဗျာ့။

ဖြေ။ ။မလေးစားပါဘူးဘုရား။

မေး။ ။ရကောရရဲ့လား။

ဖြေ။ ။မရပါဘူးဘုရား။

## အဟုတ်လိုက်နာရင်

လေးမှုမလေးစားဘဲ ရပါ့မလားဗျာ့။ သက္ကစ္စဆိုတာဟာ သည်လိုဟာဗျာ့။ ဘုရားဆုံးမတဲ့ဟာကို သည်ဒကာမကြီးက ဟောတတ် ပြောတတ်တော့ သူလိုပဲအတူတူရတာဗျာ့။ အခုကောဆိုလျှင် သည်လိုရလို့ရှိရင် စင်ကြယ်သွားတာပဲ။ လေးစားတာဆိုတာ အခု ဘုရားအဆုံးအမကိုလိုက်နာ။ အဟုတ်လိုက်နာလို့ရှိရင် အဟုတ်ဆိုက်လာလိမ့်မယ်။ ဆိုက်လာတော့ အကောင်းနှင့်တွေ့တော့ ဟိုဟာတွေ ဘယ့်နှယ်လဲ အရင်ကလို လုပ်ချင်သေးသလား။ သူဟာ သာသာကလေး လေးသပြောယူခဲ့ရတာကို မယူဘဲနေလိုက်တာဗျာ့။

မေး။ ။အရင်ကလိုလုပ်ပါလားဆိုတော့ကော ဘယ့်နှယ်လဲ။

ဖြေ။ ။မလုပ်တော့ပါဘူးဘုရား။

မေး။ ။မလုပ်ဘူးတဲ့ဗျာ့၊ အခုလည်း ဒကာကြီးများ တစ်နေ့တစ်နေ့ လုပ်နေကြတာတွေ ဘယ်လောက်များသလဲ။

ဖြေ။ ။မရေမတွက်နိုင်ဘူးဘုရား။
ခုတွင်က တစ်ယောက်နှစ်ယောက်ပြောနေတယ်။ အခုတော့မရေမတွက်နိုင်ဘူးတဲ့။ အဲဒါ ဘုရားဆုံးမတဲ့ အဆုံးအမတော်ကို လိုက်နာရင် ဒါမျိုးချည်းဖြစ်မှာပဲ။

မေး။ ။ယခုတွင်ကလို လုပ်ဦးမလား။

ဖြေ။ ။မလုပ်တော့ပါဘူးဘုရား။

သည်တော့ သူဟာလည်း သီလကိုတော့ မစွန့်ဘူးဗျာ့၊ အသက်ကိုသာစွန့်တာဗျာ့။ ဤကဲ့သို့ သူတန်ခိုးကြီးသွားလိုက်တာ အစက ကျွန်မဗျာ့။ ဒါဆောင်လိုက်တော့ ရာဇပလ္လင်ပေါ်မှာ သူ့ကိုတင်ထားပြီးတော့ အဲသည်မှာ ပူဇော်ကြတယ်တဲ့ဗျာ့။ သူရဲ့တရားကို တစ်ဆင့်နာရတဲ့အခါမှာ သူ့ကို ကျွန်မအရာကနုတ်ပြီး အမိအရာ၌ထားတယ်တဲ့ဗျာ့။ သူ ဘာမှမလုပ်ရတော့ဘူးတဲ့ဗျာ့။ သူက နေရာမကျတာတွေ အကုန်စွန့်လိုက်တာကိုဗျာ့။ နေရာ မကျတာတွေ စွန့်လိုက်တော့ နေရာမကျတာတွေကုန်သွားရော သူဟာ နေရာကျ ဖြစ်သွားလိုက်တာဗျာ့။ နဂိုကုန်းက သူ့မှာ ဉာဏ်ကောင်းတယ်။ ဉာဏ်ကောင်းလို့ ယခုတွင်က ဘုရားတစ်ကြိမ်ဟောတော်မူတာနှင့် သူရတာဗျာ့။ ပြီးတော့ ဘုရား

ဆုံးမတဲ့အတိုင်းဟာ နည်းနည်းကလေးမှ မချွတ်ယွင်းရအောင် ဘုရားဆုံးမတဲ့ အတိုင်း ပြန်ဟောတတ်တယ်ဗျာ့။ သည်လိုလည်း အမြင့်အမြတ်ဉာဏ်တွေလည်း ကောင်းတယ်။ ဘုရားဆုံးမတဲ့အတိုင်း ဟောတက်တယ်။ နို့ ဘာဖြစ်လို့ ကျွန်ဖြစ် တာလည်းဆိုတော့ အစတုန်းကတော့ အကောင်းဘွဲ့ချည်းပဲ။ သည်အကောင်း တွေမှာ သတိမထားမိဘဲ အပြစ်တစ်ခုမှာ ပြုမိလို့ သည်လို ဖြစ်သွားတာဗျာ့။ သည်လိုပြုမိလို့ သည်လိုဖြစ်တာ။ ဒါကြောင့် သူ့မှာ အခုလာပြီး ကျွန်ဖြစ်ရ တာဗျ။

ဘာအတွက်ကြောင့်လဲဆိုရင် ရှေးကတော့ သူဟာ အမြင့်မြတ်တွေချည်း ပဲဖြစ်တာ။ တစ်ခါတည်းနေရာမကျတာဗျာ့။ သူ သူဌေးသမီးကိုဗျာ့။ သူဌေး သမီးဆိုတော့ သဒ္ဓါတရားနှင့်လည်းပြည့်စုံတယ်။ သည်တော့ မထေရ်ကြီးများ က သူ့ဆီ၌ ယခုတွင်ကလို အချိန်ခါမျိုးမှာ ဆွမ်းခံလျှောက်တာနှင့် တူပါရဲ့။ သည်လိုပြောကြပါစို့ဗျာ။ သူကအလှုပြင်နေတဲ့အချိန်နှင့်တွေ့တာကိုး။ သည်လို အချိန်အခါမျိုးမှာပဲ သည်လိုပူဇော်နေကျထင်ပါရဲ့ဗျာ့။ ဒါပေမယ့် သူ့မှာ က အလှုပြင်လို့မပြီးသေးဘူးနှင့်တူပါရဲ့။ အနားရောက်လာတော့ အဲသည် အရှင်မြတ်ကို သည်လိုဆိုတာတဲ့ဗျာ့။ သူပြင်ဖို့ထည့်ထားတဲ့ ဟာကလေးကို ပေးစမ်းပါလို့ဆိုတာဗျာ့။ သည်အခါမှာ အရှင်မြတ်က မပေးဘဲနေရင် သူ သဘောကျမှာမဟုတ်ဘူး။ သည်တော့ သူစိတ်ဆိုးမှာ။ စိတ်ဆိုးရင် သူအပါယ် ကျမှာဗျာ့။ သည်တော့ သူအပါယ်ကျမှာစိုးလို့ သူခိုင်းတာကို လုပ်ရင်တော့ ဖြင့် အပါယ်တော့ကျမှာမဟုတ်ဆိုပြီး လုပ်ပေးလိုက်တယ်ဗျ။ အဲသည်လိုခိုင်းတဲ့ အတွက် သူ အပါယ်တော့မကျဘူး။ နောက် ဘယ်လိုဖြစ်သလဲဆိုရင် အဲသည်က စပြီး အောက်တန်းကျတဲ့အမျိုးအနွယ်ချည်းပဲ ဖြစ်တာပဲဗျာ့။ အခု သည်မှာ လည်း ကျွန်လာဖြစ်တယ်။ အဲတာ ခိုင်းမိတာဗျာ့။ ကြားလား။ လုပ်တာက တော့ အင်မတန်အကျိုးများခဲ့တယ်။ ခိုင်းတာ ဆိုတာ ရှိသေလို့လား၊ မရှိသေ လို့လား။ (မရှိသေလို့ပါဘုရား)

ဟိုလိုကတော့ ရှိသေနေတယ်။ ဒါပေမယ့် တောက်လျှောက်ကြီး မရှိသေ ဘူး။ တောက်လျှောက်သာ ရှိသေနေမယ်ဆိုရင် မခိုင်းဘူး။ ကိုယ်တိုင်လုပ်မှာပါ ဗျာ။ သည်အရှင်မြတ်ကိုလည်း နှုတ်နှင့်စိတ်နှင့် ရှိသေနေမယ်ဆိုရင် သည်လို မခိုင်းဘူး။ သူကသာလျှင် ယုယုယယအကုန်လုပ်မှာဗျာ့။ ဒါပေမယ့်လည်း လုပ်သလောက်တော့ လုပ်တယ်ထင်ပါရဲ့။ ဒီအချိန်မှာက သူ အလှုပြင်နေတဲ့ အချိန်နှင့်တွေ့တာကို သည်လိုအချိန်မှာပဲ သည်လိုပူဇော်နေကျထင်ပါရဲ့ဗျား။ ဒါပေမယ့် သူ့မှာက အလှုပြင်လို့မပြီးသေးဘူးနှင့်တူပါရဲ့။ အနားရောက် လာတော့ အဲသည်အရှင်မြတ်ကို ဟိုသည်လိုဆိုတာတဲ့ဗျာ့။ အလှုပြင်နေတဲ့ အချိန်မှာဆိုတော့ အလှုပျက်မှာစိုးလို့ သူက အဲဒါကလေး ပေးစမ်းပါဆိုပြီး လုပ်လိုက်တာထင်ပါရဲ့။

မေး။ ။ဒကာကြီးဆိုရင်လည်း လုပ်မှာထင်ပါရဲ့။
ဖြေ။ ။လုပ်မှာထင်ပါရဲ့ဘုရား။
မေး။ ။သူက ပြင်တုန်းဆင်တုန်းဆိုတော့ ပြီးချင်လှပြီထင်ပါရဲ့။ ဒါယူနေရင် အလှပျက်သွားမှာစိုးလို့နှင့် တူပါရဲ့ဗျာ။ ဒကာကြီးတွေကော သည်လိုလုပ်သလား။
ဖြေ။ ။လုပ်ပါတယ်ဘုရား။

အခုလည်း အဲသည်လိုခိုင်းမိလို့ဗျာ့။ အဲသည်လို သူ့မှာ တစ်ခါခိုင်းပြီးတာနှင့်ပဲ ပြီးပါရောဗျာ။ ဒါပေမယ့် အပါယ်တော့ မကျဘူးတဲ့။ အဲဒါဟာ ဘာလဲဆိုရင် သက္ကစ္စနိဝါတလိုလို့ဗျား။ သူကသူဌေးသမီးဆိုပြီး ခိုင်းတာဗျာ။ ဒါတကယ်လို့ဆိုရင် သူဟာ သည်လို သက္ကစ္စနိဝါတရှိရင် ယခုတွင်က မထေရ်ကြီးကို မခိုင်းဘူးဗျ့။ အဲဒါမရှိလို့ခိုင်းတာဗျ့။ အဲဒါ သက္ကစ္စနိဝါတလိုတာဗျ့။ သို့သော်လည်းပဲ နည်းနေတာနှင့်တူပါရဲ့။ နည်းနေလို့ သည်လိုဖြစ်တာနှင့် တူပါရဲ့။

လျှောက်။ ။မထေရ်ကြီးကို မတော်တဆ ခိုင်းမိလို့လားဘုရား။

သည်လိုခိုင်းမိလို့မဟုတ်ဘူး။ ဝတ်ဖို့ဆင်ဖို့ကလေးကိုခိုင်းတာဗျ့။ သည့်အတွက်ပါပဲ။ သည့်ပြင်ကုသိုလ်တွေ နည်းနေတာနှင့်တူပါရဲ့။ အဲဒါကြောင့် ကျွန်ဖြစ်တာဗျ့။ သက္ကစ္စနိဝါတရှိတဲ့လူဆိုရင် မြင့်မြတ်တဲ့ အမျိုးအနွယ်မှာ ဖြစ်မယ်။ သူဌေးမျိုး၊ ရှင်ဘုရင်မျိုး၊ စကြဝတေးမျိုးဖြစ်တယ်။ နတ်ဖြစ်တယ်ဆိုရင်လည်း။ နတ်ပြည် အစားစားမှာ အောက်တန်းစားမဟုတ်ဘူး။ အထက်တန်းကျ တန်ခိုးကြီးတဲ့ အနွယ်ဇာတ်မှာဖြစ်တယ်။ နတ်ပြည်သွားဖြစ်တယ်ဆိုပေမယ့် နတ်ချင်းမတူဘူးဗျ့။ လူ့ပြည်လည်း လူဆိုပေမယ့် လူခြင်းမတူဘူးဗျ့။ သက္ကစ္စနိဝါတတွေနှင့် များတဲ့ဟာကများတဲ့နေရာမှာဖြစ်တယ်။ သက္ကစ္စနိဝါတ ချွတ်ထွင်းပြီးနေတယ်ဆိုရင် ယခုတွင်ကလို အောက်တန်းကျတာဖြစ်တာဗျ့။ အဲ့ဒါ ဘုရားဆိုဆုံးမတာဗျ့။ အခု နတ်ပြည်မှာ သွားဖြစ်တယ်ဆိုပေမယ့် သက္ကစ္စနိဝါတ ချွတ်ယွင်းနေရင် နတ်ပေမယ့် ဝေါထမ်း ယာဉ်ထမ်းနတ်သား ဖြစ်တာဗျ့။

မေး။ ။နတ်ပြည်မှာ တိရစ္ဆာန်မရှိဘူးလားဘုရား။
ဖြေ။ ။နတ်ပြည်မှာ တိရစ္ဆာန်မရှိဘူးဗျ့။
မေး။ ။နတ်ပြည်မှာ မြင်းတွေရောဘုရား။
ဖြေ။ ။မြင်းတွေဆိုတာက နတ်ပြည်မှာ နတ်သားသွားဖြစ်တော့ တန်ခိုးဘုန်းကံကြီးတဲ့ နတ်သား နတ်သမီးတွေ သွားမယ်လာမယ်ဆိုရင် တချို့က မြင်းဆင်လုပ်တတ်တဲ့နတ်က အဲသည်လိုလုပ်တာဗျ့။ ဝေါထမ်း ယာဉ်ထမ်းက ဝေါထမ်း ယာဉ်ထမ်းလုပ်ရတာဗျ့။

ဥယျာဉ်သွားမယ်ဆိုရင် ကတာက က၊ တီးတာကတီး၊ တူရိယာအဖြာဖြာနှင့်လုပ်ရတာဗျာ့။ သိကြားမင်းစီးတဲ့ဆင် ရထားတွေလည်း နတ်သားတွေပဲလာပြီး အသွင်မှာ ထင်ထင်ရှားရှားနှင့် သူတို့စိတ်နှင့်မွေလျော်သလို သည်နတ်သားတွေက လုပ်ရတာဗျာ့။ ဥယျာဉ်ဝင်မယ်ဆိုရင်လည်း သူတို့စိတ်နှင့်မငြီးငွေ့ရအောင်ဆိုပြီး သည်နတ်သား နတ်သမီးတွေက တချို့ကလည်း ဇင်ရော်ယောင်၊ ကရဝိက်ယောင်၊ ပိတုန်းယောင်ဖန်ဆင်းပြီး ဝဲပြရတယ်။ ပိတုန်းဆိုရင်လည်း ပျားဝတ်ရည်ဝတ်လွှာအကြားမှာပိတုန်းကြီးမျိုးဖန်ဆင်းပြီး ရစ်ပြရ၊ ဝဲပြရနှင့် အဲသည်လို လုပ်ရတာဗျာ့။ သက္ကစ္စချတ်ယွင်းတယ်ဆိုလျှင် အောက်တန်းစားမှာ အားလုံးတို့ရဲ့အစေအပါးအဖြစ် လုပ်ရတာဗျာ့။ သို့ပေမယ့် သည့်ပြင်မနေရာဖြစ်တာထက်တော့ တော်သေးတာပေါ့လေ။

မေး။ ။အခုဒကာကြီး၊ ဒကာမကြီးများဟာ အခုလို တစ်ဆက်တည်းပါအောင် အချိန်တိုင်းအချိန်တိုင်း လုပ်ကြရဲ့လား။

ဖြေ။ ။အချိန်တိုင်းအချိန်တိုင်းပါအောင် လုပ်ကြပါပြီဘုရား။

မေး။ ။ဘယ်နေရာမှ မလပ်ဘူးလား။

ဖြေ။ ။လပ်တဲ့နေရာလည်း ရှိပါလိမ့်မယ်ဘုရား။

မေး။ ။ဘယ်လောက်များလိုနေပါလိမ့်မလဲ။

ဖြေ။ ။လိုနေတာကတော့ဖြင့် အများကြီးထင်ပါရဲ့ဘုရား။

မေး။ ။အခုနတော့ လုပ်ကြပြီဆိုပြီးတော့ လိုနေတာကအများကြီးဆိုပြန်ပြီ။ ကဲဗျာ တစ်ပိဿာမှာ ဘယ်လောက်လိုနေသလဲ။

ဖြေ။ ။တစ်ပိဿာမှာ တစ်ပိဿာပဲလိုနေပါတယ်ဘုရား။

မေး။ ။ဒါဖြင့် နည်းနည်းပဲလိုပါတော့လား။

ဖြေ။ ။တပည့်တော်တို့က ပါးစပ်ကသာ လုပ်တာပါဘုရား။

လုပ်ကြဗျာ့။ ဘယ်က စလုပ်ရမလဲဆိုရင် ကိုယ့်အိမ်က စပြီးလုပ်ကြ။ အိမ်နားနီးချင်းမပါချင်နေပေ့စေ။ ကိုယ့်အိမ်ကစပြီး လုပ်ကြ။ ဟုတ်ကဲ့လား။ (လုပ်ပါတော့မယ်ဘုရား)။

## ပစ္စည်းဖြုန်းတာမျိုး

ဟုတ်ကဲ့လားနော်၊ တော်တော်ကျပြီဆိုမှဖြင့် အကုန်လုံး အမိဖြင့်လည်း အမိ၊ အဖဖြင့်လည်းအဖ၊ သားဖြင့်လည်းသား၊ သမီးဖြင့်လည်းသမီး၊ ဒါတွေဟာ လုပ်တော့ဖြစ်တာကြီးပဲ။ သက္ကစ္စနိဝါတဟာ သား၊ သမီး၊ မြေး၊ မြစ်တွေ

ရှိလည်း ရနိုင်တယ်မဟုတ်လား။ သူတို့တစ်တွေနှင့် ပြုသင့်ပြုထိုက်တာ၊ ဆောင်သင့်ဆောင်ထိုက်တာတွေ သိပြီး အဲသည်လို ဆောင်ကြတာဗျ။ မထိမဲ့မြင်ဆိုတာက တစ်မျိုးကြီးပဲ ဘယ်ဟာငါ့သား၊ ငါ့သမီးပဲ။ ငါ့မြေးပဲရယ်လို့ အဲသည်လိုမဟုတ်ဘူး။ သက္ကစ္စနိဝါတဆိုတာ ခုနပြောတဲ့ အမိ၊ အဖ၊ ပြုရသလို ပြုရတာမဟုတ်ပါဘူး။ ရတနာသုံးပါးပြုရသလို ပြုရတာမဟုတ်ပါဘူး။ သူနှင့်သူနှင့်တန်သလို ရှိတယ်မဟုတ်လား။ သားသမီးဆိုရင်လည်း သားသမီးနှင့်တန်သလို၊ အဲသလို ဌာနဌာနကောသလ္လဉာဏ်က အင်မတန်လိုတာ။ ဥပမာ၊ ဒကာ၊ ဒကာမတွေက ဖယောင်းတိုင်တို့ ဘာတို့ လှူလိုက်တယ်ဗျ။ အဲသည်လို လှူလိုက်တာက အလင်းရောင်ရဖို့အတွက် လှူလိုက်တာပဲဗျ။ ဒါပေမယ့် နေ့ခင်းကြီးမှာ ထွန်းထားတယ်ဆိုရင် အားလုံးမြင်ရင် ဘယ်လိုတုန်းဆိုတော့ ဒါဟာ ကိုယ့်အရှက်ကွဲတာ ဘာမှမသိတဲ့ ရဟန်းဗျ၊ ဒါဟာ သက်သက်မဲ့ ကုန်တာ ဟုတ်ကဲ့လား။ ဒကာကြီး ဒကာမကြီးများ မှတ်ကြနော်။ အဲသည်လိုဟာတွေ အများကြီးရှိတယ်။ ငါ့ပစ္စည်း ငါလုပ်ချင်သလို လုပ်မယ်ဆိုရင်လည်း ဖြစ်တော့ဖြစ်တာပဲ။ ဒါပေမယ့် သက်သက်မဲ့ ပစ္စည်းဖြုန်းတာဗျ။

လျှောက် ။ ။ရွှေတိဂုံဘုရားမှာတော့ နေ့ခင်းလည်း မီးထွန်းတာပဲ ဘုရား။

ဆရာတော်။ ။အဲဒါကတော့ သူ့ခမျာများမှာ ခရီသည်ဗျ။ ဘုရားကိုလည်း လှူချင်တယ်။ လှူချင်ပေမယ့် ညကိုလာပြီး မီးမထွန်းနိုင်ဘူး။ ပြီးတော့သူများကို တစ်ဆင့်လှူလိုက်ပါဆိုရင်လည်း စိတ်မချရဘူး။ ဒကာကြီးလည်း ကိုယ်လုပ်နေကျဆိုတော့ သူများအပ်ရင်ငါ့လိုလုပ်မှာပဲဆိုပြီး ထင်မှာပဲ။ ဒါကြောင့်မအပ်တာဗျ။

လျှောက်။ ။တပည့်တော်လည်း သည်လိုပဲ လုပ်နေကျကိုဘုရား။

ဟုတ်တယ်ဗျ။ အခုလို လုပ်တတ်တဲ့လူကို သွားအပ်ထားလိုက်ရင်လည်း ကုသိုလ်ရမှာမဟုတ်ဘူး။ ဒါကလေးက ဘာမှမဖြစ်လောက်ဘူး။ မဖြစ်လောက်ပေမယ့် ဝါသနာပါတာက ယူတတ်တဲ့ ဝါသနာပါတယ်။ တစ်ခါယူမိရင်လည်း ဘယ်တော့မှ ရပ်မှာမဟုတ်ဘူး။ အဲသည်တော့ သူမအပ်ချင်တာက အကယ်၍ အပ်လိုက်ရင် သူ့ကို အပါယ်ချလိုက်တာနှင့် အတူတူပဲ။ နင်အပါယ်ကမတတ်နှင့်တော့လို့ အဲသည်လို ခိုင်းတာနှင့် အတူတူပဲ။ ဒါကြောင့် သူတို့ကို မအပ်ဘဲလုပ်တာနှင့်တူတယ်။ တချို့လည်း ရမ်းလုပ်တာနှင့် တူတယ်။

မေး။ ။ရမ်းလုပ်တာနှင့် အခုလိုလုပ်တာ ဘယ်သင်းကများသလဲ။

ဖြေ။ ။ရမ်းလုပ်တာက များပါတယ်ဘုရား။

ဒါ အပိုပြောတာမဟုတ်ဘူး။ ကိုယ့်ပစ္စည်းကို သုံးတာပေါ့လို့ သုံးပေမယ့် ဒါဟာ မသုံးသင့်ဘူး။ သည်လိုသုံးတာကိုမြင်တော့ သုံးတာမြင်တဲ့ လူ

တကာက ဘာဖြစ်လို့ သုံးတယ်ဆိုတာ မြင်မှာပဲ။ သက်သက်မဲ့ ကိုယ့်ပစ္စည်း လည်း ကုန်သေးရဲ့ မြင်တဲ့လူက ဘယ်လိုမှတ်သွားမလဲ။ ဘာမှ နားလည်တဲ့ အကောင်မဟုတ်ဘူး။ ပြီးတော့ သူဟာ တစ်ခုမြင်တာနှင့် သည်နေရာမှသာလျှင် မဟုတ်ဘူး။ သည့်ပြင်နေရာမှာလည်း ဒါမျိုးကြီးပဲလုပ်မှာပဲဆိုပြီး တစ်ခါတည်း မှတ်လိုက်မှာပဲ။ ဟုတ်လည်းဟုတ်တယ်။ ဟုတ်တဲ့အတိုင်းပဲ့ ဒါမျိုးကြီးသုံးမှာ ပဲ။ သည်နေရာမှာတွင် လွဲမှာမဟုတ်ဘူး။ သည့်ပြင်နေရာ လွဲစရာရှိတဲ့နေရာ အကုန်လွဲမှာဗျ့။ တစ်ခုကို သေသေချာချာ တတ်သွားရင် သည်နေရာသာ မဟုတ်ဘူး။ နေရာတိုင်းပှာ တတ်သွားတယ်။ သို့သော်လည်း ဒါကိုလေ့ကျင့် ကြနော်။ ကြားကြလား၊ အဲဒါ ဘုရားဟောတော်မူတာတွေကို ပြောတာဗျ့။

## သုံးရမည့်နေရာမှာသုံး

ဒါကြောင့် သဒ္ဓါတရားနှင့် လှူလိုက်တဲ့ပစ္စည်းကို ဘုရားရှင်ဟော်ာတော် မူတာက နည်းနည်းကလေးမှ မပျက်စီးစေရဘူးတဲ့၊ တစ်လုံးတစ်ခြမ်းမှ မကျန် ဘဲ ဒါတွေ အကုန်တဘ်ရတယ်။ သုံးတဲ့နေရာမှာ ခရီးရောက်သွားအောင်သုံး ရမယ်။ သည်လိုသုံးတော့မှလည်း သာသနာ ထွန်းတောက်သင့်သလောက် ထွန်းတောက်မယ်။ အသုံးလိုတဲ့နေရာ မနည်းဘူးရှိတယ်။ အဲသည်နေရာမှာသုံး ရမယ်။ အလကားကုန်သွားမယ့်နေရာမှာ မသုံးရဘူး။ အလှူရှင်က ငါလှူ လိုက်တာက သည်လိုလုပ်ရအောင် လှူတာ။ သင်းတို့တစ်တွေက ခုလိုနေရာ မကျတာကြီး လုပ်ထားတော့ အလကားပစ္စည်းကုန်တာပဲဗျ့။ တကယ်လို့ အခုလိုသုံးရမည့်နေရာမှာသုံးရင် များများကြီး နေရာကျမယ်။ အခုတော့ သက်သက်မဲ့ အချည်းနှီးဖြုန်းတာပဲ။ သည်လို ဌာနာဌာနကောသလ္လဉာဏ်က အင်မတန် နည်းတယ်ဗျ့။ အခုပြောတာက နည်းနည်းကလေးပြောတာ၊ အများကြီးရှိသေးတယ်။ သည်တစ်ခုတည်းပဲ အများကြီးရှိတယ်။ ဒကာ၊ ဒကာမကြီးများက သဒ္ဓါတရားနှင့်လှူလိုက်တဲ့ ပစ္စည်းတွေကို အခုလိုမဖြစ်ရ အောင်လုပ်ရမယ်။ ဘုရားဟောတာလည်း အားလုံးသိပြီးသား ဖြစ်တယ်။ သည်အဆုံးအမကိုလည်း မှတ်သွားပြီးသားရှိတယ်။ မှတ်ပြီးတော့ထားတာ ထဲက သည်အလုပ်ကို ကောင်းမွန်စွာ ကျေပွန်အောင် လုပ်တတ်ရမယ်။ အကုန် မှတ်ရမယ်၊ ကြားလား။ ကိုယ့်ပစ္စည်းကို ကိုယ်သုံးတယ်ဆိုပေမယ့် အခုလိုပိုင်း ခြားပြီး မှတ်ရမယ်။ နည်းနည်းကလေးမှ မပျက်စီးရဘူး။ တစ်လုံးတစ်စေ့ တစ်ခြမ်းမှ မပျက်စီးရဘူး။ အဲဒါကိုအသုံးကျအောင် အသုံးချရမယ်။ ဒါတွေ ကို အသုံးချစရာကလည်း အများကြီးရှိတယ်။ အကျိုးမရှိတာ နည်းနည်း ကလေးမှ မလုပ်ရဘူး။ ဘုရားဆုံးမတော်မူတာတွေဟာ အင်မတန် ကောင်း တယ်။ သူတို့လည်းပြောတတ်ပါတယ်ဗျာ။

ရှေးက သူဌေးမကြီးလုပ်တာကို ကြည့်စမ်းပါ။ ဇိဝက ဆေးကုတဲ့နေရာမှာ ကြည့်စမ်း၊ သည်ဒကာမကြီးက သူဌေးမကြီးပါဗျာ့။သူ့မှာ ဝေဒနာတစ်ခုဖြစ်တော့၊ ဇိဝကနှင့်ကုမယ်ဆိုပြီး ဆေးကုတယ်။ကုတော့ သူ့ရဲ့ဝေဒနာအတွက် ထောပတ်ကလေးတစ်လက်ဆွမ်းတဲ့ဗျာ့။

မေး။ ။တစ်လက်ဆွမ်းဆိုတာ ဘာလောက် များမလဲ။

ဖြေ။ ။တစ်ဇွန်းလောက် ရှိပါလိမ့်မယ်ဘုရား။

မေး။ ။ဘယ်ဇွန်းနှင့်တစ်ဇွန်းလဲ။

ဖြေ။ ။လက်ဖက်ရည်ဇွန်း တစ်ဇွန်းလောက် ရှိပါလိမ့်မယ်ဘုရား။

အဲသည်လောက်ရှိတဲ့ ထောပတ်ကလေးနှင့် သူ့ဆေးနှင့်ရောနှောစိမ်ပြီး နှာနှပ်တာဗျာ့။အဲသည်လို နှာနှပ်တော့ သူဌေးမကြီးက ချေလိုက်တဲ့ အခါမှာ သည်ထောပတ်ကလေးများက ပြန်ထွက်လာတယ်ဗျာ့။ အဲသည်လို ပြန်ထွက်လာတော့ ထောပတ်ကလေးကို သူဌေးမကြီးက သူ့ကျွန်မတွေ ခေါ်ပြောသတဲ့ဗျာ။ ဟဲ့ သမီးတို့၊ သမီးတို့၊ ဂွမ်းနှင့် တို့ယူထားကြဆိုပြီး ထောပတ်ကို ဂွမ်းနှင့်တို့ပြီး ယူခိုင်းတယ်ဗျာ့။ထောပတ်ကလည်း အခုနလို လက်ကလေးနှင့် ယူပြီး ဆရာရဲ့ဆေးနှင့်ကလည်း ရောနှောထားသေးတယ်။

မေး။ ။သည်တော့ နှာနှပ်လို့ ချေလိုက်တဲ့အခါ ပြန်ထွက်လာတဲ့ထောပတ်ဆိုတော့ ဘယ်လောက်များ ရှိမှာလဲ။

ဖြေ။ ။တစ်ဝက်တစ်စိတ်လောက်ပဲ ရှိပါတော့တယ်ဘုရား။

အေး....အဲသည်လို ချေလိုက်လို့ ကျလာတဲ့ ထောပတ်ကလေးကို ဟဲ့-သမီးတို့ ဂွမ်းနှင့်တို့ပြီး ယူထားကြဟဲ့လို့ ခိုင်းသတဲ့ဗျာ့။ဟိုလိုတော့ ယူလို့မှ မရဘဲ၊ ဂွမ်းကလေးနှင့်တို့ပြီး ယူမှရလို့ အဲဒါကို ဂွမ်းကလေးနှင့် တို့ပြီး ယူထားလို့ ပြောသတဲ့ဗျာ့။ အဲဒါ သူဌေးမကြီးက ခိုင်းတာဗျာ့။

မေး။ ။တို့ အခု သည်နေရာမှာ သူဌေးတွေ၊သူဌေးမကြီးတွေ ပါကြရဲ့လား။

ဖြေ။ ။ပါကြပါတယ်ဘုရား။

မေး။ ။အဟုတ်ကို သူဌေးကြီးလို့ခေါ်နေတာ ပါသလားဗျာ့၊ဒကာကြီးက သူဌေးကြီးလား။

ဖြေ။ ။တပည့်တော်တော့ သူဌေးကြီးမဟုတ်ပါဘူးဘုရား။သည့်ပြင် ဒကာ သူဌေးကြီးတွေ၊ ဒကာမ သူဌေးကြီးတွေပါ ပါတယ် ဘုရား။

မေး။ ။အေး-အဲသည် သူဌေးကြီးကတော့ သည်လို လုပ်ကြမှာလားဗျာ့။
ဖြေ။ ။မလုပ်ပါဘူးဘုရား။
မေး။ ။ဟိုလိုသူဌေးမို့မလုပ်တာထားပါဦး၊အခုဒကာကြီးရောလုပ်သလား။
ဖြေ။ ။မလုပ်ပါဘူးဘုရား။
မေး။ ။သည်လိုထောပတ်ကလေး ထွက်လာတဲ့ဟာကိုမြင်တော့၊ဘယ့်နှယ်လဲ၊ ဟဲ့ သမီးတို့ ဂွမ်းကလေးနှင့် တို့ယူထားဟဲ့လို့ ခိုင်းမှာလား။
ဖြေ။ ။မခိုင်းပါဘူးဘုရား။ လွှင့်ပစ်လိုက်မှာပါပဲ ဘုရား။

## ဇီဝက အဲထင်လွဲ

အေး-အခုနသူဌေးမကြီးကတော့ သည်လိုမဟုတ်ဘူးဗျာ့။ဂွမ်းကလေးနှင့်တို့ယူထားလိုက်လို့ခိုင်းသတဲ့ဗျာ့။ အဲသည်လို လုပ်တာကို ဆေးကုတဲ့ဆရာဇီဝကက တွေ့သတဲ့ဗျာ့။တွေ့တော့ အင်း-ငါ့မှာတော့ ပညာက အဖိုးထိုက်ပါတယ်။သို့ပေမယ်လို့ အခု ဆေးကုရတာဖြင့် ငါ့ပညာနှင့် ထိုက်သလောက် တန်သလောက် ရမှာမဟုတ်ဘူးဆိုပြီး စိတ်ထဲက သည်လိုပြောတာတဲ့ဗျာ့။ သည်လိုဇီဝက ဖြစ်တာကို သူက သိတယ်ဗျာ့။ သည်တော့ ပြောလိုက်တာတဲ့ ဗျာ့။ ဘယ်လိုပြောသလဲဆိုရင် ဆရာရဲ့ ကုပါတဲ့၊ ဆရာရဲ့ကျေးဇူးကို သိပါတယ်တဲ့။ အရာရာမှာ သူနားလည်ပါသတဲ့။သူ့ကို ကုသာကုပါ။သည်ဟာကလေးတော့ အချည်းနှီးမဖြစ်စေရအောင် ပစ္စည်းဆိုတာမျိုးဟာ အလကား မကုန်ရဘူးတဲ့။ ဒါကလေးကို သည်လိုတို့ယူထားတော့ အသုံးကျတယ်။ဘယ်လိုအသုံးကျသလဲဆိုတော့ ကြောင်တို့ ခွေးတို့ အနာဖြစ်တဲ့အခါမှာ ဒါကလေးနှင့်သုတ်လိုက်လို့ ခိုင်းရတယ်တဲ့။နောက်ပြီး မီးတို့ ဘာတို့ ညှိချင်တယ် ဆိုရင်လည်း ဒါနှင့် ညှိလိုက်လို့ ခိုင်းရတယ်တဲ့။ဒါကြောင့်မို့ ဆရာရဲ့၊ ပစ္စည်းဆိုတာ အလကား အချည်းနှီးမဖြစ်စေရဘူးတဲ့။ဆရာရဲ့ကျေးဇူးကို သိပါတယ်လို့ ပြောသတဲ့ဗျာ့။ သည်တော့ ဇီဝက စိတ်အေးသတဲ့ဗျာ့။ ဆေးကုလို့ပျောက်တဲ့ အခါကျတော့ ဘယ်လောက်များ ပေးသလဲ ဆိုရင် ပေးလိုက်တာ အတော်များများကြီးကို ပေးလိုက်ပါသတဲ့ဗျာ့။ကျေးပေါင်း၊ ကျွန်ပေါင်း၊ သတို့သမီးကညာ၊ ရထား၊ ကျေးနှင့်ကျွန်နှင့် ဘာမှမလိုဘူးဗျာ့။ သည်တစ်ခါတည်း ဆေးကုလိုက်တာ ဒါတွေအကုန်ရသတဲ့ဗျာ့။အဲသည်ကျတော့ သည်လိုမဟုတ်ဘူးဗျာ့။ သူ့နေရာနှင့် သူကိုးဗျာ့။

ဒါကြောင့်မို့ အကုန်လုံးတို့ဟာ သည်လိုတတ်ရမယ်၊သည်လိုမှတ်ရမယ် ကြားလား။ အခုပြောတာ ရတနာသုံးပါးနှင့်ပတ်သက်ပြီး ပြောတာ။အထွတ်အထိပ်တွေကိုများများတတ်ရမယ်၊များများကြီးတတ်ပြီဆိုတော့ အစီးအပွားတွေက သည်လိုမကဘူး။ဆက်ကာ ဆက်ကာ အကုန်လုံးတို့ဟာ အသုံးချသလို

အသုံးဝင်သွားပြီဆိုတော့ မြင်တဲ့လူများ မပြောရဘူး။ သူများမြင်တာ မမြင်တာ နေပေ့စေ၊ ကိုယ့်ဟာကိုယ်သိတယ်။ ဒကာကြီးက အခုန ရွှေတိဂုံဘုရားကြီးကို ပြောတယ်။ အဲဒါကလည်း မြင်တဲ့လူတွေရှိတယ်။ သူ့ခမျာများမှာ ခရီးသည်တွေဖြစ်မလာတော့ ပူဇော်ချင်တာကလည်း သည်လိုမှဖြစ်တယ်။ ဒါကြောင့် သည်လိုလုပ်တာ။ သည်လိုမလုပ်ဘဲ အခုတွင်က ပြောသလို ခိုင်းရင်လည်း သူများကိုသွားပြီး အပါယ်ချတာနှင့် မတူဘူးလား။ ကိုယ့်အတွက်နှင့် သည်လိုမဖြစ်ရအောင်ဆိုပြီး၊ သည်လိုလုပ်တာနှင့် တူတယ်။ (နားလည်ပါပြီဘုရား)။ အပါယ်ကျမည့်ဟာကို မခိုင်းရဘူး ဟုတ်ကြလား။ (ဟုတ်ပါပြီဘုရား)။

အခု ဒကာကြီးများမှာ သား၊ သမီး၊ မြေး၊ မြစ်တွေရှိတယ်။ စိန်တွေ၊ ရွှေတွေကလည်း ပေါများတယ်။ သား၊ သမီးတွေကလည်း စိန်တွေရွှေတွေ ဆွဲချင်ဝတ်ချင်လိမ့်မယ်။

မေး။ ။ကိုယ်က ချီးမြှောက်တာကို သားတို့သမီးတို့ ခံနိုင်မယ်၊ မခံနိုင်ဘူး ဆိုတာကို ပြန်မကြည့်ဘူးလား။

ဖြေ။ ။ကြည့်ပါတယ်ဘုရား။

မေး။ ။အေး-ကိုယ်က ဆင်ခြင်ပေမယ့် မခံနိုင်ဘူးဆိုရင် ဘယ့်နှယ်လဲ။

ဖြေ။ ။ဆင်ခြင်ပေမယ့် မဆင်ပါဘူး ဘုရား။

မေး။ ။မခံနိုင်သေးရင် သည်အတိုင်းပဲထားရတယ် မဟုတ်လား၊ ပစ္စည်းတွေရော မဆင်ခြင်ဘူးလား။ ဘာဖြစ်လို့ မအပ်သလဲ။

ဖြေ။ ။မတော်သေးလို့ပါ ဘုရား။

မေး။ ။အဲဒါဟာ မြင်ပြီးသားမို့၊ ဒါအပ်လိုက်ရင် သူတို့မှာ အစီးအပွားများတော့မှာ မဟုတ်ဘူး၊ ဟုတ်ကဲ့လား။

ဖြေ။ ။သူတို့မှာ အန္တရာယ်ဖြစ်သွားမှာပါ ဘုရား။

မေး။ ။ပြီးတော့ အန္တရာယ်ဖြစ်တော့ သူတို့ဖြစ်ချင်ဖြစ်ဆိုပြီး လွှတ်ထားမလား။

ဖြေ။ ။မလွှတ်ပါဘူး ဘုရား။

## အလဟဿ မဖြစ်စေနဲ့

အေး-အဲဒါဘာဖြစ်လို့လဲဆိုတော့ အခုန ဌာနာဌာန ကောသလ္လညာဏ်မရှိလို့ နောက်တော့ အရေးအခွင့် မသိရာရောက်တယ်။ သည်လိုလုပ်လိုက်ရင် ဒင်းကလေး ဆင်းရဲပြီး ဒင်းကလေး အမှုရောက်ရတယ်လို့ဝိုင်းပြီး ဆိုကြမှာပဲ ဗျာ့။ ခုနလို စိတ်နှစ်မျိုးရှိနေလျှင် နောက်ကျတော့ သူတို့ဘာသာသူတို့သိလိမ့်

မယ်။ အခုတော့ သူတို့ကို မအပ်လိုလို့တော့မဟုတ်ဘူး။ အခုလိုအပ်လိုက်ရင် သူတို့လည်း အမှုရောက်မယ်။ ကိုယ်လည်းအမှုရောက်မယ်။ ဘယ်တော့မှမဆုံးနိုင်အောင် သံသရာတစ်ခွင်မှာနေရာကျမယ် မဟုတ်ဘူး။ ဘုရားဆုံးမတော်မူတာတွေက အင်မတန်ကျယ်ဝန်းတယ်။ အခုလည်း ဘုရားဆုံးမတော်မူတာတွေကို ရှောက်ပြောရတာဗျာ့။ ဒါဟာ သီလပိုင်းကပြောတာ။ ပြောတာက နည်းနည်းကလေးရယ်၊ အစီးအပွား ပြောရတာ၊ နေရာမကျတာတွေ နေရာကျအောင် လုပ်ပေးရမယ်။ အဲ့ဒါမှ ဘုရားရှင်ရဲ့ သာသနာ တည်တံ့အောင်၊ ရှင် လူ ရဟန်းများဟာ သိနေအောင် နားလည်ရမယ်။ အပါယ်ကျမည့်ဟာ မကျအောင် သည်လိုလုပ်ရမယ်ဗျာ့။ ဆွမ်းတစ်စေ့ တစ်လုံးကအစ အလကား မဖြစ်ရဘူး။ ဥပမာ—ဒကာကြီး၊ ဒကာမကြီးများ ဆွမ်းကပ်ရော၊ ဆွမ်းကပ်တော့ တို့ကစားရော။ စားတဲ့နေရာမှာ အခုလိုချွတ်ယွင်းနေတာကိုမြင်ရင် ဒကာကြီးက သဘောကျပါ့မလား၊ သဘောမကျရင် ပစ္စည်းလည်းကုန်သေးတယ်။

မေး။ ။သည်လို သဘောမကျဘဲ သေသွားရင် ဘယ်ရောက်မလဲ။

ဖြေ။ ။အပါယ် ရောက်မှာပါဘုရား။

**သာမာဝတီနှင့် မာဂဏ္ဍီ**

အဲသည်လိုမဖြစ်ရအောင် တို့ကဆောင်ရမယ်ဗျာ့။ အေး-ရှေးကအရှင်တွေက သည်လိုဆောင်တာဗျာ့။ သည်လိုဆောင်သွားပြီဆိုတော့ များများကြီး အစီးအပွား ရှိတော့တာပဲဗျာ့။ အခုန သာမာဝတီတို့ကိုပဲ ပြောကြပါစို့ရဲ့။ သာမာဝတီဟာ ဘုရားနှင့်ကင်း၍ မနေနိုင်ဘူးတဲ့ဗျာ့။ ဘုရားရှင်ကိုအမြဲဆည်းကပ် ပူဇော်နေသတဲ့ဗျာ့။ အဲသည်လို နေတဲ့အခါမှာ သူတို့နှင့် မတည့်တဲ့ မာဂဏ္ဍီဆိုတာက ရှိသေးတယ်။ သူကလည်း ရှင်ဘုရင်မကြီးဘဲ။ သူက ဘာကြောင့်မတည့်သလဲဆိုရင် သူ့ဟာသူမတည့်တာ။ အဲဒါကလည်း ဘုရားရှင်က မတည့်အောင်လုပ်တာ မဟုတ်ဘူး။ သူနောက်တုန်းက ဆည်းပူးခဲ့တဲ့ ပရိစယက လွန်လွန်းလို့ ခုနဟာ မတတ်လို့ဖြစ်သွားတာဗျာ့။ သူက သူများထက် ပိုလှသတဲ့ဗျာ။ သည်တော့ သူ့မိဘများက မှန်းထားတာက သူဌေးသမီးဆိုတော့ မိဘတွေက အကုန်ကြည့်ရတာ ထင်ပါရဲ့ဗျာ။ သားနှင့်သမီးနှင့် တန်ရုံလောက်တော့ သူတို့က မှန်းထားတာဗျာ့။ သမီးမာဂဏ္ဍီနှင့် သင့်တော်မည့် ယောကျ်ားကို ကြည့်နေတာဗျာ့။ မတွေ့ဘူးတဲ့ဗျာ။

နောက်ကျတော့မှ ဘုရားရှင်ကြွလာတာကိုတွေ့ရတော့မှ အဖပုဏ္ဏားကြီးက ငါ့သမီးမာဂဏ္ဍီဟာ ဘယ်သူနှင့်မှ မထိုက်တန်ဘူး။ သည်ယောကျ်ားမြတ်နှင့်မှပဲ ထိုက်တန်တယ်ဆိုပြီးတော့ တစ်ခါတည်း အိမ်ပြန်ပြီးပြေးတယ် မဟုတ်လား။ အိမ်ရောက်တဲ့အခါကျတော့တဲ့ တစ်ခါဖြင့်နေရာကျပြီ။ မြန်မြန်လုပ်

ကြတဲ့။ ဟဲ့ သမီးကို တင့်တောင့်တင့်တယ် ဖြစ်အောင်လုပ်။အပ်ဖို့ နှံဖို့ မြန်မြန် လုပ်ကြဟဲ့လို့ ပြောတယ်။ သူက အလုပ်အကျွေး မှန်းထားတာကိုးဗျ။

သူက ပျာယီပျာယာနှင့် ဘုရားရှင်ရှိရာကို ပြန်လာတဲ့ အခါကျတော့ သည်ကျတော့ ဘုရားရှင်ကိုမတွေ့တော့ဘူး။မမြင်ရတော့မှ သူက ဆူတာ ပူတာ ပေါ့ဗျာ။နင်တို့နေ့းလို့ အခုမရှိတော့ဘူးဆိုပြီး ဆူတာပေါ့ဗျာ။ ဒါပေမယ့် ဘယ်သင်းတွေ့ရှိသလဲဆိုတော့ မြတ်စွာဘုရားရဲ့ စက်တော်ရာ ချထားခဲ့တာကို တွေ့သတဲ့ဗျာ။တွေ့တော့မှ ဟဲ့ သည်မှာ ကြည့်ဟဲ့။ ယောကျ်ားမြတ်ရဲ့ ခြေရာ ကြည့်ကြဆိုတော့မှကြည့်ဗျ။သည်အခါမှာ ပုဏ္ဏေးမဒကာမကြီးကအမယ်မင်း မောင်နားမလည်လို့ သည်လိုပြောတာ။ဒကာမကြီးက မြင့်မြတ်တာ သိသတဲ့ ဗျာ။ဤကဲ့သို့'အရှင်သခင်ကို သည်လို မဟုတ်ဘူး။မောင့်သမီး မောင်မှန်းသလို မဖြစ်နိုင်ဘူး။ အဲသည်လို ဆိုတော့မှ နင် ဘာပြောပြော မဟုတ်ဘူးတဲ့။

## မာဂဏ္ဍီ ရန်ငြိုးဖွဲ့

တော်တော်ကြာ ဘုရားရှင် ဆွမ်းခံသွားလို့ ပြန်လာတော့မှ ခုနဟာ သူ မှန်းတဲ့အတိုင်း ရောက်တော့တာပဲဗျ။သည်အခါကျတော့မှ ဘုရားရှင်က ဆုံးမ တော်မူသတဲ့ဗျ။ သည်အခါကျတော့မှ သူတို့ဟာ အားလုံး နေရာကျသွားရော ဗျ၊ဒါပေမယ့် မာဂဏ္ဍီကတော့ ဘယ်လိုမှတ်သလဲဆိုတော့ ဘုရားရှင်က မနှစ် သက် မမြတ်နိုးဘဲနေတော့ သူက နေပေ့စေ။ အခုလို ငါ့ကို ကဲ့ရဲ့ရှုတ်ချမှုဟာ နောင်ကို သိစေ့မယ်ဆိုပြီး ရန်ငြိုးဖွဲ့တာဗျ။ သူ့မိဘတွေကတော့ နေရာကျ သွားကြတယ်။ သူ့မှာသာ နေရာမကျတာနှင့် အခုသည်မှာလာပြီး ရှင်ဘုရင် မကြီးဖြစ်တော့ ဘုရားရှင် ကြွသာတဲ့အခါ သာမာဝတီတို့ကတော့ ကြည်ညို ပူဇော်လို့။သူကတော့ အခုလို ဘုရားရှင်ကို ကြည်ညိုရမလားဆိုပြီး ရန်ငြိုးဖွဲ့ တာဗျ။ဒါပေမယ့် သူလုပ်လို့တော့ မဖြစ်ဘူး။ နောက်ဖြစ်သွားတာက သူ လုပ်ထားလိုတဲ့အတိုင်း ဖြစ်သွားတာပဲဗျ။သူက အမျိုးမျိုး အဖုံဖုံတွေ ချွတ် ချော်အောင် ရှင်ဘုရင်ကို ပြောတယ်။

တစ်နေ့သ၌ကျတော့ ရှင်ဘုရင်ကလည်း ထင်ရောင်ထင်မှား ဖြစ်ပြီး သေသေချာချာကို သာမာဝတီကိုခေါ်ပြီး မြားနှင့်ပစ်သတ်တာပဲမဟုတ်လား။ အဲသည်လိုမြားနှင့်ပစ်တဲ့အခါကျတော့ သာမာဝတီကိုမြားမရောက်ဘူးတဲ့ဗျာ။ သူ့မှာတော့ မောလို့တဲ့ဗျ။သည်ကျတော့မှ ရှင်ဘုရင်က ငါကတော့ အသက် ရှိတဲ့မင်း။ငါဟာ အသက်မရှိတဲ့မြားလောက်မှ ကျေးဇူးဂုဏ်ကို မသိဘူးဆိုပြီး သာမာဝတီကို တောင်းပန်ရတာဗျ။သည်တော့မှ သာမာဝတီက ကျေးဇူးဂုဏ် သိဖို့ရာဘာမျှမလိုပါဘူး။အရှင်မင်းကြီးဟာ ဘုရားရှင်ကိုဆည်းကပ်တော်မူပါ၊ ကိုးကွယ်တော်မူပါလို့။ အဲသည်လို သံတော်ဦး တင်သတဲ့ဗျာ။ သည်တော့မှ

ရှင်ဘုရင်ကလည်း ဘုရားရှင်ကို ကြည်ညိုလေးစားပြီး ဘုရားရှင်ကို ပင့်ပြီးတော့ ဘုရားရှင်ဟောတော်မူတဲ့ အဆုံးအမတွေကိုခံယူပြီး ကြည်ညိုတာဗျ။ အရင်လိုတော့ မဟုတ်တော့ဘူး။ ပြီးတော့ ဘုရားရှင်ရဲ့ အဆုံးအမတွေကို ဆုံးမတတ် ညွှန်ကြားတတ်တဲ့ရဟန်းများကိုလည်း နေ့စဉ်နှင့်အမျှနန်းတော်သို့ ကြွရောက်ချီးမြှောက်ဖို့ရာ ရဟန်းသံဃာတော်ပေးပါဆိုတော့မှသူ့အလိုလိုက်ပြီး ရဟန်းတော်တစ်ပါးပေးရတယ်။ ပြီးတော့ သံဃာတော်နှင့်တကွ အခြွေအရံ ငါးရာကို အဝတ်အထည်တွေ တစ်စုံ ပေးသတဲ့ဗျာ။

## ညီတော်အာနန္ဒာ

သည်လိုပေးလိုက်တဲ့အဝတ်အထည်တွေကို သံဃာတော်တွေကို သူတို့က အကုန်လှူလိုက်ကြတာဗျ။ သည်လိုလှူလိုက်တော့ ရှင်ဘုရင်က သူ့ဆီဝတ်ပြီး လာတာမမြင်တော့ နင်တို့ တစ်နေ့တုန်းက ဝတ်ဖို့ဆင်ဖို့ပေးလိုက်တာဘယ်မှာလဲ မေးတော့ ဘုရားကျွန်မများ ညီတော်အာနန္ဒာကို လှူလိုက်ပါတယ်ဆိုတော့မှ ရှင်ဘုရင်က စိတ်ထဲမှာ ဘယ်လိုလဲဆိုတော့ ပြောဟော့ မပြောဘူး။ ညီတော် အာနန္ဒာတစ်ပါးတည်းရယ်။ သည်မောင်းမငါးရာဝတ်ဖို့ ပုဆိုးအစုံ ငါးရာ ဆိုတော့ များလွန်းတယ်။ ဒါတွေကို သူဘယ့်နှယ်လုပ်မလို့ပါလဲ။ သူ အလှူခံတာ များလွန်းတယ်လို့ သဘောမကျဘူး။ သဘောမကျပေမယ့် ဘာသာပဲ နေဘယ်။ နောက်တော့မှ ညီတော်အာနန္ဒာကြွလာတဲ့အခါကျတော့မှ ဆည်းကပ်ပူဇော် ပြီးတော့ လျှောက်သတဲ့ဗျ။ အရှင်ဘုရား။ သာမာဝတီတို့ကပြောတယ်။ ပုဆိုး အစုံငါးရာ လှူတယ်ဆိုပါတယ်။ အရှင်ဘုရားတော့ တစ်ပါးတည်းပါလား။ ဆိုတော့မှ ညီတော်အာနန္ဒာက ငါကတော့ တစ်ပါးတည်းပဲ။ သို့သော် အခု ငါ့မှာတော့ မရှိဘူး။ ဘယ်လိုတုန်းဆိုတော့ အဝတ်သင်္ကန်း ဆွေးမြေ့နေတဲ့ တခြားသံဃာတော်တွေအများကြီးရှိတယ်။ အဲသည် သင်္ကန်းဆွေးမြေ့နေတဲ့ သံဃာတွေကို လှူလိုက်ရတယ်လို့ပြောတယ်။ အသည်လို ဆိုတော့မှ ဒါဖြင့် အရင်တုန်းက သင်္ကန်းတွေ ဘယ်ရောက်သွားသလဲ။ အရင်က သင်္ကန်းကရှိတယ်။ အဲဒါက ဆွေးမြေ့နေပြီ။ အဲဒါကြောင့် အသည်ဟာကို လဲရမယ်။ လဲလိုက်တဲ့ သင်္ကန်းကကော ဆိုတော့ အဲဒါက အိပ်ရာခင်း ပြုရတယ်တဲ့ဗျာ။ ဒါဖြင့် အရင်က အိပ်ရာခင်းက ဘယ်ရောက်သွားသလဲ၊ အဲဒါက ဆွေးမြေ့နေပြီ။ အဲဒါက ဆွေးမြေ့နေပေမယ့် အချည်းနှီး မဖြစ်ရအောင် ဒါကို ခြေသုတ် ကြိုးပန်းလုပ်ရတယ်၊ ခြေသုတ်ကြိုးပန်းဆိုတာ မျှေးကတော့ ရှိတယ်။ ဒကာ ကြီးများ မသိဘူးလား။

(မသိပါဘူးဘုရား)။

မသိဘူးဆိုတာ မဟုတ်ဘူး။ သင်္ကန်းစုတ်နေတဲ့ဟာတွေကို ဆုတ်ပြီးတော့ ကြိုးလုပ်ရတယ်။ ကြိုးလုပ်ပြီး အဝိုင်းကြီးလုပ်ရတယ်။ အဲသည် သင်္ကန်းတွေ စုတ်

နေတာ ဝတ်လို့လည်းမဖြစ်ဘူး။ ခင်းလို့လည်းမဖြစ်ဘူး။ သည်တော့ခြေသုတ်ကြိုးဝန်း လုပ်ရတယ်။

မေး။ ။ဒါကတော့ သက်န်းစုတ်နေတာကို နောက်ဆုံးပိတ် အသုံးပြုတာပေါ့ဘုရား။

အဲဒါနောက်ဆုံးမပိတ်သေးဘူး၊ အဲဒီသက်န်းစုတ်တွေကို အခွေကြီးခွေပြီး ကျောင်းအတက်အဆင်းမှာ ထားရတယ်။ အဲသည်လို ထားတာက ကျောင်းပေါ်တက်လာတဲ့အခါ အဲဒီနေရာမှာ ခြေသုတ်ရတယ်၊ ခြေသုတ်တာကလည်း သန့်ပြန့်စင်ကြယ်စေချင်လို့ မဟုတ်ဘူး၊ ကျောင်းတွေ ဘာတွေမပျက်စီးရအောင်လို့၊ မြူတွေဘာတွေတက်လာရင် ကျောင်းတွေ ကြမ်းတွေပေမှာစိုးလို့၊ ပျက်စီးမှာစိုးလို့ မပျက်စီးရအောင် ဒါကိုလုပ်ရတာ၊ ဒါဖြင့် အရင်က ခြေသုတ်ကြိုးဝန်းကကောဘုရားလို့မေးတော့ အရင်က ခြေသုတ်ကြိုးဝန်းကလည်း ဆွေးမြေ့ကုန်တော့ သုတ်လို့မဖြစ်တော့ဘူး၊ ခြေသုတ်ကြိုးဝန်းဆိုတာကို ဒကာကြီးတို့သတိထားမိရင် မြင်ပါလိမ့်မယ်၊ အရင်က သက်န်းတွေဝတ်မဖြစ်၊ ရုံမဖြစ်တဲ့ဟာကို ခြေသုတ်ကြိုးဝန်း လုပ်တာပဲဗျာ့၊ အရင်က ခြေသုတ်ကြိုးဝန်းက ဆွေးမြေ့ကုန်တော့ သည်ဟာကို ဘယ်နှယ်လုပ်ရသလဲဆိုရင် သဒ္ဓါတရားနှင့် လှူတဲ့ပစ္စည်းကို အချည်းနှီးမဖြစ်စေရအောင် ဆိုပြီး ပုံကွပ်နှင့် တောက်တောက်စင်းပြီးတော့ မြေကြီးနှင့်နယ်ပြီး ထရံကို လိမ်းကျံရသတဲ့ဗျာ့။

ရှေးက အခုလိုလုပ်ရတယ်၊ အင်္ဂတေမရှိတော့ အခုလိုပဲ ရွှံ့နှင့်မံရတယ်။ သည်အတိုင်းထားတော့ ကြာကြာမခံဘဲ ကွဲတယ်၊ အက်တယ်။ အခုလိုသက်န်းစုတ်နှင့်တဲ့တော့ မအက်ဘူး။ မြဲမြံနိုင်ခံ့အောင် သည်လိုလုပ်ရတယ်လို့ ပြောတော့မှ အသုံးအင်မတန်စေ့စပ်လှပါကလားဆိုပြီး သူကထပ်ပြီးတော့ လှူသတဲ့ဗျာ့။ ဟိုတုန်းကတော့ သူက အလှူခံတာများလွန်တယ်လို့ဆိုပြီးတော့ စိတ်တဲမှာဖြစ်သတဲ့ဗျာ့။ သို့သော်လည်း ဘယ်နှယ်တုန်းဆိုတော့နောက်တစ်ခါကျတော့မှ ဘုရားသာသနာမှာ အင်မတန်မြင့်မြတ်တဲ့ဟာတွေနှင့် ဆင်းရဲမှလွတ်ဖို့ရာအကြောင်းတွေ၊ပြီးတော့သဒ္ဓါတရားနှင့်လှူလိုက်တဲ့ပစ္စည်းကိုအချည်းနှီး မဖြစ်စေရအောင် ဆောင်ပုံတွေ၊ အဲဒါတွေကို သိရသတဲ့ဗျာ့၊ အဲသည်လို သိရတော့မှ အရင်တုန်းကဟာတွေ ဘယ်မှာလဲလို့ မေးစရာရှိသေးသလား။ (မရှိတော့ပါဘူးဘုရား)

မင်္ဂလာဘာစ်ပါး

အေး-အဲသည်တော့မှ သူကြည်ညိုပြီးတော့ လှူတာဗျာ့၊ ဒါကြောင့် ဘုရားဆုံးမတော်မူတာတွေက မကြည်ညိုသေးတဲ့လူကို ကြည်ညိုဖို့၊ ကြည်ညိုနေတဲ့ သူတော်ကောင်း အစားစားတို့မှာဆိုရင် အတိုင်းထက် အလွန်တဲ့ဗျာ့၊

အခုလည်း ရှင်ဘုရင်က အလှူခံတာများတယ်ဆိုပြီး တယ်မတည့်ဘူးဗျာ့၊ အခုန ရှင်ဘုရင်မကြီးက သံတော်ဦးတင်လိုက်တော့ သည်ရှင်ဘုရင်မကြီးက လှူတာကဟုတ်ပြီ။ ဒါပေမယ့် အလှူခံတဲ့အရှင်က တစ်ပါးတည်းဆိုတော့ များလွန်းတယ်ဆိုပြီး တယ်သဘောမကျဘူးဗျာ့။ သဘောမကျပေမယ့် သူက သာသာကလေးနေတယ်ဗျာ့။ နောက်တော့မှ အရှင်မြတ် ကြွတော်မူတော့မှ အနားနားကပ်ပြီး လျှောက်သတဲ့ဗျာ့။ သည်လိုသာ အနားနားကိုလည်း မလာဘဲ သဘောမကျတဲ့အတိုင်း နေမယ်ဆိုရင် သူ နေရာမကျတော့ဘူးဗျာ့။ အေး-ဒါကလည်း မင်္ဂလာသုတ်ထဲမှာ ပါပါတယ်ဗျာ့။ ရဟန်းသံဃာတော်များကို ဆည်းကပ်ရတယ်၊ ပူဇော်ရတယ်ဆိုတာ မင်္ဂလာတစ်ပါးပဲဗျာ့။ ဒါတွေလည်း သူတို့အားလုံးသိပြီးသားတွေပါဗျာ။ အခု သူဟာ နဂိုတုန်းကကြည်ညို လို့မဟုတ်ဘူး။ ဟိုဟာကြောင့်မေးတာ။ မတည့်လို့ လို့ပြောမှ တော်မယ်။ သဘောမကျလို့ဗျာ့။ သို့သော်လည်း ဘုရားဆုံးမတော်မူတာ မှတ်ပြီးတော့ သည်အတိုင်းလိုက်နာပြီး ပြုလိုက်တဲ့အခါကျတော့ မကြည်ညိုတဲ့ဟာကြည်ညို လာတယ်။ သူကတောင် ထပ်လှူလိုက်သေးတယ်ဗျာ့။

အဲသည်လိုဗျာ့။ အခုနပြောကဲ့ ဘုရားဆုံးမတာရယ်။ ပြီးတော့ အခုန သုံးသွားလိုက်ပုံကလည်း အချည်းနှီးမဖြစ်အောင် သာသနာအတွက် နေရာတိုင်းမှာ သည်လိုလုပ်ရတယ်။ သည်လို အသုံးတတ်ရတယ်။ အဲဒါဟာ ဘုရားဆုံးမတာတွေပဲဗျာ့။ သီလဘက်ကရော သာသနာဘက်ကရော တစ်ပြိုင်နက်တည်းပါတယ်။

မေး။ ။သည်အကိုင်းသွားကြတဲ့ အရှင်တွေဟာ အခုရှိသေးရဲ့လား။ဆင်းရဲတဲ့ နယ်တစ်ခွင်မှာ ရှိသေးရဲ့လား။

ဖြေ။ ။မရှိတော့ပါဘူး ဘုရား။

မေး။ ။ထင်မိထင်ရာလုပ်တဲ့လူတွေက ဘယ့်နှယ်လဲ။

ဖြေ။ ။အပါယ်က မတက်ပါဘူး ဘုရား။

မေး။ ။အခုလိုနေရာမကျဘူးဆိုရင် နောက် ဘယ်ထိအောင် မျှော်ရဦးမလဲ မပြောတတ်ဘူး။ နောက် သတင်း ကြားထားတဲ့ ဘုရားတစ်ဆူက ဘယ်လောက်မှ ပွင့်မှာလဲ။

ဖြေ။ ။အင်မတန်ကြာမှ ပွင့်မှာပါဘုရား။

အေး-သည်ကြားမှာတော့ ပွင့်မှာပဲဗျာ့။ ဘယ်လောက်လဲဆိုရင် သူ့ အချိန်ကျရင်ပွင့်မှာပဲ။ ဘုရားသာသနာ ကုန်ဆုံးသွားပြီဆိုရင် နောက်ကို မြေကြီးတစ်ယူဇနာကျော်ကျော် တက်လာတဲ့အခါကျမှ ပွင့်မှာဗျာ့။ ဒါကတော့ ကြေနတ်ပွင့်မှာပဲဗျာ့။

မေး။ ။အခု ဒကာကြီး၊ ဒကာမကြီးတွေ သည်ကပြီး ဘယ်သွားမလဲဆိုတာ သိပါမလား။

ဖြေ။ ။မသိပါဘူး ဘုရား။

မေး။ ။ဘုရားပွင့်တော်မူမှလို့ မှန်းထားတယ် မဟုတ်လား။ ဘုရားပွင့်တော်မူတော့ ဘယ်သွားပြီး ဘယ်ကစောင့်မှာလဲ။

ဖြေ။ ။တပည့်တော်တို့ နေရာတော့ ရနေပါပြီ ဘုရား။

မေး။ ။ဘယ်မှာလဲ။

ဖြေ။ ။အပါယ်က စောင့်နေမှာပါ ဘုရား။

မေး။ ။အဲသည်အခါကျတော့ ဘယ့်နှယ်လဲ၊ ဘုရားရှင်ကို တွေ့ပါမလား။

ဖြေ။ ။မတွေ့နိုင်ပါဘူး ဘုရား။

အေး-ဒါကြောင့် အခုန ထားဆိုတဲ့ နေရာကလေးမှာထားကြ။ အဲသည်လိုထားလို့ စူးစူးစိုက်စိုက်ကလေးနေပြီဆိုရင်တော့ အပါယ်တော့ ကေန္တ မကျတော့ဘူးလို့ မှတ်ရမယ်။ သို့ပေမယ့် အခု ဒကာကြီး ဆေးလိပ်သောက်တဲ့အခါမှာ အခုန ထားဆိုတဲ့နေရာကလေးမှာ ရှိသေးရဲ့လား။

ဖြေ။ ။မရှိပါဘူးဘုရား။

မေး။ ။အဲ့သည်လို ဆေးလိပ်သောက်ရင်း သေသွားရင် ဘယ်ရောက်မလဲ။

ဖြေ။ ။အပါယ်ရောက်မှာပါဘုရား။

မေး။ ။ကောင်းလိုက်လေရဲ့ဆိုပြီး လောဘစိတ်နှင့် သေသွားရင်ကော။

ဖြေ။ ။အပါယ်ရောက်သွားမှာပါ ဘုရား။

မေး။ ။အဲသည်လို ရောက်သွားတာဟာ ဆေးလိပ်ကချတာ မဟုတ်ဘူးဗျာ့၊ သည်ဟာ သည်ရဟန်းက အလကားပြောတာ၊ ဘယ်ပိဋကတ်သုံးပုံမှာမှ သည်ဆေးလိပ်မပါဘူးလို့ ပြောချင်ပြောမှာ၊ အခုပြောနေတာက သည်ဆေးလိပ်မှာ စွဲနေတဲ့ လောဘ၊ ဒေါသ၊ မောဟကိုပြောတာ။

ဖြေ။ ။သိပါပြီဘုရား၊ သည်ဆေးလိပ်သောက်ရင်လည်း အပါယ်ကျတယ်ဆိုတာ နားလည်ပါပြီ ဘုရား။

မေး။ ။ဒကာကြီး ဆေးလိပ်မသောက်ဘူး မဟုတ်လား။

ဖြေ။ ။သောက်ပါတယ်ဘုရား၊ ဒါပေမယ့် သည်တစ်ခါ တော့ ဆေးလိပ်သောက်ရင်း နှာသီးဝမှာ ထိသိမလွတ်အောင် သောက်ပါတော့မယ် ဘုရား။

မေး။ ။ဒါဖြင့် အဲသည်နေရာကလေးမှာ ထားတုန်းရော ဆေးလိပ်သောက်ပါဦးလားလို့ ဆိုတော့ ခုနဟာကဒလေးကို သိပါဦးမလား။

ဖြေ။ ။နှာသီးဝမှာ အဟုတ်ထားရင် ဆေးလိပ်သောက်ချင်တဲ့စိတ် မရှိတော့ပါဘူး ဘုရား။

မေး။ ။ပြီးတော့ အခုလို ဆေးလိပ်သောက်ရင်း ထားရတာက နှစ်ခု ဒုက္ခရောက်နေတယ်။ သည်တော့ မသောက်ဘဲနှင့်ထားရင် မဖြစ်ဘူးလား။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

အေး၊ ဒါကြောင့် အခုန ထားဆိုတဲ့နေရာမှာ စူးစူးစိုက်စိုက် ထားကြဗျာ့။ ဆင်းရဲကလွတ်အောင် ဘယ်လိုများ ဘုရားဆုံးမတော်မူသလဲ ဆိုရင်၊ အပ္ပမာဒေနသမ္ပာဒေထ၊ လို့ ဘုရားဆုံးမတော်မူတယ်မဟုတ်လား၊ ဒါဟာ ဘုရားအလိုတော်ကျ အကောင်းဆုံး ဆုံးမတော်မူတာပဲ။

မေး။ ။အခုနတုန်းက အပ္ပမာဒေန သမ္ပာဒေထ ဆိုတော့ ဒကာကြီး၊ ဒကာမကြီးတွေက ဘယ်လိုဆိုလဲ။

ဖြေ။ ။အာမဘန္တေလို့ ဆိုပါတယ်ဘုရား။

အဲဒါဆို တို့သိတာကတော့ ဘုရားဆုံးမတော်မူတဲ့အတိုင်း ထားရမည့်နေရာကလေးမှာ စူးစူးစိုက်စိုက်ကလေးမလွတ်အောင် တစ်ဆက်တည်းပါအောင်ထားပါ့မယ် ဘုရားလို့ အဲသည်လို သိတာပဲ။

မေး။ ။ဒကာကြီးတွေ အပ္ပမာဒေန သမ္ပာဒေထက ဘယ်လိုလဲ။

ဖြေ။ ။ပါးစပ်ကဆိုနေကျမို့ ဆိုလိုက်တာပဲဘုရား။

မေး။ ။ဒါဖြင့် အခုန သိုတော့ မဟုတ်ဘူးပေါ့။

ဖြေ။ ။မဟုတ်ပါဘူး ဘုရား။

ရှေးအရှင်တွေကတော့ သည်လိုမဟုတ်ဘူးဗျာ့၊ အဟုတ်ကို အာမဘန္တေလိုက်တာဗျာ့။ ဒါကြောင့် သူတို့မှာ အလိုရှိရာ နှစ်သက်တဲ့ ဗောဓိတွေ အသီးသီးဟာ ပြီးစီးအောင်မြင်ပြီး နိဗ္ဗာန်ကို စံဝင်သွားကြတာဗျာ့၊ ဒါကြောင့် အခုလည်း သည်လို ရှေးအရှင်တွေလို မှန်းထားတဲ့အတိုင်း ပြည့်အောင်ဟာ ရှေးအရှင်တွေဆောင်တာကို သိနေတော့ သည်အတိုင်းပြည့်အောင် ဝီရိယထူထောင်ပြီး ကြိုးစားကြ အားထုတ်ကြဗျာ့။ ။

# မြင့်မြတ်တာသိပြီးရင် အချိန်မဖြုန်းနှင့်

"ရှေးအရှင်တွေကဲ့သို့ မီအောင် ညီအောင် သူတော်ကြ မယ်ဆိုလျှင် အားလုံးသော သူတော်ကောင်း အစားစားတို့သည် တောင့်တရည်ရွယ်ချက် အသီးသီးတို့ဟာ အလုံးစုံ ပြီးစီးအောင် မြင်ကြပါလိမ့်မယ်ဗျ၊ ထိုသို့ဖြစ်သောကြောင့် အချိန်အခါတွေ မြင့်မြတ်တာသိပြီးတော့ မဖြုန်းကြနဲ့ဗျ"

(၁၉၅၅-ခု မတ်လ ၁၂-ရက်နေ့ည ရန်ကုန်တက္ကသိုလ် ဓမ္မာရုံ၌ ဝေဘူဆရာတော်ဘုရားကြီး ဟောကြားသည့် ဤတရားသည် မိမိမျှော်မှန်းတောင့်တသော ဗောဓိဆုကို မမေ့မလျော့သော လုံ့လဝီရိယဖြင့် ယခုလို အလွယ်ဆုံးအချိန်အခါ၌ ကြိုးစားကျင့်ကြံ အားထုတ်ကြရန် ကျောင်းအစ်မကြီး ဝိသာခါနှင့် မိဂါရသူဌေးကြီးကိုလည်းကောင်း၊ သာတာဂိရိနှင့် ဟေမဝတ မိတ်ဆွေနှစ်ဦးကို လည်းကောင်း ဥပမာ ပုံဆောင်၍ ဟောတော်မူ၏။)

ဝေဘူဆရာတော် အရှင်မြတ်သည် ပထမဦးစွာ ရှစ်ပါးသီလတော်ကို ပေးပြီးနောက် အောက်ပါအတိုင်း တရားဟော်ကို ချီးမြှင့်တော်မူပါသည်။

## တရားနာခံအဖြစ် ဦးလှက ဆောင်ရွက်သည်

သီလတော့ ဆောက်တည်လို့ပြီးကြပြီ။ ဆောက်တည်၍ပြီးလျှင် ပြည့်စုံအောင်ဖြည့်ကြကျင့်ကြ။ ဖြည့်ကျင့်လို့ပြည့်စုံပြီဆိုမှဖြင့် စိတ်နှလုံးအလိုတောင့်တရည်ရွယ်ချက် အသီးသီးတို့ဟာ အကြွင်းအကျန်မရှိ အလုံးစုံ ပြီးစီးအောင် မြင်ကြတယ်။ ထိုသို့ဖြစ်သောကြောင့် ပစ္စုပ္ပန်သံသရာနှစ်ဖြာ တောင့်တ ရည်ရွယ်ချက် အသီးသီးတို့ကို ပြီးစီးခြင်းငှာ အလိုရှိကြပါတဲ့ သူတော်ကောင်းအစားစားတို့ သည်လိုဖြည့်ကြကျင့်ကြတဲ့ သီလ၌ တည်ပြီးတော့ပြုရတဲ့ ကုသိုလ်

အဖြာဖြာတို့သည် စိတ်နှလုံးအလို တောင့်တ ရည်ရွယ်ချက် အသီးသီးတို့က အထွတ်အထိပ် အပြီးအဆုံးတိုင်ရောက်အောင် ဆောင်နိုင်ပို့နိုင်တယ်။ သီလဖြင့် တည်ပြီးတော့ နှစ်သက်ဖွယ်ဖြစ်တဲ့ ပူဇော်မှုတို့ကို စိတ်သဘောကျသလို ကောင်းမွန်စွာ စီမံပြီး သူတကာကို မစေမပါး မခိုင်းဘဲ အလှူဝတ္ထုကို လိုသလို၊ အလှူအတန်းကိုလိုသလို စိတ်ကို ဖြောင့်မတ်စွာထားပြီး အတုမရှိပါတဲ့ ဘုရားရှင်၊ ဘုရားသာသနာတော်ကို ကိုယ်ပိုင် ကိုယ်တိုင် ဆက်ကပ်လှူဒါန်းပြီး အလိုရှိရာ နှစ်သက်တဲ့ ဗောဓိနှင့်နိဗ္ဗာန်ကို စံဝင်ရပါလို၏လို့ အဲသည်လို ဆုယူဆုတောင်းကြ။ ဗောဓိဆိုတာ သစ္စာလေးပါးကို ထိုးထွင်းပြီး သိတာမြင်တာကို ခေါ်တယ်။

ဗောဓိသည် သမ္မာသမ္ဗုဒ္ဓဗောဓိ၊ ပစ္စေကဗောဓိ၊ သာဝကဗောဓိရယ်လို့ အသီးသီးရှိတယ်။ သာဝကတွင်မှ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကရယ်လို့ ရှိကြတယ်။ တေဒဂ်ရာထူးဌာနန္တရမှာလည်း ကိုယ်အလိုရှိရာ နှစ်သက်တဲ့ တေဒဂ်ရာထူးဌာနန္တရနှင့် နိဗ္ဗာန်ကို စံဝင်ရပါလို၏လို့ ဆုယူဆုတောင်းကြ၊ တောင့်တတဲ့အတိုင်းသာ ပြီးစီးအောင်မြင်၍ နိဗ္ဗာန်ကို စံဝင်ကြသွားတော်မူကြတဲ့ သူတော်ကောင်းအစားစားတို့ဟာ ရေတွက်ခြင်းငှာမစွမ်းနိုင်အောင် များပြားကြပါတယ်ဗျ။ ဘာကြောင့်မို့ ဤကဲ့သို့ စိတ်နှလုံး အလိုတောင့်တတဲ့အတိုင်း အသီးသီး ပြီးစီးအောင်မြင်ကြပါသတုန်းလို့ ဆိုတော့ အခါကောင်းလို့ ဘဝကောင်းလို့ ဝီရိယကောင်းလို့ ဘုရားပွင့်တော်မူတဲ့အခါ ဘုရားသာသနာရှိတဲ့အခါ အဲဒါဟာ အခါကောင်း မည်တယ်။ လူ့ဘဝ၊ နတ်ဘဝ၊ သုဂတိဘဝကို ရကြပါတဲ့ သူတော်ကောင်းအစားစားတို့သည် ဘဝကောင်းမည်တယ်။ ကိုယ်အလိုရှိတဲ့ သင့်တဲ့ ဗောဓိကို ပြီးမြောက်အောင် ဝီရိယထူထောင်ပြီးတော့ ပုံမှိုကျင့်မှုကို အဲဒါကို ဝီရိယကောင်းတဲ့ ဝီရိယတဲ့။ အခါဘဝကောင်းတာကို သိပြီးတော့ ကိုယ်မှန်းထားတဲ့ အသီးသီးသော ဗောဓိတို့ကို ဝီရိယထောင်ပြီးတော့ ပြီးစီးအောင် ဖြည့်ကြ ကျင့်ကြတဲ့ သူတော်ကောင်းအစားစားတို့သည် အခါမလင့် စိတ်နှလုံးအလိုအတိုင်းဟာ ပြီးစီးဆိုက်လာကြတယ်။ အဲဒီအခါကျတော့ ဝမ်းမြောက်ရတယ်။ သည်လို ဝမ်းမြောက်မှုမှာလည်း တစ်ခဏစာ တစ်ဘဝစာ မဟုတ်ဘူး။ သံသရာ တစ်လျှောက်လုံးအတွက် လုံလောက်သည်ဖြစ်သောကြောင့် လူဘ၀ တစ်ဘဝဟူ၍ ပြောစလောက်ပြီး သံသရာ တစ်လျှောက်လုံးအတွက် တောင့်တတဲ့ ရည်ရွယ်ချက်အတိုင်းဟာ ပြီးစီးလို့မှု၊ စိုးရိမ်မှု၊ ကြောင့်ကြမှု၊ ပူပန်မှုမရှိဘူးလို့ ယခုလို သံသရာ တစ်လျှောက်လုံးအတွက် ဝမ်းမြောက်ကြရတာပါ။

ဤကဲ့သို့ မြင့်မြတ်တဲ့အချိန်အခါကိုသိပြီးတော့ ဘုရားပွင့်တော်မူတဲ့အခါမှာ များစွာသော လူနတ်ဗြဟ္မာတို့သည် ဘုရားထံမှောက်သို့ အစဉ်အတိုင်းသာ ထက်မြက်တဲ့ သဒ္ဓါတွေနှင့် ရောက်ကြတယ်။ ဘုရားရှင်အသရေတော်ကို မျက်မှောက်

အားဖြင့် ကြည်ညိုကြရတဲ့ အခါကျတော့ ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာမှ အားမရနိုင်ပါဘူးဗျ။ ဤသို့ အားမရနိုင်တဲ့ စိတ်အားဖြင့် တည်ပြီးပြီဆိုတော့ ဘုရားရှင်ကို ပူဇော် လေးစား ကြည်ညိုကြတော့ အတူတူမရှိပါတဲ့ ဘုရားရှင်သည် ကိုယ်တော်တိုင် ထိုးထွင်းပြီး သိတဲ့အတိုင်း သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် သိစေတော်မူတယ်။ ဤကဲ့သို့ သိစေတော်မူတဲ့အခါမှာ ဘုရားရှင် ဆုံးမပါတဲ့ အဆုံးအမကို ကောင်းမွန်စွာမှတ်သားပြီး မချတဲ့ ဝီရိယနှင့် လေးပါးသော ဣရိယာပုထ်တို့မှာ တစ်ဆက်တည်းပါအောင် ယူကြတယ်။ အဲသည်လို ယူကြတဲ့ အခါကျတော့ စိတ်နှလုံး အလိုတောင့်တတဲ့အတိုင်း အသီးသီးပြီးကြတဲ့တစ်ခဏ တစ်မဟုတ်ကလေးမှာပင်လျှင်ပဲ များစွာသော လူနတ်၊ဗြဟ္မာတို့ဟာ စိတ်နှလုံး အလိုအတိုင်း အသီးသီးပြီးကြတယ်။ ဘယ်လိုပြီးပါသလဲဆိုရင် ရာပေါင်း၊ ထောင်ပေါင်း သောင်းပေါင်း သိန်းပေါင်း မရေမတွက်နိုင်အောင် ပြီးကြတယ်။ တစ်ခါတလေ ကုဋေပေါင်း အသင်္ချေမျှ ဤကဲ့သို့ စိတ်နှလုံးအလိုတောင့်တတဲ့အတိုင်းဟာ ပြီးကြပါသဗျ။ အဲ့သည်တော့ တစ်ခဏလေးမှာပဲ လုံ့လ ဝီရိယနှင့် ထူထောင်ပြီးတော့ ပြီးကြတဲ့ လူ၊ နတ်၊ ဗြဟ္မာတို့ဟာ စိတ်နှလုံး အလို ဤကဲ့သို့ပြီးတယ်။

သည်တော့ ဘုရားရှင်ပွင့်တော်မူတဲ့အချိန်ကစပြီးတော့ များစွာသော လူနတ်ဗြဟ္မာတို့ဟာ အစဉ်အတိုင်း ဆက်ကာဆက်ကာ တောင့်တတဲ့ရည်ရွယ်ချက် အသီးသီးတို့ဟာ မှန်းထားတဲ့အတိုင်း အရယူကြတယ်။ သည်တော့ ဆက်ကာဆက်ကာ ပင်လျှင်ပဲ များစွာသော သူတော်ကောင်းအပေါင်းတို့ဟာ ဘယ်အခါမှ မပြတ်အောင် တောင့်တချက်တွေကို အရယူကြတော့ပြီးကြပါတယ်ဗျ။ သည်လို ဘုရားထံမှောက်သို့ ရောက်ကြတာဟာ အချိန်တိုင်း အချိန်တိုင်း ဘယ်အချိန်မှ မပြတ်ဘူးဗျ။ လေးစားပူဇော် ကြည်ညိုကြပြီဆိုတော့မှ မပြောင်းလဲနိုင်သော မြတ်နိုးခြင်းကိုပြုပြီးတော့ အလိုဆန္ဒရှိပါတဲ့ ဆုတွေယူကြတာဗျ။ သည်တော့ အာဘာဝကောင်းတာသိပြီးတော့ ဤကဲ့သို့ ဝီရိယတွေနှင့် ယူကြတာဟာ တို့ဘုရား ရှေလက်ထက်တော်က သာလားဆိုလျှင် မဟုတ်သေးဘူး။ ဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက် ဘုရားရှင် သာသနာတော် ထားတော်မူခဲ့တဲ့ ဘုရားရှင်ရဲ့ အဆုံးအမ သာသနာတော်ကို ကောင်းမွန်စွာရရှိကဲ့ သူတော်ကောင်း အစားစားတို့သည် ဝီရိယထူထောင်ပြီးတော့ ဘုရားရှေ့လက်ထက်တော်က များစွာသော လူ၊နတ်ဗြဟ္မာတို့သည် အာဘာဝကောင်းသည့် အားပျော့စွာ ဘုရားရှင် တပည့်သား၊ တပည့်သမီးပီပီ စိတ်နှလုံးအလို တောင့်တချက်ပြည့်အောင် ယူကြတယ်။

ငါတို့လည်း ဘုရားရှင်ရဲ့ တပည့်သား၊ တပည့်သမီးတွေပဲ။ သည်တော့ စိတ်နှလုံး အလိုတောင့်တ ရည်ရွယ်ထားတာတွေရှိတယ်။ ဤကဲ့သို့ အရယူလို့ ဆန္ဒကို ဖြစ်စေပြီးတော့၊ ရှေးအရှင်တွေရဲ့ ယုံ့လ ဝီရိယ သ ...ကို ဖြစ်အောင်

ညီအောင် ထူထောင်ပြီးတော့ယူကြတဲ့ များစွာသော လူနတ်ပြဟ္မာတို့တွေမှာ အချိန်တိုင်း အချိန်တိုင်းမှာပင်လျှင် ဣရိယာပုထ် လေးပါးတို့၌ အခါမလင့် ယူလာကြသည်ဖြစ်သောကြောင့် စိတ်နှလုံးအလို ပြီးကြတာတွေဟာ ဆက်ကာ ဆက်ကာ မရေမတွက်နိုင်အောင်ပဲ များပြားသတဲ့ဗျ။ တို့ဘုရားဆုံးမတဲ့ အဆုံးအမဟာ ဘယ်သင်းကိုခေါ်ပါသလဲဆိုလျှင်၊ ယခုအားလုံးသော သံဃာကောင်း၊ အရှင်ကောင်းတို့ဟာ မေတ္တာတည်းဟူသော မိုးစွေပြီး သုံးဖြာသော ပိဋကတ်တို့ကို ဆုံးမပြီးတော့ အချိန်တိုင်း အချိန်တိုင်း အခါမလင့်ရအောင် ဤကဲ့သို့ လိမ္မာစွာဆုံးမပြီး ထားကြပါတယ်။ သည်တော့ သည်ကဲ့သို့ အဆုံးအမကိုရကြတဲ့ များစွာသော တပည့်သား တပည့်သမီးတွေမှာ ဤကဲ့သို့ မှတ်ထားပြီး ထားတာတွေဟာ အားလုံး ကျွမ်းနှီးလိမ္မာကြတယ်။ ဘယ်လိုကျွမ်းနှီးလိမ္မာကြပါသတုန်းဆိုလျှင် သည်သင်းကသုတ်၊ သည်သင်းကအဘိဓမ္မာ၊ သည်သင်းက ဝိနည်းရယ်လို့ဆိုပြီး မသိတာရယ်လို့ တယ်မရှိပါဘူး။ ပြောစမ်းပါဆိုလျှင် မှတ်ထားတဲ့ဟာကိုပဲ ပြောလို့မကုန်နိုင်အောင် များပြားပါတယ်။ ဤကဲ့သို့ အကြားအမြင် ဗဟုသုတတွေကိုလည်း ဆည်းပူးတော့ ထားကြတာဟာ များပါတယ်။

သည်တော့ ဘုရားဆုံးမပါတဲ့ အဆုံးအမတို့ဟာ ဤကဲ့သို့ သုံးဖြာသော ပိဋကတ်နှင့် အကျဉ်း သခေပ၊ အကျယ် ဝိတ္ထာရအားဖြင့် အဲဒီလို များပြား ပြီးတော့ မှတ်ထားဖို့ ပို့လို့ချလို့၊ ဟောလို့ပြောလို့ မကုန်နိုင်အောင် ရှိသော်လည်း ဆင်းရဲမှုတော့ လွတ်မှုတစ်ခုပါပဲ။ ဒါကြောင့်မို့ ဆင်းရဲမှုလွတ်မှု တစ်ခုတည်းဆိုတာကို အားလုံးက နားလည်ကြတယ်။ အဲသည်လို ကောင်းမွန် စွာမှတ်သားပြီး နားလည်ထားတဲ့အထဲက ဘုရားအဆုံးအမ မှန်မှန်ကို ဝီရိယ သန်သန်နှင့် ဤကဲ့သို့ ပြုကြမည်ဆိုလို့ရှိလျှင် တစ်ပါးအာရုံတွင် မသွားစေဘဲ ယခုလိုထားမည်ဆိုလျှင် ထားတဲ့အတိုင်းတာနေ။ ဤကဲ့သို့ နေတဲ့အခါကျတော့ ဆင်းရဲကို ဖြစ်စေတတ်ပါတဲ့၊ လေးပါးသောအပါယ်ကို ဆောင်တတ် ပေးတတ် ပါတဲ့ လောဘ ဒေါသ မောဟတို့ မရှိဘူးဆိုတော့ အကုသိုလ် စင်ကြယ်ကြတာ ပေါ့ဗျာ။

မေး။ ။အဲသည်လိုစင်ကြယ်ပြီး စူးစူးစိုက်စိုက် တည်နေတဲ့အချိန်မှာ စိုးရိမ် ကြောင့်ကြ ပူပန်ရတာရော ရှိပါဦးမလား။

ဖြေ။ ။မရှိပါဘူးဘုရား။

မေး။ ။စိုးရိမ်ကြောင့်ကြ ပူပန်ရတယ်ဆိုတာ ဆင်းရဲလား ချမ်းသာလား။

ဖြေ။ ။ဆင်းရဲပါဘုရား။

မေး။ ။ဒီတော့ ကြောင့်ကြစိုးရိမ်ပူပန်မှု မရှိဘူးဆိုတော့ ဒါဟာ ဆင်းရဲက ထုတ်နှုတ်ပြီးဆောင်တာ မဟုတ်လားဗျ။

ဖြေ။ ။တင်ပါ့ဘုရား။

မေး။ ။အခုချက်ချင်း ဝီရိယနှင့် ထူထောင်လိုက်သည်ရှိသော် ဝိရိယိဒ္ဓိပါဒ်ဟာ ဆိုင်းငံ့ပြီး နေပါဦးမလား။

ဖြေ။ ။မနေပါဘူး ဘုရား။

မနေဘူးဗျ။ အခုချက်ချင်းဖြစ်တယ်။ ဒါဟာ ပစ္စုပ္ပန်သံသရာဆင်းရဲက ထုတ်နုတ်ပြီး ဆောင်တယ်ဆိုတာဟာ ယခုလို ထားတဲ့အတိုင်း နေရမယ်လားလို့ မေးတဲ့အခါ ပါနေတယ်လို့ ပြောတယ်။

မေး။ ။ဤကဲ့သို့ပြောတာဟာ သူတကာကိုမေးပြီးတော့မှ သူတကာတို့ ပြောတာကို မှတ်ပြီးတော့ အတုယူပြီးတော့ ဖြေရတာလား။ ကိုယ်ပိုင်ကိုယ်တိုင်သိလို့ ဖြေတာလား။

ဖြေ။ ။ကိုယ်ပိုင်ကိုယ်တိုင် ဒိဋ္ဌသိလို့ ဖြေတာပါ ဘုရား။

သည်တော့ ဘုရားဆုံးမတဲ့ ဘုရားအဆုံးအမကို လိုက်နာကြပြီဆိုမှဖြင့် ဝိရိယိဒ္ဓိပါဒ်ဟာ ပေါ်လာတာကို နားလည်ပါသဗျ။ သည်တော့ ပစ္စုပ္ပန်ဒ္ဓသာလား၊ သံသရာရဲ့ အတွက်ကောဗျ။ ဤကဲ့သို့ လောဘ၊ ဒေါသ၊ မောဟတရားတွေကင်းပြီး စင်ကြယ်လို့ တည်နေတဲ့အချိန်မှာ သက်တမ်းစေ့လို့ သေမည်ဆိုလျှင် စိုးရိမ်ကြောင့်ကြ ပူပန်ရပါဦးမလား။

ဖြေ။ ။စိုးရိမ်ကြောင့်ကြ ပူပန်ရခြင်း မဖြစ်တော့ပါဘုရား။

မေး။ ။အေး၊ ဒါဟာ သံသရာဆင်းရဲက ထုတ်နုတ်ပြီး ဆောင်တယ်ဆိုတာဟာ မှန်ရဲ့လား။

ဖြေ။ ။မှန်ပါတယ်ဘုရား။

ဤမျှ အချိန်ခဏလေးကိုပင် ဤကဲ့ကို ပစ္စုပ္ပန်ဆင်းရဲ၊ သံသရာဆင်းရဲမှ ထုတ်နုတ်ပြီး ဆောင်သည်ဖြစ်သောကြောင့် ချမ်းသာသုခ အဖြာဖြာ အသီးသီးတို့ဟာ ရပါသတဲ့ဗျ။ သည့်ထက် အချိန်ကြာကြာ ဘုရားဆုံးမပါတဲ့ အဆုံးအမကို လိုက်နာသောအားဖြင့် ထားကြမည်ဆိုလျှင် ဤမျှလောက်ကပါ့မလား။

ဖြေ။ ။ဤမျှ မကပါဘူးဘုရား။

## ယုံမှားသံသယ

ဤကဲ့သို့ထားကြည့်လိုက်ပြီဆိုတော့ ကိုယ်အလိုရှိရာနှစ်သက်တဲ့ ဗောဓိကို သံသရာတစ်လျှောက်လုံးက ပြီးအောင်သာ ယူမည်လို့ မှန်းထားတာ ရှိတယ်။ ဤကဲ့သို့ မှန်းထားချက်တွေကို ဝီရိယထူထောင်ကြတဲ့ ဝီရိယ

အရှင်သခင်ဖြစ်တဲ့ သူတော်ကောင်းအစားစားတို့ဟာ ငါမှန်းထားတဲ့ ဗောဓိအသီးသီးတို့ဟာ ပြီးမှပြီးပါ့မလား။ ပြည့်စုံမှ ပြည့်စုံပါ့မလား။ လို့ အဲသည်လို ယုံမှားသံသယ ဖြစ်နိုင်ဦးမလား။

ဖြေ။ ။ယုံမှားသံသယ ကင်းပါတယ်ဘုရား။

ဒါဟာ ဘာကြောင့်လဲဆိုရင် ဘဝဝိရိယကောင်းကြတဲ့ သူတော်ကောင်း အပေါင်းတို့ဟာ တောင်တ ရည်ရွယ်ချက်ပြီးအသီးသီးတို့ဟာ ပြီးစီးအောင် ပြုပြင်ကြပုံတဲ့ဗျ၊ ဒါကြောင့် သည်အချိန် ဘဝအထွတ်အထိပ် မြင့်မြတ်တဲ့ဘဝ ဗျ၊ အဲသည်အချိန်အခါမျိုးဟာ ရှိနိုင်ပါဦးမလား။ (မရှိနိုင်ပါဘုရား)

အေး၊ ရှေးအရှင်တွေဟာ အခါဘဝကောင်းတာ သိပြီးတော့ သည် အချိန်အခါဘဝကို သိကြ တွေ့ကြ ကြုံကြပြီးတော့ လုံ့လဝီရိယနှင့် ထူထောင် ပြီးတော့ အစဉ်အတိုင်း မပြတ်အောင် သည်လိုယူကြတယ်။ ရတဲ့အခါကျပြီဆို တော့ မြင့်မြတ်တဲ့ အချိန်အခါဘဝကို ငါတို့မှာ တောင့်တလို့ရပြီ၊ အဲသည်လို သိပြီးပြီဆိုတော့ အအားအနား မထားဘဲ စိတ်နှလုံးအလိုပြီးအောင်ဟာ ယူကြ ဆောင်ကြတာဗျ၊ အားလုံးတို့မှာလည်း မြင့်မြတ်တဲ့အချိန်အခါ ဘဝရတာ သိပြီးပြီဆိုတော့ ရှေးအရှင်သူတော်ကောင်းများလို ဤကဲ့သို့ ဝီရိယထူထောင် ပြီးတော့ ယူကြ၊ ဤကဲ့သို့ လေးပါးသော ဣရိယာပုထ်တို့နှင့် ထူထောင်ပြီး ယူတဲ့နေရာမှာ ယခုန ထိုင်ပြီး ဘုရားဆုံးမတာနှင့် စိုက်စိုက်စူးစူးထားတယ်။

မေး။ ။ဤကဲ့သို့ စူးစူးစိုက်စိုက်နှင့် ထားရတာဟာ ပင်ပန်းသလားဗျ။

ဖြေ။ ။မပင်ပန်းပါဘူးဘုရား။

မေး။ ။ပစ္စည်းရော ကုန်လေးသလား။

ဖြေ။ ။မကုန်ပါဘူးဘုရား။

မေး။ ။အလုပ်အကိုင်ရော ပျက်သေးသလား။

ဖြေ။ ။မပျက်ပါဘူးဘုရား။

မေး။ ။သူတစ်ပါးရော သိလား။

ဖြေ။ ။မသိပါဘူး ဘုရား။

အေး၊ ဘုရားဆုံးမတဲ့ အဆုံးအမရကြပြီဆိုလျှင် ဤကဲ့သို့ ချမ်းသာသုခ တွေနှင့် ပြည့် ကြပါတယ်ဗျ။ ဒါကြောင့်မို့ ရှေးကအရှင်တွေဟာ ဤအချိန် အခါကိုသိလို့ မျှော်ကြ၊ တောင့်တကြတယ်။ တောင့်တပြီးပြီဆိုမှဖြင့် တွေ့ကြပြီ ဆိုမှဖြင့် အအားအနားမထားဘဲ သည်လို ဆောင်ကြ ယူကြတာဗျ၊ သည်တော့ ရှေးအရှင်တွေကဲ့သို့ မီအောင်ညီအောင် ထူထောင်ကြမည်ဆိုလျှင် အားလုံးသော

သူတော်ကောင်းအစားစားတို့သည် တောင့်တ ရည်ရွယ်ချက် အသီးသီးတို့ဟာ အလုံးစုံ ပြီးစီးအောင်မြင်ကြပါလိမ့်မယ်ဗျ၊ ထိုသို့ ဖြစ်သောကြောင့် အချိန်အခါတွေ မြင့်မြတ်တာသိပြီးတော့ မဖြုန်းကြနှင့်ဗျ၊ ကိုယ်အလိုရှိတဲ့ ချမ်းသာသုခတွေဟာ ပိုင်ပိုင်ကြီးရစေအောင် ကြိုးစားကြ။ အခွင့်အခါတွေရော သည်လိုရကြတာဗျ၊ သည အချိန်အခါကလေးမှာ သည်ကဲ့သို့ အခွင့်အရေးရှိနေတဲ့ အချိန်ကလေးအတွင်းမှာ မယူလိုက်ဘူးဆိုရင် ရှေးအခါကကဲ့သို့ပဲ သံသရာတစ်ခွင်မှာ နစ်မယ်၊ မြုပ်မယ်ဗျ။

သည်လို ဝီရိယနဲ့ တူထောင်နေပြီဆိုတော့ တစ်ခါတည်း အစဉ်အတိုင်း တိုးတက်ပါလိမ့်မယ်ဗျ၊ အဲဒီလိုမြင့်မြတ်တာဗျ၊ အဲဒီလိုကောင်းတာဗျ၊ သည်တော့ သာသာကလေးသာထား၊ ထားပြီဆိုမှဖြင့် သီလ၊ သမာဓိ၊ ပညာတွေဟာ အစဉ်တိုင်းသာလျှင် တစ်ခါတည်း ရပ်ခြင်း ဆိုင်းခြင်းမရှိအောင်တဲ့ဗျ၊ တိုးတက်တော့တာပဲဗျ၊ အဲဒီလို တိုးတက်ပြီ ဆိုတော့ကား အားမရနိုင်ကြ၊ မရောင့်ရဲနိုင်ကြဘဲ အားလုံးတို့ဟာ ရွှင်ကြ ပျော်ကြရပါသတဲ့ဗျ။ အခုကော ဆိုတော့ လိုက်နာကြတဲ့ သူတော်ကောင်းအစားစားတို့ဟာ သည်အရှင်များကဲ့သို့ ထပ်တူညီမျှချမ်းသာသုခတွေဟာ ဆုတ်ယုတ်ခြင်းမရှိဘဲ တိုးတက်တော့မှာ ဧကန္တ။ တိုးတက်တဲ့အခါမှာ ဧကန္တ ရွှင်ကြ၊ ပျော်ကြရမှာပဲ။ အားပါနားပါဆိုပေမယ့် အအားအနားရှိကြမယ် မဟုတ်ပါဘူးဗျ။ ယခုလို အားရရောင့်ရဲနိုင်ကြမှာမဟုတ်ဘူး။ ယခုလည်းပဲ ဝီရိယနှင့်ထူထောင်ပြီး အဆုံးအမတွေကျတော့ကို စိတ်ဆန္ဒတွေနှင့်တကွ ပျော်သင့်သလောက်တော့ ပျော်ကြရပါတယ်မဟုတ်လား။ ပျော်ကြရပါတယ်။ ဒါကြောင့်မို့လို့ အချိန်တိုင်းမှာ ယခုလိုဝီရိယတွေနှင့် ထူထောင်ပြီးတော့ယူက ရကြပြီဆိုမှဖြင့်ရင် ကိုယ်တွင်မှ မကပါဘူး၊ ငါဟာ ဝီရိယနှင့်ထူထောင်ပြီးဆိုပေမယ့် ကိုယ်တွင်မှ မကပါဘူးဗျ။ နီးရာဖြစ်တဲ့အားလုံးတို့ဟာ မြင်တာ ကြားတာတို့ဟာ အဓိအပွားတွေ တောက်လျှောက်ချည်း လာကြပါတယ်ဗျ၊ အားလုံးတို့တွင်မှာလည်း ရွှင်ကြ၊ ပျော်ကြရပါတယ်။

ဤကဲ့သို့ ကိုယ့်ဝီရိယနှင့်ကိုယ် ထူထောင်မယ်ဆိုလျှင် ကိုယ်တွင်မှမက အဲသည်လို ချမ်းသာသုခတွေဟာ ရကြတယ်ဗျ။ ဘာကြောင့်လဲဆိုရင် သီလ၊ သမာဓိ၊ ပညာအရှိန်တွေက လွှမ်းမိုးပြီးတော့ ယခုတွင်ကလို ချမ်းသာကြရောဗျ၊ ဒါကြောင့် အတ္တဟိတ၊ ပရဟိတတို့ကို လိုလားတောင့်တကြတဲ့ သူတော်ကောင်းအစားစားတို့ဟာ ဤကဲ့သို့ ဝီရိယတွေ ထူထောင်ပြီးတော့ အသီးသီးယူကြတယ်။ ယူကြတော့ကို အစဉ်အတိုင်းဟာ မြင့်မြတ်ကြတော့တာပဲဗျ။ ချမ်းသာသုခဆိုတာမျိုးဟာ ပြောလို့ဆုံးနိုင်တာမဟုတ်ဘူး။ သို့သော် အကျိုးအာနိသင်ကို ပြောစမ်းပါဆိုတော့ ပြောလို့ဖြစ်ပါရဲ့။ သိလည်းသိပါရဲ့။ သို့ပေမယ့် ပြောလို့သိမယ့်ဥစ္စာဟာ သည်လောက်နားလည်တာ မဟုတ်ဘူး။ ဆုံးအောင်

လည်း ပြောနိုင်တာမဟုတ်ဘူး။ နည်းနည်းကလေးရယ်ဗျ။ ဆောင်ရွက်လို့ ချမ်းသာဆိုက်လာတဲ့အခါကျတော့မှ သူတော်ကောင်းအစားစားတို့ဟာသိကြမယ်။ အဲသည်လို သိတဲ့အခါကမှ အဟုတ်သိတာ ဖြစ်ပါလိမ့်မယ်။ အခုလို နားလည်တာကမှ အဟုတ်အစစ် နားလည်တာဖြစ်ပါလိမ့်မယ်။ အဲသည်အခါကျတော့ အားလုံးတို့ပင်လျှင် ဘယ်လိုဖြစ်မလဲဆိုတော့ သည်ဟာကတော့ အစိုးအပွား ပြည့်စုံလုံလောက်တယ်။ သို့သော်လည်း ဘယ်လိုတုန်းဆိုတော့ ပြည့်စုံလုံလောက်တာက ကုန်စင်အောင် မပြောနိုင်ဘူး။

ဤသို့သာလျှင် တောင်းတဲ့ရည်ရွယ်ချက်အသီးသီး ပြီးတော့ကို ပိုမိုပြီးတော့ ရတဲ့ချမ်းသာသုခက ဘယ်သင်းလဲဆိုရင် ဘုရားဆုံးမတဲ့ အဆုံးအမကို လိုက်နာကြ၊ ဘယ်လိုလိုက်နာကြမလဲဆိုရင် ယခုနလို ရှေးသူတော်ကောင်းတွေ သိကြတဲ့ ကိုယ် နှုတ် စိတ်ပေါ့ဗျာ။ အဲဒါကိုနားလည်အောင် သည်အတိုင်းလိုက်နာကြရမယ်။ လိုက်နာကြတဲ့အခါကျပြီဆိုတော့ ဆိုက်လာတဲ့အခါမှာ အားလုံးတို့ပင်လျှင်ပဲ ရှင်ကြ၊ ပျော်ကြ အဲသည်လိုဖြစ်မှာပေါ့ဗျာ။ သို့သော်လည်း အသီးသီးကုသိုလ်တွေပြုတဲ့နေရာမှာ ဘာကြောင့် သတိပေးရသလဲဆိုရင် လိုလားနှစ်သက်တဲ့ ဗောဓိဖြစ်တဲ့ဟာကို ယူကြဆိုတော့ ကုသိုလ်မှာတော့ ဒါနဖြစ်ဖြစ် သီလဖြစ်ဖြစ် ဘာဝနာဖြစ်ဖြစ် ဒါတွေက တောင့်တချက် ဘယ်လိုရှိသလဲဆိုရင် ဝဋ္ဋနိဿိတနှင့် ဝိဝဋ္ဋနိဿိတ နှစ်မျိုးရရှိတယ်။ ဒါနပြုရင် နှစ်သက်ရာဖြစ်တဲ့ ဗောဓိကိုမှန်းထားတယ်။ သည်မှန်းထားတဲ့ဗောဓိကို လှမ်းယူကြဗျ။ လှမ်းယူကြပါဆိုတာက ဒါက သံသရာတစ်ခွင်ကျင်လည်တာဟာ ဆင်းရဲသည်ဖြစ်သောကြောင့် သည်ဆင်းရဲမှုတွေ မခံချင်လို့ သည်ဆင်းရဲက လွတ်အောင် လှမ်းယူကြလို့ပြောတာဗျ။ ဒါက ဝဋ္ဋနိဿိတလား။

ဖြေ။ ။နှစ်သက်တဲ့ ဗောဓိနှင့် ဆုတောင်းတာက ဝိဝဋ္ဋနိဿိတပါဘုရား၊ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကို မမျှော်လင့်မတောင့်တဘဲနှင့် နိဗ္ဗာန်ချမ်းသာသက်သက်ကိုသာလျှင် တောင့်တ၍ပြုသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့ကို ဝိဝဋ္ဋနိဿိတ ခေါ်ပါတယ်ဘုရား။

အဲဒါကြောင့်မို့ သူတို့မှာဒါတွေကတော့ သိပြီးသားချည်းပဲ ဖြစ်ပါတယ်။ သို့သော်လည်း ပြုတဲ့အချိန်မှာ သည်လိုအားလုံးပြုကြပြီး လိုသည်ထက်သန်သည်ထက် သန်အောင် သည်လိုသတိပေးရတာဗျ။ ဟုတ်ကဲ့လား။

ဖြေ။ ။တင်ပါ့ဘုရား။

သည်လိုမလုပ်ရင် အခုနပြောတဲ့ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ဆိုတာကတော့ အဟုတ်ချမ်းသာတာ အစစ်မဟုတ်ဘဲ သည်ဒုက္ခတွေက လွန်မြောက်အောင် ဆုမတောင်းဘဲ ဖြစ်နေတာမျိုး အိုလိုက်၊ နာလိုက်၊ သေလိုက်နှင့် ဒုက္ခတွေဟာမရေမတွက်နိုင်ဘူးဗျ၊ အဲဒါကတော့ ဘာလဲဆိုလျှင်

ကုသိုလ်ပြုတဲ့အခါမှာ သည်လို ထင်တာဖြစ်နေတာ၊ ဒါကတော့ ဝဋ်ကိုမှတ်ပြီး ပြုတာမို့ ဝဋ္ဋနိဿိတတဲ့။ တော်တော်ကြာ ဆင်းရဲဒုက္ခတွေနှင့် မပြီးဆုံးနိုင်ပါဘူး၊ သည်ဆင်းရဲဒုက္ခတွေထဲမှာ ကျလို့ နစ်လို့ဗျာ။ ဒါကြောင့်မို့ ကုသိုလ်ပြုပြီဆိုတော့ ဆုတောင်းတာက အဲသည်အခါမှာ ဘာတုန်းဆိုရင် အမြဲသတိပေးတာဗျ။ သတိပေးသည့် တစ်ခါတစ်ခါ သူတို့က အဲဒါမဟုတ်ဘူးဗျာ။ ဘယ်ဟာတွေ ရောက်ရောက်သွားမှန်း မသိဘူး။

ဖြေ။ ။တပည့်တော်က လူ့ရွာ၊ နတ်ရွာ၊ နတ်စည်းစိမ်ချမ်းသာကို ကောင်းကောင်း အတည့်ဆိုပြီး ဒါတွေပဲ မျှော်လင့်နေတာပဲဘုရား။

မေး။ ။အဲဒါက ဘယ်လိုလဲဆိုတော့ လူမမာတွေနှင့် တူတယ်။ လူမမာဟာ ကျန်းမာမှုမရကြ၊ လူမကျန်းမာတော့ ကိုယ့်ဝေဒနာနှင့် မတည့်တဲ့ အစာတွေဟာ မရှိဘူးလား။

ဖြေ။ ။ရှိပါတယ်ဘုရား။

မေး။ ။ဝေဒနာ တိုးတက်စေတတ်တဲ့ အစာကို စားတာနှင့် ထူးခြားသတဲ့ဗျာ၊ ဝေဒနာရှိနေတယ် မပျောက်သေးဘူး၊ မပျောက်တော့ ဝေဒနာ တိုးစေတတ်တဲ့ အစာတွေကို သည်ဝေဒနာသည်ဟာ နားမလည်တော့ သူ့ဝေဒနာပျောက်အောင် ဒါကိုစား၊ ဘယ်သင်းဘယ်သင်းကိုမစားနှင့် ရှောင်လိုက်၊ ကြဉ်လိုက် သည်လိုပြောထားတယ်။

မေး။ ။ပြောထားပေမယ့် နားမထောင်ဘဲနှင့် မတည့်တာတွေချည်းပဲစားတော့ သည်ဝေဒနာဟာ ပျောက်ပါမလား။

ဖြေ။ ။ဝေဒနာမပျောက်တဲ့အပြင် တိုးပါတယ်ဘုရား။

မေး။ ။တိုးလာတော့ ဘယ့်နှယ်ဖြစ်မလဲ၊ ချမ်းသာပါမလား။

ဖြေ။ ။တိုးလေလေ ဆင်းရဲလေလေပါဘုရား။

မေး။ ။တိုးတော့ ကိုခံရတဲ့ဝေဒနာဟာ မသက်သာတော့ ဆင်းရဲတယ်။ ပြီးသေသွားတော့ ဘယ်ရောက်မလဲ။

ဖြေ။ ။သေသွားတော့ သွားနေကျအိမ် ပြန်သွားပါတယ်ဘုရား။

မေး။ ။အိမ်ဆိုတာ ခုဒကာကြီးဆောက်ထားတဲ့အိမ်လား။

ဖြေ။ ။တပည့်တော်ဆောက်ထားတဲ့ အိမ်ဆိုလည်း မဟုတ်ပါဘူး ဘုရား။

မေး။ ။အဲဒါက ဘယ်မှာလဲ။

ဖြေ။ ။အပါယ်မှာပါ ဘုရား။

မေး။ ။ဘယ်နေရာမှာလဲ၊ ဖိမာန်ပဲထင်ပါရဲ့။

ဖြေ။ ။ဗိမာန်လေးမျိုးရှိပါတယ်ဘုရား၊ ငရဲ၊တိရစ္ဆာန်၊ပြိတ္တာ၊အသူရကာယ် ပါ ဘုရား။

မေး။ ။အေး အဲဒါ သွားချင်သလား။

ဖြေ။ ။ပါးစပ်ကတော့ မသွားချင်ပါဘူးဘုရား၊ ချမ်းသာကိုလိုလားတောင့် တကြပြီး လုပ်တော့ဖြင့် အိမ်ပြန်တဲ့အလုပ်ချည်း လုပ်နေပါတယ် ဘုရား။

အေး၊ အဲဒါကြောင့်မို့ ကုသိုလ်ပြုတာကတော့ အအားအနား မထား ကြဘူး။ သို့သော်လည်း အဲသည်လို ပြုကြတာကြောင့်မို့ သတိပေးရတာ၊ သီလ ဆောက်တည်ပြီး ပြည့်စုံအောင် ဖြည့်ကြ၊ ကျင့်ကြဗျ။ နှစ်သက်ဖွယ်ဖြစ်တဲ့ ပစ္စည်းတို့ကို ကိုယ်သဘောကျစီမံပြီး နှစ်သက်ရာဗောဓိဟာ သည်း မှန်းပြီးသား ရှိတယ်။ အဲသည်နှစ်သက်ရာဖြစ်တဲ့ ဗောဓိကို ဝီရိယသန်သန်နဲ့ မရွေ့ရအောင် မှန်းယူကြပါလို့ ဆိုတော့ ဝိဝဋ္ဋနိဿိတ အလုပ်တွေကို သည်အချိန်ကလေးမှာ နားလည်တော့ အဲဒါလိုဗျာ၊ အဲသည်လိုပြုတော့ကို ယခုနလိုဆင်းရဲပြီး နေကြ တဲ့ အားလုံးတို့ဟာ ဆင်းရဲကို လွတ်စေတတ်ပါတယ်။ ယခုတွင်က အစာ အာဟာရ စားတာနှင့် တူပါတယ်။ ဝေဒနာသည်တွေမှာ ဝေဒနာဟာ ကောင်းမွန်စွာ သန့်ပြန့်စင်ကြယ်ပြီးတော့ ပျောက်သွားတော့ လူမမာဖြစ်တာ ပေါ့ဗျာ။ (တင်ပါ့ဘုရား)။

အေး၊ အဲသည်လိုဗျ၊ ဒါကြောင့် လူမမာတွေဗျ၊ စားတဲ့သောက်တဲ့ အခါဟာ ဒါနပြုတာပါပဲဗျ၊ သို့ပေမယ့် မတည့်တာကလေး ထည့်လိုက်ရင် ဝေဒနာတိုးပါရောဗျ။ (တင်ပါ့ဘုရား။)

သည်တော့ ယခုလို မှန်မှန်ပြု သွားရန်ရှိတဲ့ ဝေဒနာတွေဟာ သန့်ပြန့် စင် တယ်လို့ ချမ်းသာကြပါရောဗျ။ သို့သော် ယခုလိုအချိန်မှာ ကုသိုလ်ပြုတဲ့နေရာ မှာ လျှောက်သတိပေးတာဗျ။ သတိပေးတဲ့အတိုင်းလည်းဖြစ်မှ သို့မဟုတ်ရင် ဘယ်လိုတုန်းဆိုတော့ ဝေဒနာသည်တွေ ဆိုတဲ့ဟာက ကိုယ်တည့်တာတော့တယ် မစားချင်ဘူးတဲ့ဗျာ။

ဖြေ။ ။မတည့်တာမှ စားချင်ပါတယ်ဘုရား။

သို့သော်လည်း အဲဒါကတော့ ဝေဒနာခံရတယ်ဆိုတာ ဆင်းရဲတယ်။ ဒီလို ဆင်းရဲတယ်ဆိုတာကို သေသေချာချာ အဟုတ်ခံရတာကို မသိလို့ဗျ။ အဟုတ်ခံရတာသိရင် အဟုတ်ပျောက်ချင်လာလိမ့်မယ်။ အဟုတ်ပျောက်ချင်ရင် လည်း ပျောက်ပါလိမ့်မယ်ဗျ။ ဒီဆေးပဲစား၊ ဘယ်လိုဟာဖြစ်ဖြစ် ပျောက် တော့ သည်ဟာစားတာပဲဗျ။ (တင်ပါ့ဘုရား။)

ခုတော့ သူတို့ဝေဒနာကျတော့ ခံစားနေရတာပဲ။ ဆင်းရဲဒုက္ခတွေ ခံနေ ပေမယ့် ဆင်းရဲဒုက္ခခံရတာကိုမသိဘူးဗျ။ဘာကြောင့်လဲဆိုရင် ဝေဒနာများကို

မသိတာဗျာ့။ တစ်ခါတစ်ခါ ဝေဒနာသည်တွေဟာ ဝေဒနာများကြတယ်။ များကြတော့ အစကတော့ အများအားဖြင့် ခေါင်းကိုက်တာ၊ ခေါင်းမူးတာ ဆိုပြီး ညည်းသေးသလားဗျာ့။ (ညည်းပါတယ်ဘုရား)။

မေး။ ။သည့်နောက် ဝေဒနာတွေ ကျပ်ကျပ်များလာတော့ ဘယ့်နှယ်လဲ ညည်းသေးသလား။ အဟုတ် သည့်ထက်သည်များတော့ သူမေ့ပါ ရောဘုရား။

ဖြေ။ ။မညည်းနိုင်ပါဘူးဘုရား။

မေး။ ။နေမကောင်းခါစ ဝေဒနာဟာ အဲသည်လောက်ရှိသလား။ ဘာ ကြောင့် မေ့သွားသလဲ။

ဖြေ။ ။ဝေဒနာကြီးလွန်းတော့ မအောင့်နိုင်ပါဘူးဘုရား။

ယခုလည်း ဆင်းရဲတာဟာ မသိသာပါဘူးလို့၊ မသိတာက ဘာကြောင့် လဲဆိုရင် မတည့်တဲ့အစာတွေ စားတာဗျာ့။ ကုသိုလ်ပြုရင် ဘယ်လိုဖြစ်ရပါလို့ ၏နှင့် ဆုတောင်းတယ်။ ဒါကတော့ ဖျားအောင်၊ နာအောင်၊ နေရာမကျ အောင် လုပ်ရတာမဟုတ်ဘူး။

မေး။ ။ဖျားမှုနာမှုဟာ လုပ်မှုဖြစ်သလားဗျာ့။

ဖြေ။ ။ဖျားနာမှုဟာ အလိုလိုဖြစ်လာပါတယ်ဘုရား။

မေး။ ။မဖြစ်မှာက စောင့်ရှောက်ရတာမျိုး။ ဖြစ်လာတဲ့အခါကျတော့ ပျောက် အောင်လုပ်ရတာကတစ်မျိုး။ ဝေဒနာဖြစ်အောင် ဝေဒနာတိုးအောင် အမျိုးမျိုးလုပ်ရသလား။

ဖြေ။ ။မလုပ်ရပါဘူးဘုရား။

## ကိုယ်တိုင်ပြုကြ

သို့သော်လည်း သည်အချိန်အခါမှာ ကုသိုလ်ပြုကြတယ်။ ပြုကြတဲ့ အခါ မှာ ယခုနလိုပြုရပါတယ်ဗျာ့။ ဒါကြောင့်မို့လို့ ဆုတောင်းဆိုတာက ဒါခေါ် တယ်ဗျာ့။ နားလည်သလို သည်လို လျှောက်ပြောရတာကိုးဗျာ့။ ပြီးတော့ ပြုတဲ့ အခါမှာလည်း ကိုယ်စိတ်သီလဥ္စတည်ပြီး သန့်ပြန့်စင်ကြယ်စေပြီးတော့မှ ကိုယ် စိတ်သဘောကျသလို ဆန္ဒပေါ်လို့ သည်လိုပြုရတာဗျာ့။ နှစ်သက်သလိုပြုကြ။ သူတကာများကို မစေမပါး မခိုင်းဘဲနှင့် ကိုယ်ပိုင်ကိုယ်တိုင် ပြုကြဗျာ့။ ပြီး တော့မှ နှစ်သက်ရာဗောဓိကို ယူကြဗျာ့။ ဒါတွေကတော့ သူဟိုမှတ်မိပြီးတော့ သူများတောင် ပြောနေရတာဗျာ့။ ပြောပေမယ့် သေသေချာချာ အလျှုဝတ္တု အလှူခံကို ရှိသေပြီး သက္ကစ္စနိဝါတတွေနှင့် ရှိကြပါလို့ဆိုပေမယ့် ဒါတွေ ကတော့ အချိန်တိုင်းမှာ အဟုတ်ပြုသွားပြီဆိုတော့ အချိန်တိုင်း အချိန်တိုင်း အကုန်ရတာကိုးဗျာ့။ (တင့်ပါ့ဘုရား။)

မေး။ ။အဲသလိုပြု တိုင်း အချိန်တိုင်း အချိန်တိုင်းမှာ ဒါတွေအကုန် တစ်ဆက် တည်းလိုချင်တယ်။ တောင့်တတယ်။ ပြီး တတ်ထားလို့ သိပြီးတော့ သည်လိုကြရဲ့လား။

ဖြေ။ ။သည်လိုယူတဲ့ပုဂ္ဂိုလ် နည်းနေပါသေးတယ်ဘုရား။

မေး။ ။မပြတ်အောင်ယူရဲ့လား။

ဖြေ။ ။မပြတ်အောင်မယူကြသေးပါဘူး ဘုရား။

အေး၊ ဒါက ဘာမှ အရှာခက်တာ မဟုတ်ဘူးဗျာ့။ သည့်ပြင်ဟာတွေ နေပါစေ။ အားလုံး သူတို့အဟည့်ဆုံးတွေ အချစ်ဆုံးတွေနှင့်နေတယ်။ ကိုယ်နေ တဲ့နေရာမှာ အမိနှင့်၊ အဖနှင့်၊ သားနှင့်၊ သမီးနှင့်၊ အတည့်ဆုံးနေတယ်။ အတည့် ဆုံးတွေဟာ ဘုရားဆုံးမတဲ့အတိုင်း မမှားရအောင် တည့်ရမယ်။ သည်လိုတည့် တာက မတည့်သေးဘူးဗျာ့။

ဖြေ။ ။ဟိုလိုတည့်ဟာက ကာမဂုဏ်နှင့် တည့်တာပါဘုရား။

မေး။ ။အဲ့ဒါက ချမ်းသာဖို့ရာ ဟကယ်တည့်တာမဟုတ်ဘူးဗျာ့။ ဒီလို မဟုတ် လား။

ဖြေ။ ။ဆင်းရဲဖို့ရာ ဟည့်တာပါဘုရား။

မေး။ ။ဘယ်လဲ....

ဖြေ။ ။အပါယ်တည့်နေတာပါဘုရား။

## အကုန်လုံးအရယူ

ဟိုတည့်ဟာကတော့ ချမ်းသာသာတွေနှင့် ပဆိုက်ပရောက်ဘဲ အထက် ဆန်တက်အောင် ပြောမှုတာဗျာ့။ ဒါပြောင့်မို့ သချိန်တိုင်းမှာ သည့်ပြင် ဟာက တစ်မျိုး။ ဘာမှမဟုတ်ဘဲ အခုန အမိအပတွေနှင့် အတူတကွ နေကြ တာတွေ့ရှိတယ်။ ရှိတော့ ကိုယ်ကလည်း သက္ကစ္စနိဝါတရှိတယ်။ စိတ်ကလည်း သက္ကစ္စနိဝါတကို မပြတ်အောင် အဲသည်လို သွားနေရင်ပဲ မနည်းဘူးဗျာ့။ ပြီးတော့ ကိုယ့်ပြုတဲ့ သီလ၊ သမာဓိရဲ့ အရိုအသေ သက္ကစ္စနိဝါတ။ ပညာ့ရဲ့ အရိုအသေ သက္ကစ္စနိဝါတ သည်လို အရိုအသေ သက္ကစ္စနိဝါတရှိပြီဆိုတော့ ဒါတွေ ဟာ အကုန်စလုံး အရယူရင် သက္ကစ္စနိဝါတဖြစ်တာပဲ။ (ဟုတ်ပါတယ်ဘုရား။)

မေး။ ။အေး၊ ဒါကို သက္ကစ္စနိဝါတ ခေါ်တာဗျာ့။ သီလဘက်က အရိုအသေ သက္ကစ္စနိဝါတ။ ပညာဘက်ကလည်း သက္ကစ္စနိဝါတ။ သမာဓိဘက်မှာ လည်း အဲသည်လိုဆိုတော့ အချိန်တိုင်းမှာ ဘယ့်နှယ်တုန်းဗျာ့။

ဖြေ။ ။အထက်ဆန်ချင်လေလေပါဘုရား။

အခုတော့ အစတုန်းက သည်လိုမစားတာနှင့် သူတို့ဟာ သည်လိုဖြစ်နေတာဗျာ့။ သည်တော့ နည်းနည်းကလေးသာ စပြီးထူထောင်ကြပြီဆိုရင် သူ့ဟာနှင့်သူ့ ဆန္ဒများ တက်လာပါလိမ့်မယ်ဗျာ့။

ဖြေ။ ။ပညာဘက်က သက္ကစ္စနိဝါတဆိုတာ အကျယ်တဝင့်ဟောပါဦးဘုရား။ အခု ဘယ်လိုတုန်းဆိုတော့ အားလုံးတို့ဟာ အိမ်ကိုပဲ ပြောကြပါစို့ရှဲ့။ သည့်ပြင်ဟာတော့ မပြောပါနှင့်။ အခုလို အတူတူနေတာတွေနှင့် ပြောတော့မယ်။

မေး။ ။အမိ အဖ သား သမီး မြေး မြစ်ဆိုတဲ့ အတည့်ဆုံးတွေနှင့် အတူနေတယ် မဟုတ်လား။

ဖြေ။ ။အတူနေပါတယ်ဘုရား။

မေး။ ။အတူမနေချင်တဲ့စိတ်များ ဘယ်အခါ ရှိသလဲဗျာ့။

ဖြေ။ ။ဘုရား တရား စိတ်ဝင်စားနေတဲ့ အခါမှာ တစ်ခါတလေ သူတို့နှင့် ရှောင်နေချင်တဲ့စိတ်ကလေး မကြာခဏ ပေါ်လာပါတယ်ဘုရား။

မေး။ ။အဟုတ်ဆင်းရဲရင် ဘယ်ရှောင်နေချင်လိမ့်မလဲ။ သားသမီးတွေကို ကိုယ်လိုဖြစ်စေချင်လို့ တခြားသွားမှာတောင် မစိုးဘူးလား။

ဖြေ။ ။စိုးပါတယ်ဘုရား။

ဒါက ကိုယ်နေရာကျရင်ပြောတာ။ အဟုတ်တည့်ပြီဆိုတော့ မိဘက ချမ်းသာသုခ ရပါတယ်ဆိုရင် သားတွေ သမီးတွေကိုလည်း ရစေချင်တယ်ဗျာ့။ သားသမီးတွေက ရပါတယ်ဆိုရင်လည်း အမိအဖတွေကို သည်လိုလည်း ချမ်းသာရစေချင်တယ်ဗျာ့။ ကိုယ်ကရတယ်ဆိုရင် သည့်ပြင်မိတ်ဆွေ သင်္ဂဟတွေနှင့် ကိုယ်နှင့် အကျွမ်းဝင်တဲ့ လူတွေကိုလည်း ရစေချင်တယ် မဟုတ်လား။ (ရစေချင်ပါတယ်ဘုရား။)

## သာတာဂိရိနှင့် ဟေမဝတ

အဲဒါ ဘာလဲဆိုရင် အဟုတ်ဆိုတော့ အဲသည်လို ဖြစ်တာဗျာ့။ ဘယ်ကွင်းချင် ရှောင်ချင်လိမ့်မလဲ။ တို့ဘုရားရှင်ဟာ ပထမဦးဆုံး ဤကဲ့သို့ သတ္တဝါအများကို တရားဟောတော်မူပါတယ်။ ဆင်းရဲမှလွတ်မှုကို ဆုံးပတော် မူပါတယ်။ သည်အချိန်မှာ အားလုံးတို့၏ ရှေးဦးစွာဆိုတော့ နတ်၊ သိကြား၊ ဗြဟ္မာတွေရောက်ကြတယ်။ သည့်ပြင်ဘယ်သူရှိသလဲဆိုရင် သာတာဂိရိနှင့် ဟေမဝတတို့ကလည်းရှိတယ်။ သာတာဂိရိနှင့် ဟေမဝတတို့ဟာ အင်မတန်ချစ်ကျွမ်းဝင်တယ်။ ကတိကဝတ်တွေကလည်းရှိတယ်။ သည်တော့ ဟေမဝတဟာဘုရားရှင်ပွင့်တော်မူလို့ တရားဟောပါတယ်ဆိုတော့ ပထမဦးဆုံးကြီး သူရောက်တော သည့်ပြင်ကနတ်၊ သိကြား၊ ဗြဟ္မာတွေဟာ သူတို့ပရိသတ်၊ သူတို့အခြံအရံတွေနှင့် လာလိုက်ကြ

တာ မနည်းဘူး။ သည်တော့ သူ့မှာ ဘုရားရှင်ရဲ့ အသရေတော်ကို မျက်မှောက် အားဖြင့် ကြည်ညိုရတယ်။ ဘုရားဆုံးမတဲ့ အဆုံးအမတွေကို နာရတယ်ဆိုတော့ ချမ်းသာတယ်။ သည်လောက်ထင်ရှားပြီး သည်လောက်မြင့်မြတ်တဲ့ အချိန် အခါမှာ ငါ့အဆွေတော်လည်း ဘုရားပွင့်တော်မူတဲ့အကြောင်းကို သိပါလိမ့် မယ်။ သူ့မှာကတော့ ဘုရားရှင်ကို မျက်မှောက်အားဖြင့် ဖူးမြော်ရတော့ ရှင်ရ၊ ပျော်ရ၊ ဆုံးမတာ နာရတော့လည်း ရှင်ရပျော်ရတယ်။ သည်အခါမှာ သူ့ရဲ့အဆွေတော် သာတာဂီရိလည်း လာပါလိမ့်မယ်လို့ မျှော်။ ဟိုကလည်း ပေါ်မလာသည်လိုတဲ့ဗျာ့။ သူတို့ဟာ အတည့်ဆုံး အချစ်ဆုံးတွေဗျာ့။ သည့်ပြင် ဟာတွေကတော့ ပေါ်လာတာ သူ့အခြံအရံတွေနှင့်။ အဲသည်လိုလာတာ သူ ကတော့ ဘာလုပ်နေပါလိမ့်မတုန်းနှင့်။ သူ့မှာ နေရာတော်တော်နှင့် မကျဘူး။ သည်လိုနေရင်း မလာတော့ဘူး သွားခေါ်မှပဲဆိုပြီး သွားခေါ်တာဗျာ့။ သည်တော့ အဟုတ်ဆိုရင် ဘယ်ကွင်းချင် ရှောင်ချင်နေပါလိမ့်မလဲ။ အတူ ဖြစ်ချင်တာဗျာ့။ (ဟုတ်ပါတယ်ဘုရား)

အဟုတ် ဒကာကြီးဖြစ်မယ်ဆိုရင် သားတွေ သမီးတွေနှင့် ချစ်ကျွမ်း ဝင်တဲ့ လူတွေဆိုရင် နင့်ဘာသာနေပါ ငါ့နားမလာနှင့်လို့ ပြောမှာ မဟုတ်ဘူး လုပ်လုပ်နှင့်ပြောမှာဗျာ့။ ဘယ်လိုမှ ကျယ်ကျယ်ဝန်းဝန်းကြီး တရားဟောနေဖို့ မဟုတ်ဘူး။ လုပ်မှ ဖြစ်မှာကိုး။ နေရာကျမှာကို နားလည်လည် မလည်လည် လုပ်ဟဲ့ဆိုပြီးတော့ သူ့နေရာမှာ သူလုပ်မှာဆိုရင် သည်လိုမလုပ်နှင့်။ နင်မဖြစ် ဘူး ငါသိတယ်။ ငါ့ဆီလာဆိုပြီး သည့်လိုမခေါ်ဘူးလား။ (ခေါ်မှာဘုရား။)

မေး။ ။ငါ့လို သည်လိုနေ၊ ငါပြီးမှပြီး၊ ငါလုပ်သလိုလုပ်ဆိုပြီး အဟုတ်ကို ခိုင်းမှာမဟုတ်လား။

ဖြေ။ ။ဟင်ပါ့ဘုရား။ အဟုတ်ကိုခိုင်းမှာပါဘုရား။
အဟုတ်ခိုင်းရင် ပျင်းပျင်းပျော်ပျော်လုပ်မှာပဲ။ အေး၊ အခုလည်းပဲ ယခုနလိုဆောင်ကြ။ ဘယ်နည်းတုန်းဆိုတော့ ခုန သူပြောတာ ဘာတဲ့။ (ပညာပိုင်းကပါဘုရား)
ပညာပိုင်းက ပြောပေမယ့်လို့ ဘယ်လိုတုန်းဆိုလို့ရှိရင် စိန်ဖူးတို့ ဘာတို့ ဆိုတာ အမြတ်ဆုံးမဟုတ်လား။ စိန်ဖူးကြီးကို သည်အတိုင်းတိုင်း ကောင်းကင်မှာထားလို့ရသလားဗျာ့။

မေး။ ။ဘယ့်နှယ်လုပ်မလဲ။

ဖြေ။ ။ပြာသာဒ်ကြီးမှာ တတ်ရမှာပါဘုရား။

မေး။ ။ပြသာဒ်ကြီး ဆိုရင် တိုင်တွေက စရမှာပါဗျာ့။ ဘာတွေ ထားရ မလဲ။

ဖြေ။ ။အောက်က အနည်းဆုံး ဝါးတိုင်လောက်ထားရမှာပါဘုရား။

မေး။ ။ဘယ်ပေါ် ထားရမလဲ။
ဖြေ။ ။မြေကြီးပေါ်မှာ ထားမှာပါဘုရား။

မေး။ ။သည်အတိုင်းတိုင်း မြေကြီးပေါ်မှာ မလုပ်ဘဲမဖြစ်ဘူးလား။
ဖြေ။ ။မြေကြီးပေါ်မှာမလုပ်ဘဲ ဘယ်နည်းနှင့်မှ မဖြစ်ပါဘူးဘုရား။

မေး။ ။အေး။ ဒါကြောင့် သည်ကစရမှာ။ သည်တော့ သူတို့တစ်တွေနှင့် ကိုယ်နှင့်အမူအရာက ဘယ့်နှယ်ပြုရမလဲ။
ဖြေ။ ။မြေကြီးသဖွယ်ဖြစ်သော သီလနှင့် အမြဲပြည့်ကျင့်ရမှာပါပဲဘုရား။

သားသမီးတွေကို ပြုရတဲ့ ကျင့်ဝတ်တရားတွေနှင့် ပြည့်စုံအောင်ပြုရပါမယ်ဗျာ့။ ဘယ်ဟာမှ မချွတ်ယွင်းဘဲ မေတ္တာတွေ အလုံးစုံနှင့် ပြည့်ရ ကျင့်ရမယ်ဗျာ့။ (တင်ပါ့ဘုရား)။

မေး။ ။အေး၊ အဲဒါတွေ လုံလောက်ပြီဆိုတော့ ကိုယ်နှင့်နှုတ်နှင့်၊ စိတ်နှင့် ကိုယ်ကလည်း သူတို့ကိုရှိသေရမယ်။ နှုတ်ကကော-။
ဖြေ။ ။နှုတ်ကလည်း ရိုသေတန်သလောက် ရိုသေရမယ်ဘုရား။

မေး။ ။စိတ်ကကော။
ဖြေ။ ။စိတ်ကလည်း ဖြောင့်စင်းနေရမယ်ဘုရား။

မေး။ ။အဲသည်လိုပြုရမယ်ဗျာ့။ သားသမီးတို့ အကုန်စလုံးအပေါ်မှာ သည်လိုပြုရမယ် မဟုတ်သားဗျာ့။
ဖြေ။ ။သည်လို ပြုရမှာပါဘုရား။

သည်လိုပြုပြီးမှ အကုန်စလုံးပြည့်စုံ လုံလောက်ပြီဆိုတော့မှ ကိုယ်ကလည်းအားရ။ ဒင်းတို့အပေါ်မှာစားမှု၊ သောက်မှု၊ ဝတ်မှု၊ နေမှု၊ ထိုင်မှု အဲဒါတွေ အကုန်စလုံး လုံလောက်လို့ပြီးတော့။

## ချမ်းသာမှုကြီး

မေး။ ။ကိုယ်က ကိုယ်နှင့်၊ နှုတ်နှင့် စိတ်နှင့်ကလည်း အကုန်စလုံး ချမ်းသာမှုကြီးပဲ။ အလေးဂရုပြုပြီးတော့ သူတို့တစ်တွေ သဘောကျပလား၊ မကျဘူးလား။
ဖြေ။ ။သဘောကျပါတယ်ဘုရား။ သဘောကျတဲ့ အခါကျတော့ သူတို့က ဘယ့်နှယ်ပြုမလဲ။ သည်လိုပေးကာကမ်းတာ ဘာမှမလိုရအောင် သူတို့ လိုချင်သလို အဲသည်လို ပြည့်စုံအောင် ပြုကားကယ်။

မေး။ ။သူကိုစိတ်ထဲက သဘောကျမလား၊ မကျဘူးလား။

ဖြေ။ ။သဘောကျပါတယ်ဘုရား။

အဲသည်လိုထားပြီးတော့မှ ကိုယ်နှင့်နှုတ်နှင့်၊ စိတ်နှင့်သူတို့သဘောကျ သူတို့အပေါ်မှာ မထိမ့်မြင်မပြုဘဲ သည်လိုဆောင်တယ်ဆိုရင် သူတို့က ပြန်ပြီး ဤကဲ့သို့ပဲ လူကြီးမိဘများကို ပြန်ပြုပါလိမ့်မယ်ဗျာ့။

မေး။ ။သည်တော့ သူတို့ သည်လို သဘောကျနေတာကိုမြင်တော့ မိဘက ဘယ့်နှယ်လဲ။ ဆင်းရဲမှာလား၊ ချမ်းသာမှာလား။

ဖြေ။ ။ချမ်းသာပါတယ်ဘုရား။

မေး။ ။အဲသည်လို ကိုယ်နှုတ် စိတ်ချမ်းသာပြီဆိုတော့ ထားရမယ်ဆိုတဲ့ နေရာကလေးမှာ ထားတယ်။ ထားတော့မနေဘူးလား။

ဖြေ။ ။နေပါတယ်ဘုရား။

မေး။ ။အဲဒါ စရဏဗျ။ ပြီးတော့ သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေနှင့် အတူတူနေရင်း အခုန ထားရမယ်ဆိုတဲ့ နေရာကလေးမှာ စိုက်စိုက်စူးစူးကလေးထားတာဟာ ချမ်းသာမှုရှိတော့ မနေဘူးလား။

ဖြေ။ ။နေပါတယ်ဘုရား။

မေး။ ။ထိုင်နေရင်ကော ထားလို့မနေဘူးလား။

ဖြေ။ ။နေပါတယ်ဘုရား။

မေး။ ။မတ်တတ်ရပ်ရင်ကော။

ဖြေ။ ။နေပါတယ်ဘုရား။

မေး။ ။လမ်းသွားရင်ကောဗျာ။

ဖြေ။ ။နေပါတယ်ဘုရား။

မေး။ ။ပြီးတော့ ခန္ဓာဝန်အတွက် ပြုဖွယ်ကိစ္စတွေ၊ အခုန သားသမီး မြေးမြစ်တွေရဲ့ ပြုသင့်ပြုထိုက်တဲ့ကိစ္စတွေကို ပြုရင်းကောဗျာ။

ဖြေ။ ။ပြုရင်းလည်း ထားတော့ နေပါတယ် ဘုရား။

မေး။ ။အဲသည်လို အမှန်ကိုသိပြီးနေတာက ဘာလဲဗျ။ စရဏလား၊ ဝိဇ္ဇာလား။

ဖြေ။ ။ဝိဇ္ဇာပါဘုရား။

မေး။ ။ဝိဇ္ဇာဆိုတော့ အခုနပြောတဲ့ အချိန်တွေ အကုန်စလုံးမှာ သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေနှင့် အတူတူနေရင်းမှာ စရဏရော ဝိဇ္ဇာရော တစ်ပြိုင်နက်တည်း အတူတူဖြည့်လျက် ကျင့်လျက်မနေဘူးလား။

ဖြေ။ ။တစ်ပြိုင်နက်တည်း စရဏ၊ ဝိဇ္ဇာနှစ်ခုစလုံး ပါသွားပါတယ် ဘုရား။

မေး။ ။သည်တော့ ဘယ့်နှယ်လဲ။ တစ်ခါတည်းပဲ ဆောက်လိုက်တဲ့ ပြာသာဒ် ဘုံနန်းကြီးဟာ တစ်ခါတည်း ထိုးတက်သွားလိုက်တာ အထက်က စိန်ဖူးကြီးဟာ ဝင်းဝင်း ဝင်းဝင်းနှင့်၊ ပြာသာဒ်ကြီးကလည်း ထင်းထင်းလင်းလင်းကြီးဖြစ်တော့ကို သည်ပြာသာဒ်ဆောင်ကြီးကို အသုံး မပြုနိုင်ဘူးလား။

ဖြေ။ ။အသုံးပြုနိုင်ပါပြီ ဘုရား။

မေး။ ။ဒါဖြင့် အခုနပြောတဲ့ ပညာဘက်ကပြောပါဆိုတာ၊ ဒါ ပညာဖြစ်ပါ သလားဗျာ။

ဖြေ။ ။ပညာဖြစ်သွားပါပြီ ဘုရား။

မေး။ ။သည်လိုပြုဖို့ရာဟာ ခက်သလားဗျ။

ဖြေ။ ။မခက်ပါဘူး ဘုရား။

မေး။ ။အဲသည်လိုဖြစ်လို့ရှိရင် သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေဟာ ဘယ့်နှယ်လဲ၊ ဆင်းရဲပြစ်ဦးမှာလား။

ဖြေ။ ။ဆင်းရဲမဖြစ်ရပါဘူး ဘုရား။

မေး။ ။ကိုယ့်အတွက်ရောဗျာ။

ဖြေ။ ။ကိုယ့်အတွက်လည်း မဖြစ်ရပါဘူး ဘုရား။

မေး။ ။နောက်သံသရာအတွက်ကောဗျာ။

ဖြေ။ ။နောက်သံသရာအတွက်လည်း မဖြစ်ရပါဘူး ဘုရား။

မေး။ ။ဘုရားဆုံးမတဲ့ အဆုံးအမကို ကောင်းမွန်စွာ မှတ်သားလို့မို့ ရကြ ပြီဆိုမှဖြင့် ဤကဲ့သို့ ဝီရိယတွေနဲ့ ထူထောင်ပြီး သွားကြပြီဆိုတော့ အကုန်လုံးဟာ မိမိပညာရပ်တွေနှင့် ဘယ်ဟာမှ မလိုဘဲနှင့် တစ်ခါ တည်း တစ်ခွင်တည်းရှင်၊ တစ်ပျော်တည်း ပျော်ရကယ်မဟုတ်လား။

ဖြေ။ ။ပျော်ရပါတယ် ဘုရား။ နောက်သံသရာတစ်ခွင်မှာ ပျော်ရတယ် ဆိုတော့ အပါယ်ကို မကျတော့ဘူးလား ဘုရား။

မေး။ ။အခု သည်ဟာကလေးနှင့် လာနေမယ်ဆိုရင် ဒကာကြီးရယ် ကျပါ ဦးမလား။

ဖြေ။ ။ဒါကလေးနှင့်ချည်းနေမှ မကျမှာပါဘုရား။
ဒါကလေးနှင့်ချည်းနေမှ မကျမှာဗျ။

မေး။ ။ရံဖန်ရံခါ ပြတ်သွားရင်ကောဗျ။

ဖြေ။ ။အဲဒါကတော့ လှေနှင့်သင်္ဘောနှင့် သွားတဲ့အခါမှာ သင်္ဘောပေါ်က မဆင်းရင် ရေမြုပ်ပါ့မလား။

ဖြေ။ ။မမြုပ်ပါဘူး ဘုရား။

မေး။ ။သဘော်ပေါ်က ဆင်းလိုက်ရင်ကောဗျာ။

ဖြေ။ ။ရေမြုပ်သွားပါတယ် ဘုရား။

မေး။ ။အဲဒါက ဘာကြောင့်လဲဗျ။

ဖြေ။ ။ထိသိကို လွတ်သွားလို့ပါဘုရား။

ဒါကြောင့် သဘော်ပေါ်က မဆင်းနှင့်ဗျ။ ဆင်းရင်တော့ မြုပ်မှာဗျ။ ကြားလား၊ (တင်ပါ့ဘုရား)။

မေး။ ။အခုနပြောတဲ့ ရေဆင်းလို့ မြုပ်တာက သည်တစ်ခါ ရေထဲကျလို့ သေတယ်ဆိုရင် ဘယ်နှစ်ခါ ဘယ်နှစ်ဘဝသေမှာ"။

ဖြေ။ ။သည်တစ်ခါ ရေထဲကျလို့ သေရင်တော့ နောက်အဆုံးအစ မရှိအောင် သေမှာပါဘုရား။

မေး။ ။အခု ကူးသန်းနေတဲ့ သဘော်နှင့်လေ။

ဖြေ။ ။သဘော်ပေါ်မှာနေရင်တော့ ဘယ်တော့မှ ရေထဲမကျပါဘူး ဘုရား။

မေး။ ။ရေထဲခုန်ဆင်းလိုက်ရင်တော့။

ဖြေ။ ။ခုန်ဆင်းလိုက်ရင်တော့ နောက်တစ်ဆင်းတည်းဆင်းပြီးတော့ တနစ်တည်းနစ်နေမှာပါဘုရား။

## သဘော်လှေဖောင်နှင့်

သေရင်ကော ဘယ်နှစ်ခါရေနစ်ပြီးသေရမလဲ။ တစ်ခါပဲသေမှာမဟုတ်လား။ အဲဒါကို ဆင်းရင်ဆင်း၊ မဆင်းရင်နေ ကိစ္စမရှိဘူး။ အခုသံသရာတစ်ခွင်မှာ ဘုရားရှင်ပွင့်တော်မူတော့ သဘော်လှေဖောင်နှင့် အခုလို ဆောင်တဲ့ပို့တဲ့ အခါမှာ ဒီသဘော်ပေါ်ကတက်ပြီးတော့ လိုက်သွား။ တစ်ခါတည်းဘယ်တော့မှ မနစ်မြုပ်ဘူးဗျ။ တောက်လျှောက်ကြီး ချမ်းသာမယ်။ သည်တစ်ခါ အခုလို ဆောင်ပို့တဲ့ သဘော်ပေါ်မှာ နေပါဘိုတာမနေဘဲ ဆင်းရင်တော့ နောက်ကို စခန်းလပ်း မြင်ပါဦးမလား။

ဖြေ။ ။နောက်စခန်းလပ်း မမြင်ပါဘုရား။

မေး။ ။ဘယ်နှစ်ခါလောက် သေဦးမလဲ။

ဖြေ။ ။တပည့်တော်တို့က အသေတော်တော့ကြိုက်နေတယ်ဘုရား။ သဘော်ကြီးလာပေမယ့် ခဏနေပါဦး။ နောက်တစ်ခေါက်မှ လိုက်ပါရစေ အရိုမေတ္တာယျလာမှလိုက်ပါရစေဆိုပြီး ဆုတောင်းနေပါတယ်ဘုရား။

အေး အဲဒါ မဟုတ်ပြီ။ အရိမေတ္တေယျဘုရား ပွင့်တော်မူမှာကတော့ ကြေနပ်ပဲဗျ။ ဘယ်လိုတုန်းဆိုတော့ ယခု ဘုရားရှင်သာသနာ ကုန်ဆုံးလို့မို့ တစ်ခါတည်းပဲ ပြီးလွယ်အောင် ပြောရမယ်ဆိုရင် သူတို့ နားလည်သိပြီးသား နေမှာပါပဲ။ အစဉ်အတိုင်း မြေကြီးတွေဟာ တစ်ယူဇနာကျော်ကျော်လောက် တက်တဲ့အခါကျမှ ဘုရားရှင်ပွင့်တော်မူမယ်။ သည်တော့ ဘဝပေါင်း ဘယ်နှစ်ပြန်လောက် သံသရာတစ်ခွင်မှာ နေရဦးမလဲ။

ဖြေ။ ။ဘဝပေါင်း မရေမတွက်နိုင်အောင်ပါဘုရား။

## သုဂတိဘုံကစောင့်ရင်

သည်တော့ မရေမတွက်နိုင်တဲ့ဘဝတွေ နေပေစေ။ ဒါပေမယ့် အပါယ်ခွင်မှာ မနစ်မြုပ်ဘဲနှင့် သုဂတိခွင်မှာနေရင် ဘုရားရှင်ပွင့်တော်မူတာနဲ့ သေသေချာချာတွေ့မယ်။ တွေ့ရင် ဖူးမြော်ရမယ်။ ပြီးတော့ ဘုရားဆုံးမတဲ့ အဆုံးအမကို လိုက်နာပြီဆိုရင် ချမ်းသာသုခရမှာ ကြေနပ်ပဲ။ သို့သော်လည်းပဲ ဘယ်နှစ်ဘဝ နေရမှန်းမသိသေးဘူး။ အဲဒါ မမြုပ်ဘဲနေမှ၊ မြုပ်ပြီးသွားမယ်ဆိုရင် အပါယ်ခွင်မှာဆိုရင် ဘယ့်နှယ်မှ ဘုရားရှင်ကို ဖူးမြော်နိုင်မှာ မဟုတ်ဘူး။

ဖြေ။ ။အပါယ်ခွင်မှာဆိုရင် မဖူးနိုင်ပါဘူးဘုရား။ အရိမေတ္တေယျ ပွင့်တော်မူတဲ့အခါမှာ တပည့်တော်က တိရစ္ဆာန်ကြီးဖြစ်နေရင် အလကားပါပဲ ဘုရား။

အဲဒါကတော့ ဘဝအတန်တန်ကို မျှော်ကြည့်နေရသေးတယ်။ အခု သေသေချာချာ လူ့ဘဝရနေကြတယ်ဗျ။ ရနေပေမယ့် အခု သက်တမ်း စေ့အောင် နေရမယ်ဆိုရင် တစ်ရာကျော်ကျော်နေရမယ်။ သည်တော့ ကိုယ့်အသက် ဘယ်လောက်ရှိပြီဆိုတာ သိတယ်။ သိတော့မှ မှန်မှန်နေရတယ်ဆိုရင် ဘယ်လောက်နေရတော့မှာလို့ဆိုတာ သေသေချာချာတွက်ကြည့်ရင် မသိဘူးလား။ (သိပါတယ်ဘုရား)။

မေး။ ။သည်တော့ ကိုယ့်ဝင်းခြံ ကိုယ့်ဗိမာန်နှင့်နေတယ်။ ဒါအသက် ဘယ်လောက်ရှိပြီး ဘယ်လောက်ကြာရင် သေမှာသိုဟာ သေသေချာချာ သိတယ်။ သည်တော့ကာ ဒါ ကိုယ့်ဗိမာန်ဟုတ်ရဲ့လား။ ရွှေတွေ ငွေတွေ ရှိတာကကော ကိုယ့်ဥစ္စာဟုတ်ရဲ့လား။

ဖြေ။ ။မဟုတ်ပါဘူးဘုရား။

မေး။ ။ကိုယ့်သား ကိုယ့်သမီးတွေကကော

ဖြေ။ ။ဒါလည်း ကိုယ့်ဟာမဟုတ်ပါဘူးဘုရား။

မေး။ ။မဟုတ်ပေမယ့် အခုတော့ ဟုတ်နေတယ်မဟုတ်လား။

ဖြေ။ ။ဟုတ်နေပါတယ်ဘုရား။

မေး။ ။ဟုတ်နေတော့ ဘုရားဆိုးမတွဲ ဒါဆိုးအမနှင့် မညီညွတ်ဘူးဗျ။ အဲဒါတွေနှင့်နေပြီး၊ အဲဒါတွေနှင့် သေမယ်ဗျာ၊ ဘယ့်နှယ်လဲ။

ဖြေ။ ။အပါယ်ကျမှာပါဘုရား။

မေး။ ။အခုဟာက ဘဝကောင်းတယ်။ အခါကောင်းတယ်ဗျ။ သည်အခါကောင်း ဘဝကောင်းက သက်တမ်းစေ့လို့ သေတဲ့အခါ အပါယ်ကျမယ်ဆိုရင် ဘုရားသာသနာ မရှိတဲ့အခါမှာ ဘယ်လိုလုပ်မလဲ။

ဖြေ။ ။ဘုရားသာသနာ မရှိတဲ့အခါကျတော့ အခုနသင်္ဘောကြီး မလာတော့ပါဘူး ဘုရား။

မေး။ ။အခုလာတုန်းကော ဘယ်သွားမှာလဲ။

ဖြေ။ ။အပါယ်သွားမှာပဲဘုရား။

မေး။ ။အခုလာတုန်းတောင် သင်္ဘောကို တက်မစီးဘူးဆိုရင်၊ နို့သင်္ဘောကြီးကတော့ အချိန်ကျရင် လာတော့လာမှာပဲ။ သည်လိုလာတော့ ကိုယ်က ဘယ်ဟာနေ စောင့်မလဲ။

ဖြေ။ ။တပည့်တော်က အပါယ်ကနေမှာပါဘုရား။

မေး။ ။ဒီသင်္ဘောကြီးလာမှာကို တွေ့ဦးမလား။

ဖြေ။ ။ဒီသင်္ဘောကြီးကို မြင်တောင်မမြင်ရတော့ပါဘူးဘုရား။

ဒါကြောင့် အခုလိုချင်တယ်ဆိုရင် သဘောပေါ်မှ မဆင်းကြနှင့် ကြားရဲ့လား။ နောင်ကို အမြဲမပြတ်ဘုရားရှင် ပွင့်တော်မူတဲ့အခါလည်း အဲသည်ကျမှ ချမ်းသာသုခ မှန်းတဲ့အတိုင်း လိုချင်ရင်လည်း သဘောပေါ်က မဆင်းနှင့် ဒါမှသာလျှင် အခုလိုချင်လည်းရမယ်။ နောင်အခွက်လည်း ဒါမှသာလျှင် တွေ့မယ်ဗျ။ ဒါကြောင့် အခု သည်လိုစီးကြဗျား။ အခု သက်တမ်းစေ့ပြီဆိုရင် သေသေချာချာရွှေ့ရလိမ့်မယ်။ သည်တော့ ဘယ်သွားမယ်ဆိုတာ လိုလိုလောက်လောက်နှင့် ငါပြောတာကိုဆိုပြီး မှန်းနိုင်တယ်မဟုတ်လား။

ဖြေ။ ။မှန်းနိုင်ပါတယ်ဘုရား။

မေး။ ။ဘယ်ကိုပါနည်းဗျ။

ဖြေ။ ။သေတော့ သေချာပါတယ်ဘုရား။ အခုနသင်္ဘောကြီးနှင့် လွဲသွားပါပြီဘုရား။

ဟုတ်ကဲ့လားဗျ။ အဲဒါကတော့ အခုလိုတားရင် မလွဲဘူးပေါ့ဗျ။ လျှော့လျှော့ပေါ့ပေါ့ကြီး နေမယ်ဆိုရင်တော့ သေသေချာချာပဲဗျ။

ဖြေ။ ။လျှော့လျှော့ ပေါ့ပေါ့နှင့်နေရင် သဘောပေါ် တက်မိရင်တောင်မှ လိမ့်ကျမှာပါဘုရား။
ဒါကြောင့် အခုနဟာက မြန်မြန်ကြီး နားလည်လွယ်တယ်။ ဟိုလိုက တော့ ပြောရတာကြာလို့ဗျ။ ဒါကြောင့်ဘယ်တော့မှ အခုရောနောက် ရော နေရင်မကြောက်ရဘူး။ မနေဘဲနှင့်ဆိုရင်တော့ လေချာသဗျ။

မေး။ ။အခုန အရှင်ဘုရား အမိန့်ရှိသွားပါတယ် ဘုရား။ နှာသီးဝမှာ ထိသိ ကလေးကို ခေတ္တကလေး အာရုံစိုက်လိုက်တာနှင့် ပစ္စုပ္ပန်ရော သံသရာ ရော ချမ်းသာမယ်ဆိုတော့ ခေတ္တလောက်ပဲ၊ စိတ်ကလေးကို စူးစိုက် လိုက်တာနှင့် သံသရာတစ်ခွင်လုံးမှာ အဖော် စိတ်ချရပြီလို့၊ သည်လို ဖြစ်ပါသလား ဘုရား။

ဖြေ။ ။ခဏကလေးဆိုတာ သည်လိုပြောကြပါစို့ရဲ့။ နေပူကြီးမှာ အရိပ်အေး အေးကြီး ရှိတယ်ဗျ။ နေပူမခံချင်တော့ အရိပ်အေးကြီးထဲ ဝင်လိုက် တော့ နေပူသေးသလားဗျာ။

ဖြေ။ ။မပူပါဘူးဘုရား။

မေး။ ။ထွက်လိုက်တယ်ဆိုတော့ကော။

ဖြေ။ ။နေပြန်ပူပါတယ် ဘုရား။

ဟုတ်ကဲ့လားဗျာ။ သာသာကလေးသာ အရိပ်အေးကြီးထဲဝင်နေရင် အေးနေမှာပဲဗျ။ ဒါ အပူမကြောက်ရင်တော့ ထွက်ဗျ။ ဟုတ်ကဲ့လား။ နောက် ပြီး ဒကာကြီးရဲ့ ဝင်းအိမ်ခြံကို သွားချင်တယ်ဆိုတော့၊ ကဲ-ကားနှင့်လိုက်ပို့ မယ်ဗျာ။ ဘယ့်နှယ်တုန်းဗျ။ တကယ်ရောက်ချင်ရင် ကားပေါ်က ဆင်ကြဦး မှာလား။

ဖြေ။ ။မရောက်ပါဘူး ဘုရား။

မေး။ ။ရောက်တော့ ရောက်ချင်ဘယ်ဆိုပြီး ကားပေါ်ကသင်းရင် ရောက်ပါ့ မလား။

ဖြေ။ ။ကားပေါ်ကဆင်းနေရင် မရောက်ပါဘူးဘုရား။

မေး။ ။အခုလည်း ပို့တော့ပို့မှာပဲ၊ ပို့တဲ့အခါ သည်ကားပေါ်က မဆင်း ကြနှင့်။ အဲသည်လို မဆင်းဘဲနှင့်ဆိုရင် တစ်ယောက်တည်းကောထား လို့မဖြစ်ဘူးလား။

ဖြေ။ ။ထားလို့ ဖြစ်ပါတယ်ဘုရား။

မေး။ ။အများနှင့်ကော။

ဖြေ။ ။ထားလို့ ဖြစ်ပါတယ်ဘုရား။

မေး။ ။စားရင်း သောက်ရင်းကော။
ဖြေ။ ။ဖြစ်ပါတယ်ဘုရား။
မေး။ ။ကိုယ့်သားသမီး မြေးမြစ်တွေနှင့် စားဖို့ သောက်ဖို့ အလုပ်တွေ လုပ်ရင်းကောဗျာ။
ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

အေး၊ ရှေးကအရှင်ကောင်းတွေက သည်လိုလုပ်ကြတာဗျ။ ဒါကြောင့် မမြုပ်ဘူးဗျ။ ဒါကြောင့် ကိုယ့်ဟာကိုဝီရိယတွေနှင့်ထူထောင်ပြီးပြီဆိုတော့ အခုလို လွယ်တဲ့အချိန်အခါမှာ ထူထောင်ပြီးတော့ယူကြ။ တကယ်လို့ သုဂတိခွင်မှာ ဆက်မိလို့ လူ့ခွင်မှာပဲပြန်ဖြစ်ဦးတော့ အခုလို လွယ်ချင်မှလွယ်မယ်။ အခုတော့ ကိုယ့်ဟာကို ဘုရားဆုံးမတာတွေနားလည်တော့ ကိုယ်တွင်မကဘူး၊ သားသမီး မြေးမြစ်တွေကိုပါ လာကြဟေ့ဆိုပြီး လုပ်ရင် ဖြစ်နိုင်တယ်။ အဲသည်လိုပြီး တော့ တစ်ခါ သားသမီးတွေတော့ ပေါ်ပေါ်ကလေးစိတ်ချရပြီ။ အိမ်နီးနား ကဆွေမျိုးတွေ ခေါ်ဦးမှတော်မယ်ဆိုပြီးတော့ ခေါ်ဦးမှာ။ ဒါတွင်မကသေး ဘူး။ တစ်မြို့လုံးခေါ်ဦးမယ်ဆိုရင်လည်း လာပါတယ်ဗျ။ ကိုယ်ကသာအဟုတ် လုပ်နေ။ မလာပါနှင့်ဆိုလို့ ပမြစ်ဘူးဗျ။

## ဝိသာခါ သခင်မကြီး

ဘာကြောင့် အဟုတ်လုပ်ရင် ဖြစ်သလဲဆိုတော့ တို့ဘုရား ရှေ့လက်ထက် တော်က ကျောင်းအစ်မကြီး ဝိသာခါဗျ။ သူကတော့ သူ့ဟာသူလည်းအဟုတ် လုပ်တာဗျ။ သူက နေ့ကတ်တုန်းကလည်း အဟုတ်လုပ်။ အခုလည်း အဟုတ်လုပ် တာဗျ။ အဟုတ်လုပ်နေတော့ ဘယ်နှယ်များ ဖြစ်ပါသလဲဆိုတော့ ဝီရိယက လည်း သူ့ဟာသူ ရတနာသုံးပါးရဲ့ ကိစ္စတွေကို အဘားအနား မထားဘဲ ကိုယ်ရော၊ နှုတ်ရော၊ စိတ်ရောကိုဟာ အဲ့ဒါလုပ်နေတာဗျ။ သူ့မှာ အားချိန် မရှိဘူးတဲ့ဗျ။ သည်တော့ အားလုံးပဲကွာ့ဘာ သူ့ကိုကြည့်ရတာဟာ၊ ကြည်ညို လိုက်တာဟာ၊ အားမရနိုင်ဘူးတဲ့ဗျ။ ဘယ်လိုတုန်းဆိုတော့၊ ဝိသာခါထိုင်နေ တယ်ဆိုရင် တို့အရှင်သခင်မကြီးဟာ အခုလိုထိုင်နေတာ အင်မတန်မှ ကြည်ညို စရာကောင်းတယ်။ ကြည့်လို့ကောင်းတယ်။ မထပါစေနဲ့။ သည်လို တစ်ထိုင် တည်း ထိုင်နေပါစေ၊ ထိုင်နေပြီး သည်လိုပဲ မလှုပ်ဘဲ နေပါစေနဲ့ ကြည့်လို့ အားမရနိုင်ဘူးတဲ့ဗျ။ လှုပ်လိုက်ပြန်ပြီဆိုတော့လည်း အမယ်မင်း သည်လိုသာ အမြဲလှုပ်နေပါစေနှင့်၊ လှုပ်တာကလည်း ကြည့်ကောင်းသတဲ့ဗျ။ လမ်းသွား ပြန်ရင်လည်း အမယ်မင်း တို့အရှင်သခင်မကြီး သည်လိုသာ တစ်သွားတည်း သွားနေပါစေ။ မရပ်ပါစေနှင့်ဆိုပြီး ကြည့်လို့ကို အားမရနိုင်ဘူးတဲ့ဗျ။ ငုံ့ပဲ စောင်းစောင်းနေပြန်ရင်လည်း ဟန်မပျက်ပါစေနှင့်တဲ့ဗျာ။ စကားပြောပြန် ရင်လည်း မရပ်လိုက်ပါစေနှင့် နားထောင်ကောင်းလို့တဲ့ဗျ။

သူ့ဟာ အကောင်းချည်းပဲဗျ။ ဘယ်လိုလုပ်နေနေ သူ့ဟာက ကောင်းမှာပေါ့။ ယခုနပြောတဲ့သီလနှင့်၊ သမာဓိနှင့်၊ပညာနှင့် ဘယ်အခါမှမပြတ်ဘူး။ မေတ္တာတွေနှင့် အကုန်လုံး၊ သက္ကစ္စနိဝါတတွေနှင့် မပတ်သက်တာ ဘာမှမရှိဘူး။ စိတ်ကလည်း ယခုနဟာတွေနှင့် အလုပ်ကလည်းကောင်း၊ အလုပ်ကောင်းတော့ လုပ်နေတုန်းလည်း ကောင်းတာပဲ။ ကိုယ်လုပ်တာတွေ ပြုတာတွေကလည်း အကောင်းပဲဗျ။ အဲသည်လိုတဲ့ဗျာ။ အဲ့ဒါဘာလဲဆိုရင် ယခုနဟာ ကောင်းတာဗျာ့။ (တင်ပါ့ဘုရား)

အဲဒီလိုပြုနေတဲ့အခါ ကိုယ်တွင်မျှမကဘူး။ သူ့ကို နှစ်သက်ကြည်ညိုကြတာနှင့် ဒီအာရုံနှင့်သွားလိုက်ကြတာ၊ မနည်းပေါင်တဲ့ဗျာ။ တသီတတန်းကြီးတဲ့ဗျာ့။ ဒါပေမယ့် သူဟာ သာဝတ္ထိပြည် သာကေတရောက်တော့ လိမ်လိမ်မာမာနှင့် အိမ်ရောက်သလား။

ဖြေ။ ။လိမ်လိမ်မာမာနေကြတဲ့အိမ် မရောက်ပါဘူးဘုရား။ တခြားဘာသာကိုးကွယ်တဲ့ ယောက္ခမအိမ် ရောက်သွားပါတယ်ဘုရား။

မေး။ ။သူ့မှာ နေရာကျတာရှိသလား။

ဖြေ။ ။နေရာမကျပါဘူးဘုရား။

မေး။ ။သူ့စိတ်ထဲမှာ နေရာကျသလား။

ဖြေ။ ။နေရာမကျပါဘူးဘုရား။

မေး။ ။လုပ်ပုံက နေရာကျသလား။

ဖြေ။ ။ယောက္ခမလုပ်ပုံက နေရာမကျပါဘူးဘုရား။

မေး။ ။သူက ကိုယ်ရော နှုတ်ရော စိတ်ရော အကုန်လုံးဘွဲ့ဟာ နေရာကျရဲ့လား။

ဖြေ။ ။ရောက်စက နေရာမကျပါဘူးဘုရား။

## မိဂါရသူဌေးကြီး

အေးပါဗျာ၊ ဒါပေမယ့် သူကတော့ သူ့ဟာသူ လုပ်နေတာဗျ၊ ရန်မဖြစ်ပါဘူးဗျ။ တော်တော်ကြာကျတော့ အဲဒီလိုလုပ်နေတာနှင့် မိဂါရနှင့် အခြံအရံတွေဟာ ဘယ်လိုဖြစ်သလဲ။ဝိသာခါတရားဟောတာ၊ သူ လုပ်တာကိုင်တာ ပြတာနှင့်ပဲ မိဂါရသူဌေးကြီးဟာ သောတာပန်ဖြစ်ပါရောတဲ့ဗျ။အေး-သူကောင်းတာနှင့်ပဲ အကုန်ရှောက်ကောင်းသွားတာဗျ။ သူ့ဟာသူကောင်းတာနှင့် ဟိုက တစ်ပြုံလုံး ကောင်းသွားတာဗျ။ တစ်ယောက်ကစပြီး တစ်ရပ်ွားသွားပါတယ်ဗျ။အခုန ကောကြီးကတော့ ဘယ်နှယ်လဲ၊ အနားမလာနှင့်လို့ ပြောမှာလား။

ဖြေ။ ။တပည့်တော်ကတော့ အစရှိသေးတာကိုးဘုရား၊ သူတို့လာတော့ ပျက်သွားပါတယ်ဘုရား။

သူတို့လာ တော့ ဘယ်ပျက်သွားရမလဲ။ ကိုယ်ချည်းပဲဆိုရင် အိပ်ချင် အိပ်နေမှာ၊ သူတို့တစ်တွေ အနားမှာနေတော့ အဘိုးလိမ်တာ အဘိုးလိမ်တာ ဆိုပြီး တိုင်တော့မှာဗျ။

လျှောက်။ ။တစ်ခါတလေ သူတို့ကို စပ်းကြည့်တယ်ဘုရား။ တပည့်တော် စိတ်ငြိမ်သလား၊ မငြိမ်သလားလို့၊ ရင်ဘတ်ပေါ် တက်ခုန်လိုက်သေးတယ်။

ဆရာတော်။ ။အဲ့ဒါဆို နေရာကျတာပဲဗျ။

လျှောက်။ ။နေရာကျမှာ မကျမှာတော့ မပြောတတ်ဘူးဘုရား၊ မြေးတွေက ရင်ဘတ်ပေါ်တက်ခုန်လိုက်တော့ တပည့်တော်က ခုန်ခုန်ဆင်း သွားတာပဲဘုရား။

ဒါဖြင့် ကျမှန်းသိရင် နောက်တစ်ခါ မကျအောင် ကြိုးစားတော့မှာပဲ။ နောက်တော့ တောက်လျှောက်ကြီး သည်လို သွားပါလိမ့်မယ်။ ရှေးက သူတော်ကောင်းတွေဟာ သည်လိုသွားတာဗျ။ (တင်ပါ့ဘုရား)

ဒါကတော့ ရှေးသူတော်ကောင်းတွေ အစီးအပွားများတာကို လျှောက်ပြောနေတာဗျ။ အခုလည်းပဲ သည်လိုသာလုပ်ဖြစ်မှာပဲ။ အခုတော့ ဘယ့်နှယ်လဲ သားတွေသမီးတွေရှိနေတော့ သူတို့အတွက် လုပ်ရတာက တစ်မျိုး၊ အဲဒါတွေလုပ်လို့ ပြီးပြန်တော့ ကိုယ့်အာရုံကိုယ် ပြုမယ်ဆိုပြန်တော့လည်း ဒါတွေက ရှိနေလို့ မဖြစ်ဘူးဆိုပြီး သည်လိုပဲလုပ်နေတယ်မဟုတ်လား။

ဖြေ။ ။သည်လိုပဲ လုပ်နေပါတယ်ဘုရား။

အခုပြောတာက သူတို့ ဘယ်လိုပဲလုပ်လုပ် ဘယ်လိုပဲနေနေ အဲသလိုသာ လုပ်မှာပဲ။ ဘုရားရှင် ရှေ့သက်သက်တော်ကလည်း ဖြစ်တာပဲ။ အခုလည်းပဲ ဖြစ်တာပဲ။ တို့ကတော့ တော်သလို သာသိဘာသာနေတာဗျ။ နေပေမယ့် တို့က ပြောစရာမဂုဏ်တဲ့နေရာတွေမှာ သာသာနေတာဗျ။

အဲသည်မှာ သူတို့က ရောက်ရောက်လာတာဗျ။ သူတို့ချည်း မဟုတ်ဘူးဗျ။ တို့ဒကာကြီး ဒကာမကြီးတွေမှာ အတည့်ကလေးတွေ ပါပါလာတယ်ဗျ။ သူတို့နဲ့လိုက်ပြီး သူကို ဘယ်လိုနေသလဲ။ သူတို့နေသလို အတူတူနေတာဗျ။ လုပ်ကြ ဂ့ ဆို ထိုင်တာပဲ။ လူကြီးတွေကတော့ ပျော်စရာမရဘူး။ သူတို့ကတော့ ပျော်စရာရတယ်ဗျ။ ဒါပေမယ့် သူတို့ချည်းလွှတ်လိုက်လို့ မဖြစ်ဘူးဗျ။ နောက်ကျတော့ ဘယ်လိုလဲဆိုရင် သားတွေသမီးတွေ မြေးတွေမြစ်တွေက သူတို့တော်သလိုလုပ်မယ့်နေရာ သွားမယ်ဆိုရင် အမယ်မင်း လိုက်ချင်လိုက်ကြတာဗျ။ သည်တော့ အကုန်လုံး မခေါ်နိုင်ရင်တော့ အလှည့်ကျ ခေါ်ရတယ်ဗျ။ ပြန်မယ်ဆိုရင်လည်း ငိုလိုက်ကြတာတဲ့ဗျ။ အဲဒါ တို့ဘုရား ရှေ့လက်ထက်တော်က သည်

လိုပဲ ဖြစ်တာကိုလျှောက်ပြောတာဗျ။ အခုလည်း အားလုံးတို့ဟာ သည်လိုပဲ ဖြစ်မှာပါဗျ။ ဒကာကြီး ဒကာမကြီးများဟာလည်း သည်လိုလုပ်ဖို့ သေသေချာချာဖြစ်တယ်။

လျှောက်။ ။သေသေချာချာဖြစ်တယ်ဆိုတာက သောတာပန် ဖြစ်တာလား ဘုရား။

ဆရာတော်။ ။ဘာမှ မဖြစ်ချင်နေ၊ ဖြစ်ချင်ဖြစ်၊ အခုနဟာလောက်ဖြစ်ရင် တော်ပြီ။ သောတာပန်တွေ ဘာတွေ လုပ်မနေနှင့်။

လျှောက်။ ။တပည့်တော်က အရင်လိုတယ်ဘုရား။ အခုပဲသောတာပန် ဖြစ်ချင်လှပြီ၊ သောတာပန်ဆိုရင် အပါယ်မလားဘူးလို့ သိရပါတယ် ဘုရား။

ဆရာတော်။ ။အခုလောက်ဆိုရင်ပဲ ဆင်းရဲမသွားဘူး မဟုတ်လား။

လျှောက်။ ။ခေတ္တ ခဏကလေး လုပ်လိုက်တာနှင့်ဆိုရင်လား ဘုရား။

ဆရာတော်။ ။အေး၊ သည်လောက်ဆို တော်ပါပြီဗျ။ ငါ ဘာမှ မဖြစ်ချင်ဘူးလို့ လုပ်ဗျ။ ဘာဖြစ်ချင်တယ်၊ ညာဖြစ်ချင်တယ် ဆိုပြီး မော့မော့ကြီး နေရင် ဖြစ်မှာမဟုတ်ဘူး။

လျှောက်။ ။တပည့်တော်က စိတ်ကြီးဝင်နေတဲ့ ဒကာကြီးပါဘုရား။ သောတာပန်ဖြစ်ချင်နေပါတယ် ဘုရား။

မေး။ ။သက္ကာယဒိဋ္ဌိဆိုတာက ငါပဲ၊ သူပဲ၊ ငါ ငါနှင့် သည်လို ပြောနေတာ မဟုတ်လား။

ဖြေ။ ။သည်လို ပြောနေတာပါပဲ ဘုရား။

မေး။ ။သည်လိုပြောနေတော့ ဒကာကြီးဟာ ရုပ်ရယ်၊ နာမ်ရယ် ဆိုတာ သိတယ်မဟုတ်လား။

ဖြေ။ ။ရုပ်-၂၈၊ နာမ်-၅၃ ရှိပါတယ်ဘုရား။

မေး။ ။ဒါမျိုးကတော့ ဒကာကြီး၊ ဒကာမကြီးတွေ သိပြီးသားပါဗျ။ အရှည်လျှောက်ပြောရင် အချိန်ကုန်နေမှာပါဗျ။ နှာသီးဖျားကရုပ်၊ သိတာက နာမ်၊ အဲသည်တော့ အဟုတ်သိနေတဲ့ အချိန်ကလေးမှာ ငါဆိုတာ လာရဲ့လား။

ဖြေ။ ။အဟုတ်နေတဲ့အချိန်မှာဆိုတာ စဉ်းစားစရာစိတ် မရှိပါဘူး ဘုရား။ သိတာကို မှတ်နေတဲ့စိတ်ပဲ ရှိပါတယ်ဘုရား။

မေး။ ။သည်လိုမလာဘူးဆိုတော့ ဘာတုန်းဗျ၊ အဲသည်အချိန်မှာ သက္ကာယ ဒိဋ္ဌိကပ်သလား၊ ကွာသလား။

ဖြေ။ ။သက္ကာယဒိဋ္ဌိ ကွာပါတယ် ဘုရား။

မေး။ ။ကွာချင်ရင် အဲသည်လိုသာကွာထားဗျ၊ ကြားရဲ့လား။ အဲသည်အချိန်မှာ သေသွားရင် ဘယ့်နှယ်လဲ၊ သွားနေကျနေရာ အပါယ်သာ သွားပါရစေလို့ ဆုတောင်း၊ ဘယ့်နှယ်လဲ။

ဖြေ။ ။ဘယ်လိုဆုတောင်းတောင်း မကျပါဘူးဘုရား၊ အထက်သွားမှာပဲဘုရား။

မေး။ ။အဲ့တာတည့်တာပဲဗျ။ ဟုတ်ပါရဲ့လားဗျာ့။

ဖြေ။ ။ဟုတ်ပါတယ် ဘုရား။

မေး။ ။သူတကာတို့က ကြမ်းကြမ်းတမ်းတမ်း မခံချင်အောင် သည်ဆရာကြီးဟာ အလကားပါ၊ အပါယ်သေသေချာချာ ကျမှာပါလို့ ဆိုပေတဲ့ ဘယ့်နှယ်လဲ ကျမှာလား။

ဖြေ။ ။မကျပါဘူး ဘုရား။

မေး။ ။အေး ကိုယ်ကတော့ အခုနလိုမလွှတ်စေနှင့် ကြားလား၊ ဘာမှမဖြစ်ချင် နေပေစေ သည်လိုသာနေ ကြားလား။

ဖြေ။ ။ထိသိနေတဲ့အချိန်ကလေးမှာ ငါဆိုတာ ပျောက်နေတဲ့ အတွက် သက္ကာယဒိဋ္ဌိကွာတယ်လို့ သည်လိုပဲ မှတ်ပါတော့မယ်ဘုရား။

မေး။ ။အေး ဒါဖြင့် အဲသည်လိုသာမှတ်ထားဗျ၊ ဟုတ်ကဲ့လား။

ဖြေ။ ။စာထဲမှာတော့ ခက်လိုက်တာ ဘုရား၊ သက္ကာယဒိဋ္ဌိ ဆိုသည်မှာ ပဥ္စုပါဒါနက္ခန္ဓာဆိုတော့ ဘာမှမသိပါဘူး ဘုရား။

မေး။ ။အခုဟာက ခန္ဓာငါးပါး မပါဘူးလား။

ဖြေ။ ။ဘယ်လို ပါပါသလဲ ဘုရား။

မေး။ ။ခန္ဓာငါးပါးဆိုတာ မပါဘူးလားဗျ။

ဖြေ။ ။ဘယ်လိုပါတယ်ဆိုတာ သနားပါဦး ဘုရား။

မေး။ ။အဲဒါဖြင့် ခန္ဓာငါးပါးဆိုဟာ ဘယ်ဒင်းဘယ်ဒင်းလဲ ပြောစမ်းပါဦးဗျ။

ဖြေ။ ။ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာပါ ဘုရား။ ဒါကတော့ ရလို့ ဒေါက်ဒေါက် ဒေါက်ဒေါက်နှင့် ပြောတာပါ ဘုရား။

မေး။ ။ဒကာကြီးဟာ ရုပ်က ဘယ်လောက်လဲ။

ဖြေ။ ။ရုပ်က ၂၈-ပါ ဘုရား။

မေး။ ။နှာသီးဖျားဟာ အဲသည်ရုပ် ၂၈-ထဲမှာ မပါတာ ရှိသလား။

ဖြေ။ ။မပါတာ ရှိပါသေးတယ် ဘုရား။

မေး။ ။ဘယ်ဟာလဲ။

ဖြေ။ ။ဣတ္ထိဘာဝရုပ် ကျန်နေပါတယ် ဘုရား။

မေး။ ။အဲဒါ ဘာလဲ၊ ပြောလို့သာ ပြောတာ၊ စင်စစ်တော့ ရုပ်ထဲမှာ ဘယ့်နှယ်လဲ၊ ဘာကိုများ ခေါ်တာလဲ ဣတ္ထိဘာဝ ရုပ်ဆိုပြီးတော့ တစ်မျိုးရှိသေးသလား။

ဖြေ။ ။ဟိုလိုဟာတွေနှင့်ဆိုရင် ယောကျာ်း ၂၇၊ မိန်းမ ၂၇ ပါလို့ သည်လို အမှန်ထားပါတယ် ဘုရား။

မေး။ ။အမှန်ထားပေမယ့် တစ်မျိုးရှိသေးသလား။

ဖြေ။ ။တစ်မျိုးမရှိပါဘူး ဘုရား။ ဣတ္ထိဘာဝလို့၊ ပုန်းဘာဝတို့ ထားရုံပါပဲ ဘုရား။

မေး။ ။ကျန်သေးသလား။

ဖြေ။ ။မကျန်ပါဘူး ဘုရား။

မေး။ ။နာမ်ကကော ဘယ်လောက်လဲ။

ဖြေ။ ။စေတသိက် ၅၂ ပါ ဘုရား။

မေး။ ။အခုန သိနေတယ်ဆိုတာ နာမ်မှာ ကျန်သေးသလား။

ဖြေ။ ။ဘယ်နေရာမှ မကျန်ပါဘူး ဘုရား။

မေး။ ။သည်တော့ တစ်ပြိုင်နက်တည်း မပါဘူးလားဗျ။

ဖြေ။ ။ပါပါတယ် ဘုရား။

မေး။ ။ဒါဖြင့် အခုန ဘယ်ဟာများ လိုနေသေးသတုန်း။

ဖြေ။ ။ဘယ်နေရာမှ မလိုပါဘူး ဘုရား။

မေး။ ။အခုနတော့ လိုနေသလို ပြောတယ်မဟုတ်လား။

ဖြေ။ ။ရုပ်နှင့် နာမ်တော့ သိပါပြီဘုရား၊ ခန္ဓာငါးပါးနှင့် ဘယ်လိုများ ဆက်ပါသလဲ ဘုရား။

မေး။ ။အခုနဟာ ခန္ဓာငါးပါး မပါဘူးလား။

ဖြေ။ ။ပါတော့ ပါပါတယ်ဘုရား။ ဒီလောက်ပြောရုံနှင့် မသိပါဘူးဘုရား။

မေး။ ။ရုပ်ကတော့ ရုပ်၊ နာမ် ကတော့ ဘယ်နှစ်ပါးလဲ၊ နာမ် ခန္ဓာ ဘယ်လောက်လဲ။

ဖြေ။ ။နာမ်ခန္ဓာ လေးပါးပါ ဘုရား။

မေး။ ။ဘာတွေလဲ။
ဖြေ။ ။ဝိဏာက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာပါဘုရား။

မေး။ ။အဲဒါကလေးထားလိုက်သည်ရှိသော် သည်အချိန်ကလေးမှာဘယ်ဟာ လပ်နေမှာလဲဗျ။
ဖြေ။ ။ဘယ်ဟာမှ မလပ်ပါဘူး ဘုရား။ တစ်ချိန်တည်းမှာ လျှောက်ပြီးဖြစ် သွားတာပဲ ဘုရား။

မေး။ ။သည်တော့ အကုန်မပါဘူးလား။
ဖြေ။ ။အကုန် ပါ ပါတယ် ဘုရား။

မေး။ ။ဒါဖြင့် ရှင်းလင်းပြီလား။
ဖြေ။ ။ရှင်းပေမယ့် ခပ်ရှုပ်ရှုပ်ပါပဲ ဘုရား။

မေး။ ။နေပါဦးတော့ ဒကာကြီးရယ်၊ ဒကာကြီးအိမ်မှာ ကနေ့ ဘာဟင်းနှင့် စားသလဲ။
ဖြေ။ ။ကနေ့ ငါးဟင်းနှင့် စားပါတယ်ဘုရား။

မေး။ ။ငါးဟင်းဟာ ကောင်းသလား။
ဖြေ။ ။ကောင်းပါတယ် ဘုရား။

မေး။ ။အဲသည် ငါးဟင်းထဲမှာ ရေမပါဘူးလား။
ဖြေ။ ။ရေ၊ ဆား၊ နနွင်း၊ ကြက်သွန်ဖြူ-နီအစရှိသည်တို့ အကုန်ပါ ပါတယ် ဘုရား။
မေး။ ။စားလိုက်သည်နှင့်တစ်ပြိုင်နက် ဘယ့်နှယ်လဲ ငါးဟင်းချည်းပဲလား၊ အခုနဟာတွေ မပါဘူးလား။
ဖြေ။ ။ရေတို့ ဘာတို့ အကုန်ပါ ပါတယ် ဘုရား။

မေး။ ။ဆီကော မပါဘူးလား။
ဖြေ။ ။ဆီလည်း ပါ ပါတယ်ဘုရား။
မေး။ ။ကောင်းလိုက်တာဆိုတော့ ဘယ်ဟာ ကျန်သေးသလဲ။
ဖြေ။ ။ဘယ်ဟာမှ မကျန်ပါဘူး ဘုရား။
အေး၊ အဲသည်လို ကောင်းဗျ။ (တင်ပါ့ဘုရား)
မေး။ ။ဒါကတော့ ထည့်သလောက် လျှောက်ကောင်းမှာချည်းပဲ၊ ဟုတ်ကဲ့ လား။
ဖြေ။ ။တင်ပါ့ဘုရား။
မေး။ ။ဒါဖြင့် ရှင်းသွားပလား။
ဖြေ။ ။ရှင်းသွားပြီလို့ ဆိုပေမယ့် တပည့်တော်နားမလည်သေးပါဘူးဘုရား။

မေး။ ။နားမလည်ရင် ဘာရယ်၊ ညာရယ်လုပ်မနေနှင့် အခုနလိုသာထားဗျ။
ဖြေ။ ။ထိ သိလား ဘုရား။
မေး။ ။အေး အဲဒါပဲထားဗျ၊ နေရာကျလိမ့်မယ်၊ ဒါနှင့် ဒကာကြီးဟာ ကားတွေဘာတွေ လေယာဉ်ပျံတွေ စီးဖူးတယ် မဟုတ်လား။
ဖြေ။ ။လေယာဉ်ပျံတော့ မစီးဖူးပါဘူး ဘုရား။
မေး။ ။သင်္ဘောတွေ ဘာတွေတော့ စီးဖူးတယ် မဟုတ်လား။
ဖြေ။ ။စီးဖူးပါတယ် ဘုရား။
မေး။ ။သင်္ဘော မောင်းတတ်သလား။
ဖြေ။ ။မမောင်းတတ်ပါဘူး ဘုရား။
မေး။ ။မမောင်းတတ်ပေမယ့် တက်စီးတော့ ကိုယ်လိုချင်တဲ့နေရာ မရောက်ဘူးလား။
ဖြေ။ ။ရောက်ပါတယ် ဘုရား။

အေး တက်သာစီး၊ မောင်းတတ်သည်ဖြစ်စေ၊ မမောင်းတတ်သည်ဖြစ်စေ တက်သာစီးရင် ကိုယ်လိုချင်တဲ့နေရာ ရောက်မှာပဲဗျ၊ သင်္ဘောမှာပေါ်တဲ့ အခေါ်အဝေါ်တွေကိုကော သိသလား။

ဖြေ။ ။မခေါ်တတ်ပါဘူး ဘုရား။
မေး။ ။ဒီပြင်ဟာတွေကော ပြောတတ်သလား။
ဖြေ။ ။မပြောတတ်ပါ ဘုရား။
မေး။ ။ဒါပေမယ့် တက်စီး မရောက်ဘူးလား။
ဖြေ။ ။ရောက်ပါတယ် ဘုရား။

မကျအောင်သာစီးသွား ရောက်မှာပဲဗျ၊ အဲဒီသင်္ဘောကြီးဟာ သွားနေရင် ဒီသင်္ဘောဟာ အကုန်ကောင်းလို့ပဲလို့မှတ်ပေတော့၊နားလည်လည် မလည်လည်၊ သိသိ မသိသိ ရပ်နေတယ်ဆိုရင်တော့ ဒီသင်္ဘောကြီး ကောင်းပါတယ်လို့ ဒကာကြီးကို ပြောမယ်၊ တကာကြီး ယုံမှာလား။

ဖြေ။ ။ရပ်နေရင်တော့ သင်္ဘောကြီးပျက်လို့ ဆိုရမှာပဲ ဘုရား။
မေး။ ။ပျက်တာ ဘာပျက်သလဲလို့ ဒကာကြီးကိုမေးရင် ပြောတတ်ပါ့မလား။
ဖြေ။ ။မပြောတတ်ပါဘူး ဘုရား။
မေး။ ။ဒါဖြင့် ဘာဖြစ်လို့ ပျက်တယ်ပြောသလဲ။
ဖြေ။ ။မသွားလို့ ပျက်တယ်လို့ပြောတာပါ ဘုရား။

မေး။ ။အခုလည်းမှတ်ထား၊ နေရင် သဘောကြီးသွားတာပဲ၊ မနေရင်တော့ သဘောကြီးပျက်တာပဲ၊ ဟိုလိုလျှောက်ပြောရင် သိမှာမဟုတ်ဘူး၊ အခုပြောတာ မှတ်မိပြီ မဟုတ်လား။

ဖြေ။ ။မှတ်မိပါတယ် ဘုရား၊ နေရင် သဘောကြီးသွားပြီ၊ မနေရင်သဘောကြီး ပျက်ပြီ။

မေး။ ။ပျက်လို့နစ်ရင်တော့ ဘယ့်နှယ်လဲ။

ဖြေ။ ။ ဟိုအောက်ထဲထိအောင် ရောက်မှာပဲဘုရား။

မေး။ ။တက်နိုင်ပါဦးမလား။

ဖြေ။ ။မတက်နိုင်ပါဘူး ဘုရား။

အဲဒါကြောင့် ဘာရယ်ညာရယ် လုပ်မနေနှင့်၊ လွယ်လွယ်ဘဲ၊ အဲဒါ ကလေးသာ ထားဆိုတဲ့နေရာမှာထား၊ မနေရင်တော့ သဘောပျက်တာပဲ၊ ပျက်ရင် ပြင်ဖို့ ခက်သလားဗျ။

ဖြေ။ ။ပြင်တတ်ရင်တော့ မခက်ပါဘူးဘုရား၊ စက်ဆရာ ခေါ်ပြင်ရင်တော့ ရမှာပဲဘုရား။

စက်ဆရာတွေ ဘာတွေ ခေါ်မနေနှင့်၊ အဲဒီနေရာမှာ မနေရင် နေအောင်ထားဗျ၊ ဟုတ်ကဲ့လား၊ မှတ်ထားနော်၊ စက်ဆရာတွေဘာတွေ ခေါ်နေရင် ရှုပ်နေဦးမယ်၊ တော်တော်ကြာ စက်ဆရာ ခေါ်မရလို့ ဘယ်နေရာမှန်းမသိလို့နှင့် လုပ်နေဦးမယ်၊ နေရင် ဘာတုန်းဗျ။

ဖြေ။ ။သဘောကြီးသွားတာပဲ ဘုရား။

မေး။ ။မနေရင်ကော။

ဖြေ။ ။သဘောကြီးပျက်တာပဲ ဘုရား။

မေး။ ။ပျက်ရင် ဘယ့်နှယ်လဲ။

ဖြေ။ ။သဘောကြီးလွှားအောင် ထိသိကိုပြန်ပြီး နေအောင် ထားရမှာပဲ ဘုရား။

မေး။ ။တောက်လျှောက် သွားချင်တော့ကော။

ဖြေ။ ။တောက်လျှောက်ကြီး ထိသိကိုထားရမှာပဲ ဘုရား။

မေး။ ။ဒါဟုတ်ပလား။

ဖြေ။ ။ဟုတ်ပါပြီ ဘုရား။

မေး။ ။ဘယ်နေရာ ခက်သေးသလဲ။

ဖြေ။ ။မခက်ပါဘုရား။

မေး။ ။ဘုရားရှင်က သည်လို ဆုံးမတော်မူတာတဲ့ဗျ။ ကြားလား။

ဖြေ။ ။တင်ပါဘုရား။

ဘုရားရှင်ကတော့ အကုန်လုံး လူနတ်ဗြဟ္မာတွေ ကိုယ်လိုချင်တာရအောင် သိအောင် သည်လိုဆောင်ပြီး သဗ္ဗညုတ ရွှေဉာဏ်တော်ကိုရအောင် ပါရမီဖြည့်ရတယ်။ သည်လိုဖြည့်လို့ ဘုရားဖြစ်တော့မှ သည်လိုဟောနိုင်တာဗျ။ သည်တော့ ဒကာကြီးများရယ် နိဗ္ဗာန်လိုချင်တယ်ဆိုရင် ဘုရားဖြစ်ရမှာလား။

ဖြေ။ ။ဘုရားမဖြစ်လည်း ရပါတယ်ဘုရား။

မေး။ ။ဘယ်လိုရမှာလဲ၊ ဘုရားရှင်ပွင့်တော်မူတဲ့အခါကျပြီဆိုတော့ ဘုရားရှင်က ဒါလုပ်ဒါလုပ်ဆိုရင် အဲဒါကိုနားထောင်ပြီး လုပ်သွားရင် ဘုရားမဖြစ်ပေမယ့် နိဗ္ဗာန်ရတာပဲမဟုတ်လား။

ဖြေ။ ။ရပါတယ်ဘုရား။

မေး။ ။အခုလည်း ဒကာကြီးဟာ သဘောတည်နိုင်သလား။

ဖြေ။ ။မတည်နိုင်ပါဘူးဘုရား။

မေး။ ။မတည်နိုင်ပေမယ့်သူများတည်တဲ့သဘောတက်စီးရင်မရောက်ဘူးလား။

ဖြေ။ ။ရောက်ပါတယ်ဘုရား။

အေး-အခုနပြောတဲ့ သဘောကို တက်သာစီး ကြားလား။ မခက်ပါပါဘူးဗျ။ အဲသည်လိုသာ လုပ်ပါဗျ။ ဒကာကြီးတင်မကဘူး။ သားသမီး မြေးမြစ်တွေ၊ ဆွေဘော်မျိုးတွေ၊ မြို့သူမြို့သားတွေ အကုန်လုံးလုပ်ဆိုရင် ဘယ့်နှယ်လဲ။ အကုန်လုံး မပါဘူးလား။

ဖြေ။ ။ပါပါတယ်ရာရား။ သဘောကြီးမှာ ပျော်စရာကြီး နေမှာပါဘုရား။

မေး။ ။အခုနလို အနားမလာနှင့်လို့ လုပ်နေရင် ဘယ့်နှယ်လဲ။

ဖြေ။ ။တပည့်တော်က ထိသိကိုလုပ်နေရတာ အင်မတန်ဆိတ်ငြိမ်တဲ့နေရာမှာ လုပ်နေတာတောင်မှ တပည့်တော်က သဘောပေါ်က ခုန်ဆင်းချင်နေတာကိုးဘုရား။

မေး။ ။ဒါကဲ သက်သက်မဲ့ ခုန်ချနေတာဗျ။ အခုနလိုဆိုရင်ကော။

ဖြေ။ ။မခုန်ချဘဲ ဖွယ်ကပ်နေရင်တော့ မကျပါဘူးဘုရား။

မေး။ ။အခု ဒကာကြီးတို့ ကားတွေ ဘတွေနှင့် သွားကြတော့ ဥပမာ-ကိုယ့်ကားက ညံ့နေပြီး၊ သူများကားက ကျော်သွားရင် ဒကာကြီး ကြိုက်သလား။

ဖြေ။ ။မကြိုက်ပါဘူးဘုရား။ တပည့်တော်က ထိပ်ကဝင်မှ ကြိုက်ပါတယ်ဘုရား။

မေး။ ။အခုလို ထိပ်ကဝင်မှကြိုက်ရင် အခုနလိုသာသွားဗျ။ အခု သည်လိုသွားတော့မှာလား။

ဖြေ။ ။သည်လိုသွားဖို့ ရည်ရွယ်ပါတယ်ဘုရား။

## တော်ပါပေ့ဆိုတာ

အင်း-သူ့ဟာက ရည်ရွယ်တုန်း ရှိသေးတာကိုးဗျ။ အေး-လွယ်ပါတယ်ဗျ။ အခုပြောတာ ပေါ့တော့တော့ ပြောတာမဟုတ်ဘူးနော်။ သည်လိုပြောမှ ဖြစ်မှာမို့ သည်လိုပြောတာ ကြားလား။ ဟိုလိုပြောတော့ နေရင်ကုသိုလ်၊ မနေရင် အကုသိုလ်ဗျ။ ဒါနှင့်သွားမှ ကျော်ကြတယ်။ ဒါနှင့်မသွားရင် ဘယ်သူမှ မကျော်ဘူးဗျ။ လူရောနတ်ရောပါဗျ။ တို့ရဟန်းတွေ ဘာတွေတော့ အားလုံးက တော်ပါပေတယ်လို့ ပြောမှာဗျ။ ဒါပေမယ့် ဘယ်သူဖြစ်ဖြစ် သည်နေရာမှ မနေဘဲ သေရင်တော်ပါပေ့ဆိုတာ အလကားဗျ။ မနေရင် သည်တော်ပါပေ့ဆိုတာ ဘယ်ရောက်မလဲ (အပါယ်ရောက်မှာပါပဲဘုရား)။

အေး ဒါကြောင့် သည်လိုရှက်ဆောင်ကြဗျား။လွယ်လိုက်တာဗျ'ဒါကြောင့် အားလုံးတို့ဟာ သည်လိုရှက်ဆောင်ကြဗျ။ ဒါပေမယ့်အချိန်တိုင်းနေရာကျမှ စိတ်ချရမှာဗျ။ နေရာမကျကဲ့ အချိန်ရှိရင် စိတ်မချရဘူးဗျ။ တောက်လျှောက်ကြီးသာ နေရာကျရင်တော့ဒကာကြီးဒကာမကြီးတွေဘာမှပစိုးရိမ်ရတော့ဘူး။ ကိုယ့်သားကိုယ့်သမီးတော့လည်း သည်လိုလုပ်နေရင် သူတို့နေရာကျပြီဆိုတော့ မနားချင်တဲ့အဖြစ်မျိုး ဖြစ်ကုန်လိမ့်မယ်။ အဲသည်အခါကျရင် စိတ်ထဲ အားရနေလိမ့်မယ်။ ငါ့သားတွေ သမီးတွေတော့ လုံလောက်နေပြီဆိုပြီး အခုလည်း အားရနေမယ်။ နောင်လဲ အားရနေမှာပဲ။ တောက်လျှောက်ကြီးကို အားရနေလိမ့်မယ်။ သို့လိုမဟုတ်ဘဲ ငါဟာမမြဲဘူး။ ဘယ်အချိန်သေမယ်မှန်းမသိဘူး။ သည်တော့ သေတဲ့အချိန်များ သည်အဖြစ်မျိုးနှင့် သေသွားရင် အောက်ရောက်ကုန်ရော။ တက်မှာမဟုတ်ဘူး။

မေး။ ။တစ်သက်လုံး လုပ်ပြီး သေခါနီးကျမှ လွတ်သွားရင် ဘယ့်နှယ်လဲဘုရား။

ဖြေ။ ။လွတ်သွားရင်တော့ ရောက်သွားမှာပေါ့ဗျ။ ရောက်ခါနီးကျမှ ခုန်ချရင် ဘယ့်နှယ်လဲ။ နစ်သွားမှာပေါ့ ဒကာကြီးရဲ့။ (တင်ပါ့ဘုရား)။

အေး-အဲဒါသာမှတ်ထား၊ သည့်ပြင်ဟာ လျှောက်ပြောလို့မဖြစ်ဘူး။ တော်တော်ကြာ အဲသည်လိုတဲ့ဆိုပြီး လျှော့တော့ကြီး လုပ်နေဦးမယ်။ အဲဒါသာ မှတ်သား (တင်ပါ့ဘုရား)။

ရှေ့က အရှင်တွေက သည်လိုသွားတာဗျ။ ဒါကြောင့်မို့ သူတို့မှာ စောစောကတည်းက ကိုယ့်အတွက်သူ့အတွက်တွေ စိတ်ချရတယ်။ တချို့သား သမီးတွေကို ဆုံးမထားတယ်။ ဆုံးမပြီး သာသာကြည်ကြည် နေလိုက်တာပဲ။ မလုံလောက်ဘူးဆိုရင် နည်းနည်းလုံလောက်အောင် သူ့ဟာနှင့်သူ ပြောလိုက် တာပဲ။ အားလုံး တစ်ပြိုင်နက်တည်း လုပ်ကြတာပဲ။ တချို့တော်နေတယ်။ တော်နေတော့ သားသမီးတွေကလည်း လွန်ချင်လွန်သွားမှာပဲ။ အဲဒါအဟုတ် ဆောင်တာဗျ။ အခုလည်း အားလုံးတို့ဟာ ဘယ်သူမှကယ်နိုင်တာ မဟုတ်ဘူး။ ကြားရဲ့လား။ (မကယ်နိုင်ပါဘူးဘုရား)။

ဘုရားရှင်ကလည်း ဒါပဲဆောင်ပေးတာပဲ။ သည်တော့ တပည့်သားဖြစ် တဲ့ လူနတ်ဗြဟ္မာတွေဟာ ဘုရားဆုံးမတဲ့အတိုင်း လိုက်နာလုပ်ရင် ဘုရားရှင်က ဘာတုန်းဆိုတော့ အသီးသီးတောင့်တတဲ့အတိုင်းပြီးအောင်ဆုံးမရုံပဲ။ ဒါဘုရား အလုပ်။ တပည့်သား သာဝကတွေကသာ ကိုယ်မှန်းထားတဲ့ လိုချင်တဲ့ဟာကို ဟဲ့-ချစ်သား ချစ်သမီးတို့လာဟဲ့ဆိုပြီးတာလုပ်လို့ မဆုံးတာပဲ။ ဒါကိုမှတ်ထား ပြီးလုပ်ကြရတာပဲ။ ဒါဘုရားတာဝန်ပဲ။ လုပ်ရမယ့်တပည့်သားဖြစ်တဲ့ လူနတ် ဗြဟ္မာတွေဟာ လုပ်ရင် ဘုရားဖြစ်အောင် လုပ်ဖို့မလိုဘူး။ တိုတိုဖြစ်ချင်ရင်တော့ တိုတိုလုပ် ဟုတ်ကဲ့လား။ (တင်ပါ့ဘုရား)။

သဗ္ဗညုတ ရွှေဉာဏ်တော်ကို လိုချင်ပြီး ဘုရားဖြစ်အောင် လုပ်ချင်ရင် အဲဟိုလိုလုပ်ဆိုပြီး ဘုရားကဟောတာပဲ။ အခုနပြောတာတွေဟာ မဖြစ်နိုင်ဘူး မအောက်မေ့နှင့် သားသမီး မြေးမြစ်တွေအထိ ဖြစ်တယ်။ ရှေးကလည်းဖြစ် တာပဲ။ အခုလည်းလုပ်ကြပါ၊ ဖြစ်မှာပါပဲ။ ဖြစ်တာကလည်း သည်လိုခိုင်းထား ရှိနှင့် လိုတာ ဘယ်ဟာမှမဖြစ်ဘူး။ အခု ဒကာကြီး ဒကာမကြီးတွေဟာကလေး တွေကို ကျောင်းအပ်တယ်။ စာအံခိုင်းတယ်။ စာအံခိုင်းတာတောင်မှ အနား နားမှာ အံလို့ ပြောရတယ်ဗျ။ ဟုတ်ကဲ့လား။ အနား နားအံတာတောင်မှ နားနားပြီး မော့မော့နေ လို့ ဆို ရသေး ရိုက်ရသေးတယ် မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား)

အေး အဲဒါကြောင့် သူတို့စာကျက်တာဗျ။ အခုလည်းပဲ ဒါမျိုးမှတ်ရ တယ်။ သည်တော့ အခုတွင်ကလို အပါယ်မရောက်ချင်ဘူးဆိုရင် ဘယ်လိုတုန်း၊ နေရင် အပါယ်မရောက်ဘူး။ မနေရင်တော့ သေသေချာချာရောက်မှာပဲ။ ဒါ တွေဟာ ရပြီးသားဆိုတော့ အမှတ်ရလွယ်ပါတယ်ဗျာ့။ ဒါကြောင့် သေသေ ချာချာ ဖြည့်ကြ။ သူများပြောတာက တော်အောင်ပြောနေကြတာ။ အခု

ဒကာကြီးတို့ ပြောကြတယ်မဟုတ်လား၊ ကျောင်းဒကာကြီး။ သီလရှိတယ်၊ သမာဓိရှိတယ်နှင့် မပြောကြဘူးလား။ (ပြောပါတယ်ဘုရား။)

အေး ဘယ်သူဘာပြောပြော အခုလိုနေရင် အခုလည်းကောင်းတယ်၊ နောင်လည်းကောင်းတယ်။ မနေရင် ဘယ်တော့မှမကောင်းဘူး။အောက်ရောက်မှာချည်းပဲ။ ဒါ ဖြောင့်ဖြောင့်မဟုတ်လား။ (ဖြောင့်ဖြောင့်ပါဘုရား)။

ဒါသာ မှတ်ထားကြဗျ။ သူများအားကိုးလို့ မဖြစ်ဘူးဗျ။ ငါသိပါတယ်ဆိုရင် သည်အတိုင်းလုပ်ကြ။ သိပါတယ်ဆိုပြီး အလုပ်မလုပ်ဘဲနေရင် သည်လူကြီးဟာ ဘယ်နှယ်လဲ၊ ဘယ်ရောက်မှာလဲ။ (အပါယ်ရောက်မှာပါဘုရား။)

အဲဒါ ဖြောင့်ဖြောင့်ပဲဗျ။ အေး ဒါကြောင့် အခုနလိုသွားကြ။ ကိုယ့်အတွက် သည်လိုထူထောင်ပြီးယူကြ။ ဒါပဲ တတ်နိုင်တာပဲ။ ဘုရားရှင်လည်း အခုလိုပဲ ညွှန်ကြားဆုံးမတော်မူမှာပဲ။ လုပ်ပါလို့မပြောဘူးဗျ။(မပြောပါဘူး ဘုရား)

ဥပမာ အခုလို ပြောပါတယ်ဗျ။ တို့က ရေသောက်ချင်လိုက်တာလို့ ပြောတယ်။ သည်တော့ ဒကာကြီးများက သည်ရဟန်းသနားပါတယ်။ ရေသောက်ချင်ရှာလှပြီ။ သူလည်းမသောက်ဘူး။ သည်တော့ ငါတို့ကသောက်ပေးပါ့မယ်ဆိုပြီး သောက်ပေးရင် ဒီရဟန်း* ရေသောက်ချင်တာ ပျောက်မလား။ (မပျောက်ပါဘူးဘုရား။ သောက်တဲ့လူသာ ဝမှာပဲဘုရား။)

အေး မဖြစ်ဘူးဗျာ့။ သည်လိုလုပ်မယ်ဆိုရင် အခုနလို ပျင်းနေတယ်ဆိုရင် သာသာပျင်းချင်ပျင်းကြဆိုပြီး ဘုရားရှင်က ဝီရိယတွေအများကြီးရှိတာ၊ သည်ကောင်ချည်းပဲ လုပ်ပေးမယ်ဆိုပြီး လုပ်ပေးမှာပေါ့။ သည်လိုလုပ်လို့ မဖြစ်ဘူးဗျ။ ဒါကြောင့် ဝီရိယတွေနှင့် သည်လိုဆောင်ကြဗျ။ လွယ်လိုက်တာဗျာ။ အခုအချိန်အခါထက်လွယ်တာ မရှိပါဘူးဗျ။ ဒါကြောင့် ကိုယ်တွင်မက အကုန်လုံးကို သည်လိုဖြစ်ပါတယ်ဗျ။ ဆောင်ရမည်ဆိုတာမှာလည်း မမေ့မလျော့ဘဲ အပ္ပမာဒ တရားဆိုတာ သည်ရုပ်နှင့် သည်နာမ်ကို လိုလားတော့ တစ်သိတည်းသိနေရင် ဒါမမေ့တာဘဲဗျ။ ဝိဇ္ဇာဆိုတာ သည်လိုထားရင်၊ ရုပ်နှင့်နာမ်ကိုသိနေရင် ဒါ ဝိဇ္ဇာခေါ်တာပဲ့။ သည်တော့ ကိုယ်လိုချင် နှစ်သက်တဲ့ ဗောဓိဟာ မှန်းထားတဲ့အတိုင်း ကြီးတာပဲဗျ။ ဒါကြောင့် ရှေးအရှင်တွေကဲ့သို့ အအားအနားမထားဘဲ ထူထောင်ကြ၊ ဆောင်ယူကြဗျား။

# အပ္ပမာဒေန သမ္ပာဒေထ

"လိုတာကိုသိလို့ ဖြည့်လိုက်ရင် ပြည့်သာပဲမဟုတ်လား။ လိုတာကိုသိရင် မလိုအောင်ဖြည့်ဖို့ရာက မခက်ပါဘူးဗျာ။ ပြည့်အောင်သာ ဖြည့်ကြဗျား။ ပြည့်အောင်ဖြည့်ပြီဆိုရင် ပြီးပါလိမ့်မယ်ဗျား"

(ဤတရားတော်ကို ဝေဘူဆရာတော်ဘုရားကြီးသည် ၁၉၅၅ခု၊ မေလ ၁၃ ရက်နေ့ညဥ့် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံတွင် ဟောကြားတော်မူသည်။ ဆရာတော်ဘုရားကြီးသည်ယခုတရားဘွင် ဝိပဿနာကမ္မဋ္ဌာန်း ကျင့်ကြံအားထုတ်နည်းကို အဓိကထား၍ ဟောကြားတော်မူပါသည်။ နှာသီးဖျားတွင် စိရိယနှင့် ထူထောင်ပြီး ထားမည်ဆိုလျှင် ဘုရားဟော ပိဋကတ်သုံးဖြာ အကုန်လုံးပါဝင်မည် ဖြစ်ကြောင်း၊ ထို့ သိကို တစ်ဆက်တည်းမှတ်နေလျှင် စိုးရိမ်ကြောင့်ကြ ပူပန်မှုမရှိ၊ နာရမည်ကိုလည်းမကြောက်၊ သေရမည်ကိုလည်း မကြောက်၊ အပါယ်သို့လည်း မကျနိုင်ပုံများကို ပမာဆောင်၍ ဟောတော်မူပါသည်။)

ဝေဘူဆရာတော်အရှင်မြတ်သည် ပထမရှေးဦးစွာ ရှစ်ပါးသီလပေးပြီး နောက် အောက်ပါအတိုင်း တရားတော်ကို ချီးမြှင့်ပါသည်။

တရားနာခံအုပြစ် ဦးလှက ဆောင်ရွက်သည်

မေး။ ။နေရာလပ်ပြီး တိုးမှာလား။
ဖြေ။ ။တစ်ဆက်တည်း တိုးမှာပါဘုရား။

မေး။ ။တစ်ယောက်တစ်မျိုးလုပ်မှာလား။
ဖြေ။ ။တစ်ယောက်တစ်မျိုး မဟုတ်ပါဘူးဘုရား။ ရှေးအရှင်ကောင်းများ ကတော့ တပည့်တော်တို့လို နားနားမနေပါဘူးဘုရား။

မေး။ ။ဒကာကြီးကို ဘယ်သူက နားတယ်လို့ပြောသလဲ။
ဖြေ။ ။တပည့်တော်တို့က နားနားနေတော့ အရှင်ဘုရား ဟောလိုက်တာနှင့် လာကိုက်နေလို့ လျှောက်တာပါဘုရား။

ဘယ်သူမှ သူ့ကို နားတယ်လို့ မပြောဘူးဗျ။ အေး သည်တော့ ဘယ့်နှယ်လဲဆိုရင် မအားနိုင်ဘူးဗျ။ မျက်မှောက် ကြည်ညိုရတယ်ဆိုပြီးတော့ ဘုရားထံမှောက်ကိုရောက်တော့ အတုအတူမရှိတဲ့ ဘုရားရှင် အသရေတော်ကို ဖူးရတွေ့ရတဲ့အခါကျတော့ ဤမျှမကသေးဘူးကိုးဗျ။ တစ်ခါတည်းပဲ မပြောင်းချင်၊ မရွေ့ချင်အောင်တဲ့ဗျ။ အဲသည်လိုတဲ့ဗျ။ သည်အခါကျတော့မှ ဘုရားရှင်သည် သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် လျှော်တဲ့အချိန်မှာ ဆင်းရဲမှ လွတ်မှုကို ညွှန်ကြားဆုံးမပြီးတဲ့အခါကျတော့ အဲသည်မှာ အကုန်လုံး မှန်းထား၊ ရည်ရွယ်ထားတဲ့အတိုင်းတွေဟာ ခဏ ·တစ်မဟုတ်ချင်း ပြီးကြတာတဲ့ဗျ။ အဲဒါ ဘာကြောင့်လဲဆိုရင် သန့်ပြန့်စင်ကြယ်ပြီးသား ကတော့ကိုး ဘယ်လိုများ ပြုရသလဲဆိုရင် သန့်ပြန့်စင်ကြယ်နေတာ တစ်ဝက်ဗျ။

မေး။ ။အညစ်အကြေး မရှိတဲ့ အဝတ်များဟာ ကိုယ်အလိုရှိတဲ့ အသွေးအရောင် အဆင်းဆိုတာ ဘယ်သင်းများလဲဗျ။
ဖြေ။ ။အနီ၊ အဝါ၊ အညိုကြီးပါပဲ ဘုရား။

မေး။ ။အဲဒီလို အများကြီးမှာ ကိုယ်နှစ်သက်တဲ့ အသွေးအရောင်ကို အညစ်အကြေးမရှိတဲ့၊ သန့်ပြန့်စင်ကြယ်နေတဲ့ အဝတ်ကို ဆိုးမယ်ဆိုရင် ဘယ့်နှယ်တုန်းဗျ။
ဖြေ။ ။အဝတ်ဖြူနေရင် ကိုယ်လိုချင်တဲ့ အသွေးအရောင် ဆိုးလို့ရပါတယ်ဘုရား။

မေး။ ။အခုဆိုး ဘယ့်နှယ်လဲ။
ဖြေ။ ။ချက်ချင်း အရောင်ရပါတယ်ဘုရား။

မေး။ ။အေးအဲဒီလိုပဲတဲ့ဗျ။ သန့်ပြန့်စင်ကြယ်နေတော့ သည်လိုဖြစ်တာတဲ့ဗျ။ တို့ ဟိုထမင်းဟင်းချက်ရာမှာ ဟိုဟာကိုဖြင့်လည်း လက်နှင့်ချိပြီးကိုင်၊ သည်ဟာကိုဖြင့် လက်နှင့် ချိပြီးကိုင်ဆိုတာ အဲဒီအာတ်က ဘာလဲဗျ။

ဖြေ။ ။လက်နှီးစုတ်လို့ ခေါ်ပါတယ်ဘုရား။

မေး။ ။အေး အဲဒီလက်နှီးစုတ်ကို ယခုနလို ကိုယ်နှစ်သက်တဲ့ အသွေးအရောင် ဆိုးရင် ဘယ့်နှယ်လဲ။

ဖြေ။ ။အဝါရောင်ဆိုးလို့လဲ မရဘူး ဘုရား။

မေး။ ။ဘာဖြစ်လို့လဲ။

ဖြေ။ ။အစကတည်းကိုက ညစ်နေတော့ အဝါရောင်ပေါ်မယ် မဟုတ်ပါဘူး ဘုရား။

မေး။ ။သည့်ပြင်အသွေးကောဗျ။ အနီရောင်ကောဗျ။

ဖြေ။ ။အနီလည်း ပေါ်မှာ မဟုတ်ပါဘူး ဘုရား။

မေး။ ။အပြာကောဗျ။

ဖြေ။ ။အပြာလည်းပေါ်မှာ မဟုတ်ပါဘူးဘုရား။

မေး။ ။အနက်ကောဗျ။

ဖြေ။ ။အနက်တော့ဖြင့် ထပ်ဟူထပ်မျှ ပိုမိုပြီးနက်မယ်လို့ထင်ပါတယ်ဘုရား။

မေး။ ။အစိမ်းကောဗျ။

ဖြေ။ ။အစိမ်းလည်း ပေါ်မယ် မဟုတ်ပါဘူးဘုရား။

မေး။ ။ဘယ်လိုကြောင့်လဲဗျ။

ဖြေ။ ။အောက်ခံကိုက ပေါ်းညစ်နေလို့ပါဘုရား။

မေး။ ။အဲသည်အဝတ်ကို ကိုယ်ကြိုက်နှစ်သက်တဲ့ အသွေးအရောင်ကလေး ဆိုးချင်တယ်ဆိုရင် သည်အတိုင်းတိုင်း ဆိုးလို့ရမလား။

ဖြေ။ ။မရပါဘူးဘုရား။

မေး။ ။ဘယ့်နှယ်ပြုရမလဲ။

ဖြေ။ ။ဆပ်ပြာနှင့်ဘာနှင့် တကယ့်ကို ဖြူသွားအောင် ပွတ်ပစ်ရမှာပါ ဘုရား။

မေး။ ။အဲသည်လို လျှော်လိုက် ဖွတ်လိုက်ရင် ယခုန ပြောသလို သန့်ပြန့်စင်ကြယ်ပြီးဖြူဖွေးမယ်မဟုတ်လား။ ဖြူဖွေးလာမယ်မဟုတ်လား။ အဲဒီလို ထပ်ဟူထပ်မျှ ဖြူဖွေးလာတဲ့အခါကျတော့ ကိုယ်လိုချင်တဲ့ အသွေးအရောင်ဆိုးလို့ မရလာဘူးလားဗျ။

ဖြေ။ ။ရပါတယ်ဘုရား။

ယခုလည်း ဘုရားဆုံးမတဲ့ အဆုံးအမကို လိုက်နာပြီဆိုတော့ သန့်ပြန့်စင်ကြယ်ကြတယ်။ ဘုရားရှင်ကို ကြည်ညိုပြီးနေတဲ့အခါမှာ အဲဒီလို ကြည်ညို

လို့ တည်တဲ့အခါမှာ ဘုရားရှင်သည် သဗ္ဗညုတ ရွှေဉာဏ်ရှင်ဖြစ်သောကြောင့် အဲသည်အချိန်မှာ ဆုံးမတော်မူတာကိုးဗျ။ အဲဒါကြောင့် ချမ်းသာသုခ ရကြတယ်။ ရကြတော့ စိတ်နှလုံး အလိုပြီးတာ သိတော့ ဝမ်းသာတာပေါ့လေ။ အဲဒီတော့ ငါတို့မှာတော့ ချမ်းသာသုခတွေ ရပြီးပြီ။ အားလုံးကိုလည်း ထပ်တူထပ်မျှ များစွာသော လူနတ်ဗြဟ္မာတွေကိုလည်း ရစေချင်တယ်။ ရအောင်ပြုမယ်ဆိုတော့ ရအောင်ကလည်း လုပ်တတ်တာကိုး။ သိတာကိုး။ ဘယ်နှယ်ပြုသလဲဆိုတော့ ဘုရားသာသနာ တည်ပြီ ဆိုမှ ဖြင့် တည်တည်ကြောင်းကို ဘယ်လို ပြုရမလဲဆိုတာ ကျောင်း သင်္ကန်း ဆွမ်း ဆေးနှင့် အဲဒီလိုဟာတွေနှင့် ပြုရမယ်ဆိုတာ သိတယ်။ သိတော့မှ ခဏာဘစ်မဟုတ်ချင်း မြင်တာပေါ့ဗျ။ သိတော့မှ ယခုထန်းတော ဥယျာဉ်တက်သာတဲ့ ဝေဠုဝန်ဥယျာဉ်ကြီးကို ဘုရားရှင်အား ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်ပြုပြီး အမြတ်ဆုံးကို ပူဇော်သတဲ့ဗျ။ ပူဇော်တော့ သည်နေရာဥ္စပင်လျှင် သီတင်းသုံးတော်မူတယ်။ သီတင်းသုံးတော်မူတဲ့အခါကျတော့ လူရော၊ နတ်ရော အားလုံးတို့ဟာ ဘုရားရှင်ထံမှောက်မှာ မရှိတဲ့အချိန်ရယ်လို့ ရှိသလားဗျ။ (မရှိပါဘူးဘုရား)။

မေး။ ။အဲဒီလို ရောက်ကြတဲ့ လူနတ်ပြဟ္မာတွေဟာ တောင့်တတဲ့အတိုင်း စိတ်နှလုံး အလိုမပြီးတာများ ရှိသလားဗျ။

ဖြေ။ ။အကုန်းလုံး ပြီးပါတယ်ဘုရား။

မေး။ ။အဲဒီလို အချိန်တိုင်း အချိန်တိုင်းမှာ များစွာသော လူနတ်ပြဟ္မာတို့၏ အစီးအပွားများတာကို မြင်တော့မှ ယခုနလိုရာဇဂြိုဟ်ပြည်ကြီးရဲ့ အရှင်သခင် ဘုရင် ဗိမ္ဗိသာရမင်းကြီးဟာ ဘယ့်နှယ်လဲ။ တော်လောက်ပြီဆိုပြီးတော့ အားရမှာလား။

ဖြေ။ ။အားမရ မတင်းတိမ်နိုင်ပါဘူး ဘုရား။

မေး။ ။သည်လောက်တွင် မဟုတ်ဘူး။ သည့်ထက်ကိုးရဦးမယ်ဆိုပြီး တောက်လျှောက်ကြီး တိုးတာပဲတဲ့ဗျ။ ဟုတ်ကဲ့လားဗျ။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

မေး။ ။တိုးလေလေ ဘယ့်နှယ်လဲ အားလုံးတို့ကလည်း မှန်းသလောက် ပကဘဲ တိုးတိုးသွားတော့တာပဲဗျ။ အဲဒါ တစ်ပုံးကလေးလောက်ကလည်းက သည်လိုပြုတာလားဗျ။ များလိုက်တဲ့ အစီးအပွားတွေဟာ အခါတွေ အကုန်လုံးရတာတဲ့ဗျ။ (ရပါတယ်ဘုရား)။

## ထပ်တူထပ်မျှရစေချင်

ဒါဟာ အချိန်ဘဝ ကောင်းကြပြီဆိုတော့ ပီရိယကောင်းကြတဲ့ လူနတ်ပြဟ္မာအပေါင်းတို့ဟာလည်း အဲဒီလို တစ်ခါလောက် နေရာကျလိုက်ရင် အစီး

အပွားများ လိုက်ပြီဆိုရင် သူတော်ကောင်းအသီးသီးတို့ဟာ ကိုယ်တင်မျှမက အားလုံးတို့ကို ထပ်တူညီမျှ မျှားစေချင်ပြီးတော့ အားရှိသလောက် တသိတတန်းကြီး အကုန်ဆောင်ကြတော့တာပဲဗျ။ အဲဒီလို ဆောင်ရွက်ကြတာချည့်ပဲလို့ ရွက်ဆောင်ပြီးပြီဆိုမှဖြင့် အကုန်လုံးကိုတော့ ထပ်တူထပ်မျှ အသီးသီးတို့ဟာ အစီးအပွားရကြပြီဆိုတော့ အေးအေးနေတာ မဟုတ်ဘူး။ အားလုံးတို့ကို ထပ်တူထပ်မျှ ရစေချင်တယ်။ ရစေချင်ပြီးတော့ ရလောက်အောင် အစဉ်လိုက်နာအောင် ဆိုပြီးတော့ ဘုရားဆုံးမတာတော့ သိထားတယ်။ သိထားပြီးတော့ လိုက်နာကြရမယ်။ လိုက်နာရမှာ။ ဘယ်လို လိုက်နာရမှာလဲဆိုရင် မေးမနေရဘူး။ သည်အရှင်မြတ်တွေဟာ တစ်ခါတည်း ဆုံးမတဲ့အတိုင်းဟာ လိုက်နာပြီးတော့ ကိုယ်နှင့်နှုတ်နှင့် စိတ်နှင့်တွေပြီးတော့ အဲဒီလိုဖြစ်တာကိုးဗျ။ အဆုံးအမ ရကြတဲ့ အရှင်ဘော့က ဤကဲ့သို့ ကိုယ်နှုတ်ဝိရိယတို့ဟာ ရှေးကသွားတဲ့ အရှင်တွေ မြင်ရတော့လိုက်တာပေါ့ဗျ။ အဲဒီလိုဆိုတော့ ရှင်သာရိပုတ္တရာထံ ရောက်တဲ့အရှင်တွေကလည်း ရှင်သာရိပုတ္တရာနှင့်အတူတူ ရှင်မဟာမောဂ္ဂလာန်ထံရောက်တဲ့ အရှင်တွေကလည်း ရှင်မောဂ္ဂလာန်နှင့်အတူတူ နေရာကျတာပဲဗျ။ ရှင်မဟာကဿပထံ ရောက်ကြတော့လည်း အတူတူ နေရာကျပါသတဲ့ဗျ။ ညီတော် ရှင်အာနန္ဒာဆီ ရောက်ရင်ကောဗျာ။

ဖြေ။ ။သည်အတိုင်းပါပဲဘုရား။

အကုန်လုံးဗျ။ သူတို့ဟာ မြင်ရလို့ရှိရင် အားမရနိုင်သေးဘူးတဲ့ဗျ။ အဲဒါ အတုခိုးပြီး လိုက်ကြဟာဗျ။ အမှန်ကိုးဗျ။ တို့ဥပါသကာ-ဥပါသိကာ ဖြစ်တဲ့ အနာထပိဏ်တို့ထံ ရောက်တော့ကော။

ဖြေ။ ။သည့်အတိုင်းတိုင်းပါပဲဘုရား။

မေး။ ။ဝိသာခါ ဒကာမကြီးထံ ရောက်ပြန်တော့ကော။

ဖြေ။ ။သည်လိုပြီးမြောက်တာပဲဘုရား။

မေး။ ။ဝိသာခါ ဒကာမကြီးဟာ ကိုယ်ရောနှုတ်ရော စိတ်ရော ဘုရားဆုံးမတဲ့ အဆုံးအမရပြီး အကုန်တည်နေတာကိုးဗျ။ သူ့အချိန်ဟာ ဘယ်အခါမှာ အအားအနား ရှိသေးသလဲ။

ဖြေ။ ။အအား အနား မထားပါဘူး ဘုရား။

မေး။ ။ဘုရားသခင်ကို လေးစားကြည်ညိုနေပြီး နေတာဗျ။ အဲဒီလိုကြည်ညိုပြီးနေတော့ သူ့မှာ အချိန်တိုင်းအချိန်တိုင်း ရတနာသုံးပါးရဲ့အမှုကိစ္စကိုမပြုတဲ့ အချိန်ရယ်လို့ ရှိရဲ့လားဗျ။

ဖြေ။ ။မရှိပါဘူးဘုရား။

မေး။ ။စိတ်ကလည်း အဲဒီလိုပြုရင်းနေတာဗျ။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

မေး။ ။နှုတ်ကကော။

ဖြေ။ ။နှုတ်ကလည်း ဖြူစင်ဖြောင့်မတ်နေပါတယ် ဘုရား။

မေး။ ။ရတနာသုံးပါးရဲ့ အမှုကိစ္စကို စိတ်ကလည်း စီစဉ်နေတော့တာပဲ။ နှုတ်ကကောဗျာ။

ဖြေ။ ။နှုတ်ကလည်း ဖြောင့်မတ်စွာ ပြောဆိုနေပါတယ်ဘုရား။

အဲသည်တော့ အကုန်လုံးကြည့်လိုက်ရသည်ရှိသော် ဘယ်နည်းဖြစ်သလဲ ဆိုရင် အားလုံးတို့ဟာ ရပ်နေတုန်းကြည့်လည်း အားမရပါဘူးတဲ့ဗျ။ ဘယ်လို အားမရသလဲဆိုတော့ တို့အရှင် သခင်မကြီးဟာ သည်လိုမတ်တတ်ရပ်ပြီး နေပါစေတော့တဲ့။ ကြည့်ကောင်းလို့တဲ့။ ကြည့်ကောင်းမှာပေါ့။ သူရပ်နေရင်းလည်း ဘုရားဆုံးမတဲ့ အဆုံးအမတို့ကို မလွှတ်ဘူးဗျ။ (ဟုတ်ပါတယ်ဘုရား)။

မေး။ ။ယခုန ဒကာကြီး ဒကာမကြီး ထားဆိုတော့ ထားလိုက်ကြတယ် မဟုတ်လား။

ဖြေ။ ။ထားလိုက်ပါတယ်ဘုရား။

မေး။ ။ထားလိုက်တော့ နေတာမဟုတ်လား။

ဖြေ။ ။နေပါတယ်ဘုရား။

အဲ့ဒီ အနေကလေးကို မလွှတ်ရဘူးတဲ့ဗျ။ (တင်ပါ့ဘုရား)

အဲ့ဒီလိုမလွှတ်လို့ သာသာကလေးထိုင်နေဖို့ မဟုတ်ဘူး။ ဘုရားရှင်သာသနာ တည်ရတည်ကြောင်းဖြစ်တဲ့၊ နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ်ဖြစ်တဲ့ သူကတစ်ဦးတည်းပြုမယ်ဆိုပြီး ပြုတာဗျ၊ သည်တော့ စိတ်ကလည်း သည်လိုဆောက်တည်ထားပြီး အဲဒါတွေကို ပြုနေတာဖြစ်တော့ ယခုနဟာကလေး ပါရက်ပဲဗျ။ မတ်တတ်ရပ်လည်း သည်အတိုင်းတိုင်း ရှိတာမဟုတ်ဘူး။ ယခုနပြောတဲ့ ရတနာသုံးပါးအမှုကိစ္စတွေကို ဆောင်ဖို့ရာရပ်တာဗျ။ မတ်တတ်ရပ်ပြီး ဆောင်တာဗျ။ သည်တော့ ဟိုဟာလည်းပါ သည်ဟာပြုဆိုတော့ ပြုံးရွှင်ကြည်ပြီးနေတော့ ဘယ့်နှယ်နေလိမ့်မလဲ။ (ပျော်နေမှာပဲဘုရား)

မေး။ ။ဘေးနားက ကြည့်တဲ့လူကရော။

ဖြေ။ ။ဘေးနားက ကြည်နေတဲ့လူကလည်း အားရတင်းတိမ်ခြင်း မရှိပါဘူး ဘုရား။

အေး၊ အဲဒါကြောင့် တို့အရှင်သခင်မကြီးဟာ မတ်တတ်ရပ်နေတာ သည်လိုသာ ရပ်နေပါစေလို့ ပြောတာဗျ။ လမ်းသွားနေရင်လည်း တို့အရှင်

သခင်မကြီး သည်လိုသာ ထသွားတည်း သွားနေပါစေတဲ့ဗျ။ အဲဒါကို ကြည့်လို့ကောင်းလို့တဲ့ဗျ။ သူ့ကျေးကျွန်တွေနှင့် အကုန်လုံး စီမံခန့်ခွဲတဲ့အခါမှာ အသံကြားလိုက်တဲ့အခါမှာလည်း သည်လိုသာ တခေါ်တည်း ခေါ်နေပါစေတဲ့၊ ခိုင်းတဲ့နေရာမှာလည်း ငါ့ကိုသာပဲ တစ်ခါတည်း ခိုင်းနေပါစေတဲ့။ သည်လို စိတ်ဖြစ်နေတော့ ခိုင်းတဲ့နေရာမှာ မလုပ်ဘဲနေမှာလား။

ဖြေ။ ။အင်မတန် အားရဝမ်းသာနှင့် လုပ်မှာပါဘုရား။ သူတို့က ခိုင်းဖို့တောင် မျှော်နေမှာပဲဘုရား။

မေး။ ။ခိုင်းလိုက်တဲ့အခါကျတော့ လုပ်ချင်နေတဲ့လူကို ခိုင်းတော့ ဘယ့်နှယ်လဲ။

ဖြေ။ ။အင်မတန်ပြီးမြောက်အောင် အားရဝမ်းသာနှင့် လုပ်မှာပါပဲဘုရား။

မေး။ ။သူတို့ တတ်သလောက် ချန်ထားဦးမလား။

ဖြေ။ ။မချန်ပါဘူးဘုရား။

သူတို့လည်း မတတ်တာ ဘယ်ရှိမှာ မဟုတ်ပါဘူး။ အဲသည်တော့ ဘုရားရှင်လည်းကြည်ညို၊ ဝိသာခါ ဒကာမကြီးတို့လည်း လေးစားကြည်ညိုစွာနှင့်လုပ်ကြတော့ သူတို့မှာ ဘယ့်နှယ်လဲ ပန်းမှု၊ နွမ်းမှု ရှိပါဦးမလား။

ဖြေ။ ။မရှိပါဘူးဘုရား။

မေး။ ။ဘုရားရှင်ကြည်ညိုတာကတစ်မျိုး၊ ပြီးတော့ အနှစ်သာရနှင့်ပြည့်စုံတဲ့လိုက်နာလို့ တိုးတက်တဲ့ဟာက တစ်မျိုးဆိုတော့ ဘယ့်နှယ်နေမလဲ။

ဖြေ။ ။အင်မတန် ပြီးမြောက်သွားမှာပါဘုရား။

အဲသည်လို တပျော်တည်း ပျော်နေတာတဲ့ဗျ။ သူတို့မှာတော့ အကုန်လုံးဟာ မရပ်ပါစေနှင့်၊ သည်အတိုင်းပဲနေပါစေ၊ ငွေငွေစောင်းစောင်းနေရင်လည်း ငွေငွေစောင်းစောင်းကလေးပဲ အားမရနိုင်ဘူးတဲ့ဗျ။ ခိုင်းနေပြန်လည်း တစ်ခိုင်းတည်းခိုင်းနေပါစေတဲ့။ခေါ်ပြန်လည်း တခေါ်တည်းခေါ်နေပါစေ။ ရပ်သွားမှာကိုပဲစိုးရိမ်နေသတဲ့ဗျ။ဘာကြောင့်သည်လိုဖြစ်သလဲဆိုရင် သူကကိုယ်ကောင်းစိတ်ကောင်း၊ နှုတ်ကောင်း ဖြစ်နေတာကိုးဗျ၊ ပြီးတော့လည်း ဘုရားရှင်ကိုလည်း အကုန်လုံး ပူဇော်လိုတဲ့စိတ်၊ သူတို့တစ်တွေလည်း ထပ်တူညီမျှခြင်း ထားစေချင်တဲ့စိတ်တွေနဲ့ကိုး။ သူ့ဟာက ပြောလို့မကုန်နိုင်ဘူးတဲ့ဗျ။ သည်တော့သူတို့ဟာ ဘယ်တော့မှ အားမရနိုင်ဘူးတဲ့ဗျ။ အနာထပိဏ်တို့လည်း သည်လိုပဲတဲ့ဗျ။ အရှင်မြတ်တွေဖြစ်ကြတဲ့ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့ကလည်း အခုလိုပဲ ဘုရားရှင်ကို ကြည်ညိုလေးစားပြီး လိုက်နာလိုက်ကြတာ ဘာမှမချို့ယွင်းဘူးတဲ့ဗျ။ ပြီးတော့လည်း သူတို့နှင့် ထပ်တူညီမျှ အားလုံးကိုရချင်တယ်။ သည်တော့ ဘယ်တော့မှ အားမရ မရောင့်ရဲနိုင်ဘူးတဲ့ဗျ။ ပြုလိုက်တာဟူသရွေ့ကလည်း လူရောနတ်ရော အကုန်လုံး သဘောကျချည့်ပဲတဲ့ဗျ။ ညီတော်

အာနန္ဒာတို့များ ဘုရားအနားမှာ အလုပ်အကျွေးအဖြစ်နှင့် အကုန်လုံး ဘုရားရဲ့ အမှုကိစ္စတွေကိုလုပ်တယ်။ ဘုရားရဲ့ အမှုကိစ္စတွေဆိုတာက ဘုရားရှင်ကို အမျိုးမျိုး အဖြာဖြာ မြတ်နိုးပြီးပြုတာ။ ဘုရားရှင်ထံမှောက်သို့ ရောက်လာကြတဲ့ အားလုံးသော လူတွေ၊ အရှင်တွေ၊ နတ်တွေ၊ ဗြဟ္မာတွေ အကုန်လုံး သဘောကျချည်းပဲပြုရတယ်။ ဒါတွေကို အကုန်လုံး သူပြုတတ်တယ်။ ပြောပုံ၊ ဆိုပုံ၊ ထားပုံ၊ သိုပုံ၊ ထိုင်ပုံ အကုန်လုံးပေါ့ဗျာ။ ဘာကြောင့်လဲဆိုရင် ချမ်းသာ သုခတွေ ရစေချင်တာကိုးဗျ။ ဘုရားရှင်အပေါ်မှာလည်း ချစ်ခင်လေးစားကြည်ညိုတာမှာ သူ့လိုဟာ ဘယ်သူမှ မရှိဘူးတဲ့ဗျ။ အာနန္ဒာအပြင် မရှိဘူးတဲ့ဗျ။ ပြီးတော့ ဌာနာဋ္ဌာနကောသလ္လဉာဏ်ကလည်း ရှိတယ်။ နေပုံ ထိုင်ပုံကလည်း ဘုရားအနားတော်မှာနေပြီး လုပ်ရတာ ကိုင်ရတာကိုပဲ နှစ်သက်လိုက်တာတဲ့ဗျ။ ပြီးတော့ ဘုရားအနားတော်မှာလည်း လူတွေ နတ်တွေ ဗြဟ္မာတွေ အစားစား ပရိသတ်တွေ ရှိတယ်။ အဲဒါ သူ တစ်ခွန်းပြောလိုက်ရင် အားလုံး လူ နတ် ဗြဟ္မာတွေ အကုန်လုံးက နှစ်သက်တာချည်းပဲဗျ။

ပရိသတ်တွေမှာလည်း အမြင့်အမြတ် အစားစားတွေရှိတယ်။ အဲသည် အစားစားတွေ အားလုံးဟာ တစ်ပြိုင်တည်း သဘောကျတာချည်းပဲဗျ။ သူလုပ်လိုက်တာ သူပြောလိုက်တာ၊ သူစီမံလိုက်တာ အဲသည်ကိစ္စတွေ အားလုံးမှာလည်း သူက သေသေချာချာကို တတ်ပြီးသားချည်ပဲကိုး။ သူ လုပ်လိုက်တာက လည်း ဘုရားရှင်ရဲ့ အလိုတော်ကျချည်းပဲတဲ့ဗျ။ အားလုံး သူတတ်တာချည်းပဲ၊ မတတ်တာမရှိဘူး။ ဘယ်ဟာမှ မဖြစ်ဘူးဆိုတာမရှိဘူး။ အားလုံး တို့ထက်သာတာချည်းပဲဗျ။ ဒါကြောင့် ဘုရားအနားတော်မှာ တေဒဂ်ရပြီးတော့ ဘုရားရှင်ကတောင် ချီးမွမ်းရသေးတာဗျ။ သည့်ပြင် လူ နတ် ဗြဟ္မာတွေက မချီးမွမ်းဘဲ နေပါ့မလား။ မချီးမွမ်းတဲ့ လူ နတ် ဗြဟ္မာရယ်လို့ မရှိဘူးတဲ့ဗျ။ ဘုရားရှင်ကတော့ ဘယ်ဟာမှ အကြွင်းအကျန်မရှိ၊ အတုအတူမရှိပါတဲ့ သဗ္ဗညု အရှင်သခင်ကပင်လျှင် နှစ်သက်တယ်ဆိုတော့ ဘာမှမလိုလို့ နှစ်သက်တာဗျ။ အခု ဒကာ ဒကာမကြီးများ သိထားတယ်ဆိုတာက ဘာမှ ပြောလောက်တာ မဟုတ်ဘူး။ (မပြောလောက်ပါဘူးဘုရား)

တည့်တော့ ဒါလုပ်တယ်ဆိုရင် ဟိုကလို၊ သည်ကလိုဆိုရင် သူများမတည့်တာပဲဗျ။

ဖြေ။ ။တပည့်တော်တို့က ဘာမှ သည်လောက် မသိသေးပါဘူးဘုရား။ နည်းမှန်မှန်ကို မရကြသေးပါဘူးဘုရား။
အခုနလို ဘုရားအလိုတော်ကျသာလုပ်ဗျ။ (တင်ပါ့ဘုရား)
အေး၊ အဲသည်လိုသာ ဆောင်သွားမယ်ဆိုရင် ဖြစ်တာပေါ့ဗျ။ ကိုယ်သိတာကိုပဲ လုပ်ပါဗျ။ မသိတာ နေပါစေ။

လျှောက်။ ။ဘုရားရှင် လက်ထက်တုန်းက ပုထုဇဉ်၊ ဗုဒ္ဓဘာသာ မဖြစ်သေးတဲ့ ပုဂ္ဂိုလ်များကို မည်ကဲ့သို့ တရားစ,ဟောပါသလဲ ဘုရား။

ဘုရားရှင်ထံမှောက် ရောက်ပြီဆိုတော့ ဘုရားရှင်ရဲ့ အသရေတော်ဟာ လူတွေ နတ်တွေ ဗြဟ္မာတွေမှာ မကြည်ညိုတဲ့သူ မရှိဘူးတဲ့ဗျ။ ကြည်ညိုတာမှာလည်း အားကိုးမရနိုင်ဘူးတဲ့ဗျ။တစ်မျိုးခိုင်းရဟာ တစ်မျိုးဆောင်ရတာ မဟုတ်ဘူး။ ကြည်ညိုပြီဆိုမှဖြင့် ဘုရားရှင်ကို ဖူးလို့မှ မရောင့်ရဲနိုင်တာ ဘယ်မှာ ထသွားဦးမလဲ။

ဖြေ။ ။သဒ္ဒါတရား အင်မတန် ပြည့်စုံကြပါတယ်ဘုရား။

မေး ။ဘုရားရှင်က ဘာတဲ့လို့ဆိုရင် ဘယ့်နှယ်လဲ၊ ပလုပ်ချင်တာများ ရှိသေးသလား။

ဖြေ။ ။သေသေချာချာလုပ်မယ့် ဒကာကြီး ဒကာမကြီးတွေပါဘုရား။

ရှေးတုန်းကတော့ ဟုတ်တယ်ဗျ။ တစ်မျိုးလုပ်ရတာ ပဟုတ်ပါဘူး။ အဲသည် တိုင်းတိုင်းလုပ်တာဗျ၊ ပြီးတော့ ဘုရားရှင်ကလည်း ဘာလဲဆိုတော့ အားလုံးဘို့ ယခု ချမ်းသာ နောင်ချမ်းသာအောင် ကိုယ်တော်တိုင် ထိုးထွင်းပြီး သိပါတဲ့အတိုင်း သဗ္ဗညုတဉာဏ်ဖြင့် သည်လို ဆုံးမတာဖြစ်တော့၊ အဲသည်မှာ သည်လို ဖြစ်ကုန်တာပဲဗျ။ တစ်မျိုးလုပ်ရတာ မဟုတ်ပါဘူး။

မေး။ ။အခု ဒကာကြီးများ ဘုရားရှင်ကို ကြည်ညိုလို့တဲ့ပြီဆိုရင် ဘာလုပ်လိုက်လို့ ပြောရသေးသလား။

ဖြေ။ ။မပြောရပါဘူးဘုရား။

မေး။ ။ကဲပါဗျာ။ အဲ့ အဲ့၊ ညှော်သည် ဒကာကြီးအိမ် ရောက်ပြီဆိုပါတော့။ ချစ်ခင်တဲ့ ညှော်သည်ရောက်တော့ ဘာတုန်း၊ ဒကာကြီးက ဘယ့်နှယ်လဲ။

ဖြေ။ ။ကျွေးမွေးညှော်ခံပြီး သူ့အလိုဆန္ဒအတိုင်း အကုန်လုံး ပြည့်ဝသွားအောင် ညှော်ခံပါတယ်ဘုရား။

မေး။ ။မြင်ကတည်းက ဘယ့်နှယ်လဲ။ သူများ အလုပ်ရှုပ်နေရတဲ့ အထဲမှာ သူက လာပြန်ပြီလို့များ စိတ်ကဖြစ်သလား။

ဖြေ။ ။သည်လို မဖြစ်ပါဘူးဘုရား။ အားရဝမ်းသာနှင့် အလုပ်တွေ ချထားပြီး သူ့ရဲ့ အလိုဆန္ဒပြည့်အောင် ဖြည့်ရမှာပဲ ဘုရား။

မေး။ ။အိပ်မှာရှိတဲ့ အခင်းအကျင်းတွေကတော့ကော ဘယ်လိုလဲ။

ဖြေ။ ။အိမ်မှာရှိတဲ့ အကောင်းဆုံးဟာတွေနှင့် ခင်းကျင်းပြီး ပြုစုမှာပဲ ဘုရား။

မေး။ ။စားဖို့ သောက်ဖို့ရောဗျ။ ချန်ထားဦးမှာလား။

ဖြေ။ ။မချန်ပါဘူး ဘုရား။ ရှိတဲ့ဟာ အကုန်ကျွေးမှာပါဘုရား။

မေး။ ။အိမ်မှာမရှိတဲ့ဟာကော ဘယ့်နှယ်လဲ။
ဖြေ။ ။အိမ်မှာမရှိဘူးဆိုရင် တခြားက ဝယ်ပေးမှာပါဘုရား။
မေး။ ။အိမ်မှာမရှိတဲ့ဟာကို ဧည့်သည်က သိမလား။
ဖြေ။ ။မသိပါဘူးဘုရား။
မေး။ ။အိမ်မှာဟင်းက ဘယ်ဟာအကောင်းဆုံးရှိတယ်၊ ဘာရှိတယ်၊ ညာ ရှိတယ်ဆိုတာကို ဧည့်သည်က သိပါ့မလား။
ဖြေ။ ။မသိပါဘူးဘုရား။
မေး။ ။သည်တော့ သူမှ မသိဘဲနှင့်၊ ဘာနှင့်ပဲ နေပေစေလို့ဆိုပြီး ထား မလား။
ဖြေ။ ။မထားပါဘူးဘုရား။ အင်မတန်ချစ်ခင်လို့ အင်မတန် ပြုစုနေချင်တဲ့ အခါပါဘုရား။
မေး။ ။သည်တော့ ဘယ့်နှယ်လဲ၊ သိမ်းထားတဲ့ အကောင်းဆုံးတွေ အကုန် ထုတ်ပြီး ဘယ့်နှယ်လုပ်မှာလဲ။
ဖြေ။ ။သိမ်းထားတဲ့အကောင်းဆုံးတွေအကုန်ထုတ်ပြီး တည်ပါတယ် ဘုရား။
မေး။ ။သူက အဲဒါရှိတယ်၊ အဲဒါယူခဲ့လို့ ပြောမလား။
ဖြေ။ ။မပြောပါဘူးဘုရား။
မေး။ ။ပြောမှမပြောဘဲ။ ကိုယ်မစားဘဲ။ကိုယ်မခင်းဘဲ သိမ်းထားတဲ့ဟာကို ဘာကြောင့်ထုတ်ပြီးတော့ တည်ရသလဲ။
ဖြေ။ ။မိမိစိတ်ကိုက အင်မတန်ကြည်ညိုတဲ့ သဒ္ဓါတရား ဖြစ်နေပါတယ် ဘုရား။
မေး။ ။သူက မိတ်ဆွေရယ်၊ ဘာကဒလးတော့ မရှိဘူးလားလို့ ဆိုလိုက်ရင် ဘယ့်နှယ်လဲ။ မတည့်သွားမှာလား။
ဖြေ။ ။အင်မတန်တည့်ပါတယ်ဘုရား။
မေး။ ။တည့်ပြီးတော့ကော ဘယ်နှယ်လဲ။
ဖြေ။ ။ဝမ်းသာအားရနဲ့ မရရအောင် ရှာပြီး ကျွေးမွေးမှာပါပဲဘုရား။

အေး၊ အဲသည်လိုဗျ။ ဘုရားရှင်ထံမှောက်သို့ ရောက်ကြတဲ့ လူနတ်ဗြဟ္မာ တွေဟာ သည်လိုနေတာဖြစ်တော့ ဘုရားရှင်ကလည်း အားလုံးတို့အား ပစ္စုပ္ပန် သံသရာချမ်းသာအောင် အလွန်ကြီးမားတဲ့ မဟာကရုဏာတော်၊ မေတ္တာတော် နှင့် ဆုံးမတာဖြစ်တော့ ဟိုကလည်း သည်လိုနေတော့ အကုန်ပြီးတာပေါ့ဗျာ။ နားထောင်တာကိုး။

ဖြေ။ ။နားထောင်တော့ ပြီးပါတယ်ဘုရား။
မေး။ ။အခုလည်းပဲ ဘုရားရှင်ကို အားလုံးတို့ဟာ ကြည်ညိုကြတယ် မဟုတ် လား။

ဖြေ။ ။ကြည်ညိုပါတယ်ဘုရား။

မေး။ ။အဟုတ်ကို ကြည်ညိုလို့ရှိရင်ဘုရားရှင်ကသည်လိုသည်လိုဆိုရင် ဘယ့်နှယ်လဲ။ လုပ်တော့လုပ်ချင်တာပေါ့။ မအားသေးဘူးလို့ လုပ်မှာလား။

ဖြေ။ ။အားပါးတရလုပ်ဖို့တော့ အဒေတာ်စိတ်ဝင်စားနေကြပါပြီဘုရား။

မေး။ ။စိတ်ဝင်စားတာဟုတ်ကဲ့လား။ အခုနလို ဟုတ်ကဲ့လား။

ဖြေ။ ။အခုနည္ဟသည်ကို ပြုစုသလိုတော့ ချက်ချင်း ပြောလျှင် ပြောချင်းလုပ်ဖို့ နည်းနည်းနှေးပါတယ်ဘုရား။

မေး။ ။ဒါဖြင့် ကြည်ညိုတာဟုတ်ကဲ့လား။

ဖြေ။ ။ကြည်ညိုတာအစစ်ကြီး မဟုတ်သေးဘူးလို့ အဖြေရှာမှာပဲဘုရား။

မေး။ ။ပြီးတော့ လိုချင်တာက ဘယ်လိုလိုချင်တာပဲ။ အစစ်လိုချင်တာလား။ အတုလိုချင်တာလား။

ဖြေ။ ။လိုချင်တာကတော့ အစစ်ချည်းလိုချင်ပါတယ်ဘုရား။

မေး။ ။နို့ တစ်ထောင်တန်တာကို ငါးရာပေးလို့ရမလား။

ဖြေ။ ။မရပါဘူးဘုရား။

မေး။ ။ငါးရာပေးလို့မရရင် ရှစ်ရာကိုးရာပေးလို့ကော ရမလား။

ဖြေ။ ။မရပါဘူးဘုရား။

မေး။ ။တို့မှာ တစ်ထောင်တော့မပြည့်ဘူး။ တစ်ပြားတစ်ချပ်လောက် လျှော့ပေးရင် ရမလား။

ဖြေ။ ။မရပါဘူးဘုရား။

မေး။ ။ဘယ်လိုမှရလဲ။

ဖြေ။ ။တစ်ထောင်အပြည့်ပေးရမှာပါဘုရား။

မေး။ ။ကိုယ်လိုချင်တဲ့ အရာဝတ္ထုကို တစ်ထောင်တန်တဲ့ဟာကို တစ်ထောင်ပေးဝယ်ရင် ဘယ်အချိန်မဆို ရနိုင်တယ်မဟုတ်လား။

ဖြေ။ ။ရနိုင်ပါတယ်ဘုရား။

အခုလည်း ဘယ်အချိန်မဆို ရနိုင်ပါတယ်ဗျ။ ကိုယ်လိုချင်တဲ့ စာကိုရအောင် ထိုက်သလောက်ကလေးသာ ဂရုစိုက်ပါဗျာ့။ (တင့်ပါ့ဘုရား)။

ဟိုလိုလျှောက်ပြောရင် ကြာနေလိမ့်မယ်။ ဘုရားရှေ့လက်ထက်တော်က ဘုရားရှင်ကိုလူနတ်ဗြဟ္မာတွေကသည်လိုကြည်ညိုတာဗျ။ ဘုရားရှင်ကလည်းမဟာ

ကရုဏာရှင်မို့ ပါရမီဖြည့်တုန်းကလည်းကိုယ်ကပဲ ဘုရားရှင်ကိုယ်တော်ရှဲအတွက် ဘာကိုမှ လုပ်တာမဟုတ်ဘူး။ ဟုတ်ကြရဲ့လား၊ သတ္တဝါများအတွက်ချည်းပဲ မဟုတ်လား။

ဖြေ။ ။သတ္တဝါများအတွက်ချည်းပါဘုရား။

သည်တော့ သဗ္ဗညုတရွှေဉာဏ်တော်ကိုရလို့ ဘုရားဖြစ်လာတဲ့အခါကျတော့ ဘယ်လိုပြောစရာရှိတော့မလဲဗျ။ ဒါကြောင့် ဘုရားရှင်ရဲ့ မဟာကရုဏာတော်က သည်လိုဗျ။ လူနတ်ဗြဟ္မာတွေ ကြည်ညိုတာကလည်း အခုလိုဗျ။ အခုလည်းပဲ ဒကာကြီး ဒကာမကြီးတွေဟာ အခုနလိုကြည်ညိုပြီးတော့ ဘာများခိုင်းမှာပါလိမ့်လို့ လုပ်ချင်ပြီး မျှော်နေတာဟုတ်ရဲ့လား။

ဖြေ။ ။မျှော်နေပါတယ် ဘုရား။

မေး။ ။မျှော်နေရင် အခုနလို၊ တည့်ပါတည့်လို့ဆိုတော့ ဘယ့်နှယ်လဲ၊ လုပ်မှာလား။

ဖြေ။ ။လုပ်ကြမှာပါဘုရား။

မေး။ ။အခုနလိုလုပ်မှာလား။

ဖြေ။ ။ရှေးအရှင်ကောင်းများရဲ့ သဒ္ဓါတော့ မီလိမ့်မယ်မထင်ပါဘူးဘုရား။

မေး။ ။လိုတော့ လိုချင်တယ် မဟုတ်လား။

ဖြေ။ ။လိုချင်ပါတယ်ဘုရား။
အေး-မီတဲ့အချိန်မှာ သေသေချာချာ ရမှာပဲဗျ။ (တင်ပါ့ဘုရား)

မေး။ ။နေပါဦး၊ မိဖိုရာ ဘယ်လောက်များ လိုနေသလဲ။

ဖြေ။ ။သိပ်ပြီးတော့ ကွာနေတယ် ဆိုပါတော့ ဘုရား။

မေး။ ။ဘယ်လောက်လဲ၊ အကနိဋ္ဌနှင့် အဝီစိလောက်လား။

ဖြေ။ ။တင်ပါဘုရား။

မေး။ ။အေး အေး၊ ဘယ်လောက်ပဲဖြစ်ဖြစ်၊ ငါ အခုပြမယ်ဆိုရင် ပြီးနိုင်တယ်မဟုတ်လား။

ဖြေ။ ။ပြီးနိုင်ပါတယ်ဘုရား။

မေး။ ။အေး-လိုတာသိရင် တော်ပါပြီ၊ လိုတာကိုသိလို့ ဖြည့်လိုက်ရင်ပြည့်တာပဲ မဟုတ်လား။

ဖြေ။ ။ပြည့်ပါတယ်ဘုရား။

မေး။ ။မလိုဘူးလို့ထင်နေရင်တော့ အခုနဟာ ရလိမ့်မယ် မဟုတ်ဘူး။

ဖြေ။ ။တပည့်တော်တို့က လိုတာတော့ သိနေပါပြီဘုရား။

လိုတာသိရင် မလိုအောင်ဖြည့်ဖို့ရာက မခက်ပါဘူးဗျ။ ပြည့်အောင်သာ ဖြည့်ကြဗျား။ ပြည့်အောင်ဖြည့်ပြီဆိုရင် ပြီးပါလိမ့်မယ်ဗျား။ အခုဟာမျိုးလို လုပ်ကြ ကြားကြလား။ မသိတာ နေပေ့စေ၊ သိတာတွေကလည်း ဒကာကြီး၊ ဒကာမကြီးတွေမှာ မနည်းဘူးရှိတယ်ဗျ။ သည်တော့ ကိုယ်ထင်တဲ့အတိုင်း ဘယ်ဟာမှ မလိုရအောင် လုပ်စမ်းကြပါဗျာ။ သိတဲ့အတိုင်းကတော့ သိနေကြပါပြီဗျ။

လျှောက်။ ။နှာသီးဝမှာ ထွက်လေဝင်လေ တိုက်တဲ့နေရာကို အမြဲသတိထားပြီးနေဖို့ရာဟာ လုပ်လည်းလုပ်ကြပါပြီ ဘုရား။ တချို့လည်း အတော့ကို စိတ်စူးစိုက်စွာနဲ့တည်ကြည်နေပါပြီဘုရား။ သို့သော်လည်း ဒါကိုလုပ်တဲ့အခါမှာ ဥဒယဗ္ဗယဉာဏ်ဆိုတာနှင့် မဆက်သွယ်တတ်သေးတဲ့ ပုဂ္ဂိုလ်တွေ ရှိပါသေးတယ်ဘုရား။

## ဝီရိယထူထောင်လျှင်

ဩော်-ဒါကလည်း ဘုရားဆုံးမတော်မူတာက ပိဋကတ်သုံးဖြာ ရှိပါတယ်။ သို့သော်လည်း ဆင်းရဲမှ လွတ်မှုတစ်ခုကိုတော့ ဘယ်ဟာပဲမှတ်ထားထား၊ မှတ်ထားတာကလည်း အများကြီးရှိတယ်။ အဲသည်မှတ်ထားတဲ့အထဲက တစ်ခုခုသာလုပ်၊ အဲသည် တစ်ခုခုလုပ်လို့ရှိရင် အကုန်လုံးပါမယ်။ အခုလို နှာသီးဖျားမှ ဝီရိယနှင့် ထူထောင်ပြီး ထားမယ်ဆိုရင် ပိဋကတ်သုံးဖြာ ဘယ်ဟာကျန်ဦးမလဲ။

ဖြေ။ ။မကျန်ပါဘူးဘုရား။

မေး။ ။ပါရမီ ၁၀-ပါးကော။

ဖြေ။ ။မကျန်ပါဘူး ဘုရား။

မေး။ ။ပြီးတော့ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ပဋိစ္စ၊ ပရမတ်၊ သစ္စာဆိုတာတွေကော၊ ရုပ်တို့ နာမ်တို့ ဆိုတာတွေကော။

ဖြေ။ ။အကုန်လုံး ပါပါတယ်ဘုရား။

မေး။ ။ဒါတွေကတော့ မှတ်သားပြီးသားမို့ လျှောက်ပြောရတာကိုးဗျ၊ ရုပ်အဌဝီသ၊နာမ်တေဖညာသဆိုတာရုပ်နာမ်ကိုပြောတဲ့အပြောမဟုတ်လား။ အဲဒါတွေလည်း ပြောတယ်တယ် မဟုတ်လား။

ဖြေ။ ။ပြောတတ်ပေမယ့် မသိသေးပါဘူး ဘုရား။

သိပါတယ်ဗျာ အကုန်လုံး မေတ္တာရှင်၊ ကရုဏာရှင်ဖြစ်ပါတဲ့ အရှင်မြတ်တွေက ဘယ်တော့မှမပြတ်အောင် အခါအခွင့် ရတိုင်းရတိုင်း အမြဲနေ့နေ့ညညဆုံးမနေတာပါဗျ။ အအားအနားကို မထားပါဘူးဗျ။ ဒါကြောင့်

နားလည်ပါတယ်။သူတို့ မတတ်တာ မရှိပါဘူး။ စပြောကတည်းက သည်ကစ တယ်ဆိုရင်ပဲ သူတို့က သိပြီးပါပြီ။ ဒါက သုတ်ပါဗျာ။ ဒါက အဘိဓမ္မာပါ ဗျာ။ ဒါကဝိနည်းပါဗျာနှင့် သိတယ် မဟုတ်လား။

ဖြေ။ ။တချို့တော့ သိပါတယ် ဘုရား။

တချို့မဟုတ်ပါဘူး၊ အကုန်လုံး သိပါတယ်ဗျ။ တို့ကတော့ တောထဲ နေတော့ တော်သလိုကြိုးဗျ။ ဖြည်းဖြည်းနှင့် လေးလေးကြီးလုပ်နေလိုက်တာ။ တို့လိုများ ပြောလိုက်ပါတော့၊ ဖြောင်းဖြောင်းနှင့် ပြောရောပေါ့လို့ သည်လို များ စိတ်ထဲမအောက်မေ့ဘူးလား။ အခု တို့ပြောတယ်ဆိုရင် ဟိုကမပါ သည်ကလည်းမပါနှင့်အစဉ်အတိုင်းသူတကာ မဝင်သာအောင် သည်လိုသည်လို လုပ်လိုက်ပါလို့များ မပြောချင်ဘူးလား ဒကာကြီးရဲ့။

မေး။ ။မပြောချင်ပါဘူး ဘုရား။ တပည့်တော်က မတတ်ပါဘုရား။

မေး။ ။ဒကာကြီးတို့ကတော့သည်လိုကို နေမှာပါဗျ။သို့သော်လည်းပဲ အခုန ပြောတဲ့ မသိတာက ရုပ်၊ သိတာကနာမ်ဆိုတာမရှင်းလင်းဘူးလား။ နှာသီးဖျားဆိုတာက ရုပ်လား-နာမ်လား။

ဖြေ။ ။ရုပ်ပါ ဘုရား။

မေး။ ။သိတာက ဘာလဲ။

ဖြေ။ ။နာမ်ပါ ဘုရား။

သည်တော့ နှာသီးဖျားမှာ လက်နှင့်ထိတော့ သိသလို စိတ်ကလေးကို သာသာကလေး ထားလိုက်ပါ။ သည်တော့ ထိုထို ထိုကို ထင်ပါး အာရုံတွေ မသွားနိုင်တော့၊ ထိတာကို သိနေမယ်။ သိတဲ့အခါ ရုပ်နှင့်နာမ် နှစ်ခုစလုံးကို တစ်ခါတည်းပဲ သိနေတယ် မဟုတ်လား။

ဖြေ။ ။တစ်ခါတည်း၊ တစ်ချိန်တည်း ရုပ်နှင့်နာမ်ကို သိပါတယ်ဘုရား၊

မေး။ ။အဲ့သည်လိုရုပ်နှင့်နာမ်ကို သိနေတဲ့အချိန်မှာဝိဇ္ဇာလား၊ အဝိဇ္ဇာလား။

ဖြေ။ ။ဝိဇ္ဇာပါ ဘုရား။

မေး။ ။မသိတဲ့အခါမှာရော။

ဖြေ။ ။အဝိဇ္ဇာပါဘုရား။

မေး။ ။ဒအား - သည်လိုသိနေတဲ့အချိန်မှာ ဘယ့်နှယ်လဲ။ စိုးရိမ် ကြောင့်ကြ ပူပန်ရမှု ရှိပါဦးမလား။

ဖြေ။ ။ဝိဇ္ဇာနှင့် နေတဲ့အခါမှာ စိုးရိမ်ကြောင့်ကြပူပန်ရမှု မရှိပါဘူး ဘုရား။

မေး။ ။ဘာမှဖြစ်ပေစေ၊ ယခုလို လက်နှင့်ထိတော့ သိသလိုသိနေရင် ရုပ်နှင့် နာမ်ကို သိတာတော့ မှန်ပြီ။ ဝိဇ္ဇာ ဖြစ်နေပြီ။ သည့်ထက်မတိုးရင် နေပေစေ သည်အတိုင်း သက်တမ်းစေ့လို့ သေရင် ဘယ့်နှယ်လဲ၊ ကြောက်ရဦးမလား။

ဖြေ။ ။မကြောက်ရပါဘူး ဘုရား။
နောက်တော့ သူ့ဟာသူတိုးလိမ့်မယ်၊ ဒါသာမှတ်ထား၊ ကြားရဲ့လား။ သည်တော့ နာရမှာ ကြောက်ဦးမလား။

ဖြေ။ ။မကြောက်ပါဘူး ဘုရား။

မေး။ ။ဒါဖြင့် သူသေချင်တဲ့အခါသေပါစေ၊ ဒါကိုမလွတ်ရင်ဘယ့်နှယ်လဲ။
ဖြေ။ ။ဘယ်အချိန်သေသေ၊ အပါယ်ကိုတော့ ကျဖို့ စိုးရိမ်ကြောင့်ကြ ပူပန်ရခြင်း မရှိတော့ပါဘူးဘုရား။
အဲ့သည်လို နေရက်နှင့်ဆုတောင်းဦး၊ တပည့်တော်တို့နေနေကျ အပါယ်လေးဘုံကိုပဲ ရောက်ပါရစေလို့ ဆုတောင်းဦး။ ဘယ့်နှယ်လဲ။

ဖြေ။ ။ဘယ်လိုပဲ အပါယ်လေးဘုံကိုဆုတောင်းပေမယ့် မကျပါဘူး ဘုရား။

မေး။ ။အဲဒါက ဒါနှင့် နေမှနေ၊ မနေရင် ဘယ့်နှယ်လဲ။
ဖြေ။ ။အပါယ်ကိုကျမှာပဲ ဘုရား။
ဒေါ့-အဲဒါ သည့်ပြင် မပြောသေးဘူး။ သည်လောက်ပဲရှိသေးတယ်။

မေး။ ။ဒါဖြင့်ဘုရား၊ သေခါနီးကျမှ ထိသိကလေးကို မလွတ်အောင်ထားပြီးတော့ တစ်သက်လုံး လွှတ်လွှတ်လပ်လပ်နေလို့ မဖြစ်ဘူးလားဘုရား။

မေး။ ။နေပါဦး ဒကာကြီးရယ်၊ ဒကာကြီး အခု ထမင်းစားရင် ဘယ်အချိန်မှာ စားသလဲ။

ဖြေ။ ။ကိုးနာရီနဲ့ ဆယ်နာရီ စားပါတယ် ဘုရား။

မေး။ ။ဒါဖြင့် အဲသည် ကိုးနာရီကျမှ ထမင်းချက်သလား။
ဖြေ။ ။ထမင်းကတော့ စောစောကတည်းက ချက်ရပါတယ်ဘုရား။

မေး။ ။ကိုးနာရီမှာ ထမင်းစားတယ်ဆိုတော့ အဲသည်အချိန်ကျမှ ထမင်း ချက်ရင် ဘယ့်နှယ်လဲ။
ဖြေ။ ။သည်အချိန်မှချက်ရင် မစားရတော့ပါဘူးဘုရား။
မေး။ ။ဒါ ဟုတ်ကဲ့လား။
ဖြေ။ ။ဟုတ်ပါတယ် ဘုရား။
မေး။ ။အခု ဒကာကြီး ထမင်းစားတာ ဘယ်အချိန်စားသလဲ။

ဖြေ။ ။ကိုးနာရီတိတိ ထမင်းစားချင်တော့ ဘယ်အချိန်ကစပြီး ထမင်းချက် ရသလဲ။

ဖြေ။ ။ခုနစ်နာရီလောက်ကစပြီး ချက်ရပါတယ် ဘုရား။

မေး။ ။အဲသည်ကစပြီးချက်တော့ ပြီးရောလား။

ဖြေ။ ။ပြီးပါတယ်ဘုရား။

မေး။ ။အေး-အဲသည် ကိုးနာရီကျတော့ သေသေချာချာကို ပြီးပြီးသားဆို တော့ စားရတယ် မဟုတ်လား။

ဖြေ။ ။ပြီးပြီးသားဆိုတော့ စားရပါ ဘုရား။

မေး။ ။အေး-အခုလည်းပဲ အခုနအချိန် စားရအောင် သေသေချာချာချက် ထားဗျ ကြားရဲ့လား၊ ဟုတ်ပါ့ရဲ့လား။

ဖြေ။ ။ဟုတ်ပါတယ် ဘုရား။

မေး။ ။မှတ်မိပြီနော်။

ဖြေ။ ။တပည့်တော် တစ်သက်လုံး လျှော့လျှော့ပေါ့ပေါ့နေ၊ သေကာနီး ပန်းဝင်ခါနီးကျမှ ကြိမ်သွင်းပြီး ထိသိကလေးကို မမေ့အောင် ကြံနေတာကိုးဘုရား။

မေး။ ။ကြံနေရင် အခုနလို ကျန်နေခဲ့ဦးမှာပဲ။ ကျန်ချင်ရင် ကျန်နေဗျ။ မကျန်ချင်ရင် ဘယ်နှယ်လုပ်ရမလဲ။

ဖြေ။ ။မကျန်အောင် စောစောကတည်းက မအိုမီ၊ မနာမီ၊ မသေမီ အခု အချိန်ကစပြီး ထိသိကို မလွတ်အောင်သာ စူးစူးစိုက်စိုက်နှင့် နေမှ ဖြစ်မှာပါဘုရား။

မေး။ ။အေး ဒါဖြင့် အခုက စကြဗျာ၊ ဟို အချိန် ကျမှဆိုရင် ထမင်း တောင် ကိုးနာရီစားချင်တယ်ဆိုရင် ဘယ်အချိန်က စပြီးချက်ရမလဲ။

ဖြေ။ ။ခုနစ်နာရီလောက် စချက်ရပါတယ်ဘုရား။

မေး။ ။ဒါမှ ကိုယ်စားချင်တဲ့ ကိုးနာရီအချိန်မှာ သေသေချာချာ စားရ တယ်မဟုတ်လား။

ဖြေ။ ။သေသေချာချာ စားရပါတယ်ဘုရား။

မေး။ ။ဖြေးဖြေးနှေးနှေးဆိုရင် ကိုယ်စားချင်တဲ့ဟာ စုံအောင် ကျက်ပါ့ မလား။

ဖြေ။ ။နှေးရင်တော့ မစုံနိုင်ပါဘူး ဘုရား။

မေး။ ။စားချင်လို့ ဆာလျှင် မကျက် ကျက်ကျက် ရှိတာစားရတော့မှာပဲ။ အကုန်စုံပါ့မလား။
ဖြေ။ ။အကုန်မစုံပါဘူးဘုရား။ ဒါဖြင့် ဝီရိယ သွက်သွက် လက်လက်နှင့် သည်လိုလုပ်ကြဗျာ၊ (လုပ်ပါမယ်ဘုရား)

မေး။ ။အေး-သည်လောက်ပဲ မှတ်ထားကြဗျာ။ ဘာကြောင့် သည်လိုပြော ရသလဲဆိုရင် နေပါဦး၊ ဒကာကြီး သိချင်တယ်ဆိုတာကဘာလဲ။
ဖြေ။ ။ဥဒယဗ္ဗယဉာဏ် ၁၀-ပါးနှင့် ထိသိနှင့်ဟာ ဘယ်လိုများ အဆက် အသွယ် အကူးအသန်းရှိတယ့်ဆိုတာကို မသိလို့ပါဘုရား။

မေး။ ။အခု မသိသော သိသော လုပ်မနေနဲ့၊ ပန်းပွင့်တွေဟာ ကုံးထားတယ် ဆိုပါတော့ဗျ။ သည်လိုကုံးထားလို့ရှိရင် ဒကာကြီး ပန်းကုံးပေးပါ လို့ဆိုရင် ဘယ်က ယူမလဲ၊ တစ်နေရာသာသာကလေးသာယူလိုက် ရင် ဘယ့်နှယ်လဲ။
ဖြေ။ ။တစ်နေရာက ကြိုးကလေးကိုဆွဲလိုက်ရင် အကုန်လုံးပါပါတယ်ဘုရား။

မေး။ ။ပန်းပွင့်ပေါင်း ဘယ်လောက် ကုံးထားထားပါမလား။
ဖြေ။ ။ပန်းပွင့်ပေါင်း ကြိုးရှည် ရှည်သလောက်ပါပါတယ်ဘုရား။

မေး။ ။အခုလည်းပဲ ဒကာကြီးဉာဏ်စဉ်က ဘယ်လောက်လဲ့။
ဖြေ။ ။ဆယ်ပါးပါဘုရား။

မေး။ ။အဲဒါသီကုံးထားတာနှင့် မတူဘူးလား။
သည်တော့ အခုနဟာကလေးက အစဖြစ်တယ်။ အဲသည်ကသာဆွဲလိုက် ပါ။ ဘယ်ဟာမှ ပြုတ်ကျမှာ မဟုတ်ပါဘူး။
ဖြေ။ ။အကုန်လုံး ပါမှာလားဘုရား။

မေး။ ။ပါမပါဆွဲကြည့်ပါလား၊ ဒါလည်းကုံးထားတာပဲ။
ဖြေ။ ။တပည့်တော်တို့ ပန်းလည်းမကုံးတတ်သေးဘူးဘုရား။ ဘယ်နေရာက ကုံးရမှန်းလည်း မသိပါဘုရား။

မေး။ ။ဒါက ဒကာကြီးကုံးရတာ မဟုတ်ဘူး။ ဘုရားရှင်က ကုံးတော်မူ ထားတာ။
ဖြေ။ ။ဘယ်နေရာမှဆွဲရမှန်းမသိလို့ပါဘုရား။
မေး။ ။အဲဒါမလွတ်နှင့် အဲဒါအစပဲမှတ်ထားကြားလား။ အဲသည်ကသာနေ ဆွဲ အကုန်လုံးပါလိမ့်မယ်။ ဟုတ်ပါရဲ့လားဗျာ။
ဖြေ။ ။ဟုတ်ပါတယ်ဘုရား။ ဒါဖြင့် ထိတဲ့နေရာကလေးက ကြိုးဆွဲပါတော့ မယ်ဘုရား။

အားစိုက်လို့သာဆဲ့ကြည့်ပါဗျ။ ဘယ်ဟာကမပါဘဲနေဦးမှာလဲ။ အကုန်လုံးပါမှာပဲဗျ။ ကုန်းပြီးသိပြီးသားတွေပဲဗျ။ သည့်ပြင်လည်းပဲ ကိုယ်ကြိုက်တဲ့ ဝေဒနာပျောက်တဲ့ဆေးလို့ လည်း ပြောချင်ပြောပါဗျာ။ ချောင်းဆိုးပျောက်ဖို့ လျက်ဆားတော့ ဖော်တတ်တယ်မဟုတ်လား။

မေး။ ။ဒကာကြီးလျက်ဆားက ဘယ်နှစ်မျိုးလဲ။
ဖြေ။ ။တပည့်တော်တော့ ဝယ်ဝယ်စားပါတယ်ဘုရား။

မေး။ ။ဝယ်စားတာလဲ ဘယ်သူ့ဆိုင်ကလဲ။
ဖြေ။ ။မိကျောင်းခေါင်းတံဆိပ် လျက်ဆားပါဘုရား။

မေး။ ။အဲ့သည်ဆိုင်ကလည်း လျက်ဆားဆိုတော့စားကြည့်တော့ ဘာပါသတုန်း။
ဖြေ။ ။နွယ်ချို၊ ဇဝက်သာ၊ သိန္ဓော ပါပါတယ်ဘုရား။

မေး။ ။သုံးခုတည်းလား။
ဖြေ။ ။အများကြီးပါပါတယ်ဘုရား။ တပည့်တော်မသိတဲ့ အမည်တွေလည်း ပါပါတယ်ဘုရား။

မေး။ ။ချောင်းဆိုးတော့ ပျောက်တယ်မဟုတ်လား။ သူ့မေးရင် ဘယ်နှစ်မျိုးဆိုတာသိပါတယ်။ စာရေးပေးပါဆိုရင်ပေးမှာပဲ။ အခု ဒကာကြီးဟာက မိကျောင်းခေါင်းလျက်ဆားဆိုတော့ အဲဒါပဲပေးပါဆိုပြီး စားလိုက်တာပဲမဟုတ်လား။
ဖြေ။ ။စားလိုက်တာပါပဲဘုရား။ စားလိုက်တော့ နွယ်ချိုရယ်၊ ဇဝက်သာရယ်၊ သိန္ဓောရယ်၊ ဒါတွေကတော့ မပါဘဲ မနေဘူးဆိုပြီး နမ်းကြည့်တော့ ပါတယ်ထင်တယ်။ လျက်ကြည့်လိုက်ရင်ပဲ ပါတယ်ဘုရား။

မေး။ ။သာသာကလေး စဉ်းစားလိုက်ရင် နွယ်ချိုတင်မကဘူး သည့်ပြင်ဟာတွေလည်းပါမှာပဲဆိုပြီး စဉ်းစားလိုက်ရင် သိတယ်မဟုတ်လား။ ပြီးတော့ အနံ့ကကော။
ဖြေ။ ။အနံ့ကလည်း ဘာပါတယ် ဘာပါတယ်ဆိုတာ သိပါတယ်ဘုရား။

မေး။ ။အဲ့သည်လိုမှတ်။ ကြားလား၊ သည်လျက်ဆားကို သာသာကလေး စားရင် အခုပြောသလို ပါတာတွေကတော့ တစ်ခါတည်း စားလိုက်ရုံနှင့် နွယ်ချိုက ငါမပါပေါင်ဗျာဆိုပြီး မပါဘဲနေမှာလား။
ဖြေ။ ။တစ်ခါတည်းစားရင် အကုန်လုံးပါပါတယ်ဘုရား။

မေး။ ။ခုနကပြောတဲ့ သိန္ဓောကော။
ဖြေ။ ။သိန္ဓောကလည်း ကျန်မနေပါဘူးဘုရား။

မေး။ ။ဇဝက်သာကကော။

ဖြေ။ ။သူလည်း အတူတူလိုက်မှာပဲဘုရား။

မေး။ ။သူက ငန်ရှိသာငန်စေမယ်၊ ငါအနံ့တော့မသိစေရဘူးလို့ သူ့အနံ့ကို ဖွက်ထားမှာလား။

ဖြေ။ ။အနံ့ကတော့ ရှေ့ဆုံးက နေပါတယ်ဘုရား။

အေးအေး-သည်လိုပြောကြပါစို့ရဲ့။ ဒါက တခြားကိုပြောသည်မဟုတ် ရုပ်တို့နာမ်တို့ လက္ခဏာသဘောဆိုတာ သိရှိပြီးသား။ အဲသည်လျက်ဆားစားတဲ့ အခါကျတော့ သိန္ဓောတော့ မပါစေနှင့်ဗျာလို့ဆိုပြီး ချန်ထားပြီးစားလို့ ဖြစ်သလား။ နွယ်ချိုတော့နေပါစေဆိုပြီး ရွေးစားလို့ဖြစ်သလား၊ စားချင်လို့စားရင် ဒါတွေမပါဘဲ နေဦးမှာလား။

ဖြေ။ ။မပါဘဲ မနေပါဘူးဘုရား။

မေး။ ။အကုန်စားရင် ဘယ့်နှယ်လဲ။

ဖြေ။ ။အကုန်လုံးပါမှာပဲဘုရား။

မေး။ ။နည်းနည်းကလေးစားဗျာ။

ဖြေ။ ။နည်းနည်းကလေးစားလည်း အကုန်လုံးပါမှာပဲဘုရား။

မေး။ ။နည်းနည်းကလေးစားဗျာ။

ဖြေ။ ။နည်းနည်းကလေးစားလည်း အကုန်လုံးပါမှာပဲဘုရား။

မေး။ ။သူလည်းပါတဲ့ဟာ အကုန်ပါမှာလား။

ဖြေ။ ။အကုန်လုံး ပါမှာပါပဲဘုရား။

မေး။ ။နည်းနည်းကလေးစားဗျာ။

ဖြေ။ ။နည်းနည်းကလေးစားလည်း အကုန်ပါမှာပါပဲဘုရား။

မေး။ ။သူထဲ ပါတဲ့ဟာ အကုန်ပါမှာလား။

ဖြေ။ ။အကုန်ပါပါတယ်ဘုရား။

မေး။ ။အရသာကတော့။

ဖြေ။ ။အရသာကလည်း သူ့သတ္တိနှင့်သူ အကုန်ထွက်ပြမှာပဲဘုရား။

မေး။ ။အနံ့ကတော့။

ဖြေ။ ။အနံ့ကလည်း သည်လိုပဲပြမှာပဲဘုရား။

မေး။ ။ချောင်းဆိုးပျောက်အောင်စားတဲ့ မိကျောင်းခေါင်း လျက်ဆား ကောင်းတယ် ကောင်းတယ်ဆိုဒါမှာ နွယ်ချိုက အခုစားတဲ့အထဲမှာ မပါအောင်ဆိုပြီး ကပ်သီးကပ်သတ် လုပ်နေမှာလား။

မေး။ ။လုပ်မနေပါဘူးဘုရား။ နွယ်ချိုဆိုဒါက သူက ပါစမြဲပါဘုရား။ အေး အဲသည်လိုသာမှတ်ကြ။ သည်လိုပြောမှဖြစ်မယ်။ ဟိုလိုကတော့ အားလုံးပြောတတ်ကြတယ်။ ဒါကြောင့်ဆိုရင် မေတ္တာရှင် ကရုဏာရှင်တွေက အခွင့်အခါ သင့်တိုင်းသင့်တိုင်း အရှင်ကောင်းတွေ ဒကာကြီး ဒကာမကြီးတွေ ပျင်းတာကို သိတယ် မဟုတ်လား။

ဖြေ။ ။သိပါတယ်ဘုရား။

မေး။ ။သိပေမယ့် ဖိဟောတာပဲ မဟုတ်လား။ တိုတိုဟောပါလို့ ဖြေပေမယ့် ရှည်ရှည်ကြီး ဟောတာပဲ မဟုတ်လား။

ဖြေ။ ။ဟောပါတယ်ဘုရား။

မေး။ ။သည်တော့ မနာချင်ပေမယ့်လည်း နာရတာပဲ မဟုတ်လား၊ နာချင်ရင်လည်း စိတ်လက်ပါပါ နာကြတာပဲ မဟုတ်လား။

ဖြေ။ ။တရားနာပါများတော့ မှတ်မိနေပါတယ်ဘုရား။

အဲသည်လို အရှင်မြတ်တွေက အကုန်ဆုံးမထားတော့ အကုန်လုံး ကျွမ်းလိမ်မာတယ် မဟုတ်လား၊ အခု ဒကာကြီးတို့က မစားလို့ ချောင်းဆိုး မပျောက်တာဗျ။ ရှိတဲ့ဟာကို မစားလို့ဗျ။ အခုနဟာတွေတော့ မှတ်မိပြီ မဟုတ်လား၊ အဲသည်လို လက္ခဏာသဘော သတ္တိကလေး ရှိတယ်။ သတ္တိရှိတဲ့အတိုင်း စားသာစား၊ သတ္တိတော့ ပြမှပဲ ချောင်းဆိုးတော့ ပျောက်မှာပဲ။ အခုလည်း ဘုရား ဆုံးမတဲ့ အဆုံးအမကို လိုက်နာတယ်ဆိုတာ ဘာပျောက်ချင်လို့လဲ။

လျှောက်။ ။ဆင်းရဲမှ လွတ်ချင် ပျောက်ချင်လို့ပါဘုရား။

ဆရာတော်။ ။ဟုတ်တယ်ဗျ။

ဖြေ။ ။သက္ကာယဒိဋ္ဌိဆိုတဲ့ အနာကြီးဟာ မနည်းပါဘူးဘုရား။ မပျောက်နိုင်ပါဘူးဘုရား။

ဆရာတော်။ ။အေး အဲဒါသာ စားပါဗျ၊ ပျောက်ပါလိမ့်မယ်။ ပျောက်သွားကြတဲ့ အရှင်တွေဟာ ရေတွက်နိုင်ရဲ့လား။

လျှောက်။ ။မရေတွက်နိုင်ပါဘုရား။

ဆရာတော်။ ။သူတို့လည်း သည့်ပြင်ဆေး မဟုတ်ဘူး၊ သည်ဆေးပါဗျ။

လျှောက်။ ။သက္ကာယဒိဋ္ဌိ အနာဟောင်းကြီးကို မြတ်စွာဘုရား၏ ထိသိ ဆေးကို စားရင် ပျောက်မယ်ဆိုတာ သိနေပါပြီဘုရား။

ဆရာတော်။ ။သိရင် သည်ဆေးကိုသာ စားဗျာ့။

လျှောက်။ ။ဆေးမစားခင် တပည့်တော်က ဆေးအမယ်လေးကို ရေးမှတ်ပြီး တယ်ရွတ်ချင်သေးတာကိုးဘုရား။

မေး။ ။အဲဒါ ရွတ်နေလို့ ပျောက်ကဲ့လား။

ဖြေ။ ။တပည့်တော်က ရွတ်နေရုံနှင့် တော်လောက်ပြီလို့ဆိုပြီး တစ်သက်လုံး ရွတ်ချင်တာပါဘုရား။

မေး။ ။ဒကာကြီးဟာ ရွတ်ရုံမဟုတ်ဘူး၊ နိဗ္ဗာန် ရပါလို၏လို့ ဆုတောင်း တယ် မဟုတ်လား။

ဖြေ။ ။ငယ်ငယ်ကတည်းက ဆုတောင်းနေတာပဲဘုရား။ တပည့်တော်က သည်လိုပဲ ရလိမ့်မယ်လို့ ထင်နေပါတယ်ဘုရား။

မေး။ ။အခု ဒကာကြီး ရပြီလား။

ဖြေ။ ။မရသေးပါဘူးဘုရား၊ တပည့်တော်က မြန်မြန်ကြီးတော့ မဟုတ်ပါ ဘူး။ နိဗ္ဗာန်ကို နောက်မှ ရောက်တဲ့အချိန်မှာ ရောက်မှာပဲ၊ ဒါပေမယ့် မရောက်ခင် လူ့ဘဝ နတ်ဘဝမှာ စုန်ချည်ဆန်ချည် လူးလာခေါက်တုံ့ နှင့် ပျော်ချင်သေးတာကိုးဘုရား။

မေး။ ။ဒါဖြင့် အခုနဟာသာလုပ်၊ လွတ်လပ်နေရင်တော့ ဘယ်ရောက်မလဲ။

ဖြေ။ ။ချမ်းသာ သုခ မရောက်ဘဲ ဆင်းရဲတဲ့အပါယ်ကို ရောက်မှာပဲဘုရား။

အေးဗျ၊ ဒါကြောင့် အခုနဟာသာ မှတ်ထားကြ၊ သည့်ပြင် အများ ကြီး လျှောက်ပြောရင် မကုန်နိုင်ဘူး ကြားလား။ အဲသည် များများကြီးထဲက ဒါကလေးတစ်ခုသာမှတ်ထား။ ဒါတော့ မလုပ်ချင်ဘူး။ သည့်ပြင် ကောင်း တဲ့ဟာရှိတယ်။ ရှိရင်လည်း အဲဒါပဲလုပ်၊ အခုနပြောဘဲ့ ဒကာကြီးရဲ့ မိကျောင်း ခေါင်းလျက်ဆားဟာ ပုလင်းငယ်ကလေးနှင့် ရှိတယ်မဟုတ်လား။

ဖြေ။ ။တင်ပါ၊ ပုလင်းကြီးနှင့်လည်း ရှိပါတယ် ဘုရား။

မေး။ ။ပုလင်းကြီးထဲကဟာကိုစားတော့ ချောင်းဆိုးပျောက်သလား။

ဖြေ။ ။ပျောက်ပါကယ်ဘုရား။

မေး။ ။အထုပ်ကလေးထဲကကော။

ဖြေ။ ။ပျောက်ပါတယ်ဘုရား။

မေး။ ။ပုလင်းငယ်ထဲကကော။

ဖြေ။ ။ပျောက်ပါတယ်ဘုရား။

အေး၊ အခုလည်းပဲ ဘုရားဆုံးမတဲ့ သုံးဖြာသော ပိဋကတ်အသွယ်သွယ် အဝဝတွေဟာလည်း အကုန်လုံး မိကျောင်းခေါင်းချည်းပါပဲဗျ။ သူ့ လုပ်ချင် သလို လုပ်ထားတာဗျ။ စားသာစားဗျ။ စိတ်ထဲက တစ်ခုခု ဖြစ်နေမှာစိုးလို့ ပုလင်းကြီးထဲက စားချင်စား၊ ပုလင်းငယ်ထဲက စားချင်စား၊ အထုပ်ထဲက စားချင်စား။ ဘယ်ဟာ စားစား ပျောက်မှာပဲဗျ။ ဒကာကြီးက ဝယ်မစား ချင်ရင် ဘယ်သူ့ဆီမှာ ဝယ်ထားတာ ရှိသလဲ။ တောင်းစားရင်လည်း ရပါ တယ်ဗျ။ ဒကာကြီးမှာ မိတ်ဆွေသင်္ဂဟ ဘယ်နှစ်ယောက်ရှိသလဲ။

ဖြေ။ ။အများကြီးပါဘုရား။

မေး။ ။အိမ်နားမှာ ဘယ်သူရှိသလဲ။

ဖြေ။ ။ဦးဖြူ ရှိပါတယ်ဘုရား။

မေး။ ။ဦးဖြူဆီကဟာ တောင်းစားဗျ။ခပ်ဝေးဝေးကကော ဘယ်သူရှိသလဲ။

ဖြေ။ ။ဦးနီ ရှိပါတယ်ဘုရား။

ဦးနီဆီကဟာ တောင်းစား၊ မိကျောင်းခေါင်းသာ မှန်ပါစေ၊ တောင်း စားရင် ချောင်းဆိုးပျောက်မှာပဲ၊ ဟုတ်ကဲ့လား။ အဲဒါမှတ်ထားဗျ။ အိမ်မှာ ဝယ်ထားတာ ရှိတယ် မဟုတ်လား။အေး အေး ဘယ်က ဟာစားစား ပျောက်မှာပဲ။

ဖြေ။ ။တပည့်တော်က ပုလင်းဝယ်ထားပြီး ကြည့်ကြည့်နေတာပဲ ဘုရား။

မေး။ ။အခုလို လျှောက်ပြောတော့ ပေါ့ပေါ့တန်တန် ပြောတယ်လို့ မမှတ် နှင့် ကြားလား။

ဖြေ။ ။တပည့်တော်က ပုလင်း ကြည့်ကြည့်နေတယ် ဆိုတော့ အရှင်ဘုရား တရားကို ညစဉ်တိုင်း နာနေတော့ သိနေပါတယ်ဘုရား။

မေး။ ။ဒါကတော့ ဘယ်အရှင်ရေးတာ၊ ဒါက ဘာစာအုပ်၊ ဘယ်နှစ်ပါတ်မှာ မယုံရင် သွားကြည့်နှင့်၊ သည်လိုမလုပ်ကြနှင့်၊ မေးဖို့မေ့ကြနှင့်၊ ကြားလား။

ဖြေ။ ။တပည့်တော်တို့က ငြင်းလှပေါ့ဘုရား၊

အေး၊ ဒါကြောင့် မပျောက်တယ် ပျောက်တယ်ဆိုတာ အခုနကသာ စားကြည့်ကြားလား။ ကနေ့ထိုင်စား၊ နက်ဖြန်ခါ ချောင်းဆိုး မပျောက်ဘဲ မနေပါဘူး။ ပျောက်မှာပဲ၊ ဆက်ပြီးတော့ စားလိုက်ရင် သေသေချာချာကို

အမြစ်ပါ ပြတ်သွားပါလိမ့်မယ်ဗျ။ နည်းနည်းသက်သာရုံနှင့် နားမထားနှင့်၊ မပြတ်သေးရင် ပေါ်လာဦးမယ်။

ဖြေ။ ။တင်ပါ့ ဘုရား။ တစ်ဆက်တည်း စားပါတော့မယ်ဘုရား။

ကောင်းပါ့ဗျာ၊ ရှေးတုန်းက အပမာဒ တရားဆိုတာ ဘာလဲ ဆိုရင်သည့် ပြင်ဟာ မဟုတ်ဘူး။ အပ္ပမာဒေန သမ္ပာဒေထ ဆိုတာ အရှင်မြတ်တွေ အားလုံး ဟာ ဘယ်နေရာ ဘယ်ဌာနမဆို ဆင်းရဲမှ လွတ်မှု ဘုရား အဆုံးအမကို ရကြပြီ ဆိုတော့ အပြီးအဆုံးမှာ အကောင်းဆုံးကို ထည့်ပေးတာပဲ။ အပ္ပမာဒေနသမ္ပာ ဒေထ ဆိုပြီး။ သည်တော့ ဒကာကြီးတွေက ဘယ့်နှယ်လဲ။

ဖြေ။ ။အာမဘန္တေ ဆိုပြီး ရဲရဲကြီး နှုတ်က ဆိုလိုက်တာပဲ့ ဘုရား။

ရှေးက အရှင်တွေကတော့ အခုနလို သိထားတယ်။ ပေးတဲ့အခါမှာ အာမဘန္တေ ဆိုပြီး တစ်ခါတည်း၊ တစ်ပြိုင်နက်တည်း ထားလိုက်တာနည်းနည်း ကလေးမှ မလွတ်တော့ဘဲကိုးဗျ၊ အဲသည်လို အာမဘန္တေ လိုက်တာဗျ။ ဒါ ကြောင့် သည်အရှင်မြတ်တွေမှာတော့ မှန်းထားတဲ့ ဗောဓိတွေဟာ အသီးသီး အောင်မြင်ပြီးတော့ နိဗ္ဗာန်ကို စံဝင် ကြွသွားတော်မူကြတာဗျ။ ဒါကလည်း သူတို့ ပြောတာမှတ်ပြီးတော့ ပြောတာဗျ။သည်တော့ အခုလို သတိပေးတာက ဘာလဲ ဆိုရင် အပ္ပမာဒေန သမ္ပာဒေထဆိုတာက အခုနထားဆိုတဲ့ နေရာမှာ မရွေ့အောင် နေကြလို့ ပြောတာတဲ့။ ရှေးအရှင်တွေ အာမဘန္တေ ဆိုတာက ဘယ်တော့မှ မဟုတ်ဘူးဗျ။ အဲသည်လို ဖြစ်သောကြောင့် နှစ်သက်တဲ့အသီးသီး ဗောဓိတွေဟာ သည်အာမဘန္တေနှင့် အကုန်လုံး ပြီးတာတဲ့ ဗျ။ ဒါဆောင်သွား ရင် သည့်ပြင်ဟာတွေက ဘယ်ကမှ မကျန်ခဲ့ပါဘူး ထင်ပါရဲ့။

ဖြေ။ ။ကြိုးဆွဲလိုက်ရင် တသီးတန်းကြီး ပါသွားမှာပဲ့ ဘုရား။

မေး။ ။အရင်တုန်းကတော့ နှုတ် တိုက်ရတာ ဆိုလိုက်တာပဲ။ အဟုတ်ကို အာမဘန္တေလို့ မမှတ်မိလိုက်သေးဘူးထင်တယ်။

ဖြေ။ ။စိတ်ထဲက လျော့လျော့ပေါ့ပေါ့နှင့် သူများအတုခိုးပြီး ဆိုလိုက်တာပဲ ဘုရား။

အေး၊ ဒီတစ်ခါတော့ လိုက်လိုက်လှဲလှဲ ရှေးအရှင်တွေကဲ့သို့ ထပ်တူညီမျှ ကျ သွားအောင် ပျော်ရွှင်ပြီး၊ အခုလို စိတ်ဆန္ဒ ဖြစ်စေပြီးတော့ အာမဘန္တေ ကြဗျား။

# လူလျှော့လူပေါ့အဖြစ်က လွတ်အောင်ကြိုးစား

''အလိုရှိတဲ့၊ နှစ်သက်တဲ့ ဗောဓိကို ပြီးမြောက်အောင် ဝီရိယ ထူထောင်ပြီး ဖြည့်ကြ၊ ကျင့်ကြရှေးအရှင်ကောင်းတွေရဲ့ ဝီရိယ ကို မီအောင်၊ ညီအောင် ထူထောင်ကြ''

(ဝေဘူဆရာတော်ဘုရားကြီးသည် ဤတရားတော်ကို ၁၉၅၅-ခု မေလ ၁၄-ရက်နေ့ညတွင် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ၌ဟောကြားတော်မူသည်။ ဘုရားရှင်၏ အဆုံးအမများကိုဝီရိယသန်သန်ဖြင့်ထူထောင်ပါက ဆင်းရဲမှုမှ ထုတ်နုတ်ပြီး ဖြစ်ကြောင်း။ သံသရာတွင် သက်တမ်းစေ့ မလုပ်နိုင်သော်လည်း ယခုအချိန်မှစ၍ ကျင့်ကြံအားထုတ်မည် ဆိုလျှင် စိုးရိမ်ကြောင့်ကြပူပန်မှုကင်းပြီး ပစ္စုပ္ပန် ချမ်းသာကို ရမည်ဖြစ်ကြောင်း တစ်ဦးပေါ်တစ်ဦး ဗြဟ္မစိုရ် တရား ထားကြရန်လည်း အသုံးလိုအပ် ချိန် ဖြစ်ကြောင်းဖြင့် ဟောကြားတော်မူသည်။)

ရှေးဦးစွာ ကျေးဇူးရှင် ဝေဘူ ဆရာတော်ဘုရားကြီးသည်ရှစ်ပါးသီလ ကို ချီးမြှင့်ပြီးနောက် အောက်ပါအတိုင်းဆက်လက်ဟောကြားတော်မူပါသည်။

### တရားနာခံအဖြစ် ဦးလှက ဆောင်ရွက်ပါသည်၊

သီလတော့ ဆောက်တည်လို့ ပြီးကြပြီ။ ဆောက်တည်လို့ပြီးလျှင် ဖြည့်စုံ အောင် ဖြည့်ကြ၊ ကျင့်ကြ။ ဖြည့်ကျင့်လို့ ပြည့်စုံပြီဆိုမှပြင့်စိတ်နှလုံးအလိုတော်ငံ့ တရည်ရွယ်ချက် အသီးသီးတို့ဟာ အကုန်လုံး ပြီးစီး အောင်မြင်ကြပါရော့။ ထိုသို့ဖြစ်သောကြောင့်ပစ္စုပ္ပန်သံသရာနှစ်ပါးမှာတော့ တရည်ရွယ်ချက်အသီးသီး

တို့ကို ပြီးစီးခြင်းငှာ အလိုရှိကြပါတဲ့သူတော်ကောင်းအစားစားတို့သည်ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော တောင့်တရည်ရွယ်ချက် အသီးသီးတို့ကို ပြီးစီးခြင်းငှာ ဆောင်နိုင်ပါတယ်။ သည်လိုကြိုးစားပြီး ဖြည့်ကြ၊ကျင့်ကြ။ သီလ၌ တည်ပြီးတော့ ပြုပြီး ကုသိုလ်အဖြာဖြာတို့သည် အထွတ်အထိပ်၊ အပြီးအဆုံးတိုင်အောင် ဆောင်တယ်၊ ပို့တယ်။ ဒါကြောင့် သီလ၌တည်ပြီးတော့ နှစ်သက်ဖွယ်ဖြစ်တဲ့ ပူဇော်မှုတို့ကို ကိုယ့်စိတ်ထဲမှာ သဘောကျသလို ကောင်းမွန်စွာစီမံပြီးပြီဆိုတော့ ကိုယ်ပိုင်ဖြစ်တဲ့ ပစ္စည်းတွေကို ကိုယ်ပိုင်၊ကိုယ်တိုင်သူတစ်ပါးကို မစေမပါးမခိုင်းဘဲနှင့်အလှူဝတ္ထုကို လိုသလို အလှူခံဖို့လိုသလို စိတ်ကိုဖြောင့်မတ်စွာထားပြီးတော့ အတုအတူ မရှိ ဘုရားရှင်၊ ဘုရားသာသနာမှာကိုယ်ပိုင်ကိုယ်တိုင် ဆည်းကပ် လှူဒါန်းပြီးတော့ အလိုရှိရာ နှစ်သက်တဲ့ ဗောဓိနှင့် နိဗ္ဗာန်ကို စံဝင်ရပါလို၏။ ဒဲသည်လို ဆုယူ ဆုတောင်းကြ။

ဗောဓိဆိုတာ သစ္စာလေးပါးကို ထိုးထွင်းပြီး သိမြင်တာကို ဗောဓိလို့ခေါ်တယ်။ ဗောဓိသည် သမ္မာသမ္ဗုဒ္ဓ ဗောဓိ၊ ပစ္စေက ဗောဓိ၊ သာဝကဗောဓိ၊ သာဝကတွင်မှ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကရယ်လို့ အသီးသီးရှိကြတယ်။ ဇေတဗဂ်ရာထူးဌာနန္တရတို့မှာလည်း ကိုယ်အလိုရှိတဲ့ ဇေတဗဂ်ရာထူးဌာနန္တရတို့နှင့် နိဗ္ဗာန်ကို စံဝင်ရပါလို၏လို့ ဒဲသည်လို ဆုယူ ဆုတောင်းကြ။ တောင့်တတဲ့အတိုင်းဟာ ပြီးစီးအောင်မြင်လို့ နိဗ္ဗာန်ကို ဝင်ကြသွားတော်မူကြတဲ့သူတော်ကောင်းအစားစားတို့ဟာ ရေတွက်ခြင်းငှာ မစွမ်းနိုင်အောင် များပြားကြတယ်။ ဘာကြောင့်မို့ ဤကဲ့သို့ စိတ်နှလုံးအလို တောင့်တတဲ့ အတိုင်း ပြီးရပါသတုန်း ဆိုလို့ရှိရင် အခါကောင်းလို့၊ ဘဝ ကောင်းလို့၊ ဝီရိယကောင်းလို့။ ဘုရားပွင့်တော်မူတဲ့အခါ ဘုရားသာသနာတော် ရှိတဲ့ အခါ အခါကောင်းမည်တယ်။ လူ့ဘဝ၊ နတ်ဘဝ၊ သုဂတိဘဝ ရကြတဲ့ သူတော်ကောင်း အစားစားတို့သည် ဘဝကောင်းမည်တယ်။ အလိုရှိတဲ့ နှစ်သက်တဲ့ ဗောဓိကို ပြီးမြောက်အောင် ဝီရိယ ထူထောင်ပြီး ဖြည့်ကြ၊ကျင့်ကြ။ရှေးအရှင်ကောင်းတွေရဲ့ဝီရိယကို မီအောင်၊ ညီအောင် ထူထောင်ကြ။ ဒဲသည်လို ထူထောင်ကြတဲ့ သူတော်ကောင်းအစားစားတို့ဟာ ဝီရိယကောင်းကြတဲ့ဝီရိယတဲ့။ အခါက ဘဝကောင်းတာ သိပြီးတော့ ဝီရိယ ကောင်းကြတဲ့ သူတော်ကောင်းအစားစားတို့ဟာ မှန်းထားရည်ရွယ် တောင့်တကြတဲ့အတိုင်း အကြွင်းအကျန် မရှိ ပြီးစီးအောင်မြင်လို့ နိဗ္ဗာန်သို့ စံဝင်သွားကြတော်မူကြတာ မရေမတွက်နိုင်အောင် များပါတယ်။

## ဘုရားရှင်လက်ထက်

ဘုရားရှေလက်ထက်တော်ဘုရားပွင့်တော်မူတာကိုသိကြတဲ့များစွာသော လူနတ်ဗြဟ္မာများသည်ဘုရားရှင်၌ တည်ပြီးတော့ ဘုရားရှင်ထံမှောက်သို့အစဉ်

အတိုင်း လာရောက်ကြတယ်။ ရောက်ကြတဲ့ အခါကစပြီးတော့ ဘုရားရှင်ရဲ့ အသရေတော်ကို မျက်မှောက်အားဖြင့် ကြည်ညိုကြရပြီဆိုတော့ ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာမှ အားမရနိုင်၊ မရောင့်ရဲနိုင်ဘူးတဲ့ဗျာ့။ ပြီးတော့ ဘုရားရှင်ရဲ့ အာရုံ၌ တည်ပြီးတော့ နှစ်သက်ဖွယ်ဖြစ်တဲ့ ပူဇော်မှုတို့ကို လေးစား ကြည်ညို ပူဇော်ကြတယ်။ အတုအတူမရှိပါတဲ့ ဘုရားရှင်သည် အစဉ် သနား ပြီးတော့ ကိုယ်တော်တိုင် ထိုးထွင်းသိပါတဲ့အတိုင်း သဗ္ဗညုတ ရွှေဉာဏ်ဖြင့် သိစေတော်မူတယ်။ ဘုရားဆုံးမပါတဲ့ ဘုရားအဆုံးအမကို ရကြပြီဆိုမှဖြင့် ခုချတဲ့ ဝီရိယဖြင့် ဣရိယာပုထ်လေးပါးမှာ တစ်ဆက်တည်းပါအောင်ထူထောင် ပြီးယူကြတယ်။ ယူကြပြီဆိုတော့ အခါမလင့် တောင့်တတဲ့အတိုင်းဟာ ချမ်း သာသုခ ဆိုက်ပါတယ်။ ဆိုက်တဲ့အခါကျပြီဆိုတော့ ဝမ်းမြောက်ကြဝမ်းသာ ကြရတယ်။

ဘယ်လိုများ ဝမ်းမြောက်ကြ၊ ဝမ်းသာကြရပါသတဲ့ဆိုလျှင် လူ့ဘဝ သူ့ဘဝဟူ၍ ပြောစလောက်ပြီး သံသရာတစ်လျှောက်လုံးအတွက်ဟာ ငြိမ်းရ ခအေးရပါပြီလို့ ဤကဲ့သို့ တစ်ခဏစာ၊ တစ်ဘဝစာမဟုတ်၊ သံသရာတစ် ခလျှောက်လုံးအတွက်ဝမ်းမြောက်ကြရ၊ ဝမ်းသာကြရပါသတဲ့ဗျ။ ဤကဲ့သို့ဝမ်း မြောက်ကြ၊ ဝမ်းသာကြရတာဟာ ဘယ်အချိန်အခါမှာလဲဆိုတော့ ဘုရားရှင် ပွင့်တော်မူတဲ့အခါ ဘုရားသာသနာရှိတဲ့အခါ ဘုရားထံမှောက်သို့ ရောက်လိုမှု များစွာသော လူ၊ နတ်၊ ဗြဟ္မာတို့ဟာ ခဏတစ်မုဟုတ်ချင်းမှာ အသီးသီး တောင့်တချက် ပြီးကြတယ်။ ဘယ်လောက်များ ပြီးဆုံးကြပါသလဲဆိုတော့ ကုဋေပေါင်း၊ ရာပေါင်း၊ ထောင်ပေါင်း၊ သောင်းပေါင်း၊ သိန်းပေါင်း တစ်ခါတစ်ခါကျပြီဆိုတော့ ကုဋေပေါင်းအသင်္ချေ။ ဤကဲ့သို့ စိတ်နှလုံးအလို တောင့်တချက် ပြီးကြသတဲ့ဗျ။ ပြီးတော့ ခဏတစ်မုဟုတ်ချင်းမှာဆိုရင်လည်း ဤကဲ့သို့ ဤကဲ့သို့ တောင့်တချက် အသီးသီးတို့ဟာ ပြီးစီးကြတယ်။ ဘုရားထံ မှောက်သို့ ဤကဲ့သို့ ဆက်ကာဆက်ကာဖြင့် များစွာသော လူ၊ နတ်၊ ဗြဟ္မာတို့ သည် ရောက်ကြတယ်။ ရောက်ကြသည်ဖြစ်သောကြောင့် ဆက်ကာဆက်ကာ ဘယ်အချိန်မှ မပြတ်အောင် လေးစားကြည်ညိုကြတော့ ထိုအချိန်တိုင်းမှာပင် လျှင် စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း များစွာသော လူနတ် ဗြဟ္မာတို့ ဟာ ပြီးကြပါသတဲ့ဗျ။

## စိတ်နှလုံးအလို

ဒါဘာကြောင့်လဲဆိုတော့ အချိန်အခါ ဘဝကောင်းကြတာ သိပြီးတော့ လိုအပ်တဲ့ဆန္ဒပြီးအောင် အအားအနားမထားဘဲ အဲသည်လို ယူကြတာဗျာ့။ ဒါဟာ ဘုရားရှင် ရွှေလက်ဆက်တော်ကသာမဟုတ်။ ဘုရားရှင်ပရိနိဗ္ဗာန်စံပြီး တဲ့နောက် ဘုရားရှင် သာသနာ ထားတော်မူခဲ့တယ်။ ထားတော်မူခဲ့ပါတဲ့ **အဆုံးအမကိုရကြ**ပြီးတော့ မတဲ့ဗျ၊ ဝီရိယနှင့် ထူထောင်ကြတယ်။ အဲဒီလို

မြဲမြဲမြံမြံ ခိုင်ခိုင်ခံ့ခံ့ အခါခပ်သိမ်း အချိန်တိုင်းမှာ ယူကြတော့ ရကြပါသတဲ့ဗျ။ ဒါဘာတုန်းဆိုရင် အခါဘဝကောင်းကြတာကို သိပြီးတော့ ယူကြတဲ့ များစွာသော လူ နတ် ဗြဟ္မာ အပေါင်းတို့ဟာ ပစ္စုပ္ပန် သံသရာနှစ်ဖြာမှာ ကောင်းသော စိတ်နှလုံးအလိုအတိုင်း ဖြစ်ပြီးကြတာတဲ့ဗျ။ တို့ဘုရားရှင်ဆုံးမပါတဲ့ အဆုံးအမ သာသနာဆိုတာ ဘယ်သင်းခေါ်ပါသလဲဆိုလျှင် အားလုံးသော မေတ္တာရှင်၊ ကရုဏာရှင်ဖြစ်ကြတဲ့ သံဃာတော်ကောင်း၊ အရှင်ကောင်းတို့ဟာ သုံးပါးသော ပိဋကတ်တို့ကို ပို့ကြ၊ ချကြ၊ ဟောကြ၊ ပြောကြတာဟာ ဘယ်အချိန်အခါမှ မလပ်အောင် မေတ္တာတည်းဟူသော မိုးစွေပြီး အခွင့်အခါသင့်တိုင်းသင့်တိုင်း ဘယ်အချိန်မှမလပ်အောင်၊ ဘယ်နေရာမှ မလိုအောင် ချီးမြှောက်တော်မူကြတယ်။ ဒီလိုချီးမြှောက်တော်မူလို့ ရကြပါတဲ့ အားလုံးသော ဒါယကာ ဒါယိကာမတွေမှာလည်း ဘုရားဆုံးမတော်မူပါတဲ့ သုံးပါးသော ပိဋကတ်တို့ကို ကိုယ်နှင့်တန်သလို ကျွမ်းနိုးလိမ္မာလို့ သွက်လက်ဖျတ်လတ်ပြီး ရှိကြတယ်။ သည်တော့ ဒါတွေကို ပြောစမ်းပါလို့ဆိုလျှင်ပြောလို့မကုန်နိုင်အောင် များပါတယ်။ အေး၊ ဤကဲ့သို့ ဘုရားရှင် ဆုံးမတဲ့ပိဋကတ်သုံးပါးတို့ဟာ ကျယ်ဝန်းများပြား နေပင်နေငြားသော်လည်း စင်စစ်မှာတော့ ဆင်းရဲမှ လွတ်မှုတစ်ခုပါတဲ့ဗျ။ ဒါကြောင့်မို့ ဆုံးမပါတဲ့ အဆုံးအမများစွာ ရပြီးတော့ထားကြတယ်။

သည်အဆုံးအမမှန်မှန်ကို ကိုယ်နှစ်သက်ရာတစ်ခုခုကို ကောင်းမွန်စွာ စိစစ်ပြီးပြီဆိုတော့ ဝီရိယသန်သန်နှင့် လိုက်နာကြတဲ့ သူတော်ကောင်းများရဲ့ ဝီရိယကိုမီအောင် ညီအောင် ထူထောင်ကြ။ ထူထောင်ကြပြီးဆိုလျှင် ထိုထိုတစ်ပါးအာရုံမသွားဘဲနှင့် ဘုရားဆုံးမတဲ့ အဆုံးအမမှာ တည်မယ်။ တည်တဲ့အခါကျပြီဆိုမှဖြင့် ဤကဲ့သို့ တော်အောင်ပြုတဲ့ ဝီရိယရှိပြီဆိုလျှင် ဝီရိယိဒ္ဓိပါဒ်ဟာ ပေါ်လာပယ်။ ဘယ်လိုဖြစ်ပါသလဲဆိုလျှင် တည်နေတဲ့အချိန်မှာ ဘုရားဆုံးမပါတဲ့ အဆုံးအမကို စိုက်စိုက်စူးစူးနဲ့ တစ်ခါတည်း သက်ဝင်ပြီးတည်နေတဲ့အချိန်မှာ ဆင်းရဲကိုဖြစ်စေတဲ့ လောဘ၊ ဒေါသ၊ မောဟတို့ဟာ ရှိနိုင်ပါဦးမလားဗျာ။ (မရှိပါဘူး ဘုရား)

အဲဒီအချိန်မှာ လောဘ၊ ဒေါသ၊ မောဟတို့ မရှိဘူးဆိုတော့ ဒါဟာ ကုသိုလ်တွေ စင်ကြယ်တာပေါ့ဗျ။ အဲဒီလို အကုသိုလ်စင်ကြယ်တဲ့ အချိန်မှာ စိုးရိမ်ကြောင့်ကြ ပူပန်မှုဟာ ရှိပါဦးမလား။

ဖြေ။ ။မရှိပါဘူးဘုရား။

မေး။ ။သည်လို စိုးရိမ်ကြောင့်ကြ ပူပန်ရတာက ဆင်းရဲတာလား၊ ချမ်းသာတာလား။

ဖြေ။ ။ဆင်းရဲပါတယ်သူရား။

မေး။ ။စိုးရိမ်ကြောင့်ကြ ပူပန်မှုမရှိဘူးဆိုတော့ ဘယ့်နှယ်လဲဗျာ။

ဖြေ။ ။ချမ်းသာပါတယ် ဘုရား။

မေး။ ။အဲသည်တော့ ဘုရားဆုံးမပါတဲ့အဆုံးအမမှန်မှန်ကိုဝီရိယသန်သန်နှင့် ထူထောင်လိုက်ပြီဆိုတဲ့အခါကျတော့ ဒါဟာ ဆင်းရဲက ထုတ်နုတ်ပြီး ဆောင်တာ မဟုတ်ဘူးလားဗျ။

ဖြေ။ ။တင်ပါ့ဘုရား။

## စိုးရိမ်ပူပန်မှုမရှိ

ဒါဟာ အခု ချက်ချင်းကိုပဲ ဝီရိယ ထူထောင်ကြတဲ့ အရှင်ဘုရားနှင့် ယခု ချက်ချင်း ဆင်းရဲက ထုတ်နုတ်ပြီး ဆောင်တာပါပဲဗျ၊ သံသရာမှာရော ဆိုလျှင် လည်း သက်တမ်းစေ့လို့ များများမဟုတ်ပါဘူး။ ယခု အချိန်နောက်ကိုပဲ စိုက် စိုက်စူးစူးနှင့် ဘုရားဆုံးမပါတဲ့ အဆုံးအမဥ္စ သက်ဝင်ပြီးတော့နေရင် ဤကဲ့သို့ နေရင် သက်တမ်းစေ့လို့ စုတိကျရမယ်ဆိုလျှင် ဤကဲ့သို့ မြင့်မြတ်တဲ့ ဘုရား အဆုံးအမဥ္စ သက်ဝင်တည်နေတဲ့ သူတော်ကောင်းဟာ စိုးရိမ်ကြောင့်ကြပူပန် ခြင်း ဖြစ်မလား။ (မဖြစ်ပါဘူး ဘုရား)

ဒါဟာ ခဏကလေးပါ၊ အချိန်ကြာကြာကြီး မဟုတ်ပါဘူး။ ခဏ ကလေးကိုပဲ သည်လို အာရုံပြုရုံနှင့် ဝီရိယထူထောင်သူနှင့် ပစ္စုပ္ပန်ချမ်းသာ အတွက်တို့ကို သေသေချာချာ လုံလောက်ပါသလားဗျ။ သည်တော့ သည်ထက် အချိန်များများကလေး ထားမယ်ဆိုရင် ဤမျှလောက် ကပါ့မလား။

ဖြေ။ ။ဤမျှ မကပါဘူးဘုရား။

ဤမျှလောက်မကဘူးဆိုတာကဘယ်လိုလဲ၊ ဘုရားဆုံးမပါတဲ့ အဆုံးအမ တွေကို အစဉ်အတိုင်း ရပြီးတော့ ပြောတတ်ကြတယ်၊ သည်လို ပြောတတ်တာ ဟာ တွေးပြီးတော့ မှန်းပြီးတော့ မှတ်ပြီးတော့ ပြောရတာလား။

ဖြေ။ ။ကိုယ်တိုင် ဒိဋ္ဌသိလို့ ပြောရတာပါဘုရား။

ဘုရားဆုံးမတာတွေကို မှတ်ပြီးတော့ အသီးသီး ထားကြတာပေါ့လည်း မေတ္တာရှင် ကရုဏာရှင်တွေရဲ့ ဆုံးမတော်မူခဲ့သ ဖြစ်သောကြောင့် ဒါတွေကို မှတ်ထားတယ်၊ ဒါတွေလည်း ကျေးဇူးဂုဏ်တွေပါပါတယ်၊ အဲသည်လိုလိုက်ပြီး စိတ်ထားကို သိရှိနားလည်တာတွေဟာ သည်ဟာတွေရဲ့ အကျိုးတရား သည်ကို ပြောစမ်းပါဆိုလျှင် ဒါဟာ မကုန်နိုင်အောင် ကြီးကျယ်ခမ်းနား မြင့်မြတ်ပါ တယ်ဗျ။ ယခုလို ဘုရားဆုံးမတဲ့အတိုင်း လိုက်နာလို့ ဝီရိယထူကောင်းလို့ မျ ယိဒ္ဓိပါဒ် ပေါ်သည် ဖြစ်သောကြောင့် ဝီရိယရှင်သခင်တွေဟာ သိတော်မူတော့ ဒါကမှသာပြီးတော့ ရှင်းတာဗျ။ သည်တော့ ဤကဲ့သို့ အချိန်တွေ မြန်မြန်တာ ကို သိပြီး ဝီရိယ တိုးလိုက်တယ်။ တိုးလိုက်တဲ့အခါကျတော့ ရှေးက အရှင်တွေ

ဟာ အားမရ မရောင့်ရဲနိုင်အောင် အစဉ်အတိုင်းသာ တစ်ခါတည်း ဆောင်ရွက်ခဲ့ကြတော့တာပဲဗျ၊ အားလုံးတို့ဟာ သည်လို ရွက်ဆောင်ကြတယ်။ ရွက်ဆောင်တော့ ကိုယ့်တောင့်တချက် ပြီးတယ်။

ပြီးတဲ့အခါကျတော့လည်း သည်ထက်သာလျှင် ပိုပြီးတော့ ကိုယ်တိုင်မျှ မကဘဲ များစွာတို့ကိုလည်း ချမ်းသာသုခရစေလိုတဲ့ဆန္ဒတွေဖြစ်ပြီးတော့ ရရာရ ကြောင်းတွေကိုလည်း သိပြီးပြီဆိုတော့ သိတဲ့အတိုင်းလည်း ဆောင်လိုတဲ့ ဆန္ဒများပြီး အဲဒီလို အစဉ်အတိုင်း ဆောင်ကြတော့တယ်ဗျ။ ဆောင်ကြပြီ ဆိုတော့ ဆောင်သည့်အားလျော်စွာ မှန်းထားသလောက်မကဘဲ များစွာ တိုးတက်တာတွေကို ကိုယ်တိုင်မြင်ရတယ်။ ကိုယ်တိုင် မြင်ရတော့ သိတော့ ဝမ်းမြောက်တဲ့ အားမရနိုင်ဘဲ သူတို့မှာ ဘုရားရှင် သာသနာတည်ပြီဆိုမှ ဖြင့်လျှင် တောင့်တချက်အတိုင်း လူနတ်ပြဟ္မာတွေဖြစ်မှာ သိပြီဆိုတော့ တည်ရာ တည် ကြောင်း ပြုလိုပြုတဲ့ အခါကျတော့ မှန်သလောက်မကအောင် ပိုပြီးတော့ အစီးအပွားများတာ သိပါတယ်။ သိပြန်တော့လည်း သည့်ထက် တိုးအောင် ဆောင်လို့ မြင့်မြတ်လိုက်ကြတာတွေကို မှန်းပြီးတော့သိတယ်။ သည်လို သိလေ လေ၊ သည်လို မြင်လေလေ အစီးအပွားများ အောင်မြင်အောင် ဆောင်လိုတဲ့ မြင့်မြတ်တဲ့ဆန္ဒတွေ များလေလေ ဆောင်လေလေပဲသည်လိုပါတဲ့ဗျ။

## ဝီရိယသန်ကြ

ဘုရားရှင် ရှေ့လက်ထက်တော်က မြင့်မြတ်ကြတဲ့ သူတော်ကောင်း အစားစားတို့ဟာ ဤကဲ့သို့ အားမရ မရောင့်ရဲနိုင်ဘဲ ဖြစ်ကြသလားဆိုတော့ မဟုတ်ပါဘူးဗျ။ ယခုလည်း အားလုံးသော သူတော်ကောင်း အစားစားတို့ ဟာ ဘုရားအဆုံးအမကိုရကြသည့်အားလျော်စွာ ရှေးအရှင်တွေကဲ့သို့ တူထောင် ကြတယ်ဆိုလျှင် ရှေးအရှင်တွေလို ထပ်တူညီမျှ အားမရ မရောင့်ရဲနိုင်အောင် ဖြစ်ကြမှာပါပဲဗျ၊ ဒါကြောင့်မို့ အချိန်အခါ ဘဝမြင့်မြတ်တာကို သိပြီးပြီဆို တော့ ကိုယ်အလိုရှိတဲ့ မှန်းထားချက်တွေ မြန်မြန်ကြီးပြီးအောင်ဝီရိယသန်ကြဗျ။ ဝီရိယသန်ကြမည်ဆိုမှဖြင့်အလုံးစုံတို့ဟာတစ်ခါတည်းတသီတတန်းကြီးဟာချမ်း သာကြပါလိမ့်မယ်ဗျ။ရှေးအရှင်တွေဟာဤကဲ့သို့ပြီးစီးအောင်မြင်ကြပြီဆိုတော့ အားလုံးတို့ကို ထပ်တူညီမျှ ရကြစေချင်သည်ဖြစ်သောကြောင့် ဆုံးမတော်မူတဲ့ အဆုံးအမကတော့ မြင်ပါတယ်။ သည်အဆုံးအမကိုပဲ လိုက်နာမှ တောင့်တတဲ့ အတိုင်း ပြီးမှာကိုသိပြီး လိုက်နာမှုဆိုတာကလည်း ဘယ်လိုများ လိုက်နာရမလဲ ဆိုတာကိုသိစေချင်သည်ဖြစ်သောကြောင့် အရှင်မြတ်များသည် ဘုရားဆုံးမတဲ့ အဆုံးအမကိုနာလို့ ဆိုလာပြီး ချမ်းသာသုခရပြီးတဲ့အရှင်မြတ်များက အားလုံး တို့ကိုလိုက်သချင်၊ရသချင်ဖြစ်သောကြောင့် ကြိုးစားပြီးတော့မီရအောင်၊တွေ့ရ အောင်၊ ကြည့်ရအောင် ရှေ့က မားမားမတ်မတ်ကြီးပါဗျ။ ကိုယ်နှင့် နှုတ်နှင့်

ရှေ့က မြင်တာအောင်ဆောင်တော်မူကြတာဗျ။ မြင်တော်မူကြတဲ့အခါကျတော့လည်း ချမ်းသာသုခလိုလားတဲ့အရှင်တွေဟာ ဘုရားဆုံးမတဲ့ အဆုံးအမ ရပြီးပြီဆိုတော့ စိတ်ထားဖြင့် တည်ပြီးရောက်ကြတယ်။ရောက်ကြတော့ တချို့ ဆိုဆုံးမရသည်မဟုတ်ဘူး။ သည်အရှင်တွေရဲ့ လုံ့လ ဝီရိယကို မီအောင်၊ ညီအောင်ဟာ ပျော်ပျော်ရွှင်ရွှင်ကြီး လိုက်နာတော့တာပဲ၊ လိုက်နာတော့လည်းအရှင်မြတ်တွေနှင့် ထင်တူညီမျှ အကုန်လုံး တစ်ညီတည်း ဖြစ်ကြပါသတဲ့ဗျ။

ရှင်သာရိပုတ္တရာထံ ရောက်ကြတဲ့ ဘုရားရှင်ရဲ့ တပည့် သားသမီးတွေဟာ ရှင်သာရိပုတ္တရာလိုပဲ။ ရှင်မောဂ္ဂလာန်ထံ ရောက်ကြတဲ့ဘုရားရှင်ရဲ့ တပည့် သားသမီးတွေလည်း ရှင်မောဂ္ဂလာန်လိုချည့်ပဲ။ ရှင်မဟာကဿပထံ ရောက်ကြတဲ့ ဘုရားရှင်ရဲ့ တပည့်သားသမီးတွေလည်း သည်လိုပါပဲတဲ့ဗျ။အသီးသီးအရှင်မြတ်တွေဆီ ရောက်ကြတဲ့ဟာ အသီးသီးအရှင်မြတ်တွေနှင့် တူတာချည့်ပဲ။ရှင်သာရိပုတ္တရာ၊ ရှင် မောဂ္ဂလာန်၊ ရှင်မဟာကဿပတို့ဟာတူကြကယ်ဆိုတော့ ရှင်သာရိပုတ္တရာက တစ်မျိုး၊ ရှင်မောဂ္ဂလာန်ကတစ်မျိုး၊ ရှင်မဟာကဿပက တစ်မျိုး မဟုတ်ဘူးဗျ။ ဘုရားဆုံးမတာကညီတယ်၊ တူတယ်၊ လုံ့လဝီရိယသဒ္ဓါကလည်း ညီတယ်။ အဲဒီတော့ ချမ်းသာသုခတွေကလည်း အတူတူချည်းပဲ။ တစ်ပြိုင်နက်တည်းပါတဲ့ဗျ။ အဲ့သည်လို တူကြတာဗျ။ ယခုလည်း လိုက်နာကြတဲ့ အခါ ချမ်းသာသုခဆိုက်လာပြီဆိုတော့ သည်လို အင်အားတွေနှင့်သည်လိုသောင်ခိုင်းကြမှာချည်းပဲဗျ။ ယခုလည်း အားလုံးတို့ဟာ ဘုရားဆုံးမပါတဲ့အဆုံးအမတွေကို မှတ်ထားပြီး လိုက်နာကြတော့ အားလုံးတို့ဟာ အားမရ မာရာင့်ရှိနိုင်အောင် ထူထောင်ကြတာပဲဗျ။

လေးပါးသော ပစ္စည်းနှင့်တကွ ချီးမြှောက်ပါလို့ရှိလျှင် ဘုရား အဆုံးအမ သာသနာတည်မယ်။ တည်ပြီဆိုမှဖြင့် အားလုံးတို့ဟာ အမိုးဟပ္ပားတွေများမယ် ဆိုတာ သိပြီးတော့ လေးပါးသောပစ္စည်းတွေနှင့်တကွ ကျောင်းပြီးပြီဆိုတော့ သာသနာတည်အောင် ချီးမြှောက်ကြတာတွေပါဗျ။ ချီးမြှောက်တဲ့နေရာမှာ ဘာမျှလိုတယ်လို့ မရှိပေါင်ဗျာ။ကျောင်း၊သင်္ကန်း၊ဆေးအမျိုးမျိုးအပြားပြားတွေ ပြုလိုက်ကြတာ ဘယ်ဟာမှ လိုတာ မရှိပါဘူးတဲ့ဗျ။ လိုတာမရှိသော်လည်း သည်လောကနှင့် တော်ရာပေါ့လို့ ဒကာကြီး ဒကာမကြီးတွေဟာ အားရမလားဗျ။ (အားမရပါဘူးဘုရား။)

သည်လောကကလေးများ အောင့်တဲ့တောင် မပြောချင်ပါဘူးလို့ အဲဒီလို ဖြစ်တာဗျ။ အဲဒါ ဘာကြောင့်လဲ ဆိုရင် ယခုနဟာတွေကိုမြင်လို့ သိလို့ဗျ၊ ဟုတ်ကဲ့လား။ (ဟုတ်ပါတယ် ဘုရား။)

ပြုနေရင်းပင်လျှင် သည်လောက ကလေးများတော့ အားမရပေါင်။ သည်တစ်ခါ ပေးလိုက်ဦးမယ်နှင့် ဟုတ်လားဗျ။ (ဟုတ်ပါတယ်ဘုရား။)

ရှေးက အရှင်တွေကလည်း သည်လိုပဲတဲ့ဗျ။ ပြီးတော့ အစဉ်အတိုင်းဟာ သည်လိုဝီရိယတွေ တူတောင်ပြီးတော့ ယခုလို ထားကြတာဗျ။ ပစ္စည်းလေးပါးနှင့်တကွ သည်လို ချီးမြှောက်ဘော့ ဘာမှမလိုဘဲ အကုန်လုံး ဖြစ်နေတော့ သူတို့မှာ စိတ်ချမ်းသာတာကိုးဗျ။ ယခုလို ချမ်းသာတဲ့ အခါကျတော့ စိတ်တို့ ဘာတို့ဟာချမ်းသာပြီဆိုလျှင် ဘာဖြစ်သလဲဆိုလျှင် ဘုရား ဆုံးမတဲ့ အဆုံးအမကို လိုက်နာကြတယ် ဆိုမှဖြင့် စိတ်တို့ ဘာတို့ဟာ ငြိမ်လွယ်တယ်၊ တည်လွယ်တယ်။ သည်လိုတည်တဲ့အခါကျတော့ ယထာဘူတတဲ့။ အမှန်ကို သိကြ၊ မြင်ကြ၊ ကြားရသတဲ့ဗျ။ အဲဒါသိတော့ သည်လိုချည်းပဲ ပြုတာဗျ။ ဘယ်လိုတုန်းဆိုတော့ ဘုရားရှင်ရဲ့ တပည့် သားသမီးတွေဟာ စိတ်နှလုံး အတိုင်းပြီးအောင် ကိုယ်နှင့်၊ နှုတ်နှင့်၊ စိတ်နှင့် အဲသည်လို ဆောင်ကြတယ်။ ဆောင်ကြလို့ ချမ်းသာတဲ့အခါကျတော့ သူတို့ တောင့်တတဲ့အတိုင်း ပြီးတာကိုးဗျ။

## ခပ်မှောင်မှောင်ကလေး

ဒါကြောင့်မို့ အတူတကွ နေတာ ထိုင်တာမှာလည်း အားလုံးတို့ဟာ ဘယ်လိုတုန်းဆိုတော့ ကိုယ်နှင့်၊ နှုတ်နှင့်၊ စိတ်နှင့် အလုံးစုံပြုမယ်ဆိုတော့ ရှေးအရှင်တွေသည် ဘယ်လိုလဲဆိုလျှင် ဥပမာ-ဘာသိဘာသာ ယခုလို နေရာမှာ နေတယ်။ နေတဲ့အခါက စပြီဆိုတော့ ယခုလို လင်းပြီးတော့ နေတာဗျ။ အဲသည်လို လင်းပြီးနေတဲ့ဟာကို ကိုယ်က ခပ်မှောင်မှောင်ကလေးနှင့် နေချင်တယ်လို့ စိတ်ဆန္ဒ ဖြစ်တယ်။ အဲသည်လိုမှလည်း အစီးအပွားများမှာကို သေသေချာချာကို သိတယ်။ သိတော့လည်း လင်းတဲ့ဟာကို မှောင်အောင် လုပ်လို့ ကိုယ်ဟာကိုယ် သည်လို မလုပ်ရဘူးတဲ့ဗျ။ ဘယ်လိုလုပ်ရမလဲဆိုလျှင် ကိုယ်နှင့်အတူရှိတဲ့ အားလုံးသော သီတင်း သုံးဖော် ရဟန်းသံဃာတော်တွေကို လျှောက်ဦးတဲ့။ ဘယ်လိုလဲဆိုတော့ ရဟန်းသံဃာတော်များ လင်းတာက ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမယ့်သည့်ထက် ခပ်မှောင်မှောင်ကလေးမှ ပိုပြီး မကောင်းဘူးလား။ ဒါကြောင့် တပည့်တော် မလင်းအောင် ပြုလိုက်ပယ်လို့ သည်လိုပြောရတယ်။ ကိုယ်ကတော့ မှောင်သွားလို့ ရှိလျှင် သေသေချာချာသဘောကျနေပြီ။ သို့သော်လည်း ကိုယ့်သီတင်းသုံးဖော်တွေက ဘယ်လိုမှန်းမသိသေးလို့ ကိုယ်က ဘယ်လိုဖြစ်ချင်သလဲ ဆိုလျှင် ကိုယ်ရဲ့ သီတင်းသုံးဖော်တွေရဲ့ စိတ်နှလုံး အလိုအတိုင်း သဘောကျအောင် ဆောင်စေတာကိုးဗျ။

သဘောကျတာကလည်း ကိုယ်လိုဟုတ်ချင်မှ ဟုတ်မှာကိုး ။ သည်တော့ ကိုယ့်အကြိုက်ကိုမစီမံရဘူး။ ကိုယ့်ဆန္ဒအတိုင်းမလုပ်ဘူး၊ အားလုံးသော သီတင်းသုံးဖော်အတွက် စိတ်ဆန္ဒအတိုင်းဆောင်ချင်သည်ဖြစ်သောကြောင့် သေသေ

ချာအတွေးနှင့်လုပ်လျှင်လည်း ကိုယ်ဘွေးတာနှင့် ကိုယ်မှားတာမတည့်လို့ရှိရင် အားလုံးတို့ ဆင်းရဲသွားမှာကိုး။ ဒါကြောင့် အားလုံးတို့ရဲ့ စိတ်ဆန္ဒကို သိချင်သည်ဖြစ်သောကြောင့် ဘုရားတပည့်တော်သည် ခပ်မှောင်မှောင်ကလေးဖြစ်အောင်ပြုပါရစေ။ အရှင်ဘုရားများ နှစ်သက်တော်မူပါ့ရဲ့လားလို့ လျှောက်ရတယ်။ လျှောက်တဲ့အခါကျတော့ သီတင်းသုံးဖော်တွေက ငါ့ရှင်ရဲ့ သည်လိုပဲ လင်းလင်းကောင်းပါတယ်ဆိုလျှင် ဒါကို ကိုယ်က သဘောကျလိုက်ရမှာ၊ ဘာဖြစ်လို့လဲဆိုရင် အားလုံးအရှင်တွေရဲ့ စိတ်နှလုံးအလိုအတိုင်း ဆောင်ချင်တာကိုးဗျ။ သိလိုတာကိုးဗျ။

ယခု ပြန်ပြီးမိန့်တော်မူတဲ့ အခါကျတော့ သူ့စိတ်မှာ ချမ်းသာပြီး သည်အရှင်တွေချမ်းသာမှုကို ငါဆောင်လိုက်ရတယ်။ ကိုယ်ကတော့ ဥပမာအားဖြင့် ဘယ်လိုပဲ ယခုနလိုမှောင်တာကို နေချင် နေချင် သည်အရှင်တွေ ချမ်းသာအောင်ပြုချင်သည်ဖြစ်သောကြောင့် သဘောကျလိုက်တာတဲ့ဗျ။ ပြီးတော့ ခပ်မှောင်မှောင်ကပဲ ကိုယ်က လင်းလင်းနေချင်လျှင်လည်း သည်လိုပဲတဲ့ဗျ။ ကိုယ်ကတော့ သည်လို လင်းလင်းနေချင်ပြီး သို့သော်လည်း သည့်ပြင်ကိုယ့်သီတင်းသုံးဖော်တွေကို အဲသည်လိုလျှောက်ဦး၊ အရှင်ဘုရားများ ဘုရားတပည့်တော်ဟာ သည်လိုမှောင်မှောင်နေတာကို မကြိုက်သေးပါဘူးဘုရား။ တပည့်တော် လင်းလင်းကြီးပြုပါရစေလို့ လျှောက်ရမယ်။ သည်တော့ သီတင်းသုံးဖော်တွေက ငါ့ရှင် သည်လိုခပ်မှောင်မှောင်ကပဲ ကောင်းပါတယ်လို့ရှိလျှင် အရှင်ဘုရားများက မှောင်မှောင်ကြိုက်တာ ဘုရားတပည့်တော်က လင်းလင်းကြိုက်တယ်လို့ သည်လိုမလုပ်ရဘူး။ ဘာကြောင့်လို့ဆိုလျှင် သူတော်ကောင်းများဟာ ဘယ်လိုလဲဆိုလျှင် အားလုံးသော သီတင်းသုံးဖော်တွေရဲ့ ချမ်းသာမှုကိုသာ ရှေးရှုပြီး ဆောင်နေတာကိုးဗျ။ အဲသည်တော့ ကိုယ်က သည်လိုသဘောကျတယ်။ သည့်ပြင်အရှင်တွေက သည်လိုသဘောကျတာ အဲသည်လိုမတူဘူး။ အဲသည်တော့ ငါက သဘောကျသလိုလုပ်မယ်လို့ စိတ်ထဲမှာ မရှိဘူးတဲ့ဗျ။ အားလုံးရဲ့ ချမ်းသာမှုကြီးကိုပဲ ရှေ့ရှုနေတာတဲ့။

အဟုတ်ချမ်းသာစေချင်

ရှေးက သူတော်ကောင်း အစားစားကိုဟာ သည်လိုချည်းပဲဗျ။ သူကလည်း သီတင်းသုံးတာဟာ ပရိယာယ်မဟုတ်ဘူး။ အဟုတ်ကို ချမ်းသာစေချင်တာဗျ။ ကိုယ့်စိတ်ထဲသဘောကျသလို ကိုယ်က သည်လိုဖြစ်ပေမယ့် သူတို့ကဖြစ်ချင်မှုဖြစ်မှာ ဘာကြောင့် အဲသည်လို လျှောက်ပြီးလုပ်ရမယ်။ ချမ်းသာအောင်လုပ်တယ်ဆိုပေမယ့် ငါက ချမ်းသာအောင်လုပ်တာ သူ မချမ်းသာတာတော့ ဘယ်တတ်နိုင်မလဲလို့ မလုပ်ရဘူး။ သည်တော့ ယခုနက မှန်းတဲ့အတိုင်း

ပြီးမြောက်မှာမဟုတ်ဘူး။ အားလုံးတို့ကို ချမ်းသာစေချင်လျှင် ချမ်းသာအောင် ယခုရော၊ နောင်ရော သည်လိုဆောင်ရတယ်။ ဥပမာအားဖြင့် ယခုလို တံခါးတွေ ဘာတွေ ဖွင့်ပြီးတော့နေတာကို ကိုယ်ကမကြိုက်ဘူး။ ကိုယ်ကတော့ အကုန် ချမ်းသာအောင် ပိတ်မှချမ်းသာမှာ ထင်ပါရဲ့လို့ သည်လိုအတွေးနှင့် မလုပ် လိုက်နှင့်၊ ကိုယ်က အားလုံးချမ်းသာမယ်ထင်ပြီး မလုပ်လိုက်နှင့်၊ ဘယ်လိုလဲ ဆိုလျှင် လျှောက်ပါဦး၊ အရှင်ဘုရားများ ယခုလိုဆိုတော့ ဒလကတိုက်လိုက် တာ ဘုရားတပည့်တော် သည်တံခါးများကို ပိတ်လိုက်မယ်ဘုရား။ အရှင် ဘုရားများ နှစ်သက်တော်မူပါသလားလို့ လျှောက်ရမယ်။ သည်တော့ ငါ့ရှင် နေပါစေ၊ သည်လိုပဲကောင်းတယ်ဆိုရင် ဒါကိုဝမ်းသာပြီး ကိုယ်က ယခုနလို တံခါးပိတ်ထားတာကို ဘယ်လောက်ပဲနှစ်သက်လို့ သဘောကျပါစေ၊ ယခုန ဟာလိုပဲဗျ။ အဲဒါဘာလဲဆိုလျှင် အကုန်လုံးရဲ့အတွက်ကို ရှက်ဆောင်လိုလို့ တဲ့ဗျ။ ဥပမာ သည်လို သီတင်းသုံးဖော်တွေနှင့် အတူတကွ နေကြတယ်။ ကိုယ်က သွားချင်လာချင်တဲ့အခါမှာ အသွားကြမ်း အလာကြမ်း အဝတ် ကြမ်းနှင့် အဲသည်လိုဖြစ်သွားပြီဆိုလျှင် ငါ့သီတင်းသုံးဖော်တွေဟာ အစီး အပွားပျက်သွားလိမ့်မယ်။ ပျက်လည်းပျက်မှာကိုးဗျ။

သည်တော့ အဲသည်လို သိပြီးပြီဆိုတော့ ယခုနပြောတဲ့ ကိုယ်တို့နှုတ်တို့ ဟာ အလွန် နူးညံ့ပြီးသွားတယ်။ မကျန်အောင်သွားတယ်။ ပြုတာပြုတယ် ဘာမှ မကြမ်းတမ်းရဘူးတဲ့ဗျ။ အဲသည်လိုပြုရတာတဲ့ဗျ။ သည်လိုအလုပ်လည်း သူတို့ဟာသူတို့ ဘယ်နှယ်နေနေ၊ ငါကသည်း ကိုယ်သွားတတ်သလိုသွားတယ်။ ကိုယ်ပြောတတ်သလိုပြောမှာလို့ သည်လိုမလုပ်ရဘူး။ သည်လိုပြုလျှင် ကိုယ့် အတွက်နှင့် ဆင်းရဲမှုလွတ်မှုအတွက် လုပ်နေတာဟာ ကိုယ်အတွက်နှင့် ပျက် သွားရင် ကိုယ့်မှာ နစ်နာမယ်ဗျ။ ဒါကြောင့် အားလုံးတို့ဟာ သည်လိုချည်းပဲ ရှေးက ဆောင်တော်မူတာတဲ့ဗျ။ ကဲ သည့်ပြင်လူတွေက သူတို့ဟာနဲ့သူတို့ သွားတယ်။ သွားတဲ့နေရာမှာ ကိုယ့်အမူအရာတွေ အသံတွေ ကြမ်းကြမ်း တပ်းတပ်းပြုလို့ ထိခိုက်သာလျှင်တော့ သူကတော့ ဘုရားအဆုံးအမအတိုင်း မတည်ဘူး။ အလွန်ယုတ်မာတယ်။ အလွန်ဆိုးတယ်လို့ စိတ်မဆိုးရဘူး။ ဘယ်လိုပြောရမလဲဆိုရင် အဲသည်လို အသံတွေကြားလျှင် ငါ့သီတင်းသုံးဖော် တွေက အင်မတန် နူးညံ့သိမ်မွေ့တယ်။ ငါ့ရဲ့ချမ်းသာမှုကို ကိုယ်ရော၊ နှုတ်ရော၊ စိတ်ရောဆောင်နေတာ။ ယခု သည်ကဲ့သို့တားရတာဟာ ဘယ်လိုဖြစ်သလဲဆိုလျှင် နှင်ရောလို့၊ နှင်ဒကာလို့၊ နှင်းပျင်းလို့၊ နှင်ဖျင်းလို့ပေါ့၊ သည်တော့ ဝီရိယဘိုးလိုက်ဦးလို့ အဲသည်လိုတိုး၊ တိုးပြီဆိုတော့ သီတင်းသုံးဖော်တွေက သူ့ကို ပြုချင်တိုင်းပြုနေ၊ ကိုယ်က ဝီရိယတိုးလိုက်ပြီဆိုတော့ ယခုနဟာတွေ ဟာ အကုန်လုံး ဘာမှမကြားဘဲ ဖြစ်သွားလိမ့်မယ်ဗျ။ သည်အခါကျတော့ ကျေးဇူးလည်းတင်ရမယ်။ ယခုတော့ငါ့သီတင်းသုံးဖော်တွေဟာက သူတို့ပကတိ

သွားတယ်ဆိုပေမယ့် ယခုလို အသံတွေကြားတော့ ငါသည်လို တိုးလိုက်တော့ ယခုနလို အစီးအပွားရှိသကိုးလို့ အဲသည်လို သီတင်းသုံးဖော်တွေကို ကျေးဇူးတင်တတ်အောင် တင်ရမယ်ဗျ။ တည့်လဲတည့်တယ်ဗျ။ (တည့်ပါတယ်ဘုရား)။

အဲသည်က ကိုယ့်အစီးအပွားနှင့် အကုန်လုံးရဲ့အစီးအပွားတွေဗျ။ဘုရားရှေ့လက်ထက်တော်က သည်လို တစ်ဆောင်တည်းဆောင်နေတာဗျ။ အဲသည်လိုဆောင်နေသည် ဖြစ်သောကြောင့် အချိန်တိုင်း အချိန်တိုင်းမှာ အဲသည်လိုတိုးတက်တာကွဲ့ဗျ၊ တောင့်တရည်ရွယ်ချက် အသီးသီးတွေဟာ ယခုလိုကိုယ်နှုတ်တွေနှင့် ဥပမာ-တံမြက်စည်းလှည်းတာမြင်ရ၊အမှိုက်ကျုံးတာ မြင်ရ သာတောင့်သာယာနှင့် နေကြရတဲ့ သီတင်းသုံးဖော်တွေက ယခုန ဘုရားရှင် ပူဇော်တာတွေကိုလည်း မြင်ရ၊ ကြည်ညိုရတယ်။ အဲသည်လို ကြည်ညိုရတဲ့ အခါကျတော့ ဒီလိုကိုယ်မှု။ နှုတ်မှုကို တစ်ခါမြင်ရပြန်တော့ ကိုယ့်မှာ ကြည်သွားတယ်ဆိုလျှင် ဒါဟာ ငါ့သီတင်းသုံးဖော်တွေကို မီပြီး ကိုယ့်မှာ ဘာဖြစ်နိုင်သတုန်းဗျ။ စိတ်နှလုံး အလို တောင့်တချက်အသီးသီး ပေါမိပြီးဖို့ရာ လာမိပြီး အထက်ကို ဆန့်တက်တယ် မဟုတ်လား။ (ဆန့်တက်ပါတယ် ဘုရား။)

## သူတော်ကောင်း

အဲဒီလို ဆန့်တက်သွားတာဗျ။ ပြီးတော့ ကိုယ့်သီတင်းသုံးဖော်တွေဟာ ကိုယ်နှင့်နှုတ်နှင့်တကွ သောင်းကျန်းပြီး ဆဲရေး တိုင်းထွာပြုပါလျှင် ဘယ်လိုတုန်းဆိုတော့ ယခုန ကျေးဇူးဂုဏ်တွေကို အောင့်မေ့လိုက်တယ်။ သူ ငါ့ကိုပြောသင့်တယ် ဆိုသင့်တယ်။ ဆဲရေးတိုင်းထွာ ပြုသင့်တယ်။ ငါ့ကျေးဇူးရှင်ပါလားလို့ အဲဒီလို ပြုပေမယ့် ယခုနလိုပဲ သူငါ့ကို ပြုသင့်တယ်။ ပြုထိုက်တယ်။ ဘာကြောင့်လည်းဆိုလျှင် ငါ့ကျေးဇူးရှင်ပဲလို့ အဲ့သည်လိုတဲ့ဗျ။ အဲသည်လိုနောက်ပြုတော့ တော်တော်မြင့်မြတ်တာကို မှတ်မိတော့ကျေးဇူးတင်ပြီး ကိုယ်ကကျေးဇူးဆပ်ဖို့ရာဟာ အောက်မေ့ပြီး နေတယ်။ သူတို့ကဘယ်လိုလိုပြုပြုတဲ့ဗျ။ အဲဒါကို သူတော်ကောင်းလို့ ပြောတာတဲ့ဗျ။ (တင်ပါ့ဘုရား)။

သူ့ကျေးဇူးရှိတာသိပြီးတော့ ယခုရော၊ နောင်ရောအတွက်ကို အဲသည်လိုပဲ ဆောင်ပဲရာ သူတော်ကောင်းက အဲသည်လို စိတ်ထဲမှာ ထားလာတဲ့ဗျ။ ယခု ဒါယကာကြီး-ဒါယကာမကြီးများဟာ ဆပ်တလဲလဲ ကိုယ်ကောင်း စိတ်ကောင်း နှုတ်ကောင်းတွေနှင့် အကုန်လုံး တစ်ခါတလေ ဒကာကြီးဟာ စိတ်ထဲသဘောမကျလို့ တုတ်နှင့် ရိုက်မယ်ဆိုလျှင် ဘယ့်နှယ်လဲ။

ဖြေ။ ။တပည့်တော်က ပြန်ရိုက်မှာပဲ ဘုရား။

မေး။ ။သည်လိုလားဗျ။ ယခုဟာတွေ မမှတ်မိဘူးလား။

ဖြေ။ ။ယခုဟာတွေဟာ တရားစနာတုန်းပဲအမှတ်ရပါဘုရား။တရားနာလို့ပြီး မေ့သွားပါတယ် ဘုရား။

ဟုတ်ရဲ့လားဗျ။ ရှေးက အရှင်တွေက ယခုနလို အမှတ်ရပြီး ယခုနလို ကြည်ညိုကြတာဗျ။ ပြုတာတဲ့ ကျေးဇူးကို အဲဒီလို သတိရတာဗျ။ အဲဒီလို မြင်ပြီးတော့ သည်အရှင်ရဲ့ ကျေးဇူးကို သိပြီဆိုတော့ သည်အရှင်အတွက် ယခုရော နောင်ရောအတွက် ချမ်းသာကြောင်း သာလျှင် ဆောင်နေတော့တာပဲတဲ့ဗျ။ အဲသည်လို ရှေးက အရှင်တွေက တောင့်တ ရည်ရွယ်ချက်အတိုင်း ပြီးအောင် ကတည်းက ကတဝေဒီ ဆိုတာ အစဉ်အားဖြင့် ဘယ်အခါမှ မစွန့်ဘဲ သည်လို သုံးစွဲတာတဲ့ဗျ။ ဟုတ်ကဲ့လားဗျ။ (တင့်ပါဘုရား)

မေး။ ။အဲဒီလိုမှတ်ပြီး အဲဒီလို သွားကြဗျာ။ အဲဒီလို သွားဖို့ရာဟာ ခက်သလားဗျ။

ဖြေ။ ။မခက်ပါဘူး ဘုရား၊ ရှေးအရှင်ကောင်းများ၏ ထုံးစံဓလေ့ကို မှတ်သားထားပါမည်ဘုရား။

အဲဒီလို သွားကြရသဖြင့် အကုန်လုံးတို့ဟာ ညီညွတ်အောင်၊ သဘောကျအောင် လုပ်ဆောင်တာပဲတဲ့ဗျ။ အားလုံး သဘောကျအောင်ချည်းပဲ တစ်ခါတလေ ခေါ်လိုက်တဲ့ အခါကျလျှင် သူကတော့ ကောင်းကောင်း ခေါ်တာပဲ။ ခေါ်ပေမယ့်အခေါ်ခံရတဲ့လူကသဘောမကျဘူးဆိုလျှင်ဘယ့်နှယ်ပြုမလဲဗျ။

ဖြေ။ ။သဘောမကျလျှင် တောင်းပန်ရမှာပါ ဘုရား။

မေး။ ။ငါကတော့ ကောင်းအောင် ပြုတာ ခေါ်တာတောင်မှ ငါ့ကို အကောင်းမထင်ဘူးလို့ ပြောပြီး ရန်ဖြစ်ရမလား။

ဖြေ။ ။ယခုနတုန်းက သူတော်ကောင်းတရားတွေ မေ့နေလျှင်တော့ ရန်ဖြစ်မှာပဲ ဘုရား။

ရှေးက အရှင်တွေကတော့ သည်လို မဟုတ်ဘူး၊ ယခုနပြောဘဲ့ အတိုင်း ပြုလိုက်တယ်ဆိုလျှင် ငါက သည်လိုပြုတာပဲ၊သဘောကတော့ ချမ်းသာအောင် ခေါ်တာပဲ၊ ပြောတာပဲ။ သို့ပေမယ့် သဘောမကျဘူးဆိုလျှင် ငါ့ရဲ့ သီတင်းသုံးဖော်ရဲ့ အပြစ်မဟုတ်ပါဘူး။ ငါနေရာမကျလို့ ဖြစ်တာပါဆိုပြီး တစ်ခါ သဘောမကျလျှင် နောင်ကိုသဘောကျအောင် သည်လိုပြောတာတဲ့ဗျ။သဘော မကျသေးဘူးဆိုလျှင် သဘောကျအောင် သည်လိုပြောတာတဲ့ဗျ။ သဘောမကျ သေးဘူးဆိုလျှင် သဘောကျအောင် နေရာတိုင်းမှာ မှတ်ထားတယ်ဗျ။ ကိုယ့် အပြစ်ကိုသာ မြင်ပြီးတော့ သူတို့ကို သင့်တော်သလို ပြုစုရမှာဗျ။ ကိုယ့် အပြစ် ဆိုတာက ဘာတုန်းဆိုရင် သေသေချာချာ မှတ်တာပဲဗျ။ ဟုတ်ကဲ့လားဗျ။သူတို့ရဲ့ အပြစ် မရှိဘူးမဟုတ်လား။

ဖြေ။ ။သူတို့ အပြစ်မရှိဘူးလို့ ထားရမှာပဲ ဘုရား။

မေး။ ။ကိုယ်က ချမ်းသာအောင်ပြုတယ် ဆိုပေမယ့် ဟိုကသဘောမကျလို့ ရှိလျှင် ဒါ ကိုယ်ညံ့လို့ပေါ့ဗျ။

ဖြေ။ ။မိမိရဲ့ ညံ့ဖျင်းချက်ပါဘုရား။

မေး။ ။ကိုယ်ပြုတာက သဘောကျအောင် ပြုလိုက်တာပဲ ဒါပေမယ့်အားလုံး က သဘောမကျလျှင် အဲဒါအားလုံး အပြစ်မဟုတ်ဘူး၊ ဘယ်သူ့ အပြစ်လဲ။

ဖြေ။ ။တပည့်တော် အပြစ်ပါ ဘုရား။

မေး။ ။ကဲ-ဒါဖြင့် ကျွေးကြ မွေးကြတယ် ဆိုလျှင်လည်း အားလုံးလို ကျွေး မယ်၊ သူတို့က သဘောမကျလျှင် ဘယ့်နှယ်လဲဗျ။

ဖြေ။ ။ဒါချက်တဲ့လူ အပြစ်ပါဘုရား။

မေး။ ။အေး ကိုယ်က သဘောကျအောင်လုပ်တာပဲ သူတို့ သဘောမကျလျှင် ဒါဟာ ကိုယ်လိုနေတာပေါ့ဗျ၊ မဟုတ်လား။

ဖြေ။ ။ကိုယ်လိုတာပါဘုရား။

မေး။ ။အဲဒါ အဟုတ် ဟုတ်တာဗျ၊ ဟုတ်ကဲ့လား။

ဖြေ။ ။ဟုတ်ပါတယ် ဘုရား။

အဲဒီလို ကိုယ်လိုတာ ကြိုးသိပြီးနောက် သည့်ထက်ကောင်းအောင် သူတို့စိတ်တိုင်းကျဖြစ်အောင် လုပ်တယ်။ ဒါပေမယ့် စိတ်တိုင်းကျမဖြစ်လျှင် ကိုယ်ညံ့လို့ပဲလို့မှတ်ရမယ်။ အဲဒီလို တောင်းတောင်းပန်ပန်နှင့် လုပ်ရမယ်ဗျ၊ အဲဒီလိုလုပ်ရင် နောက်တော့ အကုန်လုံး သဘောကျအောင် ဖြစ်မသွားပေဘူး လား။

ဖြေ။ ။နောက်တော့ ဖြစ်သွားမှာပဲ ဘုရား။

အဲဒီဖြစ်သွားရင် ဘုရားရှင်အလိုတော်ကျတာပဲဗျ။ အဲဒါ အမြဲကိုယ်နှင့် နှုတ်နှင့် စိတ်နှင့်ဟာ အများသဘောကျချည်းပဲ။ အဲသည်လိုတောင် ရမှာပါတဲ့ ဗျ။ သို့သော်လည်း ဘုရားဆုံးမတာကို နားလည်မယ်။ နားလည်ပြီးတော့ အဲဒီလိုပြုရမှာ။ ရမ်းပြီးတော့လုပ်လျှင် နေကြတော့လုပ်လေလေ၊ နေရာမကျ လေလေ ဖြစ်ကောင်းဖြစ်လိမ့်မယ် ထင်တယ်။ (တင်ပါ့ဘုရား)

ရှေး အရှင်ကောင်းတွေကတော့ သည်လိုသွားတာဗျ။ သည်တော့ဘုရား ဆုံးမတဲ့ ၂အဆုံးအမကို ရထားပြီးသည့်အတိုင်း လိုက်နာကြတာပဲ။ လိုက်နာ နေတဲ့အခါမှာ တော်တော်ကြာ ကိုယ်ကအကောင်းလုပ်ပေမယ့် တစ်ခါတလေ ဘုရားဆုံးမတာနှင့် မညီညွတ်တာ ဖြစ်ချင်ဖြစ်သွားမယ်။ အဲဒီလို ဖြစ်သွား

တော့ မေတ္တာရှင်၊ ကရုဏာရှင်တွေက သည်လိုနေရာကျ မဖြစ်တာကလေး တွေကို မြင်လျှင် အဟုတ်မေတ္တာရှင်၊ ကရုဏာရှင်နှင့် ဘုရားဆုံးမတာနှင့် မလျော်ညီတဲ့ နေရာမှာ ယခုလို မဟုတ်ဘူးလို့ သတိပေးရမှာလား။ အဲဒီလို သတိပေးရင်လည်း ကိုယ်ကအကောင်းချည်း ဖြစ်ချင်နေတော့ ကောင်းအောင် ပြောတာကို ဘာဘယ့်နှယ်မတည့်မှာလား၊ ကျေးဇူးတင်ရမှာလား။

ဖြေ။ ။ကျေးဇူးတင်ရမှာပါဘုရား။

မေး။ ။ရှေးအရှင်တွေက အဲဒီလိုပါဗျ ဒကာကြီး။ အကောင်းလုပ်တာပဲဗျ။ လုပ်ပေမယ့် ချွတ်ယွင်းတာကိုမြင်လို့၊ တစ်ဦးဦးကပြောလျှင် ဘယ့် နှယ်လဲ။

ဖြေ။ ။သူ့ပြန် ကျေးဇူးတင်ရမှာပါ ဘုရား။

မေး။ ။ယခုနဟာတွေကို မသိလျှင် ဘယ့်နှယ်လဲ။

ဖြေ။ ။ငါကကောင်းအောင်လုပ်ထားတာ၊ သူက လာကဲ့ရဲ့ပြန်ပြီလို့ တံ တောင်နဲ့ တွက်မိမလား၊ ဆဲမိမလား မသိပါဘူး ဘုရား။

## ရှင် သာရိပုတ္တရာ

ရှေးအရှင်တွေကတော့ ယခုနလိုတဲ့ဗျ။ လောကမှာ အသာဆုံးပေါ့ဗျာ။ ဘုရားရှင်ဆိုတာ အတုအတူ မရှိဘူးဗျ။ သည်တော့ ဘုရားရှင် သာဝကထဲမှာ လည်း ဘယ်သင်းလဲဆိုရင် ရှင်သာရိပုတ္တရာဟာ တပည့်သား သာဝကထဲမှာ အားလုံးတို့အနေမှာ သူအသာဆုံးမဟုတ်လား။ နေရာတိုင်းမှာ အသာဆုံး မဟုတ်လား။ ပြီးတော့ တို့ဘုရားရှင်မှတစ်ပါး သည်အရှင်ထက် သာတာ ရှိသေးသလား။

ဖြေ။ ။လူ့ခွင်နတ်ရွာ တစ်လောကလုံးမှာ သည်အရှင်ထက်သာတာ မရှိပါ ဘူးဘုရား။

မေး။ ။ဘုရား ဟောတာတွေမှာလည်း သည်အရှင်လောက် သိတာရှိသေး သလား။

ဖြေ။ ။မရှိပါဘူးဘုရား။

မေး။ ။ဝီရိယကော။

ဖြေ။ ။ဝီရိယမှာလည်း မရှိပါဘူး ဘုရား။

မေး။ ။ပြီးမြောက်မှုကောဗျာ။

ဖြေ။ ။ပြီးမြောက်မှုတွေမှာလည်း ရှင်သာရိပုတ္တရာက ထိပ်ပါဘုရား။

အကုန်လုံး အသာချည်းပါပဲ။ သို့ပေမယ့် တစ်နေ့သ၌မှာ အရှင်မြတ်သည် အကုန်လုံးသော ရွက်ဆောင်စရာကိစ္စများ ရွက်ဆောင်ပြီး အကြောင်းညီညွတ်တဲ့အခါကျတော့ ရပ်တုန်း၊ နားတုန်းမှာ သက်နှံးက နည်းနည်းတွဲနေတယ်တဲ့။ သည်လို တွဲနေတဲ့ဟာကို ရှင်သာမဏေလေးကမြင်တော့ အရှင်ဘုရားသာရိပုတ္တရာ သင်္ကန်း နည်းနည်းတွဲနေပါတယ်လို့ လျှောက်တော့ သူ့မှာသဘောကျလွန်းလို့တဲ့ဗျ။ အခုလို လျှောက်တဲ့အခါကျတော့ ချက်ချင်းပြင်တဲ့ပြီး ဘုရားအလိုတော်ကျ ပရိမဏ္ဍလ ဝတ်လဲပြီးတော့မှ ပြန်ပြီးတော့ ဆရာကလေးသာမဏေ၊ အခုလိုဆိုရင် တော်လောက်ပြီလားလို့ မေးသတဲ့ဗျ။ ဘုရား ဆုံးမတာက ရှိတယ် မဟုတ်လား။ အဲဒါနဲ့ ကိုက်အောင် ညီအောင် ဝတ်တဲ့ပြီး ငါ့ရှင်သာမဏေ၊ အခုဆိုရင် တော်လောက်ပြီလားလို့ မေးသတဲ့ဗျ။ နောက်ကျေးဇူးတင်လွန်းလို့ ကျေးဇူးတင်စကားပြောတယ်တဲ့ဗျ။ ဒါကြောင့်မို့ သည်ကျေးဇူးကို ချီးကျူးလို့ မကုန်နိုင်ဘူးတဲ့ဗျ။ ဘာကြောင့်လဲဆိုရင် သာမဏေကလေးဟာ သူ့အပြောပြောတာမဟုတ်ဘဲ။ ဘုရားရှင်ဆုံးမတဲ့ အဆုံးအမ ပရိမဏ္ဍလဝတ်ကိုပြောတော့ ဒါဟာ ဘုရားရှင်ရဲ့ ကိုယ်စားမဟုတ်လား။ (ဟုတ်ပါတယ်ဘုရား)။

အေး၊ အဲဒါလို ပြောတာကို ချမ်းသာလွန်းလို့ ကျေးဇူးတင်လွန်းလို့တဲ့ဗျ။ သည်တော့ ဘုရားဆုံးမတဲ့ အဆုံးအမအတိုင်းပြောတော့ အခုလိုအဟုတ်ကို ကျေးဇူးများပြီး အဟုတ်ကို ကျေးဇူးတင်တော့ နောက်တစ်ခါသည်လိုမြင်ရင် အဟုတ် မပြောချင်ဘူးလား။ (ပြောချင်ပါတယ်ဘုရား)။

## တကြည့်တည်းကြည့်

အေးဗျ၊ တကြည့်တည်းကြည့်နေမှာဗျ။ သည်လိုမဟုတ်ဘဲ ဘုရားဆုံးမတဲ့ အဆုံးအမနှင့် မညီတဲ့အခါမှာ သည်လိုပါလို့ မေတ္တာနှင့်ပြောတဲ့အခါမှာမသိလို့မို့ဟာကို သူက ငါ သည်လို ပြောရမလားဆိုရင် ဘယ့်နှယ်လဲ အစီးအပွား များပါဦးမလား။

ဖြေ။ ။အစီးအပွား မရှိပါဘူးဘုရား။

မေး။ ။နောက်ကော သည်အရှင်က ဘယ့်နှယ်လဲ။ ဘုရားဆုံးမတာကို တည်ဖို့ရာ သည်လိုစိတ် ဖြစ်ပါမလား။

ဖြေ။ ။စိတ်သည် တည်လို့ မဖြစ်ပါဘူးဘုရား။

အဲသည်လို ဖြစ်ကုန်တာဗျ။ ဒါကြောင့် ဘုရားဆုံးမတဲ့ အဆုံးအမကို မှတ်လည်းမှတ်၊ ပြီးတော့ ပြုလည်းပြု။ ပြုတဲ့နောက် အခုန် ပြောတဲ့ဟာ

တွေလည်း အားလုံးတို့ဟာ မချွတ်ချော် မတိမ်းပါးဘဲနေမှာ မဟုတ်ဘူး၊ ချော့တာ ပေါ့တာက အမှန်ဗျ။ (တင်ပါ့ဘုရား)။

မေး။ ။အဲသည်လိုဆိုတော့ မေတ္တာတည်းဟူသော မိုးရွာပြီးသကာလ ပြောကြပါ၊ ဆိုကြပါ။ ဟုတ်ကဲ့လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

အဲသည်လို တဖိတ်တည်း ဖိတ်ထားတော့မှ အခုနလို ပြောကြပြီဆိုတော့ အင်မတန် ဝမ်းမြောက်ရပါတယ်ဗျ။ ကျေးဇူးတင်ရတယ်ဗျ။ အခုလည်းပဲ အားလုံးဘို့ဟာ သည်လိုကိုပဲ စိတ်ဖြစ်နေပြီး နေကြမယ်ဆိုရင် တောင့်တတဲ့ အဘိုင်းဟာ မပြီးလွယ်ဘူးလားဗျ။

ဖြေ။ ။ပြီးလွယ်ပါတယ် ဘုရား။

မေး။ ။တကယ်လို့ ဝီရိယနှင့် ထူထောင်နေရာမှာ မတော်တဆ ထိန်မိဒ္ဓ မနိုင်သေးခင်လဲတဲ့၊ ယိုင်တဲ့လူရှိလျှင် ဘေးနားက မထူချင်ဘူးလား။

ဖြေ။ ။ထူချင်ပါတယ်ဘုရား။

မေး။ ။ထူချင်လျှင် အဟုတ်ထူမှဗျ။ အဟုတ် အစီးအပွားများချင်တာကိုးဗျ။ သူက သည်လိုထူတာကို တယ်မလိုချင်ဘူးလို့ သာသာပြောတောင်ဒါကို စိတ်တိုပြီး ပြန်ပြောမယ်ဆိုလျှင် နောက် သည်လို အကူအညီ ရပါဦးမလား။

ဖြေ။ ။နောက် သည်လို အကူအညီ မရပါဘူးဘုရား။

## မေတ္တာထားလျှင်

အဲဒါ အခုပြောတဲ့ ဘုရား အဆုံးအမလည်းသိတယ်။ သိပြီးတော့ မေတ္တာတွေကလည်း ထပ်တူညီမျှ ချမ်းသာသချင်ပြီး သွားထူတာတဲ့ဗျ။ ဒါကြောင့်မို့ သူတကာများက ဘယ်ကစသလဲဆိုရင် မေတ္တာ စိတ္တံ ပူရံကတ္တဝါတဲ့ဗျ။ ကိုယ့်မှာ ချမ်းသာသုခရတယ်။ သည်လို ချမ်းသာသုခ ထပ်တူညီမျှ ရအောင် သည်လို ဆောင်ကြတာတဲ့။ အကုန်လုံးချည်း ချမ်းသာအောင် သည်လိုဆန္ဒတွေနှင့် သည်လိုဆောင်ကြတာဗျ။ မေတ္တာထားလျှင်ဖြင့် အကုန်လုံး အကောင်းချည်းလည်းဖြစ်ကုန်တာဗျ။ သည်ဟာ မရှိဘဲ ကင်းနေပြီဆိုမှဖြင့် အကောင်းပြုပေမယ့် အကောင်းထင်သေးသလား။

ဖြေ။ ။အကောင်းကို မကောင်းထင်နေပါတယ်ဘုရား။

ဒါကြောင့်မို့ မေတ္တာများဟာ သည်လိုနေရာကျတာဗျ။ မေတ္တာနှင့် ကိုယ့်ဆီမှာလာဖြစ်တဲ့ သားသမီးဆိုရင် ကိုယ့်သား ကိုယ့်သမီးဆိုပြီး ချစ်တယ်၊ ခင်တယ်။

ဖြေ။ ။ချစ်ပါတယ်ဘုရား။

မေး။ ။သူတို့က ဘာမျှ နားမလည်ဘူးမဟုတ်လား။

ဖြေ။ ။နားမလည်ပါဘူးဘုရား။

မေး။ ။နားမလည်တော့ ဘာမှ မသိပေါင်ဗျာ။ မိဘက ရင်ခွင်မှာ မြင့်မြတ်တဲ့နေရာမှာ မြင့်မြတ်တဲ့အဝတ်အစားနှင့် ကြိုင်သိုင်အောင်ထားတယ်။ သူတို့က ဘာတွေ ယိုစီးသလဲဗျ။

ဖြေ။ ။သူတို့က အပေါ့ရော အလေးရော ယိုစီးပါတယ်ဘုရား။

မေး။ ။နှစ်သက်ဖွယ်တွေလားဗျာ။

ဖြေ။ ။မနှစ်သက်ဖွယ်တွေပါဘုရား။

မေး။ ။မနှစ်သက်ဖွယ်တွေကိုတော့ ကိုယ့်သား ကိုယ့်သမီးပဲဆိုပြီး စိတ်ထဲက ချစ်ကြည်လေးစားနေတော့ အင်မတန် မေတ္တာတွေနှင့်နေတဲ့ မိဘတွေက စိတ်ဆိုးသလားဗျာ။

ဖြေ။ ။စိတ်မဆိုးပါဘူးဘုရား။ ဝမ်းတောင်သာပါသေးတယ်။

မေး။ ။ဘယ်လိုလဲဗျ။

ဖြေ။ ။အမယ်ဟယ် ကျန်းမာတဲ့ ကလေးပဲလို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပါတယ်ဘုရား။

မေး။ ။ကိုယ့်သား ကိုယ့်သမီး မဟုတ်ဘဲ မတည့်တဲ့လူက အဲသည်လို လုပ်လျှင်ကောဗျာ။

ဖြေ။ ။တကတဲ ထပြီး ရိုက်မိ ဆဲမိ လုပ်မှာပါဘုရား။

အေး၊အဲဒါ မေတ္တာမရှိတာဗျ။ အေး၊မေတ္တာများအင်မတန်ကောင်းပါဗျာ။ ဒါကြောင့် ဘုရားဆိုဆုံးမတဲ့ အဆုံးအမတွေကိုသာလျှင် လုံ့လဝီရိယတွေနှင့်ထူထောင်၊ ထူထောင်ပြီဆိုရင် ချမ်းသာသုခဆိုက်လာလိမ့်မယ်။ ဆိုက်လာကဲ့ အခါကျတော့ ဘယ်လိုဖြစ်မလဲဆိုလျှင် အားလုံးတို့ဟာ သံသရာတစ်ခွင်မှာ ကျင်လည်နေတာ ဆင်းရဲတာကိုသိတယ်။ ချမ်းသာသုခ ဆိုက်လာကဲ့ အခါကျတော့ သည်ဆင်းရဲက လွတ်ပြီလို့ ဆိုတာ ရိပ်မိတယ်။ ရိပ်မိတော့ အားလုံးတို့ကို ကိုယ်လို ထပ်တူညီမျှ ရသမျှ ရသချင်တယ်။ ရှေးက သူတော်ကောင်းတွေဟာ ဆိုက်လာပြီဆိုမှဖြင့် အားလုံးတို့ကို သူတို့လို ထပ်တူညီမျှဖြစ်သွားပါသတဲ့ဗျာ။ အဲဒါက မပျင်းရဘူးဗျ။ (တင်ပါ့ဘုရား)။

အခုလည်းပဲ သည်လိုချည်းပဲ ထပ်တူညီမျှ ရသချင်တော့တာပဲတဲ့ဗျ။ ရှေးက ဘယ်သူတုန်းဗျ။ ဟိုဒကာမကြီးဟာ ပုထုဇဉ်မလေ့သိပြီး အလကား

နေရင်းမတည့် ပြီးတော့ ဟိုမှာ ထောက်ပတ်ပူတွေနှင့် သေရောဟဲ့ဆိုပြီး အသေလောင်းတဲ့ ဒကာမကြီးဟာလေ။

ဖြေ။ ။လောင်းတာက မာဂဏ္ဍိ၊ အလောင်းခံရတာက သာမာဝတီပါဘုရား။

မဟုတ်ပါဘူး ဒကာမကြီးရဲ့၊ ဥတ္တရာဗျ။ အဲဒါ သက်သက်မဲ့ဗျ။ သူက ဘာတုန်းဆိုတော့ သူဌေးရဲ့ စည်းစိမ်တွေနှင့်တကွ အကုန်လုံး အပ်နှင်းပြီးတော့ မျှားမျှားကြီး ပေးထားလိုက်တာဗျ။ (တင်ပါ့ဘုရား)

ဒါကို သူက ငြူစူပြီးတော့ တကတဲပါမှပဲ မတည့်ပြီးတော့ သူက အသေလုပ်တာတဲ့ဗျ။ သည်တော့ ဟိုက ဘုရားအမှူးရှိတဲ့ သံဃာတော်တို့ကို သီလဍ္ဍတည်ပြီးတော့ လုပ်ကျွေးပူဇော်ပြီးနေတာဟာ ဘယ်လိုလည်းဆိုလျှင် ဘုရားရှင်ကို ကြည်ညိုလို့ ဘုရားရှင်နှင့်တကွ သံဃာတော်များကို အမျိုးမျိုးအဖြာဖြာ လျောက်ပတ်တာတွေကို စီမံပြီး နေလိုက်တာဟာ အအားမထားဘူးတဲ့ဗျ။ ပြီးတော စိတ်တွေကလည်း အခု ဒကာကြီးများ ဒကာမကြီးများ ထားသလို နေတာတဲ့ဗျ။ အကုန်လုံး သွက် လက်ဖျတ်လတ်နေတာဖြစ်တော့ သူ့ကို တစ်ခါတည်း တစ်ကြိမ်တည်းနှင့် သေအောင်လုပ်လို့ ယူလာတာလည်း သိတာပဲဗျ။ သူ့စိတ်မှာ ဖြစ်တာကိုလည်း သိတာပဲဗျ။ သိပေမယ့် သူက ဘယ်လို အောက်မေ့သလဲဆိုလျှင် အခု မိမိ သီတင်း သီလဆောက်တည်ပြီး ဘုရားရှင်အမှူးရှိတဲ့ သံဃာတွေကို ငါကြည်ညိုချင်သလို ကြည်ညိုဖို့၊ ပူဇော်ချင်သလို ပူဇော်ဖို့ အခွင့်ရတာဟာ အခု ငါ့ညီမဖြစ်တဲ့ သိရိမာရဲ့ ကျေးဇူးတွေအင်မတန်ကြီးတယ်။ ဘယ်လိုကြီးပါသလဲဆိုလျှင် သိရိမာရဲ့ ကျေးဇူးဟာ မြင်းမိုရ်တောင်နှင့် သိရိမာရဲ့ကျေးဇူးနှင့်နှိုင်းစာကြည့်လျှင် မြင်းမိုရ်တောင်က သေးပါ ငယ်ပါသေးတယ်။ ငါ့ညီမ သိရိမာရဲ့ကျေးဇူးဟာ အင်မတန် ကြီးပါတယ်လို့ သူက အဲသည်လို ကျေးဇူးတင်ပြီးတော့ မေတ္တာတွေနှင့်ကိုးဗျ။ အခု ငါ့လောင်းမလို့ လာတာ၊ သူ ဘယ်လိုပြုပြု ငါ ဘယ်လိုမှ ပြန်မပြုဘူး။ ကျေးဇူးရှင်ဖြစ်တယ်လို့ ကျေးဇူးတင်ပြီးတော့ အဲဒီလို နေလိုက်တာတဲ့ဗျ။ သည်လို မေတ္တာနှင့် နေလိုက်တဲ့ အခါကျတော့ သူ့မှာ ဘယ်နှယ်မှ မရှိဘူးတဲ့ဗျ။ ထောပတ်ပူနှင့် သေအောင်လောင်းလိုက်တာဟာ ဘယ်လိုလဲဆိုတော့ အင်မတန် အေးမြတဲ့ စန္ဒကူးနှင့် လောင်းလိုက်သလို ချမ်းသာသွားလိုက်တာတဲ့ဗျ။ သည်လိုဖြစ်တာတဲ့ဗျ။ သည်ကျတော့မှ ငါက မတည့်ဘဲ တစ်ခါတည်းသေအောင် လောင်းလိုက်တာ သူ့မှာ ဘယ်နှယ်မျှမရှိဘူး။ ငါက ယူတာသ နွေး၊ သွားတာက နွေးနေလို့ ထင်ပါရဲ့ ဆိုပြီး သူက လုပ်ပြန်တာတဲ့ဗျ။ ပထမ တစ်ခါတုန်းကတော့ ကျေးကျွန်တွေက မမြင်ဘူးတဲ့ဗျ။ နောက်တစ်ခါလုပ်တော့ ကျေးကျွန်တွေက မြင်ပြီး၊ ဟဲ့ အယုတ်မဆိုပြီး အတင်းရိုက်ကြတာပဲတဲ့ဗျ။

## အပြစ်ရှိရှိတောင်းပန်

ဒီတစ်ခါကျတော့ သူက သူ့မေတ္တာရှင် ကရုဏာရှင်ကိုပဲ မြင်တော့မှ တစ်ခါတည်း သွက်လက်ဖျတ်လတ်ပြီး ပြောလည်းပြော ဆိုလည်းဆိုနှင့် ဟဲ့ဟဲ့ ဆိုပေမယ့် မရဘူးတဲ့ဗျ။ ဟိုက အကုန်လုပ်ကုန်တာပဲတဲ့။ သည်တော့မှ သူက မဟုတ်ဘူး။ ဒါငါ့ကျေးဇူးရှင်၊ ငါ့ညီမကို ဒီလိုမပြုကြနှင့်ဆိုပြီး ဟိုမှာနည်း နည်းကလေး ထိခိုက်သွားတာကို အဟုတ်ကို ယုယုယယနှင့် ဆုပ်နယ်လုပ်ပေး တာတဲ့ဗျ။ အဲသည်လိုလုပ်ပေးပြီးတော့မှ ဟိုက သူ့ဟာသူ စိတ်ထဲမှာအမှန်ကို ရတာတဲ့ဗျ။ အဲဒါမေတ္တာဗျ။ သည်ကျတော့မှ နေရာမကျတဲ့အပြစ်မျိုးကနေပြီး အမှန်ကိုရတာတဲ့ဗျ။ သည်တော့မှ မဖြစ်ဘူး။ ဤကဲ့သို့ မြင့်မြတ်တဲ့အရှင်မကို ဤကဲ့သို့ငါပြုမိတယ်။ ငါ့အပြစ်အားလျော်စွာ သည်အတိုင်းတိုင်း လုပ်နေမယ် ဆိုရင် ငါ့ဦးခေါင်းဟာ အစိတ်စိတ် အမြွာမြွာသာလျှင် ကွဲစရာရှိတယ်။ သည် တော့အပြစ်အလျောက်တောင်းပန်မှ တော်မယ်ဆိုပြီးတော့ တောင်းပန်တာဗျ။ တောင်းပန်တော့ ကြီးလိုက်တဲ့မေတ္တာဗျ။ သူ့မှာဘယ့်နှယ်မှလည်း စိတ်ဆိုး တာမဟုတ်ဘူး။ သူကမေတ္တာများပြီး ကျေးဇူးတင်လိုက်သေးတယ်။ သူက သည်လောက်တင်မကဘူး သူ့လိုထပ်တူထပ်မျှ ဖြစ်ချင်သေးတယ်ဗျ။ ဖြစ်သချင် တော့ သူကအခုနလို တောင်းပန်တဲ့အခါမှာ သာသာကလေး အေးအေးနေ မယ်ဆိုလျှင် ဖြစ်တယ်မဟုတ်လား။ (ဖြစ်ပါတယ်ဘုရား)။

သို့သော်လည်း သူ့မှာသည်လိုဆိုလျှင် အေးမှာမဟုတ်ဘူး။ သည်တော့ အေးရာအေးကြောင်း ဖြစ်အောင် ဘယ်လိုပြောရသလဲဆိုလျှင် သူ့မှာအဖရှိ တယ်၊ ဤကဲ့သို့ဖြစ်လို့ အဖကို တောင်းပန်ပါလို့ ပြောသတဲ့ဗျ။ အဖဆိုတာ ဘယ်ဟာကိုပြောတာလဲဆိုလျှင် အခုန သံသရာတစ်လျှောက်လုံးအတွက် ချမ်း သာအောင် ချီးမြှောက်ပါတဲ့၊ မွေးမြူပါတဲ့ အဖဟာ ဘယ်သူလဲကိုတော့ ဘုရားရှင်ကို သူက အဖလို့ပြောတာဗျ။ အဲသည်လို ပြောတဲ့အခါကျတော့ သိရိမာက သူ့မှာ ဘုရားရှင်နှင့်လည်း အကျွမ်းမဝင်ဘူး၊ မြင့်မြတ်ပူဇော်ရာ ကလည်း ဘုရားရှင်နှင့် ထိုက်ထိုက်တန်တန် သူ့မှာစီမံကားတာ မရှိဘူးလို့ ပြောတော့၊ အေး-ကိစ္စမရှိဘူး၊ နက်ဖြန်ခါ သင်ကပ်နိုင်တာကလာ လာခဲ့ပါ။ သည်အတိုင်းတိုင်း လာခဲ့ပါ။ ဘုရားရှင်ကိုပူဇော်ဖို့ ထိုက်ထိုက်တန်တန်တွေ့ ဘာမှုအကြွင်းအကျန်မရှိအောင် သူစီမံထားတာရှိတယ်။ အဲဒါနှင့်ပူဇော်ပါလို့ ပြောသတဲ့ဗျ။ သည်တော့ အခုနပြောတဲ့အတိုင်း လာတာဗျ။ လာပြီးတော့မှ ဘုရားရှင်ကို ကန်တော့စေတာဗျ။ သည်တော့ ဘုရားရှင်က အမှန်ကိုညွှန်ကြား ဆုံးမတဲ့အခါကျတော့ကို ဘယ့်နှယ်တုန်းဗျ။ သူ့မှာ ပုထုဇဉ်ဘဝက ကျွတ်ပြီး တော့ အရိယာဘုံသား ဖြစ်တယ်ဗျ။ ကြီးလိုက်တဲ့မေတ္တာဗျ။ အဲသည်လိုပုံမျိုးမှာ နေရာကျပြီဆိုတော့ ကိုယ့်ကို သေသေချာချာသတ်တဲ့ဟာကို သူကသနားပြီး

တော့ ကျေးဇူးတင်နေတာတော့ သူဟာ အတည့်တွေမြင်နေတာဗျ။ ကတည့်တ ကတဝေဒီတဲ့။ အဲသည်လိုမြင်ပြီးတော့မှ ထပ်တူညီမျှ ချမ်းသာသုခရအောင် ဆောင်ပေးလိုက်သတဲ့ဗျ။ (တင်ပါ့ဘုရား)။

## အဟုတ်ပြုတော့အဟုတ်သိမှာ

အခုလည်းပဲ ဘယ်လိုတုန်းဆိုတော့ သည်လိုသာ ဝီရိယ ထူထောင်ပြီးတော့ သည်လိုဖြည့်ကြမယ်ဆိုလျှင် အချိန်တစ်ခုနှင့်တစ်ခု မတူအောင် မြင့်မြတ်ကြလိမ့်မယ်ဗျ။ မြင့်မြတ်တာ ဘယ်လိုပါလဲဆိုရင် ဒကာကြီးက သည်လိုလုပ်ဆောင်နေတာကို အားလုံးသော ဒကာကြီး၊ ဒကာမကြီးတွေက 'မြင်လိမ့်မယ်။ ဒကာကြီးကလဲ ဘုရားဆုံးမတဲ့ အဆုံးအမကို သေသေချာချာကို ကိုယ်နှင့် နှုတ်နှင့် စိတ်နှင့်လိုက်နာ။ အဲသည်လိုလိုက်နာလျှင် မြင့်တဲ့လူရှိတယ်၊ မြင့်တော့ ဒကာကြီးကို သည်လိုအတိုင်း ဖြစ်ထားလို့ မတော်ဘူးဆိုပြီး သေသေချာချာကို ချမ်းသာအောင် ပြုကြလိမ့်မယ်။ ကိုယ်ရော၊ နှုတ်ရော၊ သဘောကျတော့ဗျ။ သူတို့မှာ မြင့်မြင့်မြတ်မြတ် စားစရာတွေရှိတယ်ဆိုရင် သူတို့မစားပဲ ဒကာကြီးကို ပေးချင်လိမ့်မယ်။ အဟုတ်ကိုပေးချင်မှာဗျ။ ကိုယ်ကလည်း အဟုတ်လုပ်မှနေ၊ အဟုတ်သာလုပ်။ အဲသည်လိုဖြစ်လိမ့်မယ်။ ကိုယ်ကရော ဆိုရင် သည့်ပြင်ဒကာကြီး၊ ဒကာမကြီးတွေ လုပ်နေတာကိုမြင်လျှင် ဒကာကြီးမှာ မြင့်မြင့်မြတ်မြတ် ထိုက်ထိုက်တန်တန် ပါလိမ့်မယ်။ ဒါကို ကိုယ်ကမစားချင်ဘဲ ကိုယ့်သီတင်းသုံးဖော်တွေကို စားသချင်၊ ကျွေးသချင်ဖြစ်လိမ့်မယ်။ ဒါဟန်လုပ်တာ မဟုတ်ဘူး။ အဟုတ်ဖြစ်မှာဗျ။ အဟုတ်ပြုတော့ အဟုတ်သိမှာဗျ။ ဒါပေမယ့် တိုတစ်တွေအဲဒီလိုဖြစ်လိမ့်မယ်မထင်ဘူးလို့ သည်လိုအောက်မေ့လျှင် အောက်မေ့လိမ့်မယ်။ ဘယ့်နှယ်လဲဗျ။ (သည်လိုအောက်မေ့ဖို့ မသင့်ပါဘူးဘုရား)။

မသင့်ပေတဲ့ တစ်ခါတစ်ခါ အောက်မေ့ချင် အောက်မေ့မှာဗျ။ သူ့မှာတော့ ပါရမီရှိလို့ ဖြစ်တယ်၊ တို့မှာတော့ ပါရမီမရှိဘူးလို့ အောက်မေ့လိမ့်မယ်၊ မဟုတ်ဘူး။ သည်အတိုင်းသာ ဆောင်ရွက်သွား၊ သူ့အချိန်ကျလျှင် ဖြစ်မှာပါဗျ။ ဟုတ်ကဲ့လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။ အခုန သိရိမာတောင်မှ အင်မတန်ဆိုးသွမ်းတဲ့ ဒကာမတောင်မှ အရိယာနွယ်ဝင်ဖြစ်သေးတာ။ တပည့်တော်တို့သည် လောက် မဆိုးသေးပါဘူးဘုရား။

မေး။ ။ဒါကြောင့် အခုဟာတွေ ဘာလဲဆိုလျှင် အချိန်အခါ ဘဝမြင့်မြတ်ကြတယ်။ မြင့်မြတ်တာကိုသိပြီးတော့ ဤကဲ့သို့ ထူထောင်သွားကြမယ်ဆိုလျှင် သည်လိုဖြစ်မယ်၊ ဟုတ်ကဲ့လားဗျ။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

သူတို့က ဖြစ်နိုင်လိမ့်မယ်မထင်ဘူးလို့ ပြောပြော၊ နောက် သည့်ထက် ဆိုးတာတွေလည်း ရှိတယ်။ ဘာပဲဖြစ်ဖြစ် ဘုရားဆုံးမတဲ့ အဆုံးအမကိုလိုက်နာပြီး စိတ်က အာရုံပြုလျှင် ဖြစ်တာပဲ။ ဆိုးတာပေါ့ဗျ၊ အင်္ဂုလိမာလဆိုတာ။ သူက ဘာတွေလုပ်သလဲဗျ။

ဖြေ။ ။လူတွေကို သတ်ဖြတ်သတ်တာပဲဘုရား။

သို့သော်လည်း သူဟာ မြင့်မြတ်တော့ မြင့်မြတ်တယ်။ သူ့ဆရာက နေရာမကျအောင်လုပ်တာနှင့် သည်လိုလျှောက်ဖြစ်နေတာဗျ။ ဟိုက လုပ်တာကို သူကမသိဘူး။ ဘာကြောင့်လုပ်တယ်ဆိုတာလည်း သူမသိဘူး။ သူကတော့ ဆရာကို ရိုသေလေးစားပြီး ဆရာအလိုရှိတဲ့ဟာကို ရအောင်လုပ်တာပဲဗျ။ ဒါပေမယ့် နောက်ကျတော့ ဘယ်နှယ်လဲ၊ ဘုရားရှင်နှင့် တွေ့ပြီဆိုတော့ ခဏကလေးတွေတာ ဘယ့်နှယ်လဲ။

ဖြေ။ ။ခဏကလေးတွေ့ပြီး ခဏကလေးနှင့်ပဲ အရိယာအဖြစ် ကူးသွားပါတယ်ဘုရား။

မေး။ ။စိတ်ကို အဲသည်လိုဆောက်တည်တာပဲ မဟုတ်လား။ အဲသည်လို ဆောက်တည်တော့ ခဏကလေးနဲ့ သည်လိုပြီးတယ် မဟုတ်လား။

ဖြေ။ ။ခဏကလေးနှင့် အရိယာနွယ်ဝင် ဖြစ်သွားပါတယ်ဘုရား။

မေး။ ။အခု ဒကာကြီး၊ ဒကာမကြီးတွေက ကိုယ့်ကိုယ်ကို နေရာမကျဘူးလို့ တစ်ခါတစ်ခါ တွေးနေကြတယ်မဟုတ်လား။

ဖြေ။ ။တွေးနေပေမယ့် တစ်နေ့နေ့တော့ သောတာပန်ဖြစ်လိမ့်မယ်လို့ ထင်နေပါတယ်ဘုရား။

မေး။ ။အခု မဟုတ်သေးဘူးလား။

ဖြေ။ ။အခုတော့ လုပ်ဖို့ကြံနေပါပြီဘုရား။

မေး။ ။သူ့ဟာက ကြံကြံမနေနဲ့၊ မြန်မြန်လုပ်ဗျ။ ဘုရားက ဘယ့်နှယ် ဟောသလဲ၊ ဖြည်းဖြည်းလုပ်လို့ ဟောသလား။

ဖြေ။ ။ဖြည်းဖြည်းမဟုတ်ပါဘူး။ အခုလုပ်ဖို့ ဟောပါတယ်ဘုရား။

မေး။ ။အေး-အဇ္ဇေဝကိစ္စံ ကာတဗ္ဗံ ဆိုတာဟာ နှေးနှေးလုပ်ဖို့ ဆုံးမတာ လား။

ဖြေ။ ။မဟုတ်ပါဘူးဘုရား။

မေး။ ။အေး-ဒါကြောင့်မို့ ဝီရိယနည်းနည်းနှင့် နှေးနှေးဆိုတာမျိုးက ဘယ် ဟာမှ မကောင်းဘူးဗျ။ သွက်လက်ဖျတ်လတ်ပြီး ဝီရိယရှိတာဟာ အကောင်းဆုံးပဲ။

ဖြေ။ ။နှေးတယ်ဆိုတာ ဝီရိယနည်းတာပါဘုရား။

နှေးနှေးလုပ်ရင် အကျိုးပေးတော့လည်း နှေးနှေးကြီးပဲ အကျိုးပေးတယ်ဗျ။ ဥပမာ ကုသိုလ်တစ်ခုပြုတယ်၊ နှေးနှေးနှင့် ဖြည်းဖြည်းလုပ်လျှင် နှေးနှေးနှင့်ဖြည်းဖြည်း အကျိုးပေးမှာပဲ။ ဥပမာ-ရှင်ဘုရင်လုပ်ရမယ်ဆိုပါတော့၊ ရှင်ဘုရင်တော့ဖြစ်မှာပဲ။ ရှင်ဘုရင်ဖြစ်ဖို့ရာ လူ့ဘောင်ကိုရောက်လာပြီး၊ ဒါပေမယ့် ရှင်ဘုရင်မဖြစ်ခင် မင်းသားလုပ်နေတာက အနှစ်ဂ၁၊ ၉၀လောက်လုပ်နေရမှာ ထင်ပါရဲ့။

ဖြေ။ ။မှန်ပါတယ်ဘုရား။ သေခါနီးကျမှ ရှင်ဘုရင်ဖြစ်မှာပါဘုရား။

မေး။ ။သည်တော့ ရှင်ဘုရင်ဖြစ်ဖို့ရာ မင်းသား-မင်းသမီးအဖြစ် အကြာကြီးလုပ်နေရတာနဲ့ အခုချက်ချင်း ရှင်ဘုရင်ဖြစ်ရတာဟာ ဘယ်ဒင်းက ကောင်းသလဲဗျ။

ဖြေ။ ။အခုချက်ချင်း ရှင်ဘုရင်ဖြစ်ရတာ ကောင်းပါတယ်ဘုရား။

မေး။ ။ဒါဟာ အခုနတုန်းက ဘာကြောင့် နှေးနှေးလို့ ပြောရတာလဲ။

ဖြေ။ ။သည်လိုဆိုရင်တော့ အာရုကစပြီး လုပ်ပါတော့မယ်ဘုရား။

ဖြည်းဖြည်းလုပ်တယ်ဆိုတာဟာ ကုသိုလ်က အောင်မြင်သွားဦးတော့ အကျိုးပေးတဲ့နေရာမှာ နှေးနှေးကြီး အကျိုးပေးတာဗျ။ အခုလည်း ဒကာကြီးဟာ မဂ်ဖိုလ် ရရာရကြောင်းကို လုပ်တဲ့နေရာမှာ စိတ်ထားက ဖြည်းဖြည်းဆိုရင် ဖြည်းဖြည်းဖြစ်မှာပဲ ဒကာကြီး ငယ်ငယ်တုန်းကသာ ဘုရားဆုံးမတဲ့အတိုင်း မေတ္တာရှင် ကရုဏာရှင်တွေရဲ့ စကားကို နားထောင်မယ်ဆိုရင် အခုလောက်ရှိ အတော်နေရာကျပြီထင်တယ်ဗျ။အခု ဒကာကြီးအသက်ဘယ်လောက်ရှိပြီလဲ။

ဖြေ။ ။တပည့်တော်အသက် ၆၆-နှစ် ရှိပါပြီဘုရား။

မေး။ ။အသက် ၆၆-နှစ်ဆိုရင် သည်မြို့ပေါ်မှာ ဆရာတော်ကြီး ဖြစ်နေမှာပဲ။

ဖြေ။ ။ဆရာတော်တောင် ကြီးကြီး ဖြစ်နေမှာပါဘုရား။

မေး။ ။အေး-ဗျ၊ ငယ်ငယ်တောင် မဟုတ်ဘူး။ ကြီးကြီးတောင် ဖြစ်နေမှာဗျ။ အခုန မေတ္တာရှင် ကရုဏာရှင်တွေက ကောင်းအောင်တော့ ပြောတယ်မဟုတ်လား။

ဖြေ။ ။ပြောပါတယ်ဘုရား။

မေး။ ။အဲဒါ နားထောင်ရဲ့လား။

ဖြေ။ ။နားမထောင်လို့ အခုသည်လိုပဲ လာဖြစ်နေပါတယ်ဘုရား။

မေး။ ။အဲဒါ နားမထောင်တာဗျ။ အခါကောင်းတယ်။ ဘဝကောင်းတယ်ဗျ။ ပြီးတော့ မေတ္တာရှင် ကရုဏာရှင်တွေကလည်း ကောင်းကောင်းလှုလှုကြီးကို ဆုံးမတယ်မဟုတ်လားဗျ။

ဖြေ။ ။ဆုံးမပါတယ်ဘုရား။ သည်လိုဆုံးမတာကို နားထဲမဝင်လို့ အခုလိုလူ့ဘောင်မှာ အင်မတန် ကျဉ်းကျဉ်းကြပ်ကြပ်နှင့်နေရပါတယ်ဘုရား။

အဲဒါဟာ ဘာကြောင့်လဲဆိုလျှင် ဘုရားဆုံးမတဲ့အတိုင်း မလိုက်နာလို့ဗျ။ ဒါကြောင့် အခု သည်လို ဖြစ်တာဗျ။ ငယ်ငယ်တုန်းကသာ စမယ်ဆိုလျှင် အခု သူ ဆရာတော်ကြီး အကြီးဆုံး ဖြစ်နေမှာဗျ။

ဖြေ။ ။တပည့်တော်က ဟိုတုန်းကသာ ဆရာတော်ကြီးဖြစ်လာလျှင် ဆရာတော်ကြီးနှင့်တောင် တင်းတိမ်မှာ မဟုတ်ပါဘူးဘုရား။ အရိယာတွေ ဘာတွေတော့ ဖြစ်နေမှာပါ ဘုရား။

ဒါပေမယ့် ဒကာကြီးက မလုပ်ဘဲနေတာကိုးဗျ။ အေး ဟိုတုန်းက မလုပ်ခဲ့တာ နေပေစေ။ ဒါက နောက်ဆုံးက နားမထောင်တာ နေပေစေ။ အခု နားမထောင်ရင် တစ်ခါ ဘယ်ထိအောင် သွားမှာလဲဗျ။

ဖြေ။ ။အဝီစိထိအောင် သွားမှာပါ ဘုရား။

မေး။ ။အရင်တုန်းက အသက်ပိုင်းက တော်တော်ကျန်သေးတာကိုးဗျ။ အခုကော အသက်ပိုင်းက တော်တော် ကျန်သေးသလား။

ဖြေ။ ။မကျန်တော့ပါဘူးဘုရား။

မေး။ ။၆၆-နှစ်တော့ ဘယ်နည်းနှင့်မျှ မနေရတော့ဘူး မဟုတ်လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

မေး။ ။အဲဒါ ဘယ့်နှယ်လုပ်မလဲ့။

ဖြေ။ ။အခုကတည်းက စပြီးတော့ ကြိုးစားပါတော့မယ်ဘုရား။

မေး။ ။ဖြည်းဖြည်းနှင့် လုပ်ဦးမှာလား။

ဖြေ။ ။လုပ်ပါ့မယ်ဆိုတော့လည်း မုသားများ ပါနေမလား မသိဘူးဘုရား။ ဖြည်းဖြည်းပဲ တက်ပါစေဦးဘုရား။ အရှင်ဘုရားကိုလည်း မလိမ်ဝံ့ဘူးဘုရား။ ကြိုးစားပါ့မယ်လို့ အရှင်ဘုရားကိုလျှောက်ထားပြီး အိမ်ကျမေ့နေရင်လည်း လိမ်ရာကျပါလိမ့်မယ်ဘုရား။

မေး။ ။အဟုတ်လုပ်ပါ့မယ်လို့ ပြောလိုက်တော့ [illegible]။ ဖြစ်ဘူး၊ မဖြစ်ဘူး။ ငါ အဟုတ်လုပ်[illegible]လို့ [illegible] အဲဒါကမှ ဆောက်တည်ရာ ရောက်လိမ့်မယ်၊

ဖြေ။ ။အပြစ်မရှိဘူးဆိုရင် တပည့်တော် [illegible]ပါတယ်ဘုရား။

နေပါဦး ဒကာကြီးရယ်၊ [illegible] အဲဒါ ဒကာကြီးရယ် အပြစ် မရှိဘူးလို့ပဲ ပြောသည်[illegible]။ မလုပ်ဘဲနေရင် ဘယ့်နှယ်တုန်းဗျ။ အကျိုးရှိသွားတာလ[illegible]လား။

ဖြေ။ ။မလုပ်ဘဲနေရင်တော့ အကျိုးမဲ့သွားပါမယ်ဘုရား။

မေး။ ။ဘယ်သူက အကျိုးမဲ့တယ်လို့ပြောမှာလဲ။ အကျိုးမဲ့တယ်ဆိုတာနှင့် အကျိုးမဲ့သလားဗျ။

ဖြေ။ ။တပည့်တော်က အရှင်ဘုရားကို ရဲရဲကြီး အာမခံရော။ အိပ်ကျတော့ မလုပ်ဖြစ်ဘူး။ မလုပ်ဖြစ်တော့ ကုသိုလ်လည်း မရတဲ့အပြင် အကုသိုလ် ဖြစ်သွားပါတယ်ဘုရား။

မေး။ ။သည်လိုမဖြစ်ဘဲ လျော့နေတော့ကော။

ဖြေ။ ။လျော့နေတော့လည်း အကုသိုလ်ဖြစ်တာပါပဲဘုရား။ပြောပြီးမှ လျော့တော့ တပည့်တော်မှာ မုသားက တစ်ခါထပ်ပြီးတော့ ဝင်လာပါတယ်ဘုရား။

မေး။ ။ပြောလိုက်တာက ပြောခရသေးတယ်ဗျ။

ဖြေ။ ။ပြောခရရင် ပြောပါမယ် ဘုရား။

မေး။ ။လိမ်ရင် အပြစ်ရှိမှာလို့ထင်ရင် မကြောက်ဘူးလား။

ဖြေ။ ။ကြောက်ပါတယ်ဘုရား။

မေး။ ။ဒါဖြင့် လျော့ချင်ပြီး လုပ်မှာလား။

ဖြေ။ ။တပည့်တော်က တပည့်တော်စိတ်ကို တပည့်တော်သိတယ်ဘုရား။ အိမ်ကျရင် လျော့မှာ ဘုရား။ အခု သည်လိုဆိုတော့ မလျော့ပါဘူး ဘုရား။ ဒီလို တင်းတင်းကျပ်ကျပ် အာမခံထားရင် မလျော့ဝံ့ပါဘူး ဘုရား။

မေး။ ။ဒါဖြင့် ဒီလိုလုပ်ပါလား။ လုပ်မှာလားဗျ။

ဖြေ။ ။လုပ်ပါမယ်ဘုရား။

ကောင်းပါ့ဗျာ။ လျော့တာ ပေါ့တာကို သိတယ်။ သိပြီဆိုမှ ဖြစ်လျှင်ပဲ နေရာကျပြီဗျ။ ဒကာ ဒကာမကြီးများရဲ့ လျော့တာပေါ့တာသိတော့ ဘယ့်နှယ်လဲဆိုလျှင် လျော့လို့ ပေါ့လို့တော့ မဖြစ်ဘူးဆိုပြီး သည်လိုဖြစ်ပါလိမ့်မယ်။ လျော့တာ ပေါ့တာ မသိဘူးဆိုလျှင် သူ့ဟာသူ အတော် ဝီရိယကောင်းနေပြီထို့ ထင်ရင် ဘယ့်နှယ်လဲ၊ ရှေ့တိုးပါဦးမလား။

ဖြေ။ ။တပည့်တော်က စိတ်ကြီးဝင်နေရင် ရှေ့မတိုးတော့ပါဘူးဘုရား။

အေး၊ အခုနလို လျော့တယ်ပေါ့တယ်လို့ အမှန်သိနေရင် နေရာကျလှပြီဗျ။ လျော့မှန်း ပေါ့မှန်းသိရင် လူလျော့ လူပေါ့အဖြစ်ကတစ်ခါတည်း လွတ်အောင် ကြိုးစားပြီး ထူထောင်ကြ၊ အားထုတ်ကြဗျား။

■

# သူများအားကိုးမလုပ်နှင့် ဖြစ်တဲ့နည်းနှင့်လုပ်

"ဘုရားဆုံးမခဲ့တာကတော့ ဘာဖြစ်ဖြစ်လုပ်၊ ဝီရိယရှိပြီး တော့ကို အလုပ်လုပ်၊ ဘယ့်နှင့်လုပ်ရမလဲဆိုရင် မနားမနေ လုပ်ရမှာတဲ့ဗျ"

(ဝိသာခါ ကျောင်းအစ်မကြီးသည် မြေးရှစ်ရာ၊ မြစ်ရှစ်ထောင်နှင့် ကျေးကျွန်များကြားမှာပင် ကျင့်ကြံ အားထုတ်ခဲ့ကြောင်း၊ ဘုရင်နှင့် သူဌေးများ ကုသိုလ်ပြုမည်ဆိုလျှင် အနာထပိဏ်နှင့် ဝိသာခါမပါလျှင် အထမမြောက်သလို ဖြစ်နေကြောင်း၊ လူ့ဘဝသို့ အတူတူရောက်လာကြ သည်ချည်းဖြစ်၍ တန်းတူရည်တူရှိအောင် ဝီရိယသန်သန်ဖြင့် ကြိုးစားရှာ ဖွေကာ သူများနည်းတူ နေနိုင်မည်ဖြစ်ကြောင်းဖြင့် လောကီ လောကုတ် နှစ်ဝကိစ္စများကို ဆိုဆုံးမတော်မူခဲ့သော တရားတော်ဖြစ်၏။ ထိုတရား တော်ကို ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ၌ ၁၉၅၅ ခု မေလ ၁၅ ရက်နေ့ညတွင် ဟောကြားတော်မူခဲ့သည်။)

ဝေဘူဆရာတော် အရှင်သူမြတ်သည် ပထမရှေးဦးစွာ ရှစ်ပါးသီလ ပေးပြီးနောက် အောက်ပါအတိုင်း တရားတော်ကို ချီးမြှင့်ပါသည်။

**တရားနာခံ ဓဖြစ် ဦးလှက လျှောက်ထားဆောင်ရွက်ပါသည်၊**

ဒါကြောင့် ရှင်ဘုရင်လုပ်ရင်လည်း ကိုယ်တောင့်တရည်ရွယ်ချက် ပြီးတာဗျ။ သူဌေးလုပ်ရင်လည်းပဲ ကိုယ့်တောင့်တရည်ရွယ်ချက်တွေ ပြီးပါတယ်ဗျ။ တချို့ ရှင်ဘုရင် သူဌေးမဟုတ်ကြဘဲ ခန္ဓာဝန်အတွက် စားဖို့ သောက်ဖို့တွေကို မပြု ဘဲနေလို့မဖြစ်ဘူး။ ဒါတွေကိုပြုရင်းလည်းပဲ သည်လို ဆောင်ကြရတာပဲဗျ။

ဆောင်ကြတော့ တောင့်တတဲ့အတိုင်း ပြီးလိုက်ကြတာဗျ။ ဘယ်လိုများပြီးပါ သလဲဆိုလျှင် ရှင်ဘုရင်ကလည်း ရှင်ဘုရင်လုပ်ရင်း၊ သူဌေးကလည်း သူဌေး လုပ်ရင်း ကိုယ်တစ်ယောက်တည်းရယ်လို့ မဟုတ်ဘူး။ တော်တော်ကြာတော့ အကုန်လုံး အခြံအရံများနှင့်တကွ တစ်ပြိုင်နက်တည်း အစီးအပွားတွေဟာ များပါတယ်ဗျ။ ရှင်ဘုရင်လည်း သူ့မှူးမတ်ဗိုလ်ပါ မောင်းမမိဿံ အခြွေ အရံ အသင်းအပင်းတွေနှင့် အကုန်လုံး ချမ်းသာသုခတွေဟာ တစ်ညီတည်း ရကြပါတယ်ဗျ။ သူဌေးတွေလည်း သည်လိုပဲဗျ။ အထက်က သိကြား၊ ဗြဟ္မာ၊ နတ်တွေလည်း သည်လိုပဲဗျ။ ရှေ့က ဝီရိယသွက်လက်ဖျတ်လတ်ပြီး ရွက်ဆောင် တဲ့လူတွေက သွားပါတယ်ဆိုလျှင် နီးရာနီးရာဖြစ်တဲ့ အခြွေအရံတွေကလည်း ပျော်ရွှင်ပြီးလိုက်ကြတော့တာပဲဗျ။ ဒါကြောင့် အချိန်တစ်ခုတည်း၊ တစ်ပြိုင် တည်း တောင့်တရည်ရွယ်ချက်တွေဟာ ပြီးပြီးသွားကြတာဗျ။ တစ်ယောက် တည်းမဟုတ်ပါဘူး။ သည်တော့ တစ်ယောက်တည်းပြုလည်း ဖြစ်တာပဲ။ များစွာသော ပရိသတ်တွေထဲမှာ အာရုံပြုလျှင်ကော မဖြစ်ဘူးလား။ (ဖြစ်ပါ တယ်ဘုရား)

သားတွေ သမီးတွေ မြေးတွေနှင့်ကော။ (ဖြစ်ပါတယ်ဘုရား)

အေး၊ ရှေးက အရှင်တွေကတော့ သည်လို ဆောင်ကြတာပဲဗျ။ သို့ပေ မယ့် ရှေးကအရှင်တွေ ဆောင်တာလည်း သူတို့ပြောတတ်တယ်။ မှတ်ထားတာ တွေလည်းရှိတယ်။ မှတ်ထားပေမယ့် စိတ်က ဘယ်လိုလဲဆိုရင် ရှေးကသာဖြစ် တာ အခုတော့ မဖြစ်ဘူးလိုလို့နှင့် သူတို့ပြောလို့သာပြောတာ သူတို့ အကုန် နားလည်ပြီး သိသွားတာချည်းပါပဲ။ သူတို့မှာ အလုပ်ရှုပ်လို့ သားတွေ သမီး တွေ မြေးတွေ မြစ်တွေနှင့် သည့်ပြင်အလုပ်တွေ ဆောင်စရာရှိသေးလို့ ဒါ ကြောင့် မဖြစ်သေးဘူး။ အားလပ်တဲ့အချိန်ရောက်မှပဲ ပြုမယ်လို့ စိတ်ကဖြစ် တယ်၊ စိတ်က ဖြစ်ရုံမကဘူး။ ပြောစရာရှိလည်း မိတ်ဆွေသင်္ဂဟတွေကိုပဲ ပြောလိုက်တာပဲ ထင်ပါရဲ့ဗျာ။

ဖြေ။ ။တပည့်တော်တို့ လုပ်နေတာကတော့ ဟိုကိစ္စရှိသေးတယ်။ မနက်ကိစ္စ ရှိသေးတယ်၊ ဆွမ်းလောင်းစရာ ကိစ္စရှိသေးတယ်။ နေ့ခင်းလည်းပဲ သည်လိုပဲ ကိစ္စတွေ ရှိသေးတယ်နှင့်၊ ဘယ်နှစ်နာရီက ဘယ်နှစ်နာရီ ကျတော့မှပဲ ဘုရားဆုံးမတဲ့ အလုပ်ကိုလုပ်မယ်ဆိုပြီး တစ်နေ့ကိုနာရီ နှင့်လုပ်ပါတယ်ဘုရား)။

## ဝိသာခါကျောင်းအစ်မ

ရှေးအရှင်တွေကတော့ တစ်ဆက်တည်းမပြက်အောင် သည်လိုထူထောင် တာဗျ။ ဒါကြောင့် သူတို့မှာ အစီးအပွားတွေဟာ ပြီးကြတာဗျ။ ဝိသာခါ ဒကာမကြီးများဆိုလျှင် သူ့ရဲ့ အခြွေအရံ အသင်းအပင်းတွေဟာ အကုန်လုံး

မရေမတွက်နိုင်ဘူးတဲ့ဗျ။ သူ့မှာ အစစ်ကို မြေးတွေ မြစ်တွေရှိတယ်ဗျ။ ဘယ်လောက်များ များသလဲဆိုလျှင် မြေးက ရှစ်ရာတဲ့ဗျ။ အဲဒါဟာ မြေးအရင်းချည်းပဲဗျ၊ မြစ်က ရှစ်ထောင်တဲ့ဗျ။ အဲဒါလည်း အရင်းချည်းပဲတဲ့ဗျ။ အခုတော့ သူတို့မှာ မြေးဆိုပေမယ့် မြေးတော့ ဟုတ်ပါရဲ့။ ဟိုလိုမြေး သည်လိုမြေးတွေက အတော်များသေးတာဗျ။ ဟိုကတော့ အဲသည်လိုဟာတွေ မပါဘူးဗျ။ အရင်းချည်းပဲတဲ့ဗျ။ အဲဒါတွေနဲ့ ရွက်ဆောင်တာဗျ။ ကျေးတွေ ကျွန်တွေအတွက်လည်း အကုန်လုံး ပြုရသေးတယ်။ ကျေးကျွန်တွေ နေထိုင်စားသောက်ဖို့ အလုံး အစုံတွေကို လုံလောက်အောင်လည်း ပြုရတယ်ဗျ။ အဲဒါတွေနှင့် သည်လို ဆောင်တာဗျ။

သူ သာဝတ္ထိ ရောက်လာတဲ့ အခါကျတော့ သည့်ပြင် ရှင်ဘုရင်၊ သူဌေးတွေက ကုသိုလ်ပြုတယ်ဆိုရင် အနာထပိဏ်တို့ ဝိသာခါတို့ဟာတော့ သူတို့က ·အလုံးစုံ အကုန် နားလည်ပြီးကြတယ်ဆိုတော့ သူတို့အကြောင်းချည်းပဲကိုဗျ။ အဲဒါကို သူတို့က သိကြတယ်။ သိကြတော့ သူတို့က သဒ္ဓါတရားနှင့် ကုသိုလ်ပြုမယ်ဆိုလျှင် ဘယ်လိုလဲဆိုတော့ အနာထပိဏ်တို့ ဝိသာခါတို့ပြုသလို အလုံးစုံနေရာတကာ ဖြစ်ချင်ကြတယ်ဗျ။ ဖြစ်ချင်တော့ သူတို့ကို ဖိတ်ကြတာပါပဲဗျ။ အဲသည်လိုဖိတ်လို့ သူတို့က မအားမလပ်တဲ့အခါဖြစ်နေလျှင် သူတို့အားလပ်တဲ့အချိန်ကျတော့မှ သည်အမှုတို့ ဘာတို့ကို လုပ်ကြတော့တာပဲတဲ့ဗျ။ သည်လိုလုပ်တာ ဘယ့်လောက်များသလဲဆိုရင် သာဝတ္ထိမှာ ခုနစ်ကုဋေကျော်ဆိုတော့ တစ်ရက်တစ်ရက်မှာ ဘယ့်နှယ်လဲ။ ပြုလိုက်ကြတာတွေ၊ ဘုရားရှိစဉ်အခါက ဘယ်အချိန်များ အားလပ်တဲ့အချိန် ရှိဦးမလဲ။

ဖြေ။　။အားလပ်တဲ့အချိန် မရှိပါဘူးဘုရား။

အဲဒါတွေ အကုန်လုံးမှာ ပါဝင်ပြီး ဆောင်တာတဲ့ဗျ။ သည်တော့ ကိုယ့်ဟာကိုယ်ပြုတဲ့ဟာမှာ ဘယ့်နှယ်ကြောင့် သည်လိုဖြစ်ပါလိမ့်မလဲဆို[illegible] အခုဒကာ ဒကာမကြီးတွေဟာ ကုသိုလ်တစ်ခုပြုမယ်ဆိုရင် ဆွမ်းခဲဖွယ် ဘောဇဉ်တွေကို အရသာ မြင့်မြင့်မြတ်မြတ်ကြီးပြုချင်တယ်။ ကိုယ်က အားလုံးထက်အသာဆုံးဖြစ်ချင်တယ်။ ဒီတော့ ဘယ်သူဟာ အချက်အပြုတ် [illegible]တယ်ဆိုတာကို သူတို့ ကြည့်ထား[illegible]ယ်ဗျ။

မေး။　။သိကော သိ[illegible]ထားဘူးလား။

ဖြေ။　။သိပါတယ်ဘုရား။

မေး။　။အဟုတ်ပြုချင်တဲ့အခါကျတော့ ကိုယ့်ဟာကို ချက်မလား၊ [illegible]ကိုက ငါ့ထက်သာတယ်၊ ငါက သူတို့လို မဖြစ်ဘူး။ ပြုချင်တာ[illegible]ကိုလို ပြုချင်တာ။ သည်တော့ ကိုယ့်ထက် သာတဲ့လူကို လာပါ [illegible]နှင့် ခေါ်တယ် မဟုတ်လား။

ဖြေ။　။သည်လိုပဲ ကတ်သိလိမ္မာတဲ့လူကို ခေါ်ရပါတယ်ဘုရား။

မေး။ ။သူတို့က အခု မအားဘူးဆိုလျှင် ဘယ့်နှယ်ပြုမလဲ။
ဖြေ။ ။စောင့်တန်းစောင့်ပြီး ပြုရမှာပါပဲဘုရား။

အေး၊ ကိုယ်က သူတို့လိုဖြစ်ချင်တာကိုး၊ ကိုယ်ကိုယ်တိုင်ကလည်း သူတို့လို မလုပ်တတ်ပဲကိုးဗျ။ အဲသည်တော့ ကိုယ့်ဟာကိုယ်သိတယ်။ ဘယ်ဒကာကြီးက ဘာလုပ်တတ်တယ်ဆိုတာသိတယ်ဗျ။ သို့ပေမယ့် ငါလည်း သည်လောက်တော့ လုပ်တတ်တယ်ဆိုပေမယ့် သူ့လိုတော့ မဖြစ်ဘူး။ ပြုချင်တာက သူ့လို ပြုချင်တာဆိုရင် ဘယ့်နှယ်လည်း၊ သူနှင့်မှ ဖြစ်မယ်။ အခုလည်းပဲ အဲသည်လို ဗျ။ သူတို့က အသာဆုံးဖြစ်နေတော့ သူတို့မှာ ဘယ်နေရာမှ မလပ်ဘူးဗျ။ မလပ်တော့ သူတို့ မပါလို့ရှိလျှင် ဘယ်ဟာမှ နေရာမကျဘူးတဲ့ဗျ။ ဒါကြောင့် ကုသိုလ်ပြုတဲ့အခါမှာ အဲသည်နေရာမှာ ဘယ်လိုလဲဆိုလျှင် အနာထပိဏ်တို့ ဝိသာခါတို့ပါသလား။ မပါဘူးဆိုလျှင် အလကားပါကွာလို့ ပြောကြသတဲ့ဗျ။ စိတ်ထဲမှာ မနှစ်သက်ဘူးတဲ့ဗျ။ သူတို့က အဲသည်လို တတ်တယ်ဗျ။ သူတို့အိမ်မှာလည်း ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို နိစ္စပါတ်တွေနှင့် ထားတာရှိတယ်။ ဒါတွေကိုတော့ ကိုယ်နှင့်ထပ်တူညီမျှဆောင်တတ်တဲ့ သားများ သမီးများတွေနှင့် ထားလိုက်ရတာတဲ့ဗျ။ သူတို့မှာ အားချိန် မရှိဘူးတဲ့ဗျ။ ဒါပေမယ့် သူတို့မှာ အဲသည်လိုဟာတွေကို လုပ်ရင်းပဲ ဘုရားဆုံးမတဲ့ အဆုံးအမတွေကိုလည်း လိုက်နာတာပဲ။

ပြီးတော့ ဘုရားသာသနာ တည်ရာတည်ကြောင်းဖြစ်တဲ့ ကျောင်း သင်္ကန်း ဆွမ်း၊ ဆေး အမျိုးမျိုးအဖြာဖြာနှစ်သက်ဖွယ်ရာတွေကိုလည်း ပြုတယ်။ အဲသည်လို ပြုတာက စရဏ၊ အဲသည်လို နေရာတိုင်းမှာ ပြုရင်းပင် အမှန် ယထာဘူတသိဖို့ရာ ဘုရားဆုံးမတဲ့ အဆုံးအမကို မလွတ်ရအောင်လည်း ဆောင်နေတာဗျ။ ရှေးက အရှင်တွေဟာလည်း သည်လိုဆောင်တာဗျ။ သည်လို ဆောင်သည်ဖြစ်သောကြောင့် အစဉ်အတိုင်းဟာ သူတို့မှာ မြင့်မြတ်ကြီးပွား တိုးတက်ကြတာဗျ။ အားလုံးတို့ဟာ သူတို့ရဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာကို မြင်တယ်ဆိုလျှင် ဘယ်တော့မှ အားမရ မရောင့်ရဲနိုင်ပေါင်တဲ့ဗျား။ ပြီးတော့ သူတို့ စီမံပြုပြီးတာတွေကို မြင်ရရင်လည်း ဝမ်းမြောက်ကြ ဝမ်းသာလိုက်ကြတာတဲ့ဗျား။ အဲဒါ ဘာလဲဆိုလျှင် အခုနပြောတဲ့ အချိန်တစ်ခုတည်းမှာ သည်လောက်များနေတဲ့ အလုပ်တွေနှင့် အားချိန် နားချိန်မထားဘဲ လုပ်နေရပေမယ့် အခုနလို တစ်ဆက်တည်းပါအောင် ထူထောင်ပြီးတော့ ယူတာဗျ။

## တသိတည်းသိဖို့လို

အခုနလိုပြုဖွယ်ကိစ္စရှိသမျှသာသနာတည်ရာတည်ကြောင်းတွေကိုအအား အနားမထားဘဲ ပျော်ရွှင်ပြီးတော့ ပြုရတာ စရဏ၊ စိတ်ကို တစ်ပါး မသွားရ အောင် စိုက်စိုက်စူးစူးနှင့် တည်ထောင်ထားလို့နေတာက ဝိဇ္ဇာ၊ ဘယ်မှာနေတာ

 

လဲဆိုလျှင် ရုပ်နှင့်နာမ်တို့က တသိတည်းသိနေတာပေါ့ဗျာ။ အဲသည်လို ရုပ်နှင့်နာမ်ဆိုတော့ ဟိုလိုရုပ်က ဘယ်ဒင်း၊ နာမ်ကဘယ်ဒင်းလို့ ဘုရားဟောတော်မူတာ မှတ်ထားတယ်။ အဲသည်လို ဟိုဟာသည်ဟာ အစားစားဖြစ်နေကို သိတယ်ဆိုပေမယ့် ဟိုလိုတင်လျှောက်သိနေတာ တစ်ပြိုင်နက်တည်းမသိဘူး။ တစ်ပြိုင်နက်တည်း သိအောင်ကတော့ ထားဆိုတဲ့နေရာမှာထား၊ ထားလို့တည်နေပြီဆိုတော့ ရုပ်နှင့်နာမ်နှစ်ခုကို အဲဒီနေရာမှာ သေသေချာချာ သိတာတဲ့ဗျ။

ဒါကတော့ နည်းနည်းကလေးမျှ သာလျှင် မှတ်သားပါစေတော့လို့ နားလည်အောင်လျှောက်ပြောတာ၊ ဘုရားဟောတော်မူတာကတော့ အားလုံးသိပြီးတွေဗျာ။ ဘုရားဆုံးမတဲ့ အဆုံးအမတွေကတော့ အားလုံးတို့ဟာ မှတ်သားပြီးသား မှတ်ရုံမကဘူး၊ လိုက်နာနေကြတယ်ဝီရိယရှိတော့။ ဝီရိယဣဒ္ဓိပါဒ်ဟာ ကိုယ်ဝီရိယရှိသလောက်တော့ပေါ်ပေါက်လာလို့ သိသင့်သလောက်ဆိုလျှင် အဲဒါကို လွှင့်မပစ်ချင်လောက်အောင် ဖြစ်တော့တာပဲ။ လွှင့်မပစ်ချင်လောက်အောင်ဖြစ်တာက ဝီရိယဆိုလျှင် အဲသည်လိုဖြစ်တာဗျ။ဖြစ်တဲ့အခါမှာ ဘယ့်နှယ်များ ထင်နေသလဲဆိုရင် ငါ အားလဲမထုတ်ဘဲနှင့် ဖြစ်နေတယ်လို့ ဆောင်တတ်သတဲ့ဗျာ။ ဘယ့်နှယ်ကြောင့် ထင်ပါသလဲဆိုရင် မသိချင်လို့သာ သည်အတိုင်းတိုင်း မသိဘဲနေတာကိုး၊ ဘုရားဆုံးမတဲ့ အဆုံးအမတွေကတော့ အရှိတွေ ဖြစ်နေတာကိုးဗျာ။ အရှိတွေဆိုတော့ ရှာရတာမှမဟုတ်တော့ သိရမှာကို တသိတည်းသိနေပြီး မြင်ရမှာကို တမြင်တည်းမြင်နေတာကိုး။ သူက ရှာရတာမှမဟုတ်ဘဲ၊ အခု အားလုံးတို့ ပြောဆိုနေတာတွေက ရှိလည်းမရှိဘဲနှင့်ဟာတွေဗျား။ ဟုတ်ကဲ့လား ရှိလည်းမရှိဘဲနှင့်ဟာတွေကို ပြောနေကြတာဗျ။ (တင်ပါ့ဘုရား)

ဟိုစာကတော့ အရှိဗျ၊ သည်တော့ သေသေချာချာ အရှိကိုလုပ်တဲ့အခါကျတော့ သည်ဟာက ရှာရတာမဟုတ်တော့ သိနေတာပေါ့။

ဖြေ။ ။အရှိကို နည်းနည်းလင်းပါဦးဘုရား။
မေး။ ။အရှိဆိုတာက ရုပ်နှင့်နာမ် အမှန်ရှိတာမဟုတ်လား။
ဖြေ။ ။ရှိမှန်းတော့ သိပါပြီဘုရား၊ ဘယ်နေရာမှာရုပ်၊ ဘယ်နေရာမှာ နာမ်ဆိုတာ ခွဲခြား၍ စိုက်စိုက်စူးစူးနှင့် ဣရိယာပုထ်လေးဖြာဟာ တရားနာပရိသတ်တို့ တစ်မျိုးတည်းဖြစ်အောင် သနားတော်မူပါဦးဘုရား။

အဲဒါက ဘုရားဟောတော်မူတဲ့ ပိဋကတ်သုံးပုံဆိုတာ သုက် အာဂိမမှာ ဝိနည်းဆိုတာတော့ နားလည်တယ်၊ နားလည်တာကို၊ ကျယ်ဝန်းတယ် ဆိုတာမှာလည်း ပြောလို့မကုန်နိုင်အောင် များတယ်ဆိုတာလည်းသိတယ်။ သိပြီးဆိုတော့ ဒီပိဋကတ်သုံးပုံဆိုတာဟာ ဆင်းရဲမှလွတ်မြောက်အောင် ဆုံးမတော်မူတဲ့ အဆုံးအမတွေဆိုတာကို သံဃာတော်ကောင်းတွေက ထပ်ခါတလဲလဲ

အမျိုးမျိုးအဖြာဖြာ ယုံမှားသံသယ ဘယ်နေရာမှမရှိအောင် ခွဲခြမ်းစိတ်ဖြာပြီး မပြတ်အောင် ပြောဟောနေတော့ သည်လိုကလည်း သူတို့က တတ်ပြီးသားဗျာ။ (တင်ပါ့ဘုရား)

သည်တော့ ဆင်းရဲက လွတ်မှုတစ်ခုဆိုတာဟာ ဘယ်ကဟာကိုပဲ ဖြစ်ဖြစ်၊ ဘုရားဆုံးမတဲ့ အဆုံးအမမှန်မှန်ကို သန်သန်ဝီရိယနှင့် ထူထောင်ပြီဆိုလျှင် အခုနလို ပြုရမယ့်ဟာကိုပြုတယ်။ သန့်ပြန့်စင်ကြယ်ရမယ်ဆိုတာကလည်း အဟုတ်ပြုလျှင် အဟုတ်စင်ကြတယ်တဲ့။ သည်တော့ စိတ်ထဲမှာ ဘယ်လိုလဲဆိုလျှင် ဘုရားဆုံးမတော်မူတဲ့ အဆုံးအမတွေဟာ များပေမယ့် ဆင်းရဲမှလွတ်မှုတစ်ခုဆိုတာ မှန်တယ်လို့ စိတ်ထဲမှာ အဲသည်တော့မှ နားလည်မယ်။ (တင်ပါ့ဘုရား)

သို့သော်လည်း ဘယ်ဟာဘဲလို့ အမည်တတ်ပေမယ့် ဒါလည်း ဖြစ်တာပဲ။ တို့ဟာကတော့ သည်ဟာမဟုတ်လို့ တစ်မျိုးလို့ ထင်ချင်ထင်မယ်။ မဟုတ်ဘူး။ ဘယ်ကပဲမှတ်ထားထား၊ အဲသည်မှတ်ထားတာက ဝီရိယထူထောင်လိုက်လို့ရှိလျှင် သန့်ပြန့်စင်ကြယ်တာချည်းပဲ။

ဖြေ။ ။မှတ်ထားတာက တစ်ယောက်တစ်မျိုးစီ ဖြစ်နေပါတယ်ဘုရား။
မေး။ ။တစ်မျိုးစီဖြစ်နေတယ်ဆိုလျှင် အားလုံးတို့ဟာ အသက်တော့ မရှူဘူးလားဗျာ။
ဖြေ။ ။အသက်တော့ရှူပါတယ်ဘုရား။
မေး။ ။အသက်မရှူတဲ့လူ ရှိသေးသလား။
ဖြေ။ ။မရှိပါဘူးဘုရား။
မေး။ ။အသက်ရှူတော့ ဘာနှင့်ရှူသလဲ။
ဖြေ။ ။နှာခေါင်းနှင့်ရှူပါတယ်ဘုရား။
မေး။ ။အသက်ရှူတယ်ဆိုတာ လေနှစ်ရပ်တို့ ဝင်တာထွက်တာကို ခေါ်တာပဲ မဟုတ်လား။
ဖြေ။ ။ဟုတ်ပါတယ်ဘုရား။
မေး။ ။လေဟာ ဘယ်နေရာကလေးကိုတိုက်ပြီး ဝင်တယ်ဆိုတာ အားလုံး တို့ တစ်ပြိုင်နက်တည်း စဉ်းစားလိုက်လျှင် မသိဘူးလား။
ဖြေ။ ။တစ်ပြိုင်တည်း သိပါတယ်ဘုရား။
မေး။ ။သည်တော့ ဘယ်နေရာကလေးကိုတိုက်ပြီး ထွက်သလဲ၊ ဝင်တော့လည်း ဘယ်နေရာကလေးကိုတိုက်ပြီး ဝင်သလဲ။
ဖြေ။ ။တပည့်တော်မှာ တစ်ခါတလေ နှုတ်ခမ်းဖျားမှာ၊ တစ်ခါတလေ နှာသီးဝမှာ၊ တစ်ခါတလေ နှာခေါင်းအထဲမှာ၊ အေးအေး အေးအေး နှင့်။ တစ်ခါနှင့်တစ်ခါ မတူအောင် ဖြစ်နေတယ်ဘုရား။

သို့သော်လည်း ဘယ်မှာဖြစ်ဖြစ် တစ်နေရာရာမှာသာ ထားဗျာ။ တစ်နေရာမှာ ထားလျှင် မမှားဘူး။ စဉ်းစားကြပါ ဆိုတာက အဲဒါလို သေသေချာချာ သိစေချင်လို့ သည်လိုမေးရတာဗျာ။ ဒကာကြီးက ဘယ်နေရာမှာ ထိသလဲ။ အဲသည်ထိတဲ့ နေရာမှာပဲ လက်နှင့် ထိတော့သလို သိနေဗျာ။

ဖြေ။ ။တပည့်တော်က နှာခေါင်းနှစ်ဘက်မှာ၊ ဟိုနေရာထိလိုက်၊သည်နေရာ ထိလိုက်နှင့် နှစ်ခုဖြစ်နေပါတယ် ဘုရား။

နှစ်ခု ဖြစ်မနေနှင့်။ တစ်ခုတည်းသာ ထား။ ဒကာကြီးဟာက စိတ်ထင်နေတာဗျ။ စိတ်ဟာ နှစ်ခုလုပ်လို့ မဖြစ်ဘူး။ စိတ္တက္ခဏ တစ်ချက်မှာ နှစ်ခုလုပ်လို့ မဖြစ်ဘူး။ မဖြစ်တော့ အခုနပြောတဲ့ဟာက ဘယ်လိုကြောင့်လဲ ဆိုလျှင် သူထင်သလို ထင်နေလို့ စိတ်က မြန်လွန်းလို့သာ ထင်နေတာ။ သည်တော့ စိုက်စိုက်စူးစူးနှင့် ထားရမယ့် အတိုင်းသာထား။ ထားလို့ တည်နေပြီး ဆိုတော့ အကုသိုလ်တွေစင်ကြယ်တယ်၊ သည်တော့ ထားရမယ် ဆိုတဲ့ နေရာမှာ ထိုင်ပြီးတော့ စိုက်စိုက်စူးစူးထားလျှင် မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။)

မေး။ ။မတ်တတ်ရပ်ရင်း လမ်းသွားရင်ကော။

ဖြေ။ ။ဖြစ်ပါတယ် ဘုရား။

မေး။ ။စားဖို့ သောက်ဖို့ အလုပ်တွေ လုပ်ရင်းကော။

ဖြေ။ ။ဖြစ်ပါတယ် ဘုရား။

မေး။ ။တစ်ယောက်တည်းသွားရင်ကော။

ဖြေ။ ။ဖြစ်ပါတယ် ဘုရား။

မေး။ ။ပရိသတ်အများကြီးနဲ့ကော။

ဖြေ။ ။ဖြစ်ပါတယ် ဘုရား။

မေး။ ။သူတကာ စကားပြောနေရင်းကော။

ဖြေ။ ။ဝင်မပြောလျှင် ဖြစ်ပါတယ် ဘုရား။ ဝင်ပြောလျှင်လွတ်လျှော့ကျသွား ပါတယ် ဘုရား။

မေး။ ။လွှတ်သွားတယ်ဆိုတာ ဘာကြောင့်လဲ၊ ရှေ့က အရှင်ကောင်းများ ဝီရိယကို မီလို့လား။

ဖြေ။ ။နည်းနည်းကလေးမှ မမီလို့ပါ ဘုရား။

မမီလို့ လွှတ်တာဟာ မဖြစ်သင့် မဖြစ်ထိုက်လို့ မဟုတ်ဘူးဆိုတာ သိသွားရော။ သိသွားတော့ ကိုယ်ကလည်း ရှေးက အရှင်ကောင်းများကိုကဲ့သို့ ချမ်းသာသုခ ရချင်တာဖြစ်တော့ ရှေးအရှင်ကောင်းတို့ကဲ့သို့ ဝီရိယကိုမြဲအောင်

ထူထောင်မယ် ဆိုပြီးတော့ သည်နေရာမှာ ဝီရိယကိုတိုးလိုက်ရုံပေါ့ဗျာ။လိုမှန်း သိလျှင် တိုးလိုက်ရုံ ပါပဲဗျာ။ သည်လိုတိုးလိုက်လျှင် ရှေးအရှင်များရဲ့ဝီရိယကို မီမယ် ညီမယ်။ မမီဘူးလို့ သိနေလျှင် မှီအောင်တိုး။ ကိုယ့်မှာ ဝီရိယတွေက တော့ ရှိပြီးသားချည်းပဲ မဟုတ်လား။

ဖြေ။ ။ရှိပြီးသားတွေချည်းပါပဲ ဘုရား။

မေး။ ။သည်ဝီရိယတွေကို အခုလို အသုံးမချဘူးလားဗျာ၊

ဖြေ။ ။မချပါဘုရား။

နို့ သည်ဝီရိယတွေကို အသုံးချမယ်ဆိုလျှင် အခုလိုအချိန်ဘဝကောင်း တဲ့ အခါမှာ သည် ဝီရိယတွေကို အသုံးချလိုက်မယ်ဆိုလျှင် သံသရာ တစ် လျှောက်လုံးအတွက် သေသေချာချာ ပြီးစီးအောင်မြင်သွားမယ်မဟုတ်လား။

ဖြေ။ ။ပြီးစီးအောင်မြင်သွားမှာပါပဲ ဘုရား။

ရှေးအရှင်တွေကတော့ သည်လို ဝီရိယကို သည်လို အသုံးချပြီး ကိုယ်လို ချင်တဲ့ဟာကို အပြီးအဆုံးတိုင်မြောက်အောင် ယူကြတာဗျာ။သည်တော့ဒကာ ကြီး၊ ဒကာမကြီးတွေက ဝီရိယတော့ ရှိပါတယ်။သည်ဝီရိယတွေကို အသုံးမချ ဘဲနှင့် ဘာလုပ်ဖို့ ထားတာလဲဗျာ။ (အသုံးမချတတ်လို့ပါဘုရား။)

သည်ဘဝတစ်ခါတော့ အခုနလို ဂရုစိုက်ပြီး အဟုတ်သာထား။ နေလိမ့် မယ်၊ မနေဘူးဆိုတော့ ဝီရိယ နည်းသေးလို့ပါဗျာဆိုပြီး ဝီရိယ တိုးလိုက်ရုံပဲ ဗျာ။ ကိုယ့်မှာ ဝီရိယတွေကတော့ အဆင်သင့်ရှိတယ် မဟုတ်လား။ (ရှိပါတယ် ဘုရား။)

မေး။ ။အသာတိုးလိုက်ရုံပါပဲဗျာ။ နောက်တစ်ခါ ဟိုမှာ မနေသေးဘူး ဆိုလျှင်ကော။

ဖြေ။ ။မနေသေးဘူးဆိုလျှင် ဝီရိယ ထပ်တိုးရဦးမှာပဲ ဘုရား။

မေး။ ။သည်လို ဝီရိယ တိုးရတာ ခက်သလားဗျာ။ ကဲဟဲ့ဆိုလိုက်လျှင် ဖြစ် တယ် မဟုတ်လား။

ဖြေ။ ။သည်လို အားခဲလျှင် ဖြစ်ပါတယ် ဘုရား။

သို့သော်လည်း သူများအားထုတ်နေတုန်းမှာ ကဲဟဲ့လို့ မလုပ်နှင့်ကြ လား။ အလုပ်လုပ်တာကို ပြောတာဗျ။ ကဲဟဲ့လို့များ လုပ်နေလျှင် သူများ သာသာ အားထုတ်နေတာ ပျက်သွားမှာဗျာ။ သည်တော့ သူများ စိတ် မ ဘူးလား။ သူများ စိတ်တိုတာ မတိုတာ ဖယ်ထား။ ကိုယ့်မှာ အပြစ်မရော ဘူးလား။ (ရောက်ပါတယ် ဘုရား၊)

အဲသည်လို အပြစ်မရောက်အောင် ဘုရားရှင်က အားလုံးတို့ကိုဘယ်ကိစ္စ ပြုပြု ကိုယ်ပြုချင်သလိုမပြုရဘူး။ဘယ်လိုတုန်းဆိုတော့ ဥပမာ ဟိုနေရာကရေအိုး ကိုသည်နေရာကလေးကိုချထားချင်တယ်ဆိုသွားမလုပ်နှင့်။သူတို့ကသည်အတိုင်း

တိုင်းထားတာ ကြိုက်ချင် ကြိုက်နေမယ်။ သဘောကျချင် ကျနေမယ်။ သည်နေရာကို ပြောင်းလိုက်တော့ သဘောကျချင်မှကျမယ်။ ကိုယ်ကတော့ ဘယ်လိုလဲ ဆိုလျှင် ဟိုနေရာမှာထားတာ မကောင်းပါဘူး။ သည်နေရာကမှ ကောင်းမှာပါလို့ဆိုပြီး တစ်ခါတစ်ခါ မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။)

အဲဒါကို သွားပြောင်းလိုက်လျှင် သည့်ပြင်အရှင်တွေက ဟိုမှာကောင်းလျက်သားနဲ့ ဒကာကြီးက အလကားသွားပြောင်းတယ်လို့ စိတ်ထဲမှာဖြစ်ချင်ဖြစ်နေမှာ။ အဲ့သည်လိုပြောင်းချင်တာက ဘာကြောင့်လဲဆိုလို့ရှိရင် အများချမ်းသာချင်လွန်းလို့။ အများသဘောကျ စေချင်လွန်းလို့။ အများကိစ္စဆောင်တာကိုးဗျာ။ ကိုယ့်မှာဆင်းရဲတာ၊ ပင်ပန်းတာကို အရေးမစိုက်ဘူး။ သူတော်ကောင်းများတို့ဟာက အဲသည်လိုပဲ။ အားလုံးရဲ့စိတ်သဘောအကြိုက်ကိုသာလျှင် ဆောင်ကြတာဗျ။ ကိုယ်နှင့်နှုတ်နှင့် ဘုရားအဆုံးအမတည်အောင် အဲ့သည်လို လျှောက်လုပ်တာဗျာ။ ဘုရားဆုံးမတဲ့ အဆုံးအမတွေက ရှိသေးတယ်။ သည်တော့ ရမ်းလုပ်လို့မဖြစ်ဘူး။ ကိုယ်လုပ်ချင်သလိုလုပ်လို့မဖြစ်ဘူး။

မဖြစ်ပုံကို ပြောမယ် ကိုယ်က အင်မတန်ပျင်းတယ်။ သည်တော့ သားသမီးတွေရှိတယ်။ မြေးမြစ်တွေရဲ့ ဝတ္တရားတွေကို အကုန်လုံး လုံလောက်အောင် လုပ်ချင်ရဲ့လား။

ဖြေ။ ။လုပ်ချင်ပါတယ်ဘုရား။

မေး။ ။အကုန်လုံးစုံအောင် လုပ်သလား။

ဖြေ။ ။အကုန်လုံးစုံအောင် လုပ်ချင်ပေမယ့် မပြည့်စုံပါဘူးဘုရား။

မေး။ ။မပြည့်စုံတာဟာ စုံအောင်မလုပ်တာဗျာ။ ဘယ်လိုလဲဆိုလျှင် သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေက ဘာတွေဝတ်ချင်၊ စားချင်သလဲ။

ဖြေ။ ။အခုတာလပေါ် အဝတ်အစားတွေ ဝတ်ချင်ပါတယ်ဘုရား။

မေး။ ။သည့်ပြင်ကော ဘာတွေလဲဗျ။ သည့်ပြင်လူတွေနှင့် မီအောင်ညီအောင် မဝတ်ချင်ဘူးလား။

ဖြေ။ ။ဝတ်ချင်ပါတယ် ဘုရား။

မေး။ ။ဒကာကြီးက အဲသည်လိုမီအောင်၊ ညီအောင် သားသမီး၊ မြေးမြစ်တွေ သဘောကျအောင် ပေးနိုင်ရဲ့လား။

ဖြေ။ ။မပေးနိုင်ပါဘူး ဘုရား။

မေး။ ။မပေးနိုင်တာက ဘာကြောင့် မပေးနိုင်တာလဲ။

ဖြေ။ ။သူတို့လိုချင်တဲ့ အဝတ်အစားတွေက အင်မတန်အဖိုးတန်တယ် ဘုရား။

မေး။ ။အဖိုးတန်ပေမယ့် သူများတွေတောင် သူတို့သားသမီးတွေကို ဆင်နိုင်သေးရင် ဒကာကြီးက ဘာကြောင့် မဆင်နိုင်သလဲဗျာ။

ဖြေ။ ။ဥစ္စာပစ္စည်းက သူတို့အဆင့်အတန်းမီအောင် မပေးနိုင်ပါဘူး ဘုရား။

မေး။ ။မပေးနိုင်တာက ဘာကြောင့် မပေးနိုင်တာလဲ။

ဖြေ။ ။ရှေးဘဝကုသိုလ်ကံ နည်းလို့ပါဘုရား။

မေး။ ။ရှေးကုသိုလ်ကံ လှည့်ချနေပြန်ပြီ။ ရှေးကုသိုလ်ကံက နည်းလို့လား၊ ဒကာကြီး ပျင်းလို့လား။

ဖြေ။ ။ပျင်းလို့တော့ မဟုတ်ပါဘူးဘုရား။ လုပ်လည်းမလုပ်တတ်၊ လုပ်ဖို့အချိန်ကလည်းကုန်နေတော့ သည်အတိုင်းပဲ နေရပါတယ် ဘုရား။

မေး။ ။အခု သူတို့ သားတွေသမီးတွေကို လိုလိုလောက်လောက် ပေးနိုင်တာဟာ ဘယ်မြို့သားတွေလဲ။

ဖြေ ။ ။ရန်ကုန်မြို့သားတွေပါ ဘုရား။

မေး။ ။ဒကာကြီးက ဘယ်မြို့သားလဲဗျာ။

ဖြေ။ ။ရန်ကုန်မြို့သားပါပဲဘုရား။

မေး။ ။ဟုတ်ပါရဲ့၊ရန်ကုန်မြို့သားပါပဲ။အခုသုဂတိခွင်ရောက်အောင် မြှောက်တင်လိုက်တာက ဘယ်သူကမြှောက်တင်လိုက်တာလဲ။

ဖြေ ။ ။ရှေးက ကုသိုလ်ကံက မြှောက်တင်လိုက်ပါတယ် ဘုရား။-

မေး။ ။လူ့ပြည်ကို အတူတူရောက်လာတာဗျာ။ လူ့ခွင်မှာလည်း ဘယ်နေရာလဲဆိုလျှင် ရန်ကုန်မြို့ချည်းပဲ တစ်ပြိုင်နက်တည်းဗျာ။ အဲဒါကုသိုလ်မတူသေးဘူးလား။

ဖြေ။ ။မတူသေးပါဘူး ဘုရား။

မေး။ ။ဘာကြောင့် မတူသလဲ။ ရန်ကုန်မှာချည်းပဲ လာဖြစ်တာပဲ။ ပြီးတော့ ဒကာကြီးကလည်း လူ၊ သူတို့ကလည်း လူပဲ မဟုတ်လား။

ဖြေ။ ။ဒါပေမယ့် ပစ္စည်းဥစ္စာ၊ အဆင့်အတန်း၊ အပိုကြီး ကွာနေပါတယ် ဘုရား။

မေး။ ။အခု ဒကာကြီးထက် သာတယ်ဆိုတဲ့ လူဒွေဟာ လူ့ဘဝရောက်လာတုန်းက စိန်တွေ၊ ရွှေတွေဝတ်လျက် အကုန်ပါသလား။

ဖြေ။ ။သူတို့အမေမိဘတွေမှာ ရှိပြီးသားပါ ဘုရား။

မေး။ ။သူတို့မိဘတွေကကော မွေးကတည်းက ပါလာတာလား။

ဖြေ။ ။မွေးတုန်းက မရှိပါဘူး ဘုရား။ အခု ပစ္စုပ္ပန်ဘဝကျတော့မှ လုံ့လဝီရိယအစွမ်းကြောင့် ပစ္စည်းဥစ္စာ တိုးတက်လာပါတယ် ဘုရား။

မေး။ ။သည်တော့ ဝီရိယချင်းအတူတူ များများရထားတယ် ဆိုတာက ဘာကြောင့်လဲ။

ဖြေ။ ။ဝီရိယကောင်းလို့ပါ ဘုရား။

မေး။ ။များများ မရတာကကော။

ဖြေ။ ။ဝီရိယ နည်းလို့ပါ ဘုရား။

မေး။ ။သည်တော့ သူတို့က ဝီရိယများကြတော့ သူတို့သားသမီးတွေကို သူတို့ လိုချင်တာတွေ အကုန်လုံး ဆင်နိုင်၊ပြင်နိုင်၊ ပေးနိုင်ကြတယ် မဟုတ်လား။ အခု ဒကာကြီးက ဘာကြောင့်မပေးနိုင်တာလဲ။

ဖြေ။ ။တပည့်တော်က ဝီရိယနည်းလို့ပါ ဘုရား။

မေး။ ။အခုနတော့ သည်လို မပြောဘဲ ကတ်သီးကတ်သတ်လျှောက်ပြောနေတယ်။

ဖြေ။ ။တပည့်တော်မှာက အသက်ကြီးနေတော့ ဝီရိယရှိပေမယ့် မလုပ်နိုင်ပါဘူး ဘုရား။ ဒါကြောင့် လခတွေ ဘာတွေပေးပြီးတော့ဘယ်သူကမှ မငှားတော့ပါဘူး ဘုရား။

မေး။ ။မငှားရင် ကိုယ်ပိုင်လုပ်ငန်း လုပ်ပါလားဗျ။

ဖြေ။ ။ကိုယ်ပိုင်လုပ်တဲ့ပညာကလည်း မတတ်ပါဘူး ဘုရား။

ဘာကြောင့် မတတ်ရမှာလဲ။ ဘုရား ဆုံးမတဲ့ဟာတွေ ရှိတယ် မဟုတ်လား။ ဘယ်လိုဟာ လုပ်မလဲဆိုလျှင် ဘာဖြစ်ဖြစ်လုပ်၊ ဝီရိယ ရှိပြီးတော့ကို အလုပ်လုပ်ရမယ်။ ဘယ့်နှယ်လုပ်ရမလဲဆိုလျှင် မနားမနေ လုပ်ရမှာတဲ့ဗျာ၊ ဟုတ်ကဲ့လားဗျာ။

မေး။ ။အခု ဒကာကြီးက သည်လိုလုပ်ရဲ့လား။

ဖြေ။ ။မနားမနေဆိုတော့ အခု အသက်အရွယ်ကျမှတော့ လောကီဘက်က မလုပ်နိုင်ပါဘူး ဘုရား။ အခုန အရှင်ဘုရား အမိန့်ရှိတဲ့ နှာသီးဝ ထိသိတော့ဖြင့် မနေမနား လုပ်ဖို့ ကြံရွယ်ပါပြီဘုရား။

မေး။ ။အေး-အခုနဟာလည်းလုပ်၊ ဒါလည်းလုပ်မှာဗျ။ ရှေးက လုပ်ပုံက ဘယ်လိုလုပ်ရသလဲဆိုလျှင် ဝီရိယ ထူထောင်ကြပုံက ညမှာ အခိုးလွှတ်ရတယ်ဗျာ။ နေ့မှာတော့ အလျှံတဲ့ဗျ။ အားချိန် နားချိန် မရှိဘူး။ ဘယ်လိုများ လုပ်ရမလဲ ဆိုလျှင် အခိုးလွှတ်တယ် ဆိုတာက ဘယ့်လောက် ဘယ်လောက်ရအောင် ဘာလုပ်ရမယ်ဆိုတာကို စီစဉ်လိုက်တာဗျ။ ဟုတ်ကဲ့လား။ နောက် လင်းသည်နှင့် တစ်မှိုင်နက်တည်း ညက စီစဉ်ထားတဲ့အတိုင်း တောက်လျှောက်ကြီး လုပ်တာပဲတဲ့ဗျာ။ အဲဒါ အလျှံလွှတ်တာတဲ့ဗျာ။

မေး။ ။အခု ဒကာကြီးများ သည်လိုလုပ်ရဲ့လား။

ဖြေ။ ။သည်လို မလုပ်ပါဘူး ဘုရား။

မေး။ ။ညမှာဘာလုပ်သလဲ။

ဖြေ။ ။အိပ်တာပါပဲ ဘုရား။

မေး။ ။နေ့တော့ကော။

ဖြေ။ ။နေ့ခင်းလည်း တစ်ခါအိပ်တာပဲ ဘုရား။

မေး။ ။ဒါတောင် ပစ္စည်းမရှိသေးဘူးလား။ ဒါကုသိုလ်ကံလားဗျာ။

ဖြေ။ ။တပည့်တော်က တပည့်တော်အပြစ်လွှတ်အောင် ကုသိုလ်ကံ ချတာပါ ဘုရား။

မေး။ ။ဟိုက ပြုထားတဲ့ ကုသိုလ်ကံက ဘယ်နှယ်ပြောမလဲ။

ဖြေ။ ။ဒကာကြီးက ကျုပ်ချည်း အပြစ်ချနေတယ်။ သူတော့ဘာမှ မလုပ်ဘူးလို့ ပြန်ပြီး ရန်တွေ့မှာပါ ဘုရား။

အေး၊ ဒါကြောင့် ဝီရိယဆိုတာ အခုနလို ပြုရတာတဲ့ဗျ။ သူတို့ အခု အလုပ်လုပ်တယ် ဆိုပေမယ့် ညကျတော့ ဖိအိပ်ကြတော့လည်း ဘာလုပ်ရမယ် ဆိုတာ စိတ်ကူးတာနှင့် အချိန်ကုန်တာပဲဗျာ။

ဖြေ။ ။မနက်လည်း ဘာလုပ်ရမယ်ဆိုတာ စိတ်ကူး၊ နေ့ခင်းကျတော့လည်း ခဏ တစ်ရေး အိပ်ပါသေးတယ် ဘုရား။

မေး။ ။ဒါဖြင့် အခုနလို ဖြစ်ပါ့မလား။

ဖြေ။ ။မဖြစ်ပါဘူး ဘုရား။

ရှေးက အရှင်တွေကတော့ သည်လိုလုပ်တာဗျာ။ ညကျတော့ အခိုးလွှတ်တယ်တဲ့ဗျ။ ညမှာ မနက်ကို ငါ ဘာလုပ်ရမယ်ဆိုပြီး တစ်သိန်းလောက်လိုချင်ရင် တစ်သိန်းပေါ့ဗျာ။ အဲသည်လိုအချိန်တစ်ခုမှာ ဘယ်လောက်ရအောင်ဆိုပြီး ကြံစည်စိတ်ကူး စီစဉ်တာဟာ အဲဒါ အခိုးလွှတ်တာဗျ။ အဲသည်လို စီစဉ်လို့ စီစဉ်ပြီးသား ရှိနေတော့ မနက်လင်းသည်နှင့် တစ်ပြိုင်နက် တစ်ခါတည်း လျှောက်လုပ်တာတဲ့ဗျ။ သည်တော့ အကုန်ရတာဗျ။ ပြီးတော့ ရလာတဲ့ အခါ ကျတော့လည်း သူ့ဟာနှင့်သူ တန်သလို သုံးစွဲတာတဲ့ဗျ။ ဥပမာ ကနေ့ ကိုယ် အလုပ်လုပ်လို့ ရတာကို ဘယ်လို လုပ်ရမလဲဆိုလျှင် အကုန်လုံးမသုံးရဘူး။ ဘယ်လိုလဲဆိုလျှင် ရတဲ့ဟာကို လေးပုံပုံ၊ အဲသည်လေးပုံမှာ တစ်ပုံကိုစားတဲ့ဗျ။ နှစ်ပုံကတော့ အရင်းအနှီးထားတဲ့ဗျ။ ဟိုတစ်ပုံကတော့ အသုံးရှိလျှင် သုံးရအောင် သေသေချာချာ သိမ်းထားတဲ့ဗျ။ သုံးစရာရှိလျှင် သုံးရအောင်ဆိုတာက အခုန ပြောတဲ့ အဝတ်အစားဆင်ဖို့ မဟုတ်ဘူး။ စားဖို့ သောက်ဖို့လည်း မဟုတ်ဘူး။ ကိုတဲ့ နာတဲ့အခါမှာလည်း သုံးဖို့မဟုတ်ဘူး။ လှူဖို့တန်းဖို့ဟာကစားတဲ့အထဲက လှူရတယ်။ အသုံးရှိလျှင် သုံးဖို့ဆိုတာဟာက တစ်ခါတလေရှောင်မရ တိမ်း

မရတဲ့ သုံးစရာအခွင့်ဟာ ပေါ်လာတတ်တယ် မဟုတ်လား။

ပေါ်လာတတ်ပါတယ် ဘုရား။

အေး၊ အဲသည်လိုအလာမှာ သုံးဖို့အတွက်ထားတာဗျ။ သုံးစရာဆိုတာက ဟိုဟာသုံး၊ သည်ဟာသုံး၊ ဟိုဟာဝယ်ချင်၊ သည်ဟာဝယ်ချင်တာဟာ အသုံးမဟုတ်ဘူး။ အသုံးပေါ်လာတယ်ဆိုတာက အခုနလို မရှောင်သာ၊ မတိမ်းသာ မမျှော်လင့်ပဲနှင့် သုံးစရာပေါ်လာတဲ့အခါ အဲသည်လို အခါမျိုးဟာ အားလုံးတို့မှာ မရှိတတ်ဘူးလား။

(ရှိပါတယ်ဘုရား။)

အေး၊ အဲသည်လိုအခါမှာ သုံးဖို့ဗျ။ သည့်ပြင်ဟာအတွက် ဘယ်တော့မှ မသုံးရဘူး။ အဲဒါအတွက်က တစ်ပုံ၊ စားဖို့သောက်ဖို့အတွက်က တစ်ပုံ၊ အရင်းအနှီးအတွက်က နှစ်ပုံ၊ အဲသည်လို အမြဲထားပြီး လုပ်ရတယ်။ တစ်နေ့လုပ်လို့ရလျှင် အဲသည်လို ထားလိုက်ဗျ။

ဖြေ။ ။အဲသည်လိုထားလိုက်ရင် စားဖို့မလောက်ပါဘူးဘုရား။

မေး။ ။ဒကာကြီး အခု ဘယ်လောက်ရသလဲ။

ဖြေ။ ။လေးရာရပါတယ်ဘုရား။ လေးရာလေးပုံပုံ တစ်ပုံ စားမယ် ဆိုတော့ တစ်ရာဆိုတာ အခုအခါမှာ ထင်းဖိုး၊ ရေဖိုးလောက်ပဲ ရှိပါတယ်ဘုရား။ ဆန်ဖိုး မပါသေးပါ ဘုရား။

မေး။ ။ဒါပေမယ့် အဲဒါနှင့်ပဲ ဖြစ်အောင်စား။

ဖြေ။ ။ဆန်နှင့်ဆားလောက်တော့ စားလောက်ပါတယ်ဘုရား။

မေး။ ။ဆားမပါပဲနှင့်ကော စားလို့ မဖြစ်ဘူးလား။

ဖြေ။ ။ဆားမပါဘဲနှင့်စားရင် ဒူးခေါင်းကြီးတယ်လို့ဆိုကြပါတယ်ဘုရား။

မေး။ ။ဆန်ချည်းပဲစား၊ ဆားမပါရင် နေပေစေ။ အဲဒါ ထမင်းဖြစ်အောင် မချက်လောက်ဘူးလား။

ဖြေ။ ။ထမင်းဖြစ်အောင် ထင်းကတော့ အတော်ရှားပါတယ်ဘုရား။

မေး။ ။ရှားချင်ရှားပေစေ။ သည်တစ်ရာနှင့် ထမင်းမဖြစ်ရင် နေပေစေ။ ထမင်းမဖြစ်ရင် ဘာလုပ်ရမလဲဆိုလျှင် မျှားမျှားရတဲ့အလုပ်မျိုး၊ ဆန်ပြုတ်ဆိုလျှင် ရပါတယ်ဗျ။

မေး။ ။ဒကာကြီးအိမ်မှာ လူဘယ်နှစ်ယောက်ရှိသလဲ။

ဖြေ။ ။ဆယ်ယောက်ရှိပါတယ်ဘုရား။

မေး။ ။ဆယ်ယောက်ရှိလျှင် ရေဆယ်မှုတ် ထည့်လိုက်လျှင် လောက်ပါတယ်ဗျ၊ ညွှဲသည်နှစ်ယောက် လာလျှင်ကော။

ဖြေ။ ။နောက်နှစ်မှုတ် ထပ်ထည့်လိုက်ရုံပါပဲဘုရား။

မေး။ ။ညွှဲသည်ကို ဖိတ်ကျွေးချင်လျှင်ပဲ ကျုပ်ဆီမှာ ဒါပဲရှိတယ်။ အဲသည်တော့ ဒါပဲတိုက်၊ ကိုယ့်သားသမီးတွေလည်း ဒါပဲတိုက်။ အဲဒါဟာ ဘုရားဆုံးမတဲ့ အဆုံးအမကို ပြောတာဗျ။ သည်လိုဆိုလျှင် မဖြစ်ဘူးလား။

ဖြေ။ ။သိပ်ပြီးတော့ မဖြစ်ဘူးဘုရား။ သားသမီးတွေက ဆန့်ပြုတ်မို့လို့ ငိုတယ် ဘုရား။

မေး။ ။အဲဒါ သူတို့က ရလိမ့်မလားလို့ ငိုတာဗျ။ သူကလည်း ဒါစား၊ ကိုယ်ကလည်း ဒါစားဆိုရင် စားမှာပဲဗျ။ မဖြစ်ဘူးလား။

ဖြေ။ ။ဖြစ်အောင်လုပ်လျှင်တော့ ဖြစ်မှာပဲဘုရား။

မေး။ ။ဒါဟာ ဖြစ်အောင်လုပ်ရမှာဗျ၊ အလှူအတွက်လည်း လှူဆိုလျှင် မဖြစ်ဘူးလား။

ဖြေ။ ။တပည့်တော်က ဆန့်ပြုတ်လှူခံပုဂ္ဂိုလ် တော်တော်ရှားပါတယ်ဘုရား။

မေး။ ။လှူပဲလှူစမ်းပါဦးဗျာ။ လာပြီး အလှူခံတယ်ဆိုလျှင် ကိုယ့်မှာ ဒါပဲရှိတော့ ဒါပဲ လှူ၊ တိုးပြီးတော့ မကုန်ဘူး။ အခုနလို ရေတိုးလိုက်လျှင် ပြီးတာပဲဗျ။ ဟုတ်ကဲ့လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

မေး။ ။အေး သည်လိုလုပ်ရတယ်ဗျ။ ဒါဖြစ်တဲ့ဟာ လျှောက်ပြောရတာကိုးဗျ၊ အဲသည်တော့ သည်လိုဆိုလျှင် လောက်သွားတာပဲဗျ။ တစ်နေ့လုပ်လိုက်တာ ဘယ်လောက်ရသလဲ။ လေးရာရတယ်ဆိုလျှင်....

ဖြေ။ ။တပည့်တော်ရတဲ့ လေးရာက တစ်လကို ပြောတာပါဘုရား။

မေး။ ။အေး၊ ဒါဖြင့်လည်း အခုန ပြောသလိုသာလုပ်ဗျ။ ဖြစ်ဘယ် မဟုတ်လား။

ဖြေ။ ။လုပ်လျှင် ဖြစ်ပါတယ်ဘုရား။

မေး။ ။သည်လိုဆိုလျှင် နက်ဖြန်ခါရတာက သည်လောက်ပဲ ရတယ် ထားပါဦး။ နောက် အရင်းအနှီးက ဘယ်လောက်တုန်း။

ဖြေ။ ။နှစ်ရာပါဘုရား။

မေး။ ။အဲဒီ အရင်းအနှီးနှစ်ရာ မြတ်ဦးမှာ ရှိသေးတယ်။

ဖြေ။ ။ရှုံးမှာလည်း ရှိသေးတယ် ဘုရား။

မေး။ ။မရှုံးဘဲ မြတ်အောင်လုပ်ဗျ။ အဲသည်တော့ သည်အရင်းအနှီး နှစ်ရာမှာ ဘယ်လောက်မြတ်မလဲ။

ဖြေ။ ။နှစ်ရာဆိုတော့ နှစ်ကျပ်ထားပါတော့ဘုရား။

မေး။ ။မနေ့ကတော့ ဘာမှမရှိသေးဘူး။ ကနေ့တော့ တိုးလာပြီ၊ ကနေ့ထက် နက်ဖြန်ခါ တိုးပြီမဟုတ်လား။

ဖြေ။ ။တိုးပါတယ်ဘုရား။

မေး။ ။အခုနအမြတ်က နှစ်ကျပ်ဆိုတော့ လေးပုံပုံ ဘယ်လောက်လဲ။

ဖြေ။ ။ငါးမူးစီပါဘုရား။

မေး။ ။ငါးမူးစီဆိုတော့ စားဖို့ရာ ဘယ်လောက်ဖြစ်လာသလဲ။

ဖြေ။ ။ပထမ သုံးကျပ်ဆိုတော့ အခုဆိုလျှင် သုံးကျပ်ခွဲလောက် ဖြစ်လာပါပြီဘုရား။

မေး။ ။သုံးကျပ်ခွဲလောက်တော့ ဘယ့်နှယ်လဲ။ ထမင်းဖြစ်မလား။

ဖြေ။ ။ဆားတော့ထည့်နိုင်ပါပြီဘုရား။

မေး။ ။ထမင်းတော့ မဖြစ်သေးဘူးထင်တယ်။ ပြီးတော့ တစ်နေ့ထည့်လိုက်တော့ အရင်းအနှီးကရော တိုးမသွားဘူးလား။

ဖြေ။ ။နောက်တစ်ရက်ကျတော့ ငွေချေးတဲ့လူက မချေးတော့ဘူးဘုရား။

မေး။ ။သူများအားကိုးနှင့်မလုပ်နှင့်၊ ဖြစ်တဲ့နည်းနှင့်လုပ်။

ဖြေ။ ။ဖြစ်တဲ့နည်းကလည်း အင်မတန် သေချာတဲ့နည်းတော့ ရှိပါတယ်ဘုရား။ အစိုးရဘဏ်မှာအပ်ထားလျှင် အတိုးက ငွေတစ်ရာ တစ်နှစ်ကို နှစ်ကျပ်နှင့် နှစ်ဆယ့်ငါးပြား ပေးပါတယ်ဘုရား။

မေး။ ။ဒါကတော့ ဒကာကြီးတွေလုပ်တတ်ပါတယ်။ ဘယ့်နှယ်ပဲလုပ်လုပ်၊ တိုးသွားမှာကတော့ အမှန်ပဲဗျ။ အဲသည်လို အရင်းအနှီး တိုးတိုးသွားလျှင် စားလို့ သောက်ဖို့ကလည်း တိုးတိုးလာမယ်မဟုတ်လား။ တော်တော်ကြာတော့ တစ်ရက်ရတဲ့ဥစ္စာဟာ တစ်ရက်စားလို့ မကုန်အောင် မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊

မေး။ ။အဲသည်လို မှန်မှန်လုပ်သွားရင် နေ့တိုင်းနေ့တိုင်း တိုးသွားမှာပါဗျ။ အခု ဒကာကြီး သည်လိုလုပ်ရဲလား။

ဖြေ။ ။သည်လိုလုပ်မှပဲ စနစ်ကျမှာပါဘုရား။

အဲဒါ ဘုရားဆုံးမတာမဟုတ်လား၊ လုပ်ရမှာက အခုနလိုလုပ်၊ ပစ္စည်းရှာရမှာက အခုနလိုရှာ၊ ရလာတဲ့ဟာကသုံးစွဲရမှာက သည်လိုသုံးစွဲ၊ သည်တော့ ဘယ်လောက်ကြာအောင် လုပ်ရမလဲ။ မကြာပါဘူးဗျ။ သည်လိုသာ လုပ်သွားလျှင် ပိုလျှံလာပြီး အများကြီးဖြစ်ပါတယ်ဗျ။သည်လိုပိုလျှံလာလျှင်

ဘုရားရှင် သာသနာ တည်ရာတည်ကြောင်းတွေနှင့် သားတွေ၊ သမီးတွေ၊ မြေးတွေ၊ မြစ်တွေအတွက် မပေးနိုင်ဘူးလား။ မလှူနိုင်ဘူးလား။ (ပေးနိုင်လှူနိုင်ပါပြီဘုရား။)

ဘုရားသာသနာ တည်အောင်ကလည်း အဟုတ်လုပ်မယ်ဆိုလျှင် မလုပ်နိုင်ဘူးလား။ အဲသည်လို သာသနာတည်လာတဲ့အခါကျတော့ အားလုံးသောသတ္တဝါတွေ အစီးအပွားများရာ များကြောင်းအတွက် ကိုယ်က အခုနလို မလွတ်အောင် ထားသွားမယ်ဆိုလျှင် နေရာတိုင်း နေရာတိုင်းမှာ ဘယ့်နှယ်ဖြစ်ကုန်မလဲ။

ဖြေ။ ။နေရာတိုင်းမှာ အထမြောက်ပါလိမ့်မယ်ဘုရား။

မေး။ ။ဘုရားရှင်ကပဲ သည်လိုဆုံးမတာဗျ။ ရှေးကအရှင်တွေက သည်လိုလုပ်တာဗျ။ အခုဒကာကြီးတွေ သည်လိုလုပ်သလား။

ဖြေ။ ။လုပ်ဆဲလုပ်လတ္တံ့ပါပဲဘုရား။

အေး တချို့တွေဟာ အပိုတွေ အင်မတန်သုံးတယ်ဗျ။ တို့ဒကာကြီး တစ်ယောက် ပြောဖူးတယ်။ သူက ဘာတုန်းဆိုတော့ ငါတော့ အပိုတွေမလုပ်ဘဲ နေမယ်ဆိုပြီး သူများဆေးလိပ်သောက်တာ တစ်နေ့ ဘယ်လောက်ကုန်သလဲ။ ငါ မသောက်ဘူးဆိုပြီး နေတာပဲဗျ။တော်တော်ကြာတော့ များများကြီးစုမိပြီဆိုတော့မှ ရေမကျောင်းကြီး ဆောက်တာကဲ့ဗျ။ သူများဖြုန်းတာကို မဖြုန်းဘူးဆိုပြီး လုပ်လိုက်တာဗျ။ ဆေးလိပ်သောက်တာက ဘာအကျိုးရှိသလဲဗျ။

ဖြေ။ ။ဆေးလိပ်သောက်နေလျှင် ဘာမှ အကျိုးမရှိပါဘူးဘုရား။ သောက်သည့်အတွက် အကျိုးတောင်ယုတ်ပါသေးတယ်ဘုရား။

မေး။ ။ဒကာကြီး ဆေးလိပ်မသောက်ဘူးလား။

ဖြေ။ ။သောက်ပါတယ်ဘုရား။

မေး။ ။ဆေးလိပ်သောက်ချင်တာက ကုသိုလ်ရသလား။

ဖြေ။ ။ဆေးလိပ်သောက်ချင်နေတာက လောဘတဏှာပါဘုရား။

မေး။ ။ဆေးလိပ်သောက်ချင်တာ။ သောက်ချင်လျက်နှင့် သေသွားလျှင် ဘယ်ရောက်မလဲ။

ဖြေ။ ။အပါယ်ရောက်မှာပဲဘုရား။ ဒါကြောင့် တပည့်တော်က အပါယ်မကျအောင် ဆေးလိပ်သောက်ချင်လျှင် မြန်မြန်သောက်လိုက်တာပဲဘုရား။

မေး။ ။သောက်ရင်းနှင့်သေလျှင် လောဘတဏှာ သမုဒယနှင့် သေတာပဲဗျ။ ဘယ်ရောက်မလဲ။

ဖြေ။ ။အပါယ်ကျမှာပဲဘုရား။

မေး။ ။ဆေးလိပ်သောက်တာ ကောင်းလိုက်တာဆိုပြီး သေရင်ကော။

ဖြေ။ ။လောဘစိတ်ဖြစ်ပြီး အပါယ်ကျမှာပဲဘုရား။
မေး။ ။မကောင်းလိုက်တာဆိုပြီး သေရင်ကော။
ဖြေ။ ။အပါယ်ကျမှာပဲဘုရား။
မေး။ ။ဒကာကြီးဟာက ဘာမှအသုံးမကျပဲ အပါယ်ကျကြီးပါပဲလားဗျ။
ဖြေ။ ။ချမ်းသာလိမ့်မလားလို့ လုပ်တာပဲဘုရား။ ဆင်းရဲနှင့်ချည်း တွေ့နေရပါတယ်ဘုရား။
မေး။ ။ဥပုသ်စောင့်ရင်း၊ ဆေးလိပ်သောက်ချင်လျက်နှင့် သေသွားလျှင် ဘယ့်နှယ်လဲ။
ဖြေ။ ။အပါယ်ကျမှာပဲဘုရား။
မေး။ ။ဆေးလိပ်သောက်ရင်း ကောင်းလိုက်လေဗျနှင့် သေလျှင်ကော။
ဖြေ။ ။အပါယ်ကျမှာပါပဲ ဘုရား။
မေး။ ။မကောင်းလိုက်လေဗျနှင့် သေရင်ကော။
ဖြေ။ ။ဒေါသစိတ်ဖြစ်ပြီး အပါယ်ကျပြန်မှာပဲ ဘုရား။
မေး။ ။ဆေးလိပ်သောက်ရင်း စိတ်က ဟိုရောက်သည်ရောက်နှင့် သေရင်ကော။
ဖြေ။ ။မောဟဖြစ်ပြီး အပါယ်ကျမှာပဲ ဘုရား။
မေး။ ။ဒကာကြီးဟာ ကောင်းတာတစ်ချက်မှ မရှိပါလား။ ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ။
ဖြေ။ ။ထိသိကို အာရုံမပြတ် ထားမှပါဘုရား။
မေး။ ။သည်လိုဆိုလျှင် ဆေးလိပ်သောက်ချင်လိုက်တာနှင့်များ လာဦးမှာလား။
ဖြေ။ ။ထိသိကို ဝီရိယကောင်းနှင့်ထားလျှင် ဆေးလိပ်သောက်ချင်တဲ့စိတ် ပျောက်သွားမှာပဲဘုရား။
မေး။ ။ဆေးလိပ်ကကော ကုန်ဦးမလား။
ဖြေ။ ။မကုန်ပါဘူး ဘုရား။
မေး။ ။ဒီတော့ ဆေးလိပ်သောက်ချင်တဲ့အချိန်မှာ ဘာရမလဲ။
ဖြေ။ ။အပါယ်ရပါတယ် ဘုရား။
မေး။ ။မသောက်ဘဲနေတော့ ဘာရမလဲ။ ထိသိမပါဘဲ နေလျှင်လေ။
ဖြေ။ ။ဘုရားဆုံးမတဲ့ အဆုံးအမနှင့်နေလျှင်တော့ ကုသိုလ်ဖြစ်ပြီး ကိုယ်လိုချင်တဲ့ဗောဓိကို ချက်ချင်းရပါတယ်ဘုရား။
မေး။ ။အချိန်တိုင်းအချိန်တိုင်း ဘာတွေတိုးသလဲ။
ဖြေ။ ။အချိန်တိုင်း အချိန်တိုင်းရွက်ဆောင်နေလျှင် ကုသိုလ်တွေနှင့်ချည်း တိုးနေပါတယ်ဘုရား။

မေး။ ။အေး သီလ သမာဓိပညာတွေလည်း တိုးတက်နေတော့တာပဲ။ မတိုးချင်ပါဘူးဆိုလို့ ဖြစ်သလား။
ဖြေ။ ။မဖြစ်ပါဘူးဘုရား။ တိုးနေမှာပဲဘုရား။
မေး။ ။အချိန်ရလာတဲ့အခါကျတော့ လျှော့ချင်ပါတယ်ဆိုတောင် မလျှော့ပါဘူးဗျ။ ပါးစပ်က လျှော့ချင်ပါတယ်လို့ပြော၊ အလုပ်ကလုပ်နေမယ်ဆိုလျှင် လျှော့ပါ့မလား။
ဖြေ။ ။မလျှော့ပါဘူးဘုရား။
မေး။ ။ရှေးက အရှင်တွေက အဲသည်လို သွားတာတဲ့ဗျ။ ရှေးက သူတို့ဥပုသ်စောင့် သွားမယ်ဆိုလျှင် အခုနဟာတွေပါတယ်လို့ ကြားဖူးသလား။
ဖြေ။ ။မကြားဖူးပါဘူး ဘုရား။
မေး။ ။ဝတ်ပြုရာမှာ ဆေးလိပ်သောက် မပါလျှင် ချွတ်ယွင်းတယ်လို့ပါသလား။
ဖြေ။ ။မပါပါဘူးဘုရား။
မေး။ ။ဘာသာပါသလဲ။
ဖြေ။ ။ဘုရားဆုံးမတဲ့ အဆုံးအမကို သမာဓိတည်အောင် လုပ်ရမယ်လို့သာပါပါတယ်ဘုရား။

ဟုတ်တယ်ဗျ၊ သီလဘက်က အဘိသမာစာရိကဝတ်၊ ပြုသင့် ပြုထိုက်တာကို ပြုရင်း ကိုယ့်မလွတ်အောင်ထားဖို့ ဒီလိုသာဆုံးမတယ် မဟုတ်လား။ အဲဒါတွေတော့ ရတယ်မဟုတ်လား။ သီလအားဖြင့် သမာဓိတည်အောင်လုပ်ရမယ်။ တဏှာဒိဋ္ဌိကိုကွာအောင် လုပ်ရမယ်လို့ဆိုပြီး။ သီလ ဆောက်တည်ခိုင်းတာဗျ။ ဝီရိယ ထူထောင်ရမှာကလည်း မရသေးတာကို ဘယ့်နှယ်လုပ်ရမလဲ။
ဖြေ။ ။မရသေးတဲ့ ကုသိုလ်ကိုရအောင်၊ ရပြီးသားကုသိုလ်ကို ပွားများရမယ်လို့ ဆိုပါတယ်ဘုရား။
မေး။ ။ဒါဖြင့် တစ်မျိုးလုပ်ရသေးသလား။
ဖြေ။ ။ထိသိမှာ အကုန်လုံး ပါပြီဘုရား။
မေး။ ။အဲသည်လို လုပ်ရင်း အခုနပြောတဲ့ဟာကိုပါလုပ်လျှင် ပစ္စည်းပိုင်းကကော မတိုးဘူးလား။
ဖြေ။ ။ပစ္စည်းပိုင်းကလည်း တိုးနေပါတယ်ဘုရား။
မေး။ ။နောက် ဒီဟာကို စိတ်ကထားရင်း စားလို့ရှိရင်လည်း များများစားမလား၊ နည်းနည်းစားမလား။
ဖြေ။ ။သည်ဟာကိုမလွတ်အောင် စားနိုင်ပါတယ် ဘုရား။
မေး။ ။နည်းနည်းစားမှာလား။

ဖြေ။ ။နည်းနည်းစားမှာပါဘုရား။ ထိသိကို အာရုံရောက်နေတော့ အစား လျော့သွားပါတယ်ဘုရား။

မေး။ ။အစားလျော့သွားတော့ အနေခက်သလား။

ဖြေ။ ။အနေသက်သာသွားပါတယ်ဘုရား။

မေး။ ။ဗိုက်မလေးတော့ ညကော အိပ်ချင်ဦးမလား။

ဖြေ။ ။မအိပ်ချင်ပါဘူးဘုရား။

မေး။ ။သည်တော့ ထိနမိဒ္ဓလာသေးသလား။

ဖြေ။ ။လာတော့လာပါတယ်ဘုရား။

မေး။ ။ဒါပေမယ့် ဗိုက်ထဲမှာဟာနေတော့ အနားတောင်ကပ်မှာမဟုတ်ဘူး။ ဘုရားဆုံးမတဲ့ အဆုံးအမတွေကို အကုန်လုံးဟာ သည်ကစပြီး မလုပ် ကြတာဗျ။ ပြီးပြီဆိုတော့ သူတို့ဟာ ဘယ်အပေါ်မှာချည်း ပစ်ချ တာသဲဆိုလျှင် ဘာမှ ပြန်မပြောနိုင်တဲ့ ရှေးက ကုသိုလ်ကံအပေါ်မှာ ချည်း အပြစ်ဖို့နေတာဗျ။ (တင်ပါ့ဘုရား)

အေး၊ ဒါကြောင့် အခုနလို အစက စပြီးထား၊ ပြုဖို့ရာတွေကို ဝီရိယ တူထောင်ပြီး ပြုမယ် လုပ်မယ်ဆိုလျှင် ကိုယ်လိုချင်တဲ့ တောင့်တချက်တွေ ပြီး ပါတယ်ဗျ။ ရှေးအရှင်တွေကတော့ သည်လို ဝီရိယတွေနှင့်တူထောင်ပြီး ယူကြ တာဗျ။ စည်းကမ်းနှင့်ဘာနှင့် သုံးမယ်ဆိုလျှင် သူတို့ ဒါတွေတော့ မှတ်ထား ပါတယ်ဗျ။ ခတ္တိယသာလ၊ ဗြဟ္မဏသာလဆိုတာတွေ ရှိတယ် မဟုတ်လား။ အလုပ်လုပ်လို့ ဝင်လာရတာရယ်၊ သုံးတာရယ်ဟာ အချိုးကျအောင် အခုန အတိုင်း လုပ်တယ်ဗျ။ အခု ဒကာကြီးများ သည်လို စည်းကမ်း ထားသလား။

ဖြေ။ ။စည်းကမ်းလွတ်တာ များပါတယ်ဘုရား။

မေး။ ။အလုပ်လုပ်တဲ့နေရာမှာလည်း အခုန ဘုရားဆုံးမတဲ့အတိုင်း ဖြစ် သလားဗျ။

ဖြေ။ ။မေ့လျော့နေပါတယ်ဘုရား။

## ရှေးအရှင်များလမ်းအတိုင်း

အေး၊ အဲဒါကြောင့်မို့ဗျ။ ဘုရားဆုံးမတဲ့ အဆုံးအမတွေဆိုတာက သေသေချာချာမှတ်ထား။ မှတ်ထားပြီး သည်အတိုင်းတိုင်း ပြည့်ကျင့်ပြီဆို တော့ အကုန်လုံးတို့ဟာ ဝီရိယတွေနှင့် တူထောင်ပြီဆိုတော့ ဘယ်အခါမှ မချွတ်ယွင်းတော့ပါဘူးဗျ။ ရှေးအရှင်တွေက သည်လိုသွားကြတာဗျ။ ကိုယ့် အတွက်တင်မကဘူး။ အားလုံးတို့အတွက်တွေတောင် ဆောင်သွားသတဲ့ဗျ။ အဲသည်လို ဝီရိယဘွေနှင့် တူထောင်ကြပြီဆိုလျှင် မလိုချင်ဘဲနှင့် ရတာတွေ

လည်း အများကြီးရှိတယ်။ ဘယ်လိုလဲဆိုလျှင် နိဗ္ဗာန်မရသေးမီ စပ်ကြားမှာ ရှင်ဘုရင်ဖြစ်အောင်၊ စကြဝတေးမင်းဖြစ်အောင်၊ သူဌေးဖြစ်အောင်၊ အထက်က သိကြား ဗြဟ္မာတွေဖြစ်အောင် ဖြစ်တဲ့အခါမှာလည်း ဘယ်သူမှ မတုနိုင် မပြိုင်နိုင်အောင်ဟာ နဂိုက မှန်းသလား။ မမှန်းပေမယ့် လောကကြီးတစ်ခုလုံးမှာ တုနိုင် ပြိုင်နိုင်တဲ့လူ ရှိသလား။

ဖြေ။ ။တုနိုင်ပြိုင်နိုင်တဲ့လူ မရှိပါဘူး ဘုရား။

အဲဒါတွေဟာ မလိုချင်ဘဲနှင့်ရတာဗျ။ မလိုချင်ပေမယ့် သည်ဘဝတွေဟာ ရမှာပဲဗျ။ မလိုချင် မတောင့်တဘဲနှင့် နိဗ္ဗာန်မရမီစပ်ကြားမှာ သည်ဘဝတွေကတော့ ရမှာဗျ။ ဒါကြောင့် ကုသိုလ်များပြုလုပ်တဲ့အခါမှာ မပျင်းနှင့်။ အပျင်းကို လက်သင့်မခံရင် အကုန်လုံး အဆင့်အတန်း တက်တော့တာပဲ။ ကုသိုလ်ပြုတဲ့အခါမှာ ပျင်းပျင်းနှင့်ပဲလုပ်လုပ်၊ ပျော်ပျော်နှင့်ပဲလုပ်လုပ်၊ လုပ်လျှင် မလုပ်ဘဲနှင့်နေတာထက်ကောင်းတယ်။ သာသနာအတွင်းမှာ အဟုတ်ကို မလုပ်ချင်ဘဲနှင့် လုပ်လိုက်ဦးဗျာ။ လုပ်တဲ့အကျိုးကတော့ ပေးတော့တာပဲ။ ဘာကြောင့်လဲဆိုလျှင် အခုလို မြင့်မြင့်မြတ်မြတ်ဟာတွေကို ပြုတာ မဟုတ်ပါဘူး။

## ကြံတောနတ် ဒုက္ခ

ရှေးအခါတုန်းက မျှင်သာရိပုတ္တရာ အရှင်မြတ် ခရီးစဉ် ကြွတဲ့အခါက ဟိမှာ ကြံတောကြီးကိုအစိုးရတဲ့ နတ်ဟာ အရှင်မြတ်ကိုလျှောက်သတဲ့ဗျ။ ဘယ်လိုကြောင့်လျှောက်သလဲဆိုလျှင် သူဟာ ကြံတောကြီးကိုအစိုးရတဲ့ နတ် ဖြစ်ပါတယ်။သည်ကြံတောကြီးကို အစိုးရပေမယ် ငါ့ကြံတောငါပိုင်တာပဲဆိုပြီးတော့ သုံးဖို့၊ စွဲဖို့၊ ယူဖို့ ဝင်လာတဲ့အခါမှာ မဝင်နိုင်ဘူးတဲ့ဗျ။ သူဝင်လာလိုက်တယ်ဆိုလျှင် ကြံရွက်ကြံလက်တွေက ဆီးပြီးတော့ အတင်း ထိုးကြ ခုတ်ကြသတဲ့ဗျ။ အဲသည်တော့ သည်နတ်ဟာ အထဲကို မဝင်နိုင်ဘူးတဲ့ဗျ။ သူ့ကြံတောတော့ သူ့ကြံတောပဲ။ သူ့ရဲ့ရှေးကုသိုလ်ကြောင့် ယူလို့တော့မရဘူးတဲ့ဗျ။ ဘာလို့ယူလို့မရသလဲဆိုလျှင်သူကသည်အတိုင်းတိုင်းယူတာကိုး။ သည်အတိုင်းတိုင်းယူတော့ ကြံရွက် ကြံလက်တွေက ထိုးကြ ခုတ်ကြသတဲ့ဗျ။ အရှင်မြတ် ကြွလာတဲ့အခါ ကျတော့မှ ရှိခိုးပူဇော်ပြီး။ မှန်လှပါဘုရား၊ ဘုရားတပည့်တော်သည် သည်ကြံတောကို အစိုးရတဲ့အကြောင်း၊ ဒါပေမယ့် အသုံးမပြုနိုင်တဲ့အကြောင်း၊ ဘုရားတပည့်တော် ဝင်တဲ့အခါ ကြံရွက်တွေဟာ အတင်း ထိုးကြ၊ ခုတ်ကြတဲ့အတွက် တပည့်တော် မဝင်နိုင်ကြောင်း လျှောက်တဲ့အခါမှာ အရှင်မြတ်က နင်အခုလို ဖြစ်ရတာဟာ ရှေးဘဝက ဘယ်လိုကုသိုလ်ပြုလိုက်လည်းဆိုလျှင် သေသေချာချာ သဒ္ဓါတရားနှင့် ပြုတာမဟုတ်ဘူးတဲ့။ ဘယ်လိုလဲဆိုလျှင် သူက ကြံစည်းကြီး

ကို ထမ်းလာတာတဲ့ဗျ။ အဲသည်လို ထမ်းလာတာကို သူငယ်တွေကမြင်တော့ ဝိုင်းပြီးတောင်းကြတာတဲ့ဗျ။ သည်တော့ သူကလည်း မပေးချင်ဘူးတဲ့ဗျ။ မပေးချင်တော့ ဘယ့်နှယ်လုပ်သလဲဆိုလျှင် သူက ကြံစည်းကြီးကိုမပေးရအောင် အတင်းပြေးတာတဲ့ဗျ။ အဲသည်လိုပြေးတော့ ကလေးတွေကလည်း နောက်က အတင်းလိုက်တာတဲ့ဗျ။ ကြံတစ်ပိုင်းပေးပါခင်ဗျာ၊ ကြံတစ်ပိုင်းပေးပါခင်ဗျာ နှင့် အတင်းလိုက်တောင်းတာတဲ့ဗျ။ ကလေးတွေက လိုက်တောင်းလေ၊ သူလည်း ပြေးလေပဲဗျ။ သူက မပေးချင်တော့ သည်ကလေးတွေ တောင်းကတည်းက သည်ကလေးတွေနှင့် တည့်ပါမလား။ (မတည့်ပါဘူးဘုရား)

နောက်ကျတော့ သူပြေးရင်းပြေးရင်းနှင့် လွတ်အောင် မပြေးနိုင်ဘူးတဲ့ဗျ။ အဲသည်လို လွတ်အောင်မပြေးနိုင်တော့မှ ကလေးတွေနှင့်လည်း မတည့်ပြီး၊ တစ်ခါတည်း နောက်ပြန်ထိုးပစ်ပြီး ပေးခဲ့တာပဲတဲ့ဗျ။ တစ်သက်လုံး သည့်ပြင် ဘာကုသိုလ်မှ မလုပ်ခဲ့ဘူး၊ အခုနလို ကလေးတွေက ဝိုင်းတောင်းတဲ့ အခါကျတော့မှ သူက မပေးချင်ဘဲနှင့် ပေးလိုက်တာ နောက်ဆုံး ရှောင်မရ တိမ်းမရဖြစ်တော့မှ ကြံစည်းကြီးကို စိတ်တိုတိုနှင့် နောက်ပြန် ပစ်ပေးခဲ့တာတဲ့ဗျ။ ဒါကြောင့် အခုလိုလာဖြစ်တာတဲ့ဗျ။ သူက အခုလိုလျှောက်တော့မှ အရှင်မြတ်က ဘယ်လို မိန့်တော်မူသလဲဆိုရင် အသင့်အား သည်ကြံရွက်တွေက မထိုးမခုတ်စေချင်လျှင် နောက်ပြန်ဝင်လို့ မိန့်တော်မူသတဲ့ဗျ။ အဲသည်လို နောက်ပြန် ဝင်တော့ ကြံရွက်တွေက ဘယ့်နှယ်မှ မလုပ်တော့ဘူးတဲ့ဗျ။ သည်တော့မှ သူလို ချင်တာ ယူလို့ရသတဲ့ဗျ။ အဲသည်လိုယူလို့ရတဲ့ ကြံတွေကို အရှင်မြတ်အား သေသေချာချာဆက်ကပ် လှူဒါန်းလိုက်တော့မှ အခုနလို နောက်ပြန်မဟုတ်တော့ဘဲ ရှေ့ နှင့်ပဲ ဝင်လို့ ရသွားသတဲ့ဗျ။ အခုလည်းပဲ နေရာမကျတာရှိလျှင် ပြင်လိုက်လျှင် ဖြစ်ပါတယ်ဗျ။ အခု ဒကာကြီးတို့ဟာ ဘယ်လို လုပ်နေလို့မှ ရသလဲ။

ဖြေ။ ။တပည့်တော်က ရှေ့နှင့်ချည်း ဝင်နေလို့ပါဘုရား။

မေး။ ။ဝီရိယနည်းတာကို ဝီရိယမနည်းအောင် ပြောတာဗျ။ ဝီရိယနည်းမှန်း သိရင် မနည်းအောင် ထူထောင်ကြဗျ။ ဝီရိယဆိုတာဟာ နေရာတိုင်း ပိုတယ်လို့ ရှိသလား။

ဖြေ။ ။ပိုတယ်လို့ မရှိပါဘူးဘုရား။ တပည့်တော်တို့ဟာ ပစ္စုပ္ပန်ရော၊ သံသရာရော အဆုံးဘဝလောက် တစ်ခါမှ ဝီရိယ မတူထောင်ဘူးသေးတဲ့ ဘဝတွေချည်းပါပဲဘုရား။

မေး။ ။အခုတော့ ဒကာကြီး လုပ်ပုံကို အားရရဲ့လား။

ဖြေ။ ။အခုလည်း တပည့်တော်ကိုယ် တပည့်တော် အားမရသေးပါဘူး ဘုရား။ သည်ထက်ဘိုးပါဦး မယ်ဘုရား။

မေး။ ။အလုပ်ကတော့ မလုပ်တာ တယ်မရှိပါဘူး။ အလှူလည်း လှူတာပဲ မဟုတ်လား။ အဲသည်လိုလှူတဲ့အခါမှာ အကုန်လုံးနေရာကျအောင် လှူရဲ့လား။

ဖြေ။ ။အကုန်လုံး နေရာမကျတကျတွေ့ပါပဲ ဘုရား။

မေး။ ။အလှူ လှူတဲ့နေရာမှာလည်း အကုန်လုံး သဘောကျချည်းဘဲဖြစ်အောင် လုပ်ရမှာ မဟုတ်ပါဘူး။ ဟုတ်ကဲ့လား။

ဖြေ။ ။မဟုတ်သေးပါဘူးဘုရား။ ဒါပေမယ့် အခုတော့ လုပ်တတ်ပါပြီ ဘုရား။

မေး။ ။အခုလိုပြောနေပေမယ့် သူတို့က လျှောက်ပြီးတော့တာ မှတ်ထားထား ဟိုလိုကတော့ လုပ်ကို မလုပ်သေးဘူးထင်တယ်။ နေတိုင်းတော့ လှူနေတာပဲ မဟုတ်လား။

ဖြေ။ ။နက်ဖြန်ခါကစပြီး လုပ်ပါမယ်ဘုရား။

မေး။ ။သူတို့ လုပ်လိုက်တာတွေကတော့ အကောင်းချည်းပဲ။ အကောင်းချည်းပေမယ့် အခုနလိုတော့ မဖြစ်ဘူး။ ပြီးတော့ သားတွေ သမီးတွေ မြေးတွေမြစ်တွေနှင့်လည်း အခုနပြောသလို ဖြစ်သလား။ (ဖြစ်အောင် ကြိုးစားပါမယ်ဘုရား။)

မေး။ ။သက္ကစ္စနိဝါတကော ဖြစ်သလား။

ဖြေ။ ။မဖြစ်သေးဘူးဘုရား။

အေး၊ အဲဒါတွေကို သိပြီးပြီဆိုတော့ ကိုယ်လိုချင်တဲ့ဟာကလည်းရှိတော့ ရှေးအရှင်တွေရဲ့ဝီရိယကို မီအောင်၊ ညီအောင်ပြုကြ၊ ပြုဖို့ရာကလည်း မခက်ပါဘူး။ ဒါကြောင့် ဝီရိယတွေနှင့်ထူထောင်ပြီး ကြိုးစားကြ အားထုတ်ကြပျား။ ။

# သိသလောက်ကလေးကို မချွတ်ယွင်းအောင်ထူထောင်ကြ

"လိုမှန်းသိပြီးပြီဆိုတော့ ဝီရိယမလိုအောင် ထူထောင်ကြဗျာ့။ ထူထောင်ပြီဆိုတော့ မလိုဘူးဗျ။ အားလုံးတို့ဟာ ဝီရိယ ရှိပြီးသားဗျ။ ရှိပြီးသား ဝီရိယကို အသုံးမချလို့ပါဗျ"

(မမေ့မလျော့ဘဲနှင့် ဝီရိယ ထူထောင်ဖို့ရာ သိပြီးဆိုလျှင် သိသည့်အတိုင်း အကုန်သုံး ဂရုစိုက်ပြီး သွားကြရန်နှင့် သက္ကစ္စနှင့် သဒ္ဓါခြင်းကို တိုးမြှင့်၍ မချွတ်ယွင်းအောင် ကြိုးစားသွားကြမည်ဆိုလျှင် တောင့်တတဲ့အတိုင်း အားလုံး ပြီးမြောက်သွားမည်ဖြစ်ကြောင်း ၁၉၅၅-ခု၊ မေလ ၁၆-ရက်ညတွင် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ၌ ဟောကြားတော်မူခဲ့ပါသည်။)

ဝေဘူဆရာတော်အရှင်မြတ်သည် ပထမရှေးဦးစွာ ရှစ်ပါးသီလပေးပြီးနောက် အောက်ပါအတိုင်း တရားတော်ကို ချီးမြှင့်ပါသည်။

တရားနာခံအဖြစ် ဦးလှက ဆောင်ရွက်သည်

သည်တော့ကို သည်အရှင်တွေလို ချမ်းသာသုခကို လိုချင်ပါတယ်ဆိုလျှင် သည်အရှင်တွေရဲ့ ဝီရိယ မီအောင် ညီအောင်ဟာ ဘယ်လောက်လိုတယ်ဆိုတာကော ဘယ်သူ့ မေးရဦးမှာလဲ။

ဖြေ။ ။ဘယ်သူ့မှမမေးဘဲ ကိုယ်တိုင်သိပါတယ်ဘုရား။
မေး။ ။သိတော့ သည်အရှင်တွေရဲ့ ဝီရိယကို မီအောင် ညီအောင်ဟာ ဝီရိယ တိုးတိုးသွားဖို့ မဟုတ်လားဗျာ့။

ဖြေ။ ။တင်ပါ့ဘုရား။ တပည့်တော်တို့ ဝီရိယကတော့ ရှေးအရှင်တို့ ဝီရိယ ထက် အောက်တန်းကျနေပါတယ်ဘုရား။
အဲသည်လို လိုမှန်းသိလျှင် လိုမှန်းသိတာကိုပင်လျှင်ပဲ မြင့်မြတ်လှပြီ ဗျာ့။ လိုတော့ လိုနေတယ်။ လိုမှန်းမသိလို့ ဖြစ်နေလျှင်တော့ အခုလို သူ့ဟာက မလိုဘူးလို့ စိတ်က ထားနေတယ်။

မေး။ ။အခုန အရှင်တွေရဲ့ ဝီရိယကိုမီအောင် ဘယ့်နှယ်လဲ။ ဝီရိယဟာ ထူ ထောင်ဦးမှာလား။

ဖြေ။ ။ဝီရိယမထူထောင်ပါဘူးဘုရား။
မေး။ ။ဟုတ်တယ်ဗျာ့။ သူက မလိုပါဘူးလို့ စိတ်က အောက်မေ့နေမှာ၊ သည်တော့ မထူထောင်တော့ဘူးဗျာ့။ သည်တော့ လိုတယ်လို့ သိပြီ ဆိုတော့ ဘယ့်နှယ်လဲ။

ဖြေ။ ။လိုတယ်ဆိုတာတော့ ကိုယ်တိုင် သိနေပါတယ်ဘုရား။ စမ်းကြည့်တဲ့ အခါမှာ နှာသီးဝမှာ ထွက်လေ၊ ဝင်လေ ထိခိုက်တယ်။ ထိခိုက်ချက် ကလေးကို စူးစိုက်ပြီး မှတ်နေတဲ့အခါမှာ တော်တော်ကြာလျှင် လွတ် သွားရင်း ဝိတက်၊ ဝိစာရနှင့်လိုက်ဖမ်း။ လိုက်ဖမ်းပြီး ဝိစာရက ဖမ်း ချုပ်ထားလျှင် စိတ်ကလေးက လွတ်လွတ်သွားတဲ့အတွက် တပည့်တော်တို့၏ ဝီရိယသည် ရှေးအရှင်များ၏ ဝီရိယထက် အင်မတန် အောက်တန်းကျ ဖြစ်နေ တာ သိပါတယ် ဘုရား။

လိုမှန်းသိပြီးပြီဆိုတော့ ဝီရိယမလိုအောင် ထူထောင်ကြဗျာ့။ ထူထောင် ပြီဆိုတော့ မလိုဘူးဗျာ့။ ဝီရိယများဟာက ဘယ်လိုတုန်းဆိုတော့ ရှိပြီးသား ဗျာ့။ အားလုံးတို့ဟာ ဝီရိယ ရှိပြီးသားဗျာ့။ ရှိပြီးသား သည်ဝီရိယကို အသုံး မချကြဘူးဗျာ့။ အသုံးကို မချလို့ပါဗျာ။

ဖြေ။ ။သည်ဝီရိယတွေကို တပည့်တော်က တွေးကြည့်တာ ဘယ်ဆီရောက်နေ မှန်း မသိပါဘုရား။

မေး။ ။ရှိမှာပဲဗျာ့။ အကုန်မသုံးလို့ပါဗျာ့။ ဟုတ်ကဲ့လား။
ဖြေ။ ။ဝီရိယကိုတော့ အကုန်လွှတ်ပြီလို့ ထင်တာပဲဘုရား။ ဝိတတ်၊ ဝိစာ ကြားထဲက ဘယ်လိုလွတ်သွားမှန်း မသိပါဘူးဘုရား။ တပည့်တော် တို့ကလဲ သည်စိတ်ကလေးနောက်ကို လိုက်သွားတာပဲ ဘုရား။

မေး။ ။အဲသည်လို လိုက်သွားတာဟာ ဝီရိယလိုလို့လား။ မလိုလို့လားဗျာ့။
ဖြေ။ ။လိုလို့ပါဘုရား။

လိုမှန်းသိလျှင် သူတို့မဝင်သာအောင် သည်က ဝီရိယထားလိုက်ရုံပါတဲ့ဗျာ့။ ဘယ်လိုထူထောင်မလဲဆိုလျှင် သည်နေရာမှာ သည်လို ဖြစ်တတ်မှန်းသိလျှင် သည်နေရာကို ဤကဲ့သို့မဝင်နိုင်အောင် စိတ်ကသည်လိုထူထောင်ပြီဆိုလျှင် နောင်ကို သည်နေရာကတော့ မလာဘူးဗျာ့။ သည်နေရာမှာ တစ်ခါတည်း လုံလောက်သွားတယ်။ နောက်ကို သည်လိုချည်းပဲ ထူထောင်ဗျာ့။ ထူထောင်ပြီဆိုမှဖြင့် လိုတဲ့နေရာမှာ တိုးဦးမယ်။ တိုးတဲ့အခါ သည်နေရာလိုတယ်ဆိုရင် သည်နေရာမှာ မလိုအောင် စိတ်ကထား။ ထားလို့ရှိလျှင် သည်လိုနှင့်ကြီး ထူထောင် ထူထောင်သွားလို့ရှိလျှင် နောင်လိုတဲ့နေရာ မရှိဘဲ ဖြစ်ကုန်ပါလိမ့်မယ်။ ရှေးအမျှင်တွေဟာ သည်လိုသိတာဗျာ့။ (တင်ပါ့ဘုရား)

ဒကာကြီးများ စာအုံ၊ စာကျက် သည်လိုပြောလည်း ဖြစ်တာပဲ့။ စာအံစာကျက်တာကတော့ ငယ်ငယ်တုန်းက လုပ်လာတာဖြစ်တော့ ဘယ်သူမှ မလုပ်ဖူးဘူးလို့ ပြောမှာမဟုတ်ဘူး။

ဖြေ။ ။အကုန်လုံး လုပ်ဖူးပါတယ်ဘုရား။

မေး။ ။သည်တော့ ကိုယ်ရပြီးသား စာကတော့ ချောချောမောမော ဖြစ်သွားတယ် မဟုတ်လား။

ဖြေ။ ။ရပြီးသား လူများကတော့ ချောချောမောမော ပါပဲဘုရား။

မေး။ ။မရသေးတဲ့ လူများကကော။
ဖြေ။ ။မရသေးတဲ့ လူများကတော့ ဟိုကမေ့၊ သည်ကမေ့နှင့် ထစ်ထစ်ငေါ့ငေါ့ပါပဲဘုရား။

မေး။ ။သည်လိုမရတဲ့နေရာကို သည်အတိုင်းတိုင်း ထားသလား။
ဖြေ။ ။သည်အတိုင်းတိုင်း မထားပါဘူးဘုရား။ ပြန်ပြန်ဆိုပါတယ်ဘုရား။
မေး။ ။နောက်ရတော့ ဘယ့်နှယ်လဲ။ သည်နေရာမှာ ယခုနလို မဆိုတတ်ဘဲ ဖြစ်နေသလားဗျာ့။

ဖြေ။ ။အင်မတန် ကောင်းကောင်းမွန်မွန် ဖြစ်သွားပါတယ်ဘုရား။
မေး။ ။နောက် ယခုနလို မရသေးလို့ ဆိုလို့မဖြစ်တဲ့နေရာ ရှိပြန်တော့ကော။
ဖြေ။ ။သည်လိုပဲ ထပ်ကာထပ်ကာ ပြန်ပြီးတော့ဆိုသွားလျှင် ချောမောသွားမှာပဲဘုရား။

မေး။ ။နောက်တော့ အကုန်လုံးကို ဘယ့်နှယ်လဲ။

ဖြေ။ ။အကုန်လုံး ချောမောသွားပါတယ်ဘုရား။
မေး။ ။အေး-အခုလည်းပဲ ဝီရိယထူထောင်ပြီးတော့ ဒကာကြီးများ ငယ်ငယ်တုန်းက ဘာတုန်းဗျာ့ မတ်တတ်ရပ်နိုင်ရဲ့လား။
ဖြေ။ ။မတ်တတ် မရပ်နိုင်ပါဘူးဘုရား။
မေး။ ။မတ်တတ်ရပ်ချင်တဲ့အခါကျတော့ သည်ကလေးဟာ ဘယ့်နှယ်လဲ။
ဖြေ။ ။မတ်တတ်ရပ်ချင်တဲ့အခါမှာ လေးဘက်ထောက်ပါတယ်ဘုရား။
မေး။ ။ပြီးတော့ ဘယ့်နှယ်လဲ။
ဖြေ။ ။မတ်တတ် စမ်းရပ်ကြည့်ပါတယ်ဘုရား။
မေး။ ။ရပ်စမ်းကြည့်တော့ ယိုင်ယိုင်လဲတယ် မဟုတ်လား။
ဖြေ။ ။လဲပါတယ်ဘုရား။
မေး။ ။အဲသည်လို လဲသွားတော့ သူမတ်တတ်ရပ်ချင်တာဟာ အခုလိုပဲ လဲပေစေဆိုပြီး သာသာကလေး နေသလား။
ဖြေ။ ။မနေပါဘူးဘုရား။ လဲရာကထပြီး မတ်တတ်စမ်းကြည့်ပါတယ်ဘုရား။
မေး။ ။တော်တော်ကြာ လဲပြန်ရော၊ အဲသည်တော့ တော်ပြီလေ လဲပြန်ပြီလို့ သည်လိုသာသာကလေး နေမလား။
ဖြေ။ ။မနေပါဘူးဘုရား။ ထပ်ပြီးရပ်တာပဲ ဘုရား။
မေး။ ။နောက်တော့ ဘယ့်နှယ်လဲ။
ဖြေ။ ။မတ်တတ်ရပ်နိုင်သွားပါရောဘုရား။
မေး။ ။လဲသေးသလား။
ဖြေ။ ။မလဲတော့ပါဘူး ဘုရား။
မေး။ ။အဲသည်လို မလဲဘဲ မတ်တတ်ရပ်နိုင်သွားပြီးတော့ အားသန်လာတဲ့အခါ သူ့ကို ဖြည်းဖြည်းသွားပါဆိုလို့ ဖြစ်သလား။
ဖြေ။ ။မဖြစ်ပါဘူးဘုရား။ သည်အခါ မြန်မြန်သွားပါတယ်ဘုရား။
မေး။ ။မြန်မြန်သွားတော့ တစ်ခါတည်း သွက်လက်ပြီး အားရှိနေပြီ ဖြစ်သောကြောင့် တစ်ခါတစ်ခါမှာ ခြေနှစ်ခုဟာ မြေတွင်မနေဘဲ အထက်ကို ခုန်တက်ပြီး နေတယ်မဟုတ်လား။
ဖြေ။ ။နေပါတယ်ဘုရား။
မေး။ ။အထက်ကို ခုန်တက်ပြီးနေတော့ မြေကြီးနှင့် ခြေနှင့် ထိသလား။
ဖြေ။ ။မထိပါဘူးဘုရား။

မေး။ ။သူက ခြေနှစ်ခုမျှား လိမ်ပြုမျှား နေလိုက်သေး မဟုတ်လား။
ဖြေ။ ။တင်ပါ့ဘုရား။
မေး။ ။အလေ့အကျင့်ရပြီဆိုမှဖြင့် အစတုန်းကတော့ မသွားနိုင် မလာနိုင် သူ၊ လေ့ကျင့်ခါစ သည်လို ဖြစ်သလား။
ဖြေ။ ။လေ့ကျင့်ခါစ မဖြစ်ပါဘူး ဘုရား။
မေး။ ။နောက်ကျတော့ ဘယ့်နှယ်လဲ။
ဖြေ။ ။နောက်ကျတော့ အင်မတန် သွက်လက်ပြီး နေရာကျပါတယ်ဘုရား။
မေး။ ။သည်တော့ ဘူ့ကို ဖြည်းဖြည်းသွားဆိုလို့ ဖြစ်သေးသလားဗျာ့။
ဖြေ။ ။မဖြစ်ပါဘူးဘုရား။
ဖြည်းဖြည်းသွားဆိုတာကောင်မဖြစ်တော့ဘူး၊ မြန်မြန်သွားချင်တယ်။ ခုန်ချင်တယ်ဗျာ့။ အေးဗျာ၊ အခုလည်း ခုနကလေးမျှားဟာ ထိုင်ရာ က ထတာလိုဗျာ့။
မေး။ ။သည်လိုပဲ စိတ်ကိုထားတယ်။ ထားလို့ မနေဘူးဆိုလျှင် ဘယ့် နှယ်လဲ။
ဖြေ။ ။မနေဘူးဆိုလျှင် ထပ်ပြီးနေအောင် ဝီရိယတွေ တိုးပေးရမှာပဲဘုရား။
မေး။ ။သည်ကျတော့လည်း ခုတင်ခု၊ ခုတင်ခု မဟုတ်ဘူးတဲ့ဗျာ့။ ဘယ့် နှယ်လဲ။
ဖြေ။ ။ခုတင်ခု ခုတင်ခုပဲ ဝီရိယကို တိုးတက်ရမှာပါပဲဘုရား။
မေး။ ။နောက်ကျတော့ ဘယ့်နှယ်လဲ၊ သည်လို လွတ်လွတ်သွားတာ ဖြစ်ဦး မလား။
ဖြေ။ ။နောက်ကျတော့ မလွတ်ဘဲ နေမှာပါဘုရား။
အေး၊ အရှင်တွေဟာ သည်လို ထူထောင်ကြတာတဲ့ဗျာ့။ အခုလည်းပဲ စိတ်တခြား သွားပါတယ်ဆိုလျှင် ကဲ....ဟဲ့ ဆိုပြီးတော့ ကိုယ်က သည်လိုသာ လုပ်ကြဗျာ၊ ကြားလား။ (တင်ပါ့ဘုရား)
မေး။ ။စိတ် တခြားသွားလေလေ၊ ကိုယ်က ဘယ့်နှယ်လုပ်မှာလဲ။
ဖြေ။ ။စိတ် တခြား သွားလေလေ ဝီရိယသုံးပြီး အားခဲပြီး ပေါ်ခါတလဲလဲ ပြန်ပြီးတော့ သည်လျှော့တဲ့နေရာမှာ ပြုရန် ဖြစ်ပါတယ် ဘုရား။

အေး.... အရှင်ကောင်းတွေဟာ အဲသည်လို ထူထောင်ပြီး သွားကြတာ ဗျာ့။ အဲသည်လို တူထောင်သွားတဲ့အခါကျတော့ သူတို့မှာ အကုန်လုံး မှန်း ထားသည်ထက် တိုးကြရပါတယ်ဗျာ့။ ဘာကြောင့်လည်းဆိုလျှင် အခု အခါ ကောင်းကြလို့၊ ဘာကောင်းကြလို့ ယခုလို ဘုရားပွင့်တော်မူတဲ့အခါ၊ ယာ သနာရှိတဲ့အခါမျိုးမှာ သုဂတိဖြစ်ကြတဲ့ လူ့ဘဝ၊ နတ်ဘဝ ရကြပြီဆိုတော့ သည်ကပဲ အကုန်လုံး လိုချင်တာသေ့ကို ဝီရိယထူထောင်ပြီးတော့ အရယူကြတာ ချည်းပဲ မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား)

မေး။ ။သည်တော့ သည်အချိန်အခါမျိုးမှာ ကိုယ်မှန်းထားတဲ့အတိုင်း မရတာ၊ မပြီးတာ ရှိသေးသလားဗျာ့။

ဖြေ။ ။မရှိပါဘူးဘုရား။

## ဘယ်သူ့မှမမေ့ရဘူး

ရှေးအရှင်တွေဟာ နှစ်သက်တဲ့ အသီးသီး ဗောဓိတွေကို ဒီအချိန်အခါတွေမှာ ယူကြတာချည်းပဲဗျာ့။ သည်အချိန်အခါ မရခင်သာ မျှော်လင့် တောင့်တပြီးတော့ သည်အချိန်အခါရောက်အောင် တောင့်တပြီး နေကြပါတယ်။ ရသည်ဆိုသည်နှင့်တစ်ပြိုင်နက် ကိုယ်မှန်းထားတဲ့ တောင့်တချက်တွေဟာ အခုလို ပြီးကြပါတယ်ဗျာ့။ သည်တော့ သည်အချိန်အခါ ဘဝကောင်းတာ သိပြီး ဝီရိယကောင်းကြလျှင် မှန်းထားတဲ့အတိုင်း ပြီးတာပဲ။ ဘယ်သူ့မှ မမေ့ရဘူး။ အခု အားလုံးတို့ဟာ တရားနာလာကြတယ် မဟုတ်လား။ သူတို့မှာ ရောက်လေရာရာမှာ တရားဟော ဓမ္မကထိကလုပ်နေကြတာပါဗျာ့။ ဟုတ်ပါ့ရဲ့လား ဗျာ။ ဟုတ်ပါတယ်ဗျာ့။ သူများထက်တောင်မှ သူတို့က ပိုပြီး ဟောတတ်တယ်။ ပြောတတ်တယ်တဲ့ဗျာ့။ ဘယ်လိုတုန်းဆိုတော့ သိထားတာက အများကြီးဗျာ့။ သည်တော့ ကိုယ်သိထားတာတွင်ပင်လျှင်ပဲ သိသလောက်ကလေးကို မချွတ်ယွင်းရအောင် ထူထောင်ကြပါဗျာ့။ သည့်ပြင်က များများ မလိုသေးပါဘူး။ သူတို့သိထားတာက ဘာတုန်းဆိုလျှင် မမေ့မလျော့ဘဲနှင့် ဝီရိယထူထောင်ဖို့ရာတွေသိတယ်။ ပြီးတော့ သည်းခံခြင်းနှင့် ဘာတုန်း၊ နိဝါတ သက္ကစ္စဆိုတာတွေ အကုန်လုံး သိတယ် မဟုတ်လား။ (အကုန်သိပါတယ်ဘုရား)

မေး။ ။သိတဲ့အတိုင်းသာ အကုန်လုံး ဂရုစိုက်ပြီး အဲသည်လို သွားပါဗျာ့။ သည်တော့ သက္ကစ္စနှင့်အလုံးစုံတို့ဟာ ဘယ်ဟာမှ မချွတ်ယွင်းရအောင် သွားမည်ဆိုလျှင် သည်းခံခြင်းတွေနှင့် အဲသည်လိုသာ တိုးမြှင့်သွားမည်ဆိုလျှင် အချိန်တိုင်းတို့မှာ ဘယ်ဟာများ တောင့်တတဲ့အတိုင်း မပြီးဖို့ အချိန်ရာ ရှိသေးသလဲဗျာ့။

ဖြေ။ ။အချိန်မရှိတော့ပါဘူးဘုရား။

ရှေးအရှင်တွေကတော့ သည်လိုသွားတာဗျာ့။ ဥပမာ ဘယ်လိုတုန်းဆိုလျှင် သည်းခံခြင်းနှင့်မေတ္တာနှင့် ကိုယ်အလိုရှိတဲ့ဟာကို သက္ကစ္စနှင့် ပြုသွားတယ်ဆိုတော့ သက္ကစ္စမျိုးဟာ ဘယ်ဒင်းများလဲဆိုလျှင် ဥပမာ သည်လိုပြောကြပါစို့။ ရွှေတို့ငွေတို့ဟာ သူတို့ အသုံးကျမှန်းသိတော့ ကြိုးစား ရှာကြတယ်။ ရှာတော့ ရရောဗျာ့။ ဥပမာ ငွေတစ်သိန်းစီ၊ ငွေတစ်ကုဋေစီဆိုပြီးတော့ အားလုံးကို ဝေမယ်ဗျာ့။ ဝေတော့ ရကြရော။ ရကြတော့ ဘယ့်နှယ်လဲဗျာ့။ ယူလှည့်ကြဆိုလျှင် ဘယ့်နှယ်လဲ၊ ပျော်ရွှင်ယူမလား၊ ပျင်းပြီးယူမှာလား။

ဖြေ။ ။ပျော်ရွှင်ပြီး ယူမှာပါ ဘုရား။

မေး။ ။အဲဒါ နှစ်သက်တာဗျာ့။ ဟုတ်ကဲ့လား။

ဖြေ။ ။တင်ပါ့ ဘုရား။

မေး။ ။နှစ်သက်တော့ သည်ဟာရသည်နှင့် တစ်ပြိုင်နက်တည်း ဘယ့်နှယ်လဲ မထေမဲ့မြင်နှင့် တော်သလိုနေရာမှာ ထားမှာလား။

ဖြေ။ ။အင်မတန်သေသေချာချာ သိမ်းထားမှာပါ ဘုရား။

မေး။ ။ဆောင်ရာ ပြုရမှာရော။

ဖြေ။ ။အင်မတန် သေချာမှာပါ ဘုရား။

မေး။ ။သည်ဟာကိုတော့ အဲသည်လို ရသည်နှင့် တစ်ပြိုင်နက်တည်း ဤကဲ့သို့ အရိုအသေ သက္ကစ္စနှင့် သည်လိုပြုကြတော့ သွားတဲ့ အခါသည် သောင်း၊ သိန်း၊ ကုဋေ အထုပ်ကြီးကို ထားပစ်ခဲ့မှာလား။

ဖြေ။ ။ယူသွားမှာပါ ဘုရား။

မေး။ ။ခဏကလေးများ ထားပစ်ခဲ့မှာလားဗျာ့။

ဖြေ။ ။မထားခဲ့ပါဘူး ဘုရား။

မေး။ ။တခြားတစ်ပါး သွားတဲ့အခါ နေခဲ့ပေစေဆိုပြီး ထားပစ်ခဲ့မလား။

ဖြေ။ ။မထားခဲ့ပါဘူးဘုရား။

မေး။ ။ဘာဖြစ်လို့လဲ။

ဖြေ။ ။တခြားလူ ယူသွားမှာ စိုးလို့ပါ ဘုရား။

မေး။ ။သည်မှာ တခြားလူမှမရှိဘဲ နေပေစေ။ ငါ့သီတင်း သုံးဖော်တွေ နှင့်ပဲဆိုပြီး အဲသည်လိုထားပြီး တခြားသွားမှာလား။

ဖြေ။ ။သီတင်းသုံးဖော်တွေလည်း မယုံ့တယုံပါ ဘုရား။

မေး။ ။ဟုတ်ကဲ့လားဗျာ။ ပြီးတော့ အမှတ်တမဲ့နှင့် သွားတဲ့အခါမှာ သည်နေရာကလေးမှာ မေ့ဒနေခဲ့တယ်။ မေ့နေလို့ အမှတ်ရတဲ့အချိန်ကျတော့လည်း နေပေ့စေ ဆိုပြီး သည်လိုသွားမှာလား။

ဖြေ။ ။သည်လို မသွားပါဘူး ဘုရား။ ချက်ချင်းပြန်ပြီး ရှာမှာပါ ဘုရား။

မေး။ ။ဘာကြောင့်လဲ။

ဖြေ။ ။အင်မတန် နှမြောစုံမက်လို့ပါ ဘုရား။ သည်လိုသည်း မေ့ထားခဲ့မှာ မဟုတ်ပါဘူးဘုရား။ အင်မတန် သတိဝီရိယနှင့်လက်က ထစမ်းတည်း စမ်းနေမှာပါ ဘုရား။

ဟုတ်တယ်ဗျာ့။ အဲဒါဘာလဲဆိုလျှင် ရွှေငွေ အသုံးကျမှန်းသိလို့ ရွှေငွေကို သည်လို အလေးဂရုပြုတာဗျာ့။

မေး။ ။သည်ရွှေငွေနှင့် ယခုဒကာကြီး ဒကာမကြီးများဟာ ဘုရားဆုံးမတဲ့ တရားရတနာနှင့် ဘယ်သင်းက အဖိုးထိုက်တန်ပါသလဲဗျာ့။

ဖြေ။ ။တရားရတနာက အင်မတန် မနှိုင်းယှဉ်လောက်အောင် အဖိုး ထိုက်တန်ပါတယ် ဘုရား။

မေး။ ။သည်လို အဖိုးထိုက်တန်တော့ အခုလို ဘုရား အဆုံးအမ ရတယ်။ ရတော့ အချိန်ကျလျှင် ကိုယ့်နေရာ ကိုယ် ပြန်တယ်။ ပြန်ကြတော့ ဒါကို တစ်ခါတည်း သည်နေရာမှာ မနေရစ်ခဲ့ဘဲ မထားခဲ့ဘဲနှင့် တစ်ခါတည်း ပါအောင် ဆောင်သွားသလားဗျာ့။

ဖြေ။ ။တပည့်တော်တို့ဖြင့် ဓမ္မာရုံတွင်ပဲ ကျန်နေပါတယ် ဘုရား။

မေး။ ။ဘယ်လောက်ကြာတော့ အမှတ်ရသလဲ။

ဖြေ။ ။ထွက်ကတည်းက အမှတ်ရတာပဲ ဘုရား။

မေး။ ။အမှတ်ရတော့ ပြန်ယူသလား။

ဖြေ။ ။နေပေ့စေ ကားမမီဘဲ နေလိမ့်မယ်ဆိုပြီး သုတ်သုတ်နှင့် သွားတာပါပဲ ဘုရား။

မေး။ ။နို့-ခုန ရွှေငွေနှင့် ဘုရားဆုံးမတဲ့ အဆုံးအမတွေဟာ ဘယ်သင်းက မြင့်မြတ်ပါသလဲဆိုတော့ ဘယ်လိုပြောသလဲ။

ဖြေ။ ။ဘုရားအဆုံးအမက အဆမတန် မြင့်မြတ်ပါတယ် ဘုရား။

မေး။ ။အခုန ရွှေငွေ တစ်သိန်းလောက် ကျန်နေလို့ အမှတ်ရတဲ့ အချိန်မှာ ယခုန ကားမမီဘဲ နေလိမ့်မယ်ဆိုပြီး ပြန်မယူဘဲ ကားစီးပြီး သွားမှာလား။

ဖြေ။ ။ငွေတစ်သိန်းဘက်ကိုပြန်လာမှာပဲ ဘုရား။ ကားမမီလည်းဘဲ မသကာ သည် ငွေတစ်သိန်းနှင့် သည်နေရာမှာပဲ အိပ်နေမှာပဲ ဘုရား။

မေး။ ။ယခုနတော့ တရားရတနာက အဖိုးထိုက်တန်တယ်ဆိုပြီး ယခုတော့ ဘယ့်နှယ် ဖြစ်ပြန်လဲ။

ဖြေ။ ။အခုတော့ ငွေ တစ်သိန်းက ထိုက်တန်နေပါတယ် ဘုရား။ ဒါက လောဘနှင့် အင်မတန် ပနာစားနေပါတယ် ဘုရား။

မေး။ ။အဲသည်လို ပနာစားနေရင်း အဲသည် ငွေတစ်သိန်းရပြီးတော့ သည်ဟာနှင့် ပြုံးပြုံးကြီးသေမယ်ဆိုလျှင် ဘယ်ရောက်မလဲ။

ဖြေ။ ။အပေါယ်ကျမှာပါဘုရား။

မေး။ ။ဟုတ်ကဲ့လားဗျာ့။ သည်ဟာနှင့်လေ ဒါနှင့်ပျော်ပြီးသေရင်ကော။
ဖြေ။ ။ဒါနှင့်ပျော်ပြီသေရင်လည်း အပေါယ်ကျမှာပဲဘုရား။
မေး။ ။နို့....သည်ဟာနှင့် အပေါယ်မကျခင် သူ့ရတော့ ချမ်းချမ်းသာသာ ဖြစ်သလား။
ဖြေ၊ ။သူ့ရတဲ့နေ့ကစပြီးတော့ အင်မတန် ဆင်းရဲပါတယ်ဘုရား။
မေး။ ။အိပ်လို့ပျော်မှ ပျော်ပါ့မလား။
ဖြေ။ ။မပျော်ပါဘူး ဘုရား။
မေး။ ။ဒါဖြင့် ဘယ်မှာလဲ။
ဖြေ။ ။သူ အသုံးကျတာက မျက်စိအာရုံ၊ နားအာရုံ၊ နှာခေါင်းအာရုံတွေကိုတော့ဖြင့် ဖြည့်စွက်လိမ့်မယ်လို့ ဝမ်းသာပြီး ချမ်းသာနေပါတယ်ဘုရား။
မေး။ ။ယခုန ဘုရားအဆုံးအမကို အာရုံပြုတာကတော့ ဘယ့်နှယ်လဲ။ ယခု အာရုံပြုရင် ဘယ့်နှယ်လဲ။
ဖြေ။ ။ယခု မြတ်စွာဘုရား အာရုံပြုတဲ့ ချမ်းသာက လောဘ၊ ဒေါသ၊ မောဟလွတ်ပြီးတော့ ကင်းတဲ့ ချမ်းသာပါဘုရား။ ဟိုဘက်က ငွေတစ်သိန်းကတော့ ကာမတရားတွေနှင့်ဆက်သွယ်ပြီးတော့နေတဲ့ ချမ်းသုခပါဘုရား။
မေး။ ။သို့ကြောင့် အခု အာရုံပြုရမယ်ဆိုလျှင် အားလုံး စူးစူးစိုက်စိုက်နေတဲ့အခါမှာ အခု ချက်ချင်း ဆင်းရဲဖြစ်သေးသလားဗျာ့။
ဖြေ။ ။မြတ်စွာဘုရားတရားတော်ကို အာရုံစူးစူးစိုက်စိုက်တည်နေတော့ အင်မတန် ငြိမ်းချမ်းတဲ့သုခကို ခံစားနေရပါတယ်ဘုရား။
မေး။ ။ဒါ အခုအတွက် နောင်အတွက် သည်လို ဖြစ်စေချင်လျှင် နောင်အတွက် လျှောက်ဗျာ့။
ဖြေ။ ။နောင်အတွက်လည်း သံသရာတစ်လျှောက်လုံး အင်မတန် လောဘ၊ ဒေါသ၊ မောဟကင်းတဲ့ချမ်းသာကို ခံစားရပါတယ် ဘုရား။

မေး။ ။ခုနဟာတော့ ရကတဲက ဘယ့်နှယ်လဲ။
ဖြေ။ ။ရကတဲက တပည့်တော်တို့၏ ပုထုဇဉ်မှာတော့ဖြစ်လျှင် အင်မတန် ချမ်းသာသုခကြီးတစ်ခုဟူ၍အားလုံးသော ကမ္ဘာသားများက မျက်စိအာရုံ၊ နားအာရုံ အစရှိသည်တို့မှာ ချမ်းသာသုခပဲလို့ အမြဲမှတ်ပြီးတော့ထားတော့ဒါနှင့်ပဲ သံသရာတစ်လျှောက်လုံး ဖြစ်ပြီးတော့ ယခုထက်ထိ နစ်နေပါသေးတယ်ဘုရား။

မေး။ ။သည်တော့ စိုးရိမ်ကြောင့်ကြမှု ငြိမ်းသလားဗျာ့။

ဖြေ။ ။မငြိမ်းပါဘူးဘုရား။ သို့ပေမယ့် တပည့်တော်တို့က ဒါကို ချမ်းသာပဲ လို့ဆိုပြီး အင်မတန် နှစ်နှစ်ခြိုက်ခြိုက်ကြီး လိုက်ရှာနေကြပါတယ် ဘုရား။

မေး။ ။ယခုကတည်းက စိုးရိမ်ကြောင့်ကြ နှစ်နှစ်ခြိုက်ခြိုက်နှင့် ပူပန်ရပြီး ဒါကို နှစ်နှစ်သက်သက်နဲ့ သေသွားလျှင် ဘယ့်နှယ်လဲ။

ဖြေ။ ။အပါယ်ကျမှာပဲဘုရား။

မေး။ ။ဒါဖြင့် ဘယ်မှာလဲ ချမ်းသာတာ။

ဖြေ။ ။ပုထုဇဉ်များ သည်ဟာကို ချမ်းသာလို့ထင်ပြီး အရိယာများကတော့ ဒါကို ဒုက္ခ၊ ဒုက္ခလို့ထင်ပါတယ်ဘုရား။ ဒါပေမယ့် တပည့်တော် တို့က ဒုက္ခလို့ မထင်ပါဘူးဘုရား။ ချမ်းသာတယ်၊ ချမ်းသာတယ် နှင့် မျက်စိ အင်မတန် လည်နေပါတယ် ဘုရား။

မေး။ ။လည်နေလျှင်၊ အခုနလိုထားလျှင် သည်စိတ်တွေ မပျောက်ဘူးလား။

ဖြေ။ ။ပျောက်ပါတယ်ဘုရား။

မေး။ ။ဒါဖြင့် အခုနလိုထား၊ အဟုတ်ထားလျှင် အခုနလို စိတ်က ဖြစ်နေဦး မလား။

ဖြေ။ ။မဖြစ်ပါဘူးဘုရား၊ အဟုတ်လုပ်လျှင် တကယ် ချမ်းသာမှန်း သိပါ တယ်ဘုရား။ လောဘ၊ ဒေါသ၊ မောဟလွတ်ကင်းပြီး တကယ့်အစစ် ချမ်းသာမှန်း သိပါတယ် ဘုရား။

ဟိုက လောဘရံတဲ့ ချမ်းသာဟာ ချမ်းသာ မဟုတ်ဘူး။ ဒုက္ခရယ်လို့ အဲသည်အခါမှာသိပါရောဗျာ့။ အေး၊ရှေးအရှင်တွေဟာ ဘုရားဆုံးမတဲ့ အဆုံး အမကို ရကြတဲ့အခါ ကောင်းမွန်စွာ မှတ်သားပြီး လိုက်နာ၊ လိုက်နာပြီဆိုလို့ ဆိုက်လာတော့ အခုနပြောတဲ့ ပစ္စည်းတို့ ဘာတို့ဟာ ဘယ့်နှယ်လဲ၊ လိုချင်သေး သလား။

ဖြေ။ ။မလိုချင်ပါဘူးဘုရား။ ရှိတဲ့ပစ္စည်းတွေတောင် စွန့်ပစ်ချင်တဲ့ဆန္ဒ ပေါ်ပေါက်ပါတယ်ဘုရား။

ရှေးအရှင်တွေဟာ သည်လိုဆောင်ရွက်သွားကြတော့ သည်လို ချမ်းသာ တွေနှင့် ပစ္စုပ္ပန်ရောသံသရာရော လုံလောက်ပြီးသွားပါတယ်ဗျာ့။ ဒါအခါ ဘဝကောင်းကြတာသိပြီးတော့ ဝီရိယနှင့် ထူထောင်ယူကြတဲ့ သူတော်ကောင်း အစားစားတို့မှာ ဤကဲ့သို့ ပြီးစီးကြပါသတဲ့ဗျ။ အခုလည်းပဲအားလုံးသော သူ တော်ကောင်း အစားစားတို့မှာ သည်ရှင်တွေကဲ့သို့ သာသနာနှင့် ဘုရားအဆုံး အမကို မှတ်သားပြီးတော့သည်အရှင်တွေရဲ့ ဝီရိယမီအောင်ညီအောင် ထူထောင် လို့ရှိရင် သည်အရှင်တွေကဲ့သို့ပင်လျှင်ပဲ ချမ်းသာသုခတွေဟာ အခါမလင့်

ဆိုက်ပါလိမ့်မယ်ဗျာ့။ ဆိုက်လာတဲ့အခါကတော့ ထပ်တူညီမျှ ဤကဲ့သို့ သူတော်ကောင်းအစားစားတို့မှာ တောင့်တတဲ့အတိုင်း ပြီးကြပါလိမ့်မယ်ဗျာ့။

ထိုသို့ဖြစ်သောကြောင့် သည်အရှင်တွေကဲ့သို့ အခါဘဝတို့ကသည်း တပ်တူညီမျှ၊ အခါကောင်းပုံ ဘဝကောင်းပုံကလည်း ထပ်တူညီမျှ၊ သည်တော့ ဘုရားအဆုံးအမကို မှတ်သားပြီးသားကလည်း ရှိနေတော့ ဘယ်ခလောက်သာလိုပါသလဲဆိုလျှင် သည်အရှင်တွေကဲ့သို့ ဝီရိယကို မိအောင်ညီအောင် ဓါတို့သည် ထူထောင်မည်လို့ စိတ်ဆန္ဒ ပေါ်ပေါက်လာအောင် ပြုရုံပါပဲ။ ဤကဲ့သို့ ဆန္ဒပေါ်ပေါက်လာပြီဆိုမှဖြင့်၊ ဝီရိယက ထက်ကြပ်မကွာ ပါလာလိမ့်မယ်။ ပါလာလျှင် ဝီရိယ ဣဒ္ဓိပါဒ်က ချက်ချင်း အဲသည်လိုဖြစ်တဲ့ အခါကျတော့ လျှော့ပါ ပေါ့ပါဆိုလို့ သူတစ်ပါးတို့က ပြောပေမယ့် လျှော့ကြ ပေါ့ကြမယ် မဟုတ်ပါဘူးဗျာ့။ ရှေးအရှင်တွေက အားမရ မရောင့်ရဲနိုင်ဘဲ ရှင်ကြ ပျော်ကြရသလို ရှင်မှာပျော်မှာပါပဲဗျာ့။ ဒါကြောင့် အချိန်အခါ ဘဝကောင်းတာသိပြီးပြီဆိုတော့ ရှေးအရှင်များတို့ တောင့်တချက်ပြီးသလို ပြီးအောင် ဝီရိယကို ထူထောင်ပြီး ကြိုးစားကြ၊ အားထုတ်ကြဗျာ့။

# ဗောဓိဆုကို ရအောင်ယူကြ

"အသီးသီးသောဗောဓိနှင့် ပြီးချင်ကြတယ်ဆိုလျှင် ဘုရားဆုံးမတဲ့ အဆုံးအမကိုမှတ်ထားပြီး ဣရိယာပုထ် လေးဖြာမှာဘယ်ဟာမှမပျက်အောင် ထူထောင်ပြီး အားထုတ်ကြ၊ ကြိုးစားကြ"

(ဘုရားရှင်အဆုံးအမကို နာခံမှတ်သားပြီး ဆားငန်တာကိုသိသလိုတမှတ်ထဲမှတ် တရစပ်သိနေအောင် ကြိုးစားကြရန် မောဘူဆရာတော်ဘုရားကြီးသည်။ ၁၉၅၅ခု မေလ ၁၇ ရက်နေ့ညတွင် ရန်ကုန်တက္ကသိုလ်ခမ်းမှာရုံ၌ ဤတရားတော်ကို ဟောကြားတော်မူပါသည်။)

ဝေဘူဆရာတော်အရှင်မြတ်သည် ပထမရှေးဦးစွာ ရှစ်ပါးသီလပေးပြီးနောက် အောက်ပါအတိုင်း တရားတော်ကို ချီးမြှင့်ပါသည်။

### တရားနာခံအဖြစ် ဦးလှက ဆောင်ရွက်ပါသည်

ရှေးအရှင်တွေကတော့ အအားအနားမထားပဲ ကိုယ်မှန်းထားတဲ့ ဗောဓိကိုပြီးအောင် ယူကြတာကဲ့ဗျ။
လျှောက်။ ။တစ်ဆက်တည်းဆိုတာ အမိန့်ရှိပါဦးဘုရား။
ဣရိယာပုထ်လေးပါးမှာပေါ့ဗျာ။ တစ်ဆက်တည်း အချိန်တိုင်း အချိန်တိုင်းဟာ အရှိကိုဆောင်ပါတဲ့ဗျ။ ဘယ်လိုတုန်းဆိုလျှင် ဘယ်ဣရိယာပုထ်ပဲဖြစ်ဖြစ်ဘယ်အချိန်အခါဖြစ်ဖြစ်၊ ဣဋ္ဌာရုံနှင့်အနိဋ္ဌာရုံဆိုတဲ့နှစ်သက်ဖွယ်နှင့်တွေ့လျှင်

တွေ့မယ်။ မနှစ်သက်ဖွယ်တွေနှင့် တွေ့လျှင်တွေ့မယ်။ အဲသည်လို တွေ့တဲ့အခါမှာ ဘယ်အချိန်မဆို အစီးအပွားဟာ အရှိချည်း ဆောင်ကြတာတဲ့ဗျ။ တစ်ဆက်တည်း တသီတတန်းကြီးပဲဗျာ။ ဘယ်လိုတုန်းဆိုလျှင် စန္ဒကူး နံ့သာအနှစ်များလိုပဲဗျ၊ စန္ဒကူးနံ့သာ အနှစ်များဟာ ဘယ့်နှယ်တုန်းဆိုလျှင် ရှုတ်ချက်ရှိကြတဲ့ လူတွေကောဗျ။ စန္ဒကူးနံ့သာဆိုတာဟာ အနံ့ကောင်းတာလား၊ မကောင်းတာလား။

ဖြေ။ ။အနံ့ကောင်းပါတယ်ဘုရား။
မေး။ ။အနံ့ကောင်းတယ်ဆိုတာ အကုန်လုံး နှစ်သက်တာမဟုတ်လား။
ဖြေ။ ။အကုန်လုံး နှစ်သက်ပါတယ်ဘုရား။
မေး။ ။အဲသည်လို အနှစ်ဖြစ်တဲ့ စန္ဒကူးနံ့သာများဟာ ဘယ့်နှယ်လဲ။ ဆဲရေးတိုင်းထွာပြီး ရှုတ်ချက်ရှိနေတဲ့ သူများကော ကြိုင်သလား၊ လှိုင်သလားဗျ။

ဖြေ။ ။သူလည်း ကြိုင် လှိုင် မွှေးပါတယ်ဘုရား။
မေး။ ။ချီးမွမ်းပြီးတော့ ကျေးဇူးဂုဏ်တွေကို ပြောဆိုနေတဲ့ သိများကောဗျာ။

ဖြေ။ ။သည်လိုပဲ မွှေးကြိုင်တာပါပဲဘုရား။
မေး။ ။ပြီးတော့ ကျေးဇူးဂုဏ်တွေကို ချီးမွမ်းလေးစား ပူနေတဲ့သူများကို ပိုပြီးတော့ မွှေးသလား ကြိုင်သလားဗျာ။

ဖြေ။ ။အတူတူ မွှေးကြိုင်ပါတယ်ဘုရား။
မေး။ ။ဆဲရေးတိုင်းထွာပြီးနေတဲ့ သူများကိုကော ဟိုလောက်မမွှေးဘဲ သူ့တော့နည်းနည်းကလေးပဲ မွှေးမှာလားဗျာ။

ဖြေ။ ။ထပ်တူညီမျှ မျက်နှာမလိုက်လဲ မွှေးမှာပါဘုရား။
မေး။ ။သည် စန္ဒကူးနံ့သာဟာ တကြိုင်ကြိုင် တသိုင်လှိုင်နှင့်နေတာဟာ ဘယ်အချိန်များ မကြိုင်မလှိုင်တဲ့အချိန် ရှိသေးသလဲ။
ဖြေ။ ။မရှိပါဘူးဘုရား။

အဲသည်လိုပဲ ဘုရားဆုံးမတဲ့ အဆုံးအမ ရကြပြီဆိုမှဖြင့် မြင့်မြတ်ကြတဲ့ သူတော်ကောင်းအပါးပါးတို့ဟာ အစီးအပွားတွေကို ဘယ်အချိန်မှ နည်းနည်းကလေးမျှ မလွတ်ပါဘူးတဲ့ဗျ။ အနိဋ္ဌာရုံနှင့် တွေ့လည်းပဲ ကိုယ်လိုချင်တာကို ရအောင် မချတဲ့ဝီရိယနှင့် အရယူထား။ ဣဋ္ဌာရုံနှင့်တွေ့လည်း။ ကိုယ်လိုချင်တဲ့ဟာကို အရယူတာပဲတဲ့ဗျ။ အစဉ်အတိုင်း သည်လိုပဲတဲ့ဗျ။ ပြီးတော့ အခု ကြံများတို့လိုတဲ့ဗျ။ ကြံများဟာ အရသာ ဘယ်လိုနေသလဲဗျ။
ဖြေ။ ။ချိုပါတယ်ဘုရား။

မေး။ ။အရသာချိုတာဟာ ရှုတ်ချက်ရှိပြီး စားကြ သောက်ကြတဲ့ သူတွေကျ တော့ကောဗျာ။

ဖြေ။ ။ချိုပါတယ်ဘုရား။

မေး။ ။ချီးမွမ်းပြီးတော့ အမျိုးမျိုးအဖြာဖြာသော ကျေးဇူးဂုဏ်တွေကို ပြောဆိုနေတဲ့ သူတွေကောဗျာ။

ဖြေ။ ။ချိုပါတယ်ဘုရား။

မေး။ ။အချိန်ကကောဗျာ။

ဖြေ။ ။ဘယ်အချိန်စားစား ချိုတာပါပဲဘုရား။

မေး။ ။ဣရိယာပုထ်ကကောဗျာ။

ဖြေ။ ။ဘယ်ဣရိယာပုထ်မဆို ချိုတာပါပဲဘုရား။

အေး၊ မျေးကအရှင်တွေဟာ သည်လိုပဲဗျ။ ဘုရားအဆုံးအမကို ရကြပြီ ဆိုတော့ ကဲဟဲ့ဆိုပြီး ကိုယ်အလိုရှိတဲ့ မှန်းထားချက် ပြီးအောင်ဆောင် တာဗျ။ တစ်ခါတည်း တစ်ချိန်တည်း ချိုနေတာတဲ့ဗျ။ (တင်ပါ ဘုရား။)

အဲဒါကြောင့် သည်အရှင်တွေဟာ အကုန်လုံးပြီးတာဗျ။ ဣရိယာပုထ် လေးဖြာမှာ သည်လိုပဲ ဣဋ္ဌာရုံနှင့် အနိဋ္ဌာရုံဆိုတဲ့ နှစ်သက်ဖွယ်၊ မနှစ်သက်ဖွယ် ဆိုတာတွေကို လျှောက်ပြောစမ်းပါဆိုလျှင် အချိန်တစ်ခုမှာတင်ပဲ အကုန်လုံး စေ့အောင်ပြောနိုင်မလား။

ဖြေ။ ။မပြောနိုင်ပါဘူး ဘုရား။

မေး။ ။နှစ်သက်ဖွယ်ဖြစ်၊ မနှစ်သက်ဖွယ် ဖြစ်နှင့်ဟာ နောက်က ပြုထားတဲ့ အကြောင်းအားလျော်စွာ ဘယ်တော့မှ မဖြစ်တော့ပါဘူးဗျ။ ဒါတွေ ကို ရှိနေကြတဲ့အခါမှာ ပကတိအတိုင်း နှစ်သက်ဖွယ်နှင့်တွေလျှင် ဘယ်လိုဖြစ်မလဲ။

ဖြေ။ ။နှစ်သက်ဖွယ်နှင့်တွေရင် လောဘ ဖြစ်သွားပါတယ်ဘုရား။

မေး။ ။မနှစ်သက်ဖွယ်နှင့်ကောဗျ။

ဖြေ။ ဒေါသဖြစ်သွားပါတယ်ဘုရား။

မေး။ ။အဲသည်လိုဖြစ်နေလျှင် ဣဋ္ဌာရုံနှင့် အနိဋ္ဌာရုံဟာ ဘယ်တော့မှ မပြတ် အောင် တစ်ဆက်တည်း တွေ့ပြီးနေတာကို သည်အတိုင်းတိုင်းသာ ဖြစ် နေမယ်ဆိုလျှင် ပစ္စုပ္ပန် သံသရာနှစ်ဖြာကို စိတ်နှလုံး အလို တောင်း တတဲ့အတိုင်းဟာ သဘောကျ ပြီးနိုင်ပါမလား။ ဖြစ်နိုင်ပါမလား။

ဖြေ။ ။မဖြစ်နိုင် မပြီးနိုင်ပါဘူးဘုရား။

မေး။ ။အခုနလို ရှေးသူတော်ကောင်း မြင့်မြတ်ကြတဲ့ အရှင်ကောင်းများ သည် စန္ဒကူးနံ့သာအနှစ်နှင့် တူတယ်ဆိုတော့ အဲသည်လိုများ တူသွားလျှင်ကော ဗျာ။

ဖြေ။ ။အဲဒီလို တူသွားလျှင် ကိုယ်လိုချင်တဲ့ ဗောဓိကို ရနိုင်ပါတယ်ဘုရား။

မေး။ ။အေးဗျ၊ အဲဒါအချိန်အခါဘဝက လွယ်တာဗျ။ သည်ထက်လွယ်တဲ့ အချိန်ဟာ ရှိပါသေးသလားဗျ။

ဖြေ။ ။သည်ထက် လွယ်တဲ့အချိန် မရှိပါဘူး ဘုရား။ တပည့်တော်တို့မှာ သံသရာအစက စပြီးတော့ သည်လိုဉာဏ်မျိုး၊ သည်လိုသတိမျိုး တစ်ခါမှ မရစဘူး ဖြစ်လို့ အခုထက်တိုင် ကိလေသာထဲမှာမျောနေလျက် ပါပဲ ဘုရား။

မေး။ ။အေး၊ သည်တော့ ရှေးအရှင်တွေကဲ့သို့ စန္ဒကူးနံ့သာဖြစ်ဖို့ရာ ခက် သလားဗျ။

ဖြေ။ ။မခက်ပါဘူး ဘုရား။

မေး။ ။တမွှေးထဲမွှေးရုံပါပဲဗျ၊ ဒါဖြင့် တမွှေးတည်း မွှေးဖို့ကတော့ ခက် သလားဗျာ။

ဖြေ။ ။မခက်ပါဘူး ဘုရား။

မေး။ ။အခုနလို ထားလိုက်လျှင်၊ တကြိုင်တည်း ကြိုင်၊ တမွှေးတည်း မွှေး တော့မှာပဲဗျ။ အဲ အစက သည်လိုထားလျှင် နောက် လျော့စရာ ရှိသေးသလား။

ဖြေ။ ။နောက် လျော့စရာ မရှိပါဘူး ဘုရား။

မေး။ ။ဘယ်လို ဖြစ်မလဲ။

ဖြေ။ ။ရှေ့ကို တိုးတက်သွားဖို့ရာသာ ရှိပါတယ် ဘုရား။

မေး။ ။သည်အချိန်မှ၊ ဟိုအချိန်မှ မွှေးသထက်မွှေး၊ ကြိုင်သထက်ကြိုင်၊ လှိုင် သထက် လှိုင် ဖြစ်သလား။

ဖြေ။ ။အချိန်မရွေး မွှေးနေတာပဲ ဘုရား။

မေး။ ။ကြိုင်ဖို့၊ လှိုင်ဖို့ရာ လိုက်လုပ်ရသေးသလား။

ဖြေ။ ။မလုပ်ရပါဘူး ဘုရား။ တပည့်တော်တို့ရဲ့ လုံ့လ ဝီရိယ အပေါ်မှာ တည်နေပါတယ် ဘုရား။

မေး။ ။လုံ့လ ဝီရိယ ဆိုတာလည်း ရှိသင့်တယ် မဟုတ်လား။

ဖြေ။ ။အဆင်သင့် ရှိပါတယ် ဘုရား။
အေး၊ ရှိတဲ့ဝီရိယကို ကိုယ်လိုချင်တဲ့ ဘောင်တချက်ပြီးအောင် အသုံး ချရုံပါပဲဗျ။ (တင်ပါ့ဘုရား)

ဝီရိယ ရှိပြီဆိုမှဖြင့် အကုန်လုံးတို့ဟာ ပြီးတာပါပဲဗျ။ ဒါကြောင့်မို့ ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။ ဝီရိယဝတော၊ ဝီရိယ ရှိသော သူအား။ ကိံ နာ ကမ္မံ-အဘယ် အမှုမျိုးသည်။ န သိဇ္ဈတိ-မပြီးဘဲ ရှိအံ့ နည်း။ သည်တော့ အဘယ်အမှုမျိုးမဆို ဝီရိယနှင့် ဆောင်ရွက်လျှင် မဖြစ်ဘဲ နေပါ့မလား။ (ဖြစ်မှာပါပဲ ဘုရား။) ဖြစ်တာပေါ့ဗျ။ သည့်ထက် လွယ်တဲ့ အချိန်ကာ ရှိပါသေးသလား။ (မရှိပါဘူး ဘုရား။)

*　　*　　*

အဲတာ ပျင်းလည်းပဲ လုပ်၊ ပျော်လည်းပဲလုပ်ဗျ။ ပျင်းလည်းပဲ အစီး အပွားများမှန်း သိလျှင် လုပ်သာလုပ်၊ ပျော်လည်းပဲ လုပ်သာလုပ်။ (တင်ပါ့ ဘုရား)

မေး။ ။ယခု ဝီရိယ ထူထောင်ပြီဆိုလျှင် ထိနမိဒ္ဓခကာသဇ္ဇတို့ဟာ လာလိမ့် မယ်။ လာပေမယ့်ငါမအိပ်ဘူးဆိုပြီး အတင်းလုပ်လျှင် မရဘူးလား။

ဖြေ။ ။အင်မတန် သန်သော ဝီရိယနှင့် လုပ်လျှင် ရပါတယ် ဘုရား။

မေး။ ။ဘယ် အချိန်ကျမှ အဟုတ် လုပ်ရမလဲ။ ယခုတော့ မအိပ်ချင်သေး ဘူး။ ကိစ္စ မရှိသေးဘူး။ ဘယ်အချိန်ကျမှ အဟုတ် လုပ်ရမလဲ။

ဖြေ။ ။နာရီပြန်နှစ်ချက်ထိုးနာရီလောက်ကျတော့အတော်ပန်းလာပြီဘုရား။

ဒီတော့ ဘယ့်နှယ် လုပ်မလဲ။ ဒီတော့ အပါယ်ငရဲနှင့် ထိနမိဒ္ဓက လာ ပြီး စစ်တိုက်မှာ၊ သူနှင့် တိုက်ရမှာ မလာခင် တိုက်နေလို့ မဖြစ်ဘူး။ ရန်သူ ဆိုတာ သူ မလာလျှင် လိုက်တောင်ရှာရမှာဗျ၊ သူကို တိုက်ပြီးတော့ အနား မကပ်ဝံ့အောင် ချောက်ပစ်မှ တော်မှာဗျ။ ယခုဆိုလျှင် နေရာ ကျလိုက်တာ၊ ဒကာကြီးတွေက သာသာကလေး ထိုင်နေလျှင် သူက ကိုယ်ရှိရာ လာမှာဗျ။

လျှောက်။ ။သူက ချောင်းနေမှာပါ ဘုရား။

မေး။ ။လာလျှင် မလွယ်ဘူးလား။

ဖြေ။ ။လာလျှင်တော့ တပည့်တော်တို့က အသင့်လက်ခံလိုက်ပါတယ်ဘုရား။

မေး။ ။လာတဲ့အခါမှာ ရန်သူမှန်းသိလျှင် ဘယ်လိုလဲဆိုတော့ မုဆိုးများ ဟာ လက်နက်စွဲကိုင်ပြီး တောထဲမှာ ဘာရှာသလဲ။

ဖြေ။ ။အမဲလိုက် ရှာပါတယ် ဘုရား။

မေး။ ။ဘာကောင်တွေလဲဗျ။

ဖြေ။ ။သမင်၊ ဒရယ် အစရှိသည်တို့ပါဘုရား။

မေး။ ။အေးဗျ၊ ရှာတော့တွေ့ရော၊ တွေ့တော့ ဘယ့်နှယ်လုပ်သလဲ။
ဖြေ။ ။ဖမ်းပါတယ်ဘုရား။
မေး။ ။ယခုလည်း ရန်သူမှန်းသိနေတယ်ဗျ။ ထိနမိဒ္ဓကတော့ တို့ဟာ ကိုယ်က ဝီရိယနှင့် ထူထောင်အားထုတ်နေတော့ သူတို့ လာမယ်ဆိုလျှင် ဘယ့်နှယ်လဲဗျ။
ဖြေ။ ။သူတို့ကို သမင် ဒရယ်များ ပစ်သလို အသေ သတ်ပစ်ရမှာပါ ဘုရား။

မေး။ ။လက်နက်လည်း ရှိတယ် မဟုတ်လား။

ဖြေ။ ။လက်နက်ကလည်း ရှိပါတယ်ဘုရား။
မေး။ ။အေး အေး၊ ဒါဖြင့်လည်း သည်လိုလုပ်ရုံရှိတာပဲဗျ။ အဲသည်လိုမှန်း သိလျှင်၊ ငါတော့ အားထုတ်တော့မယ်ဆိုလျှင် သူတို့က တိမ်းရှောင် နေမလား။ ကိုယ့်ဆီလာမလား။
ဖြေ။ ။သူတို့ကတော့ ချောင်းနေမှာပါပဲဘုရား။ သည်ဒကာကြီးက ပါးစပ် က ပြောသာပြောနေတာပဲ၊ တို့ ဝင်လျှင် ရမှာပဲလို့ လာလျှင် လာမှာ ပါဘုရား။။

မေး။ ။အဲသည်လိုလာတော့ ဘယ့်နှယ်လဲ။
ဖြေ။ ။သည်တစ်ခါတော့ သမင်၊ ဒရယ်ပစ်သလို ပစ်သတ်လိုက်မှာပါပဲ ဘုရား။
မေး။ ။ကောင်းပါဗျာ။ အဲဒါ ဒကာကြီး တစ်ယောက်တည်းလား။ အား လုံးကလား။
ဖြေ။ ။တပည့်တော်နှင့် ထပ်တူထပ်မျှသိမှ လက်နက် အတော်များများစုပြီး လာကြပါတယ်ဘုရား။
မေး။ ။ဟုတ်ကဲ့လား။ အေး သည်လိုပြောဖော်ရတာဖြင့် ကောင်းမှာပါဗျ။
ဖြေ။ ။သည် ပရိသတ်တွေဟာ အတော် ဝီရိယရှိတဲ့ ပရိသတ်တွေပါဘုရား။ မိုးတွေ လေတွေနှင့်၊ မိုးရွာလျှင် ရွာပစေဆိုပြီး အင်မတန် လုံ့လ ဝီရိယကဲပြီးတော့ လာကြပါတယ်ဘုရား။ သည်လောက် ဝီရိယရှိတော့ ထိနမိဒ္ဓလာလျှင် အသေသတ်မယ့် တရားနာ ပရိသတ်ချည်းပါပဲ ဘုရား။ ကောင်းပါဗျာ။ အဟုတ်လုပ်ကြဗျာ။ ဟိုလိုဆိုလျှင်တော့ မဖြစ်သေးဘူးဗျ။ (တင်ပါ့ဘုရား) ပါးစပ်ပြောပြောနေလို့ မဖြစ်ဘူး။ တစ်ခါတည်းပဲ အဟုတ် လုပ် စမ်းကြပါဗျာ။
လျှောက်။ ။တပည့်တော်တို့ ရန်ကုန်မှာက ဆရာဝန်တွေက တယ်ကောင်း တယ်ဘုရား။ မအိပ်လျှင် အိပ်ဆေးပေးတာနှင့်။ တစ်ခါတလေများ အိပ်ဆေးကို တင်ပါးတောင် ထိုးသွားလိုက်သေးတယ်။ အဲသည်လိုထိုးပြီး သူတို့

လည်းသွားရော ဒီမှာလည်း အိပ်ပျော်သွားလိုက်တာ သတိတောင် မရဘူး။ တပည့်တော်တို့ ရန်ကုန်မှာက ထိနမိဒ္ဓဆရာဝန်တွေ သိပ်များနေပါတယ်ဘုရား။ တပည့်တော်တို့ကတော့ ထိနမိဒ္ဓကို တိုက်ပါတယ်ဘုရား။ ဘာကြောင့် တိုက်သလဲဆိုလျှင် တစ်သက်လုံး အနမတဂ္ဂ အစမရှိသော သံသရာကနေပြီး လုပ်လာတဲ့ အပါယ်ကျစေတတ်သော ငရဲတွေဟာ အများကြီးရှိနေပါတယ်။ နောက် လာလတ္တံ့သော ကာလ၌ ပြုလုပ်မည့် ငရဲတွေလည်းပဲ အများကြီးနေတာကို အခု ထိသိကို သတိမူပြီးတော့ စိုက်စိုက်စူးစူး ခဏကလေး လုပ်လိုက်တာနှင့်ပဲ ဒါတွေ ပပျောက်တယ်လို့ ဆိုတာနှင့် သည် ထိသိ အတော် ဝီရိယ စိုက်နေပါတယ်ဘုရား။ သို့သော်လည်း မည်ကဲ့သို့သော အဆင့်အတန်းလောက်ကျမှ ပြုခဲ့ပြီးသော အကုသိုလ်၊ ပြုဆဲ ပြုလတ္တံ့သော အကုသိုလ်တွေဟာ ဘယ်အဆင့်အတန်းလောက်ကျမှ ပျောက်ပါ့မလဲဘုရား။

ဒါကတော့ ဘယ်လိုတုန်းဆိုလျှင် ရှိလျှင် ကိုယ်အလိုရှိတဲ့လမ်းကို မေးပါတော့ဗျာ။ မေးတော့လည်း လမ်းမှန်ကို ပြောရောဗျာ။ ပြောတော့ သိရော၊ သိပြီဆိုမှဖြင့် သွားရုံလိုတော့တာပဲဗျ။ သွားပြီဆိုမှဖြင့် တစ်လှမ်းသွားလျှင် တစ်လှမ်းရောက်လိမ့်မယ်။ နှစ်လှမ်းသွားလျှင်တော့။ (နှစ်လှမ်းရောက်မှာပါဘုရား)

အေးဗျ၊ သည်လမ်းဟာ ကိုယ်အလိုရှိရာ ရောက်မယ့် ခရီးလမ်းဖြစ်တော့ သွားသလောက် ရောက်ပါလိမ့်မယ်ဗျ။ ဟိုရောက်တော့ မသိဘဲ နေပါ့မလား။ ရောက်တဲ့နေရာကျတော့ သိမှာပါဗျ။ (သိမှာပါပဲဘုရား)

အခု သည်လို သွားဗျဆိုကော့ အခု ဒကာကြီးများလည်း ကဲပါဗျဆိုပြီး ထားလိုက်စမ်းဆိုလျှင် ဝီရိယနှင့်ထူထောင်ပြီးထားလိုက်ရော။ သည်တော့ ဝီရိယ ပေါ်လာမယ်။ ပေါ်လာပြီဆိုတော့ အခါခပ်သိမ်း လောဘ ဒေါသ မောဟတွေဟာ ဘယ်အချိန်များ သည်မီးလျှံဟာ ငြိမ်းတဲ့ အေးတဲ့အချိန် ရှိရဲ့လား။

ဖြေ။ ။သတိလွတ်နေလျှင်တော့ ငြိမ်းတဲ့ အေးတဲ့အချိန် မရှိပါဘူးဘုရား။

မေး။ ။ကဲ....ဘုရားဆုံးမတဲ့ အဆုံးအမကို သည်လို အာရုံပြုပါဆိုတော့ အခု ချက်ချင်း အာရုံပြုလိုက်တော့ လောဘ ဒေါသ မောဟ ဆိုတာဟာ ရှိသေးသလား။

ဖြေ။ ။ချက်ချင်း အာရုံပြုပြီး ချက်ချင်း စူးစူးစိုက်စိုက်နေလျှင် လောဘ ဒေါသ မောဟမှ လွတ်ပါတယ်ဘုရား။

မေး။ ။သည် လောဘ ဒေါသ မောဟတွေဟာ ဘယ်လိုသွား ဘယ်လိုလာကော မြင်ရသေးလား။

ဖြေ။ ။မမြင်ရပါဘူးဘုရား။

မေး။ ။အေးဗျ၊ ဘုရားအဆုံးအမကတော့ အင်မတန် အားကောင်းတယ်။ သည့်ထက်များ အချိန် ကြာကြာထားလိုက်လျှင် သူတို့ ဘယ့်နှယ်နေမလဲ။

ဖြေ။ ။သည့်ထက် အချိန်ကြာသွားလျှင် ဝေးသထက်ဝေးပြီး ရှောင်သွားပါလိမ့်မယ်ဘုရား။

မေး။ ။အေး၊ သည်လောက်အားကောင်းတာဗျ။ အကုသိုလ်ဆိုတာဟာ ဘာမှ အားမရှိပါဘူးတဲ့ဗျ။ ဟုတ်ကဲ့လား။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

ဒါ ဘုရားအဆုံးအမဗျ။ သာသနာဆိုတာ ဘုရားရှင်က ကိုယ်တော်တိုင် ထိုးထွင်းသိပါတဲ့အတိုင်း သေသေချာချာ ဆုံးမထားတာဖြစ်တော့ ဘယ်မှာ မှားနိုင်လိမ့်မလဲဗျ။ (တင်ပါ့ဘုရား)။

ဘုရားရှင်ကတော့ ဘုရားရှင်အလုပ် လုပ်၊ သာဝကများက သာဝက အလုပ်လုပ်ရုံပဲဗျ။ ဘုရားရှင်ကတော့ ချစ်သား၊ ချစ်သမီးတို့ ဤကဲ့သို့ ဆင်းရဲတွေက ရှိတယ်။ ကဲ-သည်ဆင်းရဲတွေက လွတ်မြောက်အောင် ဤကဲ့သို့ ကိုယ်နှင့် နှုတ်နှင့် စိတ်နှင့် တည်တာတွေကို ဖြည့်ကြကျင့်ကြ၊ ဝီရိယထူထောင်ကြလို့ အဲသည်လို ဆုံးမတော်မူတာကိုး။ သည်အဆုံးအမကို ရထားတဲ့ အားလုံးသော လူနတ် ဗြဟ္မာတွေဟာ ဆင်းရဲမှလွတ်ဖို့။ ဆင်းရဲမှ ဘယ်လို လွတ်မလဲဆိုလျှင် အသီးသီး မှန်းထားတဲ့ ဗောဓိတွေရှိတယ်။ ကိုယ်အလိုရှိတဲ့ ဗောဓိနှင့် လွတ်မယ်။ အဲသည်လို ဆုံးမတော်မူတော့ ဘယ်ဗောဓိကိုဆိုတာကတော့ အားလုံးနားလည်ကြပါတယ်တဲ့။ အဲ့ဒါ ဘုရားရှင်ရဲ့ အလုပ်ပဲဗျ။ ရအောင်ပြုရမှာကတော့ ဘယ်သူတွေတုန်းဆိုလျှင် အသီးသီး ကိုယ့်ဗောဓိနှင့် ကိုယ်မှန်းထားတဲ့ ဗောဓိ အရှင်သခင်တွေပေါ့ဗျာ။ ကိုယ်လိုချင်တဲ့ ဗောဓိ ရအောင်ဟာ သာသာကလေး ယူရုံပါပဲဗျ။ (တင်ပါ့ဘုရား)။

မေး။ ။သည်တော့ ခက်သေးသလားဗျ။

ဖြေ။ ။မခက်ပါဘူးဘုရား။ တပည့်တော်တို့မှာ ခက်နေတာက ထိသိကို စိတ်စူးစိုက်နေတဲ့အခါမှာ လောဘ ဒေါသ မောဟကင်းတယ်။ သက္ကာယဒိဋ္ဌိ သတ်တယ်လို့ ဆိုတော့ တပည့်တော်တို့မှာ လတ်တလောအားဖြင့် သက္ကာယဒိဋ္ဌိကြီးက အင်မတန် ထင်ရှားဖြစ်နေပါတယ်ဘုရား။ ဘယ်လို ထင်ထင်ရှားရှား ဖြစ်နေသလဲဆိုလျှင် တပည့်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဟာ၊ သေဘဲ့အခါကျလျှင် သက္ကာယဒိဋ္ဌိကြီးကို စံပြုနမူနာအဖြစ်နှင့် တော်တော် ယုံယုံကြည်ကြည် လုပ်နေပါတယ်ဘုရား။ တကယ်လို့ ဥပမာ တပည့်တော် သေပြီဆိုပါတော့။ ကျန်တဲ့လူများက တပည့်တော် ခေါင်းကြီးပေါ်မှာ သည်ဒကာကြီးဟာ ဆေးတံကောက်ကောက်ကြီး ကြိုက်တယ်ဆိုပြီး အဲသည် ဆေးတံကောက်ကောက်ကြီး

ကို တင်ထားပါတယ်ဘုရား။ အဲဒါ ဘယ်သူသောက်ဖို့လဲ။ သေသွားတဲ့ တပည့်တော်ပဲ သောက်ဖို့လား။ ကျန်တဲ့ ဝိညာဉ်ကလေးက သည်ဆေးတံကြီးကို သောက်ဖို့လား။ အဲဒါတွင် မကသေးပါဘူး။ သည့်ထက်ကဲတာ ရှိပါသေးတယ်။ သင်္ချိုင်းရောက်တော့ သရဏဂုံတင်ခါနီးလုလျှင် နီးစပ်တဲ့ ဆွေးမျိုးများက ခေါင်းကြီးကိုဖွင့်ပြီး ထ ထ တရားနာရအောင်လို့ ခေါ်တာ ဘယ်သူ့ကို ခေါ်တာလဲ။ တပည့်တော် အလောင်းကောင်ကြီးကို ခေါ်တာလား။ တပည့်တော်က သေသွားတော့ ကျန်ခဲ့တဲ့ ဝိညာဉ်ကလေးက ခေါင်းထဲမှာလိုလို၊ အပြင်မှာလိုလို ဖြစ်နေပါတယ် ဘုရား။ ပြီးတော့ တပည့်တော်က ဘေးကလူတွေကို မေးစမ်းကြည့်ပါတယ်။ အခုလို သရဏဂုံတင်တာဟာ ဘာဖြစ်လို့လဲလို့ မေးတော့၊ သူတို့က ဒါဟာ ကျန်ရစ်ခဲ့တဲ့ လူတွေကို တင်တာလို့ ပြောတယ်ဘုရား။ ဟိုက အသေကောင်ကြီးကိုတင်တာ မဟုတ်ဘူးတဲ့ဘုရား။ ပြီးတော့ ခုနစ်ရက်လည်တဲ့အခါကျတော့လည်း တပည့်တော်ကို တပည့်တော် ဆောက်ထားတဲ့ အိမ်ကနေ နှင်ပစ်ပါတယ် ဘုရား။ သည်နေရာမှာ အင်မတန် ဝမ်းနည်းစရာကောင်းပါတယ်ဘုရား။ အဲသည်လို သက္ကာယဒိဋ္ဌိကြီးကို စွဲလမ်းပြီး လုပ်နေကြပါတယ် ဘုရား။ သည်တော့ သည်သက္ကာယဒိဋ္ဌိ မလွတ်သမျှ ကာလပတ်လုံး ပြုခဲ့ပြီးသော ကုသိုလ်တို့မှာလည်းကောင်း ပြုဆဲ ပြုလတ္တံ့သော အကုသိုလ်တို့မှလည်းကောင်း သည်သက္ကာယဒိဋ္ဌိကိုစွဲ၍ မပြတ်ဘူးလို့ ကြားဖူးပါတယ် ဘုရား။ သည်တော့ သည်သက္ကာယဒိဋ္ဌိလွတ်အောင် ထိသိနှင့်ဆက်ပြီး သနားပါဦးဘုရား။

သည်ဟာကတော့ ပုဂ္ဂိုလ်ပဲ၊ လူပဲ၊ နတ်ပဲရယ်လို့တော့ ရှိတာ မဟုတ်ဘူးဗျ။ ဘာဘာရှိသလဲဆိုလျှင် ရုပ်နှင့်နာမ်သာရှိတာဗျ။ သည်တော့ သည်ကဲ့သို့ ဖြစ်နေတဲ့ ဥစ္စာက ဘာကြောင့်လဲဆိုလျှင် ရုပ်နှင့်နာမ်ကို မသိလို့ဗျ။

ဖြေ။ ။ရုပ်အကြောင်း နာမ်အကြောင်းကို ဟုတ်မှန်သော ယထာဘူတဉာဏ်နှင့် မသိလို့ပါ ဘုရား။

မေး။ ။သည်တော့ ရုပ်နှင့်နာမ်အကြောင်း အမှန်ကို သိပြီဆိုတော့ ဘာလဲ။

ဖြေ။ ။ဝိဇ္ဇာပါဘုရား။

မေး။ ။ရုပ်နှင့်နာမ် မသိတာက ဘာလဲ။

ဖြေ။ ။အဝိဇ္ဇာပါဘုရား။

မေး။ ။သည်တော့ နှာသီးဖျားကလေးကို သိပြီးနေဆိုတော့ နှာသီးဖျားကလေးက ရုပ်၊ သိတာကလေးက နာမ်၊ သည်လို နှာသီးဖျားကလေးကို စိုက်စိုက်စူးစူးသိနေတဲ့အခါမှာ ဘယ့်နှယ်တုန်းဗျ။ လူပဲလို့ စိတ်ထဲမှာက အထင်မှားသေးသလားဗျ။

ဖြေ॥ ။လူပဲလို့ အထင်မမှားပါဘူးဘုရား။

မေး॥ ။နတ်ပဲလို့ကောဗျာ။
ဖြေ॥ ။မမှားပါဘူးဘုရား။

မေး॥ ။သူပဲ ငါပဲလို့ကောဗျာ။
ဖြေ॥ ။အထင်မမှားပါဘူးဘုရား။

မေး॥ ။ဒကာကြီး ဒကာမကြီးပဲလို့ကောဗျာ။
ဖြေ॥ ။အထင်မမှားပါဘူးဘုရား။

မေး॥ ။သားရယ် သမီးရယ် မြေးရယ် မြစ်ရယ်လို့ကော လာသေးသလား။
ဖြေ॥ ။မလာပါဘူးဘုရား။

မေး॥ ။အဲဒီအချိန်မှာ ဘယ့်နှယ်လဲ။ အခုပြောတဲ့ သက္ကာယဒိဋ္ဌိ ရှိသေးသလား။
ဖြေ॥ ။သက္ကာယဒိဋ္ဌိ ကင်းကွာနေပါတယ်ဘုရား။

မေး॥ ။အခု သည်လိုစွဲလမ်းချင်တိုင်း စွဲလမ်းနေပေမယ့် အခု ဘုရားဆုံးမတဲ့ အဆုံးအမအတိုင်း လိုက်နာလိုက်ဘော့ သည်ဟာတွေ ဘယ့်နှယ်တုန်းဗျ၊ ရှိသေးသလား။
ဖြေ॥ ။မရှိပါဘူးဘုရား။

မေး॥ ။အဲသည်လိုသိရမှာကို သိနေတော့ သက္ကာယဒိဋ္ဌိက ကွာတယ်မဟုတ်လား။
ဖြေ॥ ။ကွာပါတယ်ဘုရား။

မေး॥ ။ဒါက အခုလား၊ အခုကွာတယ်မဟုတ်လား။ သည့်ထက်ကြာကြာထားတော့ကောဗျာ။
ဖြေ॥ ။သည့်ထက်ကြာကြာထားတော့ သည့်ထက် အဆပေါင်းများစွာကွာသွားပါတယ်ဘုရား။

မေး॥ ။အေး၊ ဥပမာစကားဖြင့်တစ်ခုပဲ၊ သက်တမ်းစေ့နေတဲ့ အဘိုးအိုကြီးကိုပဲ ပြောကြပါစို့၊ သည်အချိန်ကလေးမှာ ဒါကလေးကိုသိမှတ်နှင့် စုတိကျလို့သေသွားလျှင် ယခုန ဘေးတွေသင့်ပါဦးမလား။
ဖြေ॥ ။အပါယ်ဘေးတွေက လွတ်ပါရောဘုရား။

မေး॥ ။အဝိဇ္ဇာ ကောသဇ္ဇတွေကော လာဦးမလား။
ဖြေ॥ ။မလာပါဘူး ဘုရား။

အေး၊ တောက်လျှောက်ကြီးကို ချမ်းသာသွားတာဗျာ့။ ဒါကြောင့် ဟိုလိုပြောတော့ ကြာနေဦးမယ်၊ အဝိဇ္ဇာနှင့် ဝိဇ္ဇာ သည်လိုပဲပြောကြပါစို့။

လျှောက်။ ။ဒါဖြင့် တပည့်တော်သေတော့ ဝိညာဉ်ကလေးဟာ လေးငါးခြောက်ရက်လောက် အိမ်နားမှာ ဝေ့လယ်ဝေ့လယ်နှင့် နေတယ်ဆိုတာ လုံးလုံးကြီးမှားတာပေါ့ဘုရား။

ဒါကတော့ ယခုနလို ငါ့အိမ်တဲ့ ဆိုပြီးသေလျှင်တော့ ငါ့အိမ်နားနေလိမ့်မယ်ထင်ပါရဲ့။ အဲဒါကြောင့်မို့ သူ ဒုက္ခရောက်တာဗျ။ ငါ့သားပါ ငါ့သမီးပါနှင့် သည်လိုသေလျှင်ကောဗျာ။

ဖြေ။ ။ဒါနှင့်သေလျှင်တော့ သည်လိုပဲ ရစ်ဝဲရစ်ဝဲနှင့် ဆေးတံတို ဘာတို့တောင် ဝင်သောက်လျှင် သောက်နေမှာပါဘုရား။

မေး။ ။အေး၊ ဒါကတော့ အခုနဟာနှင့်သေလျှင် ပြောတာဗျ။ အဲ-ငါလုပ်ထားလိုက်တာတွေကလည်း မနည်းဘူးထင်တယ်။

ဖြေ။ ။ငါလုပ်တာက ငါ့အိမ်၊ ငါ့သား၊ ငါ့သမီး၊ ငါ့ပစ္စည်း ဒီလိုဟာတွေ တန်းလန်းနှင့်သေမယ့်သူက များပါတယ်၊ ထင်ပါရဲ့ဘုရား။
အဲ့သည်လို တန်းလန်းကိုဖယ်ထား၊ တစ်ခုတန်းလန်းနှင့်ဆိုလျှင်တောင် အဲ့သည်လို နေမှာဗျာ့၊ ကြားလား။ (တင်ပါ့ဘုရား။)
အဲဒါကြောင့် သည်လိုမဖြစ်ရအောင်လုပ်ဗျာ့။ ကိုယ်ကသာတန်းလန်းဖြစ်နေတာ၊ ဟိုကတော့ ဝေယျူလို့ကုန်ပြီဗျာ့။ (တင်ပါ့ဘုရား။)

မေး။ ။သည်တော့ ကိုယ့်မှာတော့ ဘာလာဖြစ်နေသလဲ။
ဖြေ။ ။ကိုယ့်မှာတော့ ငါ့ဟာ ငါ့ဟာနှင့် နေမှာဘုရား။

မေး။ ။ချမ်းသာသလား။
ဖြေ။ ။မချမ်းသာပါဘူးဘုရား။ အမှန်ဆင်းရဲပါတယ် ဘုရား။
အဲသည်လိုမဖြစ်ရအောင် ယခုကတည်းက ဒီလိုပြုကြ၊ ဒါကလေးကို မလွှတ်နှင့်၊ ရှေ့တိုးပြီး မြင့်မြင့်မြတ်မြတ်ပြုသည်ဆိုမှဖြင့် သံသရာတစ်လျှောက်လုံးအတွက် ခုနလိုမလွဲတော့ဘဲအမှန်ကိုသိတော့မှာဗျာ့။

လျှောက်။ ။တပည့်တော်လျှောက်တာကသည်ဝိညာဉ်ကလေးဟာ နိစ္စ-မသေမပျောက်ဖြစ်နေပြီး လူကောင်းကြီးကသာ သေသွားတယ်။ သည်ဝိညာဉ်ကောင်ကလေးကတော့ တန်းလန်းပဲအဆက်မပြတ်ရှိနေတယ်လို့ များ၊ တပည့်တော်တို့ မြန်မာဗုဒ္ဓဘာသာလူမျိုးတို့ရဲ့ အယူဝါဒကြီးကို အင်မတန်စွဲတဲ့ဟာကို တပည့်တော်လျှောက်ထားတာပါဘုရား။

ဒါကတော့ ယခုနှာကလေးထားတော့ သိနေတယ်ဆိုလျှင်တော့ သည်ဟာက ယခုလို ရုပ်တို့နာမ်တို့ သဘောဟာက တစ်ခါတည်းပဲ သူ့လက္ခဏာနှင့်သူရှိတယ် ဟုတ်ကဲ့လား။ (တင်ပါဘုရား)။

သူ့လက္ခဏာက ဘယ်လိုတုန်းဆိုလျှင် ဖြစ်ပြီးတော့ ပျက်တယ်။ ဒါတော့ သည်နေရာကလေးမှာထားတယ်၊ ထားပြီဆိုတော့ ဟိုဟာက မပြောလည်းသိဖို့ ဆုရှိတယ်။ ရုပ်နှင့်နာမ်မှာ စိတ်သည်လိုသိအောင်ထား၊ ထားတော့ သည်ရုပ်နှင့်နာမ်ဟာ ဖြစ်ပြီးလျှင် ပျက်နေတာပဲမဟုတ်လား။ ဒါက နားလည်ပြီးသား ဖြစ်နေပြီး လျှပ်တစ်ပြက်မှာ ဘယ်လောက်ရှိတယ်။

ဖြေ။ ။ကုဋေတစ်သိန်းပါဘုရား။

အဲသည်လိုဖြစ်ပျက်နေတဲ့ဟာကို အမြဲလို့ထင်နေတာဗျာ။ အဲဒါ ဘာကြောင့်လဲဆိုလျှင် မကြည့်လို့မမြင်တာ မမြင်လို့မသိတာဗျ။

လျှောက်။ ။တပည့်တော်တို့ကို ထိသိနှင့်အနိစ္စတွဲပြီးတော့ ဘယ်လိုသိရမလဲ ဘုရား။

သည်နေရာမှာထား ထားတာတော့နေလိမ့်မယ်။ နေပြီဆိုတော့ ဖြစ်တယ်။ ဖြစ်တယ်ဆိုတော့ သူ့ဟာပြောလိမ့်မယ်။ သူက ဘယ့်နှယ်ပြောမလဲဆိုလျှင် ဆားငန်တယ်လို့. ဒကာကြီးကပြောတော့ ဆားကိုမစားဘူးသေးတဲ့သူက ဆားငန်တယ်ဆိုတာ အကုန်လုံး မှတ်ထားမှာပဲ။ ဆားငန်တယ်ဆိုတာ ဆားမစားဖူးသေးတဲ့ တို့ကတော့ မှတ်မိပြီ။ သည်တော့ ဆားကောသိသလား ဆိုတော့ တို့ကတော့ သိတယ်လို့ပြောလိုက်မယ်၊ ဆားဆိုတာ ငန်တယ်လို့ ပြောနေလိုက်မယ်။ ဒကာကြီးကတော့ စားဖူးလို့သိနေပြီ။ အဲဒါတို့ကပြောမယ်၊ ဒီဒကာကြီးတွေ ဆားငန်တာသိသလို တို့လည်းသိတာပဲလို့ပြောမယ် ဘယ့်နှယ်လဲ။

ဖြေ။ ။ဒါဟာ မသိသေးဘဲနှင့် ပြောခြင်းသာဖြစ်ပါတယ်ဘုရား။ ငါပြောစာပြောပါပဲဘုရား။

မေး။ ။ဆား ငန်တယ် ငန်တယ်လို့ တို့က မအိပ်မနေပြောနေမယ်ဗျာ၊ ဒကာကြီးလို သိပြီးနေတယ်လို့ ထင်မယ်ဗျာ၊ ဘယ့်နှယ်လဲ'

ဖြေ။ ။ထင်နေလည်း စိတ်ကြီးပင်ပြီး ထင်နေတာပဲ ရှိပါတယ်ဘုရား။

မေး။ ။သည်တော့ ယခုနလို ဆားငန်တယ်ဆိုတဲ့ဟာကို တစ်လပြောနေမယ်၊ တစ်နှစ်ပြောနေမယ်၊ အနှစ်တစ်ရာပြောနေမယ် ရွတ်နေမယ်ဆိုလျှင် ဒကာကြီးလို သိပါ့မလား။

ဖြေ။ ။စားမကြည့်ဘူးတဲ့လူကတော့ မသိပါဘူးဘုရား။

မေး။ ။ဒါဖြင့် ဘယ်တော့မှသိမလဲ။

ဖြေ။ ။တကယ်ကိုယ်တိုင်စားကြည့်မှ သိမှာပါဘုရား။

မေး။ ။ဘယ်ဟာကို စားရမလဲ။
ဖြေ။ ။ဆားကို ကိုယ်တိုင်စားကြည့်မှ တကယ်ငန်တဲ့ဟာကို သိပါလိမ့်မယ်ဘုရား။
မေး။ ။ပါးစပ်ထဲကဆားကိုစားမှ သိမှာလား။
ဖြေ။ ။ပါးစပ်ထဲကဆားကိုပြောတာ မဟုတ်ပါဘူးဘုရား။ တကယ့်ဆားကိုပြောတာပါဘုရား။
မေး။ ။စာနှင့်ရေးထားတဲ့ဆားကို စားရမှာလား။
ဖြေ။ ။စာနှင့်ရေးထားတဲ့ဆား မဟုတ်ပါဘူး၊ ဈေးထဲက တကယ့်ဆားကို စားရမှာပါဘုရား။
မေး။ ။အဲဒါ ဆားမှန်မှန်ကို ကိုင်နေ ရှယ်နေရုံနှင့် ဘယ့်နှယ်လဲဗျ။
ဖြေ။ ။ကိုင်နေရှယ်နေရုံနှင့် မငန်သေးပါဘူးဘုရား။
မေး။ ။ဘယ်လိုလုပ်မှ ငန်မှာလဲ။
ဖြေ။ ။လျှာပေါ်ရောက်မှ ငန်မှန်း သိပါလိမ့်မယ်ဘုရား။

အခုနပဲ ရုပ်နှင့် နာမ်ဆိုတာဟာ ရုပ်စကား နာမ်စကားပြောဆိုပြီး ရုပ်နာမ်တို့ဖြစ်ပျက်နေတဲ့ လက္ခဏာနှင့်တကွ သဘောတွေကိုလည်း ပြောတတ်နေကြပြီ။ အဲဒါ ဘာလို့မို့ ယခုနလို လုပ်နေကြသလဲဆိုလျှင် ယခုနလိုမစားလို့ဗျ။ စားပြီဆိုတော့ တကယ်ငန်မှန်း သိပါလိမ့်မယ်ဗျ။ သည်အခါကျတော့လည်း ဒကာကြီးက ဘေးနားကနေပြီး အရှင်ရဟန်း ငန်ပြီငန်ပြီလို့ ပြောရဦးမလား။

ဖြေ။ ။မပြောရပါဘူးဘုရား။ စားတဲ့ပုဂ္ဂိုလ်ကိုယ်ဘိုင်က ငန်ကြောင်း ဒိဋ္ဌ သိပါလိမ်မယ်ဘုရား။
မေး။ ။အဲဒါဘာကြောင့်လဲ။
ဖြေ။ ။ဒိဋ္ဌစားကြည့်လို့ပါဘုရား။
မေး။ ။အေး၊ အခုလည်းပဲ ယခုန ရုပ်တို့နာမ်တို့ဟာ မမြဲဘူး။ သူ့လက္ခဏာ သူ့သဘောတွေလည်း ပြောတတ်နေကြပြီ။ ဒါတွေဟာ အမှန်တွေပေါ့။ ဖြစ်ပြီးတော့ ပျက်တယ်ဆိုတာဟာ မြဲတာကို ပြောတာလား၊ မမြဲတာကိုပြောတာလား။
ဖြေ။ ။မမြဲတာကိုပြောတာပါဘုရား။
မေး။ ။အဲဒါ အနိစ္စပဲဗျ။ ပြီးတော့ ပျက်နေတဲ့ဥစ္စာဟာ ဆင်းရဲသလား၊ ချမ်းသာသလား။
ဖြေ။ ။ဆင်းရဲပါဘုရား။

မေး။ ။အဲဒါ ဘာလဲ၊
ဖြေ။ ။ဒုက္ခပါဘုရား။

မေး။ ။အဲဒါကို မပျက်အောင် ထားနိုင်သလား။
ဖြေ။ ။မထားနိုင်ပါဘူးဘုရား။

မေး။ ။အဲဒါ အစိုးရသလား။
ဖြေ။ ။အဲဒါ အစိုးမရတော့ပါဘုရား။

မေး။ ။အဲဒါ ဘာခေါ်သလဲ။
ဖြေ။ ။အနတ္တပါဘုရား။

မေး။ ။ဒါတွေတော့ ဆိုတတ် ပြောတတ်တယ် မဟုတ်လား။
ဖြေ။ ။ဆိုတတ်ပါတယ် ဘုရား။ ဒါကတော့ တစ်သက်လုံး ဆိုလာတာပါ ဘုရား။

မေး။ ။ပြီးတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုပြီး ပုတီးစိပ်ဖူးတယ်မဟုတ်လား။
ဖြေ။ ။စိပ်ဖူးပါတယ်ဘုရား။

မေး။ ။ငယ်ငယ်တုန်းက ပုတီးကော အခု ရှိသေးတယ် မဟုတ်လား။
ဖြေ။ ။မရှိပါဘူးဘုရား။ မနေ့တနေ့က စိပ်တဲ့ ပုတီးတော့ ရှိပါတယ်ဘုရား။

မေး။ ။ငယ်ငယ်တုန်းက ပုတီး ဘယ်ရောက်သွားသလဲ။
ဖြေ။ ။ပျောက်သွားပါတယ်ဘုရား။

မေး။ ။ပျောက်တာ ပုတီး ဘယ်နှစ်ကုံးရှိပြီလဲ။
ဖြေ။ ။မရေတွက်နိုင်ပါဘူးဘုရား။

မေး။ ။ပုတီးစိပ်တာ အလုံးကြီးကြီးနဲ့ စိပ်ဖူးသလား။
ဖြေ။ ။စိပ်ဖူးပါတယ်ဘုရား။

မေး။ ။အလုံးငယ်နှင့်ကော။

ဖြေ။ ။စိပ်ဖူးပါတယ်ဘုရား။

မေး။ အလတ်စားနဲ့ကော။

ဖြေ။ ။စိပ်ဖူးပါတယ်ဘုရား။

မေး။ ။အနိစ္စ၊ ဒုက္ခ၊ အနတ္တသိလျှင် နေရာကျတာပဲ မဟုတ်လား။

ဖြေ။ ။သို့ပေမယ့် အရင်တုန်းက အနိစ္စ ဒုက္ခ အနတ္တဟာ သန္တတိ အနိစ္စလို့ ထင်နေပါတယ်ဘုရား။

မေး။ ။ဘုရားဟောတော်မူတာတွေကတော့ အမှန်တွေချည်းပဲ။ ဒါပေမယ့် အနိစ္စ ဒုက္ခ အနတ္တဆိုတာတွေကို သည်လိုဆိုနေရုံနှင့် မဖြစ်ဘူး။

ဖြေ။ ။တပည့်တော်တို့ကတော့ သည်လိုပဲ ပါးစပ်နှင့် အမှားသိနှင့် နေတာပါပဲ ဘုရား။ ရူပက္ခန္ဓာ အနိစ္စဆိုပြီး ဒီလိုပဲ ရွတ်နေတာပဲ ဘုရား။

မေး။ ။အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုပြီးတော့ ခန္ဓာငါးပါး ဆိုတာကော။

ဖြေ။ ။ခန္ဓာငါးပါးလည်း အကုန်လုံး တစ်လုံးတည်းကို ဆိုတာပဲဘုရား။

ရူပက္ခန္ဓာ အနိစ္စ၊ ဝေဒနက္ခန္ဓာ အနိစ္စ၊ ဝိညာဏက္ခန္ဓာ အနိစ္စ၊ သင်္ခါရက္ခန္ဓာ အနိစ္စ၊ သညာက္ခန္ဓာအနိစ္စဆိုပြီး သည်လိုပဲ အလွတ်ရထားတာကို ငေးငေးမောမောနှင့်စိပ်ပုတီးတစ်လုံးပြီးတစ်လုံးကျ၊ စိတ်ကဟိုရောက် သည်ရောက်၊ ကြောင် ငါးကင်စားနေတာ တွေ့တော့လည်း ခါးနှင့်ကောက်ပစ်လိုက်။ မြေးကလေး ထချီနှင့် သည်လိုနှင့်ပဲ ပြီးခဲ့ကြတာပါပဲ ဘုရား။ စိတ်တခြား၊ စိပ်ပုတီး တခြားပါပဲ ဘုရား။

မေး။ ။သည်တော့ ဆားကို ကိုယ်တိုင်စားပြီဆိုတော့ အသင် ရဟန်း ငန်ပြီ ငန်ပြီလို့ ပြောရဦးမလား။

ဖြေ။ ။မပြောရပါဘုရား။

မေး။ ။ဘာဖြစ်လို့လဲ။

ဖြေ။ ။ငန်တာကို ကိုယ်တိုင် သိနေလို့ပါ ဘုရား။

မေး။ ။အခုလည်းပဲ အခုနလိုသာထား၊ ထားလျှင် နေပါလိမ့်မယ်။ နေပြီဆိုလျှင် ဆားဟာ သူ့သဘောကိုက ငန်တာဖြစ်လို့ စားတဲ့သူ ငန်ရတာ မဟုတ်လား။

ဖြေ။ ။ငန်ပါတယ် ဘုရား။

အခုလည်းပဲ သေသေချာချာ ရုပ်နှင့်နာမ်တို့ကို ကြည့်ရှုလို့ မနေပြီ ဆိုတော့ အခုန ရုပ်ရဲ့သဘော၊ နာမ်ရဲ့သဘောလက္ခဏာတို့ကို သေသေချာချာကိုပဲ မြင်တော့ သိပါလိမ့်မယ်ဗျ။

လျှောက်။ ။ရုပ်နှင့်နာမ်ကိုတော့ သိပါပြီ ဘုရား။ ဒါပေမယ့် အနိစ္စလက္ခဏာကို ဘယ်လိုအောက်မေ့ရမလဲဘုရား။ လက်ဖျစ်တစ်တွက် ကုဋေ တစ်သိန်းဆိုတာကို ကုဋေတစ်သိန်းထိအောင် လိုက်ပြီး သိရမှာလား ဘုရား။ သုံးလေးသောင်း၊ သုံးလေးရာ၊ သုံးလေးခုပဲသိလျှင် တော်လောက်ပြီးလို့၊ သည်လို အနိစ္စ လက္ခဏာကို သိအောင်ပြုရမလား။ သို့မဟုတ် သန္တတိ အနိစ္စ ဆိုတဲ့ လက်ဖျစ်တစ်တွက် လျှပ်တစ်ပြက်မှာ အခု နှာသီးဖျားမှာ ဝင်လေဟာ ထိသွားပြီ။ ဆုံးသွားပြီ။ အခု ထွက်လာပြန်ပြီ။ ဆုံးသွားပြီလို့ သည်လို သန္တတိ အနိစ္စကိုပဲ သိအောင် လုပ်ရမလား။ လက်ဖျစ်တစ်တွက် ကုဋေတစ်သိန်းထဲက သုံးလေးခုလောက်ပဲ လုပ်ရမလား။ ဘယ်လောက်ထိအောင် စိတ်စိုက်ရမှာလည်း ဘုရား။

မေး။ ။ဒကာကြီးက ဆားငန်တယ်လို့ပြောတယ်။ ငန်တယ်လို့ပြောတော့ အခုဒကာကြီးများ ဈေးတွေဘာတွေ ရောက်ဖူးတယ် မဟုတ်လား။
ဖြေ။ ။ရောက်ဖူးပါတယ်ဘုရား။

မေး။ ။သည်ဈေးထဲမှာ ဆားဘယ်လောက်ရှိသလဲ။
ဖြေ။ ။တောင်းကြီးနှင့် ပုတ်ကြီးနှင့် အများကြီးကြီးပဲ ရှိပါတယ်ဘုရား။

ဖြေ။ ။တချို့ ဂိုဒေါင်ကြီးနှင့်တောင် ရှိပါတယ်ဘုရား။

မေး။ ။သည်တော့ ဆားငန်တယ်ဆိုတာဟာလဲ သည်လို တစ်ဈေးလုံးမှာရှိတဲ့ ဆားကို စားရမှာလား။
ဖြေ။ ။မဟုတ်ပါဘူးဘုရား။ ဆားတစ်ပွင့်လောက် မြည်းရုံနှင့် ငန်တာကို သိပါတယ်ဘုရား။

မေး။ ။သည်တော့ သူများက ဆားကို လိမ်ပြောလို့ ဖြစ်သေးသလား။
ဖြေ။ ။လိမ်ပြောလို့ မဖြစ်ပါဘူးဘုရား။ သကြား လိမ်ကျွေးပေမယ့် ဒါ ဆားမဟုတ်ဘူးဆိုတာ ချက်ချင်းသိပါတယ်ဘုရား။

မေး။ ။သည်တော့ ဆားငန်တာကို သိချင်တဲ့လူဟာ အခုလို ဆားကိုစားရင်ပဲ ဆားငန်တယ် သိမယ်မဟုတ်လား။
ဖြေ။ ။သိပါတယ်ဘုရား။

မေး။ ။နောက် မှားဦးမလား။
ဖြေ။ ။မမှားပါဘူးဘုရား။

မေး။ ။အေး၊ ယခုလိုပဲ သေသေချာချာ ဘုရားဆုံးမငဲ့အတိုင်း လိုက်နာလို့မို့ သေသေချာချာ ရုပ်နှင့်နာမ်မှာ သည်လိုထားတော့ နေရော၊ နေတော့ ရုပ်နှင့်နာမ် လက္ခဏာတို့ဟာ သူ့ဟာသူ ဖြစ်တာပျက်တာတွေကိုမြင်ရော၊ မြင်တော့သိရော၊ နောက်ကို ဘယ့်နှယ်တုန်း၊ သူများက လိမ်ပြောတယ်ဆိုလျှင် ယုံဦးမလား။
ဖြေ။ ။မယုံပါဘူးဘုရား။ ကိုယ်တိုင်သိပါပြီဘုရား။

မေး။ ။အေး၊ အဲဒါကတော့ အပြောမဟုတ်ဘူးဗျ။ အခုန ဆား စားတော့ ငန်တယ် သိသလိုဗျ။ တစ်ဈေးလုံး ဆားတွေကို စားမှမဟုတ်ဘူး။ ဒကာကြီးများအိမ်မှာ ဆားမရှိဘူးလား။
ဖြေ။ ။ရှိပါတယ်ဘုရား။

မေး။ ။ဘယ်လောက်ရှိသလဲ။
ဖြေ။ ။တစ်အိုးလောက် ရှိပါတယ်ဘုရား။

မေး။ ။အဲသည် တစ်အိုးလုံးကုန်အောင် စားရမလား။
ဖြေ။ ။မစားရပါဘူးဘုရား။ လက်နှင့်တစ်တို့လောက်စားလျှင် သိပါတယ်ဘုရား။
မေး။ ။အဲဒါ သိချင်တဲ့သူဟာ ဒါနှင့်ပဲမဖြစ်ဘူးလား။
ဖြေ။ ။ဒါနှင့်ပဲ ဖြစ်ပါတယ်ဘုရား။
မေး။ ။သည်လောက်နှင့်တော့ မဖြစ်သေးဘူးတဲ့ဗျာ။ ငါ့ဆီမှာတစ်အိုးလုံးရှိတယ်။ အဲသည်တစ်အိုးလုံးကို စားဆိုပြီး ကုန်အောင် ကျွေးမှာလား။
ဖြေ။ ။မကျွေးပါဘူးဘုရား။ လက်တစ်တို့လောက်ပဲ ကျွေးမှာပါဘုရား။
မေး။ ။သည်လိုကျွေးလိုက်တော့ ဒီဆားကိုပဲငန်တာသိမှာလား။ သည့်ပြင်ကဆားတွေတော့ကော ငန်တာမသိဘူးလား။
ဖြေ။ ။သည်ဆားတွင် မဟုတ်ပါဘူးဘုရား။ သည့်ပြင်ဆားတွေပါ သည်အတိုင်း သိပါတယ်ဘုရား။

မေး။ ။ဒကာကြီးဟာက ထစ်အိုးလုံးမှမဟုတ်ဘဲ၊ နည်းနည်းကလေး ပေးတာ။
ဖြေ။ ။နည်းနည်းကလေးနှင့်ပဲ့ အကုန်လုံး ဆားငန်တဲ့အကြောင်း အကုန်လုံး သိနိုင်ပါတယ်ဘုရား။

မေး။ ။ဒါပေမယ့် ဟိုအိုးထဲကဆားက တစ်မျိုးထင်တယ်လို့ သည်လိုကော တွေးဦးမလား။
ဖြေ။ ။မတွေးပါဘူးဘုရား။ အကုန်လုံးငန်တာကို သေသေချာချာ ယုံပါတယ်ဘုရား။

မေး။ ။သည်ဆားက သည်အိုးထဲက ဆားမို့လို့ အတူတူဖြစ်တာ။ ဈေးထဲကဆားက တစ်မျိုးလို့မှား မထင်ဘူးလား။
ဖြေ။ ။မထင်ပါဘူးဘုရား။

မေး။ ။ပြီးတော့ ရန်ကုန်ကဆားကသာ ငန်တာ။ မန္တလေးကဆားက တစ်မျိုးထင်တယ်လို့ သည်လိုကော မတွေးဘူးလား။
ဖြေ။ ။မန္တလေးကလည်း သည်ဆားပါပဲဘုရား။ အတူတူပါဘုရား။ သည်ဆားကို တစ်တို့စားကြည့်လျှင် ငန်တာကို ကိုယ်တိုင် ဒိဋ္ဌသိမယ့်ပုဂ္ဂိုလ်ချည်းပါပဲဘုရား။

အေး၊ အခုနလိုမှတ်ရမယ်။ ဟိုလိုကတော့ ဘုရားရှင်က သဗ္ဗညုတဉာဏ်တော်ဖြင့် လျှပ်တစ်ပြက်မှာ ဖြစ်တာပျက်တာက ကုဋေတစ်သိန်းလို့ဆိုပြီး အမှန်သိတာဗျ။ ဘုရားရှင်သိတာက ဒီလိုသိတာဗျ။ တို့တစ်တွေကတော့ ဆားငန်တာသိရင်ပဲ မမှားပါဘူးဗျ။ တော်လောက်ပါပြီ။

လျှောက်။ ။ဆားငန်တာနှင့် လေထွက်လေဝင် သိတာကလေးကို ဆက်ပြပါဦးဘုရား။

ဒါကတော့ စိတ်ကလေးကို အခုနလိုထား။ ထားတော့ နေလိမ့်မယ်။ နေလျှင် သည်ဟာက တစ်ဆက်တည်း မနားဘဲ ဖြစ်ပျက်ပြီးနေမယ်။ အဲဒါကို မြင်မယ်။ မြင်တဲ့အခါကျတော့ ဆားငန်တာကို သိသလိုပေါ့ဗျာ။ ဖြစ်ပျက်နေတာတွေဟာ ဖြစ်ပြီးတော့ပျက်နေတာပဲ့မဟုတ်လား။

လျှောက်။ ။အဲသည်လို ဖြစ်ပျက်နေတာဟာ လက်ဖျစ်တစ်တွက် ကုဋေတစ်သိန်း သိအောင် မြင်နိုင်ပါ့မလားဘုရား။

မေး။ ။ဒကာကြီး သိချင်တာက ငန်တာကို သိချင်တာလား။ ဆားအာပွင့်ပေါင်းကို သိချင်တာလား။

ဖြေ။ ။ငန်တာကို သိချင်တာပါ ဘုရား။

ငန်တာကို သိချင်လျှင် တော်လောက်ပြီ။ သည်လောက်ကလေး ဖြစ်ပြီးတော့ ပျက်နေတာကို စိတ်ငြိမ်ပြီဆိုတော့ သမာဟိတော ယထာဘူတံလို့ ဘုရားရှင်က ဟောတော်မူတယ်။ ဒါကတော့ ငယ်ငယ်တုန်းကတည်းက သွက်လက်ဖျတ်လတ်တယ် မဟုတ်လား။ ဒါပေမယ့် အခုနလိုတော့ နေအောင်မထားဘူး။ မထားဘဲနှင့် အခုနလို ဆိုနေတာဗျ။ သူ့ဟာက ပုတီး ဘယ်နှစ်မတ်မြန်မြန်ပြီးချင်တော့ ဘယ့်နှယ်လဲ။

ဖြေ။ ။မြန်မြန်ပြီးချင်တော့ ဖြုတ်ဖြုတ်နှင့်စိပ်တာပဲဘုရား။ တချို့လည်း စကားတပြောပြောနှင့် လက်ကတော့ ဖြုတ်ဖြုတ်နှင့်။ အဲဒါ ပုတီးအပတ်ပေါင်း ၈၄ ပတ်ရလျှင် အမြင်တောင်ရသလိုလို၊ မန္တလေးက ပြောတာကို ကြားသလိုလို၊ မနက်ဖြန် ထီပေါက်တော့မလိုလို၊ ရတဲ့ဂဏန်း ထိုးထိုးလို့ဆိုပြီး ပုတီးအပတ် ၈၄ ပတ်ပြည့်အောင် စိပ်တာပါဘုရား။

အေး၊ ဒါလည်း ကောင်းတော့ ကောင်းပါရဲ့ဗျာ။ ဘယ်လို ကောင်းသလဲဆိုလျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုနေတဲ့ အခိုက်အတန့်မှာ ဘာကျေးဇူးများ ရှိသလဲဆိုတော့ အခုနလို မဟုတ်ဘဲ ဝစီကံတို့ ဘာတို့တော့ မဖြစ်ဘူး ထင်တယ်။ (မဖြစ်ပါဘူးဘုရား)။

ဒါမလုပ်ခင်စပ်ကြားတော့ အဲဒါပဲ ဆိုနေကြ၊ ကြားလား။ မဆိုပဲ ပနေနှင့်။ ဘာဖြစ်လို့လဲဆိုလျှင် ဒါဆိုနေလျှင် အခုန ပြောတဲ့ဟာတော့ မဖြစ်ဘူး။ ဒါကြောင့်မို့ အဲဒါသာ ဆိုနေ၊ ဆားငန်တယ်ဆိုတာ သူများပြောကာကို မှတ်ထားပြီး ဟိုလိုတော့ မသိသေးဘူး။ ဒါကြောင့် ခုနလိုလုပ်တာကတော့ များလှပြီ။ ဒါကြောင့် အခုနလို လုပ်မည့်အစား အခုလိုထား၊ ကြားလား။ ထားလျှင် နေလိမ့်မယ်။ နေလျှင် အခုန ဖြစ်ပျက်နေတာတွေ သိတော့မှာပဲ။ မသိချင်လို့ မဖြစ်ဘူး။

လျှောက်။ ။တပည့်တော်စိတ်ထဲတွေးနေတာကသန္တတိအနိစ္စနှင့်မလုံလောက်ဘူးလို့လဲ သံသယရှိနေပါတယ်ဘုရား။

မေး။ ။ဒကာကြီးရယ်၊ ဖြစ်ပြီးတော့ ပျက်နေတယ်ဆိုတာဟာ တဖြစ်တည်းဖြစ်ပြီး တစ်ပျက်တည်းပျက်နေတာပဲ မဟုတ်လား။

ဖြေ။ ။ဖြစ်တာ ပျက်တာနှင့် ကုဋေတစ်သိန်းဆိုတာလည်း ယုံပါပြီဘုရား။ သို့သော်လည်း လက်ဖျစ်တတွက်မှာ ကုဋေတစ်သိန်းဆိုတော့ ဒါတွေကို အကုန်လုံးမိအောင် ပါးစပ်က မဆိုနိုင်ပါဘူးဘုရား။

မဆိုနိုင်ရင် နေပါစေ။ ဒါက ဆိုဖို့မဟုတ်ပါဘူး။ ဆားငန်တာ သိဖို့လဲ ဖြစ်တာပျက်တာကိုမြင်တော့သိမယ်။ အဲဒါ သိနေလျှင်ပဲ နေရာကျပြီ။ တိုတောင်းသော အချိန်ကလေးမှာပင်လျှင်ပဲလက်ဖျစ်တတွက် လျှပ်တစ်ပြက်မှာ ဖြစ်ပြီး ပျက်တာကိုသိလျှင်၊ အဲဒါကို စဉ်းစားနေလိုက်ရင် ရုပ်တွေနာမ်တွေဟာ ငြိမ်ငြိမ်မနေဘဲ ဖျောက်ဖျောက်နှင့်နေတာကို အခုလို စိတ်ထားလိုက်လျှင် သည်လို သိတယ်၊ ကြားလား။ (တင်ပါ့ဘုရား)။

ဒါက ရှာရတာ မဟုတ်ဘူး။ အရှိတွေဗျ။ တခြား သွားရှာရတာ မဟုတ်ဘူး။ နှာခေါင်းနှင့်လေနှင့်တင်ပဲ အနိစ္စကို သိနိုင်ပါတယ်ဗျ။ လေကို မမှတ်ချင်နေပါစေ။ ဘာဖြစ်လို့လဲဆိုတော့ ဟိုဟာက သိမ်မွေ့သွားလျှင် ဒုက္ခရောက်နေဦးမယ်။ သိမ်မွေ့သွားတော့ ထင်ရှားအောင် လုပ်ရမယ်ဆိုပြီး လုပ်နေဦးမယ်။ သည်ဟာကတော့ လက်နှင့်ထိတော့ သိသလိုကလေး စိုက်စိုက်စူးစူးနေလျှင် တော်ပြီ။ အဲသည်လိုနေလျှင် ဖြစ်ပျက်နေတာကို သိမယ်။ အဲသည်လိုနေလျှင် တော်ပါပြီ။ အဲသည်လို ရုပ်နှင့်နာမ်ဟာ ဖြစ်ပြီးပျက်တယ်၊ မမြဲဘူးလို့ ဟောတော်မူတာဟာ အနိစ္စပဲ။ ဖြစ်ပျက်နေတာကို မြင်လျှင် ဘာတုန်း။ ဖြစ်ပြီးတော့ ပျက်တာကို မဖြစ်အောင်၊ မပျက်အောင် ဘယ်နည်းမှ မတတ်နိုင်ဘူး မဟုတ်လား။ အဲဒါကိုပဲ သိမှာပဲ။ အခု အသိမျိုးသာသိလျှင် အနိစ္စဆိုတာလဲ ဘယ်ဟာမှ မဟုတ်ဘူး။ ဒုက္ခဆိုတာကော ဖြစ်ပြီး ပျက်တာပဲ။ အစိုးမရတာကော၊ အစိုးမရတာလဲ ဖြစ်ပြီးပျက်တာပဲ။ ဟုတ်ကဲ့လား။ (သိပါပြီဘုရား)။

အေး၊ ဒါကြောင့် အခုနလိုထားကြ၊ အဲဒီလို ထားနေလျှင် သိသင့်သိထိုက်တဲ့ဟာတွေကို တိုးတိုးသိလိုက်ဦးမယ်။ (တင်ပါ့ဘုရား)။

အသိ တိုးတိုးသိလိုက်တာကို စဉ်းစားလိုက်တော့ သည်လို ပြောကြပါစို့ရဲ့။ ဟိုဟာလည်းပဲ သိလွယ်ပါတယ်။ သည့်ပြင် လွယ်တဲ့ဟာကို ပြောမယ်။ အခုန သက်န်းဗျာ။ အဝတ်ဗျာ။ ခေါ်တော့ ဘယ့်နှယ်ခေါ်သလဲ။

ဖြေ။ ။လုံချည် အင်္ကျီလို့ ခေါ်ပါတယ်ဘုရား။

မေး။ ။သည်တော့ ကိုယ်မှာ ဖြူဖြူမြင်တော့ ဘာခေါ်သလဲ။

ဖြေ။ ။အင်္ကျီခေါ်ပါတယ်ဘုရား။

မေး။ ။ဘာအင်္ဂါလဲ။

ဖြေ။ ။ပိတ်ပါဘုရား။

မေး။ ။အဲသည်ဖြူဖြူကို မြင်တော့ ဘာခေါ်သလဲ။

ဖြေ။ ။အင်္ဂါဖြူလို့ ခေါ်ပါတယ်ဘုရား။

မေး။ ။ဝါဝါ မြင်တော့ကော။

ဖြေ။ ။အင်္ဂါဝါလို့ ခေါ်ပါတယ်ဘုရား။

မေး။ ။အဝတ်ကို မြင်နေရင်တော့ အဝတ်ပဲ မြင်နေတယ်။ ဒါကိုသေသေ ချာချာ ကြည့်လိုက်တော့ အမျှင်အမျှင်နှင့် ရက်ထားတာ မဟုတ်လား။ ကိုင်ကြည့်တော့ ဘယ့်နှယ်လဲ။

ဖြေ။ ။တစ်ဆက်တည်းပါ ဘုရား။

မေး။ ။အေး-တစ်ဆက်တည်းဗျ။ အဲဒါကို ကိုယ်တိုင်မြင်ပြီးလျှင် အမျှင်တွေပဲဆိုတာ သိပြီး အဲသည်တော့ ဒါတွေဟာ အမျှင်ကလေးတွေပဲလို့ ပြောဦးမလား။

ဖြေ။ ။မပြောရပါဘူးဘုရား။ သေသေချာချာကြည့်လျှင် မြင်နိုင်ပါတယ်ဘုရား။

မေး။ ။ထိုနည်းတူစွာပဲ သဲတွေဘာတွေစုပုံပြီး အလုပ်လုပ်ဖို့ ပုံထားတာ မြင်တယ် မဟုတ်လား။

ဖြေ။ ။မြင်ပါတယ်ဘုရား။

မေး။ ။အဲဒါ သွားကြည့်တော့ ဘယ့်နှယ်လဲ။

ဖြေ။ ။သဲကလေးတွေ တစ်လုံးစီပါဘုရား။

အေး-အဲသည်လို ပြောတာဗျ။ အဲဒါက ဘုရား ဟောတော်မူတာကို လျှောက်ပြောတာဗျ။ တို့သိတာ မဟုတ်ဘူး။ ဘုရား ဟောတော်မူတာက အမှန်တွေဗျ။ ဘုရားရှင် ဆုံးမတဲ့အတိုင်းနေရင် ဘယ့်နှယ်လဲ။ နေလျှင် အနိစ္စရော၊ ဒုက္ခရော၊ အနတ္တရော ဆားငန်တာကသိသလို ကိုယ်တိုင် သိပါလိမ့်မယ်။ အရှိတွေကို သိပါလိမ့်မယ်ဗျ။ ရှာရတာ မဟုတ်ပါဘူး။

လျှောက်။ ။ပညတ်က မရှိတာ၊ မရမတ်က ရှိတာပါ ဘုရား။

အေး-အဲသည်လိုတော့ ဒကာကြီးတို့ ပြောဘတ်ပါတယ်ဗျ။ ဒါကြောင့် ဘုရားဆုံးမတဲ့အဆုံးအမကိုသည်လိုထားပြီဆိုတော့ သည်လိုသိပြီးအပြနေတယ် ဆိုတာကို အပ္ပမာဒ ခေါ်တာဗျ။ သည်အပ္ပမာဒနှင့် သွားကြပြီဆိုမှပြင့်လိုချင်တဲ့ နိဗ္ဗာန်ကို စံဝင်ကြတယ်ဆိုတာ အသီးသီး နှစ်သက်ဖွယ်ဖြစ်တဲ့ ဗောဓိနှင့် နိဗ္ဗာန် စံဝင်ရတယ်။ အဲသည်လို အသီးသီးသော ဗောဓိနှင့် ပြီးချင်ကြတယ် ဆိုလျှင် ဘုရားဆုံးမတဲ့အတိုင်း အဆုံးအမကို မှတ်ထားပြီး ဣရိယာပုထ်လေးဖြာမှာ ဘယ်ဟာမှမပြတ်အောင်ထူထောင်ပြီး အားထုတ်ကြ၊ ကြိုးစားကြဗျား။

# အချိန်တိုင်းအချိန်တိုင်းယူကြ

"ဘာရယ် ညာရယ်ရွေးနေလို့ မဖြစ်ဘူးဗျာ့။ သံသရာတစ်လျှောက်လုံးအတွက် အေးချင်တယ်ဆိုလျှင် အခုန ထားဆိုတဲ့ နေရာကလေးမှာ ထားဗျာ့"

(အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရချင် ယူချင်လျှင် ချက်ချင်း ရက်မဆိုင်းဘဲ ကြိုးစားကြရန် ခေမာမိဖုရားကြီးကို ပမာဆောင်၍ ဝေဘူး ဆရာတော်ဘုရားကြီးသည် ၁၉၅၅-ခု မေလ ၁၇-ရက်နေ့ ညတွင် ရန်ကုန်တက္ကသိုလ် ဓမ္မာရုံ၌ ဟောကြားတော် မူခဲ့ပါသည်။)

ဝေဘူဆရာတော် အရှင်မြတ်သည် ပထမ ရှေးဦးစွာ ရှစ်ပါးသီလပေးပြီးနောက် အောက်ပါအတိုင်း တရားတော်ကို ချီးမြှင့်ပါသည်။

**တရားနာခံအဖြစ် ဦးလှက ဆောင်ရွက်ပါသည်။**

အဆုံးအမ ရသည့်အချိန်ကစပြီး တစ်ဆက်တည်းဆောင်ရွက်တာဘဲဗျ၊ ဘာတွေပြုရသလဲဆိုတော့ခန္ဓာဝန် အတွက်ကတော့ပြုရတာပဲဗျ။ သည့်ပြင်ဟာဒေတွလည်းရွက်ဆောင်ရတယ်။ အဲသည်လိုဟာတွေအသီးသီးဟာ ဘာဟာမှမပြတ်ရအောင်ဆောင်တာဗျ။ ဘုရားဆုံးမတော်မူတဲ့ အဆုံးအမတွေကိုသိတဲ့အသီးသီးတို့ဟာဒါတွေကို မချွတ်ယွင်းရအောင် ပြုရပါတယ်ဗျ။ ဒီလိုပြုပြီဆိုတော့ ဒါတွေနှင့်ပြည့်စုံမှသာသီလနှင့်ပြည့်စုံတာကိုးဗျ၊ ဒါတွေကိုမပြုဘူးဆိုမှဖြင့်သီလနှင့်မပြည့်

စုံဘူးတဲ့ဗျ။ အဘိသမာ စာရိကဝတ်နှင့် ချိတ်ယှင်းနေပြီ မပြည့်စုံလျှင် ဘယ်လို ပါလဲဆိုလျှင် တောင့်တတဲ့အထိုင်းဟာ မပြီးပေါင်တဲ့ဗျ။ ဒါကြောင့် ရှေးအရှင်ကောင်းတွေဟာ စိတ်နှလုံး အလိုတောင့်တတဲ့အတိုင်း ပြီးအောင် အကုန်လုံးကို ဟာပဲ ဘာမှ မလပ်ရအောင်ယခုလို ပြုရပါတယ်ဗျ။ ဒါတွေမပြုလျှင် မပြည့်စုံဘူး။ မပြည့်စုံလျှင် သီလနှင့် မပြည့်စုံဘူး၊ သီလကျိုးတယ်။ သီလပြောက်တယ်။ သီလကျားတယ်။ သီလကွာတယ်လို့ဆိုကြတယ်။ ဒါကြောင့် အဲဒါတွေနှင့်မပြည့်စုံလျှင် သီလနှင့်မပြည့်စုံဘူး။ သီလနှင့်မပြည့်စုံလျှင်မှန်းထားတဲ့ နှစ်သက်တဲ့ ဗောဓိအသီးသီးတို့ဟာ ဘယ်ဟာမှမပြီးဘူးတဲ့ဗျာ။ မဆိုက်လာဘူးတဲ့ဗျာ။

ဒါကြောင့် သည်အရှင်များတို့သည် စိတ်နှလုံးအလို တောင့်တတဲ့အတိုင်းဟာ မြင့်မြတ်တဲ့အချိန်အခါဘဝကို ရပြီးတော့ ဘုရားဆုံးမတဲ့ အဆုံးအမကိုလည်းရကြတော့၊ ဝီရိယထူထောင်ပြီး ငါတို့သည်ကားဆိုလျှင်တောင်းတရည်ရွယ်ချက်အသီးသီး ပြီးစီးအောင်ဆောင်မယ်လို့ အဲဒီလို-ဆန္ဒပြင်းပြတဲ့ အရှင်တွေဖြစ်တော့ ဒါတွေကိုဆောင်တာပဲ။ အဲဒီလို ဆောင်ရင်းထားဆိုတဲ့နေရာမှာ ထားတာဗျ။ ထားတော့ ဣရိယာပုထ်လေးဖြာမှာ တစ်ဆက်တည်းပါအောင် ပြုတာတဲ့ဗျ။ ဒီအရှင်တွေဟာ ပြုဖွယ်ကိစ္စ ရှိသမျှဘေ့ အကုန်လုံးကိုလည်း ပြုရတာပဲဗျ။ မပြုရင် ဘာတုန်းဆိုတော့ သီလနှင့်မပြည့်စုံဘူး။ ဒါကြောင့် ပြုရတာဗျ။ အခုပြုကြတဲ့ဟာက ဘယ်လိုလဲဆိုလျှင် ရှေးအရှင်တွေများမြင်လျှင် ဘယ်လောက်များ ရယ်ချင်လိမ့်မလဲလို့ဗျာ။ လုပ်ပုံတွေက ဘာမှ ဝီရိယမရှိဘူးဗျ။ ဒါဟာ တို့ကိုပြောတာပါဗျ။ ဒကာကြီးတွေ ဒကာမကြီးတွေကို မဆိုပေါင်ဗျာ။ ဒီပြင်အရှင်ကောင်းတွေကတော့ ဝီရိယကောင်းတယ်ဗျ။ တို့ပျင်းတာ ဖျင်းတာကိုပြောတာပါဗျ။ တို့တံမြက်စည်းလှည်းလျှင်လည်း ကောင်းကောင်းလှလှလှည်းတာမဟုတ်ဘူး။ အမှိုက်ကျုံးတာလည်း မကျုံးပေါင်ဗျာ။ ဘာမှ ကောင်းကောင်းမွန်မွန်လုပ်တာမရှိဘူး။ ရှေးအရှင်တွေပြုတာက ဘယ်လိုပြုသလဲဆိုလျှင်တော့ စေတီရင်ပြင်၊ ဗောဓိရင်ပြင်မှာ ယခုနလို ဝီရိယတွေနှင့်ထူထောင်ပြီး ဣရိယာပုထ်လေးဖြာမှာ ဘယ်လိုလဲဆိုတော့ စေတီရင်ပြင် ဗောဓိရင်ပြင်မှာ ဥပမာ နံနက်ဆွမ်းခံမသွားခင် ပြုသင့်ပြုထိုက်တဲ့ အားလုံးသော ပြုဖွယ်ကိစ္စတွေ၊ ဥပဇ္ဈာယ် ဆရာကိုပြုရမယ့် ပြုဖွယ်ဝတ္တရားတွေ၊ သေနာသနတွေကို အချိန်ပိုင်းအချိန်တိုင်းပြုရတယ်ဗျ။ ပြီးတော့မှ စေတီရင်ပြင် ဗောဓိရင်ပြင်မှာ ဘာတွေရှိသလဲဆိုလျှင် သဲတွေရှိတယ်။ အဲဒီသဲဟောင်းတွေကို ထမ်းပြီး ဖယ်လိုက်သေးတယ်။ ပြီးတော့မှ သဲအသစ်တွေကို ထမ်းသွင်းတာတဲ့ဗျ။ သွင်းပြီးပြီဆိုတော့မှ အညီအညွတ်ပြုတာဗျ။ ဘယ်လိုပါသလဲဆိုလျှင် ငွေပြားများကို ကြဲသည့်အသွင် ညီအောင်တဲ့ဗျ။ အဲသလိုဟာတွေ သွက်လက်ဖျတ်လတ်ပြီးတော့ ဘုရားရှင်ကိုတည်ပြီးတော့ အမြဲပြုတာတဲ့ဗျ။ အဲ့ဒီလိုပြုပြီးတော့ ဒါကလည်း ပြုလျက်

ပဲ။ ဟိုဟာက သီလဘက်၊ အခုန ဒကာကြီး ဒကာမကြီးများလို ထိုင်ပြီးတော့ ထားတော့ စိုက်စိုက်စူးစူးတည်နေတယ်။ အဲဒီလို တည်မှုကလေးဟာ ဘယ် အချိန်မှမပြတ်အောင် အဲ့ဒီလိုဖြစ်တာဗျ။

ရှေးအရှင်တွေ အကုန်လုံးတို့ဟာ ဆွမ်းခံသွားလည်း ဖြစ်တာပဲဗျ။ ဆွမ်းခံပြန်လည်း ပါတာပဲဗျ။ ဆွမ်းစားလည်းပဲ ဒါကတော့ မလွတ်ဘူးတဲ့ဗျ။ အဲ့ဒီလိုပြုကြသည်ဖြစ်သောကြောင့် ရှေးအရှင်တွေမှာ ဘယ်လိုများ ပြီးကြပါ သတုန်းဆိုတော့၊ တောင့်တချက်ဟာ တချို့အရှင်တွေမှာ ဆွမ်းစားကျောင်း၊ ဆွမ်းစားဇရပ်တွေဟာ အများကြီးရှိတယ်။ ဆွမ်းဘုန်းပေးတဲ့နေရာတွေပေါ့ ဗျာ။ အဲ့ဒီလို ဆွမ်းစားကျောင်း ဆွမ်းစားဇရပ်တွေမှာ မှန်းထားတဲ့အတိုင်း မပြီးစီးဘူး၊ ဆွမ်းစားကျောင်း ဆွမ်းစားဇရပ်ရယ်လို့ မရှိပါဘူးတဲ့ဗျာ။ အရှင်ကောင်းတွေဟာ ဆွမ်းစားရင်း နေရာကျတာဗျာ့။ ဘာကြောင့် နေရာ ကျသလဲဆိုလျှင် သူတို့မှာ အစဉ်အားဖြင့် အရိယာထူထောင်တယ်။ ထူထောင် တဲ့အခါမှာ ဆွမ်းစားတဲ့အချိန်မှာ ဆိုက်သင့်ဆိုက်ထိုက်တယ်ဆိုလျှင် ဆွမ်းစား နေလျှင်လည်းပဲ ချမ်းသာသုခတွေဟာ ဆိုက်လာတာပဲဗျာ။ ဘာကြောင့် ချမ်း သာသုခတွေဟာ အဲဒီလိုဆိုက်ပါသလဲဆိုလျှင် ဘုရားအဆုံးအမကို တစ်ဆက် တည်းပါအောင်ဟာ ယူဆောင်နေတော့ ဒီဆွမ်းစားတဲ့အချိန်မှာ ဆိုက်သင့်ဆိုက် ထိုက်တဲ့အဖြစ်ကို ဖြစ်တာဗျာ့။ ဒီအတိုင်းတိုင်းတော့ မဆိုက်ဘူးတဲ့ဗျ။

လျှောက်။ ။ဆွမ်းစားတုန်းမှ ဆိုက်သလားဘုရား။

အချိန်တိုင်းတဲ့ဗျ။ ဆွမ်းစားနေတုန်း ဆိုက်သင့် ဆိုက်ထိုက်တယ် ဆိုလျှင် ဆွမ်းစားပြီးမှဆိုက်မယ်လို့ အချိန်အခါကို ဆိုင်းငံ့မထားဘူးတဲ့ဗျ။ဒါ ဘာကြောင့်လဲဆိုလျှင် ရွက်ဆောင်တာက အချိန်တိုင်း အချိန်တိုင်း မပြတ်ဘဲ တစ်ဆက်တည်းဆောင်တာကိုဗျ။ ဥပမာ ဘယ်လိုတုန်းဆိုတော့၊ အခု ဒကာ ကြီးအိမ် သွားကြပါစို့ရဲ့။ ဒကာကြီးအိမ်က ဘယ်နားမလဲ။ ဘယ့်နှယ်သွားရ လဲ။ ကားစီးသွားရမလား။

ဖြေ။ ။ခြေလျင် သွားမှာပါဘုရား။

မေး။ ။ခြေလျင်သွားတော့ ဒကာကြီးက ဝီရိယနှင့် ဒီအတိုင်းတိုင်း ဘယ် တော့မှမပြတ်အောင် ထူထောင်ပြီးသွားလျှင် တစ်လှမ်းနှင့်တစ်လှမ်း တူပါ့မလား။

ဖြေ။ ။တစ်လှမ်းနှင့်တစ်လှမ်း မတူပါဘုရား။

အေး တစ်လှမ်းနဲ့တစ်လှမ်း မတူအောင် မြင့်မြတ်တိုးတက်တယ်ဗျ။ ဒီတော့ ဥပမာ နာရီဝက်လောက် သွားတယ်ဆိုလျှင် ဒီအချိန်မှာထားတော့ ဒီလောက်ရှိတယ်။ နာရီဝက်လောက်ကြာတော့ကို ဒီအချိန်လောက် ဘယ့်နှယ် တုန်းဗျ။ ဒီအချိန်မှာ ကိုယ်ထူထောင်လို့ ရိပ်မိပြီးသားကလေးတွေရှိတယ်။ ဒီလိုရိပ်မိပြီးသားတွေ ရှိသလောက်ပင် ကပါ့မလား။

ဖြေ။ ။နာရိဝက်လောက်ကြာတော့ အစတော့ဖြင့် တပည့်တော်က ထွက်လေဝင်လေတို့ကို နှာသီးဝနှင့် စိတ်စိုက်ပြီးတော့ သွားပါတယ်ဘုရား။ အစတော့ မသိတသိဖြစ်နေပါတယ်ဘုရား။ နောက် နာရိဝက်လောက်ကြာတော့ အတော်သိလာပါတယ်ဘုရား။ အဆင့်အတန်းမြင့်လာပါတယ်ဘုရား။

မေး။ ။အိမ်ရောက်တော့ ဒီထက် တိုးမနေဘူးလား။

ဖြေ။ ။တိုးလာပါတယ် ဘုရား။

မေး။ ။အေး အဲဒါဘာလဲဆိုလျှင် အိမ်ရောက်ပြီး မတိုးသေးဘူး။ ဘယ်အချိန်ကျမှ သူထိုင်မှာလဲ။ ဒီတော့မှ တိုးမယ်။ ဘာသိဘာသာလွှတ်လွှတ်လပ်လပ်နေမှာပဲ တိုးမလားလို့ဖြစ်သလား။

ဖြေ။ ။အခါမလင့် ပြီးစီးသင့်တဲ့အချိန်မှာ ပြီးစီးသွားမှာပါဘုရား။ အခုလည်း အဲဒီအရှင်တွေမှာ မပြတ်အောင် ထူထောင်နေတော့ ယခုနလို ဆိုက်သင့်ဆိုက်ထိုက်တဲ့အချိန်မှာ ဆွမ်းစားရင်း ကိုယ်ပဲဆိုက်တာပဲဗျ။ (တင်ပါ့ဘုရား။)

မေး။ ။တချို့ ဘယ်လိုတုန်းဆိုတော့ ဥတုသပ္ပါယ မမျှဘူး။ မမျှတော့ တစ်ခါတလေ ချေကြမ္ဘန်ကြ။ အဲဒီလိုချေရင်းတဲ့ဗျ။ ချေတာကော နားလည်သလား။

ဖြေ။ ။နားလည်ပါတယ်ဘုရား။ ဟပ်ချီးလို့ချေတာပါဘုရား။

အဲဒီလိုချေတဲ့အချိန်အခါမှာ အခုချေနေတုန်းဆိုပြီး မဆိုက်ဘဲ မနေဘူးဗျ။ ဒီလိုချေနေတုန်း အချိန်မှာပင်လျှင်လည်း ဆိုက်သင့်ဆိုက်ထိုက်တယ်ဆိုလျှင် ဆိုက်တာပဲဗျ။ အခုရှုက်ဆောင်နေကြတဲ့ ဒကာကြီးတွေဟာ မပြတ်အောင် ဆောင်နေတယ်ဆိုပေမယ့် တစ်ခါတစ်ခါ ဥတုသပ္ပါယ မမျှဘူးဆိုလျှင် ကိုယ်က လုပ်တာ မဟုတ်ဘူး။ အခုနလို ချေတဲ့အခါလည်း ချေတယ်မဟုတ်လား။

ဖြေ။ ။ချေပါတယ်ဘုရား။ ချေတဲ့အခါကျတော့ ထိသိ လွတ်သွားပါတယ်ဘုရား။

ဒကာကြီးများက လျှော့လျှော့လုပ်ထားလို့ ဖြစ်မှာပဲ။ လျှော့လျှော့ မလုပ်လျှင် ချေတဲ့အခါမှာ ချေလျှင်ပင်ပဲ ခုနလို သူ့ဟာနှင့်သူ ဖြစ်မှာပဲဗျ။

လျှောက်။ ။တပည့်တော်ဖြင့် ထမင်းစားတုန်းတော့ တော်တော်ကလေး ရသေးတယ်။ သို့သော်လည်း ငရုတ်သီးကိုက်မိတဲ့အခါ စပ်တာနှင့် ထိသိပြတ်သွားရောဘုရား။

မေး။ ။ဒကာကြီးဟာက ဒီလို ပြောကြပါစို့ရဲ့။ လုံအောင် မမိုးတဲ့အိမ်။ မိုးမရွာခင်တော့ မယိုဘူးမဟုတ်လား။

ဖြေ။ ။မိုးမရွာခင်တော့ လုံနေပါတယ်ဘုရား။

မေး။ ။မိုးရွာလျှင်ကော။

ဖြေ။ ။မိုးရွာလျှင် ယိုပါရောဘုရား။

မေး။ ။အေး၊ အခုန ငရုတ်သီးစားတော စပ်ပါတယ်ဆိုတော့ အိမ်လုံတာလား၊ မလုံတာလား။

ဖြေ။ ။မလုံလို့ပါဘုရား။

မေး။ ။မလုံလျှင် အဲဒါမိုးရုံပဲဗျ။ ဒကာကြီးက ထပ်မိုးရဲ့လား။

ဖြေ။ ။ထပ်ပြီးတော့ မမိုးရသေးပါဘုရား။

မေး။ ။အေးဗျ၊ ဒီနေရာက ဒီလိုယိုတယ်ဆိုလျှင် ဒီနေရာကိုမိုးဗျ။ ဒီနေရာကို အဟုတ်ဖာလိုက်လျှင် နောက် ဒီနေရာကမိုးမယိုဘူး မဟုတ်လား။

ဖြေ။ ။မယိုပါဘုရား။ ငရုတ်သီးစပ်တာကတော့ စိတ်ချသွားရပါပြီဘုရား။

မိုးဆိုတဲ့ဟာမျိုးက ဒီနေရာမှာဒီလိုဖြစ်တတ်တယ်ဆိုလျှင် နောက်တစ်ခါ မဖြစ်အောင် ဒီလိုစီရိယထူထောင်လိုက်လျှင် ဒီနေရာက နောက်တစ်ခါဖြစ်မယ် မဟုတ်ဘူး။ နောက်သည်လိုပဲ ယိုတဲ့ဟာရှိသေးတယ်ဆိုလျှင် သိမှာပဲ။ အဲ့ဒါ မယိုအောင်လုပ်ဗျ။ ရှေးအရှင်တွေဟာ ဒီလို ထူထောင်တာဗျ။ ဆွမ်းခံသွားတဲ့ အခါမှာ ထူတောင်ကာစဆိုတော့ တစ်ခါတလေထိုင်ပြီးတော့ ထားတော့ စူးစူးစိုက်စိုက်နေတယ်။ အဲဒီအခါတိုင်း ပါအောင် ထူထောင်သွားတဲ့အခါ တစ်ခါတလေကျတော့ တစ်လှမ်းတစ်လှမ်းမှာ ထားတဲ့နေရာ မနေပဲ လပ်နေ တယ်။ အဲဒီလို လပ်နေတော့ ဒီအရှင်တွေဟာသိတယ်။ သိတော့ နေအောင် ထားပြီးမှ လှမ်းတယ်။ အခု ဒီနေရာမှာ မနေဘဲနှင့် ခြေလှမ်းတစ်လှမ်း လပ်နေ ပါပကောဆိုပြီး ဒီနေရာမှာ တစ်ခါတည်းနေအောင် ထားထားတာတဲ့ဗျ။ နေပြီဆိုတော့မှရှေ့ကိုဆက်လက်လှမ်းတာတဲ့ဗျ။ အခုနလိုလပ်နေလျှင်ရှေ့ဆက် မလှမ်းဘဲ လပ်နေတဲ့ခြေလှမ်းကို နောက်ပြန်ဆုတ်ပြီးနေပြီဆိုမှ တဆက်တည်း ရှေ့ကိုဆက်လှမ်းတာတဲ့ဗျ၊ ဘာဖြစ်လို့လဲဆိုရင် ဒီတစ်ခါမနေတဲ့ဟာကို ရှေ့ ဆက်ပြီးတော့ မမေ့အောင်ဗျ။ ဒီအတိုင်းတိုင်းသွားမယ်ဆိုလျှင် နောက်ကို အကျင့်ဖြစ်နေမှာဗျ။ သည်အကျင့်ဟာ ကောင်းတဲ့အကျင့် မဟုတ်ဘူး။ လျှော့ တဲ့ပေါ့တဲ့အကျင့်ဗျ။ ဒါကြောင့် သည်အကျင့် ပါမှာစိုးလေတော့ မပါအောင် လို့ဗျ။ ရှေ့ဆွမ်းခံသွားမယ်ဆိုလျှင် နည်းနည်းလေးမှ မတွေ့ဝေအောင်လို့ တွေ့ဝေပြီးသွားမိတာကို နည်းနည်းကလေးမှ မပါစေချင်ဘူးတဲ့ဗျ။

မေး။ ။ဒါကြောင့်မို့ အခုနလို မေ့လှမ်းလိုက်တော့ သိတယ်ဆိုတော့ကို ဒီနေရာတွင်လည်း မမေ့အောင် ပြုလိုက်တာပဲ။ သည်တော့ ထားဆိုတဲ့နေရာမှာ နေတာပေါ့ဗျာ။ အဲဒီလို နေပြီဆိုတော့မှ ဒီအတိုင်းတိုင်း တစ်ဆက်တည်း ပါအောင် လှမ်းသွားတာဗျ။ ဒီတော့ ဒီနေရာမှာ မေ့တတ်တဲ့ဟာ နောက် မေ့ပါဦးမလား။

မေး။ ။နောက်မမေ့ပါဘူးဘုရား။

## ထမင်း ချက်ရင်း

အေးဗျ၊ ရှေးက သူတော်ကောင်းများက အဲဒီလိုရှက်ဆောင်သွားတာဗျ။ ဒီလိုချည်းပဲ ရှက်ဆောင်သွားတော့ အချိန်တစ်ခုနှင့်တစ်ခု မတူအောင် သိလသမာဓိ၊ ပညာတို့ဟာ တိုးတက်ပြီးတော့ ဆွမ်းစား အချိန်မှာပင်လျှင်ပဲ အဲဒီ ဆွမ်းစားအချိန်မှာ ဆိုက်သင့်ဆိုက်ထိုက် အချိန်ဖြစ်တော့ ဆွမ်းစားရင်း အဲဒီမှာ ချမ်းသာသုခ ဆိုက်လာတာပဲဗျ။ တချို့ သပိတ်ထားရင်း၊ တချို့ သင်္ကန်း ဝတ်ရင်း၊ ရုံရင်းဗျ။ အဲသည်လိုဟာတွေအများကြီးဗျ။ တချို့ ဒကာမကြီးတွေဆိုလျှင် ဟင်းချက်ရင်း ထမင်းချက်ရင်းဆို။ အဲဒါဘာကြောင့်လဲ ဆိုလျှင် မပြတ်အောင် ထားလို့ဗျ။ အခုတော့ သူတို့မှာ တစ်ခါတစ်ခါ ကျလျှင် လုပ်မှာဗျ။ ဘယ်လိုလဲဆိုတော့ အခုအချိန်မှာ ချက်ရပြုတ်ရဦးမည်။ ဒီအချိန်မှာ မဖြစ်သေးဘူး။ ဘာလုပ်ရဦးမယ်ဆိုပြီးနေတာဗျ။ အခုနလို ဆောင်လျှင် မဖြစ်ဘူးလားဗျ။ (ဖြစ်ပါတယ် ဘုရား။)

အေး၊ ဖြစ်လျက်နှင့် ဒီအတိုင်းတိုင်း နေကြတာဗျ။ ရှေးက အမှုင်တော့ ကျတော့ ဒီလိုမဟုတ်ဘူး။ နားတာ မဟုတ်ဘူး။ တစ်ဆက်တည်း ရှက်ဆောင်တာဗျ။ ဒါကြောင့်မို့ သူတို့မှာ ထမင်းချက်ရင်း ဟင်းချက်ရင်းဖြစ်တာဗျ။ နေရာကျတာဗျ။ ဒါကြောင့် အခုနအရှင်တွေကတော့ သည်လိုပါတဲ့ဗျ။ သည်လို ဆောင်ကြတာဗျ။ တကယ်လို့ ထိန်မိဒ္ဓ လာမယ်ဆိုလျှင် သည်အတိုင်းတိုင်း နေလျှင် သူက ဝင်ချင်ဝင်လာမှာဗျ။ထိုင်ရင်းလည်း အိပ်လို့ရပါတယ်။အေး၊ ဒါကြောင့် အခုနလိုထားပြီးနေမယ်ဆိုလျှင်အိပ်ချင်လာဦးမလား။ထမင်းချက်ရင်း အိပ်ပျော်ဖူးသလားဗျ။

ဖြေ။ ။အိပ်မပျော်ဘူးပါဘူး ဘုရား။ ထမင်းချက်ရင်း အိပ်ပျော်သွားလျှင် လက်မီးလောင်မှာပါ ဘုရား။

မေး။ ။အေး၊ ဒါဖြင့် နေရာကျတာပေါ့ဗျ။ ဣရိယာပုထ်က ထိန်မိဒ္ဓ လာနိုင်တဲ့ ဣရိယာပုထ်မဟုတ်ဘူး။ သည်တော့ ငါ့တော်ယုံ့များ ထိန်မိဒ္ဓ လာလျှင် အိပ်ပျော်သွားဦးမလားလို့ စိုးရိမ်ရဦးမလား။

ဖြေ။ ။မစိုးရိမ်ရပါဘူး ဘုရား။

မေး။ ။အေး၊ သည်တော့ ထမင်းလည်းချက်၊ ဟိုဟာလည်း လုပ်ဆိုတော့ မအိပ်ချင်တော့ဘူး ထင်ပါရဲ့။
ဖြေ။ ။မအိပ်ချင်တော့ပါဘူး ဘုရား။
မေး။ ။အေး အေး၊ နေရာကျလိုက်တာ။ အဲတာပေါ့ဗျ။
ဖြေ။ ။လွယ်ပါတယ် ဘုရား။
မေး။ ။ဒါဖြင့် ဒကာကြီးက ဒီလို တစ်ဆက်တည်း ပါအောင် လုပ်ရဲ့လား။
ဖြေ။ ။မပါသေးပါဘူး ဘုရား။ အိပ်ပျော်သွားတဲ့အခါ လွတ်နေပါတယ် ဘုရား။
မေး။ ။အိပ်ပျော်တာကဝီရိယကောင်းလို့လား၊ ဝီရိယ မကောင်းလို့လား။
ဖြေ။ ။ဝီရိယ မကောင်းလို့ အိပ်ပျော်သွားတာပါ ဘုရား။
မေး။ ။ဝီရိယ ကောင်းလို့လား။ ဝီရိယ ရှိလျက်နှင့် ဒကာကြီး မသုံးလို့လား။
ဖြေ။ ။တပည့်တော်က မသုံးလို့ပါဘုရား။
မေး။ ။သည်လိုပြောလျှင်တော့ ဟုတ်ပြီ။ နို့မဟုတ်လျှင် ဝီရိယက ခံချင်မှာ မဟုတ်ဘူး။ သူမခိုင်းလို့ပါဗျ။ လုပ်မှာဗျ။

အခုလည်းပဲ အားလုံးတို့ဟာ ဒီပြင်ဟာကတော့လို လှမယ်မဟုတ်ဘူး။ သူတို့မှာ မှတ်ထားလိုက်တာတွေကလည်း အများကြီး။ အကုန်လုံးနားလည်ပြီးသား၊ တွေ့ချည်းပဲ။ အဲဒါတွေကတော့ပြောဖို့ဆိုဖို့ မလိုဘူးဗျ။ ဘာကြောင့်လဲ ဆိုလျှင် သုတ်က ဘယ်သင်း၊ အဘိဓမ္မာက ဘယ်သင်း၊ ဝိနည်းက ဘယ်သင်း၊ ခန္ဓာ အာယတနဓာတ်၊ ပရမတ် သစ္စာ။ ဒါတွေ လျှောက်ပြောနေလျှင် သူတို့က တတ်ပြီးသား၊ နားလည်ပြီးသားတွေပါဗျာ။ ဒါပေမယ့် ဒါတွေ အကုန်ဟုတ်ဘူးဗျ။ ဒါတွေထဲက ကိုယ်နှစ်သက်တာ တစ်ခုခုဗျ။ အဲသည် ကိုယ်နှစ်သက်ရာ တစ်ခုခုကို အဟုတ်သာ ဝီရိယ ထူထောင်ကြဗျ။ ဝီရိယထူထောင်ကြပြီဆိုလျှင် ဘယ်ဟာက စလုပ်ရလဲဆိုလျှင် ရှေး အရှင်တွေကသည်လိုဆောင်ကြတာ။ တို့လည်းပဲ ထပ်တူတပ်မျှ သည်လိုဆောင်မယ်။ တို့လည်းပဲ ဝီရိယ ရှိတယ်။ ဘုရားအဆုံးအမတွေလဲ ရပြီးသား။ သည်တော့ သည်လို အဆုံးအမခံတည်ပြီးသား ဖြစ်တော့ ချမ်းသာသုခတွေ ထပ်တူညီမျှ ရလို့တဲ့ ဆန္ဒတွေ ဖြစ်ပေါ်ပေါ်ပေါ်လာ။ ဖြစ်ပေါ်ပေါ်ပေါ်လာလျှင် ဝီရိယ ထက်ကြပ်ပါလာ။ ဝီရိယ ထက်ကြပ်ပါလာလျှင် အဲသည်လိုဟာတွေ ဆောင်တော့မှာပဲ။ ဆောင်တဲ့ နေရာမှာလည်း ရှေးအရှင်တွေ ဘယ်လို ဆောင်တယ်။ ဘယ်လို ဖြစ်တယ်ဆိုတာလဲ သိနေပြီ။ ရှေးအရှင်တွေ သည်လိုဆောင်လို့ သည်လိုရတာ။ တို့လည်းသည်လို ဆောင်မယ်။ ဆိုတဲ့ ဆန္ဒတွေ ပေါ်လာမှာဗျ။ ဟုတ်ကဲ့လား။
ဖြေ။ ။ဆန္ဒတွေ ပေါ်လာပါတယ် ဘုရား။
မေး။ ။အဲသည်ဆန္ဒကိုရော မွေးထားရဲ့လား။

ဖြေ။ ။မွေးထားပါတယ်ဘုရား။

မေး။ ။တောက်လျှောက်မွေးရဲ့လား။

ဖြေ။ ။တောက်လျှောက်တော့ မမွေးနိုင်သေးပါဘူးဘုရား။

မေး။ ဘာဖြစ်လို့လဲ။

ဖြေ။ ။ဣဋ္ဌာရုံနှင့်တွေ့တော့ စိတ်က ကာမတရားတွေနှင့် ဆက်စပ်နေတော့ ဟိုဘက်လိုက်သွားပါတယ်ဘုရား။ အဲသည်အခါမှာ မေ့သွားပါတယ် ဘုရား။

မေး။ ။ဒကာကြီး ရုပ်ထားဆိုတဲ့နေရာမှာထားတော့ ဘာပေါ်မှာ ထားရသလဲဆိုလျှင် ထားဆိုတဲ့နေရာကလေးဟာ ရုပ်ပေါ် နာမ်ပေါ်မှာ ထားတာမဟုတ်လား။

ဖြေ။ ။ရုပ်ပေါ် နာမ်ပေါ်မှာ ထားပါတယ်ဘုရား။ နာသီးဝဲဆိုတာလည်း အများသိအောင်သာ ပြောတာပါဘုရား။ ရုပ် ၂၈ ထဲမှာ ကာယပသာဒရုပ်နှင့် ဖောဋ္ဌဗ္ဗဓာတ်နှင့် ထိတဲ့အခါမှာ သိဆိုတဲ့ နာမ်တရားကလေးဟာ ထိထိချင်း သိတယ်။ အဲသည်လို သိပျက် သိပျက် ဆိုတာကလေးကို အာရုံစိုက်ရင်း နေပါတယ်ဘုရား။

မေး။ ။အဲသည်လိုဆိုတော့ အခုန ထားဆိုတဲ့ နေရာကလေးမှာ ထားလို့ နေတယ်ဆိုလျှင် ရုပ်နာမ်နှစ်ခုဟာ ဖြစ်ပြီးတော့ တပျက်တည်း ပျက်နေတာကို တသိတည်း သိမနေဘူးလား။

ဖြေ။ ။တစ်ဆက်တည်းသိနေပါတယ်ဘုရား။

မေး။ ။သိနေလျှင် ဘယ့်နှယ်လဲဗျ။ အကုန်လုံးဟာ ရုပ်နှင့်နာမ်အပြင် ရှိသေးသလား။

ဖြေ။ ။ရုပ်နာမ်အပြင် တစ်လောကလုံး ဘာမှ မရှိပါဘူးဘုရား။

မေး။ ။သည်တော့ ဖြစ်ပြီးတော့ ပျက်နေတယ်ဆိုတာကို ဆိုပြီးတော့ မြင်နေတဲ့အခါကျတော့ကော ဘယ်နှယ်လဲ။ အခုလိုဖြစ်ပျက်နေတဲ့ဟာကို နှစ်သက်ပါရဲ့လား။

ဖြေ။ ။ဖြစ်ပျက်နေတဲ့ ဟာတွေဟာ အနိစ္စမှန်း အစဉ်သိနေလျှင် မနှစ်သက်ပါဘုရား။

မေး။ ။သည်လိုထားတော့ ထားတယ်မဟုတ်လား။

ဖြေ။ ။ထားတော့ထားပါတယ်ဘုရား၊ အနိစ္စမှန်းလည်းသိကာ။ ဒါကို နိစ္စ ထင်ပြီး နှစ်သက်နေတာပါဘုရား။ အနိစ္စလွှတ်သွားတဲ့ အခါမှာ နိစ္စဟာ အင်မတန်ကောင်းတယ်လို့ဆိုပြီး အာရုံကို စုံမက်တဲ့အခါမှာ သမုဒယဖြစ်ပြီးတော့ ဆင်းရဲဒုက္ခ ပြန်ဖြစ်ပြန်ပါရောဘုရား။

မေး။ ။အဲဒါကတော့ ဒကာကြီးရယ်။ သူတို့ဟာ သည်နေရာကလေးမှာ သိတဲ့အချိန် ထားတဲ့အချိန်မှာ မဟုတ်ပါဘူး။ မထားတဲ့အချိန်မှာ ဖြစ်တာပါဗျ။

ဖြေ။ ။တင်ပါ့ဘုရား။ မထားတဲ့အချိန်မှာပါဘုရား။ ထားတဲ့အချိန်မှာတော့ အနိစ္စလက္ခဏာကိုမြင်လေတော့ နှစ်သက်ခြင်း တပ်မက်ခြင်း၊ လိုချင်ခြင်းတို့ ကင်းပါတယ်ဘုရား။

မေး။ ။သည်တော့ အခုမလိုချင်တာ၊ မနှစ်သက်တာဟာ တော်တော်ကလေးကြာတော့ ဘယ့်နှယ်လဲ။

ဖြေ။ ။သည်လို အနိစ္စဉာဏ် ရင့်သန်လာလျှင် အနိစ္စဉာဏ်လည်း ပေါ်လာပါလိမ့်မယ်ဘုရား။

မေး။ ။သည်တော့ ဘယ်နှယ်လဲ ဒါတွေကို နှစ်သက်ပါဦးမလား။ လိုချင်ပါဦးမလား။

ဖြေ။ ။မလိုချင်ပါဘူးဘုရား။ အနိစ္စလက္ခဏာကို အစဉ်အတိုင်း တဆက်တည်း သိနေခဲ့လို့ရှိလျှင် အနိစ္စဖြစ်နေတာ ဒုက္ခပဲလို့ ဆိုပြီး ဒုက္ခသစ္စာကို တစ်ခါတည်း သိနေပါတယ်ဘုရား။ တပည့်တော်တို့ ရုပ်နာမ်ကို မသိလို့ ဆိုတာကတော့ သမုတိနယ်က ဒုက္ခပါဘုရား။ အမြဲတစေ ဖြစ်နေတဲ့ အနိစ္စကို အာရုံစိုက်နေတဲ့အခါမှာ ဒုက္ခသစ္စာကို ထင်မြင်ပြီးသား ဖြစ်နေပါတယ်ဘုရား။

မေး။ ။သည်လိုဖြစ်နေတဲ့ အခါကျတော့ အခုဟာတွေ လာဦးမလား။

ဖြေ။ ။မလာပါဘူး ဘုရား။

မေး။ ။ဒါဖြင့် အခုနလို သူ့အတိုင်းတိုင်း ထူထောင်သွားမယ်ဆိုလို့ရှိလျှင် မိုးလုံတော့ မိုးမယိုဘူးဗျ။ လွယ်သိုက်တာဗျာ။ ခက်သလားဗျာ။

ဖြေ။ ။မခက်ပါဘူးဘုရား။

မေး။ ။အဲဒါကြောင့်မို့ ရှေးအရှင်တွေဟာ ဘုရားအဆုံးအမကို ရကြပြီဆိုတော့ ရသည့်အချိန်ကစပြီး တို့တော့ စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း ပြီးအောင်ဆိုပြီး သည်အတိုင်းတိုင်း မပြတ်ဘဲဆောင်တာဗျ။ အဲသည်လို ဆောင်တဲ့အခါမှာ ဆောင်သည့်အလျောက် ဝီရိယရှိတော့ ဝီရိယဣန္ဒြေပါဒ်တွေ ပေါ်ပေါက်လာပြီး မြင့်မြတ် တိုးတက်လာတော့ အဲသည်အခါမှာ ပျော်ကြရွှင်ကြနှင့် အားမရ မရောင့်ရဲနိုင်ကြနှင့် အဲသည်လို ဖြစ်တာပဲဗျ။

အဲဒါ ဘုရားရှေ့လက်ထက်တော်ကသာ သူတော်ကောင်းတွေ သည်လိုဖြစ်တာ မဟုတ်ပါဘူး။ အခုလည်း သူတော်ကောင်း အစားစားတို့ဟာ သည်လို

ဝီရိယထူထောင်ကြမယ်ဆိုလျှင် အဲသည်လိုပဲ ဖြစ်ပါလိမ့်မယ်ဗျ။ ဘယ်လို ဖြစ်မှာတုန်း ဆိုတော့ အခုနဟာတွေလိုပေါ့လေ။ မြင်ရပြီ သိပြီ ဆိုတော့ ဥပမာ ဒကာကြီးများကို အထုပ်ကြီး တစ်ခု၊ အဝတ် လှလှကလေးနှင့် ထုပ်ပြီး လမ်းမှာ ချထားတယ်။ သည်အထုပ်ကြီးက အတွင်းမှာတော့ မစင်တွေ ထည့်ထားတယ်ဗျ။ အဲဒါကြီးကို မြင်တော့ ဒကာကြီး ကောက်မှာလား။

ဖြေ။ ။အထုပ်ကြီးက မျက်စိအမြင်မှာ အင်မတန်လှနေလျှင်တော့ကောက်မှာပဲ ဘုရား။

မေး။ ။ကောက်မိတော့ သည်အတိုင်း ထားမှာလား။ အတွင်းက ဘာရှိသလဲလို့ ဆိုပြီး ဖွင့်ကြည့်မှာလား။

ဖြေ။ ။ဖွင့်ကြည့်မှာပါ ဘုရား။

မေး။ ။အေး၊ အထဲက ရွှေတွေ စိန်တွေလား ဆိုပြီး ဖွင့်ကြည့်တော့ အတွင်းက မစင်ပုပ်တွေကို တွေ့ရော၊ တွေ့တော့ ဘယ့်နှယ်လဲ။

ဖြေ။ ။လွှင့်ပစ်ချင်ပါတယ် ဘုရား။

မေး။ ။အခုန လှလှကလေးကို တွေ့တုန်းကလို ပြုံးချင်သေးသလား။

ဖြေ။ ။မပြုံးနိုင်ပါဘူး ဘုရား။

မေး။ ။သည်တော့ ဒါကြီးကို ယူထားမှာလား။

ဖြေ။ ။မယူထားပါဘူး ဘုရား။ တစ်ခါတည်းကိုလွှင့်ပစ်လိုက်မှာပါဘုရား။

မေး။ ။အဲသည်ဟာကို ယူမိတာ သူများကို ပြောဦးမှာလား။

ဖြေ။ ။မပြောပါဘူးဘုရား။ သူများ မမြင်အောင် ကသီလင်တ ပစ်လိုက်မှာပါ ဘုရား။

မေး။ ။အဲဒါနှမြောလျက်နှင့် ပစ်မှာလား။

ဖြေ။ ။မနှမြောပါဘူး ဘုရား။ အင်မတန် ရွံရှာပြီး ပစ်ချင်လို့ ပစ်လိုက်တာပါ ဘုရား။

မေး။ ။ဘယ်သူက ပြောရဦးမလဲ။ ဒါမကောင်းဘူး ပစ်လိုက်လို့ သူများက ပြောရဦးမလား။

ဖြေ။ ။အပြော မစောင့်တော့ဘဲ ချက်ချင်း ပစ်လိုက်မှာပါ ဘုရား။

## မဟာကရုဏာတော်

မေး။ ။အခုနတော့ နှစ်သက်ဖွယ်လှလှကလေးလို့ ဒကာကြီး ပြောတယ် မဟုတ်လား။ အဲ ဒကာကြီးက ဖြေမကြည့်လို့ထင်ပါရဲ့။

ဖြေ။ ။ဖြေမကြည့်လို့ပါ ဘုရား။ တပည့်တော်ကို ပညတ် အမြင်မှာ အင်မတန် သဘောကျနေလို့ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာကို မမြင်သည့်အတွက် မျက်စိလှည့်စားတာကို ခံနေရပါတယ် ဘုရား။

ရှေးအရှင်တွေကတော့ ဒီလိုချည်းပဲဗျ။ ဘုရားပွင့်တော်မူတဲ့အခါ ကျပြီ ဆိုတော့ ဘုရားထံမှောက်သို့ များစွာသော လူနတ်ဗြဟ္မာတို့ ရောက်ကြတယ်။ ရောက်ကြတဲ့အခါကျတော့ အတုအတူမရှိပါတဲ့ မဟာ ကရုဏာတော် အရှင် သခင်ကိုယ်တော်တိုင် ထိုးသွင်းပြီး သိပါတဲ့အတိုင်း သိစေတော်မူတယ်။ သိစေ တော်မူတဲ့အခါမှာ ဘုရားအဆုံးအမကို မှတ်သားပြီးတော့ ဒါကတော့ လိုချင် လွန်းလို့တော့ အပြီးနာကြတာကိုဗျ။ အဲဒီလို မှတ်သားပြီးပြီဆိုတော့ မချတဲ့ ဝီရိယနှင့် တစ်ဆက်တည်းကြီးပါအောင် ဣရိယာပုထ် လေးဖြာမှာ ဒီလိုဆောင် ကြတာပဲဗျ။ အဲဒီလိုဆောင်တဲ့အခါကျတော့ ဒါတွေက ဘယ်လိုလဲ ဆိုတော့ အမှန်တွေ မြင်ပြီးတော့ အမှန်တွေ သိကြတာတဲ့ဗျ။ သိတဲ့အခါ ကျပြီဆိုတော့ အခုနလို မစင်ပုပ်တွေကို မြင်ရသလောက် က,ပါ့မလား။

ဖြေ။ ။မစင်ဘင်ပုပ်ကို ရတာထက် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ကို မြင်တဲ့ ရှေး အရှင်ကောင်းများကသာ ပြီးတော့ စွန့်ပယ်ချင်ပါတယ် ဘုရား။

မေး။ ။ဒါကို ဒကာကြီးက သာသာလေး ယူထားမလား။

ဖြေ။ ။ယူမထားပါဘူးဘုရား။ ချက်ချင်း ပယ်လိုက်မှာပါ ဘုရား။

မေး။ ။အဲ့ဗျာ သိသည်နှင့်တစ်ပြိုင်နက် ဘယ့်နှယ်လုပ်မလဲ။

ဖြေ။ ။သိသည်နှင့် တစ်ပြိုင်တည်း ပယ်မှာပါ ဘုရား။

အခုလည်းပဲ ဘုရားဆုံးမတဲ့အဆုံးအမတွေကို လိုက်နာ၊ လိုက်နာပြီ ဆိုမှ ဖြင့် မြင်မယ်။ မြင်ပြီဆိုမှဖြင့် သိမယ်။ သိလျှင် အဲဒီလိုဖြစ်တာပဲဗျ။ ဒါကြောင့် ဘုရားရှေ့လက်ထက်တော်က အရှင်မြတ်တွေဟာ ရှင်ဘုရင်တွေ၊ သူဌေးတွေ အစားစားတွေဟာ ဒီလိုပါပဲဗျ။ ဘုရားဆုံးမတဲ့အဘိုင်း မှတ်ပြီးတော့လိုက်နာ လိုက်နာတဲ့အခါကျတော့ ဒီလိုဟာတွေနှင့် နေသေးရဲ့လား။

ဖြေ။ ။မနေတော့ပါဘူး ဘုရား။

မေး။ ။အေး၊ ဘုရားရှေ့လက်ထက်တော်က ပညာ အရာမှာ ဧတဒဂ် ရတဲ့ သူဌေးမကြီးဟာ ဘယ်သူလဲဗျ။

ဖြေ။ ။ဓမ္မဒိန္နလား ဘုရား။

## ခေမာအရှင်မ

မဟုဘ်ဘူးဗျ၊ခေမာရှင်ဘုရင်မကြီးဗျ။သူ့မှာက ပါရမီ ရှိပြီးသားဗျ။ ဘုရားရှင်ကြွလာတော်မူတော့သူကပါရမီရှိပြီးသားဖြစ်တော့ဘုရားရှင်ကဘယ် လိုဆုံးမတော်မူတယ်။ဘယ်ကဲ့သို့ ဆိုတာကတော့ သူများပြောလို့ သိထားတာ ကိုးဗျ။ဒီတော့ သူကဒေတ်သလိုဟောတာလေးကိုတောင်ဘုရားရှင်ကကဲ့ရဲ့တော်

မူတယ်။ ငါ့ဆိုလျှင်ဖြင့် ပိုပြီး ကဲ့ရဲ့တော်မူမှာပဲလို့ စိတ်က ထင်နေတာကိုးဗျ။ ဒီတော့ သူက ဘုရားထံမှောက်သို့ မသွားဘူးတဲ့။ သူမသွားတာက ဒါကြောင့် မသွားတာဗျ။ သူက အလှူဆုံးမို့လို့ဗျ။ နောက်ကျတော့မှ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးဟာ သူလို ထပ်တူညီမျှ ဖြစ်စေချင်တာကိုးဗျ။ သို့သော်လည်း ဘုရားရှင်ထံကို သွားဖို့အကြောင်း ဟိုလိုခိုင်းလို့ နင်သွားဟဲ့ မသွားဘူးလား ဆိုလျှင်ကော ဖြစ်တော့ဖြစ်မှာပဲ့ သို့သော်လည်းပဲ ဒီလိုဆိုလျှင် ရှင်ဘုရင်မကြီး ကို ဒီလိုပြောမယ်ဆိုလျှင် ခပ်ရိုင်းရိုင်းဖြစ်မှာစိုးလို့ သွားချင်အောင် လုပ်ရ သတဲ့ဗျ။ ဘယ်လိုလဲဆိုလျှင် ဥယျာဉ်တော်များ သာယာပုံကို ကဗျာဖွဲ့တတ်တဲ့ လူတွေကိုခိုင်းတယ်။ ကဗျာကလည်း သွားချင်စိတ်တွေ ပေါ်လာအောင်ဖွဲ့ပြီး တော့ အဲဒါတွေကို နန်းတွင်းနန်းပြင်မှာ သီကုံးစေတယ်။

အဲဒီလို သီကုံးနေတာကိုကြားတော့ သူက အဟုတ်သွားချင်တာဗျ။ အရင်တုန်းကတော့ ရောက်နေကြပါပဲ့။ အခု ဘုရားရှင် သီတင်းသုံးတော်မူ နေလို့ မသွားတာဗျ။ ဒီတော့မှ ဘုရင်ကြီးကို သံတော်ဦးတင်တာဗျ။ ဒီလို သံတော်ဦးတင်တော့ ရှင်ဘုရင်က သဘောကျတာပေါ့ဗျ။ သူကတော့ သွား စေချင်တာကိုဗျ။ အဲဒီကိုသွားလျှင် နေရာကျမှာကို သိလို့ဗျ။ အေးအေး သွားဆိုပြီးတော့ သွားစေချင်တယ်ဗျ။ နောက်ကျမှ အမတ်တွေကို မှာလိုက် တယ်။ ဟဲ့နင်တို့ ရှင်ဘုရင်မကြီးဟာ ဘုရားထံမှောက်သို့ ရောက်ပါစေ။ တကယ်လို့ မရောက်ဘဲနှင့် ဥယျာဉ်တော်ကတွင် လှည့်ပြန်လာလျှင် အာဏာ ဟဲ့လို့ မှာလိုက်တာဗျ။ ဒီကျတော့မှ မှူးမတ်တွေက မှန်လှပါ အရှင်မကြီး ဘုရား။ ဘုရင်မင်းမြတ်က အမိန့်တော်မှတ်လိုက်ပါတယ်။ ဘုရားရှင်ထံမှောက် သို့ ရောက်ရပါမယ်။ မရောက်လျှင် အာဏာပါလို့ သံတော်ဦးတင်တော့မှ သွားတယ်ဗျ။ သွားတော့ သူနှင့်တည့်အောင် သူ့ရားရှင်က ပြထားတယ်မဟုတ် လား။ ဒီကျတော့မှ ဘုရားရှင်က ချစ်သမီးရယ်ဆိုပြီး အမှန်ကိုသိအောင် အခုနရုပ်နာမ်ပေါ်ကို ရှုစေတာ မဟုတ်လား။ အစတော့ ဒီလိုလုပ်တာ၊ တော်တော်ကြာ ဒီလိုဖြစ်တာပဲမဟုတ်လား။

အဲသည်တော့ အခုနဟာတွေကို သေသေချာချာမြင်သိတဲ့အခါကျတော့ အထမြောက် ပြီးစီးသွားတာဗျ၊ ခဏလေးရယ်ဗျ၊ ဒီကျတော့မှ ဒီလိုဖြင့် မဖြစ်ဘူးဆိုပြီး အရင်တုန်းကလို မဟုတ်တော့ဘူးဗျ၊ သည်လို မြင့်မြတ်တဲ့ အဖြစ်ကို ဖြစ်ကြပြီဆိုမှဖြင့် ယုတ်ညံ့တဲ့အသွင်က ခံနိုင်ဟာ မဟုတ်တော့ဘူးဗျ၊ ယုတ်ညံ့တဲ့ အသွင်အပြင်ဆိုတာ အခုန သူ့ရဲ့အသွင်အပြင်ပေါ့ဗျ၊ ဒီလို အမြင့် အမြတ်တွေကို ဆိုက်လာတော့ မခံနိုင်ဘူး။ ဒီတော့ ဘယ်နှယ်ပြုရမယ့်၊ မြင့် မြတ်တဲ့ အသွင်အပြင်နှင့်မှသာ တည်နိုင်တာဗျ၊ ဒါကြောင့် ယင်းမွန်နန်းမွကို စွန့်ပြီး ဘုရင်မင်းမြတ်ထံ တောင်းပန်တာဗျ၊ ဘုရားကျွန်မသည် အရှင်မင်း

ကြီး ခွင့်ပြုမယ်ဆိုလျှင် သာသနာ့ဘောင်ဝင်ပြီး သာသနာ့ဝန်ကို ထမ်းချင်ပါတယ်ဘုရားလို့ လျှောက်တယ်တဲ့ဗျ။ သည်တော့မှ ဘုရင်မင်းမြတ်က ဝမ်းသာတာပေါ့ဗျာ။

လျှောက်။ ။ဒီခေမာမိဖုရားကြီးဟာ တစ်ခါတည်းပဲ အရဟတ္တမဂ် ဖြစ်သွားသလားဘုရား။ သို့မဟုတ် သောတာပန်လောက် အဆင့်အတန်းရောက်သသွားသူရား။

ဆရာတော်။ ။သူကတော့ တစ်ဆက်တည်း၊ တစ်ပြိုင်နက်တည်း အရဟတ္တမဂ်ဖြစ်သွားတာဗျ။

လျှောက်။ ။မှေးအရှင်ကောင်းများကတော့ မျက်စိနှင့်မြင်သာကို ပဓာနမပြုဘဲ ရုပ်နာမ်၏။ အနိစ္စလက္ခဏာကို စွဲစွဲမြဲမြဲ မပြတ် မြင်သောကြောင့် သောတာပန်၊ သကဒါဂါမ်၊ အရဟတ္တမဂ် တစ်ဆက်တည်း ဖြစ်သွားပါသလားဘုရား။

မေး။ ။ဒါကတော့ သူတို့ စပြီးသွားတာက အခုလိုဖြစ်တော့ အခုလိုဖြစ်တာပေါ့ဗျ။ ဒကာကြီး၊ ဒကာမကြီးတွေက ကုသိုလ်ပြုတုန်းက နှေးနှေးပြုတော့ အခုလည်းပဲ နှေးနေတာ ထင်ပါရဲ့။

ဖြေ။ ။တပည့်တော်တို့ကတော့ နှေးနှေးနေပါတယ် ဘုရား။

မေး။ ။တစ်ဆက်တည်းပြုရင် ဘယ့်နှယ်လဲ။

ဖြေ။ ။တစ်ဆက်တည်းပြုတော့ တစ်ဆက်တည်း တူသောအကျိုးပေးမှာပါဘုရား။

မေး။ ။ဒကာကြီးက နှေးဘဲ့ဟာကို သဘောကျသလား။ တစ်ဆက်တည်းကို သဘောကျသလား။

ဖြေ။ ။တစ်ဆက်တည်းကို သဘောကျပါတယ်။

မေး။ ။အဲသည်လိုသဘောကျလျှင် အဲသလိုလုပ်ဗျ။

ဖြေ။ ။အဲ့ဒါကတော့ မြင့်လွန်းအားကြီးလို့ မလှမ်းဝံ့ပါဘူးဘုရား။

မေး။ ။အခုနတော့ အဲဒါကြိုက်တယ်ဆိုပြီး ယခုတော့ ဘယ့်နှယ်ဖြစ်တာလဲ။

ဖြေ။ ။ကြိုက်တော့ ကြိုက်ပါတယ် ဘုရား။ ဒါပေမယ့် နည်းနည်းတော့ သောတာပန်အဖြစ်နှင့် နတ်ပြည်တို့ဘာတို့မှာ အပျော်အပါးကလေး တော့ ခံချင်ပါသေးတယ်ဘုရား။

မေး။ ။နေပါဦး ဒကာကြီးရဲ့၊ အိုရတာ၊ နာရတာ၊ သေရတာ ပျော်ပါ့မလား။

ဖြေ။ ။တပည့်တော်ကတော့ နည်းနည်းအိုချင်သေးတယ် ဘုရား။ လေးငါးခြောက်ခါလောက်တော့ အိုချင်ပါသေးတယ်။ နာတာကတော့ နတ်များမနာရဘူးလို့ ထင်ပါတယ်ဘုရား။

မေး။ ။ကဲပါဗျာ၊ ဒါဖြင့် ဒကာကြီးများရဲ့ ရှင်ဘုရင်တွေ၊ သူဌေးတွေ၊ သိကြားတွေ၊ နတ်တွေ ဖြစ်မှာတွေ မရှိဘူးလား။ သူတို့တစ်ယောက်တည်းလားဗျ။

ဖြေ။ ။အများကြီးပါဘုရား။

မေး။ ။အဲ့ဒီအများကြီးက ဘယ့်နှယ်တုန်းဗျ။ ခိုင်မြဲနေမှာလား။

ဖြေ။ ။မမြဲပါဘူးဘုရား၊ သေမျိုးချည်းပါပဲဘုရား။

မေး။ ။ဒီတော့ အခုနတည်ပြီးတော့ နေတဲ့ဥစ္စာတွေဆိုပြီး အဲဒါတွေဟာ ချုပ်ချော်တိမ်းပါးလို့ သေတာမဟုတ်ဘူးလား။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

မေး။ ။အဲသည်အခါမှာ ဒကာကြီးက ပြုံးပြုံးကြီးနေနိုင်မှာလား။

ဖြေ။ ။အင်မတန် ဆင်းရဲမှာပါဘုရား။

မေး။ ။ရှင်ဘုရင်မကြီးဆိုပါတော့ဗျာ။ ဒကာကြီးက ဘယ့်နှယ်လဲပြုံးပြုံးကြီးနေမှာလား။

ဖြေ။ ။မပြုံးပါဘူးဘုရား။ တော်ရုံလောက် ဝမ်းနည်းမှာပါဘုရား။

မေး။ ။ဘယ့်နှယ်ကြောင့်လဲ။

ဖြေ။ ။တပည့်တော်က ရှင်ဘုရင်ကြီးကိုဘုရား။ တခြားရှင်ဘုရင်မတွေက အများကြီးကျန်ရစ်ခဲ့ဦးမှာကိုးဘုရား။

မေး။ ။ဒါဖြင့် ဒကာကြီးက ပြုံးပြုံးကြီးနေမှာလား။

ဖြေ။ ။ပြုံးတော့မပြုံးပါဘူးဘုရား။ နှမြောစုံမက်တော့ ဝမ်းနည်းမှာပါဘုရား။

မေး။ ။ဝမ်းနည်းတော့ ဘယ့်နှယ်လဲ။

ဖြေ။ ။ငိုတန်ငိုရမှာပါဘုရား။

မေး။ ။ငိုတာ ဝမ်းနည်းလို့လား၊ အဲဒါ ကောင်းသလားဗျ။

ဖြေ။ ။မကောင်းပါဘူးဘုရား။

မေး။ ။တစ်ခါတလေ အဲသည်သားသမီးတွေ နေမကောင်းလျှင် ဘယ့်နှယ်လဲ။ ဒကာကြီး ပြုံးပြုံးကြီးနေမှာလား။

ဖြေ။ ။မနေပါဘုရား။ တပည့်တော်မှ စိတ်ပူနေမှာပဲဘုရား။

မေး။ ။အဲဒါကောင်းသလားဗျ။

ဖြေ။ ။မကောင်းပါဘူးဘုရား။

မေး။ ။မကောင်းလျှင် အခုနလို ရှင်ဘုရင်များ လုပ်ချင်သေးသလား။

ဖြေ။ ။လုပ်ချင်ပါသေးတယ်ဘုရား။

မေး။ ။အဲ့သည်လို ငိုနေသေးသလား။

ဖြေ။ ။တပည့်တော်တို့က ငိုရတာကိုပဲ ပျော်နေပါတယ်ဘုရား။
မေး။ ။ဒကာကြီးကတော့ အဖျားအနာလွတ်မှာလား။
ဖြေ။ ။မလွတ်ပါဘူးဘုရား။

မေး။ ဖျားရတာကောင်းသလား။
ဖြေ။ ။တပည့်တော်တို့က ဖျားနေတဲ့ အခါမှာလည်း ပျော်ပျော်ပဲဘုရား။ ငါပျောက်လျှင် ဘယ်ထမင်းစားပွဲ သွားလိုက် ယ်။ ဘယ်ရက်ချိန်းတွေဖြင့်မီတန့်ကောင်းရဲ့လို့ ဆိုပြီးပြုံးပြုံးကြီးပျော်ပျော်ပဲဘုရား။

မေး။ ။အဟုတ်ဖျားနေတဲ့အခါမှာရော။
ဖြေ။ ။အဟုတ်ဖျားတော့လည်း အံမယ်လေးဘာလေးနှင့် သည်းနေတာပါပဲဘုရား။

မေး။ ။အဲဒါကတော့ ပျော်သလား။
ဖြေ။ ။မပျော်ပါဘူးဘုရား။ သို့သော်လည်း တပည့်တော်တို့ပုထုဇဉ်တွေ ပုပုရွရွ မှန်သမျှမှာ ဒီလိုဒုက္ခတွေနှင့် ပျော်ပျော်ပဲ နေကြတာဘုရား။

မေး။ ။အဲသည်လိုနေကြရင်းနှင့် သေသွားလျှင် ဘယ်ရောက်မလဲ။
ဖြေ။ ။အပါယ်ရောက်မှာပဲဘုရား။

မေး။ ။ပြီးတော့ ပျော်ပျော်ကြီး ပြုံးပြုံးကြီးနှင့် သေသွားရင်ကော။
ဖြေ။ ။ပျော်ပျော်ကြီး ပြုံးပြုံးကြီးစိတ်လောဘစိတ်တို့နှင့် သေသွားလျှင် အပါယ်ရောက်မှာပါပဲဘုရား။

မေး။ ။အခုနလို စိတ်ထဲ သဘောမကျလို့ သေသွားရင်ကောဗျာ။
ဖြေ။ ။ဒေါမနဿစိတ်နှင့် အပါယ်ရောက်မှာပဲဘုရား။

မေး။ ။ဒီလိုမဟုတ်ဘဲ ဟိုရောက်သည်ရောက်စိတ်နှင့် သေသွားလျှင်ကော။
ဖြေ။ ။မောဟစိတ်နှင့် အပါယ်ရောက်မှာပဲဘုရား။

မေး။ ။ဒီတော့ ဒကာကြီးက ပြုံးချင်တာကို ပြုံးရပါဦးမလား။
ဖြေ။ ။ပြုံးရမလားလို့ လုပ်လာတာ ဒုက္ခချည်း တွေ့နေပါတယ်ဘုရား။

မေး။ ။တစ်ခါနေရာမကျ ဘယ်လောက်ကြာနေမှာလဲ။
ဖြေ။ ။အကြာကြီးပါဘုရား။

မေး။ ။ဘယ်လောက်ကြာမလဲ။
ဖြေ။ ။ကုဋေပေါင်း အတော်ကြာကြာကြီး ငရဲမှာနှံမှာပါဘုရား။ ဘယ်လောက်ကြာမလဲဆိုလျှင် တချို့ကမ္ဘာနှင့်ယှဉ်ပြီးတော့ ခံရပါတယ်ဘုရား။

မေး။ ။အဲသည်လိုမျိုး ခံချင်သေးသလား။

ဖြေ။ ။မခံချင်ပေမယ့် ချမ်းသာတစ်ခုကို အာရုံပြုပြီး ဆင်းရဲကြီး ဖြစ်အောင် လုပ်တဲ့ ပုထုဇဉ်တွေပါဘုရား။

အဲဒါဟာ အခုနလို မမြင်ချင်လို့ဗျ။ ဒါကြောင့် အခုနလိုဟာတော့ မလုပ်ကြနှင့်။ ဘာရယ်ညာရယ်လို့ ရွေးနေလို့ မဖြစ်ဘူး။ အခုန ထားဆိုတဲ့ နေရာကလေးမှာသာ သံသရာတစ်လျှောက်လုံးအတွက် အေးချင်တယ် ဆိုလျှင် အဲသည်လိုထားဗျ။ ရှေးအရှင်တွေဟာ ခဏလေးရယ်ဗျ။ အစကတော့ ပြုံးပြုံးကြီးနှင့် နေရကောင်းမလားလို့ဆိုပြီး နေတာပဲဗျ။ နောက်ကျတော့ ဘုရားရှင်နဲ့တွေ့တဲ့အခါ သဗ္ဗညုတအရှင်သခင်ဖြစ်တော့ ဒင်းတော့ ဒါနှင့်မှ ဖြစ်မှာဆိုပြီး သူ့ကို တရားတစ်မျိုးဟောရတာ မဟုတ်ပါဘူးဗျာ့။ အဲသည် ကျတော့မှ သူ နားလည်လောက်အောင် ပြုတော့မှ ဖြစ်တော့တာတဲ့ဗျ။ ချစ်သမီးရယ်ဆိုပြီး သာသာကလေးရယ်ဗျ။ ဒီတော့မှ တရားဟောနေစဉ် မှာပဲ အရဟတ္တမဂ် ဖြစ်တာဗျ။

ဖြေ။ ။အခု တပည့်တော်တို့ တရားနာတဲ့ အချိန်လောက်တောင် ကြာချင်မှ ကြာမှာပါဘုရား။

မေး။ ။အေး၊ အဲဒါက ထားဆိုတဲ့နေရာမှာ ထားလိုက်တာကိုးဗျ။ ဒကာကြီး များက အဲသည်လို ထားရဲလား။

ဖြေ။ ။တပည့်တော်တို့တော့ ထားတာပါပဲဘုရား။ ထားတော့လည်း နေတယ် ဆိုပေမယ့် လွှတ်တာတွေကတော့ များပါတယ် ဘုရား။

မေး။ ။လွှတ်တာက တစ်ရက်မှာ ဘယ်လောက်များသလဲ။

ဖြေ။ ။အတော်တော့ များပါတယ် ဘုရား။

မေး။ ။ဘယ်လောက်လဲဗျ။ နာရီနှင့်ပြောစမ်းပါဗျ။ တစ်ရက် ဘယ်နှစ်နာရီ ရှိသလဲ။

ဖြေ။ ။နှစ်ဆယ့်လေးနာရီ ရှိပါတယ် ဘုရား။

မေး။ ။အဲဒီမှာ လွှတ်တာ ဘယ်နှစ်နာရီလဲ။

ဖြေ။ ။နာရီနှစ်ဆယ်ကျော်ဆိုပါတော့ဘုရား။

မေး။ ။နှစ်ဆယ်က ငါးနာရီ ကျော်တာလားဗျ။

ဖြေ။ ။ဒါတောင် နည်းနေမလား မသိပါဘူး ဘုရား။

မေး။ ။ဟုတ်ပါတယ်ဗျာ။ သို့သော်လည်းပဲ လိုဘာကို သိလျှင် နေရာကျလို့ပြီ မဟုတ်လားဗျ။

ဖြေ။ ။တပည့်တော်တို့မှာ အင်မတန် လိုနေပါတယ်ဘုရား။ နှစ်ဆယ့်လေး နာရီမှာ နှစ်ဆယ်ကျော်ပါတယ်ဘုရား။

မေး။ ။ခြောက်နာရီလောက်များ ကျော်လျှင်တော့ ကောင်းရောဗျ။

ဖြေ။ ။သူများဆီကကို ချေးရမှာပါပဲဘုရား။

အေးအေး လိုတာကိုသိလျှင် နေရာကျပါပြီ။ အခု ဒကာကြီးတို့မှာက ပါရမီကလည်း ရှိပြီးသားဗျ။ အဲဒါ ယူရုံကလေးကို မယူတာဗျ၊ အခုန ခေမာဘုရင်မကြီးဟာ နေရာတကာ အကုန်ပါပြီးသားဗျ။

လျှောက်။ ။အဲဒီ ဘုရင်မကြီးဟာ မိဖုရားအဖြစ်နှင့် အရဟတ္တမဂ်နေလို့ မဖြစ်ဘူးလားဘုရား။

ဆရာတော်။ ။မဖြစ်ဘူးဗျ။ သူ့မှာ အခုနဟာ တူမှမတူနိုင်ဘဲကို။ ဒီတော့ ပရိနိဗ္ဗာန်စံဝင်ရမယ်။

လျှောက်။ ။ဒကာကြီးက ဒီအဝတ်အစားနှင့် လူ့ပြည်မှာနေလျှင် အရဟတ္တဖိုလ် မဖြစ်နိုင်ဘူးလားဘုရား။

ဆရာတော်။ ။ဪလို့ မရဘူးဗျ။ ဒီအတိုင်းနေလျှင် ပရိနိဗ္ဗာန် စံဝင်ရမယ်။

လျှောက်။ ။ချက်ချင်းပဲလားဘုရား။

ချက်ချင်းဆို ရက်မဆိုင်းရဘူးဗျ။ အရဟတ္တမဂ် အရဟတ္တဖိုလ် ဖြစ်လျှင် ခုနလို မကိုင္စတွေ၊ သရဖူတွေနှင့် မနေနိုင်ဘူး။ ဒါကြောင့် အခုနလို ရှင်ဘုရင် ထံမှာ တောင်းပန်ပြီးတော့ မြင့်မြတ်တဲ့ အသွင်အပြင်နှင့်ဆိုတော့ အားလုံး အစီးအပွားတွေ ဘာတွေ ဆောင်နိုင်တာဗျ။ အဲဒါ မြင့်မြတ်တဲ့ အသွင်ဗျ။ အဲဒီ အသွင်အပြင်ဟာ အင်မတန် မြင့်မြတ်တယ်ဗျ။ ဘယ်ထိအောင် မြင့်မြတ် သလဲဆိုလျှင် တို့ ယနေ့ ရဟန်းပြုတဲ့ ဥပသမ္ပဒါကံဆောင်တဲ့ ရဟန်းများကို ရဟန္တာဖြစ်တဲ့ သာမဏေငယ်များက ဝတ်ကြီးဝတ်ငယ်ပြုနိုင်တယ်။ ရှိခိုးပူဇော် ခြင်း ခံနိုင်တယ်။ အရဟတ္တဇဆိုတာက ဒီလိုခံနိုင်တယ်။ အရဟတ္တမဂ် အရဟတ္တ ဖိုလ်ရတဲ့ ရဟန်းများက အင်မတန် မြင့်မြတ်တာဗျ။ ဒါကြောင့် ကိုယ်က တောင့်တတဲ့အတိုင်းဟာ အကုန် နေရာကျလာမှာဗျ။ တိုးမပြုရပါဘူးဗျ။ အရဟတ္တမဂ်ကိုရင်က ယနေ့ ပုထုဇဉ်ရဟန်းကို ရှိခိုးပူဇော်ရတယ်။ ယနေ့ပြုတဲ့ ရဟန်းကိုလည်း ခေမာမိဖုရားတို့လို ရဟန်းဒကာမကြီးတွေက ရှိခိုးရတယ်။

လျှောက်။ ။ယနေ့ပြုတဲ့ ရဟန်းကိုလည်း ခေမာမိဖုရားကြီးတို့လို ရဟန်း ဒကာမကြီးတွေက ရှိခိုးရမှာလားဘုရား။

ရဟန္တာမကြီးတွေကတော့ ရဟန်းယောကျ်ားကို ရှိခိုးရမှာပဲဗျ။ အဲဒီလို ကြီးကျယ်ခမ်းနားတာဗျ။ ဒီတော့ အင်မတန် ကျေးဇူးဂုဏ်တွေ များတယ်။

ဒီတစ်ခါပဲ ကျေးဇူးဂုဏ်တွေရှိတဲ့ဟာကို ပူဇော်ကြရ ကြည်ညိုကြရတယ် ဆိုလျှင် ခဏကလေးဖြစ်ဦးတော့ စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း ပြီးနိုင်တယ်ဗျ။ အဲဒီလို မြင့်မြတ်တာဗျ။

ဒါကြောင့် အချိန်အခါ ဘဝက ကောင်းပါတယ်ဗျ။ အဲဒီလို အချိန်ဘဝကောင်းတာသိပြီးပြီဆိုတော့ ရှေးအရှင်တွေကတော့ ကိုယ်လိုချင်တာတွေကို ဝီရိယထူထောင်ပြီးတော့ ယူတော့ ရတယ်။ ဘယ်လို ယူသလဲဆိုတော့ အချိန်တိုင်း အချိန်တိုင်း ယူလို့ ရပါတယ်ဗျ။ ယခုလည်း မြင့်မြတ်တဲ့ အချိန်အခါဘာကို သိပြီးတော့ ပြည့်စုံအောင် ကြိုးစားကြ၊ အားထုတ်ကြဗျ။

# အာစာရနှင့်ဒဿနအရိယာ
# ဖြစ်အောင် ကြိုးစားကြ

''ကိုယ်နေရာမကျလို့ ကိုယ်တစ်ယောက်တည်း အပါယ် ကျရမယ်ဆိုလျှင် တော်သေးတယ်။ ကိုယ်မကောင်းတာနှင့် ဟိုဟာတွေပါ တောက်လျှောက်ကြီး အပါယ်ကျသွားမယ်။ ပြီးတော့ ဟိုကလည်း သည်အကြောင်းကို သိပြီး ငါ ဖြစ်မှားမိပြီဆိုပြီး လာကန်တော့မှာ မဟုတ်ဘူး'',

(ကြည်ညိုစရာအော့ အပုံရှိ၍ ကြည့်ပြီး ကြည်ညိုရမည် ဖြစ်ကြောင်း သိဟိုင်ဩကျွန်းကွင် မဒထရ်ကြီးတစ်ပါးအခေပါ ရဟန်းငယ် တစ်ပါးက အထင်လွဲမိပုံကို ပမာဆောင်၍ အာစာရ အရိယာ၊ ဒဿနအရိယာတွေ ဖြစ်အောင် ကြိုးစားကြရန် ဝေဘူဆရာတော်ဘုရားကြီးက ၁၉၅၅-ခု၊ မေလ ၁၉-ရက်နေ့ညက ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ၌ တိုက်တွန်းဟောပြောတော်မူသော တရားတော် ဖြစ်ပါသည်။

ဝေဘူဆရာတော်အရှင်မြတ်သည် ပဌမဦးစွာ ရှစ်ပါးသီလ ပေးပြီးနောက် အောက်ပါအတိုင်း တရားတော်ကို ချီးမြှင့်ပါသည်။

### တရားနာခံအဖြစ် ဦးလှက ဆောင်ရွက်သည်

သိကြားမင်းဟာ ဝေဇယန္တာနန်းကနေပြီး ရထားနဲ့ သွားစရာလာစရာရှိတဲ့ အခါမှာ ရထားပေါ်မတက်ခင် အောက်မျက်နှာကိုရှေးရှုပြီးတစ်ခါတည်းရှိခိုးပူဇော်လိုက်သေးသတဲ့။ အောက်လူ့ဘုံရပ်ထံ ရှေ့ရှုပြီးတော့ အဲသည်လို ရှိခိုးပူဇော်တဲ့အခါကျတော့မှ ဘယ်လိုတုန်းဆိုတော့ မာတလိက သူ့ရဲ့ရထားမှူး

မဟုတ်လား။ သည်တော့မှ သိကြားမင်းကို မေးတာတဲ့ဗျ။ ''အောက်မျက်နှာ အဖို့မှာ အရှင်သိကြားမင်း ရှိခိုးပူဇော်ထိုက်တဲ့ လူအများရှိပါသေးသလား'' လို့ မေးတဲ့အခါကျတော့မှ ''ရှိတယ် မောင်မာတလိရဲ့''တဲ့။ ဘယ်သူလဲဆိုလျှင် အခုနကပြောတဲ့ လူ့ခွင်ဌတည်ပြီးတော့ တရားသဖြင့်တဲ့ဗျ။ တရားသဖြင့် ပစ္စည်းဥစ္စာ ရာပြီးပြီဆိုတော့ အခုနကပြောတဲ့ သားသမီးအစ ရှိသည်တို့ကို ကျွေးမွေးကြ သူတွေဗျ။ တရားသဖြင့်တဲ့နော်ကြားလား ''အဲသည်လူတွေကို ငါရှိခိုးဝ မာတလိရဲ့''လို့ ပြန်ပြောတယ်တဲ့ဗျ။ အဲဒါ သူတော်ကောင်းတွေကို ရှိခိုးတာဗျ။

လျှောက်။ ။ဒါဖြင့် တပည့်တော်တို့လည်း သိကြားမင်း အရှိခိုး အတော်ခံပြီးပြီထင်တယ်ဘုရား။

တဒင်္ဂပဟာန်ဆိုရင်တော့ ဖြစ်သွားမှာပဲ၊ အခု ဒကာကြီး ဒကာမကြီး တွေလုပ်တာကိုတော့ ဟုတ်တယ်မဟုတ်ဘူးလို့ မပြောနိုင်ဘူးဗျ။ တရားသဖြင့် ရှာကြံပြီး သားသမီးများကို ကျွေးတဲ့နေရာမှာ ဘယ်လိုတုန်းဆိုတော့ နေရာတိုင်းမှာ ကိုယ်နှင့် နှုတ်နှင့် စိတ်နှင့် ဆောင်ကြတဲ့အခါကျတော့ အခုလိုဟုတ်ကဲ့လား။ ဘယ်နေရာမှ စိတ်ကလေးကို မသွားရအောင် စူးစူးစိုက်စိုက်ထားသလား။

ဖြေ။ ။သည်လိုတော့ မဟုတ်ပါဘုရား။ မောပန်းတကြီးရှာပြီးတော့ သားသမီးတွေကို ကျွေးမွေးတာပဲဘုရား။

အေးလေ ဆိုထားတာက ဓမ္မေနဒါရံတဲ့ဗျ။ တရားသဖြင့်ရှာကြံပြီးတော့ ကျွေးမွေးတဲ့သူတွေရှိတယ်တဲ့ဗျ။ အဲသည်လူတွေကို ငါရှိခိုးတာ မာတလိရဲ့တဲ့ဗျ။ သည်တော့ အခုနက သိကြားမင်းရှိခိုးတာမှာ ဒကာကြီး ပါတယ်မပါဘူး ဆိုတာ ဒါနှင့်သာ ချိန်ကြည့်ပေတော့ဗျာ။

တို့ကတော့ ဒကာကြီး မပါဘူးလို့လည်း မပြောနိုင်ဘူး။ ပါတယ်လို့ လည်းမပြောနိုင်ဘူး။ အဲသည်တော့ အခုနဟာနှင့်သာ ချိန်ကြည့်ပေတော့၊ တစ်ပိဿာလေးဆိုတာ အခုနဟာပဲဗျ။ အဲသည်ကလေးနှင့် ဒကာကြီးဟာ ပြည့်တယ် မပြည့်ဘူးဆိုတာ ချိန်ကြည့်ဗျ။ အဲဒါနှင့်ချိန်လို့ပြည့်တယ်ဆိုလျှင် ဓမ္မေနဒါရံဆိုတာဟာ ဟုတ်ပါရောဗျ။ ဒါနှင့်မညီသေးလို့ရှိလျှင် ချိန်တယ် ဆိုတဲ့ ဟာမျိုးက အလေးကို တစ်ဖက်ကထည့်၊ တစ်ဖက်က သည့်ပြင်လိုချင်တဲ့ပစ္စည်းကို ထည့်ချိန်တာပဲ ထင်ပါရဲ့။ သည်တော့ တို့ဟာနှင့် အလေးနှင့်ညီမျှလျှင် ဘယ်နှယ်လဲ။

ဖြေ။ ။အလေးနှင့် ညီမျှဖို့ သိပ်မလိုတော့ဘူး။ နည်းနည်းတော့ နီးလာပါပြီဘုရား။

မေး။ ။ဘယ်လောက်လိုသေးသလဲ။

ဖြေ။ ။ရှစ်ဆယ်ကိုးဆယ်ကျော်လောက် လိုပါတယ်ဘုရား။

မေး။ ။ကိုးဆယ်က ဘယ်လောက်ကျော်လို့လဲ ဒကာကြီးရဲ့ ကိုးဆယ်က ရှစ်ကိုး တစ်ဆယ် ဆယ့်တစ်လောက်များ လိုနေဦးမလား၊ တစ်ပိဿာပြည့်မှာ ကိုးဆယ်ကျော်ဆိုတော့ ဆယ့်ငါးလောက်များ လိုနေမှာလား။

ဖြေ။ ။ကိုးဆယ်ရဲ့ ဟိုဘက်မှာ မလောက်လို့ သူများဆီ ချေးရပါဆေးတယ်ဘုရား။

မေး။ ။အေး သည်လို လိုတာသိလျှင်တော်ပါပြီ လိုတာသိလျှင် ပြည့်အောင်ဖြည့်တော့မှာဗျ။

လျှောက်။ ။အခုနပြောတဲ့ ဓမ္မနုဒါရုံနှင့် ချိန်ပြီး တပည့်တော်တို့က သိကြွားမင်းကို ပြန်ရှိခိုးရမှာ ထင်ပါရဲ့ဘုရား။

အေး-ဒါတော့ မသိဘူးလေ။ ကိုယ့်ဟာကိုယ်သိမှာပဲ။ အဲဒါ မအားဘူးဆိုပြီး နေလို့ဗျ။ ရှေးအရှင်တွေဟာဆိုလျှင် တောင့်တတဲ့အတိုင်း စိတ်နှလုံး အလိုပြီးသွားကြတာချည်းပဲဗျ။ ဘုရားရှေ့လက်ထက်တော်က နိဗ္ဗာန်ကို စံဝင်ကြွသွားတဲ့ ပုဂ္ဂိုလ်တွေဟာ မရေမတွက်နိုင်ဘူးဗျ။ အဲဒါတွေဟာ ရဟန်းတွေလား၊ လူတွေလားဗျ။

ဖြေ။ ။ရဟန်းကနည်းပြီး လူကများပါတယ်ဘုရား။

မေး။ ။အဲဒါ ဓမ္မနုဒါရုံတော့ ကြားလား။ လူတွေက ဘယ်နှစ်ဆလောက်များသလဲဗျ။

ဖြေ။ ။ရဟန်းက နည်းနည်းပါဘုရား။ လူတွေက အဆတစ်ထောင် နှစ်ထောင်လောက် များပါတယ်ဘုရား။

သည့်ပြင်ဟာတွေ ထား-စမ်းပါဦး။ သာဝတ္ထိမြို့သူမြို့သားတွေကိုပဲကြည့်စမ်းပါဦး။ အဲဒါတွေကလည်း သူတို့သိပြီးသား၊ နားလည်ပြီးသားတွေနေမှာပါဗျာ။ သူတို့ကတောင် သူများကို တရားဟောနေတဲ့ ပုဂ္ဂိုလ်တွေပဲဗျ။ (မဟောပါဘူး ဘုရား)။

ဟောပါသော်ကောဗျာ။ မေတ္တာရှင်၊ ကရုဏာရှင်တွေက ဘယ်တော့မှ မပြတ်ဘဲ အချိန်တိုင်းအချိန်တိုင်း ညွှန်ကြားဆုံးမနေတာ မဟုတ်လား။ အဲသည်တော့ ပျင်းလည်းပဲ နာရတာပဲ၊ ပျော်လည်းပဲ နာရတာပါပဲ။ အဲဒါနှင့် ဒါတွေကို အကုန်မှတ်မိနေတာဗျ။ (တင်ပါ့ဘုရား)။

မေး။ သာဝတ္ထိပြည်ကို ဘုရားရှင် ကြွသွားတော်မူတော့ကို တောင့်တတဲ့အတိုင်း ပြီးကြတာဟာ ဘယ်လောက်များသလဲဗျ။

ဖြေ။ ။လူ ခုနစ်ကုဋေ၊ အရိယာက ငါးကုဋေကျော် ရှိပါတယ်ဘုရား။

မေး။ ။ရဟန်းထဲက ဘယ်နှစ်ကုဋေလောက် များပါသလဲ။

ဖြေ။ ။သာဝတ္ထိမှာ တစ်ကုဋေ့ရွှဲတောင်ရှိခဲ့ယ်မဟုတ်ပါဘူး ဘုရား။

မေး။ ။အားလုံးပေါင်းလျှင်ကော ဗျာ။

ဖြေ။ ။အားလုံးပေါင်းလျှင်တောင်မှ တစ်ကုဋေလောက်ပဲရှိပါလိမ့်မယ် ထင်တယ် ဘုရား။

အဲဒါ အခုနလိုပိုင်းက သွားကြတာဗျ။ အဲဒါ အလုပ်တွေကို လုပ်ရင်းဗျ။ သားတွေသမီးတွေနှင့်ပဲ နိဗ္ဗာန်စံဝင်သွားကြတာဗျ။ အခုနပြောတဲ့ ဓမ္မေနဒါရဲ့ ဆိုတာ ဘယ်လိုလုပ်ရမှာလဲ့ဆိုလျှင် အခုန ပြောတဲ့အတိုင်းစရဏာရော၊ဝိဇ္ဇာရော နှစ်ခုစလုံး တွဲလုပ်မှ သိကြားမင်း ရှိခိုးခံရမှာဗျ။

လျှောက်။ ။တပည့်တော်က သိကြားမင်း ရှိခိုးခံရမှာကို သိပ်သဘောကျနေပါတယ် ဘုရား။

ဆရာတော်။ ။အေး-သိကြားမင်းကတော့ ရှိခိုးတာပဲဗျ။ကိုယ်ဆီရောက်တာ မရောက်တာတော့ မပြောတတ်ဘူး။ အခုနလိုဆိုလျှင် ရှိခိုးခံရမှာပဲဗျ။

လျှောက်။ ။သူ့ဟာက ရှိခိုးတယ်ဆိုပေမယ့် ဓမ္မေနဒါရဲ့ဆိုတော့တပည့်တော်တို့ မပါသေးဘူးထင်ပါတယ် ဘုရား။

မေး။ ။ဒါကတော့ ဒကာကြီးပဲ သိမှာပဲ။ ဒကာကြီးတွေကကော။

ဖြေ။ ။ဒကာမကြီးတွေကလည်း မနက်ဖြန်ကစပြီး သိကြားမင်းရှိခိုးခံရမယ့် ဒကာမကြီးတွေ အများကြီး ပါပါတယ် ဘုရား။

မေး။ ။ဒါဖြင့် သည်နေ့က သည်အတိုင်း နေမှာလား။

ဖြေ။ ။ညတော့ ပြန်ပြီး အိပ်မှာပါ ဘုရား။

မေး။ ။ဘယ့်နှယ်လဲ၊ ဒကာကြီးကတော့ သည်လိုပြောနေပြီဗျ။ အဲဒါနို့မို့ချ ပြောတာလား၊ အဟုတ်ပြောတာလား မသိဘူး။

ဖြေ။ ။တပည့်တော်က ဒကာမကြီးများ မအိပ်ဘဲနှင့် ထိုသိက်ို မလွှာဘဲ အာရုံစိုက်ပါစေတော့လို ပြောတာပါ ဘုရား။

သူ့ဟာက ဒကာကြီးတွေကို ကြောက်ရသေးတာကိုးဗျ။

အခုလို ပြောတာတောင်မှ လပ်ဖမှာ ဘယ့်နှယ်လပ်မယ် မသိသေးဘူး

ဘုရား။

ခဲနှင့် ပေါက်မလား၊ ရိုက်မလား မသိသေးဘူး ဘုရား။

မေး။ ။အခုလို ပြောတာကို လျှော့တော့တော့ ပေါ့ဘော့တော့ လျှောက် ပြောတယ်လို့ မမှတ်ကြနှင့်၊ ကြားလား။

ဖြေ။ ။တင်ပါ ဘုရား။

အခုလိုပြောမှ နား ပည်လွယ်တယ်ဆိုပြီး လျှောက်[illegible]ဗျ။ ရှေ့က အရှင်တွေဟာ ဆိုလျှင် သိကြားမင်း ရှိခိုးပါသော်ကောဗျ။ ယူတို့မှာက ပုံး လှုံလောက်နေပြီ၊ လုံလောက်ဖို့ရာ ဘယ်ကစရသလဲဆိုတော့ အရိယာဆိုတာက

အာစရ အရိယာဖြစ်ဖို့ရာ ဘုရားအမတွေ ရှိတယ်။ အဲဒါကို ဖြည့်တယ်ကျင့်တယ်ဗျ။ အဲသည်လို ဖြည့်ကျင့်နေတဲ့ဟာ အာစရ အရိယာဗျ။ ဖြည့်ကျင့်နေဆဲ၊ ဖြည့်ကျင့်နေတုန်း ဆိုတာ အတူတူပဲမဟုတ်လား။ သည်တော့ဘုရားဆုံးမတဲ့အတိုင်းမှတ်၊ မှတ်ပြီးပြီ ဆိုတော့ ဤကဲ့သို့ ပုထုဇဉ်အနွယ်က ဖြတ်ဖို့ရာ ဖြည့်ကျင့်တယ်။ အဲသည်လို ဖြည့်ကျင့်လျှင်ပဲ အရိယာဖြစ်ပါပြီဗျ။ အဲဒါကအာစရ အရိယာ ဖြစ်တာနေ့ဘ်။ ဒါက အဟုတ်ကို စိုက်စိုက်စူးစူးနေမှ၊ မနေတဲ့အခါကျပြန်ပြီဆိုတော့ အာစရ မဟုတ်ဘူးဗျ။ ဘာကြောင့်လဲဆိုတော့ အဲသည်လို အခါမှာ သေသွားပြန်လျှင် ဘယ်ရောက်မလဲ။

ဖြေ။ ။အပါယ်ရောက်သွားမှာပဲ ဘုရား။

အဲဒါဏ မဟုတ်သေးလို့ဗျ။ ပါးစပ်က ဟုတ်တယ်ဆိုပေမယ့် ဟိုဟာကလည်း ဟုတ်မှ ဖြစ်တာ၊ မှတ်ထားနေ့ဘ်။ အဲဒါ အာစရပဲ။ ဘယ်သူ့မှ မမေးရပါဘူးဗျာ။ ကိုယ့်ဟာကိုယ်လည်း သိတာပဲဗျ။ နို့မဟုတ်လျှင် သူများမေးနေရဦးမယ်။ အာစရ အရိယာဆိုတာ အမြဲတစေ ထိသိကိုစိတ်က စိုက်စိုက်စူးစူး ထားလျှင် အာစရပဲ။ ဒါကိုတော့နားလည်ပြီမဟုတ်လား။အခုနလိုထား၊ ထားလျှင် နေမယ်။ နေလျှင် အဲဒါ အာစရအရိယာ ဖြစ်တာပဲ။ အဲသည် နေရာမှာ မနေလျှင် အာစရ မဟုတ်ဘူးတဲ့။ အဲဒီ အချိန်မှာ ဆက်နေလျှင် အပါယ်ကျမှာပဲ။ အပါယ်ကျတော့ ဆင်းရဲသလား၊ ချမ်းသာသလား။

ဖြေ။ ။ဆင်းရဲပါတယ် ဘုရား။

မေး။ ။ဘာကြောင့်လဲ။

ဖြေ။ ။လောဘ၊ ဒေါသ၊ မောဟတွေကြောင့်ပါ ဘုရား။

မေး။ ။အေး၊ ဒါကြောင့် လူဆင်းရဲ ဖြစ်လျှင် အပါယ်ရောက်မှာပဲ။ လူချမ်းသာ ဖြစ်လျှင်တော့ အထက်ရောက်မှာပဲ။ သည်တော့ လူချမ်းသာ ဖြစ်အောင် ခက်သလားဗျာ။

ဖြေ။ ။မခက်ပါဘူး ဘုရား။

အေး-အဲဒါ မှတ်ထား၊ ကြားလား။ ရှေး အရှင်တောင်းတွေကတော့ တစ်ခါတည်း ပြောလိုက်လျှင် နောက်တစ်ခါ မပြောရတော့ပါဘူးဗျ။ ဟို ဒကာကြီး၊ ဒကာမကြီးတွေကတော့ ဘယ်လိုလဲ မပြောတတ်ဘူး။ ဘယ်နှစ်ခါ ပြောရမှာလဲဗျ။

ဖြေ။ ။တပည့်တော်တို့ကတော့ တစ်သက်လုံး ပြောနေရမှာပါ ဘုရား။

မေး။ ။သို့သော်လည်း အာစရ အရိယာ ဖြစ်ချင်လျှင် သည်အချိန်ကစပြီး အခုနလို ထားလိုက်ကြဗျား။ သည်လိုထားလိုက်လျှင် ဆင်းရဲမှာလား။

ဖြေ။ ။မဆင်းရဲပါဘူးဘုရား။
မေး။ ။အဲဒါ လူချမ်းသာဖြစ်တာပဲဗျ။ ဒါဖြင့် စိန်တောင် ရွှေတောင်ကြီးပေါက်တာနှင့် အဲဒါကလေးထားဆိုလို့ ထားလိုက်တာနှင့် ဘယ်ဟာက ချမ်းသာသလဲ။
ဖြေ။ ။စိန်တောင်ရွှေတောင်ကြီးက မချမ်းသာပါဘူးဘုရား။ အခုနက စိတ်ကို စိုက်စိုက်စူးစူးကလေးထားတာက ချမ်းသာပါတယ်ဘုရား။

အေး၊ အဲသည် စိန်တောင်ရွှေတောင်ကြီးထက် ချမ်းသာပါတယ်ဗျ။ ဟိုဟာက ဘာမှ နေရာကျတာ မဟုတ်ဘူး။ ဒါကြောင့် အခုနလိုလုပ်ကြဗျ။ အဲသည်လို မှန်မှန်လုပ်သွားပြီဆိုမှဖြင့် သေသေချာချာ အမှန်ကိုမြင်မယ်။ မြင်လျှင် သိမယ်။ အဲသည်လို သိပြီးလျှင် အာစာရနှင့်ဒဿနအရိယာဆိုတာကို သေချာပါပြီဗျ။

မေး။ ။အဲဒါ ခက်သလားဗျာ။

ဖြေ။ ။မခက်ပါဘူးဘုရား။

မေး။ ။အင်မတန် လွယ်ပါတယ်ဗျ။ ဘာလိုသေးသလဲ။

ဖြေ။ ။အခုနတုန်းက တစ်ခါတော့ ရပြီးပါပြီဘုရား။

မေး။ ။ဘယ်တုန်းကလဲ။
ဖြေ။ ။အခုန ဒကာကြီးစိတ် စူးစူးစိုက်စိုက်ကလေး ထားကြည့်လိုက်စမ်း ဆိုတုန်းက ရလိုက်ပါပြီ ဘုရား။

မေး။ ။အခု စွန့်ပစ်လိုက်ပြီလား။

ဖြေ။ ။အခုတော့ မေးရင်းစမ်းရင်း ထိသိ ပျောက်သွားပါပြီဘုရား။
မေး။ ။ကောင်းပါ့ဗျာ့။ သည်အချိန်မှာများ သေသွားလျှင် ဘယ်ရောက်မလဲ။
ဖြေ။ ။အပါယ်တော့ သေချာနေပါတယ် ဘုရား။
မေး။ ။ဒါနှင့် အပါယ်ကျတော့ မရောက်ချင်ဘူးဆို၊ အခု သွားနေပြန်ပြီလား။

ဖြေ။ ။မရောက်ချင်ပေမယ့် ထိသိ လွတ်သွားလျှင် ကျမှာပါပဲ ဘုရား။
မေး။ ။အေး အေး၊ သေသေချာချာမှတ်ထား။ ဒါအမှန်ပဲဗျ။ သူများတကာက သီလစောင့်ထိန်းတဲ့အခါ၊ ဥပုသ်စောင့်တဲ့အခါ၊ ကုသိုလ်ပြုတဲ့အခါမှာ ကိုယ်က ဘယ့်နှယ်ခေါ်သလဲဗျ။ သာဓု သာဓုနှင့် ခေါ်တယ် မဟုတ်လား။
ဖြေ။ ။ခေါ်ပါတယ်ဘုရား။

မေး။ ။ကိုယ်က သာဓုခေါ်ပေမယ့် သူက ဟိုလို နေရဲ့လား။
ဖြေ။ ။ဟိုလို့မနေလျှင်တော့ သာဓုခေါ်တဲ့လူလည်းသက်သာမယ် မဟုတ်ပါဘူး ဘုရား။
မေး။ ။ဘာဖြစ်လို့လဲ။
ဖြေ။ ။အမျှပေးတဲ့လူကိုက ဗလာဖြစ်နေတာကိုးဘုရား။
မေး။ ။အေး၊ ဒါပေမယ့် သာဓုခေါ်တော့ လွတ်တယ် မဟုတ်လား။
ဖြေ။ ။တပည့်တော်တို့ကတော့ ရတာလျှောက် ဆိုတာပဲ ဘုရား။
မေး။ ။သည်တော့ ခေါ်ချင်ရင် ဘယ်နှယ်လုပ်ရမလဲ။
ဖြေ။ ။သေသေချာချာ သာဓု မခေါ်ခင် လာကြစမ်းပါဦး။ ခင်ဗျားတို့ကို စစ်စမ်းပါရစေဆိုပြီး စစ်ဆေးပြီးမှ သာဓုခေါ်မှ ဖြစ်မှာပါ ဘုရား။
မေး။ ။သူ ရှိခိုးနေတာကို သေသေချာချာ မြင်နေရတယ် မဟုတ်လား။
ဖြေ။ ။ရှိခိုးနေတာ မြင်နေပေမယ့် စိတ်က ဘယ်စိတ်ကူးနေမှန်းမှ မသိဘဲ ဘုရား။ တပည့်တော်တို့ ဘုရားရှိခိုးရင် ဣတိပိသောကို မေ့ပြီး ရှိခိုးနေလိုက်တာ နှစ်ပတ် သုံးပတ်ကိုလည်ပြီး ဆုံးမှန်းတောင် မသိလိုက်ဘူး ဘုရား။
မေး။ ။အေး၊ အခုလိုလျှောက်ပြီး သတိပေးထားတော့ နားလည်လွယ်ပါတယ်ဗျာ။ သည်တော့ သည့်ပြင် အရိယာက နေပါစေဦး။ အာဇာရ အရိယာဆိုတာ အခုချက်ချင်း လုပ်မယ်ဆိုလျှင် ဘယ့်နှယ်လဲ။
ဖြေ။ ။ချက်ချင်းဖြစ်ပါတယ်ဘုရား။
မေး။ ။သည်အတိုင်းသာ တည်သွားမယ်ဆိုလျှင် ဒဿန အရိယာကော။
ဖြေ။ ။ဖြစ်ပါတယ်ဘုရား။
မေး။ ။သည်လို အာဇာရအရိယာဆိုလျှင် အပါယ်ကျပါ့မလား။
ဖြေ။ ။မကျပါဘူး၊ဘုရား။
မေး။ ။ဒဿန အရိယာကော။
ဖြေ။ ။အပါယ်မကျပါဘူးဘုရား။
မေး။ ။အာဇာရ အရိယာကို စပြီးလုပ်။ လုပ်လို့ တော်တော်ကြာပြီဆိုတော့ ဘာအရိယာဖြစ်မလဲ။
ဖြေ။ ။ဒဿန အရိယာ ဖြစ်ပါတယ် ဘုရား။
မေး။ ။အဲဒါက အိမ်မှာရှိတာနှင့် ညီညီညွတ်ညွတ် တိုင်ပင်ရဦးမလား။
ဖြေ။ ။မတိုင်ပင်ရပါဘူးဘုရား။ အာဇာရ အရိယာ ဖြစ်ချင်တဲ့လူက အခုက စပြီး လုပ်သွားရမှာပါဘုရား။

မေး။ ။အိမ်ရောက်ဖို့ ဆူပူပြီးနေတော့ ဘယ့်နှယ်လဲ ဖြစ်ပါဦးမလား။
ဖြေ။ ။အိမ်က ဆူပူနေပေမယ့် တပည့်တော်အဖို့ ကြိုးစားရမှာပဲဘုရား။
မေး။ ။တော်တော်ကြာ သူတို့က နေရာမကျလို့ ဘာဘာညာညာ လုပ်ရဦးမှာလား။
ဖြေ။ ။မလုပ်ပါဘူးဘုရား၊ နားပိတ်နေမှာပါပဲဘုရား။
မေး။ ။နားပိတ်နေရုံနှင့် ဖြစ်ပါ့မလား။
ဖြေ။ ။သူတို့ပြောတာမကြားလျှင် ပြီးတာပဲဘုရား။
မေး။ ။ဒါဖြင့်ရင် အရပ်ထဲမှာ နားမကြားတဲ့ ဒကာကြီးတွေ ရှိတယ်မဟုတ်လား။
ဖြေ။ ။ရှိပါတယ်ဘုရား။
မေး။ ။သူတို့ ဘာအရိယာ ဖြစ်သလဲ။
ဖြေ။ ။သူတို့တော့ အော်ပြောတောင် မကြားပါဘူးဘုရား။
မေး။ ။သူတို့ကော အခုနလို အရိယာဖြစ်သလား။
ဖြေ။ ။မဖြစ်ပါဘူးဘုရား။
မေး။ ။ဘာဖြစ်လို့လဲ။
ဖြေ။ ။သူတို့စိတ်က လောဘ၊ ဒေါသ၊ မောဟနှင့် နေတော့ မဖြစ်ပါဘူးဘုရား။
မေး။ ။ဒါနဲ့ ဒကာကြီးက နားမကြားရင်ပြီးတယ်ဆို။
ဖြေ။ ။ကြားရင် ထသိလွှတ်သွားမှာစိုးလို့ မကြားအောင် ကြံတာပါဘုရား။
မေး။ ။နားပိတ်ထားပေမယ့် အခုလိုဖြစ်ရဲ့လား။
ဖြေ။ ။အရပ်ထဲက နားပင်းတဲ့လူကြီးနှင့် နှိုင်းယှဉ်လျှင်တော့ အရပ်ထဲက နားပင်းတဲ့လူကြီးနှင့် တစ်သားတည်းဖြစ်မှာပါပဲဘုရား။
မေး။ ။ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ။
ဖြေ။ ။နားပိတ်သည်ဖြစ်စေ၊ မပိတ်သည်ဖြစ်စေ။ ထိသိမလွှတ်အောင် လုပ်မှ ဖြစ်မှာပါပဲဘုရား။

အေး အဲဒါကမှ လိုတာဗျ။ ဟိုဟာက မလိုဘူးဗျ။ မကြားအောင်လုပ်တဲ့ နည်းဟာ အများကြီး ရှိပါတယ်ဗျ။ ဘယ်လောက်ပဲများများနေ စင်စစ်မှာတော့ အခုနပြောတဲ့အမှန်ကို သိဖို့ချည်းပဲမဟုတ်လား။ သည်တော့ အမှန်ကို သိဖို့ရာ ငါ အခုလုပ်မယ်ဆိုပြီး ထားလိုက်လျှင် ဘာဖြစ်မလဲ။

ဖြေ။ ။အာစာရ အရိယာ ဖြစ်ပါတယ်ဘုရား။
မေး။ ။အဲသည်တော့ ကဲ့ရဲ့တာ ရှုတ်ချတာတွေဟာ ကောင်းသလား။

ဖြေ။ ။မကောင်းပါဘူးဘုရား။ ဒါပေမယ့် ထိသိလွှာလို့ ကဲ့ရဲ့တာပါ ဘုရား။

မေး။ ။ကဲ့ရဲ့တာက သူကောင်းကောင်း နေတဲ့အခါမှာ ကဲ့ရဲ့လျှင် ဘယ့် နှယ်လဲ။

ဖြေ။ ။သည်လိုဆိုလျှင် ကဲ့ရဲ့တဲ့လူ အပါယ်ဘုံကို တောက်လျှောက် သွားမှာပဲ ဘုရား။

မေး။ ။ဒါဖြင့် ဒကာကြီးက ချီးမွမ်းမှာလား။

ဖြေ။ ။ချီးမွမ်းမှ သက်သာမှာပဲဘုရား။

မေး။ ။ချီးမွမ်းတော့ကော တစ်ယောက်မကျန် အကုန်လုံးကို ချီးမွမ်းမှာ လား။

ဖြေ။ ။ချီးမွမ်းမှာပါဘုရား။
သူက ထိသိကလေးကိုသာ သူ့ဘာသာ စိတ်စွဲနေတာကို သိမှ မသိနိုင် ပဲကိုးဘုရား။

မေး။ ။ဒကာကြီးတို့ ဒီလိုနေရဲ့လား။

ဖြေ။ ။တပည့်တော် မနေဘူးဘုရား။ တခြားလူတွေတော့ နေကောင်း နေ ပါလိမ့်မယ်ဘုရား။

မေး။ ။အခုလိုနေတဲ့လူတွေကို ကဲ့ရဲ့မိလျှင် ဘယ့်နှယ်လဲ။ ကိုယ်လုပ်နေတဲ့ အလုပ်ဟာ ရှေ့ဆက်ရပါ့မလား။

ဖြေ။ ။အဟုတ်ကို ကဲ့ရဲ့မိလျှင် ရှေ့ဆက်လုပ်လို့ မရပါဘူးဘုရား။

မေး။ ။အေး၊ ဒါကြောင့် ဘယ်နည်းနှင့်မှ မကဲ့ရဲ့နှင့်။ချီးမွမ်းလျှင်တော့ဖြင့် ရပါသေးတယ်။ ချီးမွမ်းတာလည်း မတော်တာကိုသွားပြီး ချီးမွမ်း မိလျှင် ဘယ့်နှယ်လဲ။

ဖြေ။ ။တပည့်တော် ချီးမွမ်းလို့ အားတက်လာတော့ တပည့်တော်က အလ တား ကုသိုလ်ရပါတယ်ဘုရား၊

မေး။ ။အိပ်ပျော်နေတဲ့လူကို ချီးမွမ်းမိလျှင် အားတက်ပြီး ဖိအိပ်တော့မှာ မဟုတ်လား။

ဖြေ။ ။တပည့်တော် ထိုင်ပြီးတော့ သည်ဒကာကြီး၊ ဒကာမကြီးတွေတော့ အာစာရ အရိယာဖြစ်ဖို့ စပြီလို့ဆိုပြီး သာဓု သာဓုနှင့်ဆိုလျှင် သူတို့ သိပ်အားတက်လာမှာပါဘုရား။

မေး။ ။ကဲ့ရဲ့မိလျှင် ဘယ့်နှယ်လဲ။

ဖြေ။ ။တပည့်တော် ပြစ်မှားမိသည့်အတွက် အကုသိုလ် ဖြစ်သွားပါတယ် ဘုရား။

မေး။ ။သည်တော့ ကိုယ်လိုချင်တာအားထုတ်လို့ ရဦးမလား။

ဖြေ။ ။မရတော့ပါဘူးဘုရား။

## သီဟိုဠ်ကျွန်းကမထေရ်

ဒါကြောင့် ကြည်ညိုဖို့သာလျှင် ကြည့်ပြီး ကြည်ညိုရမယ်ဗျ။ ကြည်ညိုစရာတွေအပုံပဲဗျ။ ဘာကြောင့် သည်လိုပြောရသလဲဆိုလျှင် တို့ဘုရား လက်ထက်က သီဟိုဠ်ကျွန်းမှာ မထေရ်ကြီးတစ်ပါးရှိသတဲ့ဗျ။ သူတို့မဇ္ဈိမဒေသမှာ ဘယ်လို ထုံးစံရှိသလဲ ဆိုလျှင် မနက်စောစောမှာ ဝီရိယ ရှိကြတော့ မနက်တိုင်း မနက်တိုင်း အစောကြီးထပြီး ယာဂု ဆွမ်းလောင်းဟန်တူပါရဲ့။ သံဃာများအတွက် တစ်မျိုးလုပ်ဟန်တူတယ်။ သည်တော့ အလိုရှိတဲ့ သံဃာတော်များဟာ စောစောကြွပြီး ယာဂုဆွမ်းခံကြတယ်။ ဆွမ်းခံပြီး ဘုဉ်းပေးတော်မူကြတယ်။ အဲသည်မှာ အခုနပြောတဲ့ မထေရ်ကြီးတစ်ပါးဟာ စောစောကြီး လေနာထတော့ ယာဂု ဆွမ်းခံရန် ကြွသွားတော်မူတာတဲ့ဗျ။ ယာဂု ဆွမ်းလောင်းတဲ့နေရာရောက်တော့ ယာဂုဆွမ်းခံပြီး လေနာကလည်း ထတော့ကို ဆိုးဝါးနေတော့ အခြား အရပ်ကိုတောင် ရောက်အောင် မသွားနိုင်ဘူးတဲ့ဗျ။ ယာဂုဆွမ်းနှင့်ကလည်း တည့်တော့ သည်နေရာမှာထိုင်ပြီး ဘုဉ်းပေးတော်မူရသတဲ့ဗျ။ သည်တော့ နောက်က ယာဂု ဆွမ်းခံတဲ့ ရဟန်းငယ်က သည်လို အခြင်းအရာကို မြင်တာကိုးဗျ။ မြင်တော့ ဘယ့်နှယ်မှတော့ မလုပ်ပါဘူး။ ဒါပေမယ့် စိတ်က နည်းနည်း မှတ်လိုက်သတဲ့။ သည် အရှင်နှင့်နော် တကတဲ ဘာမှလည်း မိမိကိုယ်မိမိ သာရုပ်နှင့် မညီဘူး။ အခုပဲ လောင်းလိုက်တယ်။ အခုလည်း ချက်ချင်း သည်နေရာမှာ ထိုင်ပြီး ဘုဉ်းပေးတယ်လို့ သည်လို စိတ်ထဲက ထင်မှတ်လိုက်တာတဲ့ဗျ။ ထိုအရှင်ကတော့ ဘယ်လိုလဲဆိုလျှင် လေနာက ဆိုးနေတော့ အခြားအရပ်ကို ရောက်အောင်သွားဖို့ မလွယ်နိုင်လို့တဲ့ဗျ။ လေနာ ပျောက်ချင်လို့ဗျ။ ဒါကြောင့်လည်း သည်နေရာမှာပဲထိုင်ပြီး ဘုဉ်းပေးတော် မူလိုက်တာဗျ။

ရှေးကတော့ သပိတ်ပွဲ ရှိတာပဲ။ အခုလို မဟုတ်ပါဘူး။ အခုတော့ ဇွန်းနှင့် ဘာနှင့်ဗျ။ အဲဒီလို ရဟန်းငယ်က စိတ်ထဲမှာ ခဏကလေးဖြစ်လိုက်တာဗျ။ ဒီတော့ ဟိုမထေရ်ကြီး ရဟန်းငယ်စိတ်မှာ အခုလို ဖြစ်တာကို သိတော်မူသတဲ့ဗျ။ ဒီတော့ ရဟန်းငယ်မှာ အပြစ် မဖြစ်ရအောင်လို့ ဒီလိုဆိုမဖြစ်ဘူးဆိုပြီး ဘယ်လောက် မေတ္တာကရုဏာ ရှိပါသလဲဆိုလျှင် ဒင်း ဆွမ်းခံပြီး ဘယ်အရပ်ကိုသွားမှာလဲ။ ဘယ်နေရာမှာ ဆွမ်းစားမှာလဲ။ ဘယ်အရပ်မှာလဲ ဆိုတာကို ကြည့်တော်မူတဲ့အခါကျတော့ သိတာကိုးဗျ။ သိတော့မှ ဒီက ဆွမ်းဘုဉ်းပေးတော်မူပြီး အဲဒီရဟန်းငယ်ဆွမ်းစားမယ့်နေရာကိုကြွသွားတော်မူတာဗျ။ အဲဒီလို ကြွသွားတော်မူလို့ ရောက်တဲ့အခါကျတော့ အခုန ရဟန်းငယ်က ခရီးဦးကြိုဆိုပြီး ပြုသင့် ပြုထိုက်တဲ့ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ဘာမှ အကြွင်းအကျန် မရှိအောင် ပြုတာဗျ။ အဲဒီလို အဘိသမာစာရိကဝတ်တွေကို ပြုတဲ့အခါကျတော့ မထေရ်ကြီးလည်း ချမ်းချမ်းသာသာ သီတင်း သုံးတော်မူ

နေတဲ့အခါကျတော့မှ အနားသွားပြီး ဆည်းကပ်တာဗျ။ အဲဒီအခါကျတော့မှ အခုန မထေရ်ကြီးက ငါ့ရှင် ဘယ့်နှယ်လဲ။ ကိစ္စများ ပြီးပါရဲ့လားလို့ မေးတော့ ကြိုးစားပြီး အားထုတ်နေတုန်းပါ ဘုရားလို့ လျှောက်သတဲ့ဗျ။ ဒီတော့ မထေရ်ကြီးက ဆိုလိုက်တော့ ချက်ချင်းပဲ အခုန မထေရ်ငယ်ကလည်း သူမနက်က စိတ်ထဲမှတ်လိုက်မိတာကို သိသတဲ့ဗျ။ ဒီတော့မှ ငါတော့ မဖြစ်ဘူး ရှိခိုးတောင်းပန်မှပဲဆိုပြီး မှန်လှပါဘုရား၊ ဘုရား တပည့်တော်သည် မိုက်သည့်အလျောက်၊ ဆိုးသည့်အလျောက်၊ အခုလိုအရှင်ကောင်းကို ပြစ်မှားမိပါတယ်ဘုရား။ နောက်တစ်ဖန် ဘုရားတပည့်တော်သည် ဤကဲ့သို့ မဖြစ်စေချင်ဌာ၊ သည်းခံတော် မူပါဘုရားလို့ ကန်တော့တာပဲတဲ့ဗျ။

အဲ့ဒီလို ကန်တော့လိုက်တော့ ပြီးတာပဲဗျ။ သူ့အပြစ်ကို လျှောက်ထားပြီး ဘုရားတပည့်တော် လိုပါသေးသည် ဘုရားလို့ ကန်တော့လိုက်လျှင် ပြီးတာပဲ့ဗျ။ ကန်တော့ပြီးတော့ ဆက်လက် အားထုတ်သွားနိုင်တဲ့ဗျ။ ဆက် အားထုတ်တော့ မိမိရဲ့ တောင့်တချက် ပြီးတာပဲ့ဗျ။ ဒီလိုပြစ်မှားမိပြီးတော့ အခုနလို မကန်တော့လျှင် ဆက်အားထုတ်လို့ မရတော့ဘူးတဲ့ဗျ။ အဲဒါ အရိယာပိုင်းကထာကို လျှောက်ပြောတာဗျ။

မေး။ ။အခုနလို အားထုတ်နေလျှင် ဘာဖြစ်မလဲ။

ဖြေ။ ။အရိယာ ဖြစ်ပါတယ် ဘုရား။

မေး။ ။အခုနလို စွပ်စွဲမိလျှင် ဘယ့်နှယ်လဲ။

ဖြေ။ ။ရှေ့ဆက် အားထုတ်လို့ မရတော့ပါဘူး ဘုရား။

အေး၊ ဒါကြောင့် အခုနလို မဖြစ်ရအောင် သတိပြုရမယ်ဗျ။သူတို့ ဒီလို ပြုမိတယ်ဆိုလျှင်လည်း သည်လို ရှိခိုးပြီး တောင်းပန်မှာ မဟုတ်ဘူးထင်တယ်။ သူတို့ မတည့်နေလို့ တာကလည်း တစ်နေ့ ဘယ်နှစ်ခါသောက်များ မတည့်နေမှန်းမှ မသိဘဲ။

မေး။ ။ဘယ်နှစ်ခါတုန်းဗျ။

ဖြေ၊ ။မရေတွက်နိုင်ပါဘူး ဘုရား။

မေး။ ။အဲဒါတွေ ဖြစ်နေတာကို ကန်တော့ပြီး တောင်းပန်ရဲ့လားဗျ။

ဖြေ။ ။မကန်တော့ပါဘူး ဘုရား။

အေး ဒါကြောင့် ဒါတွေကို နားလည်အောင် ပြောရတာဗျ။ ဥပမာ တစ်ယောက်နှင့် တစ်ယောက် စကားစပ်မိကြလျှင် ဘာပြောကြသလဲ။ ကိုယ်ပျင်းတာ၊ ကိုယ် ဖျင်းတာ၊ ကိုယ် နေရာ မကျတာကို ပြောကြရဲ့လား။ ဘယ်လို ပြောသလဲဗျ။

ဖြေ။ ။တိုးတိုးနှင့် အတင်းပြောတာပါ ဘုရား။

မေး။ ။ကျယ်ကျယ် ကျယ်ကျယ် ပြောတာကတော။

ဖြေ။ ။ဒါလည်း အတင်းကျယ်ကျယ် ပြောတာပါ ဘုရား။

မေး။ ။အရပ်ထဲမှာ ပြောကြတာကကော။
ဖြေ။ ။အရပ်အတင်းပါဘုရား။
မေး။ ။စေတီရင်ပြင် ဗောဓိရင်ပြင်မှာကော။
ဖြေ။ ။စေတီရပ်ပြင် ဗောဓိရင်ပြင်မှာဆိုလျှင် အတင်းပြောလို့တယ်ကောင်း ပါတယ်ဘုရား။ တရားအားထုတ်ပြီးလို့ နားတဲ့အချိန်ကျတော့ လက်ဖက်ရည်ကြမ်းကလေးနှင့် အတင်းပြောလို့ တယ်ကောင်းတာပဲ ဘုရား။

ဒါကြောင့် ခုနဟာကို မှတ်ထားကြနော်၊ ကြားလား။ ပြောမယ်ဆိုလျှင် ဘာပဲဖြစ်ဖြစ် တစ်ယောက်တစ်ယောက်မှာ ပြောစရာ ဂုဏ်ကျေးဇူးတွေ အများကြီး ရှိပါတယ်ဗျ။ ဥပမာ တင်ယောက်ယောက်က လမ်းမှာ ကိုးလို့ကန့်လန့်ကြီး အိပ်နေမယ်ဗျာ။ အဲသည်လို အိပ်နေတာကိုမြင်တော့ ဘယ့်နှယ်လဲ။ အဲဒီလို အိပ်နေတာဟာ ကြည့်လို့ ကောင်းရဲ့လား။

ဖြေ။ ။ကြည့်လို့ မကောင်းပါဘူးဘုရား။

ဒါပေမယ့် စိတ်က ဘယ်လိုအောက်မေ့ရမလဲ။ အဲ့တစ်ခါတော့ နေရာကျပြီ။ သူက ပြောတာပဲ။ ဟိုလိုပြောနေမယ်ဆိုလျှင်တော့ ကြာနေမယ် ဆိုပြီး အခု ဒီမှာ ငါ့ကိုကြည့်။ ဒီလို အိပ်နေတာဟာ ကြည့်လို့မကောင်းဘူး။ ဘုရား အဆုံးအမနှင့်မညီညွတ်ဘူး။ ဘုရားရှင်က ဒီလို မအိပ်ရဘူးလို့ ဆုံးမတာ။ ဒီလို နေရင် အစီးအပွားယုတ်တယ်။ ဒါကြောင့် မင်း ဒီလို မနေနှင့်လို့ဆိုပြီး လုပ်ပြတာဗျ။ ဟုတ်လား။ ကိုယ့်ကိုယ်ကို တရားဟောတဲ့ ဓမ္မကထိကကြီးဗျ။ သူတရား ဟောနေတာဗျ။ ဒီလို စိတ်ထဲမှာ မှတ်ရမယ်ဗျ။ အဲဒီလို စိတ်ထဲမှာ မှတ်ပြီး ဓမ္မ ကထိကကြီး ကို ကျေးဇူးတင်ပြီး ပူဇော်ဖို့ မကောင်းဘူးလားဗျ။ ဒကာကြီးစားမယ့် တောင်းကောင်းကလေးတွေကို ဓမ္မကထိကကြီးကို နှီးပြီး ကျွေးလိုက်ဗျ၊ ဟုတ်လား။ အဝတ်ကောင်းကောင်းကလေးတွေ ရှိလျှင်လည်းပဲ အဲဒီ ဒကာကြီးကို ပူဇော်လိုက်ဗျ။ ဟုတ်ပါရဲ့လား။ အဲဒီလို စိတ်က ထားပြီးလုပ်လိုက်လျှင် ဟိုလို ဖြစ်ပါဦးမလားဗျာ။

ဖြေ။ ။မဖြစ်ပါဘူးဘုရား။

အေး၊ အဲဒီလို ကျေးဇူးဂုဏ်တွေကိုကြည့်ပြီး ကျေးဇူးဘင်ရမယ်ဗျ။ ဒီလိုမှမဟုတ်ဘဲ ဒီအကောင် ဒီနေရာမှာအိပ်နေတာ ဘယ်သူတုန်းဟ။ ဘယ်က အကောင်လဲနှင့် ဒကာကြီးတို့ ပြောတတ်ပါတယ်။ ဘယ့်နှယ်ပြောမှာလဲဗျ။

ဖြေ။ ။ဒီအကောင်းဘယ်သူတုန်း။ ဘယ်သူ့သားလဲ၊ သူ့အမေက ဘယ်သူ၊ သူ့အဖေက ဘယ်သူပဲ။ ဘာဖြစ်လို့ ဒီအကောင်ကဒီနေရာမှာ အိပ်နေရတာလဲဆိုပြီး အပြစ်တင်စကား ပြောမှာပါဘုရား။

မေး။ ။အဲဒီတော့ ဘယ့်နှယ်လဲ။
ဖြေ။ ။စိတ်ဆိုးပါရောဘုရား။

မေး။ ။အေး၊ သူကတော့ မသိရှာဘူးဗျ။ ဒကာကြီး ဂ သာ ဘယ့်နှယ် ဖြစ်မှာလဲ။

ဖြေ။ ။တပည့်တော်မှာ အပြစ်ဖြစ်ပါရောဘုရား။

မေး။ ။ဒါဖြင့် အခုနလို ဆက်ပြီး အားထုတ်သွားလျှင် ဘယ့်နှယ်လဲ။ သူက မတော်တဆအိပ်ပျော်သွားတာတဲ့ဗျ။ အားထုတ်တာကတော့ အဟုတ်ကို အားထုတ်နေတဲ့ ဒကာကြီး မဟုတ်လား။

ဖြေ။ ။ဒီလို အဟုတ် အားထုတ်နေတဲ့ သူကို သွားပြီးတော့ ပြစ်မှားမိရင် တပည့်တော် ရှေ့ဆက်ပြီးလုပ်လို့ မရတော့ပါဘူးဘုရား။

မေး။ ။အေး၊ ဒါကြောင့် သူ့ဟာ ဘာရယ်လို့ မသိဘဲနဲ့ အခုနလို သွားပြီး လုပ်မိလျှင် ကိုယ့်အကျိုးစီးပွား ဘယ့်နှယ်ဖြစ်မလဲ။

ဖြေ။ ။တပည့်တော်မှာ အကျိုးစီးပွား ဆုတ်ယုတ်သွားပါတယ်ဘုရား။

မေး။ ။ဒါကြောင့် အခုနလို ဒါဟာ ငါတို့ကို ဒီလို မလုပ်နဲ့လို့ ပြောတာပဲ။ ငါတို့ကို တရားဟောနေတဲ့ ဓမ္မကထိကကြီးဆိုပြီး ကျေးဇူးတင်ရမယ်ဗျ။ ဒီလို ဆိုတော့ ကိုယ့်မှာ ဘယ့်နှယ်လဲ။

ဖြေ။ ။ကိုယ့်မှာလည်း အင်မတန် အကျိုးရှိသွားပါတယ်ဘုရား။

မေး။ ။အဲဒါဖြင့် ဒကာကြီးက သည်လိုလုပ်မှာလားဗျ။

ဖြေ။ ။သည်လိုတော့လည်း တပည့်တော်တို့မှာ ပုထုဇဉ်ဆိုတော့ စိတ်မှာ လုပ်နိုင်ဖို့ ခဲယဉ်းပါတယ်ဘုရား။

မေး။ ။ဒါနှင့် အခုနတော့ သိကြားရှိခိုးခံချင်တယ်ဆိုပြီး အခုတော့ မဟုတ်ပြန်ဘူးလား။

ဖြေ။ ။သည်လောက်ထိအောင် ခက်ခဲမယ်မှန်း မသိလို့ ရှိခိုးခံချင်တာပါဘုရား။

မေး။ ။ဒါလုပ်ရမှာ ခက်သလားဗျ။ အခုနလို အိပ်နေတာကို မြင်တော့ ကျေးဇူးတင်ရမှာ ခက်သလားဗျ။

ဖြေ။ ။မခက်ပါဘူးဘုရား။

သည်လို အိပ်နေတာ မြင်တော့ဟာ သူကတရားဟောနေတာ မဟုတ်လားဗျ။ ဟိုလိုပြောနေလျှင် ကြာနေမှာစိုးလို့ သူ့ဒကာကို သူက အကောင်အထည်နှင့်လုပ်ပြတာဗျ။ သည်တော့ သူက တရားဟောတဲ့ ဓမ္မကထိကကြီး မဟုတ်လား။ ဒါကြောင့် ဒကာကြီး ကြည်ညိုပြီး ပူဇော်မယ် မဟုတ်လား။

ဖြေ။ ။ပူဇော်ထိုက်ပါတယ်ဘုရား။

မေး။ ။ပူဇော်ထိုက်ရင် ပူဇော်မှာလားဗျ။

ဖြေ။ ။ပူဇော်ပါမယ်ဘုရား၊ တပည့်တော်က သိကြားရှိခိုး ခံချင်တာကိုဘုရား။

မေး။ ။ဒါဖြင့် သည်လိုလုပ်မှာလား။
ဖြေ။ ။လုပ်ပါတော့မယ်ဘုရား၊ ဒါမှ သိကြားရှိခိုးလည်းခံရ အရိယာလည်း ဖြစ်မှာပါဘုရား။

အေး၊ ဒါတော့ နည်းနည်းကျဉ်းကျဉ်း လျှောက်ပြောတာဗျ။ သည်တော့ အာစာရအရိယာ ဒဿနအရိယာဖြစ်အောင် အခုနလို စိတ်လျှင်မြန်ပုံတွေကို မဖြစ်အောင် ဘယ်လိုမှတ်ရမလဲဆိုလျှင် ဥပမာ အခု သည်နေရာမှာပဲ ပြောကြပါစို့။ အားလုံးက ကောင်းနေကြပြီး ကိုယ်တစ်ယောက်တည်းက အတော်ပဲမကောင်းတဲ့အမှုကို ကိုယ်နှင့် နှုတ်နှင့်ပြုတယ်။ လုပ်ပုံကိုင်ပုံ နေရာမကျဘဲ ဘုရားအဆုံးအမနှင့် မတည့်အောင် လုပ်နေတာဗျ။ သည်မှာ ကောင်းနေတာကတော့ အကုန်လုံးက ကောင်းနေကြတာဗျ။ သည်တော့ ကိုယ်တစ်ယောက်တည်းက အခုနလို လုပ်နေတာကို မြင်တဲ့လူတွေက ဘယ်လို အောက်မေ့သွားမလဲ။ တရားအလုပ် လုပ်နေတာဆိုပြီး မဟုတ်ပါဘူးကွာ၊ ငါသေသေချာချာ မြင်ခဲ့တာပါကွာလို့ ပြောမယ်မဟုတ်လား။ သည်လိုပြောတာကို သည့်ပြင်ဟာတွေ အကုန်လုံးက ကောင်းနေလျက်သားနှင့် ကိုယ့်ကိုမြင်သွားတာနှင့်ပဲ အကုန်လုံး ရောပါသွားရတယ်။ သည်တော့ သူ့ခမျာ ကိုယ်နေရာမကျတာနှင့် ဘယ့်နှယ်ဖြစ်သလဲ။
ဖြေ။ ။အပြစ်ဖြစ်သွားပါတယ်ဘုရား။

အဲဒါဘာကြောင့်လဲ အဲဒါကိုယ့်ကြောင့် သူ့ခမျာ အပြစ်ဖြစ်ရတာဗျ။ အဲသည်လိုမဖြစ်ရအောင် သတိထားဖို့လိုတယ်ဗျ။ ကိုယ့်အတွက်နှင့် သူများကို အပြစ်မဖြစ်စေချင်ဘူး။ ဘာဖြစ်လို့လည်းဆိုလျှင် ငါနေရာမကျတာ ကိစ္စမရှိဘူး။ ပြီးတော့ငါတစ်ယောက်တည်းမဟုတ်ဘူး။ သည်မှာရှိတဲ့ဟာတွေကအကုန်လုံး အကောင်းတွေချည်းပဲ။ သည်တော့ ငါ့ကိုမြင်သွားလျှင်ဖြင့် သူ့ခမျာ အပြစ် ဖြစ်တော့မယ်။ သည်တော့ ငါ့အတွက်နှင့် သူ့ခမျာ အပြစ် မဖြစ်စေနှင့်လို့ဆိုပြီး ကိုယ်နေရာမကျတာကို မမြင်အောင် နေရမယ်ဗျ။ ကိုယ်နေရာမကျလို့ ကိုယ်တစ်ယောက်တည်း အပါယ်ကျရမယ်ဆိုလျှင် တော်သေးတယ်။ ကိုယ်မကောင်းတာနှင့် ကိုယ့်ဟာတွေပါ တောက်လျှောက်ကြီး အပါယ်ကျသွားမယ်။ ပြီးတော့ ဟိုကလည်း သည်လိုအကြောင်းကိုသိပြီး ငါပြစ်မှားမိပြီဆိုပြီး လာကန်တော့မှာ မဟုတ်ဘူးဗျ။

ဖြေ။ ။မကန်တော့ပါဘူးဘုရား။

မေး။ ။မကန်တော့လို့ ဆက်လုပ်နေလျှင် ဘယ့်နှယ်လဲ။

ဖြေ။ ။နစ်သတဲ့နစ်မှာပဲဘုရား။

အေး သည်လိုဖြစ်တယ်ဗျ။ ဒါကြောင့် အားလုံးတို့ဟာ ဘုရားဆုံးမတဲ့ အဆုံးအမတွေကိုမှတ်ပြီးတော့ တောင့်တတဲ့အတိုင်း ပြီးချင်လျှင် အခုနလို

တစ်ဆက်တည်းပြု၊ အဲသည်လို ပြုပြီးဆိုတော့ အားလုံးတို့ဟာ အစီးအပွားများ ပြီးတော့ အပြစ်ခပ်သိမ်း ကင်းရှင်းချင်လို့ ရှိလျှင် အခုနလိုကတိပြု။ အဲသည်လို ဆိုလျှင် အတ္တဟိတ ပရဟိတ အကုန်လုံး ကောင်းသွားမယ် မဟုတ်လား၊ ဒါကြောင့် အခုနပြောတဲ့ အာစာရ အရိယာကို အခုကစ ပြီဆိုမှဖြင့် အကုန် လုံး တောက်လျှောက်ချည်း နေရာကျပါလိမ့်မယ်ဗျ။ ဒါကြောင့် ရှေးအရှင် တွေဟာ မမေ့မလျော့ဘဲ သည်လိုသွားကြတော့ တောင့်တတဲ့အတိုင်း ပြီးကြ တယ်ဗျ။ အခုလည်း အားလုံးသော သူတော်ကောင်း အစားစားတို့ဟာ ရှေး အရှင်တွေ တောင့်တဘဲ့အတိုင်း ပြီးသလို ပြီးရအောင် ဝီရိယထူထောင်ပြီး တော့ ကြိုးစားကြ အားထုတ်ကြဗျား။

# အကျိုးစီးပွားရှိတာသာပြောကြ

"အစီးအပွားကိုပြော၊ အစီးအပွားမရှိတာကို မပြောနှင့်၊ ပါရမီရှိမှဖြစ်တယ်ဆိုတာ ဘုရားဟောတာ မဟုတ်ဘူး။ ကိုယ့်ဟာကိုယ် တော်သလိုပြောတာဗျ။ ဘုရားဟောတာက ဝီရိယ ထူထောင်လျှင် မဖြစ်ဘူးလို့မျှား ဟောတော်မူသလား"

(ဝေဘူဆရာတော်ဘုရားသည် ပြုခြင်း၊ ပြောဆိုခြင်း အမှုတို့၌ သူတကာ အစီးအပွားမရှိတာ၊ ကိုယ်အစီးအပွားမရှိတာကို မပြောကြ မကျင့်ကြလျှင် ပစ္စုပ္ပန်ရော၊ သံသရာရော အကျိုးရှိမည် ဖြစ်ကြောင်း အပရာဇိတမင်းကို ပမာဆောင်၍ ၁၉၅၅ခု၊ မေလ ၂၀ ရက်နေ့ညတွင် ရန်ကုန်တက္ကသိုလ် ဓမ္မာရုံ၌ ဟောကြားတော်မူခဲ့ပါသည်။

ဝေဘူဆရာတော်အရှင်မြတ်သည် ပထမရှေးဦးစွာ ရှစ်ပါးသီလပေးပြီး နောက် အောက်ပါအတိုင်း တရားတော် ချီးမြှင့်ပါသည်။

### တရားနာခံအဖြစ် ဦးလှက ဆောင်ရွက်ပါသည်

အခု ဒကာကြီး ဒကာမကြီးတွေ မြတ်စွာဘုရား သာသနာတော်တည်ရာ တည်ကြောင်းနှင့်တကွ သားသမီး မြေးမြစ်တွေရဲ့ တာဝန် ဝတ္တရားတွေ၊ ခန္ဓာကိုယ် အတွင်းအမှု ကိစ္စတွေကို နေ့စဉ် ပြုနေရတယ်မဟုတ်လား။

မေး။ ။အဲဒီလိုဟာတွေကို ပြုရတာကဘာလဲ။

ဖြေ။ ။စရဏပါဘုရား။

မေး။ ။အေး၊ အဲဒါက သီလဘက်ကဗျ။ အခုနပြောသလို စိတ်ကလေးကို ထိုထို ထိုထို တစ်ပါးအာရုံ မသွားစေဘဲ စိုက်စိုက်စူးစူးကလေးထား လို့နေတာက ဘာလဲ။

ဖြေ။ ။ဝိဇ္ဇာပါဘုရား။

မေး။ ။သည်တော့ အခုနလို အမှုကိစ္စတွေကို လုပ်ရင်း သည်လိုစိတ်ကလေးကို ထားလို့မဖြစ်ဘူးလားဗျ။

ဖြေ။ ။ဖြစ်ပါတယ်ဘုရား။

မေး။ ။အဲသည်လိုထားလို့ နေတယ်ဆိုလျှင် ဒါဟာတစ်ချိန်တည်းမှာ စရဏ ရော၊ ဝိဇ္ဇာရော နှစ်ခုစလုံး ပြီးတယ်မဟုတ်လော။

ဖြေ။ ။ပြီးပါတယ်ဘုရား။

မေး။ ။အေး ဒါကြောင့် အခုနလို ခန္ဓာဝန်အတွက် အခုကိစ္စတွေလုပ်ရင်း စိတ်ကလေးကို ထားရမယ့်နေရာမှာ တစ်ပါးအာရုံတွေကို မသွား စေဘဲ စိုက်စိုက်စူးစူးကလေးထား၊ ထားတော့ နေတယ်မဟုတ်လား။

ဖြေ။ ။နေပါတယ်ဘုရား၊ သို့သော်လည်း အခု တရားနာ ပရိသတ်တွေ ထဲမှာ အရှင်ဘုရားရဲ့တရားကို မနာဘူးသေးတဲ့လူတွေလည်း ပါပါ တယ် ဘုရား။

ဒါကတော့ ဒကာကြီး ဒကာမကြီးတွေမှာ မေတ္တာရှင်၊ ကရုဏာရှင် တွေက အမြဲမပြတ် အခါအခွင့် ရတိုင်းရတိုင်း သွန်သင်ဆုံးမထားလို့ သိပြီး သား တတ်ပြီးသားတွေချည်းပါပဲဗျ။ ဘုရားဆုံးမတော်မူတဲ့ ပိဋကတ်သုံးဖြာ မှာ သုတ်ကဘယ်ဒင်း၊ အဘိဓမ္မာကဘယ်ဒင်း၊ ဝိနည်းက ဘယ်ဒင်းဆိုတာ အားလုံးမှတ်သားပြီးသား ရှိကြပါတယ်ဗျ။ ဒါပေမယ့် ဘုရားရှင် ဆုံးမတော် မူခဲ့တာတွေကတော့ ပြောလို့မကုန်နိုင်အောင် များပြားပါတယ်။ သည်လို များပေမယ့် အားလုံးဟာ ဆင်းရဲမှုလွတ်မှုတစ်ခုပဲဗျ။ သည်တော့ ကိုယ်မှတ် ထားတာတွေအများကြီးရှိတဲ့ အထဲက ကိုယ်နှစ်သက်တာ တစ်ခုခုကို ဝီရိယ သန်သန်နှင့် ထူထောင်၍ ဖြစ်တာချည်းပဲဗျ။

လျှောက်။ ။တပည့်တော်တို့မှာ မှတ်ထားတာတွေကတော့ တစ်ယောက်နှင့် တစ်ယောက် မတူပါဘူးဘုရား။

မတူပေမယ့် အားလုံးက ဆင်းရဲမှုလွတ်မှု တစ်ခုတည်းပါပဲဗျ။ ဘယ် ဟာကိုပဲလုပ်လုပ် ဝီရိယရှိဖို့ လိုတာပါဗျ။ ဥပမာတစ်ခု ဒကာကြီး ဒကာမကြီး တို့ရယ် အိမ်တိုင်း အိမ်တိုင်းမှာ ဆားတော့ရှိကြတယ်မဟုတ်လား။

ဖြေ။ ။ရှိကြပါတယ်ဘုရား။

ဘုရားရှင်သာသနာထားခဲ့တယ်ဆိုတာ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့အတွက် ထားခဲ့တာ မဟုတ်ဘူး။ ပြီးတော့ အနာထပိဏ်တို့ ဝိသာခါတို့အတွက် ထားခဲ့တာ မဟုတ်ဘူး။ အားလုံးသော ဝေနေယျ သတ္တဝါတွေအကုန်လုံးအတွက် ထားခဲ့တာဗျ။ သည်လို ထားခဲ့တဲ့ သာသနာ အနှစ်ငါးထောင်အတောအတွင်းမှာပဲ အားလုံးတို့ဟာ စိတ်နှလုံးအလိုအတိုင်း ပြီးစီးအောင်မြင်ကြလို့ ချမ်းသာသုခတွေ အသီးသီးနှင့် ပြည့်စုံသွားကြတာကို မနည်းပေါင်တဲ့ဗျာ။ သည်တော့ သည်လို ဘုရားရှင်ထားခဲ့တဲ့ သာသနာ ငါးထောင်ဟာ အားလုံးသော ကျွတ်ထိုက် ကျွတ်သင့်သော ဝေနေယျ သတ္တဝါတွေအတွက် ထားခဲ့တာဆိုတော့ သည်အထဲမှာ ဒကာကြီးတို့ရဲ့ ဝေပုံကော မပါဘူးလား။

ဖြေ။ ။ပါပါတယ်ဘုရား။

မေး။ ။သည်တော့ ကိုယ့်ဝေပုံဟာ ဘယ်အချိန်မှာ ယူရမယ်။ ဘယ်အချိန်မှာ ယူရမယ်လို့ ရှိသေးသလား။

ဖြေ။ ။သည်လို မရှိပါဘူးဘုရား။ လိုချင်တဲ့အချိန်ရပါတယ်ဘုရား။

မေး။ ။သည်လိုချမ်းသာသုခတွေတော့ ဘယ့်နှယ်လဲ မလိုချင်ဘူးလား။

ဖြေ။ ။လိုချင်ပါတယ်ဘုရား။

မေး။ ။လိုချင်လျှင် ယခုကဲ့သို့ ဘုရားရှင်ထားခဲ့တဲ့ သာသနာဝေပုံ ရှိတဲ့အခါမှာ အခု ဒကာကြီး လူ့ဂတိလူ့ဘဝကို ရောက်လာတာ ဘယ်လောက်ကြာသွားပြီလဲ။

ဖြေ။ ။အတော်ကြာပါပြီဘုရား။

မေး။ ။အခု အသက်ဘယ်လောက်ရှိပြီလဲ။

ဖြေ။ ။အသက် ၆၀ ရှိပါပြီဘုရား။

နို့အဲ့သည်လို အသက် ၆၀ ရှိတဲ့ ဒကာကြီးဟာ ကိုယ့်အတွက် ဝေပုံထားခဲ့မှန်းသိပြီးတော့ ဒါကိုအကြွင်းအကျန်မရှိ အောင်ယူရဲ့လားဗျ။

ဖြေ။ ။အခု အကုန်လုံးယူရအောင် ထားခဲ့ပြီး လာကြတဲ့ ဘုရားနှာပရိသတ်တွေပါဘုရား။

မေး။ ။ရရခြင်း မယူထားသေးဘူးလား။

ဖြေ။ ။အခု ယူဆဲယူလတ္တံ့၊ ယူတုန်းပါဘုရား။

အေးဒါက ကိုယ့်ဝေပုံဗျ။ သည်တော့ ယူတဲ့အချိန်မှာ ရတာပဲဗျ။ သည်ဟာကို ယူကြပြီဆိုတော့ တစ်ခဏစာ တစ်ဘဝစာ မဟုတ်ဘူး။ ဘုရားရှင်ထားတော်မူခဲ့တာက သံသရာတစ်လျှောက်လုံးအတွက် လုံးလုံးကြီး ထားခဲ့တာဗျ။ သည်တော့ ကိုယ်သဘောကျသလို အကြွင်းအကျန်မရှိ ယူရပါတယ်ဗျ။ ယူကြပြီဆိုမှဖြင့် အားလုံးတို့ အသီးသီးဟာ ရကြပါလိမ့်မယ်ဗျ။ အခုယူ အခုရကြတာဗျ။ (တင်ပါ့ဘုရား။)

ရှေးအရှင်တွေဟာလည်း သည်လိုအချိန် သည်လိုအခါ သည်လိုဘဝမှာပဲ ဝီရိယတွေနှင့် ထူထောင်ပြီး ယူကြသည်ဖြစ်သောကြောင့် ရကြတာပဲဗျ။

လျှောက်။ ။တပည့်တော်တို့မှာတော့ ပါရမီများ လိုနေလို့လားမသိပါဘူး ဘုရား။ ယူတော့ယူတာပဲ။ ယူပြီးတဲ့နောက် ပျောက်ပျောက်သွားပါတယ်ဘုရား။

မေး။ ။ဒါကလည်း ဒကာကြီးရယ် အခု မိုးတွေဘာတွေ ရွာတယ်မဟုတ်လား။

ဖြေ။ ။ရွာပါတယ်ဘုရား။

မေး။ ။ရွာတဲ့အခါကျတော့ အိမ်က မိုးယိုရောဗျာ။ အဲသည်လို ယိုတာဟာလည်း အိမ်ကောင်းလို့လား၊ အိမ်မကောင်းလို့လား၊ ဘယ်ဟာမကောင်းတာလဲ။

ဖြေ။ ။မိုးယိုတာကတော့ အိမ်မကောင်းလို့ပါဘုရား။ ဖားသံ ကြားတာကတော့ တပည့်တော် ဇီရိယနည်းလို့ပါဘုရား။

မေး။ ။အိမ်တည့်လို့လား။ အိမ်ရှင်ကမပြင်လို့လား။

ဖြေ။ ။အိမ်ရှင်က မပြင်လို့ပါဘုရား။

ဖြေ။ ။ဒါနှင့် မိုးယိုတာ အိမ်ကို အပြစ်တင်သလားဗျ။

ဖြေ။ ။အိမ်က ဘာမှ ပြန်မပြောတတ်တော့ အိမ်ကိုပဲ အပြစ်ချလိုက်ရတာပဲဘုရား။

မေး။ ။ဒါ အိမ်ရှင်အပြစ်လား အိမ်အပြစ်လားဗျ။

ဖြေ။ ။အိမ်ရှင်အပြစ်ပါဘုရား။

မေး။ ။ဒါဖြင့် အခုန ဖားသံကြားတာကကော ပါရမီလားဗျ။

ပါရမီရှိတဲ့ လူတွေတော့ အခုနလိုထားလိုက်လျှင် နေတယ်လို့ မှတ်ထားဘူးပါဘုရား။ တပည့်တော်တို့က ပါရမီနည်းတော့ စိတ်ထဲလည်းထားလျက်၊ ဖားသံကလည်း ကြားလျက်နှင့် စိတ်က ဟိုရောက်သည်ရောက်၊ လိုတော့လည်း လိုချင်လိုက်တာ၊ တပည့်တော်ထက် လိုချင်တဲ့လူတောင် မရှိဘူးလို့ ထင်နေပါတယ်ဘုရား။

မေး။ ။ကောင်းပါ့ဗျာ လိုချင်တယ်ဆိုလျှင် ဒကာကြီး ထမင်းစားချင်တယ်မဟုတ်လား။

ဖြေ။ ။စားချင်ပါတယ်ဘုရား။

မေး။ ။အဟုတ် စားချင်တဲ့ အခါကျတော့ ဒကာမကြီးက ပျင်းပျင်း ဖျင်းဖျင်းနှင့်၊ ခူးမကျွေးလျှင် ဘယ့်နှယ်လဲ။

ဖြေ။ ။ကိုယ်တိုင်ဝင်ပြီး ခူးစားလိုက်တာပဲဘုရား။

မေး။ ။ခူးမပေးလျှင် ငါတော့ မစားသေးဘူးလို့များ လုပ်သေးသလား။
ဖြေ။ ။မလုပ်ပါဘူးဘုရား။
မေး။ ။အခုလည်း အားထုတ်ပါဆိုတော့ ဖားသံတွေ ကြားတယ် ဆိုတာ အဟုတ်လိုချင်ရင် ကြားပါမလားဗျ။
ဖြေ။ ။တပည့်တော် အဟုတ်တော့ လိုချင်ပါတယ်ဘုရား။ ပါရမီက ည့်နေလို့ ထင်ပါတယ် ဘုရား။
မေး။ ။အခုန ထမင်းတော့ အဟုတ်စားချင်တယ် မဟုတ်လား။
ဖြေ။ ။စားချင်ပါတယ်ဘုရား။
မေး။ ။အဟုတ်စားချင်တော့ သူတို့က မကျွေးတော့ နေပေစေဆိုပြီး နေသလားဗျ။
ဖြေ။ ။နေပေစေလို့ မနေပါဘူးဘုရား။ ကိုယ်တိုင် ခူးခပ် စားလိုက်တာပဲ ဘုရား။
မေး။ ။အခုလည်း ဆင်းရဲက အဟုတ်လွတ်ချင်လျှင် ဘယ့်နှယ်လဲ၊ သည် ဖားတွေကို လှည့်ချနေမှာလား။
ဖြေ။ ။ဖားတွေကို လှည့်မချပါဘူးဘုရား၊ ဖားသံမကြားအောင်ကိုပဲ ကိုယ့်နားကို ဝီရိယတင်းပေးမှာပဲဘုရား။
မေး။ ။ဒါဖြင့် သည်လိုလုပ်ဗျ။ ပါရမီက ရှိကြပါတယ်ဗျ။ ဘာက လိုနေတာလဲဗျ။
ဖြေ။ ။ဝီရိယ လိုနေပါတယ် ဘုရား။

လိုမှန်းသိအောင် မလိုအောင်လုပ်ကြဗျ၊ ကြားလား။ အဲသည်လို ဂရုစိုက်ကြပြီဆိုမှဖြင့်၊ ဝီရိယကောင်းပြီဆိုမှဖြင့် အဲသည်လိုပါဗျ။ အဲဒါကြောင့်မို့ ပါရမီရယ်၊ ဖားရယ်လို့ မဆိုနှင့်၊ ဘယ်လိုတုန်းဆိုတော့ အခွင့်အခါ နေရာကျပြီဆိုမှဖြင့် အမှန်အတိုင်း တောင့်တတဲ့အတိုင်းဟာ ယူကြပြီဆိုလျှင် ကောင်းပြီးနိုင်တယ်ဆိုတာကိုသိနိုင်တယ်။ သိပြီးပြီဆိုတော့ ဖြောင့်ဖြောင့်ချည်း သည်လိုယူကြ။ ကိုယ်လည်းယူ၊ သည့်ပြင်လူတွေလည်း ရစေချင်လျှင် ရအောင်လုပ်။ အကျိုးမရှိတဲ့ ပါရမီ မရှိဘူးဆိုတဲ့ စကားကို မပြောနှင့်။ ကိုယ်လည်း ပါရမီ မရှိဘူးဆိုပြီး သည်လိုမနေနှင့်။ တည့်တည့်ဖြောင့်ဖြောင့်လုပ်ဗျ။ အဲသည်လို လုပ်လျှင် ကိုယ်လည်း ရှေးအရှင်တွေလို တည့်တည့်ဖြောင့်ဖြောင့်သွားလျှင် နေရာကျမယ်။ သည့်ပြင် လူတွေကောဗျာ။
ဖြေ။ ။သည့်ပြင်လူတွေလည်း သည်လို နေရာကျမှာပဲဘုရား။

အေး၊ ဒါကြောင့် အစီးအပွားရှိတာကို ပြော၊ အစီးအပွား မရှိတာကို မပြောနှင့်။ ပါရမီရှိမှ ဖြစ်တယ်ဆိုတာ ဘုရားဟောတာ မဟုတ်ဘူး။ ကိုယ့်ဟာကိုယ်တော်သလို ပြောတာဗျ။ ဘုရားဟောတာကဝီရိယလုံ့လကောင်းလျှင် မဖြစ်ဘူးလို့များ ဟောတော်မူသလား။

ဖြေ။ ။စိရိယထူထောင်လျှင် ဘယ်ဒင်းမဆိုဖြစ်တယ်လို့ ဘုရားက ဟောပါတယ်ဘုရား။

မေး။ ။ပါရမီရှိမှုနှင့်များရှိသေးသလား။

ဖြေ။ ။သည်လို မတွေ့ဘူးပါဘူးဘုရား။

အဲသည်လိုဆိုလျှင် ပစ္စုပ္ပန်ရော၊ သံသရာရော သည်လိုချည်းပဲ သွားမှာပဲ။ ဤကဲ့သို့ ဘုရားအဆုံးအမအတိုင်း သွားကြပြီဆိုလျှင် ဘယ်ဟာများ စိတ်နှလုံး အလိုမပြီးတာများ ရှိဦးမလဲ။

ဖြေ။ ။မရှိပါဘူးဘုရား။

မေး။ ။သည့်ပြင်လူတွေကော ချမ်းသာစေချင်တယ် မဟုတ်လား။

ဖြေ။ ။ချမ်းသာစေချင်ပါတယ်ဘုရား။

မေး။ ။ချမ်းသာစေချင်လျှင် အခုလို အခါခပ်သိမ်းအားဖြင့် စဉ်းစားပြီးတော့ ကိုယ်နှုတ်တို့နှင့်ပြုလျှင် အကုန်လုံး အစီးအပွား မရှိဘူးလား။

ဖြေ။ ။အစီးအပွားရပါတယ်ဘုရား။

အေး၊ အဲဒါကို မှတ်ထားကြ။ ပစ္စုပ္ပန်ရော၊ သံသရာရော ကိုယ်လည်း ချမ်းသာချင်တယ်။ သည့်ပြင်အားလုံးတို့လည်း ချမ်းသာချင်တယ်ဆိုလျှင်၊ ကိုယ်နှင့် ပြုတော့မယ်ဆိုလျှင် ငါ့အစီးအပွားများရှိသေးသလား။ အားလုံးရဲ့ အစီးအပွားရှိသလားဆိုတာကို ပထမကြည့်။ ကြည့်တော့ ငါ့အစီးအပွားလည်း ရှိတယ်၊ သည့်ပြင်လူ အစီးအပွားလည်းရှိတယ်ဆိုလျှင် ဒါကိုပြု။ ငါ့လဲ အစီးအပွားမရှိဘူး။ သည့်ပြင်အားလုံးလည်း အစီးအပွား မရှိဘူးဆိုလျှင် မပြုနှင့်။ ပြောပြန်တော့ကော ကိုယ့်အစီးအပွားရှိသလား၊ သူ့အစီးအပွားရှိသလားဆိုတာကို ပထမ စဉ်းစား။ စဉ်းစားပြီးတော့ သူလည်း အစီးအပွားရှိတယ်။ ကိုယ်လည်း အစီးအပွားရှိတယ်ဆိုလျှင် ပြော။ သူလည်း အစီးအပွားမရှိဘူး၊ ကိုယ်လည်း အစီးအပွား မရှိဘူး ဆိုလျှင်လည်း ဒါကို မပြောနှင့်။ အခု ဒကာကြီးတို့ဟာ သည်လို စဉ်းစားပြီးတော့ မပြောဘူး ထင်တယ်။

ဖြေ။ ။သည်လို မပြောပါဘူးဘုရား။

မေး။ ။လုပ်တော့ကောဗျ။

ဖြေ။ ။လုပ်တော့လည်း တလွဲချည်းပါပဲဘုရား။

မေး။ ။အခုပြောတာက ခက်သလားဗျ။

ဖြေ။ ။မခက်ပါဘုရား။

အေး၊ လွယ်လွယ်ကလေးပါဗျ။ သည်တော့ ခက်တာတွေတောင်မှ သူတို့ ကျက်ရ အံ့ရ ပြောရဆိုရတာနှင့် ခက်လိုက်တာဗျာ။ အခုဟာ သည်လောက် မခက်ပါဘူးဗျ။ သည်တော့ တောင့်တချက်တွေဟာ လွယ်လွယ်ကလေးနှင့် မပြီးဘူးလား။

ဖြေ။ ။ပြီးပါတယ် ဘုရား။
မေး။ ။သည်လိုချည်း ဒါတွေကို ပြောလို့ ကုန်နိုင်ပါ့မလား။
ဖြေ။ ။မကုန်နိုင်ပါဘူး ဘုရား။
မေး။ ။အခု ဒကာကြီးတို့ဟာ သည်လိုနှင့် မပြု၊ မပြောသည် ဖြစ်သောကြောင့် သည့်လူတွေလည်း အစီးအပွားမရှိ၊ ကိုယ်လည်း အစီးအပွားမရှိတာတွေ ဖြစ်တာပဲ မဟုတ်လား။
ဖြေ။ ။တင်ပါ့ ဘုရား။ သည်လို မစဉ်းစားဘူး၊ မစဉ်းစားတော့ အစီးအပွားတွေ အကုန်ယုတ်ကုန်ပါတယ် ဘုရား။
မေး။ ။စိတ်ကကော။
ဖြေ။ ။စိတ်ကလည်း ယုတ်ပါတယ် ဘုရား။

ဒါတွေကို စဉ်းစား။ စဉ်းစားလို့ သိတော့မှ သည်လိုပြုကြ။ အဲသည်လို ပြုပြီးတော့ သွားကြသည် ဖြစ်သောကြောင့် အစီးအပွားများသည်လည်း ပြောလို့ မကုန်နိုင်ပါဘူးဗျ။ ကိုယ်နှင့် ပြုတာနှုတ်နှင့်ပြုလို့ အစီးအပွား များတာတွေကော ပြောလို့ ကုန်နိုင်ပါ့မလား။
ဖြေ။ ။မကုန်နိုင်ပါဘူး ဘုရား။
မေး။ ။အဲသည်လိုပြု သွားမယ်ဆိုလျှင် ပစ္စုပ္ပန်ရော၊ သံသရာရော အဲသည်လို ပြီးတာပါဗျ။ သည်လောက်ပါပဲဗျ။ များများကြီး မဟုတ်ပါဘူး။ သည်လိုပြုတာ ဘာများ လိုသေးသလဲ။
ဖြေ။ ။ဘာမှမလိုပါဘူးဘုရား။
မေး။ ။ပါရမီလိုသေးသလား။
ဖြေ။ ။ပါရမီ မလိုပါဘူး ဘုရား။
မေး။ ။ဒါနှင့် အခုနတော့ ပါရမီ မရှိလို့ ဖားကြောင့် နားကြောင့်နှင့် ဘာဖြစ်လို့ ပြောနေသလဲ။
ဖြေ။ ။တပည့်တော်တို့လို ခပ်ပျင်းပျင်း လူတွေက ဟိုလွဲချ သည်လွဲချနှင့်ပဲ အချိန်ကုန်လာတာပဲ ဘုရား။
မေး။ ။ပြီးတော့ သားသမီးတွေနှင့်ကော။
ဖြေ။ ။သားသမီးတွေကြောင့်ဆိုပြီး နေတဲ့ ဒကာကြီး ဒကာမကြီးတွေလည်း တပည့်တော်တို့နှင့် အတူတူ အချိန်ကုန်တာနှင့် ပြီးတာပဲ ဘုရား။
မေး။ ။ရဟန်းသံဃာတွေအဘို့က် ဆွမ်းချက်ရဦးမယ်၊ ကျွမ်း လောင်းရဦးမယ်နှင့် လုပ်ချင်လုပ်ဦးမယ်၊ ဟုတ်လား။
ဖြေ။ ။သည်လိုပဲ ပြောကြတာပဲ ဘုရား။
မေး။ ။ဒါတွေနှင့်ပဲ လုပ်လျှင် သည်ဟာတွေမှာ မဖြစ်တာ ရှိသလား။
ဖြေ။ ။မဖြစ်တာ မရှိပါဘူး ဘုရား။

သို့သော်လည်း အခုနလိုလားဗျ။ တစ်ယောက်ယောက်က သည်လို ပြောလိုက်လျှင် ဒါကတော့ သူ့မှာ တတ်နေတာဗျ။ လုပ်ချင်တာပေါ့ဗျ။ ဟော-အတော်ကြာ ဆွမ်းခံလာတော့ ဆွမ်းမလောင်းရလျှင် မခက်ဘူးလား။ ဒါကြောင့် လုပ်နေရတာဗျ။ ဘယ့်နှယ် ဘာညာလို့ ပြောမှာဗျ။ သည်လိုပြောတော့ကလည်း ကိုယ်ပျင်းပေမယ့် ပျင်းတယ်လို့ ပြောလိုက်လျှင် အကဲ့ရဲ့ ခံရမှာ စိုးလို့ ပိုတာ ထင်ပါရဲ့။

ဖြေ။ ။ကိုယ့်ကိုယ်ကိုယ် ပျင်းတာကို မဖော်ဘဲ ဟိုလွှဲချ၊ သည်လွှဲချ၊ ဖားလွှဲချ ကားလွှဲချနှင့် ပြောနေတာပါ ဘုရား။

ဒါကြောင့် အားလုံးတို့ဟာ အခုနပြောသလို တည့်တည့် ဖြောင့်ဖြောင့် ပြုရမယ်။ သို့ပြုတော့ ကိုယ့်အတွက်ရတယ်။ အားလုံးအတွက်ပြုတော့အားလုံးအတွက်ရတယ်။ ဘုရားရှေးလက်ထက်တော်က ကြားဖူးတယ်။ အပရာဇိတ မင်းဆိုတာ ရှိတယ်။ သူ့လက်တက် လူတွေက ဘယ်လိုလဲဆိုလျှင်ဒကာကြီး ဒကာမကြီးများကဆင်းရဲတော့အကြံဖြစ်တယ်။ဘယ်လိုအကြံဖြစ်သလဲဆိုတော့တစ်နေ့သဉ်မှာ ဒကာကြီး တစ်ယောက် ရှင်ဘုရင် ပွဲတော်တည်တဲ့ အခါကို သူက စားချင်သတဲ့ဗျ။စားချင်လိုက်တာတဲ့ဗျ၊ နေလို့ကို မဖြစ်တော့ဘူးတဲ့ဗျ။ ရှင်ဘုရင် ပွဲတော်စာ စားဖို့ရာကလည်း မလွယ်ဘူးဗျ၊ ဘုန်းရှင် ကံရှင်ဆိုတော့ မလွယ်ဘူးဗျ။ ဘယ့်နှင့်မှ မဖြစ်နိုင်ဘူးတဲ့ဗျ။သည်တော့မှ ဒကာမကြီးကအကြံရပြီး သူ့ဒကာကြီးကို ပြောတယ်ဗျ။ ဘယ်လိုလည်းဆိုတော့-မောင် ငါတော့ မနေနိုင်တော့ဘူးဆိုပြီး အကြံတစ်ခုကို ပြောတယ်။ ဘယ်လိုလဲဆိုတော့ ဆံပင်မုတ်ဆိတ်ကို ရိတ်ပြီးပရိက္ခရာ ရှစ်ပါးကိုရအောင်ရှာ၊ ရှာပြီး အဲသည် သင်္ကန်းကို ရုံပြီး နန်းတော်ကို သွားပြီး ဘုရင်ပွဲတော်စာကို အလှူခံပါလို့ အကြံပေးတယ်။ အဲသည်တော့မှ ဒကာကြီးကလည်း သူ့ဒကာမကြီး ပြောတဲ့ အတိုင်း ရဟန်းလုပ်သွားတာပေါ့ဗျာ။ သည်တော့မှ ပရိက္ခရာ ရှစ်ပါး၊ သပိတ်သင်္ကန်းနှင့် ရဟန်းရဲ့ကျင့်ဝတ် အကုန်လုံးပေါ့ဗျာ။ အဲဒါတွေနှင့် ဘုရားရှင်ဆုံးမတော်မူတဲ့ ဘယ်လိုသွား၊ ဘယ်လိုလားဆိုတာကတော့ မသင်။ သင်လျှင် သိနေနေတော့ အခုန ပြောတဲ့ အတိုင်းဟာ ရဟန်းရဲ့ သာရုပ္ပဒ္ဓ ဖြစ်အောင် ဆိုပြီး သည်အတိုင်း သူလုပ်သွားတာတဲ့ဗျ။

အဲသည်အချိန်မှာပင်လျှင်ပဲ ရှင်ဘုရင်ကို စားတော်ကဲက ပွဲတော်တည်ဖို့ ပွဲတော်စာကို လာဆက်တာကိုးဗျ။ ပွဲတော်ဆက်သည်ဆိုသောကြောင့် ပွဲတော်ပြင်ဖို့ရာ ပြင်ပြီးတော့ နေတာကိုးဗျ။ အဲသည်အခါမှာသူကအခုနလို ပရိက္ခရာ ရှစ်ပါးနှင့် ရဟန်းအမူအရာ အသွင်အပြင်နှင့် လာရပ်တာကိုးဗျ။ သည်လို လာရပ်တာကိုမြင်တော့ ရှင်ဘုရင်ကလည်း ကြည်ညိုတာကိုဗျ။ ကြည်ညိုတော့မှ အေး-တစ်ခါဖြင့် နေရာကျပြီ။ တကတဲ ဒါမှပဲဆိုပြီး ကြည်ညိုပြီးတော့ ငါ မစားတော့ဘူး၊ အကုန်လုံးတစ်ခါတည်းပဲ ပွဲတော်မတည်ဘူးဆိုပြီး လှူတာ

တင်တာတဲ့ဗျ။ ဃနေ့အဖို့မှာ သည်လိုဖြစ်တာဟာ ငါ့ဘုန်း ငါ့ကံ ငါ့ကုသိုလ် ရှိလို့ပဲဆိုပြီး သူက ပျော်ရွှင်ပြီးတော့ လှူလိုက်တာတဲ့ဗျ။ အဲသည်လို လှူပြီး သည်နောက် သူက အားမရသေးပဲကိုးဗျ။ အားမရတော့ အမတ်တစ်ယောက်ကို ကြည့်ခိုင်းတာကိုးဗျ။ မောင်မင်း သည်အရှင်ကို လိုက်ပြီးစုံစမ်းဦး။ လိုက်ပြီး တော့ကြည့်ပါဦးလို့ ခိုင်းလိုက်တော့ သည်အမတ်ကလည်း အစဉ်အတိုင်း လိုက်သွားတာကိုးဗျ။ အခုနရဟန်းဟာ သည်က သူလိုချင်တာရတော့ နန်းတော်က ပြန်ထွက်လာတာကိုး။ မြို့အပြင်ရောက်တော့မှ အဲသည်မှာ ချုံပိတ်ပေါင်း ထူထပ်တဲ့နေရာကျပြီဆိုတော့မှ ဘာလုပ်သတုန်းဆိုတော့ သူ့သင်္ကန်းကို ဖယ်ရှားပြီး သူ့အဝတ်ကို သူဝတ်ဗျ။ အဲသည်တော့မှ သူရခဲ့တဲ့ပွဲတော်စာကို တစ်ခါတည်းပဲ သူ့အိမ်က ဒကာမကြီးကို ပေးတာပေါ့ဗျာ။ အဲဒါတွေကို အခုနအမတ်က မြင်ပါရောဗျ။ မြင်တော့မှ မှတ်ပြီးတော့သွားတာဗျ။ ပြန်သွားပြီးတော့မှ သူကစဉ်းစားသတဲ့ဗျ။သူလည်းအစီးအပွားမရှိတာ၊ ငါလည်း အစီးအပွားမရှိတာ၊ ရှင်ဘုရင်လည်း အစီးအပွား မရှိတာကိုတော့ ပြောလို့ မဖြစ်ဘူး။ အစီးအပွားရှိတာကို ပြောမှပဲတော်မယ်။ ရှင်ဘုရင်လည်း အစီးအပွားရှိအောင်၊ ဟိုသူလည်းပဲ အစီးအပွားရှိအောင်ငါလည်းပဲ အစီးအပွား ရှိအောင်မပြောတတ်လျှင် ဘယ်သူမှ ကောင်းမှာမဟုတ်ဘူး။ အဲသည်လိုဟာ တွေကို စဉ်းစားပြီး အကုန်လုံးအစီးအပွားရှိအောင် သံတော်ဦးတင်မှပဲ သူ သွားပြီးခစားတယ်ဗျ။ သည်တော့ရှင်ဘုရင်က ဘယ့်နှယ်လဲမောင်မင်း၊သည်က ပူဇော်လိုက်တဲ့အရှင်မြတ်။ အာဏာနှင့် စေခိုင်းလိုက်သည် ဖြစ်သောကြောင့် အစဉ်အတိုင်း လိုက်သွားပါတယ်ဘုရား။ သည်တော့ မြို့ပြင်ကိုရောက်ပါတယ်။ ရောက်တဲ့အခါကျပြီဆိုတော့ သစ်ပင်ချုံနွယ်များ ထူထဲတဲ့နေရာကို ရောက်ပြန် ပါတယ်ဘုရား။အဲသည်နေရာကို ရောက်တဲ့အခါကျတော့ ဘုရား ကျွန်တော်မျိုး ကြည့်နေစဉ်မှာပဲ ရဟန်းအသွင်ကွယ်သွားပါရော့ ဘုရားလို့ လျှောက်သတဲ့ဗျ။

အဲသည်လို သံတော်ဦးတင်သံကုံကြားတော့ သူက လှူလိုက်ကတည်းက ပျော်နေတာဗျ။ ကြည်ညိုလွန်းလို့ဗျ။ သည်ကျတော့မှ သူက ဝိုးပြီးတော့ ပျော်တာပဲဗျ။ ပြီးတော့လည်း ကြမ်းကို လက်ဝါးနှင့်ခတ်ပြီးတော့ သည်ဇမ္ဗူ တစ်ခွင်မှာ ငါ့ကဲ့သို့သောမင်း ရှိသေးရဲ့လားဟဲ့လို့ဆိုခဲ့ပြီး အသက် ခုန်လိုက် တာတဲ့ဗျ။ အခုနလို လှူလိုက်ရတာကို စိတ်အားဖြင့် ရွှင်မြူးနေပြီး သည်နေ့ အဖို့မှာ ပွဲတော်မတည်ဘူးတဲ့ဗျ။ အဲဒါ အမတ်ကလည်း ခုနပြုံးမြှာတာဗျ။ အပြစ်သင့်တော့မှာဗျ။ မင်းမှာကော။

ဖြေ။ ။မင်းမှာလည်း အကျိုးယုတ်သွားမှာပဲဘုရား။

မေး။ ။ဟိုမှာရော။

ဖြေ။ ။ဟိုမှာလည်း အသက်ခံရမှာပဲဘုရား။

မေး။ ။သူ့မှာကော။

ဖြေ။ ။သူ့မှာလည်း နေရာကျတော့မှာ မဟုတ်ပါဘူးဘုရား။

အေး၊ အဲဒါတွေကိုသိလို့ အခုနလို အစီးအပွားရှိတာကို ကြည့်ပြီး သံတော်ဦးတင်တော့ တစ်ခါတည်းပျော်ရွှင်ပြီး ကြမ်းကို လက်ဝါးနှင့် ပုတ်ခတ်ပြီး သည်ဇမ္ဗူမှာ ငါကဲ့သို့သောမင်း ရှိသေးရဲ့လားဆိုပြီး အထက်ခုန်လိုက်တာဗျ။ ခုန်လို့ပြန်ကျလာတော့ တစ်ခါတည်း ခြေနင်းစကြာရတာတဲ့ဗျ။ ဟုတ်ကဲ့လားဗျာ။ အဲဒါ သူကောင်းတာဗျ။ ဟုတ်ပါရဲ့လားဗျာ။

ဖြေ။ ။ဟုတ်ပါတယ်ဘုရား။

မေး။ ။အခုလည်းပဲ တည့်တည့်ဖြောင့်ဖြောင့်ဆိုတာ အခုနလို ပြောမယ်ဆိုလျှင် ဘယ့်နှယ်တုန်းဗျ။

ဖြေ။ ။တည့်တည့်ဖြောင့်ဖြောင့်ပြောလျှင် အကျိုးရှိပါတယ်ဘုရား။

မေး။ ။ဘယ်လောက်ထိအောင် အကျိုးရှိမှာလဲဗျ။

ဖြေ။ ။အခုန ရှင်ဘုရင်ကဲ့သို့ ခြေနင်းစကြာရတဲ့အထိ ဖြစ်သွားပါတယ်ဘုရား။

မေး။ ။ကပါ့မလား။

ဖြေ။ ။အခုဟာကတော့ နိဗ္ဗာန်ပေါက်အထိ ဖြစ်သွားပါတယ်ဘုရား။

မေး။ ။အဲသည်လို နိဗ္ဗာန်အထိ ပေါက်သွားအောင်လို့ကော လိုချင်တယ် မဟုတ်လား။ (လိုချင်ပါတယ်ဘုရား။)

လိုချင်လျှင် ဘုရားဆုံးမတဲ့အတိုင်း မှတ်ပြီးတော့ ဝီရိယနှင့်တကွထားတယ်။ ထားတော့ အချိန်တိုင်း အချိန်တိုင်း ဘယ်ဣရိယာပုထ်မှာမဆို၊ ဘယ်အမှုကိစ္စကို ပြုလျှင်မဆို တစ်ယောက်တည်းဖြစ်ဖြစ်၊ များစွာသော ပရိသတ်သတ်တွေနှင့်ပဲဖြစ်ဖြစ်၊ သားသမီး မြေးမြစ် ခြွေရံသင်းပင်းဒေတွနှင့်ပဲဖြစ်ဖြစ် ရပါတယ်ဗျ။ လုပ်သာလုပ်ပါဗျ။ ရှေးအရှင်ဘွေဟာလည်း သည်လိုပဲပြုကြလို့ အသီးသီးတွေဟာ ကိုယ်မှန်းထား ရည်ရွယ်တဲ့အတိုင်း အသီးသီးပြီးစီးသွားကြတာဘွေဟာ မရေတွက်လို့ မကုန်ပါဘူးဗျ။ အခုလည်းဘဲ အားလုံးတို့ဟာ ကိုယ်နှစ်သက်တဲ့ ဗောဓိအသီးသီးတွေကို မှန်းထားတာ ရှိတယ်မဟုတ်လား။ (ရှိပါတယ်ဘုရား)။ အဲသည်လိုရှိတာကို ပြီးစီးအောင်ဟာ အခုနပြောတဲ့ဟာတွေကို မမေ့မလျော့ဘဲ ဣရိယာပုထ်လေးဖြာမှာ ဘယ်အခါမှ မပြတ်အောင် ဝီရိယနှင့်ထူထောင်ပြီး ကြိုးစားကြ၊ အားထုတ်ကြဗျား။

([illegible] ပုဂ္ဂလဝိသေသ (ပုဂ္ဂိုလ်ထူးကြီး) ဖြစ်တော်မူသော ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့် ကျင့်စဉ်ကျမ်း ပြီးပါပြီ။)

ကျော်ညွန့်

မြန်မာ့အလင်းအယ်ဒီတာ

အမှတ် ...
ရက်စွဲ ..........

# သီလကို ပြည့်စုံအောင် ဖြည့်ကြ

* သီလဆောက်တည်ပြီးလျှင် ပြည့်စုံအောင်ဖြည့်ကြ၊ ဖြည့်လို့ ပြည့်စုံပြီဆိုလျှင် မိမိစိတ်အလို တောင့်တတိုင်းပြီးမယ်၊ အခုလည်း ချမ်းသာမယ်၊ နောင်လည်း ချမ်းသာမယ်....

* ပစ္စုပ္ပန်ချမ်းသာ၊ သံသရာချမ်းသာနှစ်ဖြာကို ပေးစွမ်းနိုင်သော တရားဟာ ဘုရားရှင် အဆုံးအမတော်ကလွဲလို့ တစ်ခြားမရှိဘူး၊ ဘုရားရှင်အဆုံးအမ ဆိုတာ ပိဋကတ်သုံးပုံ ပဲ....

* ဘုရားရှင်ရဲ့ အဆုံးအမကို အရယူကြမှဖြင့် သမ္မာသမ္ဗောဓိ, ပစ္စေက, အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက အစရှိတဲ့ အစားစားသောဗောဓိဆုများကို မိမိတို့လိုချင်လျှင် ရကြပါ့ဗျာ။ ဘုရားရှင်ရဲ့အဆုံးအမနှင့် အခုနေ အခုချမ်းသာရ၊ အခုလည်းချမ်းသာ၊ နောင်လည်း ချမ်းသာတာပေါ့ဗျာ....

* ဘုရားရှင်ရဲ့ အဆုံးအမနှင့်နေလျှင် ခန္ဓာကိုယ်မှာ ဘယ်နတ် ဘယ်ဗြဟ္မာမှ ပြုပြင်စီရင် ဖန်တီးမှုမပြုရဘဲ ဖြစ်ပျက်နေတဲ့ အဲဒီရုပ်ပေါ်, နာမ်ပေါ်မှာစိတ်ကလေးထားပြီး ခန္ဓာကိုယ်ရဲ့ ဖြစ်တာပျက်တာကိုသိနေတဲ့စိတ်ကလေးနဲ့သေလျှင်နောက်ဆုံးနိဗ္ဗာန်မရောက်သေးတောင် လူ, နတ်, ဗြဟ္မာတွေဖြစ်မှာဘဲ

* ထိုတာကိုသိနေလျှင် "ရုပ်နှင့်နာမ်သာ ရှိပါကလား"လို့ သိလိမ့်မယ်။ ရုပ်နာမ်မှတစ်ပါး ငါ-သူတစ်ပါး, ယောကျာ်း, မိန်းမ, မရှိဘူးဆိုတာ "ဘုရားရှင်၏ တရားတော် အမှန်ပါကလား"လို့ ကိုယ့်ဟာကိုယ် သိလိမ့်မယ်။ သူများကို မေးနေဖို့မလိုပါဘူး။ နှာဖျား နှာဝမှာ လေထိတာကို သိနေလျှင် ထိုအချိန်မှာ အတ္တဆိုတဲ့ ကိုယ်မရှိဘူး....

* 'သူက ငါ့ထက် ဘာသာတာမှတ်လို့၊ သူက ဘယ်လောက် တတ်လို့လဲ၊ ဘာမို့လဲ'ဆိုတဲ့စိတ်တွေဟာ မာနလို့ခေါ်တယ်။ အဲဒီမာနတရားမထားဘဲ ကိုယ့်မိဘ၊ ဆရာသမား၊ ကိုယ့်ထက် အသက်, ဂုဏ်, ပညာကြီးသူများကို ဂါရဝတရားရှိလျှင် အသက်တစ်ရာမက နေကြရပါတယ်....

* စေတိယင်္ဂဏဝတ်၊ ဗောဓိယင်္ဂဏဝတ်၊ ဆရာသမားမိဘဝတ်၊ သားမယားဝတ်၊ ဒါတွေလုပ်ရတာက စရဏကုသိုလ်၊ သီလဘက်ကဗျ။ ဒါတွေလုပ်ရင်းနှင့် ဆောင်လို့ (ရှုမှတ်လို့)ကော မရဘူးလား၊ ဒီဝတ်တွေမဖြည့်ဘဲနှင့်သီလ ပြည့်စုံပါ့မလား၊ သီလမပြည့်စုံလျှင် လိုလားတောင့်တတဲ့ ချမ်းသာကော ရပါ့မလားဗျာ။ ချမ်းသာမှုမရှိလျှင် သမာဓိမရဘူး၊ သမာဓိမရတော့ ပညာလည်းမရနိုင်ဘူးဗျ....